# အလ္လာအရှင်မြတ်ကို ကျိုးကြောင်းဆင်ခြင်ခြင်းဖြင့် သိနိုင်၏

# ALLAH IS KNOWN THROUGH REASONS

ထိုမှတစ်ပါး၊ ညဉ့်နှင့်နေ့တို့ကို ပြောင်းလဲခြင်း၌လည်းကောင်း၊
အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်မှမိုးရေကို
ရွာသွန်းစေတော်မူ၍ စားနပ်ရိက္ခာကိုချပေးတော်မူခြင်း၊
တဖန် ယင်းမိုးရေဖြင့် ပထဝီမြေကို သေ့ခြောက်သေလွန်ပြီးနောက်
ရှင်ပြန်စိမ်းလမ်းစေတော်မူခြင်း၌လည်းကောင်း၊
လေများကို ဒိသာအရပ်ခပ်သိမ်းသို့ ပြောင်းလဲတိုက်ခတ်
စေခြင်း၌လည်းကောင်း၊ သိနားလည်ကြသောသူတို့အဖို့
သက်သေလက္ခဏာများသည် ရှိကြကုန်သတည်း။
(စူရာ အလ်ဂျာဆီယာ ၄၅း၅)

ရေးသူ  ဟာရွန် ယဟ်ယာ

بسم الله الرحمن الرحيم

# ဘာသာပြန်သူ၏အမှာ
## Foreword from the Translator

ကျွန်ုပ်သည် ဘာသာရေးကိုင်းရှိုင်းသော နှစ်ခြင်းခရစ်ယာန်သာသနာဝင် အိမ်ထောင်စုတွင် မွေးဖွားကြီးပြင်းလာခဲ့သူဖြစ်ပါသည်။ ငယ်စဉ်ကတည်းကစ၍ တနင်္ဂနွေနေ့တိုင်း ကလေးသူငယ်များအား ခရစ်တော်၏ ဒေသနာတော်နှင့် သမ္မာကျမ်းသင်ခန်းစာများကို ကျွန်ုပ်၏ရွာမှ အတန်ဝေးကွာသောမြို့ရှိ ဘုရားရှိခိုးကျောင်းတွင် မှန်မှန်တက်ရောက်ဆည်းပူးခဲ့ပါသည်။ ဓမ္မဆရာများက သုံးဆူသည် တစ်ဆူတည်းဖြစ်ကြောင်း သင်ကြားရာတွင် မည်သူကမျှ ကျွန်ုပ်သဘောပေါက်အောင် ရှင်းလင်းပြနိုင်ခြင်းမရှိခဲ့ကြပါ။ အလယ်တန်းကျောင်းသားဘဝ ၁၅ နှစ်သားအရွယ်တွင် မွတ်စလင်မ်ဒိုင်ဂျက်နှင့် အစ္စလာမစ်ရီဗြူးမဂ္ဂဇင်းများအပြင် ကမ္ဘာ့အလင်းစာစောင်ကိုဖတ်ရှုခွင့်ရရှိခဲ့ရာမှစ၍ အစ္စလာမ်သာသနာသည် ဖန်ဆင်းရှင်နှင့်ပတ်သက်၍ အရှင်းလင်းဆုံးသင်ကြားသောသာသနာအဖြစ် လက်ခံသဘောပေါက်သဖြင့်၊ ၁၉၅၅–ခုနှစ်ဦးပိုင်းတွင် “တောဝ်ဟီဒ်”ခေါ် တစ်ပါးတည်းသောဖန်ဆင်းရှင်ကိုသာလျှင်ကိုးကွယ်ဆည်းကပ်ရန်သင်ကြားသည့် အစ္စလာမ်သာသနာကို တွေ့ရှိလက်ခံ၍ အသက် ၁၆ နှစ်တွင် ကာလီမာ ရှဟာဒတ် ဖတ်ခဲ့ပါသည်။

အထက်တန်းကျောင်းသားဘဝတွင် အာလင်မ်ပညာရှင်အတော်များများနှင့်တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့ရာ၊ ကုရ်အာန်ကျမ်းတော်မြတ်ရှိ သိပ္ပံပညာဆိုင်ရာအချက်အလက်များကို ထိုအချိန်က မွတ်စ္စလင်မ်အာလင်မ်ပညာရှင်များအနေဖြင့် သိရှိခြင်းနည်းပါးကြသည့်အပြင်၊ အများအားဖြင့် သိပ္ပံပညာသည် အီမာန်ယုံကြည်ချက်အတွက် အန္တရာယ်ဖြစ်ကြောင်းကိုပင် ကျွန်ုပ်အားပြောဆိုသွန်သင်ခဲ့ကြပါသည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် ရှေးခေတ်မွတ်စလင်မ် သိပ္ပံပညာရှင်အကျော်အမော်များဖြစ်ကြသော အလင်းပညာ(Optics)ဆိုင်ရာရူပဗေဒပညာရှင် အိဘ်နေ့ဟေ့သာမ်၊ အက္ခရာသင်္ချာကိုတီထွင်ခဲ့သော အလ်ခွာရိဇ္ဇမီ၊ ကမ္ဘာ့အချင်းကိုတိုင်းတာခဲ့သည့်အပြင် နှစ်ထပ်ကိန်းတန်းနှင့်သုံးထပ်ကိန်းတန်းများကိုလေ့လာခဲ့သော သင်္ချာ–ရူပဗေဒပညာရှင် အလ်ဘီရူနီ၊ ခွဲစိပ်ကုသရေးဆေးပညာကိုတီထွင်ခဲ့သူ အိဘ်နေ့ရှုရှ်ဒ်တို့အကြောင်းကို တက္ကသိုလ်စာကြည့်တိုက်မှ ဖတ်ရှုခွင့်ရရှိခဲ့ပါသည်။ ၁၉၇၀ခုနှစ်တွင် ဦးတင်မောင်ဘာသာပြန်ဆိုသော တူရကီနိုင်ငံတွင် အစ္စလာမ့်နိုင်ငံတော်ခီလာဖတ် ကိုဖျက်သိမ်းခဲ့သော မွတ်စတာဖွာကမာလ်အတာတက်အကြောင်းကိုလည်းထပ်မံဖတ်ရှုခဲ့ရပါသည်။ ထို့ကြောင့် ခေတ်သစ်မွတ်စ္စလင့်မ်လောကတွင် သိပ္ပံပညာမထွန်းကားခြင်းကို နားမလည်နိုင်လောက်အောင် နှစ်ပေါင်းအတော်များများ ဇဝေဇဝါဖြစ်နေခဲ့ပါသည်။ ကျွန်ုပ်ကိုယ်တိုင်ကလည်း ထိုအချိန်တွင် ရူပဗေဒဘာသာရပ်ကို သင်ကြားပို့ချသည့် အထက်တန်းပြဆရာ တစ်ဦးဖြစ်နေခဲ့လေပြီ။ ရူပဗေဒစာအုပ်တွင်ပါရှိသော “ဒြပ်ပစ္စည်းကို ဖန်ဆင်း၍မရ၊ ဖျက်ဆီး၍လည်းမရ။”ဟူသော အဆိုကိုလည်းသံသယတစ်ပိုင်းရှိနေလင့်ကစား၊ ကျောင်းသားများအား ကျက်မှတ်စေခဲ့ပါသည်။ မကြာသေးမီနှစ်များတွင် အင်တာနက်မှ တူရကီအမျိုးသား အတွေးအခေါ်ရှင် ပါမောက္ခအဒ်နန်အိုခ်တရ်(ဟာရွန်ယဟ်ယာ) ရေးသားသော **"Allah Is Known Through Reason"** ဟူသောစာအုပ်အပါအဝင် ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်တော်များရှိ သိပ္ပံပညာ၏ရှေ့ပြေးအချက်အလက်များကို စုဆောင်းဖေါ်ပြထားသော အခြားစာအုပ်အမြောက်အမြားအပြင် မွတ်စတာဖွာကမာလ်အတာတက်နှင့်အပေါင်းပါတို့သည် ပြင်သစ်နိုင်ငံတွင် သိပ္ပံပညာနှင့်အတူ အီဗိုလူးရှင်းသီအိုရီကို ဆည်းပူးခဲ့ကြသဖြင့် အီမာန်ပျက်သွားခဲ့ကြကြောင်း ဟစ်ဇဘွတ်တဟ်ရီရ်အဖွဲ့၏စာအုပ်နှင့်ဆောင်းပါးများမှတဆင့် ထပ်မံဖတ်ရှုခဲ့ရသဖြင့် သိပ္ပံပညာအရည်ခြုံထားသော အီဗိုလူးရှင်းသီအိုရီ၏ အန္တရာယ်အတိုင်းအတာကို သဘောပေါက်လာပါသည်။ မြန်မာစာဖတ် မွတ်စလင်မ်ပရိသတ်တို့က ကျွန်ုပ်ကဲ့သို့ မတင်မကျဇဝေဇဝါဖြစ်ခဲ့သောအချက်အလက်များကို ရှင်းလင်းစွာသဘောပေါက်၍ အလ္လာဟ်အရှင်မြတ်နှင့် ကုရ်အာန်ကျမ်းတော်မြတ်တွင် အီမာန်ပိုမိုခိုင်မြဲကြစေရန် ဤစာအုပ်ကို ဘာသာပြန်လိုက်ခြင်း ဖြစ်ပါသည်။ ဤစာအုပ်သည် ဆရာကြီးဟာရွန်ယဟ်ယာ၏စာအုပ်များကို မြန်မာဘာသာဖြင့် ပြန်ဆိုသည့် ပထမဦးဆုံးစာအုပ်ဖြစ်ပါသည်။

ကမ္ဘာ့အလင်းအယ်ဒီတာ မော်လာနာနူးရ်မိုဟမ္မဒ်မဇာဟေရီနှင့်တကွ ကမ္ဘာ့အလင်းစာစောင်တွင် အစ္စလာမ့်ဆောင်းပါးများ ရေးသားခဲ့ကြသူ(အထူးသဖြင့်ဦးမောင်ကိုဂါဖွာရီ)တို့ကို ဤစာအုပ်ဘာသာပြန်ခြင်းဖြင့် ဂုဏ်ပြုသည့်အပြင် ကျွန်ုပ်အီမာန်ရရှိရာတွင် အထောက်အကူပေး ပါဝင်ခဲ့ကြသည့်အတွက်လည်းကောင်း၊ အစ္စလာမ်သာသနာကို လေ့လာဆည်းပူးရာ၌လည်းကောင်း၊ ထိုပုဂ္ဂိုလ်တို့နှင့်အတူ အထူးကူညီခဲ့ကြသော မော်လာနာဃာဇီမိုဟမ္မဒ်ဟာရှင်မ်၊ ဆရာကြီးဦးထွန်းကြွယ်၊ မော်လာနာမက်ဆွဒ်အဟ်မဒ်၊ ဆရာကြီးအစ္စမာအီလ်ဖါက္ခရွဒ္ဒင်း၊ မော်လာနာဘရှီရွလ္လာဟ်၊ မော်လာနာမိုဟမ္မဒ်အိဒ်ရစ်တို့အား ဂါရဝပြုရင်းအလ္လာဟ်အရှင်မြတ်ထံတော်မှ ထိုပုဂ္ဂိုလ်တို့အား ကောင်းချီးမင်္ဂလာအဖြာဖြာ ပေးသနားတော်မူ၍၊ ဂျန္နတ်သုခဘုံကိုချီးမြှင့်တော်မူရန် ဒိုအာတောင်းပါသည်။

မိုဟမ္မဒ်အလီတန်ဂွန်း

# စာရေးသူအကြောင်း

ဤစာအုပ်ကို **ဟာရွန်ယဟ်ယာ**ဟူသော ကလောင်အမည်ဖြင့်ရေးသားသူ စာရေးဆရာကြီးသည်၊ တူရကီနိုင်ငံအန်ကာရာမြို့၌ ၁၉၅၆ခု–နှစ်တွင် မွေးဖွားခဲ့၍၊ အန်ကာရာမြို့တွင်ပင် အထက်တန်းကျောင်းပညာသင်ယူခဲ့လေသည်။ အစ္စတန်ဘူလ်မြို့ရှိ မီမာရ်ဆီနန်တက္ကသိုလ်တွင်ဝိဇ္ဇာဘာသာရပ်ကို ဆက်လက်ဆည်းပူးကာ ဝိဇ္ဇာဘွဲ့နှင့်မဟာဝိဇ္ဇာဘွဲ့ကိုဆွတ်ခူးခဲ့လေသည်။ ထို့နောက် အစ္စတန်ဘူလ်တက္ကသိုလ်မှ ဒဿနိကဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို ဆွတ်ခူးခဲ့လေသည်။ ၁၉၈၀–ခုနှစ်မှစ၍ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ သိပ္ပံဘာသာရပ်နှင့် ယုံကြည်ချက်ဆိုင်ရာအရေးများနှင့်ပတ်သက်သည့်စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပေသည်။ အီဗိုလူးရှင်းခေါ်ဆင့်ကဲဖြစ်ပေါ်ခြင်းအတွေးအခေါ်ဝါဒီများ၏အယောင်ဆောင်လိမ်လည်မှုနှင့် ၎င်းတို့၏အခိုင်အမာအဆိုပြုချက်များသည် ကျိုးကြောင်းဆီလျော်မှုမရှိကြောင်းအပြင်၊ ဒါဝင်ဝါဒနှင့်တကွ ကမ္ဘာပေါ်တွင် သွေးချောင်းစီးစေခဲ့သည့် ဖက်ဆစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့ကို နောက်ကွယ်မှနေ၍ ဆက်စပ်ပေးနေသူတို့အကြောင်းကို စာအုပ်ပေါင်းများစွာရေးသား၍ ဖော်ထုတ်ခဲ့လေသည်။

သူ၏ကလောင်အမည်သည် အလ္လာဟ်အရှင်မြတ်ကို မယုံကြည်သူတို့အား အတိုက်အခံလုပ်ရာ၌ ကျော်ကြားခဲ့ကြသော တမန်တော်နှစ်ပါးဖြစ်သည့် ဟာရွန်(အာရွန်)နှင့်ယဟ်ယာ(ယောဟန်)တို့၏အမည်နှစ်ခုကိုပေါင်းစပ်ထားသောအမည်ဖြစ်ပေသည်။ ဤစာအုပ်၏မျက်နှာဖုံးများတွင်ပါသည့် တမန်တော်မြတ်၏တံဆိပ်သည် စာအုပ်အတွင်းရှိအကြောင်းအချက်များနှင့် ဆက်စပ်လျက် ရှိနေပါသည်။ နောက်ဆုံးကျမ်းတော်မြတ်ဖြစ်သောကုရ်အာန်ကျမ်းတော်မြတ်နှင့် နောက်ဆုံးတမန်တော်မြတ်ဖြစ်သည့်မိုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်းဟေ့ဝဆလ္လမ်)တို့ကို ကိုယ်စားပြုထားခြင်းဖြစ်သည်။ ဘုရားမဲ့ဝါဒတို့၏အခြေခံရေသောက်မြစ်အချက်အလက်များကို ကုရ်အာန်ကျမ်းတော်မြတ်နှင့်ဆွန္နတ်(တမန်တော်မြတ်၏ဩဝါဒကျင့်စဉ်)များ၏သွန်သင်ချက်ပါ သက်သေအထောက်အထားများဖြင့်ချေပပယ်ဖျက်ပစ်၍ ဘာသာအယူဝါဒများကို တားမြစ်စွပ်စွဲသောအသံများအား တိတ်ဆိတ်သွားစေပါသည်။ ပညာ့အလင်းကိုရရှိ၍ ပကတိပြည့်စုံကောင်းမွန်သောအကျင့်သိက္ခာနှင့် ကိုယ်ကျင့်တရားများဖြင့်ပြည့်စုံသည့် နောက်ဆုံးတမန်တော်မြတ်၏တံဆိပ်တော်ကိုအသုံးပြု၍ တမန်တော်မြတ်အလိုတော်ရှိခဲ့သည့်အတိုင်း ထိုဘုရားမဲ့ဝါဒီတို့၏အသံကို တိတ်ဆိတ်သွားစေခြင်းဖြစ်ပါသည်။

ဟာရွန်ယဟ်ယာရေးသားသည့်စာပေများသည်၊ ကုရ်အာန်ကျမ်းတော်မြတ်၏သတင်းမှာကြားချက်များကိုပို့သပေး၍၊ စာဖတ်သူတို့အား ယုံကြည်ချက်နှင့်သက်ဆိုင်သည့်အခြေခံအချက်အလက်များကို စဉ်းစားဆင်ခြင်သုံးသပ်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်းနှင့် ထိုအရှင်မြတ်သည် တစ်ပါးတည်းသောအရှင်မြတ်ဖြစ်တော်မူကြောင်းကိုသိရှိကြ၍၊ ဖေါက်ပြန်သောဘာသာတရားမဲ့အတွေးအခေါ်များ၏ ကျိုးကြောင်းခိုင်လုံမှုမရှိသည့်အခြေခံများကို ဖေါ်ထုတ်ပြသရန်သာ အဓိကပန်းတိုင် ဖြစ်ပေသည်။

ဟာရွန်ယဟ်ယာရေးသားသည့်စာအုပ်များကို အိန္ဒိယနိုင်ငံမှအမေရိကန်နိုင်ငံအထိ၊ အင်္ဂလန်နိုင်ငံမှအင်ဒိုနီးရှားနိုင်ငံအထိ၊ ပိုလန်နိုင်ငံမှဘော့စနီးယားနိုင်ငံအထိ၊ စပိန်နိုင်ငံမှဘရာဇီးလ်နိုင်ငံအထိ၊ စသဖြင့် ကမ္ဘာအနှံ့အပြားမှစာဖတ်ပရိသတ်တို့ ဖတ်ရှုကြပါသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ စပိန်၊ အီတလီ၊ ပေါ်တူဂီ၊ အူရဒူ၊ အာရဗီ၊ အလ်ဘေးနီးယန်း၊ ရုရှား၊ ဆာဘို–ခရိုအက်၊ ပိုလန်၊ မလေး၊ အွီဂုရ်၊ တူရကီနှင့် အင်ဒိုနီးရှားဘာသာစကားများဖြင့် ပြန်ဆိုထားသည်ကိုလည်း ဖတ်ရှုနိုင်ပါသည်။ (ဤစာအုပ်သည် မြန်မာဘာသာဖြင့်ပြန်ဆိုသည့်ပထမဦးဆုံးစာအုပ်ဖြစ်ပါသည်။)

ဟာရွန်ယဟ်ယာ၏စာအုပ်များသည်၊ ကမ္ဘာတစ်ဝှမ်းလုံးရှိစာဖတ်ပရိသတ်တို့ ကြိုက်နှစ်သက်ခြင်းရှိသည့်အပြင်၊ အမြောက်အမြားသောပုဂ္ဂိုလ်တို့ကို အစ္စလာမ်သာသနာသို့ ပြန်လည်ရောက်ရှိလာစေ၍ သူတို့၏အီမာန်ယုံကြည်ချက်ကိုလည်း ပိုမိုခိုင်မာစေရာတွင် အရေးပါလှပေသည်။ သူ၏စာသားများသည် ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံ၍ ရှင်းလင်းပြတ်သားသည့်အပြင်၊ နားလည်သဘောပေါက်လွယ်သော ရေးနည်းရေးဟန်များဖြစ်ကာ၊ ဖတ်ရှုသူ၏အသိတရားကို လွယ်

ကူစွာပွင့်လင်းစေပါသည်။ ဤစာအုပ်တွင်ရေးသားထားသောအချက်အလက်များသည်၊ ရုပ်ဝါဒ အတွေးအခေါ်များကို လျင်မြန်ထိရောက်စွာချေပထားခြင်းများဖြင့် စီကုံးထားသောကြောင့်၊ ဤစာအုပ်များကို အလေးအနက်ထားသူတို့သည်လည်း ဘုရားမဲ့ဝါဒနှင့်အတူ အခြားဖေါက်ပြန်သော အတွေးအခေါ်များကို ဆက်လက်ထောက်ခံကြတော့မည်မဟုတ်ပေ။ အကယ်၍ဆက်လက်ထောက်ခံနေကြသေးသော်လည်း၊ တမင်သက်သက်ပေကပ်နေခြင်းသာဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော်၊ ဤစာအုပ်များသည် ထိုကဲ့သို့သောအတွေးအခေါ်များကို ၎င်းတို့၏အခြေခံရာအုတ်မြစ်များမှ စတင်၍ လှန်လိုက်ခြင်းကြောင့်ဖြစ်ပါသည်။ ယနေ့လက်ရှိအချိန်တွင် အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်သောလှုပ်ရှားမှုများအားလုံးသည်၊ ဟာရွန်ယဟ်ယာ၏စာအုပ်များကြောင့် အတွေးအခေါ်အရ စစ်ရေးရှုံးနိမ့်သွားကြပြီးဖြစ်သည်။

ယင်းရလဒ်များသည် ကုရ်အာန်ကျမ်းတော်မြတ်ရှိဉာဏ်အလင်းနှင့် ယင်း၏ရှင်းလင်းပြတ်သားမှုများကြောင့်ဖြစ်သည်မှာ ယုံမှားသံသယမရှိနိုင်တော့ပေ။ စာရေးသူသည် အလ္လာဟ်အရှင်မြတ်၏လမ်းမှန်ကို အများလူသားများရှာဖွေစူးစမ်းရာတွင်အထောက်အကူဖြစ်စေရန် ရိုးသားသောစေတနာအရင်းခံရည်ရွယ်ချက်ထားရှိပါသည်။ ဤစာအုပ်များကိုရေးသားထုတ်ဝေသောလုပ်ငန်းတွင် မည်သည့်ရုပ်ဝတ္ထုအမြတ်အစွန်းကိုမျှ မျှော်ကိုးခြင်းအလျင်းမရှိပါ။

ဤစာအုပ်များကို အခြားသူများဖတ်ရှုရန်အားပေးကူညီရင်း၊ ၎င်းတို့ကို အလ္လာဟ်အရှင်မြတ်၏သစ္စာရှိသောကျေးကျွန်များဖြစ်လာအောင် သူတို့၏စိတ်နှလုံးသားများကိုဖွင့်ပေး၍ အလ္လာဟ်အရှင်မြတ်၏လမ်းစဉ်သို့ခေါ်ဆောင်သွားနိုင်သူတို့သည် တန်ဖိုးမဖြတ်နိုင်လောက်အောင် ကြီးကျယ်သောအကျိုးဆောင်သူများပင်ဖြစ်ပေသည်။

ယခုအချိန်တွင် လူများ၏စိတ်ကို ဇဝေဇဝါရှုပ်ထွေးစေ၍၊ သူတို့၏စိတ်ထဲရှိ ဒွိဟသံသယဖြစ်နေခြင်းများကိုထိရောက်စွာ ရှင်းလင်းစေနိုင်ခြင်းမရှိသည့်အပြင် ခိုင်လုံသောသက်သေသာဓကများမရှိသည့် ရှုပ်ထွေးသောအတွေးအခေါ်ဆီသို့ဦးဆောင်သွားနိုင်မည့်စာအုပ်များကို ဖြန့်ဝေခြင်းသည် အလဟသအချိန်ဖြုန်းနေခြင်းသာလျှင်ဖြစ်နေပါလိမ့်မည်။ လူအများအား အီမန်ယုံကြည်မှုပျောက်ကွယ်နေခြင်းမှကယ်တင်လိုသည့်မွန်မြတ်သောရည်ရွယ်ချက်ထက်၊ စာရေးသူ၏ စာပေအစွမ်းကိုပြရန်ကိုသာအဓိကထားသည့်စာအုပ်များသည် ထိရောက်မှုမရှိနိုင်ပေ။ ဤအချက်ကို သံသယဖြစ်သူတိုင်းသည်ဟာရွန်ယဟ်ယာ၏စာအုပ်တွင် အီမန်ယုံကြည်မှုကင်းမဲ့ခြင်းကိုချိုးနှိမ်ကျော်လွှား၍ ကုရ်အာန်ကျမ်းတော်မြတ်၏သင်ကြားချက်ကျင့်စဉ်တန်ဖိုးများကိုသာအဓိကထား ဖြန့်ဖြူးသည်ကိုကြည့်၍ စိတ်ရှင်းသွားနိုင်ပါသည်။ ဤအကျိုးဆောင်ချက်၏အောင်မြင်မှုသည် စာဖတ်သူတို့၏ ခံယူချက်အပေါ်တွင် သရုပ်သကန်ပေါ်လွင်လာမည်သာဖြစ်၏။

ယနေ့ကမ္ဘာပေါ်တွင် ရက်စက်ကြမ်းကြုတ်မှု၊ သဘောထားကွဲလွဲမှုကြောင့်ရင်ဆိုင်တိုက်ခိုက်ပဋိပက္ခဖြစ်နေကြခြင်းနှင့်အတူ လူအများကြုံတွေ့နေကြရသည့် အခြားဒုက္ခဆင်းရဲခြင်းအပေါင်းတို့သည်၊ အလ္လာဟ်အရှင်မြတ်ကိုမယုံကြည်ငြင်းပယ်သည့်အတွေးအခေါ်များလွှမ်းမိုးမှုကြောင့်ဖြစ်သည်ကို အရေးကြီးဆုံးအချက်အဖြစ်မှတ်သားထားရန်လိုအပ်ပါသည်။ ထိုဒုက္ခပင်လယ်မှ လွတ်မြောက်နိုင်ရန်မှာ အလ္လာဟ်အရှင်မြတ်၏အံ့ဖွယ်မခန်းသော ဖန်းဆင်းခြင်းကို သတိတရားရရှိကြပြီး ထိုအရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင် သင်ကြားပို့ချထားသော ကျင့်ဝတ်တရားဒေသနာတော်များကို ဖြန့်ချိခြင်းဖြင့် မိစ္ဆာဒိဋ္ဌိအတွေးအခေါ်ကို ဆုံးခန်းတိုင်ချေဖျက်ပစ်ရန်လိုအပ်ပေသည်။ လက်ရှိကမ္ဘာ့အခြေအနေကို ကြည့်လိုက်ပါက၊ အကြမ်းဖက်ခြင်းမျိုးစုံနှင့် ဖေါက်ပြန်မှုပဋိပက္ခအမျိုးမျိုးသို့သာလျှင် ရှေ့ရှုဦးတည်လျက်ရှိနေသဖြင့်၊ အချိန်မနှောင်းမီ အလ္လာဟ်အရှင်မြတ်၏ဒေသနာတော်ကို ထိရောက်စွာနှင့် လျင်မြန်စွာပို့ချဖြန့်ဝေရန် လိုအပ်နေကြောင်း ထင်ရှားနေပေသည်။

ယင်းကြိုးပမ်းချက်တွင်၊ ဟာရွန်ယဟ်ယာရေးသားသော စာအုပ်များသည် ရှေ့တန်းမှပါဝင်လျက်ရှိပေသည်။ အင်ရှာအလ္လာဟ် (အလ္လာဟ်အရှင်မြတ်အလိုတော်ရှိပါက)၊ နှစ်ဆယ့်တစ်ရာစုနှစ်ရှိကမ္ဘာ့သူကမ္ဘာ့သားများသည်၊ ကုရ်အာန်ကျမ်းတော်မြတ်တွင် ကတိကဝတ်ပြုထားသည့်အတိုင်း ငြိမ်းချမ်းမှု၊ တရားမျှတမှုနှင့်သာယာပျော်ရွှင်မှုများကို ရရှိအောင်ပေးဆောင်ရာတွင် ဤစာအုပ်များမှတစ်ဆင့် ရရှိသောအသိတရားများက တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နိုင်ပါလိမ့်မည်။

# မာတိကာ

## အပိုင်း ၁

## သိပ္ပံပညာသက်သေသာဓကများအရ ဖန်ဆင်းခြင်း၏အမှန်တရားများ


နိဒါန်း၊ ၈

မရှိခြင်းမှရှိခြင်းအဖြစ်သို့၊ ၁၁

မိုးကောင်းကင်နှင့်ကမ္ဘာမြေကြီးပေါ်ရှိ လက္ခဏာများ၊ ၂၄

သိပ္ပံပညာရှင်တို့သည်
အလ္လာဟ်အရှင်မြတ်၏လက္ခဏာတော်များကိုအတည်ပြုကြ၏၊ ၅၂

သိပ္ပံပညာအချက်အလက်များနှင့်
ကုရ်အာကျမ်းတော်မြတ်၏အံ့ဖွယ်ရာများ၊ ၅၈


## အပိုင်း ၂

## ဖန်ဆင်းခြင်းအကြောင်းကို သဘောမပေါက်နိုင်ကြသူများ


အီဗိုလူးရှင်း၏ လိမ်လည်လှည့်ဖြားမှု၊ ၈၄

အလ္လာဟ်အရှင်မြတ်ကိုငြင်းပယ်သောအမှားဖြစ်စေသည့်အတွေးအခေါ်များ၊ ၁၁၀

အလ္လာဟ်အရှင်မြတ်ကိုမယုံကြည်သောလူ့အဖွဲ့အစည်းပုံစံ၏အန္တရာယ်များ၊
၁၁၇

ဂတိခံထားသော အိမ်တော်စစ် – တမလွန်ဘဝ၊ ၁၂၁

ဒြပ်ပစ္စည်းကို အလွန်ခြားနားသော လေ့လာနည်း၊ ၁၃၃

နှိုင်းယှဉ်ခြင်းအရဖြစ်သောအချိန်နှင့် ကံကြမ္မာ၏အမှန်တရား၊ ၁၆၅

နိဂုံးချုပ်၊ ၁၇၈

အောက်ခြေမှတ်ချက်များ၊ ၁၈၂

# သိပ္ပံပညာသက်သေသာဓကများအရ ဖန်ဆင်းခြင်း၏ အမှန်တရားများ

# THE FACT OF CREATION

## IN THE LIGHT OF SCIENTIFIC EVIDENCE

# နိဒါန်း
# Introduction

သင်ထိုင်နေသောပတ်ဝန်းကျင်တဝိုက်ကိုကြည့်ပါ။ နံရံ၊ အသုံးအဆောင်ပရိဘောဂ၊ မျက်နှာကြက်၊ သင်ထိုင်နေသောကုလားထိုင်၊ သင့်လက်တွင်ကိုင်နေသောစာအုပ်၊ စားပွဲပေါ်တွင်တင်ထားသောဖန်ခွက်နှင့်၊ အခြားမရေမတွက်နိုင်လောက်သောအရာဝတ္ထုအားလုံးတို့သည်၊ 'ပြုလုပ်ဖန်တီး'ထားသောအရာများသာလျှင်ဖြစ်ကြသည်။ သင်၏အခန်းတွင်းရှိ ပစ္စည်းများအနက် တစ်စုံတစ်ခုမျှ သူ့အလိုလိုဖြစ်ပေါ်လာသည့်အရာများမဟုတ်ပါ။ ကော်ဇောမှကြိုးအကွင်းများပင် တစ်ဦးဦးကလုပ်ထားခြင်းဖြစ်သည်။ ၎င်းတို့သည် သူ့အလိုလိုသော်လည်းကောင်း၊ မတော်တဆသော်လည်းကောင်း၊ ဖြစ်ပေါ်လာကြသည့်အရာများမဟုတ်ကြချေ။

စာအုပ်တစ်အုပ်ကိုဖတ်ရှုမည့်သူတစ်ဦးသည်၊ ထိုစာအုပ်ကို တစ်ဦးတစ်ယောက်က၊ အကြောင်းရပ်တစ်ခုခုကို ရည်စူး၍ရေးသားထားကြောင်းသိရှိ၏။ ထိုစာအုပ်သည် သူ့အလိုလိုဖြစ်ပေါ်လာသည်ဟု မည်သည့်အခါမှ တွေးမိမည်မဟုတ်ပေ။ ရုပ်ထုတစ်ခုကိုတွေ့သူတစ်ဦးကလည်း၊ ထိုရုပ်ထုကိုတစ်ဦးဦးက ထွင်းထားသည်ဟုသိ၏။ အနုပညာမြောက်သည့်အရာများကိုမဆိုထားဘိ၊ အုတ်ခဲများတစ်ခုနှင့်တစ်ခုဆင့်လျက်ရှိနေသည်ကိုတွေ့မြင်သည်နှင့်တပြိုင်တည်း၊ တစ်ဦးဦးက အကြံအစည်တစ်ခုခုဖြင့် ထိုသို့ဆင့်ထားသည်ဟုတွေးမိမည်သာဖြစ်သည်။ ထို့ကြောင့်၊ နေရာတိုင်းတွင်၊ ကြီးသောအရာဖြစ်စေ၊ သေးငယ်သောအရာပင်ဖြစ်စေ၊ အစီအစဉ်တစ်ခုခုရှိနေလျှင် ထိုအရာကိုဖန်တီးသူ ထိုအရာကိုစောင့်ရှောက်နေသူ အမှန်တကယ်ရှိမည်ကိုသိကြသည်။ တစ်ဦးတစ်ယောက်သောသူက၊ သံများနှင့် ကျောက်မီးသွေးများသည် သူ့အလိုလိုပေါင်းစပ်လာပြီးသံမဏိချောင်းများဖြစ်လာကာ၊ အလိုလိုအီဖီလ်မျှော်စင်ကြီးဖြစ်လာပါသည် ဟုပြောလာလျှင်၊ ထိုသူနှင့်အတူ သူ့ကိုယုံကြည်သူတို့ကို ရူးသွပ်နေသူများဟုသာ ပြောကြမည်မဟုတ်လော?

အလ္လာဟ်အရှင်မြတ်ရှိတော်မူခြင်းကိုငြင်းဆန်သော အဓိကအတွေးအခေါ်ဖြစ်သည့်၊ အရာခပ်သိမ်းသည် သူ့အလိုလိုတစ်စတစ်စ ဆင့်ကဲဖြစ်ပေါ်လာသည် ဟူသော(အီဗိုလူးရှင်းသီအိုရီ) သဘောတရားသည်လည်း ဤနည်းနှင်နှင်ပင်ဖြစ်၏။ ထိုသီအိုရီအရ၊ သက်မဲ့ပစ္စည်းမော်လီကြူများသည် မတော်တဆပေါင်းစပ်၍ အမိုင်နိုအက်ဆစ်ဖြစ်လာသည်။ ထိုအမိုင်နိုအက်ဆစ်တို့လည်း တဖန် မတော်တဆ ပရိုတင်းများဖြစ်လာကြသည်။ နောက်ဆုံးတွင် ထိုပရိုတင်းများက တဖန်မတော်တဆကြုံကြိုက်၍ သက်ရှိပစ္စည်းများဖြစ်လာသည်ဟု ဆိုထားသည်။ သို့သော်လည်း ထိုကဲ့သို့ သက်ရှိပစ္စည်းတစ်ခုသူ့အလိုလိုကြုံကြိုက်ရင်းဖြစ်ပေါ်လာနိုင်စရာအကြောင်းသည်၊ လူတို့ကပြုလုပ်ထားသော အီဖီလ်မျှော်စင်ကြီးကို သူ့အလိုလိုဖြစ်လာပါသည်ဟုဆိုခြင်းထက် အခွင့်အရေးပို၍နည်းပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာအတွင်းရှိ ဆဲလ်တစ်ခုသည်ပင်၊ ကမ္ဘာပေါ်ရှိအကြီးကျယ်ဆုံးသော လူလုပ်ပစ္စည်းများထက် ပိုမိုအဏုစိတ် ခက်ခဲနက်နဲသောကြောင့်ဖြစ်၏။

အတိုင်းထက်အလွန်ပြေပြစ်စွာဟန်နိုင်လျက်ရှိသောသဘာဝတရားကို ရိုးရိုးမျက်စိဖြင့်ကြည့်၍မြင်နိုင်လျက်နှင့်၊ သူ့အလိုလိုကြုံကြိုက်ရင်းဖြစ်ပေါ်လာပါသည်ဟု တွေးတောခြင်းသည် မည်သို့ဖြစ်နိုင်မည်နည်း။ စကြာဝဠာကြီးရှိအရာတိုင်းသည်၊ ဖန်ဆင်းရှင် တည်ရှိနေခြင်းကိုညွှန်းနေလျက်နှင့်၊ သူ့အလိုလိုဖြစ်ပေါ်လာပါသည်ဟု ပြောဆိုခြင်းသည်၊ ကျိုးကြောင်း ဆီလျော်မှုလုံးဝမရှိချေ။

ထို့ကြောင့်၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာမှစတင်၍ ဝေးလံလှသောစကြာဝဠာအစွန်းအထိ ထင်ရှားလျက်ရှိသော ထိုဟန်နိုင်ချိန်ဆမှုများကို ထိန်းနေသောပိုင်ရှင် ရှိရမည်သာဖြစ်၏။ ထိုကဲ့သို့ လျှို့ဝှက်နက်နဲသောအရာခပ်သိမ်းကို ပညတ်ဖန်ဆင်းတော်မူသောဖန်ဆင်းရှင်သည် မည်သူဖြစ်သနည်း။

စကြာဝဠာတည်းဟူသောရုပ်လောက၏အစိတ်အပိုင်းတစ်ခုတော့ ဖြစ်နိုင်မည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော်၊ ထိုအရှင်မြတ်၏တန်ခိုးပြာဋိဟာသည်၊ စကြာဝဠာမပေါ်ပေါက်မီကတည်းက ရှိနေ

ပြီးဖြစ်၍၊ ထိုတန်ခိုးပြာဋိဟာဖြင့်ပင် ဤစကြာဝဠာကိုဖန်ဆင်းတော်မူခြင်းဖြစ်ရမည်။ ထိုအရှင်၏ တည်ရှိခြင်းသည်၊ ဖန်ဆင်းထားသောအရာခပ်သိမ်းတွင် လက္ခဏာထင်ရှားလျက်ရှိနေသော်လည်း၊ ထိုအရှင်မြတ်သည် အစသော်လည်းကောင်း၊ အဆုံးသော်လည်းကောင်း၊ မရှိချေ။

သာသနာသည်ကျွန်ုပ်တို့အား ဖန်ဆင်းရှင်အကြောင်းသင်ကြားပေးသည်။ ကျွန်ုပ်တို့က မိမိတို့၏ ပညာဉာဏ်အမြော်အမြင်ဖြင့်ကျိုးကြောင်းဆင်ခြင်ကာ ထိုအရှင်မြတ်တည်ရှိကြောင်းကိုသိကြ၏။ ထိုအရှင်မြတ်ချမှတ်ပေးခဲ့သောဗျာဒိတ်တော်များဖြင့် ထိုအရှင်မြတ်သည် စကြာဝဠာတစ်ခုလုံးကိုမည်သည့်အရာမျှမရှိ ဗလာနတ္ထိမှ ဖန်ဆင်းတော်မူ၍၊ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် 'အလ္လာဟ်' အရှင်မြတ်ဖြစ်ကြောင်းကိုသိရ၏။

လူအများအားဖြင့်၊ ဤအချက်ကိုနားလည် သဘောပေါက်နိုင်စွမ်းရှိကြသော်လည်း၊ သတိမထားမိကြဘဲ အသက်ရှင်နေကြသည်။ ရှုမျှော်ခင်း တစ်ခုကိုရေးဆွဲထားသည့်ပုံကိုတွေ့မြင်၍၊ ထိုရှုမျှော်ခင်းကိုရေးဆွဲသူသည် မည်သူဖြစ်မည်နည်းဟု တွေးတောကြလေသည်။ ထို့နောက် ထိုသူ၏အနုပညာစွမ်းရည်ကို ချီးကျူးကြပေသည်။ သို့သော်လည်း၊ သူတို့၏ပတ်ဝန်းကျင်တွင်၊ ထိုလုပမှု၏အရင်းအမြစ်တွေ ပြည့်နက်လျက်ရှိနေသည်ကိုကား သတိမထားမိကြချေ။ ထိုလုပမှုတို့၏တစ်ပါးတည်းသောပိုင်ရှင် 'အလ္လာဟ်'အရှင်မြတ် ရှိနေခြင်းကိုကား မေ့လျော့ထားကြ၏။ အမှန်မှာ 'အလ္လာဟ်'အရှင်မြတ်ရှိနေခြင်းကို သက်သေထူရန်အတွက်၊ ရှည်လျားသောသုတေသနများပြုနေရန်မလိုအပ်ချေ။ အကယ်၍ လူတစ်ယောက်သည် အခန်းတစ်ခန်းတွင်မွေးရာမှစ၍နေထိုင်လာခဲ့သည်ဆိုလျှင်ပင် ထိုအခန်းတွင်း၌ပင် အလ္လာဟ်အရှင်မြတ်ရှိခြင်းကို သိရှိသဘောပေါက်စေမည့်အရာဝတ္ထုများဖြင့် ပြည့်နက်လျက် ရှိပေသည်။

လူသားတို့၏ကိုယ်ခန္ဓာအတွင်းရှိ အကြောင်းစုံအချက်အလက်တို့ကို၊ စာအုပ်စောင်ရေပေါင်း မရေမတွက်နိုင်လောက်အောင်အမြောက်အမြားတွင်ရေးသားမှတ်ထားပါကလည်း ကုန်ဆုံးနိုင်ခြင်းမရှိသေးချေ။ ဤအချက်တစ်ခုတည်းကို စိတ်သန့်သန့်သတိရှိရှိဖြင့် တွေးခေါ်ကြည့်မည်ဆိုလျှင်ပင်၊ ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်ရှိကြောင်းကို သိမြင်နိုင်ပေသည်။ လက်ရှိအချိန်တွင်၊ ထိုကဲ့သို့ စနစ်တကျဖြစ်နေသောအစီအစဉ်များ တည်တန့်နေစေရန်ကိုလည်း၊ အလ္လာဟ်အရှင်ကပင် စောင့်ရှောက် ထိန်းသိမ်းလျက်ရှိတော်မူ၏။

လူသားတို့၏ကိုယ်ခန္ဓာသည်သာလျှင်တွေးတောဆင်ခြင်ရမည့်အရာမဟုတ်ပေ။ ကမ္ဘာပေါ်တွင်၊ လက်မတိုင်း၊ စတုရန်းစင်တီမီတာတိုင်းတွင်၊ လူတို့၏မျက်စိဖြင့်မြင်နိုင်သည်ဖြစ်စေ၊ မမြင်နိုင်သည်ဘဲဖြစ်စေ၊ သက်ရှိအရာများဖြင့်ပြည့်နက်လျက်ရှိ၏။ ဆဲလ်တစ်ခုတည်းရှိသည့် သက်ရှိအရာများမှအစ သစ်ပင်များအထိသော်လည်းကောင်း၊ ပိုးကောင်များမှစ၍ ပင်လယ်သမုဒ္ဒရာတွင်းရှိ သက်ရှိသတ္တဝါများအထိသော်လည်းကောင်း၊ ငှက်များမှအစ ဖွတ်ပဒတ်တွားသွားသတ္တဝါများအထိသော်လည်းကောင်း၊ ကမ္ဘာပေါ်တွင်အလျှံပယ်ရှိနေ၏။ အကယ်၍သင်သည် မြေကြီးလက်တစ်ဆုပ်ကိုယူ၍စမ်းသပ်ကြည့်ပါက၊ မရေမတွက်နိုင်သော၊ တစ်မျိုးနှင့်တစ်မျိုးသွင်ပြင်လက္ခဏာကွာခြားသည့်သက်ရှိအရာအမြောက်အမြားကိုတွေ့ရှိပါလိမ့်မည်။ အသင်ရှူသွင်းလျက်ရှိသော လေတွင်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်၏။ သင်၏အရေပြားပေါ်တွင်လည်း၊ သင်ကပင်အမည်မသိသော သက်ရှိအရာများ အမြောက်အမြားဖြင့်ပြည့်နက်လျက်ရှိ၏။ သက်ရှိသတ္တဝါအားလုံးတို့၏ဝမ်းဗိုက်အတွင်း၌လည်း၊ အစာချေခြင်းတွင် အကူအညီပေးနေသောသက်ရှိဘက်တီးရီးယားများ အရေအတွက်အားဖြင့် သိန်းသန်းချီ၍ရှိသည်။ ကမ္ဘာပေါ်တွင်၊ တိရစ္ဆာန်ဦးရေသည်၊ လူဦးရေထက်အဆပေါင်းများစွာရှိ၏။ အပင်များကိုသက်ရှိပစ္စည်းများစာရင်းတွင် ထည့်သွင်းလိုက်ပါက၊ သက်ရှိပစ္စည်းမရှိသောနေရာသည်၊ ကမ္ဘာပေါ်တွင် တစ်ကွက်မျှမရှိတော့ပေ။ ထိုသက်ရှိပစ္စည်းများအားလုံးတို့သည်၊ ကမ္ဘာလောကကြီး၏ ပတ်ဝန်းကျင်ဆက်စပ်မှုအခြေအနေတည်ငြိမ်မှုတွင် တစ်ခုချင်းကသူ့ဖါသာနှင့်သူ ပါဝင်ကူညီလျက်ရှိကြပေသည်။ ဤအရာခပ်သိမ်းတို့သည်၊ ရည်ရွယ်ချက်မရှိ၊ သူ့အလိုလိုမတော်တဆဖြစ်ပေါ်လာသည် ဟူသောအတွေးအခေါ်သည်၊ ကျိုးကြောင်းဆီလျော်ခြင်းမရှိ၊ အဓိပ္ပါယ်ကင်းမဲ့လှပေသည်။ မည်သည့်သက်ရှိပစ္စည်း၊ မည်သည့်သက်ရှိသတ္တဝါကမှ၊ မိမိဖါသာအ

လိုအလျောက် ဖြစ်ပေါ်တည်ရှိလာခဲ့ခြင်းမဟုတ်ပေ။ အလိုအလျောက်မတော်တဆဖြစ်ပေါ်လာသည့် အရာတွင်လည်း နက်နဲသည့်စနစ်များ ဖြစ်ပေါ်ပါဝင်လာမည်မဟုတ်။

ဤသက်သေအထောက်အထားများကပင်၊ စကြာဝဠာကြီးတစ်ခုလုံးသည် အသိတရားတစ်ခု၏ထိန်းကျောင်းမှုအတွင်း တည်ရှိနေကြောင်းကိုပြဆိုလျက်ရှိပေသည်။ ထိုအသိတရားသည် မည်သည့်နေရာမှလာပါသနည်း။ ထိုအသိတရားတွင်သက်ရှိပစ္စည်းသော်လည်းကောင်း၊ သက်မဲ့ပစ္စည်းသော်လည်းကောင်း၊ ပါဝင်မည်မဟုတ်ပေ။ သက်ရှိသက်မဲ့ပစ္စည်းများသည်လည်း၊ သဟဇာတရှိနေခြင်းနှင့် စည်းကမ်းတကျရှိနေခြင်းကို ထိန်းသိမ်းထားနိုင်မည်မဟုတ်။ အလ္လာဟ်အရှင်မြတ် တည်ရှိနေခြင်းနှင့် ထိုအရှင်မြတ်၏ဂုဏ်ကျက်သရေဖြိုးဝေတောက်ပြောင်နေခြင်း၏သက်သေသာဓကတို့သည်၊ စကြာဝဠာတစ်ခုလုံးတွင် အလျှံပယ်လျက်ရှိနေပေသည်။ ကမ္ဘာပေါ်ရှိလူသားတစ်ဦးတစ်ယောက်ကမျှ၊ ဤအချက်ကို မိမိ၏စိတ်နှလုံးတွင်းမှလက်မခံငြင်းပယ်မည့်သူ ရှိမည်မဟုတ်ချေ။ သူတို့၏မတရားဆိုးညစ်မောက်မာမှုက ငြင်းပယ်နေသော်လည်း၊ သူတို့၏ဝိညာဉ်နှင့်နှလုံးသားတို့က အလိုလိုလက်ခံနေခြင်းအကြောင်းကို၊ ကုရ်အာန်ကျမ်းတော်မြတ် ၂၇း၁၄ တွင်ပြဆိုထားပါသည်။

ထိုကဲ့သို့၊ အချို့သောသူတို့သည် မိမိ၏ကိုယ်ကျိုးအတွက် အမှန်တရားကိုကျော်ခိုင်းသွားကြခြင်းနှင့် သူတို့က လိမ်လည်လှည့်ဖြားကလိန်ကျကာ မမှန်မကန်မတရားစွပ်စွဲထားသည့်အချက်အလက်များကို အမှန်အတိုင်းဖော်ပြရန်ဤစာအုပ်ကိုရေးသားရခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ဤစာအုပ်တွင်တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသောအကြောင်းရပ်အမြောက်အမြားဖြင့် ကိုင်တွယ်ဖြေရှင်းထားပါသည်။

ဤစာအုပ်ကိုဖတ်ရှုသူတိုင်းသည်၊ အလ္လာဟ်အရှင်မြတ်ရှိခြင်းနှင့် ထိုအရှင်မြတ်ရှိခြင်း၏ သက်သေသာဓကများသည်၊ စကြာဝဠာတဝှမ်းလုံးတွင်ပြည့်နက်လွှမ်းခြုံလျက်ရှိကြောင်းကို ငြင်းပယ်နိုင်မည့်အချက်လုံးဝမရှိတော့ပြီဖြစ်ကြောင်း အကွင်းသားရှင်းလင်းစွာသိရှိပါလိမ့်မည်။ ကျိုးကြောင်းဆင်ခြင်တုံတရားဖြင့် သိရှိနိုင်ပါလိမ့်မည်။ စကြာဝဠာတဝှမ်းလုံးရှိ အစီအစဉ်တကျရှိနေသော စနစ်ကို ဖန်ဆင်းသူအရှင်သည် ထိုအလ္လာဟ်အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထိုစနစ်ကိုအဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်နေသူသည်လည်း၊ ထိုအရှင်မြတ်ပင်ဖြစ်တော်မူ၏။

# မရှိခြင်းမှရှိခြင်းအဖြစ်သို့
# From Non-Being to Being

စကြာဝဠာသည် မည်သို့စတင်ဖြစ်ပေါ်လာခဲ့သည်၊ မည်သည့်ဘက်သို့ဦးတည်နေသည်၊ မတိမ်းမစောင်း အစဉ်ဟန်နိုင်နေအောင် မည်သို့သောနိယာမများက ထိန်းချုပ်ပဲ့ကိုင်လျက်ရှိသည်၊ စသည်တို့သည် ခေတ်အဆက်ဆက်သောလူများက အထူးစိတ်ဝင်စားခဲ့သောအချက်ဖြစ်ပေသည်။ သိပ္ပံပညာရှင်များနှင့် အတွေးအခေါ်ပညာရှင်များကလည်း၊ အဆုံးမရှိတွေးတောဆင်ခြင်ကြရင်း၊ သီအိုရီယူဆချက် အတော်များများကိုထုတ်ဖော်ချမှတ်ထားကြပေသည်။

၂၀–ရာစု စောစောပိုင်းအထိခေတ်စားခဲ့သောအတွေးအခေါ်မှာ၊ စကြာဝဠာသည်အတိုင်းအတာမရှိအဆုံးမရှိအောင်ကျယ်ဝန်းသည်၊ အစမရှိသောအချိန်မှစ၍တည်ရှိခဲ့သည်၊ နောင်လည်းအဆုံးမရှိဆက်လက် တည်ရှိနေဦးမည်၊ ဟူသောအတွေးအခေါ်ဖြစ်၏။ ဤအတွေးအခေါ်အရ၊ စကြာဝဠာကြီးသည်၊ "တည်ငြိမ်နေသောစကြာဝဠာပုံစံ" (static universe model) ဖြစ်ပြီး၊ စကြာဝဠာတစ်ခုလုံးသည် အစအဆုံးမရှိချေ။

ဤအတွေးအခေါ်သည် ရုပ်ဝါဒအတွေးအခေါ်၏အုတ်မြစ်ဖြစ်ပြီး၊ ဖန်ဆင်းရှင်ရှိခြင်းကိုငြင်းပယ်၍ စကြာဝဠာသည်အစဉ်တည်ငြိမ်တည်မြဲလျက်ရှိကာ၊ အပြောင်းအလဲမရှိသော ရုပ်ဝတ္ထုဒြပ်ပစ္စည်းအစုသာလျှင်ဖြစ်သည် ဟူသောအမြင်ဖြစ်သည်။

ရုပ်ဝါဒအနေဖြင့်၊ ရုပ်ဝတ္ထုပစ္စည်းသည် အရာခပ်သိမ်းအတွက် လုံးဝဥဿုံသောအရာဖြစ်သည် ဟူသောအတွေးအခေါ်စနစ်တစ်ခုဖြစ်၏။ ရှေးခေတ်အီဂျစ်ဖါရိုးဘုရင်များခေတ်နှင့် ဂရိလူမျိုးများမှစတင်ဆင်းသက်လာခဲ့သော အတွေးအခေါ်ဖြစ်ပြီး၊ ၁၉–ရာစုနှစ်တွင်အရှိန်အဟုန်ဖြင့် တိုးတက်လက်ခံလာကြလေရာ၊ ဤအတွေးအခေါ်စနစ်များအနက်၊ ကာလ်မာက့်စ်၏ အနုပဋိလောမရုပ်ဝါဒ (dialectical materialism )သည် အကျော်ကြားဆုံးသောအတွေးအခေါ်ဖြစ်ခဲ့သည်။

ဂျော့ပိုလစ်ဇာ၏ "ဖီလိုဆိုဖီအတွေးအခေါ်များ၏အခြေခံများ" (Principes Fondamentaux de Philosophie) တွင်၊ "စကြာဝဠာသည်ဖန်ဆင်းထားသောအရာမဟုတ်" ဟုဆိုထားသည်။

> အကယ်၍ဖန်ဆင်းထားသောအရာဖြစ်ပါက၊ ဖန်ဆင်းရှင်သည် ဗလာနတ္ထိအလျင်းမရှိခြင်းမှ တပြိုင်တည်းရှိခြင်းအဖြစ်သို့ ဖန်ဆင်းလိုက်ခြင်းဖြစ်ရမည်။ ထို့ကြောင့် ဖန်ဆင်းခြင်းကို လက်ခံခြင်းသည် စကြာဝဠာသည်အလျင်းမရှိခဲ့ခြင်းအဖြစ်ကို လက်ခံခြင်းဖြစ်သည်။ ဗလာနတ္ထိအလျင်းမရှိခြင်းမှ တစ်စုံတစ်ခုရှိလာစေခြင်းကို လက်ခံခြင်းဖြစ်သည်။ ဤကား သိပ္ပံပညာက လက်ခံနိုင်သောအချက်မဟုတ်ချေ။[၁]

ဟု ထပ်မံဆိုထားပေသည်။

ပိုလစ်ဇာက စကြာဝဠာသည်ဗလာနတ္ထိအလျင်းမရှိသောအခြေအနေမှ ဖန်ဆင်းထားခြင်းမဟုတ်ဟုပြောဆိုရာတွင်၊ ၁၉–ရာစုတွင်ခေတ်စားနေခဲ့သော တည်ငြိမ်နေသောစကြာဝဠာပုံစံကိုယုံကြည်၍ပြောခဲ့ခြင်းဖြစ်ပြီး၊ သိပ္ပံပညာကိုအခြေခံ၍ပြောသည်ဟု သူကထင်ခဲ့သည်။ အမှန်မှာ ထိုပုံစံသည် သိပ္ပံပညာရှင်တို့၏အတွေးအခေါ်သာဖြစ်ပြီး သိပ္ပံနည်းအရခိုင်လုံအောင်သက်သေထူထားသောပုံစံမဟုတ်သေးချေ။ ၂၀–ရာစုနှစ်များတွင်တိုးတက်ခဲ့သောသိပ္ပံပညာနှင့် နည်းပညာတက်နိုလိုဂျီများက ထိုကဲ့သို့သောရုပ်ဝါဒ၏အခြေခံဖြစ်သည့် ရှေးကျသောတည်ငြိမ်နေသောစကြာဝဠာပုံစံအတွေးအခေါ်ကို အမြစ်မှလှန်၍ ပယ်ဖျက်ပစ်လေတော့သည်။ ယနေ့ ၂၁–ရာစု၏အစပိုင်းတွင်၊ ခေတ်သစ်ရူပဗေဒ (Modern Physics)က၊ စမ်းသပ်ချက်အမျိုးမျိုး၊ စူးစမ်းမှတ်တမ်းတင်ခြင်း၊ အမျိုးမျိုးအဖုံဖုံ တွက်ချက်ခြင်း စသည်တို့ဖြင့် စကြာဝဠာသည် အစရှိသည်၊ ဗလာနတ္ထိအလျင်းမရှိသောအခြေအနေမှ စတင်၍ အလွန်ကြီးမားသောပေါက်ကွဲမှုတစ်ခုဖြင့် စတင်ဖန်ဆင်းခဲ့သည်ဟု သက်သေထူထားလေပြီ။

စကြာဝဠာသည်အစရှိသည်ဟု ဆိုခြင်းမှာ၊ စကြာဝဠာအာကာသတစ်ခုလုံးသည် ဗလာနတ္ထိအလျင်းမရှိခြင်းမှ ရှိသည့်အခြေအနေသို့ရောက်ရှိလာသည်ဟုဆိုလိုသည်။ ယင်းသည်ကပင်၊ ဖန်ဆင်းခြင်းကို

ပြဆိုလျက်ရှိ၏။ ဗလာနတ္ထိအလျင်းမရှိခြင်းမှ ရှိခြင်းသို့ရောက်အောင်ဖန်ဆင်းခဲ့သည်ဟုဆိုလျှင်၊ ဖန်ဆင်းသောအရှင်သခင်လည်း အမှန်တကယ်ရှိရမည်။ မရှိခြင်းမှရှိခြင်းသို့ရောက်စေခြင်းသည်လည်း၊ လူသားတို့အတွက် စိတ်ကူးကြံဆ၍ရနိုင်သောအရာမဟုတ်ချေ။ ထို့ကြောင့်၊ မရှိခြင်းမှရှိခြင်းအဖြစ်သို့ရောက်စေခြင်းသည်၊ အရာဝတ္ထုများကိုစုဆောင်းစုပေါင်း၍ အသစ်အဆန်းဖြစ်သော အရာဝတ္ထုတစ်ခုကို တီထွင်ခြင်းနှင့်လည်း ခြားနားပေသည်။ ဥပမာ၊ အနုပညာလက်ရာတစ်ခုခုသို့မဟုတ်၊ စက်မှုနည်းပညာတီထွင်မှု စသည်တို့ဖြစ်သည်။ အရာခပ်သိမ်းတို့သည် ယခင်ကထိုသို့သောအရာပုံစံပင် မရှိရာမှ တပြိုင်တည်းတစ်ချိန်တည်းတွင်၊ ပြီးပြည့်စုံသောအဖြစ်သို့ရောက်စေခြင်းကို အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းတော်မူခြင်းလက္ခဏာတွင်သာလျှင် တွေ့ရပေသည်။ အမှန်မှာ ထိုကဲ့သို့ဖန်ဆင်းတော်မူသည့်အချိန်တွင်၊ အချိန်ကာလနှင့်အာကာသဒေသ(Time and Space)သည်ပင် မရှိခဲ့သေးချေ။

စကြာဝဠာသည်၊ မရှိခြင်းမှ ရှိခြင်းအဖြစ်သို့ရောက်ရှိလာခြင်းသည်ပင် ဖန်ဆင်းခြင်းအတွက် အကြီးကျယ်ဆုံးသောသက်သေခံဖြစ်၏။ ဤအချက်ကိုတွေးတောဆင်ခြင်ခြင်းဖြင့် အရာအမြောက်အမြားသည်လည်း ပြောင်းလဲသွားနိုင်ပေသည်။ လူတို့ကို မိမိတို့၏အသက်ရှင်နေခြင်း၏အဓိပ္ပါယ်ကိုနားလည်သဘောပေါက်စေပြီး သူတို့၏တွေးခေါ်ပုံနှင့် ကြံရွယ်ချက်များကိုလည်း ပြန်လည်သုံးသပ်စေလိမ့်မည်။ ထို့ကြောင့် လူအတော်များများတို့သည်၊ ၎င်းတို့အသေအချာနားလည်သဘောပေါက်ခြင်းမရှိသည့်ဖန်ဆင်းခြင်းအကြောင်းကို ငြင်းပယ်ရန်ကြိုးစားကြသည်။ လူတို့၏စိတ်တွင်း၌ ရှုပ်ထွေးပွေလီစေရန်အတွက်၊ အခြားအတွေးအခေါ်များဖြင့် အစားထိုးရန်ကြိုးစားကြသည်။ သို့သော်လည်း ထိုသီအိုရီအတွေးအခေါ်များကို သိပ္ပံပညာသက်သေသာဓကများက ယတိပြတ်ပယ်ဖျက် ရုတ်သိမ်းလိုက်လေတော့သည်။

စကြာဝဠာတစ်ခုလုံး မည်သို့ဖြစ်ပေါ်လာသည် ဟူသောအချက်ကိုရှာဖွေစူးစမ်းသည့် သိပ္ပံပညာ တိုးတက်မှုများကို အနည်းငယ်လေ့လာကြည့်ကြပါစို့။

## စကြာဝဠာသည်ကျယ်ပြန့်ကြီးထွားလျက်ရှိခြင်း
## The Expansion of the Universe

၁၉၂၉–ခုနှစ်၊ ကာလီဖိုးနီးယားပြည်နယ် မောင့်ဝီလ်ဆန်နက္ခတ်တာရာကြည့်မျှော်စင်တွင်၊ အမေရိကန်နိုင်ငံသား အက်ဒွင်ဟဗ်ဗလ်အမည်ရှိ နက္ခတ်တာရာပညာရှင်တစ်ဦးသည်၊ ကမ္ဘာ့သမိုင်းတွင်အကြီးကျယ်ဆုံးသောတွေ့ရှိချက်တစ်ခုကို ဖော်ထုတ်ခဲ့လေသည်။ အဝေးကြည့်မှန်ပြောင်းကြီးဖြင့်ကြယ်များကိုချိန်ထားပြီး ကြည့်နေစဉ်၊ ၎င်းကြယ်တို့မှလာသောအလင်းရောင်များသည်၊ အနီရောင် ရောင်စဉ်အစွန်းဖက်သို့ရွေ့သွားနေကြောင်းကို တွေ့ရှိလေသည်။ ထိုရွေ့လျားမှု၌၊ ကြည့်နေသော ကြယ်သည် ကမ္ဘာမြေကြီးမှပို၍ဝေးကွာပါက ထိုရွေ့လျားမှုသည်ပို၍ထင်ရှားကြောင်းကိုလည်း တွေ့ရှိရပြန်၏။ ဤတွေ့ရှိချက်မှာ၊ သိပ္ပံလောကကိုတုန်လှုပ်အံ့အားသင့်စေတော့သည်။ အများကလက်ခံအသိအမှတ်ပြုထားသော ရူပဗေဒနိယာမအရ၊ အရာဝတ္ထုတစ်ခုမှ ကြည့်ရှုနေသောအမှတ်သို့ရောက်လာသောရောင်ခြည်သည် ခရမ်းရောင် ရောင်စဉ်ဖက်သို့ရွေ့လျားရမည်။ ကြည့်ရှုနေသောအမှတ်မှထွက်ခွာသွားသောရောင်ခြည်သည်၊ အနီရောင် ရောင်စဉ်ဖက်သို့ရွေ့ရမည်။ အက်ဒွင်ဟဗ်ဗလ်၏တွေ့ရှိချက်အရ၊ ကြယ်နက္ခတ်တာရာတို့သည် ကျွန်ုပ်တို့ထံမှပိုမိုဝေးကွာသောအရပ်ဖက်သို့ရွေ့လျားနေခြင်းကိုပြဆိုလျက်ရှိသည်။

နောက်များမကြာမီ၊ ဟဗ်ဗလ်က နောက်ထပ်အရေးကြီးသည့်တွေ့ရှိချက်ကိုမှတ်သားထားနိုင်ခဲ့သည်။ ကြယ်တာရာများသည်၊ ကျွန်ုပ်တို့ထံမှဝေးကွာသောအရပ်များသို့ရွေ့လျားနေကြခြင်းသာမဟုတ်ပဲ၊ ၎င်းတို့အချင်းချင်းမှလည်း ခွာ၍ခွာ၍ရွေ့လျားနေကြကြောင်းကိုတွေ့ရှိခဲ့ပြန်သည်။ ထို တွေ့ရှိချက်များမှ၊ နောက်ဆုံးရယူသောအချက်မှာ၊ စကြာဝဠာရှိအရာခပ်သိမ်းသည် အချင်းချင်း ပို၍ဝေးကွာသောအရပ်ဘက်သို့ဦးတည်၍ ရွေ့လျားနေကြခြင်းဖြစ်သည်။ "စကြာဝဠာတစ်ခုလုံးသည် ကျယ်ပြန့်ကြီးထွားလျက်ရှိသည်၊" ဟူသောအချက်ဖြစ်၏။



Edwin Hubble. next to his giant telescope.

အက်ဒွင်ဟာဗ်ဗလ်ကို သူ၏အဝေးကြည့်မှန်ပြောင်းကြီးအနားတွင် တွေ့ရစဉ်။

ပိုမိုရှင်းလင်းစွာသဘောပေါက်ရန်အတွက်၊ စကြာဝဠာကို မိုးကောင်းကင်သို့နေရာတစ်နေရာမှလွှတ်လိုက်သောအူစီပေါင်းများနှင့်နှိုင်းယှဉ်ကြည့်ပါ။ အူစီပေါင်းများသည် စတင်လွှတ်လိုက်သောအမှတ်မှ ပို၍ပို၍ ဝေးကွာသောအရပ်များသို့ ပြန့်နှံ့သွားနေကြသည်နှင့်တူနေသည်။ ယင်းအချက်ကပင် စကြာဝဠာသည် အစဉ်ကျယ်ပြန့်လျက်ရှိသည်ဟု ဆိုလိုသည်။


အမှန်မှာ၊ ဤအချက်ကိုသီအိုရီအရဦးစွာတွက်ချက်တွေ့ရှိခဲ့ပြီးဖြစ်ပေသည်။ ထိုရာစုနှစ်၏အကြီးကျယ်ဆုံးသိပ္ပံပညာရှင်ဖြစ်သည့် အဲလ်ဘတ်အိုင်စတိုင်းသည်၊ သူ၏သင်္ချာနည်းအရတွက်ချက်ခြင်းဖြင့် စကြာဝဠာသည် တည်ငြိမ်နေခြင်းမရှိဟု တွေ့ရှိခဲ့လေသည်။ သို့သော်လည်း၊ ထိုစဉ်က သိပ္ပံပညာရှင်လောကတစ်ခုလုံးကလက်ခံထားကြသည့် တည်ငြိမ်နေသောစကြာဝဠာပုံစံကို မဆန့်ကျင်လိုသဖြင့် တိတ်တဆိတ်လျှို့ထားခဲ့လေသည်။ အိုင်စတိုင်းသည်လည်း ထိုကဲ့သို့လျှို့ထားခဲ့ခြင်းသည် “သူ၏သိပ္ပံပညာလေ့လာခဲ့သည့်ဘဝ”တစ်ခုလုံးတွင် အကြီးကျယ်ဆုံးသော အမှားဖြစ်ကြောင်းကို နောင်မှအလွန်အမင်းနောင်တရခဲ့လေတော့သည်။ နောက်ဆုံးတော့ ဟာဗ်ဗလ်၏တွေ့ရှိချက်အရ စကြာဝဠာကြီးသည် အစဉ်တစိုက်ကျယ်ပြန့်လျက်ရှိကြောင်းကို ထပ်မံသက်သေထူလိုက်တော့သည်။

စကြာဝဠာသည် အစဉ်တစိုက်ကျယ်ပြန့်လျက်ရှိသည် ဟူသောအချက်သည် စကြာဝဠာစတင်ပေါ်ပေါက်လာခြင်းနှင့် မည်သို့ပတ်သက်နေပါသနည်း?

စကြာဝဠာသည်အစဉ်တစိုက်ကျယ်ပြန့်လျက်ရှိနေခြင်းသည်၊ အကယ်၍အာကာသဒေသနှင့်အချိန်ကာလကို နောက်ပြန်စေနိုင်ပါက စကြာဝဠာသည် အမှတ်တစ်ခုမှစတင်ကြောင်းကိုသက်သေထူမည်သာဖြစ်၏။ ထိုအမှတ်သည်လည်း၊ ‘သုညထုထည်’ရှိပြီး ‘အတိုင်းအတာမရှိကြီးမားသောသိပ်သည်း

ခြင်း' ရှိရမည်ဖြစ်၏။ စကြာဝဠာသည် ထို'သုညထုထည်' မှစ၍ပေါက်ကွဲခြင်းဖြင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပေသည်။ စကြာဝဠာကိုစတင်ခဲ့သော ထိုပေါက်ကွဲမှုကြီးကို 'ဘစ်ဘိုင်း' (Big Bang) (ပေါက်ကွဲမှုကြီး)ဟု ခေါ်ကြပြီး၊ ထိုအတွေးအခေါ်ကိုလည်း 'ဘစ်ဘိုင်းသီအိုရီ' (ပေါက်ကွဲမှုကြီးသီအိုရီ) ဟုတွင်ခေါ်ကြ၏။

ဤပုံတွင် ဂါလက်ဇီများ၏ ဝေးကွာခြင်းနှင့်၎င်းတို့၏ အနီရောင် ရောင်ခြည်သို့ရှဉ်းကပ်ခြင်းအတိုင်းအတာကို ပြထားသည်။ အပေါ်ပိုင်းတွင်ရှိသောထောင်လိုက်အစင်းသည် ရောင်စဉ်ရှိနေရာတစ်ခုခုကို ဖော်ပြသည်။ နောက်ထပ်ရောင်စဉ်တစ်ခုတွင် ထိုအမှတ်သည် မျှားပြထားသည့်အမှတ်အထိ ရွေ့သွားသည်ကို ပြ၏။ အနီရောင်သို့ရှဉ်းကပ်နေခြင်းသည် ပို၍ဝေးကွာသွားနေခြင်းကိုပြသည်။ ဆိုလိုရင်းမှာ ဂါလက်ဇီသည် ကမ္ဘာမြေကြီးမှ ပို၍ဝေးသောအရပ်သို့ ရွေ့လျားလျက်ရှိ၏။




'သုညထုထည်' ဆိုသည်မှာ၊ တွေးတောယူဆချက်သဘောတရားဖော်ပြချက်တစ်ခုဖြစ်သည်။ သိပ္ပံနည်းအရ၊ 'ဗလာနတ္ထိအလျင်းမရှိသည့်အခြေအနေအမှတ်'ကို 'သုညထုထည်' ဟူ၍သာ ဖော်ပြနိုင်လေသည်။ ဗလာနတ္ထိအလျင်းမရှိခြင်းကိုမူကား လူသားတို့၏ဉာဏ်စွမ်းဖြင့် နားလည်သဘောပေါက်ရန်ခက်ခဲနက်နဲသောအရာဖြစ်နေသည်။ ထို့ကြောင့်၊ 'သုညထုထည်' ဆိုခြင်းမှာ 'ဗလာနတ္ထိအလျင်းမရှိခြင်း' ကိုဆိုလိုသည်။ ဆိုလိုရင်းမှာ မရှိခြင်းမှ ရှိခြင်းအဖြစ်သို့ဖြစ်ပေါ်လာသည်၊ တစ်နည်းအားဖြင့် 'ဖန်ဆင်းခြင်း' ခံရသည်ဟုဆိုလို၏။


ဘစ်ဘိုင်းသီအိုရီက၊ စကြာဝဠာတစ်ဝှမ်းလုံးရှိအရာခပ်သိမ်း၏အစသည် အမှတ်တစ်ခုအစက်တစ်စက်ဖြစ်ခြင်း၊ အရာခပ်သိမ်းသည်အစက်တစ်စက်သာဖြစ်ခဲ့ခြင်းကိုပြဆိုသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၀၀ ကျော်က လူအများတို့က စကြာဝဠာအကြောင်းကိုသိရှိခြင်း အလွန်နည်းပါးနေသေးသည့်အချိန် ကာလတွင်ကျရောက်ခဲ့သော ကုရ်အာန်ကျမ်းတော်မြတ် စူရာ(ကဏ္ဍ)အမ်ဗီယာ ၂၁ အာယသ်တော် ၃၀ တွင်ပြဆိုထားပေသည်။

**"စင်စစ် မိုးကောင်းကင်များသည်လည်းကောင်း၊ ပထဝီမြေသည်လည်းကောင်း၊ ဆက်စပ်လျက်ရှိခဲ့ကြ၏။ ထို့နောက်ငါအရှင်မြတ်သည် ယင်း(မိုးကောင်းကင်နှင့်ပထဝီမြေ)နှစ်ခုစ**

လုံးကို ခွဲခြားတော်မူခဲ့သည်။ ဤသည်ကို ကာဖိရ်များ မသိမမြင်ခဲ့ကြလေသလော။ ထို့အပြင် ငါအရှင်မြတ်သည် ရေဖြင့် သက်ရှိသတ္တဝါခပ်သိမ်းကိုဖန်ဆင်းတော်မူခဲ့၏။ သို့ပါလျက် ၎င်းတို့သည် သက်ဝင်ယုံကြည်ခြင်း မရှိကြလေသလော။" (စူရာအမ်ဘီယာ ၂၁း၃၀)

အထက်တွင်ဆိုခဲ့သည့်အတိုင်း၊ အရာခပ်သိမ်း မိုးကောင်းကင်နှင့်ပထဝီမြေတို့သည် မဖန်ဆင်းမီအချိန်တွင် တစ်ခုတည်းစုစည်းလျက်ရှိရာမှ၊ ပေါက်ကွဲမှုကြီး ဘစ်ဘိုင်းမှစတင်၍ လက်ရှိစကြာဝဠာပုံစံအတိုင်းဖန်ဆင်းတီထွင်၍ တစ်ခုနှင့်တစ်ခုခွဲခွာသွားကြလေသည်။

ဘစ်ဘိုင်းသီအိုရီကို ကုရ်အာန်ကျမ်းတော်မြတ်နှင့်နှိုင်းယှဉ်ကြည့်ပါက ဆိုလိုရင်းတစ်ခုတည်းဖြစ်နေသည်ကိုတွေ့ရှိရပေသည်။ သို့သော်လည်း ဘစ်ဘိုင်းသီအိုရီမှာ ၂၀ ရာစုနှစ်ကျမှ ပေါ်ပေါက်လာပေသည်။ စကြာဝဠာသည် တစ်စတစ်စအစဉ်တစိုက်ကျယ်ပြန့်လျက်ရှိသည် ဟူသောသိပ္ပံတွေ့ရှိချက်သည်၊ ဗလာနတ္ထိအလျင်းမရှိရာမှ စကြာဝဠာကိုဖန်ဆင်းခဲ့ခြင်းဖြစ်သည် ဆိုသည့်အချက်ကို



သုတေသနအရ ကြယ်တာရာများနှင့် ဂါလက်ဇီများသည် ကျွန်ုပ်တို့ထံမှဝေးကွာသောအရပ်သို့ ရွေ့လျားလျက်ရှိ သည့်အပြင်၊ အချင်းချင်းမှလည်း ပို၍ဝေးသောအရပ်သို့ရွေ့လျားလျက်ရှိနေကြသည်။ စကြာဝဠာသည် ကျယ်ပြန့်လျက်ရှိကြောင်းကို ပြဆိုနေသည်။ အကယ်၍နောက်ပြန်တွေးကြည့်ပါက၊ စကြာဝဠာသည် အစက်တစ်စက်မှစတင်ခဲ့ကြောင်းကို ပြဆိုလျက်ရှိသည်။

ထောက်ခံသောအရေးကြီးဆုံးသက်သေသာဓကဖြစ်ပေသည်။ သိပ္ပံပညာက ၂၀ ရာစုနှစ်ရောက်မှပင် ထိုအချက်ကိုတွေ့ရှိလေသည်။ သို့သော်လည်း၊ ဤအမှန်တရားကို အလ္လာဟ်အရှင်မြတ်က လွန်ခဲ့သည့်နှစ်ပေါင်း ၁၄၀၀ ကျော်ကတည်းက ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ထုတ်ပြဆိုခဲ့ပြီးဖြစ်၏။

> **ဧင်းပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်ကို တန်ခိုးတော်ဖြင့် ပြုလုပ်တော်မူခဲ့၏။ စင်စစ် သော်ကား ဧကန်မလွဲ ငါအရှင်မြတ်သည် ကျယ်ဝန်းစေသော တန်ခိုးတော်ရှင် ဖြစ်တော်မူ၏။** (စူရာ အဇ်ဇာရိယာ ၅၁း၄၇)

## အစားထိုးအတွေးအခေါ်အတွက် စူးစမ်းရှင်းမှ ပေါက်ကွဲမှုကြီး(ဘစ်ဘိုင်းသီအိုရီ)သို့

## The Search for Alternatives to The Big Bang Theory

ပေါက်ကွဲမှုကြီးသီအိုရီအရ စကြာဝဠာကြီးသည် မရှိခြင်းမှရှိခြင်းအဖြစ်သို့ဖန်ဆင်းခြင်းခံရသည်မှာ အရှင်းသားပေါ်လွင်လျက်ရှိနေပေပြီ။ ဆိုလိုရင်းမှာ စကြာဝဠာကို အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းထားခြင်းဖြစ်သည်။ ထို့ကြောင့် ရုပ်ဝါဒတွင်သာ တွယ်ကပ်နေကြသည့် နက္ခတ္တဗေဒပညာရှင်များသည် ထိုပေါက်ကွဲမှုကြီး ဘစ်ဘိုင်းသီအိုရီကိုငြင်းပယ်၍ တည်ငြိမ်သီအိုရီ(Static Theory)တွင် သာလျင်ဆက်လက်တွယ်ကပ်နေကြသေးသည်။ ဤအချက်ကို ရုပ်ဝါဒီ ရူပဗေဒပညာရှင်ဖြစ်သော အေအက်စ် အက်ဒိန်တန် (A.S. Eddington) ၏စကားများဖြင့်သိရှိနိုင်ပေသည်။ "လက်ရှိသဘာဝစနစ်ကြီးမှ ရုတ်တရက်စတင်ဖြစ်ပေါ်လာသည်ဟူသောအတွေးအခေါ်သည် ကျွန်ုပ်အတွက်မနှစ်မြို့ဆုံးသော အတွေးအခေါ်ဖြစ်ပါသည်။"[၂] ဟုဆိုထားလေသည်။

ဆာဖရက်ဟွဲလ်သည်လည်း ဘစ်ဘိုင်းသီအိုရီကြောင့်တုန်လှုပ်ခြောက်ခြားသွားသူတစ်ဦးဖြစ်သည်။ ထိုရာစုနှစ်အလယ်ပိုင်းတွင် ဟွဲလ်သည် ၁၉–ရာစုနှစ်များကယုံကြည်လက်ခံခဲ့ကြသည့် 'တည်တံ့မြဲမြံသောစကြာဝဠာ' (constant universe)အယူအဆနှင့်ဆင်တူသော 'တစ်သမတ်တည်းသောသီအိုရီ' (steady-state theory) အယူအဆဖြင့်ကျော်ကြားနေခဲ့သူ တစ်ဦးဖြစ်သည်။ သူ၏သီအိုရီအရ စကြာဝဠာသည် အရွယ်အစားအားဖြင့်အကန့်အသတ်မရှိဘဲ အချိန်အားဖြင့်လည်း ထာဝရဖြစ်သည်ဟူ၏။ သာမန်မျက်စိဖြင့်မြင်ရသောအတိုင်းအတာဖြင့်သာ တွေးတောယူဆထားသော ရုပ်ဝါဒီတို့၏ဖီလိုဆိုဖီအတွေးအခေါ်ဖြစ်လေသည်။ ဤသီအိုရီသည် ဘစ်ဘိုင်းသီအိုရီနှင့်ဆန့်ကျင်ဘက်ခြားနားသည်။ ဘစ်ဘိုင်းသီအိုရီကား စကြာဝဠာကြီးသည်အစရှိခဲ့သည်ဟုဆို၏။

တစ်သမတ်တည်းသောသီအိုရီကိုကာကွယ်သူတို့သည် ဘစ်ဘိုင်းသီအိုရီကိုနှစ်ပေါင်းမြောက်များစွာ ဆန့်ကျင်ခဲ့ကြလေသည်။ သို့သော်လည်း သိပ္ပံပညာကမူ သူတို့နှင့်ဆန့်ကျင်ဘက်ဖြစ်နေသည်။

အချို့သိပ္ပံပညာရှင်များက ဘစ်ဘိုင်းသီအိုရီကို လက်ခံနိုင်မည့်အခြားသီအိုရီတစ်ခုခုကိုရှာဖွေကြပြန်သည်။

၁၉၄၈–ခုနှစ်တွင် ဂျော့ဂါမော့က တဖန် ဘစ်ဘိုင်းသီအိုရီနှင့်ပတ်သက်၍အတွေးတစ်မျိုး ဖေါ်ထုတ်လာပြန်သည်။ စကြာဝဠာသည် ဘစ်ဘိုင်းပေါက်ကွဲမှုကြီးဖြင့် စတင်ခဲ့ပြီးနောက် စကြာဝဠာတွင် ထိုပေါက်ကွဲမှုမှ ပိုလျှံသောရောင်ခြည်ထုတ်လွှင့်ဖြာထွက်မှု ရှိနေဦးမည်။ ထိုဖြာထွက်မှုများသည်လည်း စကြာဝဠာအတွင်း မျှတစွာပြန့်ကျဲနေမည်ဖြစ်၏။

ဤသက်သေမှာလည်း "အမှန်တကယ်ရှိရမည့်သာဓကတစ်ခုဖြစ်သဖြင့်" နောင်တစ်ချိန်ချိန်တွင် တွေ့ရှိဦးမည်သာဖြစ်သည် ဟူ၏။

## နောက်ထပ်သက်သေသာဓကများ – အာကာသနောက်ခံရောင်ခြည်ဖြာထွက်မှု
## **More Evidence: Cosmic Background Radiation**

၁၉၆၅–ခုနှစ်တွင် အာနိုပင်ဇီယပ်စ် နှင့် ရောဘတ်ဝီလဆန် တို့နှစ်ဦးသည်၊ ထိုလှိုင်းများကိုကံအားလျော်စွာတွေ့ရှိကြလေသည်။ ထို “အာကာသနောက်ခံရောင်ခြည်ဖြာထွက်မှု (cosmic background radiation)ဟု တွင်ခေါ်သောရောင်ခြည်ဖြာထွက်မှုသည်၊ နေရာတစ်နေရာ အမှတ်တစ်မှတ်မှစတင်၍ ဖြာထွက်နေခြင်းမျိုးမဟုတ်ပဲ၊ အာကာသတစ်ခုလုံးကိုလွှမ်းခြုံလျက်ရှိနေပေသည်။ ထို့ကြောင့် အာကာသတစ်ဝှမ်းလုံးတွင် မျှတစွာဖြာထွက်လွှမ်းခြုံလျက်ရှိသော ထိုအပူလှိုင်းများသည်၊ ဘစ်ဘိုင်းပေါက်ကွဲမှုကြီးကြောင့် အစကနဦးပိုင်းမှပင်စတင်၍ ကျွင်းကျန်နေသောအပူလှိုင်းများဖြစ်ပေသည်။ ပင်ဇီယပ်စ်နှင့် ဝီလဆန်တို့ကို သူတို့နှစ်ဦး၏တွေ့ရှိချက်အတွက် နိုဘယ်ဆုချီးမြှင့်လိုက်လေသည်။

၁၉၈၉–ခုနှစ်တွင် နာဆာ(NASA)မှ ထိုအာကာသနောက်ခံရောင်ခြည်ဖြာထွက်မှုကိုလေ့လာရန် အာကာသနောက်ခံစူးစမ်းမှု(Cosmic Background Explorer - COBE)ကိုဘောဂြိုလ်တုကို လွှတ်တင်ခဲ့လေသည်။ အာကာသသို့ရောက်ရောက်ချင်း ထိုဂြိုလ်တုတွင်တပ်ဆင်ထားသောစကင်နာက အချိန်ရှစ်မိနစ်အတွင်း ပင်ဇီယပ်စ်နှင့်ဝီလဆန် တို့၏တိုင်းတာချက်များကိုအတည်ပြုလိုက်လေသည်။ ကိုဘောဂြိုလ်တုက စကြာဝဠာစတင်စဉ်က ပေါက်ကွဲမှုကြီး၏အကြွင်းအကျန်ကိုတွေ့ရှိလေပြီ။

နက္ခတ္တဗေဒလောက၏ အကြီးကျယ်ဆုံးသောတွေ့ရှိချက်ဟုသတ်မှတ်ခြင်းခံရသော ထိုတွေ့ရှိချက်ကပင်၊ ဘစ်ဘိုင်းသီအိုရီကို ရှင်းရှင်းလင်းလင်းသက်သေထူလိုက်ခြင်းဖြစ်၏။ ကိုဘောဂြိုလ်တု၏နောက်ပိုင်း နောက်ထပ်တဖန်ပစ်လွှတ်ခဲ့သော ကိုဘော–၂ ဂြိုလ်တုကလည်း၊ ဘစ်ဘိုင်းသီအိုရီအရတွက်ချက်မှုများကို ထပ်မံအတည်ပြုလိုက်လေသည်။

ဘစ်ဘိုင်းသီအိုရီကသက်သေထူသော နောက်ထပ်သာဓကတစ်ခုမှာ၊ အာကာသတွင်းရှိသော ဟိုက်ဒြိုဂျင်ဓါတ်ငွေ့နှင့် ဟီလီယမ်ဓါတ်ငွေ့တို့၏ ပမာဏပင်ဖြစ်၏။ သိပ္ပံပညာရှင်တို့နောက်ဆုံးစူးစမ်းတွေ့ရှိသောအာကာသတွင်ကျန်ရှိနေသေးသည့် ဟိုက်ဒြိုဂျင်နှင့်ဟီလီယမ်ဓါတ်ငွေ့များ၏ပမာဏသည်လည်း၊ ဘစ်ဘိုင်းသီအိုရီအရ တွက်ချက်ထားသောပမာဏနှင့်တူညီနေကြောင်းကိုတွေ့ရှိရပေသည်။ အကယ်၍ စကြာဝဠာသည်၊ အစမရှိပဲ ထာဝရတည်ရှိနေသည်ဖြစ်သော်၊ ၎င်းတွင်ရှိနေခဲ့သောဟိုက်ဒြိုဂျင်ဓါတ်ငွေ့အားလုံးသည်လည်း ဟီလီယမ်ဓါတ်ငွေ့အဖြစ်သို့ပြောင်းလဲကုန်ဆုံးသွားတော့မည်သာဖြစ်၏။

ဤကဲ့သို့သောထင်ရှားသည့်သက်သေသာဓကများကပင်၊ သိပ္ပံပညာရှင်လောကတစ်ခုလုံးတွင်၊ ဘစ်ဘိုင်းသီအိုရီကို လက်မခံပဲ လွဲရှောင်နေ၍မရအောင်ဖြစ်စေတော့သည်။ ဘစ်ဘိုင်းသီအိုရီသည် စကြာဝဠာဖြစ်ပေါ်လာခြင်းနှင့်ပါတ်သက်၍ သိပ္ပံပညာလောက၏ နောက်ဆုံးတွေ့ရှိချက် ဖြစ်ပေသည်။

ဒင်းနစ်စီယာမာ၏အဆိုအရ၊ သူနှင့်အတူ ‘တစ်သမတ်တည်းသောသီအိုရီ’ကို လက်ခံယုံကြည်သောဖရက်ဟွဲလ်တို့ နှစ်ပေါင်းအတော်ကြာကြာကာကွယ်ခဲ့ကြကြောင်းကို ကျွန်ုပ်တို့သိရှိရပါသည်။ သူတို့နှစ်ဦးအနေဖြင့် ‘တစ်သမတ်တည်းသောသီအိုရီ’ကို ကာကွယ်ရင်း ဘစ်ဘိုင်းသီအိုရီကို ချေဖျက်နိုင်ရန်အတွက် ဘစ်ဘိုင်းသီအိုရီကို သက်သေအထောက်အထားနှင့်အတည်ပြုသူတို့နှင့်အပြိုင်အဆိုင်ငြင်းခုံခဲ့ပုံကို ဖော်ပြထားလေသည်။ သူ့အနေဖြင့် ‘တစ်သမတ်တည်းသောသီအိုရီ’ကို ကြိုးစားကာကွယ်ခဲ့ခြင်းသည်၊ ယင်းသီအိုရီကို မှန်ကန်သည်ဟု ယုံကြည်သဖြင့် ကာကွယ်ခဲ့ခြင်းမဟုတ်ဘဲ၊ မှန်ကန်စေလိုခြင်းကြောင့်သာ ကာကွယ်ပြောဆိုခဲ့ခြင်းဖြစ်သည် ဟူ၏။ ဖရက်ဟွဲလ်ကလည်း ‘တစ်သမတ်တည်းသောသီအိုရီ’ကို ပျက်ပြယ်စေမည့်သက်သေအထောက်အထားကို အတင်းငြင်းပယ်ခဲ့လေသည်။ ဒင်းနစ်စီယာမာကမူ၊ ဘစ်ဘိုင်းသီအိုရီကိုထောက်ခံသော သက်သေအထောက်အထားများ တစ်ခုပြီးတစ်ခုထပ်ခါထပ်ခါ ပေါ်လာသည်နှင့်အမျှ ပွဲပြီးသွားပြီဖြစ်ကြောင်းနှင့် ‘တစ်သမတ်တည်းသောသီအိုရီ’ကို နောက်ဆုံးတွင် သိပ္ပံပညာလောကမှ ဖယ်ရှားပစ်ရန်လိုတော့ကြောင်း လက်ခံပြောဆိုခဲ့လေသည်။[၃]

ကာလီဖိုးနီးယားတက္ကသိုလ်မှ ပါမောက္ခဂျော့အေဘဲလ်ကလည်း လက်ရှိသာဓကများက စကြာဝဠာသည် လွန်ခဲ့သည့်နှစ်ပေါင်းသန်းပေါင်းထောင်ပေါင်းများစွာက ဘစ်ဘိုင်းပေါက်ကွဲမှုကြီးဖြင့် စတင်



ခဲ့သည် ဟုဖော်ပြထားလေသည်။ ဘစ်ဘိုင်းသီအိုရီကို မည်သို့မျှ ငြင်းပါယ်၍မရတော့သောကြောင့် လက်ခံရပါသည်ဟု ဆိုလေသည်။

ဘစ်ဘိုင်းသီအိုရီ အောင်မြင်မှုရရှိသည်နှင့်အမျှ ရုပ်ဝါဒီတို့၏အတွေးအခေါ်အုတ်မြစ်ဖြစ်သော 'ရုပ်ဝတ္ထုသည်ထာဝရဖြစ်သည်' ဟူသောအတွေးအခေါ်သည်လည်း၊ သမိုင်း၏အမှိုက်ပုံးထဲသို့ရောက်သွားလေတော့သည်။ ထိုဘစ်ဘိုင်းပေါက်ကွဲမှုကြီးမဖြစ်ပေါ်မီ၊ ဗလာနတ္ထိမည်သည့်အရာဒြပ်ဝတ္ထုမျှ လုံးဝမရှိသေးစဉ်က မည်သည့်အင်အားကြီးက ထိုပေါက်ကွဲမှုကြီးကိုဖြစ်ပေါ်စေပါသနည်း? အာသာ အက်ဒင်တန်၏စကားအတိုင်းပြောမည်ဆိုပါက၊ ဤမေးခွန်းသည် ရုပ်ဝါဒီများအတွက် 'မနှစ်မြို့ဖွယ်သောအတွေးအခေါ်' ဖြစ်ပေသည်။ ၎င်းမှာ ဖန်ဆင်းရှင်ရှိသည်ဟူသောအတွေးအခေါ်ပင်ဖြစ်၏။ ဤကိစ္စနှင့်ပါတ်သက်၍၊ ဘုရားမဲ့ဝါဒအတွေးအခေါ်ရှင် အန်တိုနီဖလူးက ဤသို့ဆိုထားပေသည်။

> ဝန်ခံခြင်းသည် နာမည်ဆိုးသော်လည်း စိတ်သက်သာစေပါသည်။ စိန့်သောမတ်က တင်ပြခဲ့သည့် အတွေးအခေါ်ပိုင်းအရ သက်သေထူ၍မရခဲ့သော 'စကြာဝဠာသည် အစရှိသည်' ဟူသောအတွေးအခေါ်ကို လက်ရှိသိပ္ပံပညာရှင်များက သိပ္ပံနည်းကျကျသက်သေထူလိုက်ကြပြီဖြစ်သောကြောင့်၊ ဖန်ဆင်းရှင်ဘုရားမရှိဟု ယုံကြည်နေကြသူတို့အတွက် လက်ရှိစကြာဝဠာဗေဒအဆိုကို ကသိကအောင့်ဖြင့် လက်ခံကြရမည်သာဖြစ်ပါသည်။ စကြာဝဠာသည် အစမရှိပဲ အဆုံးလည်းမရှိ ဟူသောအတွေးအခေါ်သည် လွယ်လွယ်ကူကူ လက်ခံနိုင်သော အတွေးအခေါ်ဖြစ်သလို၊ ကျွန်ုပ်အနေဖြင့်မှန်ကန်သည်ဟု ယုံကြည်ဆဲ ဖြစ်ပါသည်။ သို့သော်လည်း ဘစ်ဘိုင်းသီအိုရီ နှင့်ရင်ဆိုင်နိုင်သည့်အခြေအနေကား မရှိပါ။[၆]

အကျိုးမဲ့အကြောင်းမဲ့ အရမ်းကာရော မိမိကိုယ်ကိုဘုရားမရှိဟုသတ်မှတ်ကြသူများမဟုတ်သည့် သိပ္ပံပညာရှင်အမြောက်အမြားကလည်း၊ စကြာဝဠာကိုဖန်ဆင်းရှင်က ဖန်ဆင်းခဲ့သည် ဟူသောအချက်ကို လက်ခံကြလေပြီ။ ထိုဖန်ဆင်းရှင်သည်ပင်၊ ဒြပ်ဝတ္ထုနှင့်အချိန်ကာလနှစ်မျိုးစလုံးကို ဖန်ဆင်းခဲ့သူ ဖြစ်ပေသည်။ သို့သော်လည်း ထိုအရာနှစ်မျိုးစလုံးမှလည်း လွတ်ကင်း၍ သီးခြားတည်ရှိတော်မူ၏။ နက္ခတ်တာရာဆိုင်ရာရူပဗေဒပညာရှင် ဟပ်ရော့က ဤသို့ဆိုထားပါသည်၊

> အကာသသီအိုရမ်အဆိုအရ၊ အချိန်ကာလစတင်ဖြစ်ပေါ်ခြင်းသည်၊ စကြာဝဠာစတင်ပေါ်ပေါက်ခြင်းနှင့် တပြိုင်တည်းဖြစ်ပါက၊ စကြာဝဠာကိုဖြစ်ပေါ်စေသောအကြောင်းရင်းနှင့် အချိန်တို့သည် စကြာဝဠာ၏ အချိန်အတိုင်းအတာနှင့်လုံးဝကင်းလွတ်၍ ၎င်းအချိန်အတိုင်းအတာ၏ အလျင်ကတည်းက တည်ရှိနေခဲ့ပြီးဖြစ်ရမည်။ ဤမှတ်ချက်သည် ဖန်ဆင်းရှင်သည် ဘာဖြစ်သည် သို့မဟုတ် ဘာမဖြစ်သည် စသည့် အချက်များကို နားလည်သဘောပေါက်စေရန် အလွန်အရေးကြီးသောအချက် ဖြစ်ပေသည်။ ဖန်ဆင်းရှင်ဘုရားသခင်သည် စကြာဝဠာမဟုတ်၊ စကြာဝဠာတွင်လည်း ပါဝင်နေခြင်း မရှိချေ။[၇]

ဒြပ်ဝတ္ထုပစ္စည်းနှင့်အချိန်ကာလကို ဖန်ဆင်းသောအရှင် ဘုရားသခင်က ဖန်ဆင်းခဲ့သည်။ ထိုဖန်ဆင်းရှင်သည် ယင်းဒြပ်ဝတ္ထုပစ္စည်းနှင့်အချိန်ကာလဟူသောသတ်မှတ်ချက်များမှလည်း ကင်းလွတ်လျက်ရှိပေသည်။ ထိုဖန်ဆင်းရှင်သည်၊ မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးကိုစိုးပိုင်တော်မူသော အလွှာဟ်အရှင်မြတ်ပင် ဖြစ်တော်မူ၏။

## အကာသအတွင်း အလွန်အနုစိတ်သောဟန်နိုင်ချိန်ဆမှုရှိခြင်း
## Delicate Balances in Space

ဘစ်ဘိုင်းသီအိုရီသည်၊ ရုပ်ဝါဒီများအား အန်တိုနီဖလူး ဝန်ခံသည့်အခြေအနေထက်ပို၍ဒုက္ခပေးခဲ့သည်။ ဘစ်ဘိုင်းသီအိုရီက၊ စကြာဝဠာကြီးကို ဗလာနတ္ထိအလျင်းမရှိသောအခြေအနေမှ ဖန်ဆင်းထားခဲ့ခြင်းကိုသာ သက်သေထူခဲ့ခြင်းမဟုတ်ပဲ၊ ၎င်းတွင် အလွန်အနုစိတ်စနစ်ကျလှသောစီမံမှု ရှိနေကြောင်းတွေ့ရှိရပြန်သည်။

ဘစ်ဘိုင်းပေါက်ကွဲမှုကြီးသည်၊ စကြာဝဠာတစ်ခုလုံး၏ဒြပ်ပစ္စည်းနှင့်စွမ်းအင်အားလုံးပါဝင်စုစည်းလျက်ရှိသော အမှတ်တစ်ခုတည်းမှစတင်၍ ပတ်ဝန်းကျင်အရပ်မျက်နှာအားလုံးသို့ဧယာမအလျင်(အမြန်နှုန်း)ဖြင့် ပြန့်ကျဲသွားခဲ့ခြင်းဖြစ်သည်။ ထိုဒြပ်ပစ္စည်းနှင့်စွမ်းအင်များအတွင်းမှ၊ အလွန်စနစ်တကျဟန်နိုင်မှုပါဝင်သည့် ဂါလက်ဇီကြယ်တာရာစုများ၊ ကြယ်တာရာများ၊ နေ၊ ကမ္ဘာမြေကြီးနှင့် အခြားအာကာသရှိပစ္စည်းအလုံးစုံတို့ ပေါ်ပေါက်လာခဲ့လေသည်။ စကြာဝဠာတစ်ခုလုံးတွင် တစ်သမတ်တည်းမတိမ်းမစောင်းမပြောင်းလဲသော 'ရူပဗေဒနိယာမ' ခေါ် သဘာဝဥပဒေသနိယာမများ ဖြစ်ပေါ်လာခဲ့လေသည်။ ဤသည်တို့ကား၊ ဘစ်ဘိုင်းပေါက်ကွဲမှုကြီး၏နောက်ပိုင်းတွင်၊ ချို့ယွင်းချက်မရှိ ပြည့်စုံတိကျသော ထိန်းကျောင်းမှုသည်လည်း ဖြစ်ပေါ်လာကြောင်း ပြသလျက်ရှိ၏။

ပေါက်ကွဲမှုဆိုသည်မှာ အစီအစဉ်တကျဖြစ်စေရိုးမရှိချေ။ ကျွန်ုပ်တို့တွေ့မြင်ကြသည့်ပေါက်ကွဲမှုမှန်သမျှသည်၊ ထိခိုက်နစ်နာစေခြင်း၊ ဖရိုဖရဲပြန့်ကြဲသွားစေခြင်း၊ ရှိနေသောအခြေအနေကို ပျက်စီးယိုယွင်းစေခြင်းတို့ကိုသာဖြစ်ပေါ်စေပါသည်။ ဥပမာ၊ အဏုမြူဗုံးနှင့်ဟိုက်ဒြိုဂျင်ဗုံးပေါက်ကွဲမှုများ၊ မီးတောင်ပေါက်ကွဲမှု၊ သဘာဝဓါတ်ငွေ့ပေါက်ကွဲမှု၊ သူရိယနေပေါက်ကွဲမှု၊ စသည်တို့ကိုကြည့်ပါက၊ ထိုပေါက်ကွဲမှုများအားလုံးတို့သည်၊ ပျက်စီးယိုယွင်းစေသောပေါက်ကွဲမှုများသာဖြစ်ကြ၏။

ပေါက်ကွဲမှုကြီးတစ်ခုခု၏နောက်ပိုင်းတွင်၊ ပြည့်စုံလှပသည့်အနုပညာလက်ရာများ၊ အလွန်ကြီးမားသောဟော်နန်းများ စသည်တို့ဖြစ်ပေါ်လာသည်ကိုတွေ့ပါက၊ ထိုပေါက်ကွဲမှုမှဖြစ်ပေါ်လာသော အပိုင်းအစများကို စနစ်တကျလှုပ်ရှားစေသည့် ပေါက်ကွဲမှု၏နောက်ကွယ်မှ သဘာဝလွန်အင်အားတစ်ခုခုရှိနေသည်ဟု ကျွန်ုပ်တို့ကောက်ချက်ချကြမည်သာဖြစ်၏။

ဘစ်ဘိုင်းသီအိုရီကို နှစ်ပေါင်းများစွာလက်မခံပဲ ဆန့်ကျင်ခဲ့သည့် ဆာဖရက်ဟွဲလ်၏ အမှားဝန်ခံချက်မပြုမီဖော်ပြချက်များက ဤအချက်ကိုပိုမိုထင်ရှားစေလေသည်။

> ဘစ်ဘိုင်းသီအိုရီအရ၊ စကြာဝဠာသည် တစ်ခုတည်းသောပေါက်ကွဲမှုဖြင့် ဖြစ်ပေါ်လာခဲ့သည်။ အောက်ဖော်ပြပါပေါက်ကွဲမှုများတွင်၊ ပေါက်ကွဲမှုသည်ဝတ္ထုပစ္စည်းများကို ပြန့်ကျဲစေခြင်းသာဖြစ်စေသော်လည်း၊ ဘစ်ဘိုင်းပေါက်ကွဲမှုတွင်မူကား ဝတ္ထုပစည်းများသည် အံ့ဖွယ်ကောင်းလောက်အောင် စုစည်းကြပြီး ဂလက်ဇီများအဖြစ်သို့ ပြောင်းလဲလာကြပေသည်။[၆]

ဖရက်ဟွဲလ်က ပေါက်ကွဲခြင်းနှင့် ဘစ်ဘိုင်းသီအိုရီအရ၊ စနစ်ကျသောအဖြစ်သို့ရောက်စေခြင်းသည် သဘာဝနှင့်ဆန့်ကျင်သည်ဟုဆိုလိုခြင်းဖြစ်သည်။ အမှန်မှာ ဘစ်ဘိုင်းပေါက်ကွဲမှုကို ရုပ်ဝါဒအရ အထိန်းအကျောင်းမရှိဗရမ်းဗဒါဖြစ်သောပေါက်ကွဲမှုအဖြစ် ယူဆထားခြင်းဖြစ်သည်။ ဖန်ဆင်းရှင်ရှိခြင်းကိုငြင်းပယ်လိုသည့်တစ်ခုတည်းသောအချက်ကြောင့် သူ၏စိတ်တွင်း၌ ဒွိဟသံသယ ဖြစ်နေခြင်းဖြစ်သည်။ အမှန်မှာ၊ စနစ်ကျသောပေါက်ကွဲမှုဖြစ်ပေါ်လာပါက၊ 'အထိန်းအကျောင်းမရှိသောပေါက်ကွဲမှု' ကို ဖယ်ရှားထားပြီး သာမန်ထက်လွန်ကဲသောထိန်းကျောင်းမှုရှိနေသည်ကို လက်ခံကြရမည်သာဖြစ်၏။

ထိုဘစ်ဘိုင်းပေါက်ကွဲမှုကြီး၏နောက်ပိုင်းတွင် လိုက်ပါလာသော သာမန်ထက်လွန်ကဲ၍ ထိန်းကျောင်းမှုရှိသည့်နောက်ထပ်အချင်းအရာတစ်ခုမှာ၊ ‘သက်ရှိအရာပစ္စည်းများနှင့် အသက်ရှင်နေနိုင်သည့်စကြာဝဠာ’ ဖြစ်ပေါ်လာခြင်းပင်ဖြစ်သည်။ အသက်ရှင်နေထိုင်နိုင်သည့်စကြာဝဠာဖြစ်ပေါ်လာစေမည့်လိုအပ်ချက်များသည်လည်း အလွန်များပြားသည့်အပြင် ခက်ခဲနက်နဲလှသောကြောင့် ထိုသို့သောစကြာဝဠာသည် မတော်တဆဖြစ်ပေါ်လာသည်ဟု တွေးခေါ်ရန် လုံးဝမဖြစ်နိုင်ချေ။

အလွန်ကျော်ကြားသောရူပဗေဒပညာရှင် ပါမောက္ခပေါလ်ဒေဗီ(စ်)က ဘစ်ဘိုင်းပေါက်ကွဲမှုကြီး၏နောက်ပိုင်းတွင် လိုက်ပါလာသော တစ်စတစ်စကျယ်ပြန့်မှုသည် မည်မျှအထိအနုစိတ်ချိန်ဆမှု ရှိနေသည်ကို တွက်ချက်ထားပေသည်။ ပါမောက္ခဒေဗီ(စ်)၏အဆိုအရ အကယ်၍ဘစ်ဘိုင်း၏နောက်ပိုင်းမှကျယ်ပြန့်မှုသည် လက်ရှိနှုန်းထား၏ တစ်ကုဋေ၏တစ်ကုဋေအဆပိုင်းတစ်ပိုင်းမျှ ကွဲလွဲခဲ့ပါက ယခုကဲ့သို့သောသက်ရှိအရာများနေထိုင်အသက်ရှင်နေနိုင်မည့်ကမ္ဘာ၊ ကြယ်တာရာများဖြစ်ပေါ်လာနိုင်မည်မဟုတ်ချေ။

> သေသေချာချာတိုင်းတာတွက်ချက်ကြည့်သောအခါ ကျယ်ပြန့်နှုန်းသည်အတိမ်းအစောင်း မခံနိုင်သောအခြေအနေတွင်ရှိနေကြောင်း တွေ့ရှိရပေသည်။ ယခုလက်ရှိနှုန်းထားထက် အနည်းငယ်နှေးကွေးခဲ့ပါက၊ စကြာဝဠာသည်ပြိုပျက်သွားပေလိမ့်မည်။ အကယ်၍ ဤနှုန်းထားသည် အနည်းငယ်မြန်ခဲ့ပါက စကြာဝဠာသည်လည်း အာကာသထဲသို့ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် လွင့်စင်ကုန်ခဲ့မည်ဖြစ်၏။ ထိုကဲ့သို့သောပျက်စီးယိုယွင်းသွားနိုင်သည့်အခြေအနေအကန့်အသတ်အတွင်း အလွန်တိကျစွာချိန်ဆထားခြင်းသည် မည်သို့ဖြစ်နိုင်ပါသနည်းဟု မေးခွန်းထုတ်စရာဖြစ်နေပါသည်။ ပေါက်ကွဲမှုအင်အားသည်လည်း သူ၏အစိတ်အပိုင်းများအကြားရှိ ဆွဲငင်အားနှင့် မယုံကြည်နိုင်လောက်အောင်ကိုက်ညီလျက်ရှိနေပေသည်။ ထို့ကြောင့် ဘစ်ဘိုင်းပေါက်ကွဲမှုသည် ဗရမ်းဗတါသောပေါက်ကွဲမှုမဟုတ်ဘဲ အလွန်တိကျစွာတွက်ချက်ထိန်းချုပ်ထားသော အတိုင်းအတာအတွင်းရှိကြောင်း ထင်ရှားလှပေသည်။[၇]

ဘစ်ဘိုင်းနှင့်အတူပေါ်ပေါက်လာခဲ့သော ရူပဗေဒနိယာမများသည်လည်း နှစ်သန်းပေါင်း ၁၅၀၀၀ သောကာလအတွင်း ပြောင်းလဲမှုမရှိသေးချေ။ အကယ်၍ လက်ရှိအတိုင်းအတာတွင်၊ တစ်မီလီမီတာမျှ ကွဲလွဲပြောင်းလဲမှုရှိပါက စကြာဝဠာကြီးသည်လည်း ပျက်စီးယိုယွင်းသွားနိုင်သောအခြေအနေတွင်တည်ရှိနေပေသည်။

ပါမောက္ခစတီဖင်ဟော့ကင်ရေးသော အချိန်ကာလ၏သမိုင်းအကျဉ်း *(A Brief History of Time)* ဟူသောစာအုပ်တွင်၊ စကြာဝဠာသည် ကျွန်ုပ်တို့တွေးတောနိုင်စွမ်းပင်မရှိနိုင်လောက်သော အနုစိတ်လွန်းသည့် ချိန်ဆညှိထားသောအခြေအနေတွင်တည်ရှိပေသည်ဟု ဖော်ပြထားသည်။

> စကြာဝဠာသည် အဘယ့်ကြောင့်အလွန်စိုးရိမ်ဖွယ်ကောင်းလောက်အောင် ကျဉ်းမြောင်းသောချိန်ဆမှုအတိုင်းအတာဖြင့် စတင်ကျယ်ပြန့်လာခဲ့ပြီး၊ ယခုနှစ်သန်းပေါင်းတစ်သောင်းကျော်ပြီးနောက်တွင်လည်း အဘယ့်ကြောင့်ထိုအတိုင်းအတာအတွင်း၌ပင် ဆက်လက်ကျယ်ပြန့်လျက်ရှိနေပါသနည်း? အကယ်၍ ဘစ်ဘိုင်းပေါက်ကွဲမှုဖြစ်ပေါ်ပြီးနောက် တစ်စက္ကန့်အချိန်အတွင်း၌ ကျယ်ပြန့်မှုနှုန်းသည် တစ်စက္ကန့်၏သန်းပေါင်းသန်းပေါင်းတစ်ရာပိုင်း၏တစ်ပိုင်းမျှ နှေးကွေးခဲ့ပါက ယနေ့လက်ရှိအရွယ်အစားမရောက်မီပြိုပျက်ခဲ့ပြီး ဖြစ်ပေလိမ့်မည်။[၈]’ ဟုဖော်ပြထားလေသည်။

ဤကဲ့သို့သော တိကျအနုစိတ်လှသော ချိန်ဆညှိထားသည့်အတိုင်းအတာအတွင်း၌ တည်ရှိနေခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် အကြောင်းရပ်များသည်လည်း မလွဲမရှောင်သာသော အကြောင်းရပ်များဖြစ်ကြောင်းကို ဆက်လက်ရှင်းပြထားပေသည်။

> စကြာဝဠာ၏လက်ရှိတည်ဆောက်ပုံ၏ အလွန်သေးနုတ်သော ပြောင်းလဲမှုကိုပင် ခံနိုင်စွမ်းမရှိလောက်အောင် ထိခိုက်ပျက်စီးလွယ်သည့်အခြေအနေကို အထူးအလေးပေး၍ မစဉ်းစားမဆင်ခြင်ပဲမနေနိုင်ပါ။ အလွန်အံ့ဩဖွယ်ကောင်းလောက်အောင် တိကျလှသောကိန်းသေဂဏန်းများသည်လည်း၊ ဤစကြာဝဠာအာကာသကို ပုံစံသွင်းထားခြင်း၌ အလွန်ထင်ရှားသော သက်သေသာဓကေလက္ခဏာတစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်၏။[၉]

ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်နက္ခတ္တဗေဒပညာရှင် ဂျော့ဂရင်းစတိန်း ကလည်း ‘သဟဇီဝန ရှိသောစကြာဝဠာ’ (Symbiotic Universe) ဟူသောစာအုပ်တွင်အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

"သက်သေသာဓကများအားလုံးကို ဆန်းစစ်ကြည့်ပြီးနောက် သဘာဝထက်လွန်ကဲသော သြဇာတန်ခိုး အရှိန်အဝါ တစ်ခုခုပါဝင်ပတ်သက်လျက်ရှိသည်ကို မတွေးပဲမနေနိုင်အောင် ထပ်ခါတလဲလဲလှုံ့ဆော် လျက်ရှိနေပေသည်။"[၁၀]

## ဒြပ်ပစ္စည်းကိုဖန်ဆင်းခြင်း
## The Creation of Matter

ဒြပ်ပစ္စည်းများကိုတည်ဆောက်ထားသည့် အတမ်အဏုမြူသည် ဘစ်ဘိုင်းနှင့်အတူပေါ်ပေါက်လာခဲ့၏။ ထိုအတမ်များ တစ်ခုနှင့်တစ်ခု စုဝေးပူးပေါင်းလာကြပြီး ကြယ်တာရာများ ကမ္ဘာမြေကြီးနှင့် သူရိယနေတို့ ပါဝင်သည့် စကြာဝဠာကြီးဖြစ်ပေါ်လာလေသည်။ ထို့နောက် ထိုအတမ်များကပင် ကမ္ဘာမြေကြီးပေါ်တွင် သက်ရှိပစ္စည်းများဖြစ်ပေါ်လာစေသည်။ သင်၏ပတ်ဝန်းကျင်ရှိ သင်နှင့် အသင်ထိုင်နေသောထိုင်ခုံ၊ သင်၏လက်တွင်ကိုင်၍ဖတ်နေသောစာအုပ်၊ ပြတင်းပေါက်မှတဆင့် မြင်နေရသောကောင်းကင်၊ မြေဆီလွှာ၊ ဘိလပ်မြေခင်းထားသောကောင်ကရစ်ကြမ်းပြင်၊ အသီးအပင်များ၊ စသဖြင့် အသင်တွေးနိုင်သည့်အရာဝတ္ထုမှန်သမျှအားလုံးသည် အတမ်အဏုမြူများ စုဝေးထားသော အရာများသာဖြစ်ကြကုန်၏။

အရာခပ်သိမ်းတို့ကို တည်ဆောက်ထားသည့် အတမ်အဏုမြူဆိုသည်မှာ မည်သို့သောအရာဖြစ်ပါသနည်း? ၎င်း၏တည်ဆောက်ပုံသည် မည်သို့ရှိပါသနည်း?

အတမ်တို့ကိုဆန်းစစ်ကြည့်ပါက၊ အတမ်များအားလုံးတို့သည်၊ ထူးခြားသောပုံစံနှင့်စနစ်များရှိကြောင်းကို တွေ့ရှိရပေသည်။ အတမ်အားလုံးသည်၊ အလယ်ဗဟိုတွင် ပရိုတွန်နှင့် နြူထရွန်ပါဝင်သော နျူးကလိယပ်အစုရှိကြ၏။ ထိုနျူးကလိယပ်ကို တစ်စက္ကန့်လျှင် ကီလိုမီတာ ၁၀၀၀ အလျင်နှုန်းဖြင့်လှည့်ပတ်နေသော အီလက်ထရွန်လည်း ရှိ၏။[၁၁] အတမ်တစ်ခုတွင်းရှိပရိုတွန်နှင့် အီလက်ထရွန်တို့၏အရေအတွက်သည် တူညီကြသည်။ လျှပ်စစ်ဓါတ်ဖိုဖြစ်သော ပရိုတွန်နှင့် လျှပ်စစ်ဓါတ်မ ဖြစ်သောအီလက်ထရွန်တို့သည်၊ လျှပ်စစ်ဓါတ်အားအရ သမညီမျှကြရသောကြောင့်ဖြစ်၏။ ပရိုတွန်နှင့်အီလက်ထရွန်တစ်ခုခု၏အရေအတွက်လျော့နည်းနေပါက ထိုလျှပ်စစ်သံလိုက်ဓါတ်အားအရ သမညီမျှနေသောအခြေအနေ ပျက်ပြားသွားသောကြောင့် အတမ်သည်အတမ်အဖြစ်တည်ရှိနေနိုင်စွမ်းမရှိပဲ ပျက်ပြားသွားလိမ့်မည်။ ပရိုတွန်နှင့်နြူထရွန်ပါဝင်သော အတမ်၏ နျူးကလိယပ်နှင့် ၎င်းကိုပတ်၍လည်နေသောအီလက်ထရွန်တို့သည်၊ အစဉ်မပြတ်ရွေ့လျားလျက်ရှိနေသည်။ တိကျသော အမြန်နှုန်းများဖြင့် ၎င်းတို့အတွင်းနှင့်အတူ၊ အချင်းချင်းကိုလည်း ပတ်၍လည်နေကြပေသည်။ ထိုအမြန်နှုန်းများသည်၊ အတမ်၏ တည်မြဲနေမှုအခြေအနေကို အကျိုးပြုစေခြင်းငှာ အချင်းချင်းအချိုးကျကျ အညမညဖြစ်နေကြ၏။ မည်သည့်အခါမျှ ကစင့်ကလျားဖြစ်သွားခြင်း၊ ကွာခြားခြင်း၊ သို့မဟုတ် ပြောင်းလဲခြင်းမဖြစ်ပေါ်ချေ။

ထိုကဲ့သို့သောအလွန်တိကျအသေးစိတ်သည့်ထိန်းကွပ်မှုပါဝင်သည့်ဖြစ်ရပ်များသည် အလွန်ကြီးကျယ်သော ပေါက်ကွဲမှုမှဖြစ်ပေါ်လာခြင်းသည်ကား အံ့မခန်းသော အချင်းအရာပင်ဖြစ်လေသည်။ အကယ်၍ ဘစ်ဘိုင်းပေါက်ကွဲမှုကြီးသည် ထိန်းချုပ်မှုမရှိဘဲ မတော်တဆဖြစ်ရပ်သာဖြစ်ခဲ့ပါက အခြားသောသာမန်ပေါက်ကွဲမှုများကဲ့သို့ ဗရန်းဗဒါကစင့်ကလျားလွင့်စင်ကုန်ကြမည်သာဖြစ်၏။

အမှန်မှာ၊ အရာဝတ္ထုဒြပ်ပစ္စည်းများ စတင်ဖြစ်ပေါ်လာကတည်းကစ၍ ချို့ယွင်းချက်ကင်းမဲ့သော စနစ်သည်လည်း ပါဝင်ဖြစ်ပေါ်လာခဲ့ပေသည်။ ဥပမာ၊ အတမ်များသည် မတူသောအချိန်နှင့်နေရာများတွင်ဖြစ်ပေါ်လာကြသော်လည်း၊ တစ်ခုနှင့်တစ်ခုသည် ထိုအတမ်များကိုအသေးစိတ်သိရှိထားသူ တစ်ဦးဦးက စက်ရုံတစ်ရုံတည်းမှထုတ်လုပ်သကဲ့သို့ တထေယော်တည်းတူညီမှု ရှိနေသည်ကိုတွေ့ရှိရပေသည်။ အီလက်ထရွန်တို့သည် နျူးကလိယပ်ကိုရှာပြီး စတင်လည်ပတ်လေသည်။ ၎င်းနောက် အတမ်တို့သည်လည်း အချင်းချင်းပူးပေါင်းကြပြီး ဒြပ်ပစ္စည်းများဖြစ်ပေါ်လာကြသည်။ ထိုသို့သော ပေါင်းစပ်မှုများတွင်လည်း အဓိပ္ပါယ်ကင်းမဲ့သောပေါင်းစပ်မှုမဟုတ်ပဲ ရည်ရွယ်ချက် ကျိုးကြောင်းဆီလျော်မှုအပြည့်ရှိသည့် ပူးပေါင်းမှုတွေချည်းဖြစ်ကြပေသည်။ အလွန်သေးငယ်သောအရာဝတ္ထုပစ္စည်းမှစ၍ ယောမကြီးမားသောအရာများ ဖြစ်ပေါ်စေသည့်ပေါင်းစပ်မှုများအားလုံးသည်လည်း

စနစ်တကျဖြစ်သောပေါင်းစပ်မှုများသာဖြစ်ကြပြီး မရေမတွက်နိုင်လောက်အောင် များပြားသော အသုံးဝင်ပုံများ ရည်ရွယ်ချက်အကြောင်းကိစ္စများနှင့် ပြည့်နက်လျက်ရှိကြပေသည်။

ဤမျှခိုင်လုံသောသက်သေသာဓကများသည် ဖန်ဆင်းရှင်ရှိကြောင်းကို သက်သေထူလျက်ရှိနေသည် သာမက၊ အရာခပ်သိမ်းတို့သည် ထိုအရှင်မြတ်က မည်သို့အလိုရှိတော်မူလျှင်ဖြစ်စေ၊ မည်သည့်အချိန်တွင်အလိုရှိတော်မူလျှင်ဖြစ်စေ၊ ဖြစ်လာကြကြောင်းကို သက်သေထူလျက်ရှိ၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ဖန်ဆင်းခြင်းနှင့်ပတ်သက်၍ ဤသို့မိန့်တော်မူ၏။

> ၎င်းပြင် ထိုအရှင်မြတ်သည် မိုးများကိုလည်းကောင်း၊ ပထဝီမြေကြီးကိုလည်းကောင်း၊ မှန်ကန် တိကျစွာဖြင့်ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်က 'ဖြစ်စေ' ဟူ၍ မိန့်ကြားတော်မူသော အခါတွင် ဖြစ်သွားလတ္တံ့။ (စူရာ အန်အာမ် ၆း၇၃)

## ဘစ်ဘိုင်း၏နောက်ပိုင်း

## After the Big Bang

စကြာဝဠာစတင်ပေါက်ဖွားလာခြင်းနှင့်ပတ်သက်၍ အကျယ်တဝင့်လေ့လာသုတေသနပြုခဲ့သော ရူပဗေဒပညာရှင် ရော်ဂျာပင်ရိုး(စ်)က ဤစကြာဝဠာကြီး လက်ရှိနေရာ၌ တည်ရှိနေခြင်းသည်၊ မတော်တဆအဖြစ်တခုမဟုတ်ဘဲ ရည်ရွယ်ချက်အကြောင်းကိစ္စများအပြည့်အဝရှိသည်ဟု ဆိုသည်။ အချို့လူများက စကြာဝဠာသည် သူရှိနေသည့်နေရာတွင် အလိုလိုရှိလာခဲ့သလို ဆက်လက်၍ ဤအတိုင်း ရှိနေဦးမည်ဟု မှတ်ယူကြသည်။ ကျွန်ုပ်တို့သည်လည်း ထိုစကြာဝဠာကြီးတစ်ခုလုံး၏ အလယ်တွင် အမှတ်မထင်ရောက်နေကြသည်ဟု ထင်ကြ၏။ ဤကဲ့သို့သောအမြင်ဖြင့်၊ စကြာဝဠာ၏အကြောင်းစုံကို သိရှိစေလိမ့်မည်မဟုတ်ချေ။ ပင်ရိုး(စ်)၏အဆိုအရ၊ စကြာဝဠာတွင် ကျွန်ုပ်တို့သဘောမပေါက်နိုင်သော နက်နဲသည့်အခြားအကြောင်းရပ်အမြောက်အမြားဖြစ်ပေါ်လျက် ရှိပေသည်။ စကြာဝဠာကြီးပေါ်ပေါက်တည်ရှိနေခြင်း၏အကြောင်းရင်းကိုလည်း ကျွန်ုပ်တို့သဘော မပေါက်နိုင်ကြသေးပါ။[၁၂]

ရော်ဂျာပင်ရိုး(စ်)၏ အတွေးအခေါ်သည် အဓိပ္ပါယ်အပြည့်ရှိနေသည်။ သူ၏အဆိုသည်၊ လူအများအနေဖြင့် အစစအရာရာအဆင်ပြေပြေဖြင့် တည်ရှိနေသောဤစကြာဝဠာကြီးသည် အဓိပ္ပါယ်မရှိ တည်ရှိနေပြီး သူတို့၏တသက်သာအသက်ရှင်နေခြင်းသည်လည်း တန်ဖိုးမရှိ အလဟဿ အချည်းနှီးအသက်ရှင်ခြင်းသာဖြစ်သည်ဟု မှားမှားယွင်းယွင်းယူဆထားကြသည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။


သို့သော်လည်း၊ ဘစ်ဘိုင်းပေါက်ကွဲမှုကြီး၏နောက်ပိုင်းတွင် အံ့ဘွယ်မခန်းချို့ယွင်းချက်ကင်းမဲ့သော အစီအစဉ်ပေါ်ပေါက်လာခြင်းကိုကား သာမန်ဖြစ်ရပ်တစ်ခုအဖြစ် ယူဆထားရန်မဖြစ်နိုင်တော့ချေ။ ဘစ်ဘိုင်းပေါက်ကွဲမှုကိုလည်း စကြာဝဠာပေါ်ပေါက်လာခဲ့သောဖြစ်ရပ်ဟု တကမ္ဘာလုံးရှိ သိပ္ပံပညာရှင်လောက၌ လက်ခံထားကြပြီးဖြစ်ပေသည်။

တိုတိုနှင့်လိုရင်းကိုပြောရမည်ဆိုလျှင်၊ စကြာဝဠာ၏ ကြီးကျယ်ခန်းနားသောစနစ်ကြီးကို ဆန်းစစ်လေ့လာခြင်းဖြင့်၊ အလွန်ကျဉ်းမြောင်းသော ဟန်နိုင်ခြင်းအတွင်း တည်ရှိနေသည့်အပြင်၊ မတော်တဆအဖြစ်တစ်ခုသာဖြစ်သည်ဟု လွယ်လွယ်ကူကူရှင်းပြရန်မဖြစ်နိုင်သည့် ခက်ခဲနက်နဲလွန်းသော အစီအစဉ်များ ပါဝင်လျက်ရှိသည်ကို တွေ့ရှိရပေသည်။ ထိုသက်သေသာဓကများကပင်၊ ဤစကြာဝဠာကြီးသည်၊ ပေါက်ကွဲမှုကြီး၏နောက်ပိုင်း ထိုမျှအဏုစိတ်သည့်အစီအစဉ်ဖြင့်ထိန်းထားသော အခြေအနေဖြစ်ပေါ်လာခြင်းသည် သူ့အလိုလိုမတော်တဆ ဖြစ်လာခြင်းမဟုတ်ကြောင်း ထင်ရှားလျက်ရှိ၏။ ထို့ကြောင့် ဘစ်ဘိုင်းပေါက်ကွဲမှုကဲ့သို့ အစီအစဉ်တကျဖြစ်သောပေါက်ကွဲမှုသည် သဘာဝလွန် ဖန်ဆင်းခြင်းသာဖြစ်နိုင်ပေသည်။

အတုမရှိပြိုင်ဘက်ကင်းသော စီမံခြင်းနှင့်အစီအစဉ်များပါဝင်နေသည့် စကြာဝဠာကြီးကိုဖန်ဆင်းသူ အရှင်မြတ်သည်လည်း၊ အဆုံးမရှိသောဉာဏ်ပညာ၊ အဆုံးမရှိသောတန်ခိုးအာဏာဘော်၊ အဆုံးမရှိသောအမြော်အမြင်များဖြင့် ပြည့်စုံတော်မူသောအရှင်သာလျှင် ဖြစ်ပေသည်။ ထိုအရှင်သည်၊ ဗလာ

နတ္ထိ အလျင်းမရှိရာမှ ဒြပ်ပစ္စည်းများကို ဖန်ဆင်းခဲ့ပြီး၊ အဆက်မပြတ်ဆက်တိုက် ထိန်းသိမ်းစီမံခန့်ခွဲလာခဲ့ပေသည်။ ထိုဖန်ဆင်းရှင်သည် ကောင်းကင်ဘုံကို စိုးပိုင်တော်မူသောအရှင်၊ ကမ္ဘာမြေကြီးကိုစိုးပိုင်တော်မူသောအရှင်၊ ထိုကောင်းကင်ဘုံနှင့် ကမ္ဘာမြေကြီးအကြား ရှိရှိသမျှအရာခပ်သိမ်းကိုလည်း စိုးပိုင်တော်မူသောအလ္လာဟ်အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ဤအချက်အလက်များအားလုံးအရ၊ ရုပ်ဝါဒီများက အခိုင်အမာပြောဆိုနေသော အတွေးအခေါ်သည် ၁၉–ရာစုတုန်းက တစ်ယူသန်အတွေးအခေါ်သာဖြစ်၍၊ ၂၀–ရာစုမှ သိပ္ပံပညာက ထိုတစ်ယူသန်ဝါဒအတွေးအခေါ်ကို ပယ်ဖျက်လိုက်ပြီဖြစ်၏။

စကြာဝဠာတဝှမ်းလုံးတွင် ပြည့်နက်လျက်ရှိသော ကြီးကျယ်ခန်းနားသည့် စီမံချက်များ၊ ပုံစံများနှင့် အစီအစဉ်များသည်လည်း၊ ဖန်ဆင်းရှင်ရှိကြောင်းကို သက်သေထူလျက်ရှိ၏။ ထိုဖန်ဆင်းရှင်သည်လည်း အလ္လာဟ်အရှင်မြတ်သာလျှင်ဖြစ်တော်မူ၏။



အဏုမြူ(အတမ်)တစ်ခုအတွင်း တည်ဆောက်မှုသည် စကြာဝဠာတစ်ခုလုံးကို အုပ်ထိန်းလျက်ရှိ၏။ အတမ်နှင့်ယင်းအတမ်အတွင်း အစီအစဉ်တကျပျံ့သန်းလှုပ်ရှားနေသော ဒြပ်မှုန်များကြောင့် တောင်များသည်လည်း ပြန့်ကျဲသွားခြင်းမရှိ၊ မြေကြီးသည်လည်း ကွဲအက်ကွာသွားကုန်ခြင်းမရှိ၊ မိုးကောင်းကင်သည်လည်း ပြန့်ကျဲအက်ကုန်ခြင်းမရှိဘဲ ဒြပ်ပစ္စည်းများသည် အချင်းချင်း ပူးကပ်ဆွဲငင်ထားကြလျက် တည်တံ့လျက်ရှိနေကြ၏။

သိပ္ပံပညာတည်းဟူသောမျက်နှာဖုံးကိုတပ်ဆင်၍၊ လူအများကို နှစ်ပေါင်းရာစုနှင့်ချီ၍ စိုးမိုးထားခဲ့သော ရုပ်ဝါဒသည်၊ စကြာဝဠာတစ်ခုလုံးတွင် အရာခပ်သိမ်းသည် ဒြပ်ပစ္စည်းများသာဖြစ်သည်ဟု ကြွေးကြော်ခဲ့ရင်း၊ ဗလာနတ္ထိအလျင်းမရှိသောအခြေအနေမှ ခပ်သိမ်းသောအရာများကို ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ် ရှိခြင်းကို ငြင်းပယ်ခဲ့လေသည်။ နောင်တစ်ချိန်တွင် ရုပ်ဝါဒကို လူ့သမိုင်း၌ သိပ္ပံပညာနှင့်ဆန့်ကျင်၍ ကျိုးကြောင်းမညီညွတ်သော ရှေးကျသည့်အယူသီးအတွေးအခေါ်တစ်ခုအဖြစ်သာလျှင် မှတ်သားထားကြပေမည်။

# မိုးကောင်းကင်နှင့်ကမ္ဘာမြေကြီးပေါ်ရှိ လက္ခဏာများ
# The Signs in the Heavens and on the Earth

အသင်သည်၊ ပလပ်စတစ်တုံးအရေအတွက်ပေါင်း သန်းနှင့်ချီ၍ ယူဆောင်စုဆောင်းလာပြီး မြို့ကြီးတစ်မြို့ပုံစံကို တည်ဆောက်သည်ဆိုပါစို့။ ထိုမြို့ကြီးတွင်၊ မိုးမျှော်တိုက်တာကြီးများ၊ ရှုပ်ထွေးပွေလီနေသည့်လမ်းမလမ်းသေးလမ်းသွယ်များ၊ မီးရထားလမ်းနှင့်မီးရထားဘူတာရုံများ၊ လေယာဉ်ကွင်းများ၊ ကုန်တိုက်ကြီးများ၊ မြေအောက်လမ်းများ၊ မြစ်ချောင်း မြောင်း ရေကန် သစ်တောနှင့်ပင်လယ်ကမ်းခြေများ၊ အစရှိသည်တို့နှင့် ပြည့်စုံအောင်တည်ဆောက်ထားမည်။ ထိုမြို့ကြီးတွင် လူအမြောက်အမြားကို နေအိမ်များတွင်နေထိုင်စေခြင်း၊ လမ်းများတွင်သွားလာလှုပ်ရှားခွင့်ပြုထားခြင်း၊ လုပ်ကိုင်စားသောက်နေထိုင်စေခြင်း၊ ရုံးပြင်ကနားများတွင်အလုပ်လုပ်နေစေခြင်း၊ စသည့်အသေးစိတ်များကို စီမံထားပေမည်။ လမ်းမပေါ်ရှိမီးတိုင်များ၊ မီးနီမီးစိမ်းများ၊ ရဲစခန်းများ၊ လမ်းပြရဲ ရုပ်ငယ်များ၊ ကားဆိပ်များ၊ ကားမှတ်တိုင်များ၊ စသည့်အသေးစိတ်များလည်း ပါဝင်ပါလိမ့်မည်။

လူတစ်ဦးတစ်ယောက်က၊ အသင်အသေးစိတ်စီမံကိန်းချ၍ တပင်တပန်းတည်ဆောက်ထားသော ထိုမြို့ပြပုံစံကြီးကို သူ့အလိုလို မတော်တဆဖြစ်ပေါ်လာသည်ဟု ပြောလာပါက၊ ထိုပုဂ္ဂိုလ်၏ဦးနှောက်အခြေအနေကို မည်သို့ထင်မည်နည်း? အသင်ဆောက်ထားသော ထိုမြို့ပြကြီးသို့ တစ်ခါပြန်လည်၍ ကြည့်သည့်အခါ၊ အသင်ကထိုမြို့ကို တည်ဆောက်စဉ်ကအလွန်အရေးကြီးသည့်ချိန်ဆမှုတစ်ခုခုကို မေ့လျော့ခဲ့သဖြင့်၊ သို့မဟုတ် အစတစ်စကိုရွှေ့လိုက်သဖြင့်၊ ပြိုလဲပျက်စီးသွားသည်ဆိုပါစို့။ အသင့်အနေဖြင့် မည်ကဲ့သို့သော ဟန်နိုင်ခြင်းနှင့် အစီအစဉ်ကို စီမံတည်ဆောက်ရမည်ကို သိနိုင်၊ ပြန်လည်သတိရနိုင်ပါမည်လော?

ဤကမ္ဘာမြေကြီးတွင်ကျွန်ုပ်တို့အသက်ရှင် နေထိုင်နိုင်ရန်အတွက်၊ ကျွန်ုပ်တို့အနေဖြင့်ဉာဏ်မမှီနိုင်၊ သဘောမပေါက်နိုင်လောက်အောင် ဟန်နိုင်မှုအသေးစိတ်ချိန်ဆထားခြင်းရှိနေပေသည်။ ထိုအသေးစိတ်အချက်အလက်များအနက် တစ်ခုခုသော်လည်းကောင်း၊ အချို့သော်လည်းကောင်း၊ လျော့နေခြင်းဖြင့်၊ ဤကမ္ဘာတွင်အသက်ရှင်နေခြင်းသည် ကုန်ဆုံးသွားနိုင်ပါသည်။

ဒြပ်ပစ္စည်း၏အသေးငယ်ဆုံး အပိုင်းဖြစ်သော အတမ်မှအစ၊ လနှင့်ကမ္ဘာမြေကြီးအပါအဝင် သူရိယစနစ်(Solar system)အစရှိသည့်၊ ကြယ်တာရာပေါင်း သန်းပေါင်းထောင်သောင်းမက ပါဝင်သော ဂါလက်ဇီကြယ်တာရာစုများ စသည်တို့အားလုံးသည်၊ လုံးလုံးလျားလျားအဆင်ပြေပြေတည်ရှိနေပေသည်။ အစစအရာရာသည် လက်ပတ်နာရီတစ်လုံးကဲ့သို့ ချို့ယွင်းချက်ကင်းမဲ့စွာ လည်ပတ်လျက်ရှိ၏။ လူတို့သည် ရှေးနှစ်ပေါင်းသန်းပေါင်းမြောက်မြားစွာကစ၍ တည်ရှိလာခဲ့သောစနစ်ကြီးသည်၊ နောင်အနာဂါတ်ကာလတွင်လည်းအစဉ်အမြဲတည်ရှိနေလိမ့်မည်ဟု တထစ်ချမှတ်ယူထားကြရင်း၊ နောင် ၁၀–နှစ်လောက်အတွက် အေးအေးဆေးဆေး စိတ်ချလက်ချ စီမံကိန်းများချကြသည်။ ထိုစီမံချက် တကယ်တန်းအကောင်အထည်ဖေါ်နိုင်ခွင့်ရှိမည်မရှိမည် စသည့်ချွင်းချက်အနည်းငယ်ပင် မထားကြပေ။ နောက်နေ့တွင် နေမင်းကြီး ထပ်မံထွက်လာဦးမည် မထွက်လာမည်ကိုလည်း မည်သူကမျှ ပူပင်သောကဖြစ်ခြင်းမရှိပေ။ လူအများအားဖြင့် ကမ္ဘာမြေကြီးသည် သူရိယနေမင်းကြီး၏ဆွဲငင်အားမှလွတ်ထွက်ပြီး အာကာသထဲသို့များ လွင့်စင်သွားနိုင်ပါမည်လောဟု တွေးမိကြမည် မဟုတ်ချေ။ တွေးတောမိသူရှိသော်လည်း၊ ထိုသို့မလွင့်စင်သွားအောင် ဘယ်အရာကထိန်းသိမ်းထားပါသနည်းဟုလည်း မေးကြမည်မဟုတ်ပေ။

ထိုနည်းနှင်နှင်၊ လူတို့သည် အိပ်ယာထဲသို့ဝင်သည့်အခါ၊ မိမိတို့၏နှလုံးသားနှင့်ဦးနှောက်တို့သည် ပကတိအတိုင်း အလုပ်လုပ်နေကြလိမ့်မည်ဟု စိတ်ချကြပေသည်။ သို့သော်လည်း ထိုအရေးကြီးသည့်အရာနှစ်ခုအနက် တစ်ခုခုက တစ်စက္ကန့်မျှသောအချိန်လောက် ရပ်တန့်သွားခြင်းဖြင့် အသက်ကုန်ဆုံးသွားနိုင်ပေသည်။

အသက်ရှင်နေခြင်း၏ပတ်ဝန်းကျင်တွင် အရာခပ်သိမ်းသည် သူ့သဘာဝနှင့်သူ ဖြစ်ပျက်လျက်ရှိသည်ဟုစိတ်ချလက်ချမြင်နေရအောင် ကာဆီးထားသော အလွန်ပါးလွှာသည့်ကန့်လန့်ကာကို ခွာချလိုက်ပါက၊ အစစအရာရာသည်၊ အလွန်အဏုစိတ်စီမံထားသောစနစ်အတွင်း၊ မျက်စိတစ်မှိတ်အတွင်း၌ ပျက်စီးယိုယွင်းသွားနိုင်သည့်အခြေအနေတွင် ပွတ်ကာသီကာရှိနေသည်ကိုတွေ့ရပေလိမ့်မည်။ အသင်သည် ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရှုလိုက်သောအခါ အစစအရာရာသည် ထူးကဲစွာစနစ်တကျ ဖြစ်နေသည်ကို တွေ့မြင်ရပေမည်။ ထိုအဆင်ပြေနေခြင်း၊ စနစ်တကျရှိနေခြင်း၏နောက်ကွယ်တွင် ထိန်းကျောင်းနေသည့် အလွန်ကြီးကျယ်သော အင်အားကြီးတစ်ခုရှိနေပေသည်။ ထိုအင်အားကြီး၏ပိုင်ရှင်ကား ထိုအရာခပ်သိမ်းကို ဖန်ဆင်းထားတော်မူသည့် အလ္လာဟ်အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤသို့ပြဆိုထား၏။

> **အကြင်အရှင်မြတ်သည် မိုးကောင်းကင် ခုနစ်ထပ်ကို အထပ်ထပ် ဖန်ဆင်းတော်မူခဲ့၏။ အသင်သည် 'ရဟ်မာန်' ကရုဏာတော်ရှင်၏ ဖန်ဆင်းမှု၌ကွာခြားမှု၊ မဆီလျော်မှုဟူ၍ကား လုံးဝတွေ့ရှိရမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် မျက်စိကိုပြန်မော့၍ ကြည့်လော့၊ အသင်သည် တစ်စုံတစ်ရာအက်ကွဲမှု တွေ့မြင်ရလေသလော။ ထို့နောက် အသင်သည် မျက်စိကိုပြန်မော့၍ အကြိမ်ကြိမ်ပြန်လည်ကြည့်ရှုလော့၊ မျက်စိသာလျှင်အသင့်ထံသို့ အရှက်ရ၍ညောင်းလျက် ပြန်လာမည်ဖြစ်၏။** (စူရာအလ်မုလ်က် ၃-၄)

ကျွန်ုပ်တို့သည် မိုးကောင်းကင်နှင့်ကမ္ဘာမြေကြီး၊ ၎င်းပြင်ယင်းနှစ်ခုစလုံး၏အကြားရှိ သက်ရှိအရာများအားလုံးကို ကြည့်ပါက၊ တစ်ခုချင်းသည် ၎င်း၏ဖန်ဆင်းရှင်ရှိကြောင်းကို သက်သေထူလျက် ရှိကြောင်းကိုတွေ့ရပေမည်။ တစ်ခုချင်းသည်လည်း ထိုအရှင်မြတ်ကပေးထားသော အခွင့်အရေးအတွင်း၌ အသက်ရှင်နေကြသည်ကို တွေ့ရပေမည်။ ဤအခန်းတွင် ကျွန်ုပ်တို့တွေ့မြင်နေကြသည့် သဘာဝပတ်ဝန်းကျင်ရှိ သက်ရှိပစ္စည်းများအကြောင်းကို ဂရုစိုက်၍ကြည့်ကြပြီး ၎င်းတို့မည်ကဲ့သို့ဖြစ်ပေါ်လာကြပြီး မည်ကဲ့သို့အသက်ရှင်နေကြသည်ကို မတွေးမိခဲ့ကြသည်ကိုလည်း သတိမူကြပါစို့။ ဤစကြာဝဠာအတွင်းရှိ အလ္လာဟ်အရှင်မြတ်၏ လက္ခဏာတော်များအားလုံးကိုသာ ရေးသားဖော်ပြကြမည်ဆိုပါက၊ စွယ်စုံကျမ်းပေါင်းထောင်သောင်းမက ရှိပါလိမ့်မည်။ ထို့ကြောင့် ဤအခန်းတွင် ကျိုးကြောင်းဆင်ခြင်သင့်သည့်အရာအချို့ကိုသာ ရွေးချယ်၍ လေ့လာကြပါမည်။ သို့သော်လည်း ဤအကြောင်းအရာအကျဉ်းများကပင်၊ 'တတ်သိနားလည်အသိတရားရှိ၍ အမြော်အမြင်ရှိသူအတွက်' မိမိတို့၏အသက်ရှင်နေခြင်းအတွက် အရေးအကြီးဆုံးအပိုင်းကို သိထားကြခြင်းဖြင့် သံဝေဂသတိတရား ရကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

အလ္လာဟ်အရှင်မြတ်အမှန်တကယ်ရှိနေပါသည်။

မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးကို စတင်ဖန်တီးခဲ့သူသည်လည်း ထိုအရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်ကိုလည်း ကျိုးကြောင်းဆင်ခြင်ခြင်းဖြင့်သိနိုင်ပါသည်။


## ကျွန်ုပ်တို့၏ကိုယ်ခန္ဓာတွင်းမှ အံ့ဖွယ်များ
## The Miracles in our Body
### တဝက်တပြတ်သာရှိ၍ မပြည့်စုံသောမျက်စိသည် မြင်နိုင်စွမ်းမရှိ
### 'A Half Developed Eye Cannot See'

'မျက်စိ'ဟူသောစကားလုံးကိုကြားလိုက်ရသောအခါ၊ အသင်၏စိတ်တွင်း၌ ဘယ်အရာကိုစပြီးသတိရပါသနည်း? မျက်စိသည် သင်၏ဘဝတစ်ခုလုံးတွင် အရေးကြီးဆုံးအင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည်ကို သိပါသလား? အကယ်၍သိသော်လည်း၊ သင်၏မျက်စိသည် အခြားမည်သို့သော လက္ခဏာများ ပါဝင်နေသည်ကိုကော စဉ်းစားမိပါသလား?

သက်ရှိပစ္စည်းများကို ဖန်ဆင်းခြင်း၌ မျက်စိသည် အထင်ရှားဆုံးသောသာဓကတစ်ခုဖြစ်ပေသည်။ လူနှင့်တိရစ္ဆာန်တို့၏မျက်စိသည် အင်မတန်ပြီးပြည့်စုံအံ့ဖွယ်မခန်းသောပုံစံတစ်ခုဖြစ်ပေသည်။ ဤ

ကိရိယာသည် ကမ္ဘာပေါ်တွင်ရှိရှိသမျှသော ခက်ခဲနက်နဲဆုံးသောစက်ကိရိယာတန်ဆာပလာအားလုံးထက် အဆပေါင်းများစွာ နက်နဲခက်ခဲသောပုံစံဖြစ်နေပေသည်။

လူသားတို့၏မျက်စိသည်၊ တစ်ခုနှင့်တစ်ခုဆက်စပ်ပူးပေါင်း၍လုပ်ငန်းဆောင်ရွက်နေကြပါသည်။ မှန်ဘီလူး၊ မျက်ကြည်လွှာ၊ မျက်စိသူငယ်အိမ်၊ မျက်ဆံတံခါးပေါက်၊ ကြွက်သားများ စသည်တို့အားလုံးပြည့်စုံသော်လည်း၊ မျက်ခွံမရှိပါက မျက်စိသည်ကြာရှည်စွာမခံဘဲ ပျက်စီးသွားပေလိမ့်မည်။ ကျန်သည့်အစိတ်အပိုင်းများ အားလုံးပြည့်စုံနေသော်လည်း မျက်ရည်ထုတ်လုပ်သောအပိုင်းတွင် ချို့ယွင်းနေပါက မျက်လုံးသည် ခြောက်သွေ့သွားပြီး နာရီပိုင်းအတွင်း မျက်စိကန်းသွားမည်ဖြစ်၏။




အလွန်အနစိပ်ခက်ခဲနက်နဲသောအစိပ်အပိုင်းများပြည့်နက်နေသည့်တည်ဆောက်မှုရှိသော မျက်စိသည်၊ အစိပ်အပိုင်းတစ်ခုခုချို့တဲ့နေပါက မြင်နိုင်စွမ်းမရှိတော့ပေ။ ဥပမာ ငွေမြင်ခြင်းဖြစ်ပေါ်ချိန်တွင် မျက်စိ၏မျက်ရည်ထုတ်သော ဂလင်းအိတ်များလည်း အလုပ်တောင်လုပ်လေသည်။

ဤအမှန်တရားကို အီဗိုလူးရှင်းဝါဒီတို့လည်းလက်ခံကြပေသည်။

> မျက်စိနှင့်တောင်ပံတို့၏ အစိပ်အပိုင်းများအားလုံးသည် ပြီးပြည့်စုံသည့်ဖွံ့ဖြိုးမှုအခြေအနေ အဖြစ်သို့ ရောက်ရှိမှသာလျှင် အသုံးဝင်နိုင်ခြင်းသည် ထူးခြားသော ဂုဏ်သတ္တိများဖြစ်ကြသည်။ ဆိုလိုရင်းမှာ၊ တဝက်တပြတ်သောမျက်စိသည် မမြင်နိုင်သကဲ့သို့၊ တဝက်တပြတ်သော အတောင်သည်လည်း မပျံသန်းနိုင်ချေ။[၁၃]

ဤနေရာတွင်လည်း ကျွန်ုပ်တို့က အလွန်အရေးကြီးသောမေးခွန်းတစ်ခုနှင့်ထပ်မံရင်ဆိုင်ကြရပြန်ပါသည်။ မည်သူက ထိုကဲ့သို့သောရှုပ်ထွေးနက်နဲသည့်အစိတ်အပိုင်းများကို တပြိုင်တည်းဖန်ဆင်းပါသနည်း?

မျက်စိ၏အဏုစိတ်ခက်ခဲနက်နဲသောအစိတ်အပိုင်းနှင့်ဆောင်ရွက်မှုများသည်၊ သက်ရှိများသည်ဖန်ဆင်းမှုကြောင့်မဟုတ်ဘဲ တစ်စတစ်စတိုးတက်ပြောင်းလဲဖြစ်ပေါ်လာသည် ဟူသောသဘောတရားသီအိုရီ(Evolution Theory)ကို အဓိပ္ပါယ်ကင်းမဲ့သွားစေလေသည်။ မျက်စိတစ်လုံး ပြီးပြည့်စုံအောင် အလုပ်လုပ်နိုင်ရန်အတွက် ၎င်းတွင်ပါဝင်သမျှသောအစိတ်အပိုင်းများအားလုံးသည် တပြိုင်တည်းတစ်ချိန်တည်းတွင်ပြည့်စုံစွာပါဝင်နေရမည်ဖြစ်သောကြောင့်တည်း။ အီဗိုလူးရှင်းသိပ္ပံပညာရှင်တစ်ဦးက ဤအချက်ကိုဝန်ခံထားပေသည်။

ထိုမျက်စိ၏ပိုင်ရှင်က ဤသို့သောတည်ဆောက်မှုအတွက် ဆုံးဖြတ်ခြင်းတော့မဖြစ်နိုင်ချေ။ တွေ့မြင်ခြင်းဟူသည် မည်သို့သောအရာဖြစ်သည်ကို မသိရှိသည့်သက်ရှိသည်၊ မိမိ၏ကိုယ်ခန္ဓာတွင် မြင်နိုင်စွမ်းသောမျက်စိကို မည်သို့မျှတပ်ဆင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့်၊ မြင်ခြင်း၊ ကြားခြင်း၊ စသည့်အာရုံများကို ဖန်ဆင်းပေးနိုင်သည့် မြင့်မားသောအသိဉာဏ်နှင့်ပြည့်စုံသည့် ပါမောက္ခကြီးက ဖန်ဆင်းပေးပါသည်ဟု လက်ခံကြရမည်သာဖြစ်၏။ နောက်တစ်ချက်မှာ၊ အသိတရားအာရုံမရှိသောဆဲလ်များက မြင်ခြင်းကြားခြင်းအာရုံအသိတရားများ မိမိအလိုနှင့်အစွမ်းအတိုင်းရှိလာသည် ဟူသောအချက်ဖြစ်၏။ ဤကား လုံးဝမဖြစ်နိုင်ကြောင်း ထင်ရှားနေပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ မြင်နိုင်စွမ်းကို အလ္လာဟ်အရှင်မြတ်ကဆုလာဘ်အဖြစ် ပေးကြောင်း ဖေါ်ပြထားပေသည်။

> **(အို–နဗီတမန်တော်) အသင်သည် ပြောကြား ပါလေ။ (အချင်းတို့) ထိုအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သောအရှင် ဖြစ်တော်မူ၏။ ထို့ပြင် အသင်တို့အဖို့ ထိုအရှင်မြတ်သည် နားကိုလည်းကောင်း၊ မျက်စိကိုလည်းကောင်း၊ စိတ်နှလုံးများကိုလည်းကောင်း၊ ပြုလုပ်၍ ပေးသနားတော်မူခဲ့၏။ (သို့ရာတွင်) အသင်တို့မှာမူကား အနည်းငယ်မျှသာလျှင် ကျေးဇူးသိတတ်ကြကုန်၏။** (စူရာအလ်မုလ်က် ၆၇း၂၃)


## လူ့ခန္ဓာကိုယ်တွင်းရှိ တပ်ဖွဲ့
## The Army Inside Man

သင်ကိုယ်တိုင်မသိရဘဲ သင်၏ကိုယ်ခန္ဓာတွင်း၌ စစ်ပွဲခင်းကျင်းလျက်ရှိနေပေသည်။ သင်၏ကိုယ်ခန္ဓာတွင်းသို့ဝင်ရောက်ထိန်းချုပ်ရန် ကြိုးပမ်းနေကြသည့် ရောဂါပိုးဘက်တီးရီးယားနှင့် ဗိုင်းရပ်(စ်)များကတဖက်၊ ထိုရန်သူများကိုတိုက်ထုတ်ဖျက်ဆီးပြီး ကိုယ်ခန္ဓာကို ကာကွယ်နေသည့် ကာကွယ်ရေးဆဲလ်များကတဖက်၊ တိုက်ပွဲဆင်နွှဲလျက်ရှိကြသည်။

ရန်သူတို့သည်၊ သူတို့၏ပစ်မှတ်နေရာသို့ရောက်ရှိနိုင်ရန် ထိုးစစ်ဆင်သည့်အနေအထားတွင်ရှိနေကြသည်။ ထိုပစ်မှတ်နေရာများကိုကာကွယ်လျက်ရှိသည့် အလွန်စည်းကမ်းသေဝပ်ကြ၍ အင်အားတောင့်တင်းသော စစ်သားများသည်၊ ရန်သူကို လွယ်လင့်တကူအရှုံးမပေးကြချေ။ ရန်သူ၏အဆိပ်ကို ခါတ်ပြေစေပြီး ဝါးမျိုလိုက်ကြသော ဖါဂိုဆိုက် (phagocytes) မည်သောစစ်သားများက ဦးစွာရောက်ရှိလာကြသည်။ သို့သော်လည်း တခါတရံစစ်ပွဲသည် ထိုစစ်သားများသာကိုင်တွယ်တိုက်ခိုက်၍ မနိုင်နင်းလောက်အောင်ပြင်းထန်သဖြင့် မက်ကရိုဖေး‌ဂျ် (macrophages) အမည်ရှိသော စစ်သားများကိုထပ်မံဆင့်ခေါ်လိုက်ကြသည်။ ထိုစစ်သားများရောက်ရှိလာသည်နှင့်တစ်ပြိုင်တည်း အရံ တီဆဲလ်(auxillary T cells) များကလည်း ထိုတိုက်ပွဲနေရာသို့ အလျင်အမြန်ရောက်ရှိလာကြသည်။

ထိုစစ်သားများသည် သူတို့၏ပတ်ဝန်းကျင်ရှိလူ့ခန္ဓာကိုယ်တွင်းရှိဆဲလ်များကိုကောင်းစွာသိရှိကြသည်။ မည်သူကရန်သူဖြစ်သည်၊ မည်သူကကိုယ်ခန္ဓာဆဲလ်များဖြစ်သည်ကိုချက်ချင်းခွဲခြားလိုက်ကြပြီး၊ ဘီဆဲလ် (B cells) ခေါ်သောလက်နက်ကိုထုတ်လုပ်ရန် စစ်သားများကိုညွှန်ကြားလိုက်ကြလေသည်။ ဤစစ်သားများ၏အလွန်ထူးခြားသောအရည်အချင်းတစ်ခုမှာ၊ ရန်သူများကိုမမြင်ကြသော်လည်း ရန်သူကိုဖြိုနိုင်သောအဆိပ်လက်နက်ကိုထုတ်လုပ်နိုင်ကြသည်။ ထိုလက်နက်ကိုလည်း လိုအပ်သည့်နေရာသို့အရောက်သယ်ဆောင်သွားနိုင်ကြပြီး၊ ထိုကဲ့သို့သယ်ဆောင်သွားစဉ်ဖြတ်သန်းသွားသော ခရီးတလျှောက်လုံးတွင် သူတို့ကိုယ်တိုင်ကိုလည်းကောင်း၊ လူ့ကိုယ်ခန္ဓာတွင်းဆဲလ်များကိုလည်းကောင်း၊ သူတို့၏မဟာမိတ်ဆဲလ်များကိုသော်လည်းကောင်း၊ ထိုလက်နက်များကြောင့် ထိခိုက်မှုမရှိအောင်လည်း ဆောင်ရွက်နိုင်ကြပေသည်။ ၎င်းနောက် တိုက်ဖျက်သတ်ဖြတ်ရေးတီဆဲလ် (killer T cells) တို့ရောက်ရှိလာပြီးအဆုံးစီရင်ကြလေသည်။ ဤဆဲလ်များသည်လည်း၊ သူတို့အတွင်း၌ ထုတ်လုပ်သောအဆိပ်များဖြင့် ရန်သူပစ်မှတ်ကို တိတိကျကျရွေးချယ်၍ သတ်ဖြတ်နိုင်ကြ၏။ တိုက်ပွဲအောင်မြင်ပြီးဆုံးသွားလျှင် နှိမ်နင်းရေးတီဆဲလ် (oppressive T cells) များရောက်ရှိလာပြီး တိုက်ပွဲဝင်ခဲ့သော စစ်သည်တော်များကို သူတို့၏မူလနေရာများသို့ ပို့လိုက်ကြလေသည်။


တိုက်ပွဲနေရာသို့ နောက်ဆုံးရောက်လာသောစစ်သားများမှာ မှတ်သားမှုဆဲလ် (memory cells) များဖြစ်ကြပြီး၊ နောင်တွင် ယင်းကဲ့သို့သောတိုက်ခိုက်မှုများထပ်မံပေါ်ပေါက်လာပါက အသုံးပြုနိုင်ရန်၊




ရန်သူနှင့်ပါတ်သက်သည့်အကြောင်းအရာများကိုမှတ်သားထားကြလေသည်။

ယ္ခုပြောခဲ့သော တိုက်ပွဲဝင်စစ်သည်တော်များသည်၊ လူသားတို့၏ကိုယ်ခန္ဓာအတွင်းရှိ ရောဂါပြီးသောစနစ် (immunity system) ပင်ဖြစ်၏။ ဆိုခဲ့သောထိုလုပ်ငန်းများအားလုံးကို မျက်စိဖြင့်မမြင်နိုင်သော အလွန်သေးငယ်သောဆဲလ်များက ဆောင်ရွက်သောလုပ်ငန်းများ ဖြစ်ပါသည်။ (ဤအကြောင်းနှင့်ပါတ်သက်၍ အသေးစိတ်သိလိုပါက ဟာရွန်ယဟ်ယာ ရေးသားသော *For Men of Understanding: The Signs in the Heavens and the Earth* ဟူသောစာအုပ်တွင်ကြည့်ပါ)။

မည်မျှသောလူတို့သည် မိမိတို့၏ကိုယ်ခန္ဓာအတွင်း၌ ထိုကဲ့သို့စည်းကမ်းသေဝပ်၍ စနစ်ကျလှသော ဖွဲ့စည်းမှုရှိသည့် တပ်မတော်ကြီး ရှိနေသည်ကို သိကြပါသနည်း။ မည်မျှသောလူတို့သည် သူတို့၏ ပတ်ဝန်းကျင်တွင် အလွန်သေးငယ်သော ရောဂါပိုးများ ပတ်လည်ဝိုင်းလျက်ရှိပြီး၊ ၎င်းတို့ကို တား ဆီးနိုင်ခြင်းမရှိပါက အပြင်းအထန်နာဖျားမကျန်းဖြစ်၍၊ တခါတရံအသက်ဆုံးရှုံးသွားသည်အထိ ဖြစ်နိုင်ကြောင်းကို သိကြပါသနည်း။ အမှန်မှာ၊



ကာကွယ်ရေးဆဲလ်(အဝါရောင်)များသည် ကင်ဆာဆဲလ်များကို တိုက်ဖျက်နေကြသည်။

ကျွန်ုပ်တို့ အသက်ရှူသွင်းသောလေတွင်လည်းကောင်း၊ သောက်သုံးသောရေတွင်လည်းကောင်း၊ စားသုံးသောအစားအစာတွင်လည်းကောင်း၊ ထိတွေ့သောမျက်နှာပြင်များတွင်လည်းကောင်း၊ အန္တရာယ်ရှိသောရောဂါပိုးများ ပြည့်နှက်လျက်ရှိနေပေသည်။ လူတို့သည် ထိုအရာများကို မမြင်ရ မသိရကြသော်လည်း၊ မိမိတို့၏ကိုယ်ခန္ဓာတွင်းရှိ ဆဲလ်များသည်၊ အသက်ပင်သေစေနိုင်လောက်သော နာဖျားမကျန်းဖြစ်ခြင်းတို့မှကာကွယ်ရန် အားသွန်ခွန်စိုက် ဆောင်ရွက်နေကြပေသည်။

ရောဂါပြီးစေသည့်ဆဲလ်များသည် ရန်သူဆဲလ်များကို ကိုယ်ခန္ဓာတွင်းရှိဆဲလ်များမှ ရွေးချယ်ခွဲထုတ်နိုင်ခြင်း၊ ဘီဆဲလ်များသည် သူတို့မမြင်ဘူးသောရန်သူများကို ခါတ်ပြေစေမည့် လက်နက်များကို ထုတ်လုပ်နိုင်ခြင်း၊ လိုအပ်သည့်နေရာများသို့ အရောက် လမ်းတလျှောက်တွင်ကိုယ်ခန္ဓာဆဲလ်များကို မထိခိုက်စေဘဲ ထိုလက်နက်များကို သယ်ဆောင်သွားနိုင်ကြခြင်း၊ အချက်ပြသတင်းများကို လက်ခံရရှိသည့် ဆဲလ်များသည်လည်း အမိန့်ကိုငြင်းဆိုမှု လုံးဝမပြုဘဲ ဆောင်ရွက်ရမည့်လုပ်ငန်းဆောင်တာများကို ပြီးဆုံးသည်အထိ ဆောင်ရွက်ကြခြင်း၊ ဆဲလ်တစ်ခုချင်းသည် မိမိတို့ဆောင်ရွက်ရမည့်တာဝန်များကို တိတိကျကျ သိကြ၍၊ လုပ်ငန်းပြီးဆုံးသောအခါ မိမိတို့၏ မူရင်းနေရာသို့ပြန်လည်ဆုတ်ခွာသွားကြခြင်း၊ ရန်သူဆဲလ်များအကြောင်းကို မှတ်သားထားနိုင်ခြင်း၊ စသည်တို့သည်၊ ရောဂါပြီးစေသော စနစ်အကြောင်းအချို့သာဖြစ်ပါသည်။

ထိုကဲ့သို့ခက်ခဲနက်နဲသောအချက်များကြောင့်၊ အီဗိုလူးရှင်းသီအိုရီသမားများသည်၊ ရောဂါပြီးခြင်းနှင့်ပတ်သက်၍ ဘယ်သောအခါကမှ ရေးသားခြင်းမပြုကြပေ။

လူတစ်ဦးတစ်ယောက်သည် ထိုရောဂါပြီးစေသည့်စနစ်ကင်းမဲ့ပါက ကိုယ်ခန္ဓာအတွင်းရှိအစိတ်အပိုင်းများသည်လည်း ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ပြေပြစ်စွာဆောင်ရွက်နိုင်စွမ်းမရှိဘဲ အစစအရာရာ အဆင်ပြေပြေအသက်ရှင်နေနိုင်ရန် မဖြစ်နိုင်တော့ချေ။ အဘယ့်ကြောင့်ဆိုသော် ဤကမ္ဘာမြေကြီးတွင် ရောဂါပိုးများနှင့်ပြည့်နှက်လျက်ရှိသောပေသည်။ ထိုကဲ့သို့သောလူတို့သည် ပြင်ပလူ သို့မဟုတ် ပြင်ပပစ္စည်းများနှင့်ထိတွေ့မှုလုံးဝမရှိသောအခန်းတွင်သာလျှင် ဆက်လက်အသက်ရှင်နိုင်ကြသည်။ ကမ္ဘာဦးခေတ်တွင် လူတစ်ယောက်သည် ကိုယ်ခန္ဓာအတွင်းရောဂါပြီးစေသောစနစ်မရှိဘဲ သို့မဟုတ် မပြည့်စုံဘဲ အသက်ရှင်နိုင်ရန် လုံးဝမဖြစ်နိုင်ချေ။ ထို့ကြောင့် ရောဂါပြီးစေသည့်စနစ်ကဲ့သို့သောစနစ်များသည် ပါဝင်ရမည့်အချက်အလက်အစိတ်အပိုင်းများ တစ်ချိန်


တည်းတစ်ပြိုင်တည်းတွင် ဖန်ဆင်းလိုက်ခြင်းဖြင့်သာလျှင်ပေါ်ပေါက်လာကြောင်း ကျွန်ုပ်တို့သိရပါသည်။

## အသေးစိတ်ကြိုတင်စီမံထားသောစနစ်

## A System Planned in its Every Detail

အသက်ရှူခြင်း၊ အစာစားခြင်း၊ လမ်းလျှောက်ခြင်း၊ စသည်တို့စသည် လူတို့အတွက်ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်ဖြစ်ပေသည်။ ဤအခြေခံဖြစ်စဉ်များသည် မည်သို့ဖြစ်ပျက်လျက်ရှိသည်ကိုကား အများအားဖြင့်တွေးတောမိခြင်းရှိကြမည်မဟုတ်ပေ။ ဥပမာ သင်သည်သစ်သီးဝလံကို စားသုံးသည်ဆိုပါစို့။ ထိုသစ်သီးများသည် သင်၏ကိုယ်ခန္ဓာအတွက် မည်သို့အသုံးဝင်သည်ကိုကားတွေးမည့်ချင်မှတွေးမိပါလိမ့်မည်။ သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးညီညွတ်စေသောအစာရေစာကိုစားသောက်ရန်ကိုသာ စိတ်ကူးမိမည်ဖြစ်သည်။ တချိန်တည်းတွင် ထိုသို့ကျန်းမာသန်စွမ်းစေရန် သင်၏ဝမ်းအတွင်း၌ အလွန်အသေးစိတ်သောအစီအစဉ်အတိုင်း တဆင့်ပြီးတဆင့်ပြောင်းလဲနေသည်ကိုကား တွေးပင်တွေးမိမည် မဟုတ်ချေ။

အစာချေသည့်လုပ်ငန်းသည်၊ အစာကိုအသင်၏ပါးစပ်တွင်းသို့ထည့်လိုက်သည့်အချိန်မှ စတင်လေသည်။ အစာတစ်လုတ်လောက် ပါးစပ်တွင်းသို့ရောက်သည်နှင့်တပြိုင်တည်း သွားရည်များက ထိုအစာကို သွားများကဝါးကြိတ်နိုင်စေရန် ပြော့ပြောင်းအောင်စတင်စိုစွတ်စေပြီးနောက် လည်ချောင်းမှတဆင့် ဝမ်းပိုက်တွင်းသို့မျိုချနိုင်အောင် အကူအညီပေးလေသည်။




လည်ချောင်းသည်လည်း၊ အစာကိုဝမ်းပိုက်အတွင်းသို့ရောက်အောင် ပို့ဆောင်ပေးလေသည်။ ဝမ်းပိုက်အတွင်းရှိ ဟိုက်ဒြိုကလိုရစ်အက်စစ်(ဆားငရဲမီး)က ထိုအစာကိုစတင်ချေပေးသည်။ ထိုအက်စစ်သည် အလွန်ပြင်းထန်သောအက်စစ်ဖြစ်သဖြင့် အစာကိုသာချေနိုင်သည်မဟုတ်ဘဲ၊ အစာအိမ်နံရံများကိုပင် တိုက်စားနိုင်ပေသည်။ သို့သော်လည်း အစာချေစနစ်သည် အထူးကောင်းမွန်ပြည့်စုံသောစနစ် ဖြစ်သောကြောင့် ထိုအက်စစ်က အစာအိမ်ကိုတိုက်စားရန်ခွင့်မပြုထားချေ။ အစာချေနေစဉ်အတွင်း မြူကပ်စ်ခေါ်အရည်တစ်မျိုး အစာအိမ်နံရံမှထွက်လာပြီး ဝမ်းပိုက်နံရံတလျှောက်ပြန့်၍ ကာကွယ်ထားလိုက်ခြင်းဖြင့် အက်စစ်က အစာအိမ်နံရံကိုတိုက်စားခြင်းမပြုနိုင်တော့ချေ။ ထို့ကြောင့် အစာအိမ်မှ ထွက်လာသော အက်စစ်က အစာအိမ်ကို ဖျက်ဆီးခြင်းမပြုချေ။

ကျန်သည့်အစာချေခြင်းအပိုင်းတွင်လည်း ၎င်းနည်းတူ စနစ်တကျစီမံထားခြင်းပါရှိ၏။ ကိုယ်ခန္ဓာအတွက်အကျိုးဖြစ်ထွန်းမည့် ကျေပြီးသောအစာများကို အူသိမ်၏နံရံများမှတဆင့် သွေးကြောတွင်းသို့ရောက်သွားလေသည်။ အူသိမ်၏အတွင်းဘက်နံရံများတွင် ဗီးလပ်စ် (villus) ခေါ်အမျှင်ကလေးများရှိ၍ ထိုဗီးလပ်စ်အမျှင်များ၏ထိပ်တွင် မိုက်ကရိုဗီးလပ်စ်ခေါ်သောကိရိယာငယ်များတပ်ဆင်ထားသည်။ ထိုမိုက်ကရိုဗီးလပ်စ်တို့သည် ရေစုတ်စက်ကဲ့သို့သော စုတ်စက်ငယ်များအဖြစ် အစာများကိုစုတ်ယူပြီးသွေးစီးချောင်းသို့ပို့ပေးခြင်းဖြစ်သည်။

ဤတွင် မှတ်သားလောက်သည့်အချက်တစ်ခုမှာ အထက်ကအတိုချုံး၍ရှင်းပြခဲ့သောစနစ်ကို အီဗိုလူးရှင်းသမားများက မည်သို့မျှရှင်းပြနိုင်ခြင်းမရှိကြချေ။ အီဗိုလူးရှင်းသမားများက ယနေ့ကမ္ဘာရှိသက်ရှိတို့၏အလွန်နက်နဲသောအင်္ဂါတည်ဆောက်မှုသည်၊ ကမ္ဘာဦးခေတ်မှစ၍ တဖြေးဖြေး တစ်စတစ်စ တစ်ဆင့်ပြီးတစ်ဆင့် ဖြည့်တင်းပြောင်းလဲတိုးတက်လာခဲ့သည်ဟု ဆိုကြသည်။ သို့သော်လည်း အထက်ကဖေါ်ပြခဲ့သော ဝမ်းပိုက်အတွင်း အစာချေသောစနစ်သည်၊ တဆင့်ပြီးတဆင့် ပေါ်ပေါက်လာရန် လုံးဝမဖြစ်နိုင်ချေ။ အင်္ဂါအစိတ်အပိုင်းတစ်ခုခု ချို့တဲ့နေလျှင်ပင် ထိုသက်ရှိအရာသည် သေကျေသွားမည်သာဖြစ်၏။

အစာတစ်ခုခုကိုစားလိုက်သောအခါ၊ ဝမ်းပိုက်အတွင်း၌ရှိသော အရည်အမျိုးမျိုးတို့သည် ဓါတ်ပြောင်းခြင်းအမျိုးမျိုးအစဉ်အဆက်ဖြစ်ပေါ်ကာ ထိုအစာကို ချေပေးကြ၏။ အီဗိုလူးရှင်းပြောင်းလဲမှုတွင်၊ သက်ရှိအရာတစ်ခုသည် မိမိ၏ကိုယ်တွင်း၌ ထိုသို့သောဓါတ်ပြုခြင်းအဆင့်များကိုစီစဉ်မည်ဆိုခြင်းမှာ၊ လုံးဝမဖြစ်နိုင်ချေ။ ထိုသက်ရှိအရာသည် ယင်းသို့သောအစွမ်းကိုရယူဖန်တီးနိုင်စွမ်းမရှိနိုင်ပေ။ ထို့ကြောင့် ၎င်းစားသွင်းလိုက်သောအစာများကို ချေနိုင်စွမ်းရှိမည်မဟုတ်သဖြင့် ထိုအစာများပြည့်ညှပ်နေသောကြောင့်အသက်သေဆုံးသွားမည်သာဖြစ်ပေသည်။

အစာအိမ်ကို အက်စစ်တိုက်စားခြင်းမှကာကွယ်သည့် မြူကပ်စ်အရည် ထုတ်လုပ်ခြင်းသည်လည်း၊ ထိုအက်စစ်ထုတ်လုပ်ခြင်းနှင့်ပြိုင်တူဖြစ်ပေါ်လာရပေမည်။ သို့မဟုတ်ပါကအစာအိမ်နံရံများကို အက်စစ်တိုက်စားသဖြင့် ပျက်စီးကုန်မည်သာဖြစ်၏။ ထိုသတ္တဝါတစ်ကောင်သည် အသက်ရှင်နေနိုင်ရန်၊ အစာအိမ်နံရံမှ ထုတ်လုပ်သည့် အက်စစ်နှင့်မြူကပ်စ်၊ ထိုမှတစ်ဆင့် ဆက်လက်၍အစာချေသည့်အခြားအရည်များအားလုံးတို့သည် တစ်ပြိုင်တည်းဖြစ်ပေါ်ရန်လိုအပ်ပေသည်။ ဤအချင်းအရာများကပင်၊ တစ်စပြီးတစ်စ တစ်မျိုးပြီးတစ်မျိုး တစ်ဆင့်စီဖြစ်ပေါ်တိုးတက်လာခြင်းနှင့် မတော်တဆဖြစ်ပေါ်လာခြင်း၊ ဟူသောအတွေးအခေါ်အတိုင်းဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ၊ ထိုဖြစ်ပေါ်လာခြင်း၏နောက်ကွယ်တွင် ထိုစနစ်များအားလုံးကို ပြည့်စုံအောင်ဖန်တီးပေးသော အသိတရားဉာဏ်ပညာနှင့်ပြည့်စုံသော ဖန်ဆင်းရှင် ရှိရမည်ဖြစ်သည်။

လူသား၏ကိုယ်ခန္ဓာသည် အလွန်ကြီးမားသော စက်ရုံတစ်ရုံနှင့်တူပေသည်။ ထိုစက်ရုံကြီးတွင် အလွန်သေးငယ်သော စက်ကိရိယာအမြောက်အမြားပါဝင်လျက်ရှိပြီး၊ ထိုစက်ကိရိယာများအားလုံးသည်လည်း အဆင်ပြေပြေ တစ်ခုနှင့်တစ်ခု အဆက်အစပ်ရှိရှိ လည်ပတ်လျက်ရှိနေကြသည်။ စက်ရုံအားလုံးသည်လည်း၊ ပုံစံထုတ်သူနှင့် တည်ဆောက်သူအင်ဂျင်နီယာရှိသလို၊ လူသားတို့၏ကိုယ်ခန္ဓာကို ပုံစံထုတ်တည်ဆောက်သူသည်လည်း တန်ခိုးအာနုဘော်ကြီးမြင့်တော်မူသော ဖန်ဆင်းရှင်ဖြစ်တော်မူ၏။

## တိရိစ္ဆာန်နှင့်အပင်များ

Animals and Plants

ကမ္ဘာမြေကြီးပေါ်တွင် အပင်နှင့်တိရိစ္ဆာန်အမျိုးပေါင်းသန်းနှင့်ချီ၍ရှိနေခြင်းသည်လည်း ဖန်ဆင်းရှင်၏ကြီးကျယ်သောတန်ခိုးအစွမ်းကိုသက်သေထူ ပြဆိုလျက်ရှိသည်။

၎င်းတို့အနက် ဤစာအုပ်တွင် အချို့ကိုသာရွေးချယ်တင်ပြထားပါသည်။ ၎င်းတို့သည် ကိုယ်ခန္ဓာပုံစံနှင့် ကိုယ်တွင်းစနစ်မတူညီကြချေ။ သူတို့၏ကာကွယ်ရေးလက်နက်ပုံစံနှင့်စနစ်တို့သည်လည်း မတူညီကြချေ။ စားသောက်ပုံသည်လည်း သီးခြားစီ ခြားနားကြပေသည်။ မျိုးဆက်ပြန့်ပွားနည်းတို့သည်လည်း ကွဲပြားခြားနားကြ၏။ စာအုပ်တစ်အုပ်တည်းတွင် သက်ရှိသတ္တဝါများ အားလုံး

အကြောင်းကို ရေးသားဖော်ပြရန်မဖြစ်နိုင်ချေ။ စွယ်စုံကျမ်းအမြောက်အမြားဖြင့်ပင် ပြည့်စုံအောင်ဖော်ပြနိုင်မည်မဟုတ်ပါ။ သို့သော်လည်း၊ ဆက်လက်၍ဖော်ပြဆွေးနွေးမည့် ဥပမာအချို့ဖြင့်ပင်လျှင် ဤကမ္ဘာပေါ်ရှိ သက်ရှိများသည် မတော်တဆ ကြုံ၍ဖြစ်ပေါ်လာခြင်းလုံးဝမဖြစ်နိုင်ကြောင်း သက်သေထူပါလိမ့်မည်။

## ခူကောင်မှပိုးဖလံလိပ်ပြာအဖြစ်သို့
## From Caterpillar to Butterfly

အကယ်၍ အသင်သည် ဥပေါင်း ၄၀၀–၅၀၀ ခန့်ကို မပျက်မစီးအောင် ထိန်းသိမ်းရမည်ဆိုပါက၊ အသင်မည်သို့ပြုမည်နည်း? သင်စိတ်ကူးမိသောအချက်များအနက် အသင့်တော်ဆုံးသည် ထိုဥများကို လေကြောင့်ဖြစ်စေ၊ အခြားသဘာဝဖြစ်ရပ်တစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ မပြန့်ကျဲသွားစေရန် ကာကွယ်ခြင်းဖြစ်ပေလိမ့်မည်။ တိရစ္ဆာန်ပိုးကောင်များအနက် ပိုးချည်ပြုလုပ်ပေးသောပိုးဖလံကောင်နှင့်လိပ်ပြာများသည် တစ်ကြိမ်တည်းတွင် ဥပေါင်း ၄၀၀–၅၀၀ ခန့်ဥကြပြီး၊ အလွန်လိမ်မာပါးနပ်စွာ ဥများကို ထိန်းသိမ်းကြပေသည်။ သူတို့၏ဥများကို စေးထန်းသောအမျှင်များဖြင့် တစုတရုံးတည်းစု၍ချည်နှောင်ပြီး သစ်ရွက်၏အောက်ဖက်မျက်နှာပြင်တွင် ကပ်ထားကြသည်။ မိုးမစိုရန်လည်းကောင်း၊ လေတိုက်သဖြင့်မပြန့်ကျဲသွားစေရန်လည်း ကာကွယ်ထားသည့်အပြင်၊ အခြားဖျက်ဆီးနိုင်သည့်အကောင်များ၏ရန်မှလည်း အလွယ်တကူမမြင်နိုင်ရန် ကာကွယ်ထားခြင်းဖြစ်သည်။

ဥများမှပေါက်လာကြသောခူကောင်များသည်လည်း၊ သင့်တော်သောအကိုင်းအရွက်များကိုရှာ၍တွယ်ကပ်ကာ ထိုအရွက်ကိုစားသုံးကြီးထွားကြလေသည်။ ကြီးထွားမှုဆုံးခန်းတိုင်သည့်အချိန်တွင် ထိုခူကောင်သည် ၎င်း၏ကိုယ်တွင်းမှ မီတာ ၉၀၀–၁၅၀၀ မျှရှည်လျားသော[၁၄] အမျှင်ကိုထုတ်လုပ်၍ မိမိ၏ခန္ဓာကိုယ်ကို ရစ်ပတ်စေကာ ပိုးကောင်အိမ်အတွင်း ဆက်လက်ခိုအောင်းနေလေသည်။ ထိုသို့ ခိုအောင်းနေစဉ်အတွင်း ရုပ်ပြောင်းခြင်းအဆက်မပြတ်ဖြစ်ပွားလျက်ရှိပြီး ရက်များမကြာမီအတွင်း အလွန်လှပသောပိုးဖလံကောင် လိပ်ပြာများအဖြစ်သို့ပြောင်းလဲကာ ပြင်ပကမ္ဘာသို့ထွက်လာလေသည်။ ထိုလိပ်ပြာများသည် ၃ ရက်အတွင်းမိတ်လိုက်ကြကာ ဥချကြလေသည်။ သူတို့၏ဥများကို ထိန်းသိမ်းထားမည့်အပင်သည်လည်း၊ ခူကောင်ကလေးများ ဥမှပေါက်လာသောအခါစားသုံးနိုင်သည့်အပင်အမျိုးအစားဖြစ်ပေသည်။ လိပ်ပြာတစ်မျိုးသည်၊ ၎င်း၏ဥမှပေါက်လာသောခူကောင်များမစားသုံးနိုင်သည့် အခြားအပင်မျိုးတွင် ဥချခြင်းမပြုချေ။

မိခင်လိပ်ပြာက သူ၏ဥများကို ကာကွယ်သည့်ဆောင်ရွက်ချက်၊ အတတ်ပညာသင်ယူခြင်းသော်လည်းကောင်း၊ ပညာဉာဏ်သော်လည်းကောင်း၊ မရှိသောခူကောင်၏လုပ်ဆောင်ချက်များ၊ စသည်တို့ကို အီဗိုလူးရှင်းက မည်သို့မျှရှင်းပြနိုင်စွမ်းမရှိချေ။ ပထမဦးစွာ မိခင်ပိုးဖလံကောင်နှင့်လိပ်ပြာတို့က သူတို့၏ဥများကို အစေးမျှင်များဖြင့် ရစ်ပတ်၍ထိန်းသိမ်းခြင်းသည် အလွန်အံ့ဖွယ်သောအချင်းအရာ ဖြစ်နေပါသည်။ အပင်အမျိုးအစားကို တိကျစွာရွေးတတ်ခြင်းသည်လည်း ရုက္ခဗေဒပညာရပ်ကို နှစ်ပေါင်းများစွာ သင်ယူလေ့လာသူ လူတစ်ဦးထက် ပို၍တိကျမှုရှိခြင်းသည်လည်း အံ့ဖွယ်တစ်ခုဖြစ်ပေသည်။ ဥမှပေါက်ခါစခူကောင်သည်လည်း သူ့အတွက်အကောင်းဆုံးအခြေအနေကို ရွေးချယ်တတ်ခြင်း၊ အချိန်တန်သည့်အခါ အမျှင်များထုတ်၍ မိမိကိုယ်ကိုရစ်ပတ်ကာ လိပ်ပြာအိမ်တွင်းသို့အောင်းနေတတ်ခြင်း၊ ထိုကဲ့သို့အောင်းနေစဉ်အတွင်း ရုပ်ပြောင်းလဲခြင်းအဆင့်ဆင့်ဖြစ်ရင်း နောက်ဆုံးအရောင်အဆင်းအကွက်ဆန်းများဖြင့်ပြည့်သည့် လိပ်ပြာကောင်ထွက်ပေါ်လာခြင်း စသည်တို့သည် လူသားများနားလည်သဘောပေါက်ရန် ခက်ခဲသောအရာများဖြစ်နေပါသည်။

ထို့ကြောင့် ခူကောင်ကလေးများသည် ဥမှမပေါက်မီကတည်းက ဘာတွေဆက်၍လုပ်ရမည်ကိုကြိုတင်သိထားကြသည်ဟုသာ ကျွန်ုပ်တို့လွယ်လင့်တကူမှတ်ချက်ချကြရမည်သာဖြစ်ပါသည်။ ဆိုလိုရင်းမှာ ၎င်းခူကောင်များ ဥမှမပေါက်မီကတည်းက သင်ယူထားပြီးဖြစ်ရမည်။

ဥပမာတစ်ခုဖြင့်ရှင်းပြပါရစေ။ မွေးခါစကလေးငယ်တစ်ယောက်သည်၊ နာရီပိုင်းအနည်းငယ်အတွင်း မတ်တတ်ထရပ်၍ သူအိပ်ရန်လိုအပ်သောအရာများ (စောင်၊ အိပ်ယာခင်း၊ ခေါင်းအုံးစသည်တို့)ကို လိုက်လံစုဆောင်း၍၊ ကောင်းမွန်သေသပ်စွာအိပ်ယာခင်းပြီး လဲလျောင်းအိပ်ပျော်သွားသည်ကိုတွေ့မြင်ရပါက၊ သင်သည်အလွန်အံ့အားသင့်ရင်း ထိုမွေးခါစကလေးသည် အမိ၏ဝမ်းတွင်း၌ ရှိနေစဉ် ထို

ကဲ့သို့ပြုလုပ်ဆောင်ရွက်ရန် သင်ယူခဲ့ပြီးဖြစ်ရမည်ဟု ကောက်ချက်ချမည်သာဖြစ်၏။ ခူကောင်များ လုပ်ဆောင်သော အရာများသည်လည်း ထိုနည်းအတိုင်းပင်ဖြစ်ပေသည်။




ခူကောင်များသည် မိမိကိုယ်ကိုပိုးမျှင်များဖြင့်ရစ်ပတ်ကာ ပိုးအိမ်တွင်းတွင်အောင်းနေကြသည်။ အချိန်တန်သောအခါ ပိုးအိမ်ကို ဖောက်ဖြဲ၍ အလှတန်ဆာအမျိုးမျိုးနှင့်ပြည့်စုံလျက်ရှိသော လှပသည့် လိပ်ပြာအဖြစ်ထွက်လာကြ၏။

သို့ပါလျက် ဖန်ဆင်းတော်မူသောအရှင်မြတ်သည်

တစ်စုံတစ်ရာကိုမျှ မဖန်ဆင်းနိုင်သောသူကဲ့သို့ ဖြစ်တော်မူမည်လော။ သို့ပါလျက် အသင်တို့သည် (ဤမျှပင်)သတိမရကြ

နားမလည်ကြလေသလော။

(စူရာ အန်နဟလ် – ၁၇)



A silkworm caterpillar in its cocoon which it has spun with a silk thread.


ပိုးကောင်သည် ပိုးချည်များဖြင့် မိမိကိုယ်ကို ရစ်ပတ်ထားသည်။

ဤအချင်းအရာများက ထိုသက်ရှိသတ္တဝါများသည် အလ္လာဟ်အရှင်မြတ်မှ သတ်မှတ်ထားသည့်အတိုင်း အသက်ရှင်လှုပ်ရှားနေထိုင်ကြသည်ဟု ကျွန်ုပ်တို့အား တဖန်ကောက်ချက်ချစေပြန်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ် (စူရာအန်နဟ်လ် ၁၆း၆၈–၆၉) တွင်၊ အလ္လာဟ်အရှင်မြတ်က ပျားများကို ပျားရည်ပြုလုပ်ရန် အမိန့်ပေးတော်မူကြောင်းပြဆိုထားခြင်းဖြင့် သက်ရှိတို့၏အံ့ဖွယ်မခန်းသောလျှို့ဝှက်ချက်များကို ဖေါ်ထုတ်ထားတော်မူ၏။ ထိုလျှို့ဝှက်ချက်များတွင်၊ သက်ရှိများအားလုံးသည်၊ အလ္လာဟ်အရှင်မြတ်၏ အလိုတော်အတိုင်း အလ္လာဟ်အရှင်မြတ်က သတ်မှတ်ထားတော်မူသည့်အတိုင်းသာလျှင် လိုက်နာအသက်ရှင်နေနိုင်ကြခြင်းပင်ဖြစ်၏။ ထို့ကြောင့် ပျားရည်ထုတ်သော ပျားများသည်၊ ပျားရည်ကိုအမြဲတစေ ထုတ်လုပ်ကြပြီး၊ ပိုးဖလံကောင်တို့သည် အစဉ်အမြဲ ပိုးချည်ကို ထုတ်လုပ်ကြခြင်းဖြစ်ပေသည်။

### အတောင်များ အချိုးကျတူညီခြင်း
### The Symmetry in Wings

လိပ်ပြာများ၏အတောင်ကို လေ့လာကြည့်ပါက လက်ဝဲဖက်အတောင်နှင့် လက်ျာဖက်အတောင် နှစ်ခုစလုံးတို့သည် အရွယ်အားဖြင့်လည်းကောင်း၊ အရောင်အကွက်ပုံစံများသည်လည်းကောင်း၊ ထပ်တူညီအချိုးကျနေကြသည်ကိုတွေ့ရလိမ့်မည်။ ထိုလှပသောအကွက်ဆန်းများနှင့် အရောင်များကိုလည်း အလွန်လှပသစ်ဆန်းသော အနုပညာအဖြစ်လူအများက နှစ်သက်ခြင်းများစွာဖြင့်ချီးမွမ်းကြကုန်၏။ နှစ်ဖက်စလုံးသော အတောင်များ၏ အကွက်ဆန်းအရောင်များသည် ကွဲလွဲခြားနားခြင်း အနည်းငယ်မျှမရှိဘဲ ထပ်တူထပ်မျှ တူညီလျက်ရှိသည်ကို တွေ့ရ၏။ အလွန်သေးငယ်သော အကွက်ပင် နှစ်ဖက်စလုံးတွင်ပါရှိပေသည်။ ချို့ယွင်းချက်လုံးဝမရှိသော အစီအစဉ်ပင်ဖြစ်၏။

ထို့အပြင် အလွန်ပါးလွှာသောထိုအတောင်များ၏ အရောင်တစ်မျိုးနှင့်တစ်မျိုးသည်လည်း မည်သည့်အခါမျှရောထွေးသွားခြင်း မရှိချေ။ အမှန်မှာ ထိုရောင်စုံတို့သည် အလွန်သေးငယ်သော အကြေးခွံများတစ်ခုနှင့်တစ်ခု ဆင့်ကာဆင့်ကာထပ်ထားခြင်းဖြစ်သည်။ သင်၏လက်ဖြင့်အသာအရာထိရုံဖြင့် ကြွေကျကုန်နိုင်သည့် ထိုမျှသေးငယ်သောအကြေးခွံများကို အတောင်နှစ်ဖက်တွင် အကွက်ပုံစံများ ထပ်တူထပ်မျှတူညီနေအောင် အမှားအယွင်းလုံးဝမရှိဘဲ စီရီထားနိုင်ခြင်းသည် အံ့ဩဖွယ်တစ်ရပ်မ



လှပပြတ်သားသော အရောင်ဆန်းများရှိသည့် ဤလိပ်ပြာများသည်၊ အသိဉာဏ်ကင်းမဲ့သော မတော်တဆ အဖြစ်မျိုးမှပေါ်ထွန်းလာခြင်း မဟုတ်ဘဲ၊ ပြိုင်ဘက်ကင်းသော အင်မတန်ဆန်းပြားကောင်းမွန်သည့် ဖန်ဆင်းခြင်းမှပေါ်ထွန်းလာခြင်းဖြစ်ကြောင်းကို သက်သေခံလျက်ရှိ၏။


ဟုတ်ပါလား။ အကြေးခွံကလေးတစ်ခုလောက်ကို အစားထိုးလိုက်သည်နှင့် တပြိုင်တည်း နကိုအရောင်များ ပျက်စီးယိုယွင်းသွားနိုင်သည့်အပြင် အနုပညာမြောက်လှသောအလှသည်လည်း ပျက်သွားမည်သာဖြစ်၏။ လိပ်ပြာတောင်များ၏အရောင်စီစဉ်မှုများတွင် ချို့ယွင်းချက်ရှိခြင်း၊ အရောင်များမပြီသ ရောထွေးပွေလီနေခြင်း စသည်တို့ကို မည်သည့်အခါမျှတွေ့မြင်ကြရမည်မဟုတ်ပေ။ အနု

ပညာ လက်ရာအမြောက်ဆုံးအနုပညာသည်၏လက်ရာဖြင့် ပြုလုပ်ဖန်တီးလိုက်ခြင်းပင်ဖြစ်၏။ ထိုလက်ရာရှင်သည်ကား၊ ဘုန်းတန်ခိုးအာနုဘော်ကြီးမြင့်လှသော ဖန်ဆင်းရှင်သာလျှင်ဖြစ်တော်မူ၏။

## လည်ပင်းအရှည်ဆုံးတိရစ္ဆာန် – သစ်ကုလားအုပ်
## The Animal with the Longest Neck: The Giraffe

သစ်ကုလားအုပ်သည် ထူးခြားသောအချက် အမြောက်အမြားရှိသော တိရစ္ဆာန်တစ်မျိုးဖြစ်ပေသည်။ ၎င်းထူးခြားချက်များအနက်တစ်ခုမှာ အလွန်ရှည်လျားသောလည်ပင်းသည် အခြားတိရစ္ဆာန်များကဲ့သို့ပင် ကျောရိုး ၇ ဆင့်ပေါ်တွင်သာဆက်ထားခြင်းဖြစ်သည်။ နောက်ထူးခြားချက်တစ်ခုမှာ၊ လည်ပင်းရှည်လျားခြင်းကြောင့် ဦးခေါင်းသည် မြင့်မားသောနေရာသို့ ရောက်နေသော်လည်း သူတို့၏နှလုံးသားမှ ဦးခေါင်းအထိ သွေးကိုစုတ်တင်ညှစ်တင်ပေးရန်ခက်ခဲမှုပိုမို၍မရှိခြင်းပင်ဖြစ်၏။ ထိုကဲ့သို့ မြင့်မားသောဦးခေါင်းသို့ နှလုံးသားမှသွေးကိုညှစ်တင်ပေးရန်မည်မျှခက်ခဲပေမည်နည်း။

သို့သော်လည်း သစ်ကုလားအုပ်၏ အထူးစီမံထားသောနှလုံးသားသည်၊ သွေးများကိုအလွယ်တကူတွန်းတင်ညှစ်တင်ပေးနိုင်စွမ်းရှိသဖြင့် သစ်ကုလားအုပ်အတွက် မည်သည့်အခက်အခဲမျှမရှိချေ။ သူတို့အတွက် အသက်ရှင်နေနိုင်ရန် သီးခြားအားစိုက်ပင်ပန်းနေရခြင်းမရှိချေ။



Like all other living beings, giraffes are also created with a perfect design.

အခြားသက်ရှိသတ္တဝါများကဲ့သို့ သစ်ကုလားအုပ်ကိုလည်း ပုံစံကျကျ ဖန်ဆင်းထားပေသည်။

အရပ်မြင့်သောကြောင့် ရှိနိုင်သော အခြားအခက်အခဲတစ်ခုမှာ ရေကုန်းသောက်ရန်ခက်ခဲမှုရှိနိုင်သေးသည်။ သူတို့ ရေကုန်းသောက်တိုင်း သွေးများသည်လည်း ဦးခေါင်းသို့ဒလဟောဆင်းသွားနိုင်ခြင်းကြောင့် သွေးဖိအားများလွန်းသဖြင့် မူးမေ့သေဆုံးသွားနိုင်ပေသည်။ သို့သော်လည်း သူတို့၏လည်ပင်းတွင် ထိုအဖြစ်ဆိုးကို ကာကွယ်နိုင်ရန် အလွန်ကောင်းမွန်သည့်အစီအစဉ်တစ်ခုရှိလေသည်။ သူတို့ ရေကုန်းသောက်တိုင်း လည်ပင်းရှိသွေးလွှတ်ကြောအတွင်း သွေးစီးခြင်းကို ထိန်းပေးပိတ်ပေးသော တံခါးအဆို့ရှင်(အခင်ရှင်)က သွေးများ ဦးခေါင်းသို့ လိုအပ်သည်ထက်ပို၍ မဆင်းရန်ထိန်းပေးထားသည်။

ဤသို့သောသစ်ကုလားအုပ်အတွက် ထူးခြားချက်ဂုဏ်သတ္တိများကို သူကိုယ်တိုင်ပုံစံသွင်း၍စီမံတည်ဆောက်ခြင်း မဖြစ်နိုင်ကြောင်းကို ကျွန်ုပ်တို့သံသယမရှိကြပေ။ ထိုဂုဏ်သတ္တိများသည်အီဗိုလူးရှင်းသီအိုရီအရ နှစ်သန်းပေါင်းများစွာအတွင်းတစ်စတစ်စပြောင်းလဲတိုးတက်လာခြင်းဖြင့် ပြည့်စုံလာသည်ဟုဆိုခြင်းသည် ပို၍ပင်မဖြစ်နိုင်ချေ။ သစ်ကုလားအုပ်အသက်ရှင်နေနိုင်ရန် မြင့်မားသောဦးခေါင်းအထိ သွေးကိုညှစ်တင်ပေးသည့်အင်အား လိုအပ်သလို၊ တချိန်တည်းတွင် ရေကုန်းသောက်သည့် စက္ကန့်ပိုင်းအတွင်း သွေးဖိအားကိုထိန်းရန် သွေးကြောအတွင်းရှိ အခင်ရှင်ကလည်း ပိတ်ပေးပြီး၊ တဖန်ပြန်၍မော့လာသောအခါ ဖွင့်ပေးရန်လည်း လိုအပ်ပေသည်။ အကယ်၍ ထိုအချင်းအရာနှစ်ခုအနက် တစ်ခုခုလျော့နေပါက သစ်ကုလားအုပ်သည် သားမွေးနိုင်သည့်အရွယ်အထိ အသက်ရှင်နေနိုင်ရန်မဆိုထားဘိ၊ မိနစ်ပိုင်းအတွင်းတွင်ပင် အသက်ရှင်နေနိုင်ရန် မဖြစ်နိုင်ချေ။

သစ်ကုလားအုပ်သည် ဤကမ္ဘာမြေကြီးပေါ်တွင် အသက်ရှင်နေနိုင်ရန်အတွက်၊ မွေးလာကတည်းကစ၍ အသက်ရှင်နေနိုင်ရန် လိုအပ်ချက်ဂုဏ်သတ္တိများအားလုံး ပါလာပြီးသားဖြစ်ရမည်ဟု ကောက်ချက်ချရမည်ဖြစ်၏။ အသက်မရှိသောရုပ်ပစ္စည်း ဒြပ်ပစ္စည်းများသည်လည်း ထိုကဲ့သို့သောလိုအပ်ချက်များကို ဖန်တီးရန်အတွက် အသိဉာဏ်ရှိနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် သစ်ကုလားအုပ်ကို အသိဉာဏ်ပညာနှင့်ပြည့်စုံသော အရှင်က ဖန်ဆင်းထားခြင်းသာဖြစ်ရမည်။ ထိုအရှင်သည်ကား အလ္လာဟ်အရှင်မြတ်ပင် ဖြစ်ပေသည်။

ထိုအရှင်မြတ်သည် မရှိရာမှ ရှိရာသို့ (အကောင်အထည် အရောင်အဆင်း)ပုံသဏ္ဍာန် ဖေါ်၍ ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်ဖြစ် တော်မူ၏။ ထိုအရှင်မြတ်၌ ကောင်းမြတ်လှစွာသော နာမံ ဂုဏ်တော်များရှိကုန်၏။ မိုးကောင်းကင်များ၌ ရှိသမျှ တို့သည်လည်းကောင်း၊ ပထဝီ မြေ၌ရှိသမျှတို့သည်လည်း ကောင်း၊ ထိုအရှင်မြတ် စင် ကြယ်သန့်ရှင်းတော်မူကြောင်း ကို မြွက်ဆိုလျက်ရှိကြ ကုန်၏။ ထို့အပြင် ထိုအရှင်မြတ်သည်ပင် လွန်စွာခန့်ညား တော်မူသောအရှင်၊ သိမ်မွေ့လှစွာသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသတည်း။

(စူရာ အလ်ဟရှရ် ၅၉း၂၄)


## ပင်လယ်လိပ်များ **Sea Turtles**

ပင်လယ်လိပ်များသည်၊ မိတ်လိုက်မည့်အချိန်ရောက်သောအခါ အုပ်လိုက်စုပြုံ၍ ပင်လယ်ကမ်းခြေသို့ လာရောက်စုဝေးကြသည်။ ထိုပင်လယ်ကမ်းခြေသည်လည်း သာမန်ကမ်းတစ်ခုမဟုတ်ချေ။ သူတို့ ဥမှပေါက်လာခဲ့သည့်ပင်လယ်ကမ်းခြေပင်ဖြစ်၏။[၁၅] တခါတရံပင်လယ်လိပ်များသည် ထိုကမ်းကမ်းခြေသို့ရောက်ရှိရန် ကီလိုမီတာပေါင်း ၈၀၀ (မိုင်ပေါင်း ၅၀၀)ကျော်ပင်ခရီးသွားကြရပေသည်။ ထိုသို့သောဝေးလံသည့်ခရီး ပင်ပန်းနွမ်းနယ်သည့်ခရီးသည်လည်း ၎င်းတို့ကိုအဟန့်အတားပြုခြင်းမရှိချေ။ မည်သို့ဖြစ်ဖြစ် သူတို့ပေါက်ဖွားခဲ့သောပင်လယ်ကမ်းခြေတွင် သူတို့၏သားသမီးအဆက်အနွယ်များကို ဆက်လက်ပေါက်ဖွားစေရန် လာရောက်ကြရပေသည်။

သက်ရှိသတ္တဝါတစ်ကောင်သည် ၂၀–၂၅နှစ်ကြာ ထွက်ခွာလာခဲ့ပြီးနောက် သူပေါက်ဖွားရာပင်လယ်ကမ်းခြေသို့ မမှားမယွင်းအရောက်ပြန်လာနိုင်ခြင်းကို မည်သူကမျှ ရှင်းပြနိုင်ခြင်းမရှိသေးချေ။[၁၆] အလင်းရောင်မှိန်မှိန်မွှားမွှားသာရှိသော ပင်လယ်သမုဒ္ဒရာထဲမှနေ၍ မိမိပေါက်ဖွားခဲ့သောနေရာသို့ဦးတည်၍လာနိုင်ခြင်း၊ ဆင်တူရိုးမှားပင်လယ်ကမ်းခြေအမြောက်အမြားကြားမှ အတိအကျရွေးတတ်ခြင်း၊ စသည်တို့သည် သာမန်ထက်လွန်ကဲသော အံ့ဩဖွယ်အချက် ဖြစ်နေပြန်ပါသည်။

နောက်ဆုံးတွင် လမ်းပြအိမ်မြောင်မပါသည့်ထောင်သောင်းမကသောထိုပင်လယ်ခရီးသည်တို့သည်၊ သူတို့၏ မွေးရာဇာတိ(ဥပေါက်ရာဇာတိ) ပင်လယ်ကမ်းခြေသို့ တစ်ချိန်တည်းတွင်တွေ့ဆုံစုရုံးကြလေသည်။ အစပိုင်းတွင် ထိုကဲ့သို့နှစ်စဉ်နှစ်တိုင်း လာရောက်စုရုံးကြခြင်းအကြောင်းရင်းသည် လို့

ဝှက်ချက်တစ်ခု ဖြစ်နေခဲ့သည်။ နောက်များမကြာမီတွင် ထိုသို့စုရုံးကြခြင်းသည် သူတို့၏ဥများကို ပင်လယ်ကမ်းခြေသဲသောင်ပြင်တွင်မြှုပ်နှံထားရန်ဖြစ်ကြောင်းသိရလေသည်။ အခြားပင်လယ်ကမ်း




(Above) The young sea turtle is about to arrive at the sea before the sun rises.
လိပ်ကောင်ငယ်များသည် နေမထွက်မီ ပင်လယ်ထဲသို့အရောက်သွားရန် ကြိုးစားနေကြသည်။

ခြေများတွင်လည်း ထိုကဲ့သို့မြှုပ်နှံထားနိုင်လျက်နှင့် အဘယ့်ကြောင့်ထိုနေရာတစ်နေရာတည်းတွင် လာရောက်စုရုံးပြီး ဥကြပါသနည်း? အခြားနေရာများတွင် သီးခြားစီ ဥခြင်းဖြင့် သူတို့၏သားငယ်

များသည် ပို၍လုံခြုံမည်မဟုတ်ပါလား? ဤအကြောင်းနှင့်ပတ်သက်၍ သုတေသနပြုသူတို့က ပို၍စိတ်ဝင်စားဖွယ်ကောင်းသောအချက်များကိုထပ်မံတွေ့ရှိကြလေသည်။ ထောင်သောင်းမကသော လိပ်ပေါက်စကလေးများသည် အပတ်တကုတ်ကြိုးပမ်းရသောအခက်အခဲအမျိုးမျိုးကို ကျော်လွှန်ကြရကြောင်း တွေ့ရှိရသည်။ ပထမဦးစွာ သူတို့၏မာကျောသောဦးခေါင်းခွံဖြင့် ဥခွံကိုခွဲပြီးနောက် သဲကိုယက်၍ အပြင်သို့ထွက်လာကြသည်။ အလေးချိန် ၃၁ ဂရမ် (၀.၇ ပေါင်) မျှသာရှိသော လိပ်ကလေးများသည်၊ ထူထပ်သောသဲကို ဖယ်ရှား၍ထွက်လာနိုင်ခြင်းမရှိသော်လည်း တွင်းတစ်တွင်းတွင် အမြောက်အမြားစုပြုံ၍ ပေါက်လာကြသောလိပ်ကလေးများသည် အချင်းချင်းဝိုင်းဝန်းကူညီကြခြင်းဖြင့် ပြင်ပသို့ ရက်အနည်းငယ်အတွင်း ယက်ထွက်လာနိုင်ကြသည်။ သဲသောင်ပြင်သို့မထွက်မီ ညဥ့်မှောင်သည်အထိ စောင့်ဆိုင်းကြပြန်သည်။ သို့မဟုတ်ပါက ပြင်ပတွင်ရန်သူအမြောက်အမြားက ဖမ်းဆီးစားသောက်ရန် စောင့်ဆိုင်းနေကြသည်။ အကယ်၍ နေ့အချိန်တွင်ထွက်လာပါက ပင်လယ်ရေပြင်သို့မရောက်မီ ပူပြင်းလှသောသဲသောင်ပြင်တွင် သေကြေကုန်ကြမည်ဖြစ်၏။ နေဝင်၍ မိုးချုပ်သည်နှင့်တပြိုင်နက် သဲသောင်ပြင်ပေါ်သို့တူးယက်တက်လာပြီး၊ ပင်လယ်သို့အမြန်နိုင်ဆုံး တွားသွားကြလေသည်။ ထို့နောက်တွင်ကား နောင် ၂၀–၂၅နှစ်ကြာပြီးမှ တဖန်ထိုကမ်းခြေသို့ပြန်လာကြတော့သည်။


ဥမှပေါက်ပေါက်ချင်း၊ ထိုလိပ်ပေါက်စများသည် ပြင်ပကမ္ဘာသို့ သဲကိုယက်၍ ထွက်လာရမည်ကို မည်သို့သိကြသနည်း? ပင်လယ်သို့ချက်ချင်းဆင်းမသွားကြဘဲ အဘယ့်ကြောင့် မှောင်သည်အထိ စောင့်ရန်လိုအပ်ကြောင်း မည်သို့သိကြသနည်း? လိပ်ပေါက်စများသည် သဲအတွင်း၌မြှုပ်နေစဉ် အချိန်တွင်၊ နေ့ညကိုခွဲခြားနိုင်ခြင်း၊ ပြင်ပတွင်သူတို့ကိုဖမ်းစားမည့်ရန်သူများရှိသည်ကို သိနိုင်ခြင်း၊ နေ့လည်ပိုင်းတွင် ပြင်ပသဲပြင်သည် ကျိုကျိုတက်ပူပြင်းနေသည်ကိုသိခြင်း၊ ထိုအခြေအနေတို့က သူတို့ကိုအသက်သေစေနိုင်သည်ကိုသိခြင်း၊ ပင်လယ်ရေပြင်သို့ အတတ်နိုင်ဆုံးအမြန်ရောက်အောင် သွားကြရမည်ကိုသိခြင်း၊ စသည်တို့ မဖြစ်နိုင်ချေ။ သို့သော်လည်း ထိုအသိများရှိနေကြသကဲ့သို့ အလိုလိုဆောင်ရွက် လှုပ်ရှားကြလေသည်။

ထိုအချင်းအရာတို့အတွက် တစ်ခုတည်းသောအဖြေမှာ၊ သူတို့ကိုယင်းကဲ့သို့ဆောင်ရွက်လှုပ်ရှားစေရန် 'ကြိုတင်၍စီမံထားခြင်း – ပရိုဂရမ်သွင်းထားခြင်း' သာလျှင်ဖြစ်ရမည်။ ဆိုလိုရင်းမှာ သူတို့၏ ဖန်ဆင်းရှင်သည် ထိုကဲ့သို့အလိုအလျောက်ဆောင်ရွက်လှုပ်ရှားကြအောင် လမ်းညွှန်ထားခြင်းဖြစ်ပေသည်။ ထိုဖန်ဆင်းရှင်သည်ကား အလ္လာဟ်အရှင်မြတ်ပင်တည်း။

## အပူလောင်စေသည့်ပိုးကောင် (Bombardier beetle)

အပူလောင်စေသည့်ပိုးကောင်ကို ဇီဝဗေဒပညာရှင်များက အကျယ်တဝင့်သုတေသန ပြုထားကြလေသည်။ ဤမျှကျော်ကြားရခြင်းအကြောင်းရင်းမှာ၊ ၎င်းပိုးကောင်သည် ဓါတုဗေဒနည်းကို အသုံးပြု၍ မိမိကိုယ်ကို ကာကွယ်သောကြောင့်ဖြစ်ပေသည်။ အန္တရာယ်နှင့်ကြုံတွေ့သည့်အခါ၊ ၎င်း၏ကိုယ်အတွင်းမှ ဟိုက်ဒြိုဂျင်ပါအောက်ဆိုဒ်နှင့် ဟိုက်ဒြိုကွီနုန်းဓါတ်များကို ရန်သူဘက်သို့ညှစ်ထုတ်လိုက်ခြင်းဖြင့် မိမိကိုယ်ကိုကာကွယ်လေသည်။ တိုက်ပွဲမဝင်မီ၊ ထုတ်လုပ်ရေးဆိုင်ရာအင်္ဂါအစိတ်အပိုင်းများတွင် ထိုဓါတ်ပေါင်းများကိုထုတ်လုပ်ပြီး အလွန်ပျစ်ပြင်းသောဓါတ်ရောကိုဖန်တီးထားသည်။ ထိုဓါတ်ရောကို သီးခြားအခန်းတစ်ခုတွင် သိမ်းဆည်းထားပြီး၊ ထိုအခန်းကို လောင်ကျွမ်းစေသောအခန်းနှင့် ပြွန်တစ်ခုဖြင့်ဆက်သွယ်ထား၍၊ ခလုတ်အဖြစ်ဆောင်ရွက်သောအစိတ်အပိုင်းကို ကြွက်သားဖြင့်ထိန်းထားသည်။ အန္တရာယ်ရှိသည်ဟုသိရသည်နှင့်တပြိုင်တည်း၊ ဓါတ်ရောကိုသိမ်းဆည်းထားသောအခန်း၏ပတ်ဝန်းကျင်ရှိ ကြွက်သားများက ညှစ်အားပေးလိုက်ချိန်တွင် ခလုတ်ကြွက်သားကလည်း ဖွင့်ပေးလိုက်သဖြင့် လောင်ကျွမ်းစေသောအခန်းသို့ ရောက်သွားလေသည်။ အပူရှိန်ပြင်းထန်စွာ တက်လာသည်နှင့်အမျှ အောက်စီဂျင်ဓါတ်ငွေ့နှင့်ပူးပေါင်း၍ လောင်ကျွမ်းလေသည်။ ထိုလောင်ကျွမ်းမှုအပူရှိန်သည်လည်း ပိုးကောင်၏ကိုယ်ခန္ဓာအတွင်းမှထွက်လာ၍၊ ရန်သူဘက်ဆီသို့ အရှိန်ပြင်းစွာ ဦးတည်လေတော့သည်။[၁၇]







ၚင်းပိုးကောင်ကိုသေစေနိုင်သော ထိုဓါတ်ငွေ့များကိုသူ၏ကိုယ်ခန္ဓာအတွင်း၌ ထုတ်လုပ်ပြီး မိမိကိုယ်ကို အန္တရာယ်မပြုအောင် သိမ်းထားနိုင်ခြင်းသည်၊ သုတေသနပညာရှင်တို့အတွက် နားလည်သဘောပေါက်နိုင်ခြင်း မရှိသေးသော လျို့ဝှက်ချက်တစ်ခုဖြစ်နေသေးသည်။ ထိုဓါတုဗေဒဆိုင်ရာဖြစ်စဉ်သည်လည်း ပိုးကောင်တစ်ကောင်အတွက် အလွန်နက်နဲသောဖြစ်ရပ်တစ်ခုဖြစ်နေသည်။ သိပ္ပံပညာရှင်များအတွက် ထိုကဲ့သို့သောဓါတ်ပြုခြင်းကို ပြုလုပ်နိုင်ရန် ဓါတ်ခွဲခန်းကြီးများ လိုအပ်သဖြင့်၊ အရွယ်အားဖြင့် ၂ စင်တီမီတာမျှသာရှိ သောပိုးကောင်တစ်ကောင်၏ကိုယ်တွင်း၌ မည်သို့ဖြစ်ပေါ်လာနိုင်ကြောင်းနှင့်ပတ်သက်၍ ယနေ့တိုင်ဆွေးနွေးပွဲများကျင်းပ၍ မဆုံးနိုင်ကြသေးချေ။

အဖြစ်နိုင်ဆုံးအဖြေမှာ၊ အီဗိုလူးရှင်းသီအိုရီကိုလုံးဝပယ်ဖျက်ပစ်နိုင်သည့်သာဓကအဖြစ် အမှန်တရားကိုဖေါ်ပြထားခြင်းသာဖြစ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ ဤကဲ့သို့သော ခက်ခဲနက်နဲသည့် ဓါတုဗေဒဖြစ်စဉ်သည်၊ မတော်တဆအဆင့်ဆင့်ဖြစ်ပေါ်လာပြီး၊ နောင်သားစဉ်မြေးဆက်သို့ မပြောင်းမလဲဘဲ ဆက်လက်အမွေအနှစ်ဆက်ခံစေခြင်း မဖြစ်နိုင်သောကြောင့်ပင်တည်း။ သူ၏ကာကွယ်ရေးစနစ်တွင်၊ အနည်းငယ်မျှသော ချို့ယွင်းချက်ရှိပါက၊ ထိုပိုးကောင်သည် ရန်သူမှကာကွယ်နိုင်ခြင်းမရှိတော့ဘဲ သေကျေသွားမည်ဖြစ်သည်။ သို့မဟုတ် ထိုဓါတ်ပစ္စည်းများကြောင့် ပိုးကောင်၏ကိုယ်ထည်သည် ပေါက်ကွဲလောင်ကျွမ်းသွားနိုင်ပေသည်။ ထို့ကြောင့် ထိုပိုးကောင်၏ကာကွယ်ရေးစနစ်သည် တစ်ကြိမ်တည်းတွင် အပြည့်အစုံ ချို့ယွင်းချက်လုံးဝမရှိဘဲ ဖြစ်ပေါ်လာခြင်းသာလျှင် ဖြစ်နိုင်ပါသည်။

## ခြတောင်ဘို့ (Termite Nests)

မြေကြီးပေါ်တွင်တည်ဆောက်ထားသော ခြတောင်ဘို့များကိုတွေ့မြင်ကြသူတိုင်း အံ့သြခြင်းမဖြစ်ဘဲ မနေနိုင်ကြချေ။ ခြတောင်ဘို့များသည်၊ အချို့မှာ ၅ မီတာ ၆ မီတာခန့်အထိမြင့်ကြပြီး အလွန်အံ့ဖွယ်ကောင်းသော ပိသုကာလက်ရာများဖြစ်ပါသည်။ ခြကောင်များသည် သူတို့၏ကိုယ်ခန္ဓာထက် အဆပေါင်း ၃၀၀ ခန့်ကျယ်ဝန်းမြင့်မားသော တောင်ဘို့ကို အောင်မြင်စွာတည်ဆောက်နိုင်ကြ၏။ အကယ်၍ ထိုခြကောင်များသည် မျက်ကန်းများဖြစ်ကြောင်းကို သိကြပါက ပို၍ပင် အံ့အားသင့်ကြမည်ဖြစ်ပါသည်။

ခြတောင်ဘို့ကိုမတွေ့ဘူးသေးသူတစ်ယောက်အနေဖြင့် ခြတောင်ဘို့များကိုစတင်တွေ့ရှိချိန်တွင်၊ သဲပုံများကို အထပ်ထပ်ဆင့်၍ပြုလုပ်ထားခြင်းသာဖြစ်မည်ဟု သာထင်ကြလိမ့်မည်။ အမှန်မှာ ခြတောင်ဘို့များအတွင်း၌၊ လူများမတွေးမထင်မိသည့် ကောင်းမွန်သည့် ဆောက်လုပ်ရေးပုံးစံများဖြင့်ပြည့်နက်နေပေသည်။ တစ်ခုနှင့်တစ်ခုယှက်သန်းနေသောလိုင်ဂူလမ်းများ၊ စကြံလမ်းများ၊ လေဝင်လေထွက်အပေါက်များ၊ မှိုထုတ်လုပ်ရေးအတွက်အထူးပြင်ဆင်ထားသောမြေကွက်လပ်ရင်ပြင်များ၊ အရေးကြုံလျှင်ထွက်ရန်မလွယ်ပေါက်များ၊ စသည့်အစီအစဉ်များပါဝင်သည့်ဆောက်လုပ်ရေးပုံစံများနှင့်ပြည့်နက်လျက်ရှိကြောင်းကို တွေ့ရှိရပေသည်။



ကိုယ်ခန္ဓာစင်တီမီတာအနည်းငယ်လောက်သာမြင့်သောခြကောင်များသည်၊ မည်သည့် ပစ္စည်းကိရိယာများကိုမျှ အသုံးမပြုဘဲ၊ မြင့်မားသောခြတောင်ဘို့ကို ဆောက်နိုင်ကြ၏။ ထိုခြတောင်ဘို့အတွင်း၌ ဦးရေအားဖြင့် တစ်သန်း ခန့်ရှိသောခြကောင်တို့ကို ပြင်ပရာသီဥတုအခြေအနေမှ ကောင်းမွန်စွာ အကာအကွယ်ပေးနိုင်သည်။

အကယ်၍ မျက်စိကန်းသောလူပေါင်းရာထောင်တို့ကို လိုအပ်သောဆောက်လုပ်ရေးပစ္စည်းများအပြည့်အစုံပေးထား၍ ဆောက်လုပ်စေလျှင်၊ ထိုမျက်စိကန်းသောခြများဆောက်လုပ်သည့် ပုံစံမျိုးကဲ့သို့ပြည့်စုံအောင် ဆောက်လုပ်နိုင်မည်မဟုတ်ချေ။ စဉ်းစားကြည့်ပါ။

– မျက်စိပင်မမြင်ကြသောခြကောင်များသည်၊ ထိုမျှသိမ်မွေ့နက်နဲသောဆောက်လုပ်ရေးအင်ဂျင်နီယာအတတ်ပညာကိုမည်သို့သင်ယူနိုင်ကြသနည်း?

– ထောင်နှင့်ချီသောခြကောင်များသည်၊ အနုပညာမြောက်သောခြတောင်ဘို့ကို အဘယ်ကဲ့သို့ တညီတညွတ်တည်း ဝိုင်းဝန်းတည်ဆောက်နိုင်ကြပါသနည်း?

– အကယ်၍ ဆောက်လုပ်ခါစ ခြတောင်ဘို့ကို ထက်ခြမ်းခွဲ၍ပြန်ဆက်ကြည့်ပါက၊ အတွင်းရှိလှိုင်ခေါင်းလမ်းသွယ်များနှင့် မြောင်းငယ်များသည် တိတိကျကျပြန်လည်ကိုက်ညီနေကြောင်းတွေ့ရပါလိမ့်မည်။ ထိုအဖြစ်ကိုမည်သို့ရှင်းပြပါမည်နည်း?

အချုပ်မှာ၊ သက်ရှိသတ္တဝါတိုင်းကို အလ္လာဟ်အရှင်မြတ်သည်၊ ယခင်တွင်မရှိခဲ့ဘူးသေးသောပုံစံများဖြင့် တစ်ခုနှင့်တစ်ခုမတူညီ ထူးခြားစွာ ဖန်ဆင်းထားတော်မူခြင်းဖြစ်ပေသည်။ ခြတောင်ဘို့ကိုတွေ့မြင်လေ့လာမိသူတိုင်းသည်၊ အလ္လာဟ်အရှင်မြတ် ရှိတော်မူကြောင်းကို သဘောပေါက်နိုင်ပြီး ထိုအရှင်မြတ်သည်သာလျှင် ရှိရှိသမျှအရာခပ်သိမ်းကို ဖန်ဆင်းတော်မူကြောင်းကိုလည်း၊ သဘောပေါက်ယုံကြည်ကြမည်သာဖြစ်၏။

## သစ်တောက်ငှက် – **The Woodpecker**

ကျွန်ုပ်တို့အားလုံးသိကြသည့်အတိုင်း၊ သစ်တောက်ငှက်သည် သစ်ပင်များတွင် အပေါက်ထွင်း၍ အသိုက်ဆောက်ကြ၏။ သို့သော်လည်း ထိုသစ်တောက်ငှက်များသည် သစ်ပင်ကို ပြင်းထန်စွာနှုတ်သီးဖြင့်အဆက်မပြတ်ဆိတ်ကြသော်လည်းအဘယ့်ကြောင့်ဦးနှောက်ပျက်ခြင်းမရှိကြကြောင်းကို တွေးတောမိသူ အလွန်နည်းပါးပါလိမ့်မည်။ သစ်တောက်ငှက်၏ပြုမူချက်သည်၊ လူတစ်ဦးတစ်ယောက်က သူ၏ဦးခေါင်းဖြင့် သံမှိုကိုရိုက်သွင်းသည်နှင့်တူပါသည်။ အကယ်၍ လူတစ်ဦးတစ် ယောက်သည်၊ ထိုကဲ့သို့သာပြုမူပါက ဦးနှောက်တွင်း သွေးယိုခြင်းဖြစ်၍ ဦးနှောက်ပျက်သွားပါလိမ့်မည်။ သို့သော်လည်း၊ သစ်တောက်ငှက်သည် ၂–၃ စက္ကန့်မျှသောအချိန်အတွင်း ၃၈–၄၃ ကြိမ်ခန့်တောက်နိုင်ဆိပ်နိုင်ပြီး သူ၏ဦးနှောက်သည်လည်း ထိခိုက်မှုမရှိချေ။[၁၈]



ထိုကဲ့သို့မည်သည့်ထိခိုက်မှုမရှိခြင်းသည်သစ်တောက်ငှက်၏ဦးခေါင်းတွင် အထူးစီမံမှုရှိနေသောကြောင့်ဖြစ်ပေသည်။ သစ်တောက်ငှက်၏ဦးခေါင်းခွံသည်၊ သစ်ပင်ကိုဆိပ်တောက်ခြင်းကြောင့် ဖြစ်ပေါ်လာသောတုန်ခါမှုကို စုတ်ယူထားနိုင်အောင်စီမံထားသောကြောင့်ဖြစ်သည်။ နဖူးပိုင်းနှင့်တူသောဦးခေါင်းအရှေ့ပိုင်းနှင့် ဦးနှောက်ခွံကို အထူးကြွက်သားများဖြင့်ဆက်ထားခြင်း၊ နှုတ်သီးနှင့်မေးရိုးများကိုလည်း ရော်ဘာကဲ့သို့တွန့်နိုင်ဆုတ်နိုင်သောကြွက်သားများဖြင့်ဆက်ထားခြင်း စသည့်စီမံမှုများက အားသွန်ခွန်စိုက်ထိုးဆိပ်ခြင်းဖြင့်ဖြစ်ပေါ်လာသော ထိုတုန်ခါမှုများကို ပျယ်သွားစေသည်။[၁၉]

သစ်တောက်ငှက်တို့သည်၊ အပေါက်ထွင်းရန်အတွက်၊ အသက်နှစ်ပေါင်း ၁၀၀ ထက်ကျော်သော ထင်းရှူးပင်ကိုသာ ရွေးချယ်ကြလေသည်။ အဘယ့်ကြောင့်ဆိုသော် အသက် ၁၀၀ ကျော်သော ထင်းရှူးပင်များသည် ပိုးထိုးခြင်းကြောင့် အသားများပွကာ ပျော့ပြောင်းသွားသောကြောင့်ဖြစ်သည်။ ဤအချက်ကိုလည်း သိပ္ပံပညာရှင်များက များမကြာမီကလေ့လာတွေ့ရှိခဲ့ကြပေသည်။ သမပိုင်းတွင် သစ်ပင်များသည် အများအားဖြင့် သစ်မာများသာဖြစ်ကြသဖြင့် သစ်တောက်ငှက်များသည်လည်း အများအားဖြင့်သစ်ဆွေးပင်ထောင်များတွင်အပေါက်ထွင်းကြသည်ကိုတွေ့ရှိရပေသည်။ ထိုအချင်းအရာကို သင်သည်ယ္ခုမှ ပထမဦးဆုံးဖတ်ရှုဘူးခြင်းလည်းဖြစ်နိုင်ပါသည်။ သို့သော်လည်း သစ်တောက်ငှက်များ ထိုကဲ့သို့ပြုလုပ်ခဲ့ခြင်းသည်ကား နှစ်ပေါင်းထောင်သောင်းမက ရှိခဲ့လေပြီ။

သစ်တောက်ငှက်များသည်၊ ထင်းရှူးပင်ကဲ့သို့ အစေးရှိသောအပင်များကိုသာရွေးလေ့ရှိကြသည်။ သူတို့၏အသိုက်ပတ်လည်တွင်လည်း တွင်းငယ်များထွင်းထားလေ့ရှိကြသည်။ ယ္ခင်ကအဘယ့်ကြောင့် ထိုအပေါက်များကိုထွင်းထားကြောင်း ဇီဝဗေဒပညာရှင်များ သဘောမပေါက်ကြချေ။ အမှန်မှာ ထိုတွင်းများသို့ ထင်းရှူးဆီများကျလာပြီး ပြည့်နေခြင်းကြောင့် သူတို့၏အကြီးဆုံးသောရန်သူမြွေများ၏ရန်မှ ကာကွယ်နိုင်ရန်ဖြစ်ကြောင်း မကြာသေးမီကမှ သဘောပေါက်ကြပေသည်။

သစ်တောက်ငှက်များ၏ လျှာများသည် အလွန်သေးသွယ်ပြီးစေးထန်းသဖြင့် ပတ်ဝန်းကျင်ရှိ ပုရွက်ဆိတ်များကိုဖမ်းယူစားသောက်ရင်း အသိုက်ကိုသန့်ရှင်းစေခြင်း၊ သားငယ်များကိုပုရွက်ဆိတ်ရန်မှကာကွယ်ခြင်းများ ပြုနိုင်ကြလေသည်။ လိုအပ်ပါက ပုရွက်ဆိတ်အသိုက်များတွင်းသို့လည်း ထိုးသွင်း၍ပုရွက်ဆိတ်များကိုဖမ်းယူစားသောက်နိုင်ကြ၏။ သူတို့၏လျှာများတွင် ပုရွက်ဆိတ်၏ကိုယ်တွင်းမှထွက်လာသောအက်စစ်ငရဲမီး၏ရန်မှကာကွယ်နိုင်ရန် စီမံထားခြင်းရှိလေသည်။[၂၀]




သစ်တောက်ငှက်၏အရည်အချင်းတစ်မျိုးစီကို အထက်တွင်အပိုဒ်တစ်ခုစီဖြင့်ရှင်းပြပြီးခဲ့ပါပြီ။ ထိုအရည်အချင်းများ တစ်ခုချင်းသည်၊ ဖန်ဆင်းထားခြင်းဖြစ်ကြောင်းကိုပြဆိုလျက်ရှိပေသည်။ အီဗိုလူးရှင်းသီအိုရီအရ သစ်တောက်ငှက်များသည် ထိုအရည်အချင်းများကို နှစ်ပေါင်းသိန်းသန်းနှင့်ချီ၍ စုဆောင်းတိုးတက်ဖြစ်ပေါ်လာရမည်ဆိုပါက၊ ထိုကဲ့သို့သောအရည်အချင်းပြည့်စုံမှုမရှိမီအတွင်း သေကြေပျက်စီးကုန်ပြီး မျိုးသုဉ်းကုန်မည်သာဖြစ်၏။ သို့သော်လည်း ထိုသို့မဟုတ်ချေ။ အလ္လာဟ်အရှင်မြတ်သည် သစ်တောက်ငှက်၏ အသက်ရှင်နေရေးနှင့် ဆက်လက်၍အစွန့်ရှည်စွာ မျိုးပွားပေါက်ဖွားနိုင်ရန်လိုအပ်သည့်အထူးပုံစံဖြင့် ဖန်ဆင်းခဲ့ပြီး၊ သစ်တောက်ငှက်တို့သည်လည်း ကမ္ဘာဦးကတည်းက ထိုအရည်အချင်းများ အပြည့်အစုံဖြင့် ဖေါက်ဖွားလာခဲ့ကြလေသည်။

## ရုပ်ဖျောက်ရုပ်ဖျက်ခြင်း – Camouflage

တိရစ္ဆာန်တို့၏ မိမိတို့ကိုယ်ကိုကာကွယ်သည့်နည်းများအနက် အများအားဖြင့် ရုပ်ဖျောက်ရုပ်ဖျက်ခြင်းကို အသုံးပြုကြသည်။ အချို့တိရစ္ဆာန်များသည် သူတို့နေထိုင်ရာပတ်ဝန်းကျင်ရှိအရောင်နှင့်ဆင်တူရိုးမှားဖြစ်အောင် ပြောင်းလဲနိုင်သည့်သူတို့၏ကိုယ်တွင်း သို့မဟုတ်အရေပြားများတွင် သီးခြားစီမံမှုရှိကြလေသည်။ သူတို့ကိုရှောင်တခင်ကြည့်ခြင်းဖြင့် သစ်ကိုင်းသစ်ရွက်လော တိရစ္ဆာန်ကောင်လော ဟူ၍ခွဲခြားနိုင်ခြင်းမရှိအောင် သူတို့၏ပတ်ဝန်းကျင်နှင့်ဆင်တူကြသည်ကို တွေ့ကြရပေမည်။

အောက်ပါစာမျက်နှာများတွင်၊ တိရစ္ဆာန်ပိုးကောင်များသည် သူတို့၏ပတ်ဝန်းကျင်နှင့် သစ်ကိုင်းသစ်ရွက်များနှင့်ဆင်တူလွန်းသဖြင့် သူတို့၏ရန်သူများက သတိမထားမိဘဲ အသက်အန္တရာယ်မှလွတ်ကင်းကြကြောင်းကိုပြသည့် ပုံများကိုတွေ့ကြပါလိမ့်မည်။ သေးငယ်လှသည့် ထိုပိုးကောင်များသည်လည်း သူတို့ကိုယ်ကိုသူတို့ သစ်ရွက်သစ်ကိုင်းများနှင့်တူအောင်လုပ်ရန် သူတို့ကိုယ်တိုင်စီမံ ယူခြင်းမဟုတ်ချေ။ သူတို့၏ကိုယ်ခန္ဓာသည် သစ်ရွက်သစ်ကိုင်းများနှင့်တူသွားသဖြင့် ရန်သူမှလွတ်မြောက်သွားကြခြင်းကိုပင် သူတို့ကိုယ်တိုင် သိကြမည်မဟုတ်ချေ။ သို့သော်လည်း ထိုသို့သောရုပ်ဖျောက်ခြင်းသည် အထူးစီမံဖန်ဆင်းထားသော လက်ရာမြောက်လှသည့်ကာကွယ်ရေးလက်နက်ဖြစ်ကြောင်းတွေ့ရှိရပေသည်။



**The snake that camouflages itself in the sand hides from its enemies. Is it possible th this snake made its skin's colour and pattern fully harmonise with its habitat?**

မြွေသည်   သူ၏ရန်သူများမှပုန်းအောင်းရန်သဲထဲတွင်ဝင်နေတတ်၏။   သူပုန်းအောင်းနေသောပတ်ဝန်းကျင်၏ အရောင်နှင့်တူအောင် ကိုယ်ယောင်ဖျောက်နိုင်သလား?

မြက်ကြားတွင် နေတတ်သော ဒိုးငှက်ငယ်များ၏ဥများ သည် ပတ်ဝန်းကျင် အရောင် နှင့် တူလွန်းသဖြင့်၊ ရန်သူ များမှ ကာကွယ်ထားနိုင်လေ သည်။





ဤပုံတွင် မြူတွင်း၌ မြွေ
တစ်ကောင် ပုန်းအောင်း
နေသည်။ မြင်ပါသလား။

ဤတောက်တဲ့သည် မိနစ်
၂၀အတွင်း ပတ်ဝန်းကျင်
အရောင်သို့ ပြောင်းသွားနိုင်၏။







သစ်ကိုင်းဟုထင်ရသောအရာကို သေသေချာချာကြည့်
လျှင် ပိုးကောင်တစ်ကောင်ဖြစ်ကြောင်းတွေ့ရ၏။



ပုရွက်ဆိတ်စားသော အကောင်တစ်
ကောင် ဖက်ခြောက်ကြားတွင်ပုန်း
နေပါသည်။ မြင်ပါသလား?



ဤနှံကောင်သည် တစ်ကိုယ်လုံးသစ်ရွက်နှင့်တူသောကြောင့် ၎င်း၏ဘဝတစ်ခုလုံးတွင် လုံခြုံမှုကို ရရှိလေသည်။

ဤပိုးကောင်သည် အရွက်၏အလယ်ကြောတွင် ကပ်နေခြင်းဖြင့် ရန်သူများ မတွေ့နိုင်ချေ။





ဤမြွေစိမ်းသည် သစ်ရွက်များကဲ့သို့ လေလွင့်ဦး ခေါင်းထောင်ထားခြင်းဖြင့် ရန်သူများမမြင်နိုင်ချေ။

သစ်ခွပန်းပေါ်ရှိ ဤရှိုးကောင်၏ အရောင်သည် သစ်ခွပန်းနှင့် ဆင်တူသွားသဖြင့် နှံကောင်ကို လှည့်စားနိုင်ခဲ့၏။



## မျက်စိအတု


တိရစ္ဆာန်လောကတွင် မယုံနိုင်ဖွယ်ရာဖြစ်သော ကျွန်ုပ်တို့မတွေးမထင်နိုင်သည့် ကာကွယ်ရေးနည်းလမ်းများရှိကြပေသည်။ ၎င်းတို့အနက် မျက်စိအတုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။ ထိုမျက်စိအတုများဖြင့် လိပ်ပြာ၊ ခူကောင်၊ ငါး၊ စသဖြင့် အကောင်အတော်များများတို့သည် သူတို့၏ရန်သူများကိုကြောက်မက်ဖွယ်ကောင်းသည်ဟု ထင်စေခြင်းဖြင့်အန္တရာယ်မှလွတ်ကင်းနိုင်ကြသည်။

အောက်ပါပုံတွင်ပြထားသော လိပ်ပြာတို့သည်၊ သစ်ကိုင်းတွင် နားနေသောအခါ အတောင်ကိုဖြန့်ထားခြင်းဖြင့် အတောင်နှစ်ဖက်ပေါ်တွင်ရှိသော မျက်လုံးကြီးနှစ်လုံးနှင့်တူသည့်ပုံကို ပြထားလေ့ရှိကြသည်။ ထိုပုံကိုတွေ့၍ ရန်သူကလည်း ကြောက်မက်ဖွယ်ကောင်းသောအကောင်ကြီး ဟုထင်ပြီး ရန်မပြုတော့ချေ။






လိပ်ပြာအချို့ အတောင်ဖြန့်လိုက်သောအခါတွင် မျက်လုံးကြီးပုံများပေါ်လာလေ့ရှိ၏။ အထက်ပါပုံတွင် လိပ်ပြာတစ်ကောင်၏ အတောင်တွင်၊ မျက်လုံးပုံများသာမက နှာခေါင်းကြီးနှင့် မျက်ခုံးပုံများပင် ပါရှိနေ၏။ ဒေါသထွက်နေသောမျက်နှာနှင့်လည်းတူနေသည်။ အလ္လာဟ်အရှင်မြတ်ကို မယုံကြည်သူက ထိုသို့ဖြစ်ခြင်းသည် မတော်တဆကြုံ၍ဖြစ်သည်ဟုဆိုလိမ့်မည်။ သို့မဟုတ်ထို လိပ်ပြာက ထိုသို့ဖြစ်ရန်လိုအပ်သည်ထင်၍ ဖန်တီးယူခြင်းလည်းဖြစ်နိုင်သည်ဟုပင်ဆိုလိမ့်မည်။ ပန်းချီကားချပ်တစ်ချပ်ကို သူ့အလိုလိုမတော်တဆဖြစ်လာသည်ဟုဆိုလျှင်၊ ကျိုးကြောင်းဆီလျော်သည်ဟုဆိုနိုင်ပါမည်လော? သာမန်အသိဉာဏ်ပင် မရှိဟုသာဆိုရမည်မဟုတ်လော?



On the left are the real head and eyes of the thornback ray fish. On the right, the fish swims into its nest and leaves out its tail on which there is a pair of 'eyes'. Other fish around it dare not to come close to it as the false eyes in the tail make them think that it is awake.

လက်ဝဲဘက်တွင် ငါးတစ်ကောင်၏ဦးခေါင်းနှင့် ၎င်း၏မျက်လုံးအစစ်ဖြစ်သည်။ လက်ျာဘက်တွင်မူ အမြီးပေါ်ရှိ မျက်လုံးပုံအတုကို တွေ့ရ၏။ ယင်းမျက်လုံးပုံအတုများကြောင့် ထိုငါးသည် အခြားငါးများ၏အနှောက်အယှက်မှကင်းလွတ်စွာ နားနေနိုင်လေသည်။

အချိန်အနည်းငယ်ယူပြီးစဉ်းစားတွေးကြည့်ကြရအောင်။ ထိုမျက်လုံးများနှင့်တူသော ပုံများသည်၊ မတော်တဆ ဖြစ်ပေါ်လာနိုင်ပါမည်လော? လိပ်ပြာကောင်သည် သူ၏အတောင်အနောက်ကျောတွင် ကြောက်မက်ဖွယ်ကောင်းသော မျက်လုံးနှစ်လုံးရှိကြောင်း၊ ရန်သူကိုခြောက်လှန့်ရန် ထိုမျက်လုံးများကိုပြသထားရန်လိုအပ်ကြောင်းကို မည်သို့သိမည်နည်း? ထိုမျက်လုံးပုံများကို လိပ်ပြာကောင်ကိုယ်တိုင် မြင်ရမည်လော? ရန်သူကို ခြောက်လှန့်ရာတွင် အသုံးပြုနိုင်ကြောင်းကို သိမည်လော?

ထိုကဲ့သို့ သူတပါးကို မျက်လုံးကြီးများဟု ယုံကြည်စေလောက်အောင် နှစ်ဖက်စလုံးတစ်ထေယော်တည်း တူညီလှသောပုံများသည်၊ အသိဉာဏ်ရှိခြင်းမှရရှိသော ပုံစံသာဖြစ်နိုင်ပါသည်။ မတော်တဆဖြစ်ပေါ်လာခြင်းမဖြစ်နိုင်။ ထိုလိပ်ပြာသည်လည်း မိမိ၏အတောင်နောက်ကျောတွင် ရန်သူကိုခြောက်လှန့်နိုင်သည့် မျက်စိပုံများရှိကြောင်းနှင့် ထိုပုံများဖြင့် ရန်သူကိုခြောက်လှန့်ရမည်ကိုလည်း သိနိုင်မည့် အကြောင်းလုံးဝမရှိချေ။ အလ္လာဟ်အရှင်မြတ်ကသာလျှင် ထိုလိပ်ပြာကို ဖန်ဆင်းချိန်တွင် ထိုမျက်လုံးပုံများကို ပေးသနားတော်မူပြီး အန္တရာယ်ရှိချိန်တွင် ထိုမျက်လုံးပုံများကိုအသုံးပြုနိုင်သည့်အပြုအမူကိုလည်း အလိုလိုပြုမူတတ်အောင် အသိတစ်ခုထည့်သွင်းပေးထားခြင်းသာဖြစ်ပေသည်။


## ကြာပင်ကြာပန်းများ – **Water Lilies**


ပန်းငယ်ကလေးများကို ၎င်းတို့အတွင်း၌ အလွန်ပြေပြစ်လှပမှုနှင့်ပြည့်စုံမှုရှိနေခြင်းကို လူအများက သာမန်အရာဝတ္ထုများအဖြစ်ဂရုမူခြင်းမရှိကြပေ။ အလ္လာဟ်အရှင်မြတ်၏ ထိုပန်းများအတွင်း အံ့မခန်းသောဖန်ဆင်းမှုများကို နေ့စဉ်နေ့တိုင်းတွေ့မြင်နေရသည့် ရိုးနေသည့်အဖြစ်ကြောင့် သတိမမူမိကြတော့ချေ။ ထို့ကြောင့် အခြေအနေမတူညီသောအခြားနေရာ၊ အခြားရာသီဥတုနှင့်မမြင်ဘူးသေးသောအရွယ်အစားရှိသည့် ပန်းများက 'ထိုရိုးနေပြီဟူသောကာဆီးမှု'ကိုဖေါက်ထွင်း၍ အလ္လာဟ်အရှင်မြတ်ရှိနေခြင်းကို မြင်စေပါလိမ့်မည်။

အမေဇုံမြစ်အောက်ရှိမြေစေးပြင်မှပေါက်ထွက်လာသော ကြာပန်းများက ထိုရိုးနေပြီ ဟူသောကာဆီးမှုကို ဖယ်ရှားပေးပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထိုကြာပန်းများသည် ကျွန်ုပ်တို့နေ့စဉ်တွေ့မြင်နေကျ ရိုးနေပြီဖြစ်သော အပင်များနှင့်မတူဘဲ သူ၏ရှင်သန်ရေးအတွက် သူမတူအောင် ရုန်းကန်နေရသောကြောင့်ဖြစ်၏။



ကြာပင်များသည်၊ ရေမျက်နှာပြင်သို့ထိုးပေါက်ထွက်လာမှသာလျှင် နေရောင်ခြည်ကိုအသုံးပြုနိုင်၏။ ထိုသို့ပြုရန်နှစ်မီတာမျှ ထိုးထောက်ရပေသည်၊ အမြစ်များသည်လည်း၊ အောက်စီဂျင်ကို လိုအပ်၏။ အရွက်များသည်လည်း၊ နေရောင်ခြည်များများ စုတ်ယူနိုင်ရန်နှင့် အောက်စီဂျင်များများရှူနိုင်ရန် ရေမျက်နှာပြင်တွင် ကျယ်နိုင်သလောက်ကျယ်အောင် ဖြန့်ထားကြ၏။







ထိုကြာပန်းများသည်၊ အမေဇုံမြစ်အောက်ရှိရွှံ့စေးတွင်စတင်အညွှန့်ပေါက်ကြပြီး မြစ်ရေမျက်နှာပြင်သို့ထိုးထွက်လာသည်။ သူတို့၏ပန်းတိုင်မှာ အသက်ရှင်သန်နေနိုင်ရေးအတွက် နေရောင်သို့အမြန်ရောက်ရှိရန်ဖြစ်ပေသည်။ ရေမျက်နှာပြင်သို့ရောက်ရောက်ချင်း ကြီးထွားခြင်းရပ်တန့်သွားကာ၊ ဆူးများဝိုင်းရံလျက်ရှိသော အဖူးတစ်ဖူးထွက်လာလေသည်။ အချိန်နာရီအနည်းငယ်အတွင်း ထိုအဖူးသည် နှစ်မီတာ (၆ ပေကျော်) ကျယ်ဝန်းသော ကြာရွက်ကြီးဖြစ်လာလေတော့သည်။ ရေမျက်နှာပြင်ကို ကျယ်နိုင်သမျှကျယ်အောင်နေရာယူခြင်းဖြင့် နေရောင်ကိုပို၍အသုံးပြုနိုင်ကြောင်းကိုသိထားကြပေသည်။ နေရောင်အမြောက်အမြားကိုအသုံးပြု၍အစာချက်ထုတ်ခြင်း(ဖိုတိုဆင်းသီစစ်)ပြုကြ၏။ ရေအောက်တွင် နေရောင်ရှားပါးခြင်းကြောင့် သူတို့ရှင်သန်နေနိုင်ရန် မဖြစ်နိုင်ကြောင်းကိုလည်း သိကြပေသည်။ အပင်တစ်ပင်က ထိုကဲ့သို့သောအသိဉာဏ်ရှိရှိ ပြုမူတတ်ခြင်းသည် အလွန်စိတ်ဝင်စားဘွယ်ကောင်းလှပေသည်။ အမေဇုံမြစ်ရှိကြာပန်းကြီးများအတွက် နေရောင်တစ်မျိုးတည်းနှင့်လည်း မလုံလောက်သေးချေ။ ၎င်းတို့၏အမြစ်များတွယ်နေသော မြစ်အောက် မြေစေးတွင်၊ အောက်စီဂျင်မရှိချေ။ ထို့ကြောင့် အောက်စီဂျင်ရှိသည့်ရေမျက်နှာပြင်သို့ ကြာရွက်ကို ကြာပင်၏ ပင်စည်က ၁၁–၁၂ မီတာ (၃၆ ပေကျော်) အထိရှည်လျားစွာ ထိုးတင်ရခြင်းဖြစ်၏။ ထိုမျှ

ရှည်လျားသော ပင်စည်သည်၊ ရေမျက်နှာပြင်တွင် မျောနေသောကြာရွက်နှင့် မြစ်အောက်ခြေရှိ ကြာမြစ်တို့အကြားတွင် အောက်စီဂျင်သယ်ယူပို့ဆောင်ပေးသောတာဝန်ကို ထမ်းဆောင်လေသည်။[၂၁]

မြစ်၏အောက်ခြေ မြေပြင်တွင် စတင်ပေါက်လာသောကြာညှောင့်ထိပ်ရှိ ကြာဖူးသည် ကြာပင်တစ်ပင်လုံးရှင်သန်ကြီးထွားရန်အတွက် နေရောင်နှင့်အောက်စီဂျင်လိုအပ်ကြောင်း၊ ထိုလိုအပ်ချက်အားလုံးသည်လည်း ရေမျက်နှာပြင်တွင်ရှိကြောင်း မည်သို့သိပါသနည်း? အသစ်စက်စက် သက်ရှိအပင်တစ်ပင်အဖြစ် ပေါက်ထွက်လာသောအညှောင့်ကလေးသည် မြစ်ရေအောက်တွင်ဆက်လက်ပေါက်ထွက်ရှင်သန်နေရမည့်အကြောင်းကိုသော်လည်းကောင်း၊ ရေမျက်နှာပြင်ပေါ်တွင် မိမိ၏ရှင်သန်ရေးအတွက် နေရောင်နှင့်အောက်စီဂျင်ဓါတ်ရှိကြောင်းကိုလည်းကောင်း၊ သိနိုင်မည်မဟုတ်ပေ။

အီဗိုလူးရှင်းဝါဒီတို့၏အဆိုအတိုင်းသာစဉ်းစားကြည့်ပါက၊ ဤကြာပန်းသည် ကြာပန်းပင်မဖြစ်နိုင်မီ နှစ်ပဝေသနီတုန်းကတည်းက မျိုးသုဉ်းတိမ်ကောကုန်ပြီးသာဖြစ်ပေလိမ့်မည်။ သို့သော်လည်း ထိုအမေဇုံမြစ်ရှိကြာပန်းကြီးသည် ယနေ့အထိချို့ယွင်းချက်မရှိ ပုံစံပြောင်းလဲခြင်းမရှိ ဆက်လက်ပေါက်နေပါသေးသည်။ အမှန်မှာ ဤအမေဇုံမြစ်မှ ဧရာမကြာပန်းကြီး၏ ကြီးထွားမှုတစ်ခုတည်းဖြင့်ပင် အီဗိုလူးရှင်းသီအိုရီကို အပြီးအပိုင် ပယ်ချပစ်ရန် လုံလောက်ပါသည်။

အမေဇုံမြစ်ကြာပန်းကြီး၏ မယုံကြည်နိုင်လောက်အောင် ရှုန်းကန်ရသည့်အဖြစ်သည်၊ ရေမျက်နှာပြင်သို့ရောက်သည်နှင့် အဆင်ပြေသွားတော့သည်။ ရေအောက်သို့ မြုပ်မသွားစေရန် ကြာရွက်အနားပတ်လည်သည် အပေါ်သို့ခုံးတက်သွားပြီး လင်ပန်းတစ်ချပ်ကဲ့သို့ ရေပေါ်တွင် မျောနေတော့သည်။ သူ၏ကြာပန်းမှဝတ်မှုံများကိုလည်း သူနှင့်မျိုးတူကြာပန်းများသို့ ပြန့်ပွားစေရန် အထူးစီမံထားသောအတောင်မာပိုးကောင်တစ်မျိုးကဆောင်ရွက်ပေးလေသည်။ ထိုအတောင်မာပိုးကောင်၏ ပျော့ကွက်မှာ အခြားရောင်စုံပန်းများကိုမကြိုက်တတ်ဘဲ အမေဇုံကြာပင်မှထွက်လာသော အဖြူရောင်ကြာပန်းကိုသာကြိုက်တတ်ခြင်းဖြစ်၏။ ပိုးကောင်တစ်ကောင်သည် ကြာပန်းသို့လာရောက်တွယ်ကပ်သည်နှင့်တပြိုင်တည်း၊ ကြာပန်းသည်ပိတ်သွားပြီး ထိုပိုးကောင်ကို တစ်ညဥ့်လုံးပိတ်လှောင်ထားလေသည်။ နံနက်မိုးလင်းသည့်အခါ ထိုပိုးကောင်၏ကိုယ်ထည်ပေါ်တွင် ဝတ်မှုံများလုံလောက်စွာတွယ်ကပ်သွားပြီဖြစ်သဖြင့် ပြန်လည်ပွင့်လန်းလာရင်း ပိုးကောင်သည်လည်းကြာပန်းမှထွက်ခွာသွားလေသည်။ မထွက်၍လည်းမဖြစ်ချေ။ ပိုးကောင်အတွက်စိတ်ဝင်စားဖွယ်ရာမရှိတော့ချေ။ အဘယ့်ကြောင့်ဆိုသော်၊ အဖြူရောင်ကြာပန်းသည် ပန်းရောင်အဖြစ်သို့ ပြောင်းလဲသွားခြင်းကြောင့်တည်း။ ထို့ကြောင့် ပိုးကောင်တွင်တွယ်ကပ်သွားသော ဝတ်မှုံများသည်လည်း မူလပန်းသို့ ပြန်မလာတော့ချေ။ ဤသို့ဖြင့် အမေဇုံမြစ်တဝှမ်းလုံးသည်လည်း လှပသည့်ပန်းရောင်ဖြင့်လွှမ်းခြုံသွားလေတော့သည်။

ထိုကဲ့သို့သော ချို့ယွင်းချက်မရှိ အသေးစိတ်တွက်ချက်ထားသောအလုပ်တစ်ခုသည် အသိဉာဏ်ကင်းမဲ့သော ပန်းဖူးတစ်ဖူး၏လုပ်ဆောင်ချက်ဖြစ်ပါမည်လော? လုံးဝမဖြစ်နိုင်ချေ။ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော ဉာဏ်ပညာအမြော်အမြင်နှင့်ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏လုပ်ဆောင်ချက်သာလျှင်ဖြစ်၏။ ယ္ခုဖေါ်ပြခဲ့သည့်အချက်များအရ အပင်များသည်လည်း စကြာဝဠာအတွင်းရှိ အခြားသက်ရှိအရာများကဲ့သို့ ရှင်သန်ကြီးထွားရန်အတွက် ၎င်းတို့လိုအပ်သည့်အချက်အလက်များအပြည့်အစုံဖြင့် ပေါ်ပေါက်လာခဲ့ကြကြောင်းကို ပြဆိုလျက်ရှိသည်။ ဤကားဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ပင်ဖြစ်၏။

## အခန်းနိဂုံး

လေတိုက်လာခြင်းဖြင့် လေယာဉ်ပျံတစ်စင်းသည် အလိုလိုမတော်တဆဖြစ်လာနိုင်ပါမည်လော? နာမည်အလွန်ကျော်ကြားသော ရူပဗေဒပညာရှင် ဆာဖရက်ဟွဲလ်က အသက်၏ပထမအစနှင့်ပတ်သက်၍ သူ၏အမြင်ကိုရေးသားဖေါ်ပြထားလေသည်။ သူရေးသားသော 'အသိဉာဏ်ရှိသည့်စကြာဝဠာ' *(The Intelligent Universe)* ဟူသောစာအုပ်တွင်၊

> ဤ(အီဗိုလူးရှင်း)သီအိုရီအရဆိုလျှင် အဆင့်မြင့်သောသက်ရှိသတ္တဝါများ ပေါ်ပေါက်လာခြင်းသည်၊ ဆိုက်ကလုံးလေမုန်တိုင်းကြီးတစ်ခုသည် အမှိုက်ပုံတစ်ပုံကိုဖြတ်၍တိုက်ခတ်လာရင်း ထိုအမှိုက်ပုံအတွင်းရှိ

ပစ္စည်းများဖြင့် ဘိုးအင်းဂျက် ၇၄၇ လေယာဉ်ပျံတစ်စင်းကို ဖန်တီးပေးလိုက်ခြင်းနှင့် တူပေသည်။” ဟု ဆိုထားသည်။[၂၂]

ဟွဲလ်၏နှိုင်းယှဉ်ချက်သည် အလွန်သင့်တော်လျောက်ပတ်သောနှိုင်းယှဉ်ချက်ပင် ဖြစ်၏။ အထက်တွင်တင်ပြဆွေးနွေးခဲ့သော ဥပမာများအရ အသက်ရှင်ခြင်းနှင့် ၎င်းတို့၏စနစ်ကျမှုများသည်၊ ထိုအရာများဖြစ်ပေါ်လာအောင် ဖန်တီးပြုလုပ်ပေးသောအင်အားကြီးကို ကျွန်ုပ်တို့ရှာဖွေရန် အတင်းအကြပ်တိုက်တွန်းလျက်ရှိပေသည်။ လေမုန်တိုင်းတစ်ခုက မတော်တဆ လေယာဉ်ပျံတစ်စင်းကို ဖန်တီးခြင်းမပြုနိုင်သလို၊ စကြာဝဠာကြီးသည်လည်း မမျှော်လင့်ဘဲအလိုလိုဖြစ်လာနိုင်စရာအကြောင်းမရှိချေ။ ထို့ထက်မက ထိုစကြာဝဠာဆက်လက်တည်ရှိလည်ပတ်နေနိုင်သည့် အလွန်နက်နဲရှုပ်ထွေးသောစနစ်ကို ထိန်းသိမ်းထားခြင်းသည် မတော်တဆမမျှော်လင့်ဘဲ အလိုလိုဖြစ်လာနိုင်စရာအကြောင်းအလျင်းမရှိပေ။ အမှန်မှာ စကြာဝဠာကြီးတွင်၊ လေယာဉ်ပျံတစ်စင်းအတွင်းရှိစက်ကိရိယာများထက် အဆပေါင်းမြောက်မြားစွာ ရှုပ်ထွေးနက်နဲသောစနစ်များပါဝင်လျက် ရှိပေသည်။

ဤအခန်းတွင်ဖော်ပြခဲ့သောအချက်များအားလုံးသည်၊ ကျွန်ုပ်တို့အား ပတ်ဝန်းကျင်ရှိအရာများတင်မကဘဲ အာကာသ၏နက်ရှိုင်းမှုတို့တွင်လည်း ချို့ယွင်းချက်ကင်းမဲ့သောစီမံမှုများဖြင့် ပြည့်နက်နေသည့် သာဓကများနှင့်ရင်ဆိုင်စေခဲ့ပေပြီ။ ထိုမျှပြည့်နက်များပြားလျက်ရှိသောလက္ခဏာများကို စိတ်ရင်းစေတနာသန့်သန့်နှင့်ကျိုးကြောင်းဆင်ခြင်သုံးသပ်သူတစ်ဦးသည်၊ စကြာဝဠာသည် မတော်တဆကြုံရင်းဖြစ်ပေါ်လာသည် ဟူသောအချက်ကိုလက်ခံခြင်းလုံးဝရှိမည်မဟုတ်ချေ။ စကြာဝဠာကြီးနှင့် ၎င်းတွင်ပါဝင်နေသောအရာခပ်သိမ်းကိုလည်း ဖန်ဆင်းထားခြင်းသာဖြစ်ရမည်ဟု ယုံကြည်မည်သာဖြစ်၏။

ချို့ယွင်းချက်လုံးဝကင်းမဲ့သော ထိုစနစ်ကြီးကိုဖန်ဆင်းသူသည်လည်း အတိုင်းအတာမရှိသောအစွမ်းတန်ခိုးအာနုဘော်နှင့်ဉာဏ်ပညာတို့ဖြင့်ပြည့်စုံသော အလ္လာဟ်အရှင်မြတ်သာလျှင် ဖြစ်တော်မူ၏။

# သိပ္ပံပညာရှင်တို့သည်အလ္လာဟ်
# အရှင်မြတ်၏လက္ခဏာတော်များကို အတည်ပြုကြ၏
# Scientists Confirm the Signs of Allah

ကျွန်ုပ်တို့ ယခုအချိန်အထိဆွေးနွေးခဲ့ပြီးသောအချက်များတွင်၊ သိပ္ပံပညာကတွေ့ရှိဖေါ်ထုတ်ပြီးသော စကြာဝဠာနှင့်ပတ်သက်သည့် အချက်အလက်များအားလုံးတို့သည်၊ အလ္လာဟ်အရှင်မြတ်ရှိကြောင်းကို ညွှန်းလျက်ရှိနေကြပေသည်။ သိပ္ပံပညာအနေဖြင့် စကြာဝဠာသည်ဖန်ဆင်းရှင်ရှိ၍၊ ထိုဖန်ဆင်းရှင်သည် ချို့ယွင်းချက်ကင်းမဲ့ပြီး ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံတော်မူကြောင်းကိုကျွန်ုပ်တို့အား ညွှန်ပြလျက်ရှိပေသည်။ သာသနာဘာသာအယူဝါဒသည် အလ္လာဟ်အရှင်မြတ်ရှိကြောင်းကို သွန်သင်၏။ ထို့ကြောင့် သာသနာကသွန်သင်ပြသသောတရားလမ်းမှန်ကို ပိုမိုထင်ရှားစေရန်အတွက် ဆန်းစစ်ရန် သိပ္ပံပညာသည် သင့်တော်သောနည်းလမ်းတစ်ခုဖြစ်ပေသည်။ သို့သော်လည်း သိပ္ပံပညာကို အသုံးပြုပါသည်ဟု ပြောကြသူအချို့သည်ကား သီးခြားရပ်တည်နေကြပေသည်။ သူတို့၏အမြင်အရ၊ သိပ္ပံပညာတွေ့ရှိဖေါ်ထုတ်ချက်များသည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်းနှင့် မပတ်သက်ဟု ဆိုကြ၏။ သိပ္ပံပညာကို သူတို့၏မိစ္ဆာတိတ္ထိ(ဒိဋ္ဌိ)အယူဝါဒအမြင်ဖြင့်သာ ကြည့်ကြပေသည်။ သိပ္ပံပညာအချက်အလက်များသည် အလ္လာဟ်အရှင်မြတ်ထံသို့ ညွှန်းလျက်ရှိခြင်းသည် မဖြစ်နိုင်ဟု ဆိုကြသည်။ သိပ္ပံပညာနှင့်သာသနာဘာသာအယူဝါဒသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်သောအတွေးအခေါ်များဖြစ်ကြသည်ဟု အခိုင်အမာပြောဆိုကြသည်။

အမှန်စင်စစ် ဤမိစ္ဆာတိတ္ထိအတွေးအခေါ်သည်၊ မကြာသေးမီကသာပေါ်လာသော အတွေးအခေါ်ဖြစ်ပေသည်။ ရှေးယခင်ကမူ သိပ္ပံပညာနှင့် ဘာသာအယူဝါဒများသည် ဆန့်ကျင်ဘက်ဖြစ်သော အတွေးအခေါ်များအဖြစ်မမြင်ကြချေ။ သို့သော်လည်း၊ နှစ်ဆယ်ရာစုပိုင်းမှစ၍ သိပ္ပံပညာကို အလ္လာဟ်အရှင်မြတ်ရှိကြောင်း သက်သေထူသောနည်းများတွင် အရေးကြီးသောအပိုင်းတွင်ပါဝင်ကြောင်း လက်ခံကြပေသည်။ သိပ္ပံပညာကို မိစ္ဆာတိတ္ထိအယူအဆများဖြင့် နားလည်သဘောပေါက်သောနည်းလမ်းသည်၊ ၁၈–ရာစုနှင့် ၁၉–ရာစုများတွင် ကျော်ကြားတွင်ကျယ်ခဲ့၍၊ ရုပ်ဝါဒအတွေးအခေါ်သည် တကမ္ဘာလုံးသို့ပျံ့နှံ့သွားလေသည်။ အထူးသဖြင့်၊ ၁၈၅၉ ခုနှစ်တွင် ချားလ်(စ်)ဒါဝင်က အီဗိုလူးရှင်းသီအိုရီကိုတင်ပြခဲ့ပြီးချိန်နောက်ပိုင်းတွင် ရုပ်ဝါဒီတို့သည် ယင်းသီအိုရီကိုကာကွယ်ရာ၌ သိပ္ပံပညာကိုခုတုံးလုပ်၍ ဘာသာအယူဝါဒကို အစားထိုးနိုင်သည့်အတွေးအခေါ်သစ်တစ်ခုအဖြစ် မြင်ကြသည်။ ထို့ကြောင့် ဘာသာအယူဝါဒများသည် သိပ္ပံပညာနှင့်ဆန့်ကျင်ဘက်ဖြစ်သည် ဟုကြွေးကျော်ကြသည်။ ဗြိတိသျှသုတေသနပညာရှင်များဖြစ်ကြသော မိုက်ကယ် ဘေးဂျင့်၊ ရစ်ချတ်လေးနှင့် ဟင်ရီလင်းကွန်းတို့က ဤအကြောင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းရေးသားထားကြပေသည်။

“ဒါဝင်၏အလျင် တစ်ရာစုခွဲတုန်းက ပေါ်ပေါက်ကျော်ကြားခဲ့သော နယူတန်၏လက်ထက်တွင်၊ သိပ္ပံပညာသည် ဘာသာအယူဝါဒနှင့်သီးခြားကွဲပြားသောအယူအဆတစ်ခု မဟုတ်ခဲ့ချေ။ သိပ္ပံပညာသည် ဘာသာအယူဝါဒကို အောက်ကျို့ကိုင်းရှိုင်းခဲ့ပေသည်။ သို့သော်လည်း၊ ဒါဝင်၏လက်ထက်တွင်မူ၊ သိပ္ပံပညာကို ဘာသာအယူဝါဒမှခွဲထုတ်ပြီး၊ ဘာသာအယူဝါဒနှင့်ဆန့်ကျင်ဘက်ဖြစ်သော သီးခြားအတွေးအခေါ်တစ်ခုအဖြစ်သို့ ပြောင်းလဲပေးခဲ့လေသည်။ သို့ဖြင့် သိပ္ပံပညာနှင့်ဘာသာအယူဝါဒတို့သည်၊ ဇာတ်ခုံတစ်ခုတည်းပေါ်တွင် မနေကြတော့ဘဲ၊ တစ်နေရာစီ ဆန့်ကျင်ဘက်အဖြစ် ရပ်တည်လာခဲ့ကြတော့၏။ ကမ္ဘာ့လူသားများသည်လည်း ထိုအတွေးအခေါ်နှစ်ခုအကြားတွင် တစ်ခုမဟုတ်တစ်ခုကိုသာ ရွေးချယ်ရန် တစ်စတစ်စအတင်းအကြပ်ပြုခံရတော့သည်။ ”[၂၃]

အထက်ကဆိုခဲ့သည့်အတိုင်း၊ ဘာသာအယူဝါဒနှင့် သိပ္ပံပညာတို့ကို သီးခြားစီအဖြစ် ခွဲထုတ်ခြင်းသည်၊ အတွေးအခေါ်အရသာလျှင်ဖြစ်၏။ ရုပ်ဝါဒကိုအခိုင်အမာယုံကြည်လက်ခံသော သိပ္ပံပညာရှင်အချို့သည်၊ စကြာဝဠာသည်ဖန်ဆင်းထားခြင်းမဟုတ်၊ ဖန်ဆင်းရှင်လည်းမရှိ ဟူသောအယူအဆတွင် မိမိကိုယ်ကိုဦးစွာရပ်တည်စေပြီး၊ ထိုအယူအဆကို ထောက်ခံသက်သေထူနိုင်သည့် သီအိုရီအမျိုးမျိုးကို တွေးတောတီထွင်ကြသည်။ ယင်းတို့အနက် အီဗိုလူးရှင်းသီအိုရီသည် အကျော်ကြားဆုံး

နှင့်အရေးကြီးဆုံးသီအိုရီဖြစ်ပေသည်။ အီဗိုလူးရှင်းသီအိုရီကို အထောက်အကူပြုရန်အတွက်၊ 'တစ်သမတ်တည်းသောသီအိုရီ' (steady-state theory) သို့မဟုတ် 'ဖရိုဖရဲသီအိုရီ' (chaos theory) စသည်တို့ကိုတီထွင်ကြသည်။ သို့သော်လည်း၊ ဖန်ဆင်းခြင်းကိုငြင်းပယ်သည့် ထိုသီအိုရီများအားလုံးကို အထက်ကအခန်းများတွင်ဖေါ်ပြခဲ့သည့်အတိုင်း သိပ္ပံပညာကပင် ပယ်ဖျက်လိုက်ပေသည်။

ယနေ့အချိန်တွင်၊ ထိုသီအိုရီများတွင် ဆက်လက်တွယ်ကပ်လျက်ရှိနေကြသော သိပ္ပံပညာရှင်များသည်၊ တရားသေသမားများ၊ တစ်ယူသန်သမားများသာဖြစ်ကြပြီး၊ မိမိကိုယ်ကိုမိမိ အလ္လာဟ်အရှင်မြတ်၌ သက်ဝင်ယုံကြည်ခြင်းမရှိရန် အတင်းခေါင်းမာကျန်နေသူများသာဖြစ်ကြ၏။ အလွန်ကျော်ကြားသော အင်္ဂလိပ်လူမျိုးဇီဝဗေဒပညာရှင် အီဗိုလူးရှင်းဝါဒီဖြစ်သူ ဒီအဲမ်အဲစ် ဝပ်ဆန် (D.M.S. Watson) က သူနှင့်အတူ သူ၏ယောင်းရင်းများအနေဖြင့် အဘယ့်ကြောင့် အီဗိုလူးရှင်းသီအိုရီကို လက်ခံနေကြောင်းနှင့်ပတ်သက်၍ ရေးသားဝန်ခံထားလေသည်။

> ထိုသို့ဖြစ်ပါက၊ အီဗိုလူးရှင်း သီအိုရီနှင့်အပြိုင်ဖြစ်သည်ဟုသာယူဆရပေမည်။ အီဗိုလူးရှင်းသီအိုရီကို တကမ္ဘာလုံးလက်ခံထားပြီးဖြစ်သည့်အပြင်၊ တွေးတောဆင်ခြင်ဆက်စပ်ခြင်းဖြင့် အမှန်တရားကိုမဖေါ်ထုတ်နိုင်သောကြောင့်မဟုတ်ဘဲ၊ အထူးဖန်ဆင်းခြင်းကို အခြားရွေးယူစရာအယူအဆအဖြစ် လက်ခံယုံကြည်နိုင်စရာ လုံးဝမရှိသောကြောင့်သာ ဖြစ်ပါသည်။[၂၄]

ဝပ်ဆန်ကပြောသော 'အထူးဖန်ဆင်းခြင်း' ဟူသောစကားသည်၊ အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်းကိုဆိုလိုခြင်းဖြစ်သည်။ ဤသိပ္ပံပညာရှင်သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်းကို လက်မခံနိုင်ကြောင်း အတိအလင်းဖေါ်ပြထားခြင်းဖြစ်ပေသည်။ အဘယ့်ကြောင့်လက်မခံနိုင်သနည်း? သိပ္ပံပညာက သက်သေထူထောက်ခံနိုင်ခြင်းမရှိသောကြောင့်လော? မဟုတ်ပါ။ သိပ္ပံပညာကပင်လျှင် ဖန်ဆင်းခြင်းအမှန်တရားကို သက်သေဖေါ်ထုတ်ထောက်ခံထားပေသည်။ ဝပ်ဆန်အနေဖြင့် ဖန်ဆင်းခြင်းကိုငြင်းပယ်နေခြင်းသည်၊ အလ္လာဟ်အရှင်မြတ်တည်ရှိခြင်းကိုငြင်းဆန်လိုသည့် မူရင်းဆန္ဒတစ်ခုတည်းကြောင့်သာဖြစ်သည်။ ကျန်အီဗိုလူးရှင်းသမားများအားလုံးသည်လည်း၊ ထိုနည်းနှင်နှင်ဖြစ်ကြသည်။

အီဗိုလူးရှင်းဝါဒီတို့သည်၊ သိပ္ပံပညာကိုအားထားကြ၍မဟုတ်ချေ။ ရုပ်ဝါဒအတွေးအခေါ်ကို ထောက်ခံစေရန် သိပ္ပံပညာကို တလွဲတချော်ဖြစ်အောင် ကလဖန်ထိုး ဗရုပ္ပမွှေနှောက်ခြင်းသာ ဖြစ်ပေသည်။ ဟားဗတ်တက္ကသိုလ်မှ အလွန်ကျော်ကြားသောအီဗိုလူးရှင်းဝါဒီ မျိုးရိုးဗီဇပညာရှင် ရစ်ချတ်လီဝန်တင်က အမှန်အတိုင်းဝန်ခံထားပေသည်။

> သဘာဝသွင်ပြင်လောကအကြောင်းကိုရုပ်ဝါဒအရနားလည်သဘောပေါက်အောင် ကျွန်ုပ်တို့အား သိပ္ပံပညာနည်းများက တစ်နည်းနည်းဖြင့် အတင်းလက်ခံစေခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့က အစကနဦးကတည်းက ကြိုတင်၍သစ္စာရှိရှိလက်ခံထားကြပြီးဖြစ်သော ရုပ်ပိုင်းဆိုင်ရာအကြောင်းရင်းဖြစ်ရပ်များအတွက် ရှင်းပြနိုင်သည့်သင့်တော်သောနည်းလမ်းများ၊ ယူဆချက်များကို ဖန်တီးတီထွင်ခြင်းဖြစ်ပါသည်။ ထိုသို့ရှာဖွေတီထွင်ရာတွင်၊ မည်မျှပင် ကျိုးကြောင်းဆင်ခြင်တုံတရားနှင့်ဆန့်ကျင်နေခြင်း၊ လူတို့ကိုအယုံသွင်းရာတွင် မည်မျှပင်စိတ်ရှုပ်ထွေးဇဝေဇဝါဖြစ်စေခြင်း ဖြစ်စေကာမူ အကြောင်းမဟုတ်ပါ။ ရုပ်ဝါဒသည် လုံးဝမှန်ကန်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ကောင်းကင်ဘုံ၏မွန်မြတ်ခြင်းယုံကြည်ချက် ကို ကျွန်ုပ်တို့၏တံခါးဝသို့မရောက်လာရန်သာ အရေးကြီးဆုံးဖြစ်ပါသည်။[၂၅]

ကမ္ဘာ့သမိုင်းတွင် ထိုသို့သောတစ်ယူသန်ရုပ်ဝါဒီတစ်စုကိုဆန့်ကျင်၍၊ ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်တည်ရှိတော်မူကြောင်းကို အတည်ပြုသူ သိပ္ပံပညာရှင်များရှိခဲ့သလို၊ သိပ္ပံပညာသည် အလ္လာဟ်အရှင်မြတ်ကို သိမြင်ယုံကြည်နိုင်ရန်နည်းလမ်းတစ်ခုဖြစ်သည်ဟု လက်ခံသူသိပ္ပံပညာရှင်များလည်း ရှိနေကြပေသည်။ ယခုအချိန်တွင် အမေရိကန်နိုင်ငံ၌၊ အရာခပ်သိမ်းသည် အလ္လာဟ်အရှင်မြတ်ကသာ ဖန်ဆင်းတော်မူကြောင်းကို သက်သေထူသည့်၊ "ဖန်ဆင်းခြင်းဝါဒ"(Creationism) သို့မဟုတ် "အသိဉာဏ်နှင့်ပြည့်စုံသောပုံစံ" (Intelligent Design) ဟုခေါ်သော လေ့လာရေးခေတ်စားမှုများ ပေါ်ပေါက်လျက်ရှိပေသည်။

ယင်းသည်ကား၊ သိပ္ပံပညာနှင့်ဘာသာအယူဝါဒတို့သည် တစ်ခုနှင့်တစ်ခုဆန့်ကျင်ဘက်ဖြစ်သော အကြောင်းရပ်များမဟုတ်ကြောင်းကို ပြသခြင်းပင်ဖြစ်ပေသည်။ ထို့ထက်မက၊ သိပ္ပံပညာသည်၊ ဘာ

သာရေးက ပြဆိုထားသောအချက်အလက်များကို မှန်ကန်ကြောင်းသက်သေထူသည့် နည်းလမ်းသာဖြစ်ပေသည်။ အချို့သောအကျိုးအကြောင်းမဆီလျော်သည့် အယူသီးဘာသာအယူဝါဒများသည် သာလျှင်၊ သိပ္ပံပညာနှင့်ပဋိပက္ခဖြစ်ဆန့်ကျင်မှုများရှိနိုင်ပါသည်။ သို့သော်လည်း၊ အစ္စလာမ်သာသနာတွင်ကား အလ္လာဟ်အရှင်မြတ်၏ ဝဟီဗျာဒိတ်တော်ကိုသာလက်ခံလိုက်နာသည့် သာသနာဖြစ်သောကြောင့် ထိုသို့သောအဖြစ်များ မရှိနိုင်ချေ။ အစ္စလာမ်သာသနာသည် သိပ္ပံပညာလေ့လာမှုများကိုပင် အားပေးတိုက်တွန်းထားခြင်းရှိပြီး၊ စကြာဝဠာကို စူးစမ်းလေ့လာခြင်းသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းခြင်းကိုသိရှိရန်ရှာဖွေစူးစမ်းခြင်းနည်းတစ်နည်းဖြစ်ကြောင်း အတိအလင်းကြေငြာထားပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ အောက်ပါအတိုင်းဆိုထား၏။

> ၎င်းတို့သည် မိမိတို့၏အထက်၌ မိုးကောင်းကင်ကို မကြည့်မမြင်ခဲ့ကြလေသလော။ ငါအရှင်မြတ်သည် ယင်းမိုးကောင်းကင်ကို မည်သို့ပြုလုပ်ထားတော်မူသနည်း။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုမိုးကောင်းကင်ကို မည်သို့လှပစွာ ဆင်ယင်ထားတော်မူသနည်း။ ထိုမှတပါး ယင်းမိုးကောင်းကင်၌ အဟ၊ အကွဲ၊ အအက် များဟူ၍လည်း အလျှင်းမရှိပြီတကား။
>
> ထိုမှတပါး ငါအရှင်မြတ်သည် ပထဝီမြေကို ဖြန့်ခင်းထားတော်မူ၏။ ၎င်းပြင် ယင်းပထဝီမြေ၌ တောင်များကို စိုက်ထူထားတော်မူ၏။ ထို့ပြင် ငါအရှင်မြတ်သည် ယင်းပထဝီမြေ၌ လှပတင့်တယ် ရှုချင်စဖွယ်ကောင်းသော အရာဝတ္ထုမျိုးစုံတို့ကို ပေါက်ရောက်စေထားတော်မူ၏။
>
> (ထိုအလုံးစုံတို့မှာ) သံဝေဂရသော ကျွန်တိုင်းအဖို့ ဆင်ခြင်သုံးသပ်အပ်သောအရာသည်လည်းကောင်း၊ တရားရယူအပ်သောအရာသည်လည်းကောင်း၊ ဖြစ်ပေသည်။
>
> ထိုမှတပါး ငါအရှင်မြတ်သည် မိုးကောင်းကင်မှ ကျက်သရေ မင်္ဂလာနှင့်ပြည့်စုံသော (မိုး)ရေကို ရွာသွန်းစေတော်မူ၏။ တစ်ဖန် ထိုရေဖြင့် ငါအရှင်မြတ်သည် ဥယျာဉ်များကိုလည်းကောင်း၊ ရိတ်သိမ်းပြီးဖြစ်သော ကောက်ပင်မျိုးနွယ်များကိုလည်းကောင်း၊ ပေါက်ရောက်စေတော်မူ၏။
>
> ထိုနည်းတူစွာ ရှည်လျားမြင့်မားသောစွန်ပလွံပင်များကို (ပေါက်ရောက်စေတော်မူရာ) ယင်းစွန်ပလွံပင်များ၌ ပြွတ်၍သီးနေသောအခိုင်များကိုရှိနေစေသည်။ (စူရာကားဖ် ၅၀း၆–၁၀)။

အထက်ပါအာယတ်တော်များတွင် ပါရှိသည့်အတိုင်း ကုရ်အာန်ကျမ်းတော်မြတ်သည်၊ လူသားတို့အား ၎င်းတို့နေထိုင်သော ကမ္ဘာလောကအတွင်း ရှိရှိသမျှအရာခပ်သိမ်းကို စူးစမ်း၍ စဉ်းစားသုံးသပ်ခြင်း၊ ကျိုးကြောင်းဆင်ခြင်ခြင်းများပြုရန် တိုက်တွန်းလျက်ရှိပေသည်။ အဘယ့်ကြောင့်ဟူမူ သိပ္ပံပညာသည် ဘာသာအယူဝါဒကို နားလည်သဘောပေါက်ရန် အထောက်အကူပြုခြင်းကြောင့်ဖြစ်၏။ အသိဉာဏ်ကင်းမဲ့ခြင်းမှ ကယ်တင်၍ ဉာဏ်ပညာပွင့်လင်းစေ၏။ လူတို့၏ မျက်စိကိုပွင့်လင်းစေပြီး ကမ္ဘာကိုအမြင်ကျယ်ကျယ် မြင်စေကာ၊ စကြာဝဠာအတွင်းရှိ အလ္လာဟ်အရှင်မြတ်၏လက္ခဏာတော်များကို အလိုလိုပေါ်လွင်လာစေ၏။ အလွန်ထင်ရှားကျော်ကြားသော ဂျာမနီလူမျိုး ရူပဗေဒပညာရှင် မက်(စ်)ပလင့်က– "သိပ္ပံညာကိုကြပ်ကြပ်မတ်မတ်လေ့လာလိုသူတိုင်းသည်၊ မည်သည့်သိပ္ပံပညာဘာသာရပ်ခွဲကို လေ့လာသည်ဘဲဖြစ်ဖြစ်၊ သိပ္ပံပညာတည်းဟူသော ကျောင်းကြီး၏တံခါးဝရှိ 'ယုံကြည်ပါ' ဟူသောစာတမ်းကို ပထမဖတ်ရပါမည်။" ဟုရေးသားထားလေသည်။ သူ၏အဆိုအရ၊ ယုံကြည်မှုသည် သိပ္ပံပညာရှင်တစ်ဦးအတွက် မရှိမဖြစ် လိုအပ်သောဂုဏ်အင်္ဂါပင်ဖြစ်၏။[၂၆]



German physicist Max Planck
ဂျာမန် ရူပဗေဒပညာရှင်မက်စ် ပလန့်



Sir Isaac Newton
ဆာ အိုက်ဇက် နယူတန်

ကျွန်ုပ်တို့ယခုအချိန်အထိ ဆွေးနွေးခဲ့ကြသော အချက်အလက်များအားလုံးသည်၊ စကြာဝဠာကြီးနှင့်အတူ သက်ရှိအရာများအားလုံးတို့ ပေါ်ပေါက်လာခြင်းအကြောင်းရင်းများကို မတော်တဆသူ့အလိုလိုဖြစ်ပေါ်လာသည် ဟူသောအတွေးအခေါ်ဖြင့် ရှင်းပြ၍မဖြစ်နိုင်ကြောင်းကို ပြဆိုခြင်းဖြစ်ပေသည်။ သိပ္ပံလောကတွင် သိပ္ပံပညာအမွေအနှစ်များပေးထားခဲ့ရင်း နာမည်ကျော်ကြားသော သိပ္ပံပညာရှင်အမြောက်အမြားတို့ကလည်း၊ ဤအမှန်တရားကို အသိအမှတ်ပြုခဲ့ကြသလို၊ ဆက်လက်၍လည်းအတည်ပြုကြပေသည်။ စကြာဝဠာ၏အကြောင်းဖြစ်ရပ်များကို ပို၍စူးစမ်းလေ့လာလေလေ၊ ၎င်းတွင်ပါဝင်လျက်ရှိသော ချို့ယွင်းချက်ကင်းမဲ့သည့်စနစ်များကို ပို၍သိလာရင်း၊ ရင်သပ်ရှုမောချီးကျူး၍မဆုံးနိုင်ကြလေလေ ဖြစ်ကြကုန်၏။ အသစ်အသစ်သော တွေ့ရှိချက်များသည်လည်း၊ ဖန်ဆင်းခြင်းအကြောင်းကို ရေပက်မဝင်အောင် ငြင်းပယ်ခြင်းမရှိနိုင်လောက်အောင် ထပ်မံ၍အတည်ပြုကြပေသည်။ ၂၀–ရာစုနှစ်သို့ရောက်ရှိလာသည့်အချိန်မှစ၍ ကြီးကျယ်သောရူပဗေဒပညာရှင်အားလုံးတို့သည်၊ ဖန်ဆင်းခြင်းကို ချွင်းချက်မရှိလက်ခံကြ၏။ ဒေးဗစ်ဒါလင်ကလည်း၊ အစပထမတွင်၊ အချိန်ကာလ၊ အာကာသအကွာအဝေး၊ ဒြပ်ပစ္စည်း၊ စွမ်းအား၊ အစက်တစ်စက်၊ အပေါက်အခေါင်း၊ ဟူ၍လုံး၀ မရှိခဲ့ချေဟု ထုတ်ဖော်ပြောဆိုထားပေသည်။ လျှင်မြန်သောလှုပ်ရှားမှု၊ ညှင်သာသောတုန်ယင်ခြင်းနှင့် မတည်ငြိမ်မှုဖြစ်ပေါ်ခဲ့သည်ဟု ဆို၏။ နောက်ဆုံးတွင်၊ အာကာသလောကကြီးတည်းဟူသော ဘူး၏အဖုံးကိုဖွင့်လိုက်သည်နှင့်တပြိုင်တည်း၊ အတွင်းမှ ဖန်ဆင်းခြင်း၏ အံ့ဖွယ်မခန်းသောနွယ်နှာမောင်းများ ဖြာထွက်လာလေတော့သည်ဟု နိဂုံးချုပ်ထားပေသည်။[၂၇]

ကမ္ဘာ့သမိုင်းတွင် ထင်ရှားကျော်ကြားခဲ့ကြသော နယူတန်၊ ဖါရာဒေး၊ ကယ်လ်ဗင်၊ မက်စ်ဝဲလ် အစရှိသည့် သိပ္ပံပညာရှင်များသည်လည်း၊ ဖန်ဆင်းရှင်ဘုရားသခင်နှင့် ထိုအရှင်မြတ်၏ကျမ်းဂန်များကို ယုံကြည်ခဲ့ကြသူ သိပ္ပံပညာရှင်များတွင် ပါဝင်ခဲ့ကြပေသည်။

အကြီးကျယ်ဆုံးသော ရူပဗေဒပညာရှင် အိုက်ဇက်နယူတန်၏လက်ထက်တွင်၊ သိပ္ပံပညာရှင်များသည်၊ မိုးကောင်းကင်အာကာသတွင်ရှိသော ကြယ်တာရာဂြိုလ်များ၏ ရွေ့လျားလှုပ်ရှားမှုများအကြောင်းကို နိယာမအမျိုးမျိုးဖြင့် ရှင်းလင်းပြနိုင်သည်ဟု ယုံကြည်ကြလေသည်။ သို့သော်လည်း၊ နယူတန်အနေဖြင့်မူကား၊ ကမ္ဘာမြေကြီးနှင့်အာကာသတစ်ခုလုံးတို့သည် တစ်ခုတည်းဖြစ်သဖြင့်၊ တစ်ခုတည်းသောနိယာမဖြင့် ရှင်းပြနိုင်ပါသည်ဟု ယုံကြည်ခဲ့လေသည်။ “ဤမျှလှပသော နေ၊

ဂြိုလ်နှင့် ကြယ်တံခွန်များသည်၊ ဉာဏ်ပညာနှင့်ပြည့်စုံသော အရှင်သခင်၏ အာဏာစက်နှင့်ထိန်းကျောင်းမှုဖြင့်သာလျှင် ဆက်လက်လှုပ်ရှားနေနိုင်ပါသည်။" ဟုဆိုထားလေသည်။[၂၈]

အလယ်ပိုင်းခေတ်မှ ရူပဗေဒ၊ သင်္ချာ၊ နက္ခတ္တဗေဒ အစရှိသည့်ဘာသာရပ်သိပ္ပံပညာရှင်များအားလုံးတို့သည်၊ စကြာဝဠာကို ဖန်ဆင်းရှင်တစ်ပါးတည်းက ဖန်ဆင်းခဲ့ကြောင်း လက်ခံယုံကြည်ခဲ့ကြရင်း၊ ထိုအချက်ကိုသာ အာရုံစူးစိုက်ခဲ့ကြပေသည်။ ရူပနက္ခတ္တဗေဒဘာသာရပ်ကို တည်ထောင်ခဲ့သော ဂျိုဟန်းနပ်စ် ကဲပ္ပလာသည်၊ ဘုရားသခင်တွင်ခိုင်မာစွာယုံကြည်မှုရှိခဲ့ခြင်းကို သူ၏စာအုပ်များတွင် ရေးသားဖော်ပြထားလေသည်။ "ကျွန်ုပ်တို့ နက္ခတ္တဗေဒပညာရှင်များသည်၊ သဘာဝတည်းဟူသော စာအုပ်နှင့်ပတ်သက်၍ ကြီးမြင့်မြတ်ဆုံးသောဘုရားသခင်၏ဘုန်းတော်ကြီးများဖြစ်ကြသဖြင့်၊ မိမိတို့၏ဉာဏ်ပညာအစွမ်းများ၏ကြီးကျယ်မှုများအားလုံးထက်၊ ဘုရားသခင်၏ကြီးကျယ်တော်မူခြင်းကို အစဉ်သတိရှိကြရန်လိုအပ်ပေသည်။" ဟုရေးသားထားလေသည်။[၂၉]

သာမိုဒိုင်းနမစ်ခေါ်အပူအားနှင့် အခြားစွမ်းအင်များဆက်စပ်ပုံကို လေ့လာသောသိပ္ပံပညာရပ်ကို သိပ္ပံနည်းကျကျ စီစဉ်ပေးခဲ့သည့်အကြီးကျယ်ဆုံးသော ရူပဗေဒပညာရှင် ဝီလီယံသောမ်ဆန်(လော့ဒ်ကဲလ်ဗင်)သည်၊ ဘုရားသခင်ကိုယုံကြည်သောခရစ်ယာန်တစ်ဦးဖြစ်လေသည်။ သူ့အနေဖြင့် ဒါဝင်၏ အီဗိုလူးရှင်းသီအိုရီကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ပစ်ပယ်ခဲ့လေသည်။ ၁၉၀၃ ခုနှစ်၊ သူမကွယ်လွန်မီအချိန်ကလေးတွင်၊ "အသက်ရှိခြင်းနှင့်ပတ်သက်၍၊ သိပ္ပံပညာ---သည်၊ ဖန်ဆင်းခြင်းအစွမ်းအင်အားကို အတည်ပြုသည်။" ဟု အခိုင်အမာပြောဆိုခဲ့လေသည်။[၃၀]

ယင်းအချက်နှင့်ပတ်သက်၍၊ အောက်စဖို့ဒ်တက္ကသိုလ်မှ ရူပဗေဒပါမောက္ခတစ်ဦးဖြစ်သူ ရောဘတ် မက်သီယူး(စ်) ရေးသားသော ၁၉၉၂ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည့်စာအုပ်တွင်၊ ဒီအင်အေ(DNA) မော်လီကြူများကို ဘုရားသခင်က ဖန်ဆင်းထားသည်ဟု ဖော်ပြထားလေသည်။ ချို့ယွင်းချက်ကင်းမဲ့သော ဆဲလ်တစ်ခုမှစ၍၊ သန္ဓေသားဖြစ်ခြင်းနှင့် ထိုမှတဆင့် ခလေးသူငယ်ဖြစ်လာကာ လူငယ်လူရွယ်အဖြစ်ကြီးထွားလာရင်း လူကြီးအဖြစ်အသက်ရှင်ကြီးလာသည့် အဆင့်အားလုံးပါဝင်သည်ဟု မက်သီယူး(စ်)က ရှင်းပြထားသည်။ ဤအဆင့်များအားလုံးကို၊ အခြားဇီဝဗေဒဖြစ်စဉ်များကဲ့သို့ ထူးကဲသောအံ့ဖွယ်ရာဖြစ်ရပ်များအဖြစ်သာလျှင် ရှင်းပြနိုင်သည်ဟု ဆိုသည်။ အင်္ဂလိပ်စာလုံး (i)မှ အစက်ကလေးထက်ပင်သေးငယ်၍ နက်နဲလှသောဆဲလ်တစ်ခုမှစ၍၊ တင့်တယ်လှပသောလူသားအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ကြီးထွားလာအောင် ဖန်ဆင်းထားခြင်းသည်၊ မည်မျှအံ့ဖွယ်ကောင်းပါသနည်း ဟူ၍လည်း မက်သီယူး(စ်)က မေးခွန်းထုတ်ထားပါသေးသည်။ ဤဖြစ်ရပ်များသည်၊ ဖန်ဆင်းရှင်ဘုရားသခင်၏ အလွန်တရာထူးကဲအံ့ဖွယ်ရာဖြစ်ရပ်များအဖြစ်ကလွဲ၍ အခြားဘာမျှ ဖြစ်စရာအကြောင်းမရှိတော့ပြီဟု နိဂုံးချုပ်ထားလေသည်။[၃၁]

စကြာဝဠာကြီးကို ဖန်ဆင်းရှင်ဘုရားသခင်က ဖန်ဆင်းထားခြင်းဖြစ်သည်ဟု ယုံကြည်၍ အတိအလင်းဖော်ပြဝန်ခံထားသော ကျော်ကြားသည့်သိပ္ပံပညာရှင်အမြောက်အမြားအနက် အချို့ကို နောက်ထပ်ဖော်ပြရမည်ဆိုလျှင်၊

ရောဘတ် ဘွဲ(လ်) – (ခေတ်သစ်ဓါတုဗေဒဘာသာရပ်၏ ဖခင်)

အိုင်အိုနာ ဝီလီယမ်ပက်တီ – (စာရင်းအင်းနှင့် ခေတ်သစ်စီးပွားရေးဘောဂဗေဒအကြောင်းလေ့လာခြင်းဖြင့်ကျော်ကြားသူ)

မိုက်ကယ် ဖါရာဒေး – (ကြီးကျယ်ဆုံးသော ရူပဗေဒပညာရှင်များအနက်တစ်ဦး)

ဂရယ်ဂိုရီ မင်းဒဲလ် – (မျိုးရိုးဗီဇပညာရပ် genetics ၏ဖခင်၊ သူ၏မျိုးရိုးဗီဇဗေဒ ပညာရပ်လေ့လာချက်များဖြင့် ဒါဝင်၏သီအိုရီကို ပယ်ဖျက်လိုက်သူ)

လူးဝစ် ပါစချာ – (Bacteriology ပိုးမွှားဗေဒတွင်အကျော်ကြားဆုံးသောပုဂ္ဂိုလ်၊ ဒါဝင်၏သီအိုရီကို စစ်ကြောငြာခဲ့သူ)

ဂျွန်ဒါလ်တန် – (Atomic Theory – အဏုမြူသီအိုရီ၏ဖခင်)

ဘလေး(စ်) ပါစကလ် – (အလွန်ကျော်ကြားသည့် သင်္ချာပညာရှင်)
နီကိုလော့စ် စတီနို – (ပထဝီမြေကြီးအတွင်း အထပ်များအကြောင်းလေ့လာဖေါ်ထုတ်သူ)
ကယ်ရိုလပ်စ် လင်းနိယပ်စ် – (ဇီဝဗေဒအမျိုးအစားခွဲခြားသတ်မှတ်ခြင်းကို တီထွင်ခဲ့သူ)
ဂျော့ ကူဗီယာ – (Comparative Anatomy နှိုင်းယှဉ်မှုခန္ဓာဗေဒ ကိုတည်ထောင်ခဲ့သူ)
မက်သီယူးမော်ရီ – (သမုဒ္ဒရာဗေဒ ကိုတည်ထောင်ခဲ့သူ)
သောမတ် အဲဒီဆန် – (အော်ဂဲနစ်ဓါတုဗေဒနှင့်ပတ်သက်၍ အစပျိုးခဲ့သူ)၊ စသည်တို့ဖြစ်ပါသည်။

# သိပ္ပံပညာအချက်အလက်များနှင့် ကုရ်အာကျမ်းတော်မြတ်၏ အံ့ဖွယ်ရာများ
# Scientific Facts and the Miracle of the Quran

ကုရ်အာန်ကျမ်းတော်မြတ်သည်၊ လွန်ခဲ့သော နှစ်ပေါင်း ၁၄၀၀ ကျော်က အလ္လာဟ်အရှင်မြတ်ထံတော်ပါးမှ ကျရောက်လာခဲ့လေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် သိပ္ပံပညာစာအုပ်တစ်အုပ်မဟုတ်ပါ။ သို့သော်လည်း ယင်းကျမ်းတော်မြတ်တွင် ပြဆိုထားသော ဘာသာရေးယုံကြည်မှုဆိုင်ရာအချက်အလက်များနှင့်သက်ဆိုင်သည့် သိပ္ပံပညာပိုင်းရှင်းလင်းချက်များပါဝင်လျက်ရှိပေသည်။ ၎င်းရှင်းလင်းချက်များသည် ခေတ်သစ်သိပ္ပံပညာတွေ့ရှိချက်များနှင့် ဘယ်သောအခါမှ ကွဲလွဲခြင်းမရှိချေ။ ၂၀–ရာစုမှ တက်နိုလိုဂျီသိပ္ပံနည်းပညာများဖြင့်သာ ထုတ်ဖော်ရှင်းလင်းနိုင်သောအချက်အလက်အချို့သည်၊ လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၀၀ ကျော်ကာလက ကျရောက်ခဲ့သောကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထား၏။ ယင်းသည်ကား၊ ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်ရှိခြင်းအကြောင်း သက်သေခံအထောက်အထားများအနက် အရေးကြီးဆုံးသော သက်သေခံချက်တစ်ခုဖြစ်ပေသည်။

## ကုရ်အာန်ကျမ်းတော်မြတ်အရ
## စကြာဝဠာကိုဖန်ဆင်းတော်မူခြင်းနှင့်ပတ်သက်သောအမြင်
## An Outlook on the Uniververse through the Eyes of the Quran

၂၀–ရာစုနှစ်အတွင်းစုဆောင်းရရှိသောအချက်အလက်များအရ၊ စကြာဝဠာသည် ယခင်ကမရှိခဲ့ခြင်းမှ ချက်ချင်းရှိခြင်းအဖြစ်သို့ရောက်ရှိလာခဲ့ကြောင်းကို တွေ့ရှိကြပေသည်။ ဤသီအိုရီကို ဘစ်ဘိုင်းသီအိုရီဟုခေါ်၍ စကြာဝဠာအတွင်းရှိ အစီအစဉ်များသည် ထိုပေါက်ကွဲမှုကြီးမှ စတင်ဖြစ်ပေါ်ပေါက်လာသည်ဟု လက်ခံထားကြသည်။ ဤသီအိုရီနှင့်ပတ်သက်၍ လွန်ခဲ့သည့် “မရှိခြင်းမှ ရှိခြင်းအဖြစ်သို့” ဟူသောအခန်းတွင်၊ သီအိုရီဖြစ်ပေါ်လာခဲ့သောသမိုင်းနှင့်အတူ သိပ္ပံပညာဆိုင်ရာသာဓကတို့ကိုပါ လေ့လာခဲ့ကြပြီးဖြစ်သည်။ ဤအခန်းတွင် အလ္လာဟ်အရှင်မြတ်က သိပ္ပံပညာ၌ပါရှိသောအချက်များကို ကုရ်အာန်ကျမ်းတော်မြတ်တွင် မည်သို့ကြေငြာထားသည်ကို ကြည့်ကြပါမည်။

ဘစ်ဘိုင်းသီအိုရီကိုထောက်ခံထားကြောင်းအခိုင်အမာသာဓကရှိပါသည်။ စကြာဝဠာသည် ကျယ်ပြန့်လျက်ရှိခြင်းနှင့် ဂါလက်ဇီများနှင့် မိုးကောင်းကင်ရှိအရာခပ်သိမ်းသည်လည်း တစ်ခုနှင့်တစ်ခုခွဲခွာလျက်ရှိနေကြကြောင်း ခိုင်မာသောသက်သေရှိနေပါသည်။ ပို၍သဘောပေါက်စေရန်၊ စကြာဝဠာကို တဖြေးဖြေးဖောင်းလာလျက်ရှိသော အူစီပေါင်းတစ်လုံး၏မျက်နှာပြင်ကို ဥပမာအဖြစ်စဉ်းစားနိုင်ပါသည်။ အူစီပေါင်း၏မျက်နှာပြင်ရှိအမှတ်များသည် အူစီပေါင်းဖောင်းလာနေစဉ် တစ်ခုနှင့်တစ်ခုခွဲ ခွါလျက်ရှိသကဲ့သို့ အာကာသအတွင်းရှိ အရာဝတ္ထုအားလုံးသည်လည်း တစ်ခုနှင့်တစ်ခုခွဲခွာထွက်သွားလျက်ရှိနေကြ၏။

ဤအချက်နှင့်သက်ဆိုင်သည့် ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်တော်ကို ကိုးကားကြပါစို့။ ကုရ်အာန်အာယသ်တော်တစ်ခုတွင်၊ စကြာဝဠာကို ဖန်ဆင်းခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းမိန့် ဆိုထားပါသည်။

> **၎င်းပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်ကို တန်ခိုးတော်ဖြင့် ပြုလုပ်တော်မူခဲ့၏။ စစ်စစ်သော်ကား ဧကန်မလွဲ ငါအရှင်မြတ်သည် ကျယ်ဝန်းစွာသော(ကျယ်ဝန်းစေသော) တန်ခိုးတော်ရှင် ဖြစ်တော်မူ၏။** (စူရာ အဇ်ဇာရီယာ ၅၁း၄၇)

နောက်ထပ်အာယသ်တော်တစ်ခုတွင်၊

> **စင်စစ် မိုးကောင်းကင်များသည်လည်းကောင်း၊ ပထဝီမြေသည်လည်းကောင်း၊ ပိတ်လျက်(ဆက်စပ်လျက်)ရှိခဲ့ကြ၏။ ထို့နောက်ငါအရှင်မြတ်သည် ယင်း(မိုးကောင်းကင် နှင့်ပထဝီမြေ)နှစ်ခုစလုံးကိုဖွင့်ပေး(ခွဲခြား)တော်မူခဲ့သည်။ ဤသည်ကို ကာဖိရ်များ မသိမမြင်ခဲ့ ကြလေသလော။ ထို့ပြင် ငါအရှင်မြတ်သည် ရေဖြင့်သက်ရှိသတ္တဝါ ခပ်သိမ်းကိုဖန်ဆင်းတော်မူခဲ့၏။ သို့ပါလျက် ၎င်းတို့သည် သက်ဝင်ယုံကြည်ခြင်း မရှိကြလေသလော။** (စူရာ အလ်အမ်ဘီယာ ၂၁း၃၀)

အာရဗီဘာသာအဘိဓါန်များအရ ဤအာယသ်တော်တွင် ပါရှိသော "ရတ်က်" ဟူသောပုဒ်သည်၊ "ဆက်စပ်လျက်ရှိသော၊ အတုံးအခဲဖြစ်သော၊ ရေစိမ့်မဝင်အောင်ကျစ်လစ်သော၊ စုစည်းလျက်ရှိသောအတုံးအခဲ" ဟုအဓိပ္ပါယ်ရသည်။ အရာဝတ္ထုနှစ်ခုဆက်စပ်ပူးပေါင်း၍ တစ်ခုတည်းဖြစ်နေခြင်း အခြေအနေကို ဖော်ပြလေ့ရှိကြသည်။ "ခွဲခြားခြင်း" သို့မဟုတ် "စွဲမြဲစွာရှိနေရာမှ အစိပ်စိပ်အမွှာမွှာဖြစ်အောင်ခွဲခြားခြင်း" ဟူသောစကားလုံးသည်၊ အာရဗီဘာသာတွင် "ဖါတက" ဟူသောကြိယာဖြင့်အသုံးပြု၍၊ "ရတ်က်"အခြေအနေတွင်ရှိသောအရာဝတ္ထုကို ခွဲခြားခြင်းဟု အဓိပ္ပါယ်ရပေသည်။ မြေကြီးအတွင်းတွင်ရှိသော အစေ့တစ်စေ့မှ အညှောင့်ငယ်သည် မြေကြီးပေါ်သို့ထိုးထွက်လာခြင်းမျိုးကိုလည်း အာရဗီဘာသာတွင် ဤကြိယာဖြင့်ဖော်ပြလေ့ရှိသည်။

မိုးကောင်းကင်နှင့်ကမ္ဘာမြေကြီးတို့သည် "ရတ်က်"အခြေအနေတွင်ရှိနေခြင်းမှ ခွဲခြားခြင်းကို ဖော်ပြသည့် ကြိယာကို တစ်ဖန်ပြန်၍လေ့လာကြည့်ပါက၊ အရာတစ်ခုမှ ခွဲခြားထွက်ပေါ်လာခြင်းဟု အဓိပ္ပါယ်သက်ရောက်သည့် "ဖါတက" ဟူသောစကားလုံးကိုသုံးထားသည်ကို တွေ့ရပေသည်။ ဘစ်ဘိုင်းသီအိုရီတွင် မူလအစ၌ စကြာဝဠာတည်းဟူသော မိုးကောင်းကင်နှင့်ကမ္ဘာမြေကြီး ဒြပ်ပစ္စည်းတို့သည် ဖန်ဆင်းခြင်းမပြုမီအချိန်တွင် ဤ "ရတ်က်" အစက်တစ်စက်အဖြစ်တည်ရှိနေရာမှ ပေါက်ကွဲခြင်း "ဖါတက" ဖြင့် စကြာဝဠာပုံစံသို့ ရောက်လာခြင်းဖြစ်သည်။ အမှန်မှာ အလ္လာဟ်အရှင်မြတ်က စကြာဝဠာကိုဖန်ဆင်းသည့်အကြောင်းကို သိပ္ပံပညာတွင် ဘစ်ဘိုင်းပေါက်ကွဲမှု ဟူ၍တစ်နည်းတစ်ဖုံဖော်ပြခြင်းပင်ဖြစ်ပေသည်။

ကုရ်အာန်အာယသ်တွင် ဖော်ပြထားသောအချက်များကို သိပ္ပံပညာတွေ့ရှိချက်များနှင့် နှိုင်းယှဉ်ကြည့်ပါက ဆိုလိုရင်းတစ်ခုတည်းအဖြစ် ကိုက်ညီနေကြောင်းတွေ့ရှိရပေသည်။ စိတ်ဝင်စားဖွယ်ကောင်းသောအချက်မှာ ဤသိပ္ပံပညာတွေ့ရှိချက်သည် ၂၀ ရာစုနှစ်တွင်မှ ပေါ်ပေါက်လာခြင်းပင်ဖြစ်၏။

## မိုးကောင်းကင်ကို ဖန်ဆင်းခြင်း
## Creation of the Heavens

*The First Three Minutes* "ပထမဆုံးသုံးမိနစ်" ဟုခေါ်သောစာအုပ်ကိုရေးသားသူ စတီဗင် ဝိန်းဘက်က မိုးကောင်းကင်ကို တစ်ချက်လောက်ဖြတ်ခနဲမော့ကြည့်ပြီး၊ "မပြောင်းလဲနိုင်သောစကြာဝဠာ" ဟု ခံစားရသည်ဟုပြောဘူးပါသည်။ မိုးတိမ်များသည် လမင်း၏နောက်တွင်လိုက်ပါလျက်ရှိ၏။ ပေါင်းမိုးသဏ္ဌာန်ရှိသောအပြာရောင်မိုးကောင်းကင်သည်လည်း မြောက်ဝင်ရိုးစွန်းရှိ ဓူဝံကြယ်ကိုဗဟိုပြု၍ လည်ပတ်နေ၏။ လမင်းသည်လည်း လဆန်းမှလပြည့်အထိ၊ လပြည့်မှလကွယ်အထိအချိန်ကြာမြင့်စွာအတွင်း အရွယ်အစားပြောင်းလဲလျက်ရှိ၏။ လမင်းနှင့်ဂြိုလ်များသည်လည်း ကြယ်တာရာတို့အကြားတွင် ရွေ့လျားသွားလျက်ရှိ၏။ ထိုကဲ့သို့သော ရွေ့လျားခြင်းသည် ကျွန်ုပ်တို့၏ သူရိယစကြာဝဠာအတွင်း၌ ဖြစ်ပေါ်နေသည်ကို သိမြင်မှတ်သားထားပါလိမ့်မည်။ ဝိန်းဘက်ကလည်း ဂြိုဟ်များ၏နောက်ကွယ်တွင်၊ ကြယ်တာရာများသည် ငြိမ်သက်နေသကဲ့သို့ရှိသည်ဟု ထပ်မံကွန့်လိုက်ပါသေးသည်။

မိုးကောင်းကင်သို့ ခဏတဖြုတ်သာကြည့်လိုက်ပါက အစစအရာရာသည် မှန်မှန်နှင့် တည်တည်ငြိမ်ငြိမ်ရှိနေသည်ဟု ခံစားကြပါသည်။ အမှန်မှာ ထိုကဲ့သို့မဖြစ်ပါ။ မိုးကောင်းကင်တွင် အရာရာသည် လှုပ်ရှားလျက်ရှိနေသည်။ ထိုအချင်းအရာကို ရိုးရိုးမျက်စိဖြင့်မတွေ့မမြင်နိုင်သဖြင့် သတိမထားမိနိုင်ကြသော်လည်း၊ လွန်ခဲ့သည့်နှစ်ပေါင်းတစ်ထောင်ကျော်တုန်းက ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ မိုးကောင်းကင်နှင့်ပတ်သက်၍ ဖော်ပြထားသောစကားလုံးများသည် အများအားဖြင့် ဗဟုဝုစ်ဖြင့်ပြဆိုထား၏။ အာရဗီစကားတွင် “ဆမာဝါတေ”ဟူသောစကားလုံးသည် “မိုးကောင်းကင်များ”ဟု အဓိပ္ပါယ်ရပြီး၊ ကမ္ဘာမြေကြီး၏လေထုနှင့် အာကာသတစ်ခုလုံးကို ဆိုလိုသည်။




ဤနေရာတွင်၊ ပထမဆုံးဆွေးနွေးမည့်အချက်မှာ၊ “မိုးကောင်းကင်များ”ဟု ဗဟုဝုစ်ဖြင့်သုံးထားသောစကားလုံးဖြစ်ပါသည်။ ဗဟုဝုစ်စကားလုံးကို အသုံးပြုခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အံ့ဖွယ်တစ်ခုဖြစ်ပါသည်။ အဘယ်ကြောင့် ဤသို့ဆိုရကြောင်းကို ရှင်းပြပါရစေ။

ဥပမာ၊ သင်သည်အိမ်ပြင်ထွက်၍ လေဟာပြင်မိုးကောင်းကင်သို့မော့ကြည့်လိုက်သည်ဆိုပါစို့။ အဘယ်အရာကို တွေ့ပါမည်နည်း? နွေအခါဖြစ်ပါက ကြည်လင်သောအပြာရောင်ကောင်းကင်ကို ဖြစ်စေ၊ လေဟုန်စီးလျက်ရှိသော တိမ်များကိုဖြစ်စေ တွေ့ရပေမည်။ ဆောင်းရာသီဖြစ်ပါက မြူခိုးများနှင့်ပြည့်နေသောကောင်းကင်ကိုတွေ့ရပေမည်။ မည်သို့ပင်ကြည့်စေကာမူ၊ ကမ္ဘာမြေကြီးကိုဝိုင်းပတ်ထားသော လေထုကိုတွေ့မြင်ရမည်မဟုတ်ပေ။ အသင့်အနေဖြင့် ထိုလေထုသည် အထပ်ထပ်တည်ရှိနေကြောင်းကို မသိမမြင်နိုင်ပေ။ ထိုကဲ့သို့ ရိုးရိုးမျက်စိဖြင့် မတွေ့မမြင်နိုင်သောအရာကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရှိရခြင်းဖြင့်၊ ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဌ်(စကား)တော်ဖြစ်ကြောင်းသက်သေခံတစ်ခုဖြစ်ပါသည်။

> **အကြင်အရှင်မြတ်သည် မိုးကောင်းကင် ခုနစ်ထပ်ကို အထပ်ထပ်ဖန်ဆင်းတော်မူခဲ့၏။ အသင်သည် "ရဟ်မာန်"ကရုဏာတော်ရှင်၏ ဖန်ဆင်းမှု၌ ကွာခြားမှု၊ မဆီလျော်မှုဟူ၍ ကား လုံးဝတွေ့ရှိရမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် မျက်စိကိုပြန်မော့၍ကြည့်လော့၊ အသင်သည် တစ်စုံတစ်ရာအက်ကွဲမှု တွေ့မြင်ရလေသလော။**
>
> **ထို့နောက် အသင်သည် မျက်စိကိုပြန်မော့၍ အကြိမ်ကြိမ် ပြန်လည်ကြည့်ရှုလော့။ မျက်စိသာလျှင် အသင့်ထံသို့ အရှက်ရ၍ညောင်းလျက် ပြန်လာမည်ဖြစ်၏။**
> (စူရာ အလ်မူလ်က် ၆၇း၃-၄)။

အာကာသသည်အလွန်ကျယ်ဝန်း၍ ကြယ်တာရာများ၊ ဂြိုဟ်များ၊ လူပ်ရှားပုံသန်းလျက်ရှိသောအရာများဖြင့် ပြည်နက်လျက်ရှိသည့် အဆုံးမရှိအောင်လွတ်နေသောခေါင်းပေါက်ကြီးဟု စိတ်ကူးထင်မြင်ကြ၏။ သို့သော်လည်း အာကာသသည် သူ့အလိုလိုလွတ်နေသောခေါင်းပေါက်ကြီးမဟုတ်ပေ။ မရေမတွက်နိုင်သောကြယ်တာရာများ၊ သူရိယစနစ်များ၊ ဂြိုဟ်များနှင့် ဥကာပျံများ၏ "စနစ်"ဖြစ်၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အပြစ်အနာအဆာချို့ယွင်းချက်ကင်းမဲ့သည့် "ခန်းနားကြီးကျယ်စွာသောစီစဉ်မှု" ရှိသည့် ဖန်ဆင်းခြင်းဖြစ်ကြောင်းမိန့်ဆိုထားသည်ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

> **၎င်းတို့သည် မိမိတို့၏အထက်၌ မိုးကောင်းကင်ကို မကြည့်မမြင်ခဲ့ကြလေသလော။ ငါအရှင်မြတ်သည် ယင်းမိုးကောင်းကင်ကို မည်သို့ပြုလုပ်ထားတော်မူသနည်း။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုမိုးကောင်းကင်ကို မည်သို့လှပစွာ ဆင်ယင်ထားတော်မူသနည်း။ ထိုမှတပါး ယင်းမိုကောင်းကင်၌ ချို့ယွင်းချက်(အဟ၊ အကွဲ၊ အအက်)များဟူ၍လည်း အလျှင်းမရှိပြီတကား။** (စူရာ အလ်ကားဖ် ၅၀း၆)။

## ကြယ်တာရာနက္ခတ်များနှင့် ဂြိုဟ်များ
## Stars and Planets

ကုရ်အာန်ကျမ်းတော်မြတ်တွင် "ကြယ်တာရာ"ဟုဖော်ပြခြင်းသည် မည်သို့အဓိပ္ပါယ်ရှိသည်ကို ဦးစွာကြည့်ကြပါစို့။ ကုရ်အာန်ကျမ်းတော်မြတ်တွင် "နဂျမ်"ကြယ်တာရာဟူ၍လည်းကောင်း၊ "ကန်ဖိလ်"မီးအိမ်-မီးရှူးမီးတိုင်ဟူ၍လည်းကောင်း၊ ဖော်ပြထားခြင်းဖြင့်၊ တာဝန်နှစ်ခုရှိကြောင်းကို ပြဆိုထားပေသည်။ ၎င်းတို့ကို အလင်းရောင်အတွက်နှင့် ခရီးသွားလမ်းပြအဖြစ်အသုံးပြုကြ၏။

ပြန်လည်ရှင်ထကြမည့် ကေယာမတ်နေ့တွင် ကြယ်တာရာများ၏အလင်းရောင်ကိုမှိန်သွားမောင်သွားအောင် ငြိမ်းသတ်လိုက်သည်ဟုဆိုထားသည်။ နေအတွက်လည်း "ကန်ဖိလ်"ဟူသောစကားလုံးကိုအသုံးပြုထားသည်။ ကြယ်တာရာအတွက်လည်း "ကန်ဖိလ်"ဟုအသုံးပြုသည်။ လမင်းနှင့်ပတ်သက်၍ "နူးဟ်"(ရောင်ခြည်)ဟူသောစကားလုံးကို အသုံးပြုထားခြင်းသည်လည်း စိတ်ဝင်စားဖွယ်ဖြစ်၏။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်တွင် ကြယ်တာရာအမျိုးအစားနှင့် ကြယ်တာရာအမျိုးမဟုတ်သောအရာများကို ခွဲခြားထားခြင်းဖြစ်ပေသည်။ ဤအချက်မှာ လွန်ခဲ့သည့်နှစ်ပေါင်း ၁၄ ရာစုကြာမြင့်ခဲ့သည့်အချိန်တုန်းက သိရှိနိုင်ခြင်းမရှိချေ။ ဤသည်ကား ကုရ်အာန်ကျမ်းတော်မြတ်၏ အံ့ဖွယ်အ ကြောင်းတစ်ခုပင်ဖြစ်ပေသည်။

ကြယ်တာရာတို့ကို ခရီးသွားလမ်းပြအဖြစ်အသုံးပြုကြောင်းဖော်ပြခဲ့ပါသည်။ ဆိုလိုရင်းမှာ လူတို့အနေဖြင့် ကြယ်တာရာတို့ကို ကြည့်၍ မိမိသွားလိုရာဦးတည်ရာကို ရှာဖွေသတ်မှတ်နိုင်ခြင်းဖြစ်သည်။

ထိုကဲ့သို့သောအခိပ္ပါယ်သက်ရောက်သည့်နေရာတိုင်းတွင် "နဂျမ်"(ကြယ်တာရာ)ဟူသောစကားလုံးကိုအသုံးပြုထားသည်။ အလယ်ပိုင်းခေတ်၌ သံလိုက်အိမ်မြှောင်မရှိသေးသောအချိန်တုန်းက၊ ကြယ်တာရာများကိုကြည့်၍သာ ညဥ့်အချိန်တွင် ခရီးသွားလာနိုင်ကြလေသည်။ အထူးသဖြင့် ပင်လယ်ခရီးနှင့် သဲကန္တာရခရီးများတွင် အသုံးပြုကြလေသည်။

ကြယ်တာရာများသည် အဘယ့်ကြောင့်လမ်းပြဖြစ်နိုင်ပါသနည်း? ၎င်းတို့ကို ကြည့်မြင်နိုင်သော အစီအစဉ်ဖြင့် နေရာတကျ ချထားခြင်းဖြင့်သာလျှင် ဖြစ်နိုင်ပါသည်။ အကယ်၍ ကြယ်တာရာတစ်လုံးကို ပထမညဥ့်တွင်တစ်နေရာတွင်တွေ့ရပြီး၊ နောက်တစ်ညဥ့်တွင် အခြားနေရာတွင်တွေ့ရပါက ထိုသို့ခရီးသွားမည့်ဦးတည်ရာအတွက် ထိုကြယ်ကိုမူတည်ထား၍ မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် ကြယ်တာရာများ၏ တည်ရှိရာနေရာအမှတ်သည် အလွန်အရေးကြီးနေပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်၊

> **သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ကြယ်နက္ခတ်တို့၏ဝင်ရာ၊ စခန်းချရာများကို သက်သေထူတော်မူ၏။**
>
> **စင်စစ်ဆိုသော် ယင်းသို့သက်သေထူခြင်းမှာ အကယ်၍ အသင်တို့သိရှိကြလျှင် ကြီးကျယ်စွာသော သက်သေထူမှုပင်။** (စူရာ အလ်ဝါကီအဒ် ၅၆း၇၅–၇၆)

## နေနှင့်လ – The Sun and The Moon

နေနှင့်လကို ကုရ်အာန်ကျမ်းတော်မြတ်နေရာအမြောက်အမြားတွင် ဖော်ပြထားပေသည်။ အာရဗီစကားကို နက်နက်နဲနဲလေ့လာသောအခါ ထိုဖော်ပြချက်များတွင် နေနှင့်လတို့၏ အရည်အချင်းများကိုသိလာပါသည်။ နေအတွက် "ဆီရာဂ်"(မီးရှူးမီးတိုင်)နှင့် "မူနီးရ်"(တောက်ပြောင်ခြင်း၊ အလင်းထွက်ခြင်း)စသည့်စကားလုံးကိုအသုံးပြုထားသည်။ အမှန်မှာလည်း နေ၏အတွင်းပိုင်းတွင် နျူးကလီယားဓါတ်ပြောင်းလဲခြင်းများဖြစ်ပေါ်ချိန်တွင် အပူနှင့်အလင်းရောင်ထွက်လာပြီး၊ လမှာ နေမှရရှိသောအလင်းရောင်ကို ပြန်ဟပ်ပေးခြင်းသာဖြစ်ပေသည်။ ထိုအရည်အချင်းများကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ထုတ်ဖော်ပြထား၏။

> **အလ္လာဟ်အရှင်မြတ်သည် မိုးခုနစ်ခုကို မည်သို့မည်ပုံ အထပ်ထပ် ဖန်ဆင်းတော်မူခဲ့သည်ကို အသင်တို့သည် လေ့လာဆင်ခြင်တွေ့မြင်ခဲ့ကြသည်မဟုတ်လော။**
> **၎င်းပြင် ထိုအရှင်မြတ်သည် ယင်းမိုးများ၌ "လ"ကို လင်းရောင်ခြည် ဖြစ်စေတော်မူခဲ့၏။**
> **ထို့ပြင် "နေ"ကို မီးရှူးမီးတိုင်ပြုလုပ်တော်မူခဲ့၏။** (စူရာ နူဟ် ၇၁း၁၅–၁၆)
>
> **ထို့ပြင် ငါအရှင်မြတ်သည်သာလျှင် အသင်တို့ထက်ဝယ် အလွန်ခိုင်ခန့်လှစွာသော မိုးခုနစ်ထပ်ကို ဆောက်လုပ်တော်မူခဲ့၏။**
> **ထို့ပြင် ငါအရှင်မြတ်သည်သာလျှင် (ယင်းမိုးကောင်းကင်၌) လင်းဝင်းတောက်ပလှစွာသော ဆီမီးတစ်ခုကို ဖန်ဆင်းတော်မူခဲ့၏။** (စူရာ အန်နဘာအ် ၇၈း၁၂–၁၃)
>
> **အကြင်အရှင်မြတ်သည် 'ဗရ်ကသ်'မင်္ဂလာနှင့်အလွန်ပြည့်စုံတော်မူ၏။ ထိုအရှင်မြတ်သည် မိုးကောင်းကင်၌ *ဆယ့်နှစ်ရာသီအင်္ဂသာစက်* ဂြိုဟ်နက္ခတ်များကိုပြုလုပ်တော်မူခဲ့၏။ ထိုမှတပါး ထိုအရှင်မြတ်သည် ယင်းမိုးကောင်းကင်၌ ဆီမီးတစ်ခုကိုလည်းကောင်း၊ လင်းဝင်းတောက်ပသော လစန္ဒာကိုလည်းကောင်း ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။**
> (စူရာ အလ်ဖုရ်ကာန် ၂၅း၆၁)

အထက်ပါ ကုရ်အာန်အာယတ်တော်များရှိ အသုံးအနှုန်းများတွင် "နေ"ကို အလင်းရောင်ဖြစ်ပေါ်စေသောအရာအဖြစ်လည်းကောင်း၊ "လ"ကို အလင်းရောင်ပြန်ဟပ်ပေးသည့်အရာအဖြစ်လည်းကောင်း သုံးထားသည်ကို ထင်ရှားစွာတွေ့ရပေသည်။ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်သည့်အချိန်တွင် လူသားတို့အနေဖြင့် ထိုအချင်းအရာများကို သိနိုင်ရန်မဖြစ်နိုင်ချေ။ ထို့ကြောင့် ဤအချက်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် လူသားများမသိသေးသောယင်းအချက်များကို ပြဆိုထားခြင်းကပင် ကုရ်

အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဌ်တော်ဖြစ်ကြောင်းကို သက်သေထူနေပေသည်။

မိုးကောင်းကင်ရှိအရာများ၏ ကြီးကျယ်ထူးခြားသောလက္ခဏာများဖြစ်သည့် ယင်းတို့၏လှုပ်ရှားမှုများအကြောင်းကို လေ့လာကြပါစို့။

**ကုရ်အာန်ကျမ်းတော်မြတ်တွင်ဖော်ပြသည့် ပတ်လမ်းကြောင်းများ**

**Orbits described in the Qur'an**

မိုးကောင်းကင်ရှိအရာများသည် အာကာသထဲတွင်လှုပ်ရှားနေကြကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုလှုပ်ရှားမှုအားလုံးသည် ထိန်းချုပ်မှုအတွင်း၌ရှိနေကြ၍၊ တိကျစွာချိန်ကိုက်ထားသော ပတ်လမ်းအတိုင်းလှုပ်ရှားနေကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယတ်တော်များတွင်၊ နေနှင့်လတို့၏လှုပ်ရှားပုံကို **"နေနှင့်လသည် တိကျစွာတွက်ချက်ထားသောလမ်းကြောင်းအတိုင်းလိုက်နာနေကြသည်။"** ဟု စူရာအရ်ရဟ်မန် ၅၅း၅တွင်ပါရှိ၏။ စူရာယာစင် ၃၆း၄၀တွင် **"နေသည် လကိုအမှီလိုက်နေရန်မဟုတ်၊ ညဉ့်သည်လည်း နေ့ကို ဖြတ်တကျော်ကျော်လွန်သွားရန်မဟုတ်။ အသီးသီးတို့သည် ဂြိုဟ်နက္ခတ်သွားလာရာလမ်းကြောင်းတစ်ခုစီ၌ ကူးခတ်သွားလာ၍ နေကြကုန်သတည်း။"** ဟုဆိုထားပေသည်။

နောက်ထပ်အာယသ် တော်တစ်ခုတွင်လည်း


> **"စင်စစ် ထိုအရှင်မြတ်သည်ပင် ညဉ့်ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့သောအရှင်ဖြစ်တော်မူ၏။ ထိုနက္ခတ်အသီးသီးတို့သည်** (မိမိတို့သက်ဆိုင်ရာ)**ဂြိုဟ်နက္ခတ်လမ်း အသီးအသီးတွင် လှည့်ပတ်သွားလာလှုပ်ရှားလျက်ပင်ရှိကြကုန်သတည်း။"** ဟုကြေငြာထား၏။ (စူရာ အလ်အမ်ဘီယာ ၂၁း၃၃)

မကြာသေးမီက အသိအမှတ်ပြုခဲ့သည့်သီအိုရီအရ၊ စကြာဝဠာအတွင်းရှိထုထည်ကြီးမား၍လေးလံသောအရာဝတ္ထုတို့သည် ငယ်သောအရာဝတ္ထုများကို ဆွဲငင်ထားကြသည်။ ဥပမာ၊ စန္ဒာလသည် သူ့ထက်ထုထည်နှင့်အလေးချိန်အားဖြင့် ပို၍ကြီးမားသော ကမ္ဘာမြေကြီးကို လှည့်ပတ်လျက်ရှိ၏။ ကမ္ဘာ မြေကြီးနှင့် အခြားဂြိုဟ်များသည်လည်း နေကိုလှည့်ပတ်လျက်ရှိကြသည်။ သူရိယနေစနစ် (Solar System) ထက်ကြီးသောအရာများလည်းရှိ၍ သူရိယနေစနစ်သည်လည်း ထိုအရာများကို လှည့်ပတ်နေပြန်၏။ အရေးကြီးဆုံးအချက်မှာ ကြယ်တာရာများ၊ ဂြိုဟ်များ၊ နေ၊ လ၊ ကမ္ဘာ၊ စသည်ဖြင့် အရာဝတ္ထုများအားလုံးတို့သည် ထိန်းကွပ်မှုမရှိပါက အချင်းချင်း တစ်ခုနှင့်တစ်ခု၏ လမ်းကြောင်းများကိုဝင်ဖြတ်ကြသဖြင့် ရင်ဆိုင်တိုက်ကြမည့်အန္တရာယ် ရှိပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်က ထိုလှုပ်ရှားပျံသန်းမှုသည် အဆင်ပြေပြေ သူ့လမ်းကြောင်းနှင့်သူ ရှိနေကြောင်း ဖော်ပြထားပေသည်။

**လမ်းကြောင်းများရှိသော မိုးကောင်းကင်ကို သက်သေထူတော်မူ၏။** (စူရာ အလ်ဇာရီယဟ် ၅၁း၇)

သူရိယနေသည် သန်းပေါင်းထောင်နှင့်ချီ၍ရှိသော ကြယ်တာရာများအနက်တစ်ခုသာဖြစ်ပြီး၊ အာကာသအတွင်း တစ်ရက်လျှင် ကီလိုမီတာ ၁၇ သန်း(မိုင်ပေါင်း ၁၀.၅သန်း)မျှသောခရီးကို ပျံသန်းနေရလေသည်။ နေ၏ခရီးနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထား၏။

> ၎င်းပြင် နေသည် မိမိသွားလမ်းအတိုင်း သွားလျက်ရှိ၏။ ဤသည်ကား အလွန်တရာနိုင်နင်းလွှမ်းမိုးတော်မူသော အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်၏ တိုင်းတာသတ်မှတ်ချက်ပင် ဖြစ်၏။ (စူရာ ယာစင် ၃၆း၃၈)။




ကောင်းမွန်စွာကာကွယ်ထားသော ပေါင်းမိုး
**The Canopy Well Guarded**

> ၎င်းပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်ကို(ပြိုပျက်ခြင်းမှ)ထိန်းသိမ်းကာကွယ်ပြီးဖြစ်သော အမိုးပြုလုပ်တော်မူခဲ့လေသည်။ သို့ပါလျက် ၎င်းတို့သည် ယင်းမိုးကောင်းကင်ရှိ သက်သေ လက္ခဏာများမှ မျက်နှာလွှဲလျက်ရှိကြကုန်၏။ (စူရာ အလ်အမ်ဘီယာ ၂၁း၃၂)

လူတိုင်းသည် စန္ဒာလ၏မျက်နှာပြင်ပုံကို တွေ့ဘူးကြသူချည်းဖြစ်ကြလိမ့်မည်။ မရေမတွက်နိုင်သော ဥက္ကာပျံများ ကျရောက်ခဲ့ခြင်းကြောင့် မျက်နှာပြင်များသည် မညီမညာဖြစ်နေသည်။ လမင်း၏မျက်နှာပြင်တွင် ထိုဥက္ကာပျံများကြောင့်ဖြစ်ပေါ်လာသော ချိုင့်ဝှမ်းများသည် အလွန်ထူးဆန်းသော လက္ခဏာများဖြစ်ပေသည်။ လမျက်နှာပြင်ပေါ်တွင် တစ်စုံတစ်ခုသောအာကာသစခန်း သို့မဟုတ် လူနေ

အိမ်တည်ဆောက်မည်ဆိုပါက၊ အထူးခိုင်ခန့်သည့် အကာအကွယ်ကို ဆောက်လုပ်ထား ခြင်းမရှိပါက မကြာမီအတွင်း တစ်စမကျန်လောင်ကျွမ်းပျက်စီးသွားမည်သာဖြစ်၏။ ထိုသို့မဖြစ်ရန် အတွက် တစ်နည်းနည်းဖြင့် "ကာကွယ်"ထားရမည်ဖြစ်ပေသည်။

ကျွန်ုပ်တို့ဘယ်သောအခါမျှ မစဉ်းစားမိခဲ့သော ထိုအသေးစိတ်ကိစ္စများကို ကမ္ဘာမြေကြီးအတွက် သဘာဝအလျောက် ပေးထားပြီးဖြစ်လေသည်။ ထို့ကြောင့် လူသားများအသက်ရှင်နေရေးအတွက် အခြားအထူးကာကွယ်စီမံနေရန်မလိုအပ်တော့ချေ။ ကမ္ဘာ့လေထုက ပြင်ပအာကာသမှလာသော ဥက္ကာပျံများကြီးငယ်ဟူသမျှကို ဖျက်ဆီးပစ်လေသည်။ အာကာသရှိ အန္တရာယ်ရှိသောရောင်ခြည်များကိုလည်း မြေပြင်မရောက်မီ စစ်ထုတ်လိုက်၏။ ထို့ကြောင့် ကမ္ဘာ့လေထုသည် ကမ္ဘာပေါ်တွင် အစဉ်တစိုက်အသက်ရှင်နေခြင်းအတွက် အရေးကြီးသည့်တာဝန်ကို ထမ်းဆောင်လျက်ရှိနေသည်။

အန္တရာယ်ပေးနိုင်သောရောင်ခြည်များ၊ အချို့မှာ အသက်ကိုပင်သေစေနိုင်သောရောင်ခြည်များဖြစ်၍ နေနှင့်တကွ အခြားကြယ်တာရာများထံမှ ကမ္ဘာမြေပြင်သို့ရောက်လာကြသည်။ အထူးသဖြင့် ကျွန်ုပ်တို့ နှင့်အနီးဆုံးကြယ်တစ်လုံးဖြစ်သော သူရိယနေတွင် စွမ်းအင်ပေါက်ကွဲမှုအဆက်မပြတ်ဖြစ်ပေါ်နေရာ "မီးတောက်မီးလျှံ"ကြီးများအဆက်မပြတ်ရှိနေသည်။ ထိုမီးတောက်မီးလျှံတွင် အဓိကအကျဆုံးအန္တရာယ်ရောင်ခြည်များပါဝင်လျက်ရှိ၏။


ထိုကဲ့သို့သောမီးလျှံမီးတောက်ထွက်နေချိန်တွင် လျှပ်စစ်ဓါတ်ဖိုဓါတ်မနှစ်မျိုးစလုံးပါဝင်သော ဓါတ်ငွေ့ထုကို အာကာသထဲသို့ တစ်စက္ကန့်လျှင် ၁၅၀၀ ကီလိုမီတာအလျင်နှုန်း (တစ်စက္ကန့်လျှင် ၉၃၀ မိုင်နှုန်း)ဖြင့်ပစ်လွှတ်အံထုတ်လိုက်သည်။ ထိုဓါတ်ငွေ့ထုသည် ကမ္ဘာမြေကြီးအနီးသို့ချဉ်းကပ်လာသောအခါ ကမ္ဘာမြေကြီး၏သံလိုက်စက်ကွင်းကြောင့် လျှပ်စစ်စီးကြောင်းဖြစ်ပေါ်လာလေသည်။ တစ်ချိန်တည်းတွင် ကမ္ဘာမြေကြီး၏ သံလိုက်စက်ကွင်းသည်လည်း ထိုဓါတ်ငွေ့ထုကို တွန်းကန်လွင့်စင်စေသောအင်အားဖြစ်ပေါ်လာစေသဖြင့် အတော်အတန်ဝေးကွာသောအရပ်တွင် တန့်နေစေ၏။ ထိုဓါတ်ငွေ့၏အရည်အခြင်းများကို အနည်းငယ်လေ့လာကြည့်ကြပါစို့။

ကမ္ဘာမြေကြီး၏သံလိုက်စက်ကွင်းက ထိုဓါတ်ငွေ့ထုကို ရပ်တန့်ထားနိုင်သော်လည်း၊ အင်အားကြီးမားလှသောမီးတောက်မီးလျှံတို့ကြောင့်၊ ဗို့အားမြင့်မားသော လျှပ်စစ်ကြေးနန်းကြိုးများရှိ လျှပ်စစ်မီးအားမြှင့်စက်များ ပေါက်ကွဲခြင်း၊ ဆက်သွယ်ရေးကွန်ယက်(network)များပျက်စီးပြတ်သွားခြင်း၊ လျှပ်စစ်ဖြူးများ လောင်ကျွမ်းပြတ်သွားခြင်း စသည်တို့ဖြစ်နိုင်သည်။

သူရိယကွက်လပ်(sun-spot)၏ပေါက်ကွဲမှုသည် ဟီရိုရှီမာတွင်(အမေရိကန်အစိုးရက စစ်ပွဲကို ရမယ်ရာ၍ ဂျပန်အရပ်သားများကိုအစုလိုက်အပြုံလိုက်သတ်ဖြတ်)ကြဲခဲ့သောအနုမြူဗုံးထက် အဆပေါင်းသန်းပေါင်းတစ်သောင်းခန့်အင်အားကြီးမား၏။ ထိုမီးတောက်မီးလျှံထွက်လာပြီးနောက် ၅၈နာရီအကြာတွင်ပင် ယင်း၏ထိခိုက်မှုကို သံလိုက်အိမ်မြှောင်တွင်တွေ့နိုင်သေးသည်။ ကမ္ဘာ့လေထုအထက် ၂၅၀ ကီလိုမီတာ (မိုင် ၁၅၀)လောက်ဝေးကွာသောအထပ်တွင် အပူချိန် ၂၅၀၀ ဒီဂရီဆဲလ်ဆီယက်အထိ တက်လာ၏။

တစ်ချိန်တည်းတွင် သူရိယနေမှထုတ်လွှတ်လိုက်သောအခြားအမှုန်တစ်မျိုး၏စီးကြောင်းလည်းရှိနေသေးသည်။ အလျင်နှုန်းမှာ တစ်စက္ကန့်လျှင် ၄၀၀ ကီလိုမီတာဖြင့် ကမ္ဘာမြေကြီးဆီသို့ဦးတည်လျက်ရှိသည်။ ၎င်းကို "သူရိယလေဟုန်"(solar wind)ဟုခေါ်၏။ ၎င်းသူရိယလေဟုန်ကို ကမ္ဘာမြေကြီး၏သံလိုက်စက်ကွင်းမှဖြစ်ပေါ်လာသော "ဗင်အဲလင်ရောင်ခြည်လွှတ်ရပ်ဝန်း"(Van Allen Radiation Belt)ဟုခေါ်သော ကမ္ဘာ့လေထုရှိအထပ်တစ်ထပ်က ထိန်းချုပ်လိုက်သဖြင့် အန္တရာယ် ကင်းသွားတော့သည်။ ဤရပ်ဝန်းအထပ်သည် ကမ္ဘာလုံးအတွင်းရှိအဆံမှ နိကယ်သတ္တုတုံးကြီးကြောင့် ဖြစ်ပေါ်လာသည်ဟု ယူဆကြသည်။ ကမ္ဘာလုံး၏အတွင်းဆုံးအလယ်ဆံတွင် သံနှင့်နိကယ်ကဲ့သို့သောသံလိုက်သတ္တိရှိသည့်သတ္တုများဖြင့် ပြည့်နက်နေ၏။ အရေးကြီးဆုံးအချက်မှာ အတွင်းဆုံးအဆံသည် အတုံးအခဲဖြစ်၍ ၎င်းထက်အပြင်ဘက်ကျသောအထပ်သည် အရည်ပျော်နေသောသတ္တုအထပ်ဖြစ်သည်။ ထိုအထပ်နှစ်ထပ်စလုံးသည် တစ်ထပ်နှင့်တစ်ထပ် အချင်းချင်းလည်ပတ်လျက်ရှိနေကြသည်။ ထိုလှုပ်ရှားမှုတို့သည် သံလိုက်သတ္တိရှိသောသတ္တုများကို သံလိုက်စက်ကွင်း ထုတ်

လုပ်စေလေသည်။ ဇင်အဲလင်ရောင်ခြည်လွှတ်ရပ်ဝန်းသည် ယင်းသံလိုက်စက်ကွင်း၏ တိုးချဲ့မှုဖြစ်ပေါ်၍ ကမ္ဘာ့လေထု၏အထက်ပြင်ပဆုံးအထပ်အထိရောက်သွားလေသည်။ ထိုသံလိုက်စက်ကွင်းသည် အာကာသမှရောက်ရှိလာနိုင်သောအန္တရာယ်များမှ ကာကွယ်ပေးလေသည်။ သူရိယလေဟုန်သည်လည်း ကမ္ဘာမြေကြီး၏အထက် ကီလိုမီတာ ၄ သောင်း(မိုင် ၂၄၈၀၀ ခန့်)ဝေးကွာသော ထိုဇင်အဲလင်ရပ်ဝန်းကိုကျော်လွန်လာ၍မရနိုင်ချေ။ လျှပ်စစ်ဓါတ်ပါသောအမှုန်များသည် ထိုအထပ်နှင့်ထိတွေ့သောအခါ ဓါတ်ပြယ်သွားကြ၍ ၎င်းရပ်ဝန်းတဝိုက်တွင်သာ စီးမျောနေတော့သည်။



If "the canopy well guarded" had not existed, the dangers awaiting the earth would unquestionably not be as few as those in the picture.

ထို "ထိန်းသိမ်းကာကွယ်ပြီးဖြစ်သောအမိုး "သာမရှိခဲ့ပါက ကမ္ဘာမြေကြီးပေါ်သို့ ကျရောက်လာမည့် အန္တရာယ်တို့သည် ပုံတွင်တွေ့ရသည့်ပုံစံထက်လျော့နည်းခြင်းရှိမည်မဟုတ်ပါ။

ကမ္ဘာ့လေထုသည်လည်း ဇင်အဲလင်ရပ်ဝန်းကဲ့သို့ပင် အာကာသမှရောက်ရှိလာမည့် ဖျက်ဆီးနိုင်သောအန္တရာယ်မျိုးစုံမှ အကာအကွယ်ပေးနေသေးသည်။ ကမ္ဘာ့လေထုသည် ဥက္ကာပျံများ၏ရန်မှကာကွယ်ပေးကြောင်း အထက်တွင်ဖော်ပြခဲ့ပါသည်။ ၎င်းသည် ကမ္ဘာ့လေထု၏တစ်ခုတည်းသောလက္ခဏာ မဟုတ်ပါ။ ကမ္ဘာ့လေထု၏ပြင်ပအာကာသ၏အပူရှိန်သည် ပကတိသုညအပူချိန်(အနိမ့်ဆုံးအပူချိန်)ဟုခေါ်သော –၂၇၃ ဒီဂရီဆဲလ်ဆီယက်ရှိလေသည်။ ထိုမျှဖြေသောအပူရှိန်ကို ကမ္ဘာ့လေထု၏အစဉ်တစိုက် ပို၍မြင့်မားသောအပူရှိန်က ကာကွယ်မှုမပေးထားပါက ကမ္ဘာပေါ်တွင် မည်သည့်အသက်မျှပင် ရှင်နေနိုင်မည်မဟုတ်ပေ။

ထို့ထက်ပို၍စိတ်ဝင်စားဘွယ်ကောင်းသောအချက်မှာ၊ ကမ္ဘာ့လေထုသည် အန္တရာယ်ကင်းသောရောင်ခြည်များ၊ ရေဒီယိုလှိုင်းများ၊ မျက်စိဖြင့်မြင်နိုင်သောအလင်းရောင်လှိုင်း(ရောင်ခြည်)များကိုသာ ကမ္ဘာမြေကြီးသို့ဖြတ်သန်းသွားစေခြင်းဖြစ်ပေသည်။ ထိုရောင်ခြည်လှိုင်းများသည် အသက်ရှင်ရေးအတွက် မရှိမဖြစ်သောအရေးကြီးသည့်ရောင်ခြည်လှိုင်းများဖြစ်ကြပေသည်။ ခရမ်းလွန်ရောင်ခြည်သည် ရွက်စိမ်းပင်များ နေရောင်ခြည်ဖြင့် ကာဘွန်ဒိုင်အောက်ဆိုဒ်ဓါတ်မှ အစာချက်လုပ်ခြင်း (photosynthesis) အတွက်လိုအပ်ပေသည်။ ၎င်းရောင်ခြည်ကိုလည်း ကမ္ဘာ့လေထုရှိ အိုဇုံးဓါတ်အလွှာတွင် စစ်ထုတ်၍ လိုအပ်သလောက်သာ ကမ္ဘာမြေကြီးသို့ဖြတ်သန်းလာစေသည်။ အပင်များနှင့်အတူသက်ရှိသတ္တဝါတို့အတွက်လည်း အရေးကြီးလှ၏။ ဤရောင်ခြည်သည် နေမျက်နှာပြင်ရှိ မီးတောက်မီးလျှံမှ အမြောက်အမြားလွင့်စင်ပါလာခြင်းဖြစ်သည်။ သို့သော်လည်း လေထုမှ လိုအပ်သလောက်သာ စစ်ထုတ်၍ ဖြတ်ခွင့်ပြုထားသည်။ အကယ်၍သာ ခရမ်းလွန်ရောင်ခြည် (ultra voilet ray)သည်

ကမ္ဘာပေါ်သို့ လိုအပ်သည်ထက်ပိုမို၍ရောက်လာပါက သက်ရှိသတ္တဝါများအတွက် အထူးသဖြင့် လူသားများအတွက် အန္တရာယ်ဖြစ်စေနိုင်ပါသည်။ နေရောင်ခြည်သည် အသက်ရှင်နေရေးအတွက် အရေးကြီးဆုံးသောအရာတွင် ပါဝင်ပါသည်။

အတိုချုပ်အားဖြင့် ကမ္ဘာမြေကြီးကို အကောင်းဆုံးအသင့်တော်ဆုံးသောစနစ်များ ဝိုင်းရံလျက်ရှိသည့်အပြင်၊ ပြင်ပအာကာသမှ ရောက်လာနိုင်သည့်အန္တရာယ်များကိုလည်း ကာကွယ်ထားသောစနစ်ရှိနေပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုသို့သောကာကွယ်ထားခြင်းကို အောက်ပါအတိုင်း ဖော်ပြထား၏။

> ၎င်းပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်ကို(ပြိုပျက်ခြင်းမှ)ထိန်းသိမ်းကာကွယ်ပြီးဖြစ်သော အမိုးပြုလုပ်တော်မူခဲ့လေသည်။ သို့ပါလျက် ၎င်းတို့သည် ယင်းမိုးကောင်းကင်ရှိ သက်သေ လက္ခဏာများမှ မျက်နှာလွှဲလျက်ရှိကြကုန်၏။ (စူရာ အလ်အမ်ဘီယာ ၂၁း၃၂)။

၇ ရာစုနှစ်များတွင် ကမ္ဘာမြေကြီးကို ကမ္ဘာ့လေထုက အကာအကွယ်ပေးနိုင်သောအရည်အချင်းကို သိနိုင်မည်မဟုတ်ပါ။ ဗင်အဲလင်ရပ်ဝန်းတည်ရှိနေခြင်းကိုလည်း မသိနိုင်ခြင်းကို ယုံမှားသံသယမရှိနိုင်တော့ချေ။ သို့သော်လည်း "ထိန်းသိမ်းကာကွယ်ပြီးဖြစ်သောအမိုး"ဟူသည့် မုက္ခပါဠ်တော်သည် ခေတ်သစ်သိပ္ပံပညာကသာလျှင် တွေ့ရှိဖေါ်ထုတ်ထားသောအရည်အချင်းကို တိကျစွာရှင်းလင်းပြထားခြင်းဖြစ်ပေသည်။ ထို့ကြောင့်၊ အထက်ပါကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်တော်သည် အကြွင်းမရှိသိရှိတော်မူသောအလ္လာဟ်အရှင်မြတ်၏ မုက္ခပါဠ်တော်ဖြစ်ကြောင်း ထင်ရှားလျက်ရှိ၏။

## နှိုင်းယှဉ်ချက်အရဖြစ်သောအချိန်
## The Relativity of Time

နှိုင်းယှဉ်ချက်အရဖြစ်သောအချိန်သည် ယနေ့အချိန်တွင် သိပ္ပံပညာအရ သက်သေပြထားပြီးဖြစ်၍ လက်ခံထားပြီးသောအချက်ဖြစ်ပေသည်။ သို့သော်လည်း နှစ်ဆယ်ရာစုနှစ်အစပိုင်းတွင် အင်စတိုင်းက "နှိုင်းယှဉ်ချက်သီအိုရီ"ကိုမတင်ပြမီ အချိန်သည် အလျင်နှုန်းနှင့်ဒြပ်ထုတို့နှင့် နှိုင်းယှဉ်မှုအရမူတည်အားထားနေခြင်းကို ကုရ်အာကျမ်းတော်မြတ်တွင်ပါရှိခြင်းမှလွဲ၍ မည်သူကမျှမတွေးမိခဲ့ပေ။

ကုရ်အာန်ကျမ်းတော်မြတ်တွင် နှိုင်းယှဉ်ချက်အရဖြစ်သောအချိန်နှင့်ပတ်သက်၍ သုံးနေရာ၌ဖေါ်ပြထားပေသည်။

> ၎င်းပြင် ထိုသူတို့သည် အသင့်ထံ(လာရောက်၍) ပြစ်ဒဏ်ကို အဆောတလျင် တောင်းဆိုကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မိမိကတိကို အလျင်းပျက်ကွက်တော်မူမည်မဟုတ်ပေ။ ၎င်းပြင် ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်၌ နေ့တစ်နေ့သည် အသင်တို့ရေတွက်ကြသော အနှစ်တစ်ထောင်ကဲ့သို့ပင်ဖြစ်ပေသည်။ (စူရာ အလ်ဟဂ်ျ ၂၂း၄၇)


> ထိုအရှင်မြတ်သည် မိုးကောင်းကင်မှ ပထဝီမြေအထိ အမှုကိစ္စအရပ်အရပ်တို့ကို စီမံခန့်ခွဲတော်မူ၏။ ထိုနောက် ယင်းအမှုကိစ္စတို့မှာ အသင်တို့ရေတွက်ကြကုန်သော အရေအတွက်ဖြင့် အနှစ်တစ်ထောင်အတိုင်းအတာရှိသော နေ့တနေ့တွင် ထိုအရှင်မြတ်အထံတော်သို့ တက်သွားပေမည်။ (စူရာ အလ်ဆဂ်ျဒါ ၃၂း၅)။

> မလာအိကဟ် ကောင်းကင်တမန်များသည်လည်းကောင်း၊ (ရူဟ်)အသက်ဇီဝိန်ဝိညာဉ်များသည်လည်းကောင်း၊ ထိုအရှင်မြတ်ထံတော်သို့ တက်ရောက်သွားကြပေသည်။ အကြင်နေ့တွင် ယင်းနေ့၏အတိုင်းအတာသည် ဤပစ္စက္ခ၏နှစ်ပေါင်းငါးသောင်းနှင့်ညီမျှသည်။ (စူရာ အလ် မအာရိဂ်ျ ၇၀း၄)။

၆၁၀–ခုနှစ်တွင် ကျရောက်ခဲ့သော ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ နှိုင်းယှဉ်ချက်အရဖြစ်သောအချိန်နှင့်ပတ်သက်၍ တိုက်ရိုက်ဖေါ်ပြထားခြင်းသည်ကား ဖန်ဆင်းရှင်အလ္လာဟ်ရှင်မြတ်၏ မုကွ်ဇပါဠ်တော်ပင်ဖြစ်ကြောင်း သက်သေထူလျက်ရှိ၏။

## ကမ္ဘာမြေကြီး၏ လုံးဝိုင်းသောပုံသဏ္ဍာန်
## The Roundness of the Earth

ကုရ်အာန်ကျမ်းတော်မြတ်ကျရောက်ခဲ့သော အာရဗီစကားသည်၊ ဝေါဟာရအလွန်ကြွယ်ဝသော ဘာသာစကားဖြစ်သည်။ ဝေါဟာရအလွန်များပြားကြွယ်ဝသည့်အပြင် အဓိပ္ပါယ်တို့သည်လည်းကွဲပြားမှု အလွန်များပြား၏။ ထို့ကြောင့် အာရဗီကြိယာတစ်ချို့ကို အခြားဘာသာ၏ စကားလုံးတစ်လုံးတည်းဖြင့် ဘာသာပြန်၍မရချေ။ ဥပမာ "ဟာရှီယာဟ်" ဟူသည်မှာ "အံ့အားသင့်စွာဖြင့် ကြောက်ရွံ့တုန်လှုပ်ခြင်း" ဟုအဓိပ္ပါယ်သက်ရောက်သည်။ အခြားပုံစံမျိုးကြောက်ရွံ့ခြင်းကို အခြားကြိယာများဖြင့်ဖေါ်ပြသည်။ "ကာရီယာ" ဟူသည်မှာ ရိုက်ပုတ်ထိုးနက်ကန်ကျောက်ခြင်းများပါဝင်သည့် ဘေးဆိုးအန္တရာယ်" ဟုဆိုလိုသည်။ ၎င်းမှာ "ပြန်လည်ရှင်ထမည့် နောက်ဆုံးနေ့" ဖြစ်သည်။


He It Is Who has made the earth subservient unto you, so walk in the paths thereof and eat of His providence. And to Him is the return after death. (Sura al-Mulk, 15)

ထိုအရှင်မြတ်သည်ပင် အသင်တို့အကျိုးငှာ ပထဝီမြေကို တစ်ဆင့်အသုံးခံ၊ လက်အောက်ခံ ပြုလုပ်ထားတော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ယင်းပထဝီမြေ၏ သွားလာရာလမ်းများ၌ လှုပ်ရှားသွားလာကြလေကုန်။ ထို့ပြင်ပါ၊ အသင်တို့သည် ထိုအရှင်မြတ် ချီးမြှင့်ပေးသနားတော်မူသော ရိက္ခာမှ စားသုံးကြလေကုန်။ ဝင်စခံသော်ကား ရှင်ပြန်ထ၍ ထိုအရှင်မြတ်အထံတော်သို့ပင် ပြန်လည်ရောက်ရှိကြရအံ့သတည်း။ (စူရာ အလ်မုလ်က် – ၁၅)

နောက်ထပ်ကြိယာတစ်ခုကိုကြည့်ကြစို့။ "တက္ကဝီးရ်"ဟူသောကြိယာမှာ တစ်ခုနှင့်တစ်ခုထပ်နေအောင်လိပ်ထားထုံးထားသည်ကိုပြဆိုသည်။ ဥပမာ ခေါင်းပေါင်းပေါင်းသကဲ့သို့တစ်ခုနှင့်တစ်ခုထပ်နေရစ်ပတ်နေစေခြင်းကိုဖော်ပြသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤစကားလုံးကို အောက်ပါအတိုင်းအသုံးပြုထားပေသည်။

> **ထိုအရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ကျနသေချာစွာ ဖန်ဆင်းတော်မူ၏။ ထိုအရှင်မြတ်သည် ညဉ့်ကိုနေ့၏အပေါ်၌ဖုံးအုပ်လွှမ်းခြုံ(ရစ်ပတ်)စေတော်မူ၏။ ထိုနည်းတူစွာ နေ့ကို ညဉ့်၏အပေါ်၌ဖုံးအုပ်လွှမ်းခြုံတော်မူ၏။ (စူရာ အလ်ဇုမရ် ၃၉း၅)။**

ဤအာယတ်တော်တွင်ပြဆိုထားသော နေ့ကိုညဉ့်ကဖုန်းအုပ်ရစ်ပတ်ထား၍ ညဉ့်ကိုလည်းနေ့က ဖုန်းအုပ်ရစ်ပတ်ထားသည်ဆိုခြင်းမှာ ကမ္ဘာမြေကြီးသည် လုံးဝိုင်းသောပုံသဏ္ဍာန်ရှိမှသာလျှင် ဖြစ်နိုင်၏။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ကမ္ဘာမြေကြီး၏ ပုံသဏ္ဍာန်အမှန်ကို အရိပ်အမြွက်ပြဆိုထားခြင်းဖြစ်ပေသည်။

သို့သော်လည်း ထိုခေတ်ထိုအခါက နက္ခတ္တဗေဒသည်၊ ကမ္ဘာမြေကြီး၏ပုံသဏ္ဍာန်ကို တစ်မျိုးတစ်ဖုံယူဆထားကြလေသည်။ ထိုခေတ်အခါကာလတွင် သိပ္ပံပညာတွက်ချက်မှုအားလုံးသည် ကမ္ဘာမြေကြီးကို ပြားသောပုံသဏ္ဍာန်အဖြစ်ယူဆထားပြီးတွက်ချက်ခဲ့ကြလေသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်ကမူ၊ အလ္လာဟ်အရှင်မြတ်၏မုက္ခပါဌ်တော်ဖြစ်တော်မူသောကြောင့်၊ စကြာဝဠာ၏ပုံပန်းသဏ္ဍာန်ကို ဖော်ပြရာတွင် အမှန်ဆုံးစကားလုံးကို အသုံးပြုထားပေသည်။

## တောင်များ၏တာဝန် – The Function of Mountains

ဘူမိဗေဒတွေ့ရှိချက်များအရ၊ ကမ္ဘာမြေကြီး၏အတွင်းပိုင်းရှိ ကမ္ဘာ့ကျောက်ထုလွှာများအချင်းချင်း ထိခိုက်မှုကြောင့် တောင်များဖြစ်ပေါ်လာသည်ဟု သိရပေသည်။ ထိုကျောက်ထုလွှာများသည် အလွန်ကြီးမားကြပြီး ကမ္ဘာ့တိုက်ကြီးများကို ထမ်းသယ်ထားပေသည်။ ထိုကျောက်ထုလွှာများ တိုက်မိသောအခါ၊ အလွှာတစ်လွှာသည် အခြားတလွှာအောက်သို့လျှိုဝင်သွားရာတွင် အကျိုးအပဲ့အစအနများသည် ကမ္ဘာမြေပြင်ပေါ်သို့တက်လာလေသည်။ ထိုသို့တက်လာသောအကျိုးအပဲ့အစအနပိုင်းသည် မြေမျက်နှာပြင်သို့ရောက်သောအခါ ပတ်ဝန်းကျင်ထက်မြင့်မားလာပြီး တောင်များဖြစ်လာလေသည်။ ယင်းသို့ မြေမျက်နှာပြင်အထက်သို့ တောင်များအဖြစ်စူထွက်လာသည်နှင့်အမျှ၊ တချိန်တည်းတွင် ကမ္ဘာမြေကြီးအတွင်းပိုင်းသို့လည်း အပိုင်းတစ်ပိုင်းက စိုက်ဝင်သွား၏။ မြေမျက်နှာပြင်တွင်မြင်နိုင်သောတောင်၏အပိုင်းလောက် မြေကြီးအတွင်းပိုင်းသို့လည်း စိုက်ဝင်သွားသည်ဟု ဆိုလို၏။ ထိုသို့သော တောင်များ၏ကမ္ဘာမြေကြီးအတွင်းအောက်ခြေပိုင်းသို့ ထိုးစိုက်ဝင်သွားသောအပိုင်းသည်၊ ထိုကျောက်ထုလွှာများကို ကမ္ဘာ့အတွင်းပိုင်းအရည်ပျော်လျက်ရှိသော သတ္တုထုအပေါ်တွင် မျော၍ရွေ့လျားသွားခြင်း သို့မဟုတ် တစ်ခုနှင့်တစ်ခုနောက်ထပ်တိုးဝင်ထပ်သွားခြင်း မဖြစ်ရန်ထိန်းထားလေသည်။

ထို့ကြောင့် တောင်များသည် ကမ္ဘာမြေကြီး၏ကျောက်ထုလွှာများတင်းကြပ်စွာဖိထားသောအဆက်၌နောက်ထပ်ကွာဟသွားခြင်းမရှိအောင် "တုတ်နှောင်"ထားနေကြကြောင်းကို တွေ့ရှိရ၏။ သစ်သားနစ်ချပ်ကိုတစ်ခုနှင့်တစ်ခုကပ်နေအောင် ရိုက်နှက်ထားသောသံမှိုကဲ့သို့ဖြစ်နေသည်။

ကမ္ဘာ့အတွင်းပိုင်းရှိ အရည်ပျော်လျက်ရှိသောကျောက်နှင့်သတ္တုများသည်လည်း ကမ္ဘာ့မြေသားအလွှာများနှင့် မြေမျက်နှာပြင်သို့စီးထွက်လာခြင်းဖြင့် ပျက်ဆီးခြင်းမဖြစ်ရန်ကာကွယ်ထားခြင်းလည်းဖြစ်နေပါသည်။ ကမ္ဘာမြေကြီး၏ အလယ်ဆံသည် အရည်ပျော်လျက်ရှိသော သတ္တုများဖြစ်ပြီး အပူချိန်အားဖြင့် ဒီဂရီထောင်ပေါင်းများစွာပူပြင်း၏။ ကမ္ဘာမြေကြီးအလယ်ဆံ၏လှုပ်ရှားမှုကြောင့် ကမ္ဘာမြေကြီး၏ကျောက်ထုလွှာများလှုပ်ရှားရာတွင် အရည်ပျော်လျက်ရှိသောသတ္တုများ ကမ္ဘာ့မြေပြင်သို့

တက်မလာရန် တောင်ကြီးများက သပ်ရိုက်ထားဘိသကဲ့သို့ ကာကွယ်ထားလေသည်။ ထို့ကြောင့် ပြင်းထန်လွန်းသောမြေလျှင်လှုပ်ခြင်းများကို ကာကွယ်ပေးလေသည်။

ဤကဲ့သို့သော ကျွန်ုပ်တို့၏ခေတ်သစ်ဘူမိဗေဒလေ့လာချက်များမှရရှိသော အလွန်ပညာသားပါ၍ နက်နဲသည့်အချက်အလက်များကို လွန်ခဲ့သည့်နှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားခြင်းသည် အင်မတန်စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၌၊

> **ထိုအရှင်မြတ်သည် မိုးကောင်းကင်များကို အသင်တို့မြင်ကြသည့်အတိုင်း တိုင်များမပါဘဲ ဖန်ဆင်းတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ပထဝီမြေ၌ ယင်းပထဝီမြေသည် အသင်တို့နှင့်တကွ ယိမ်းယိုင်မသွားစေရန် လေးလံသော တောင်များကို** (ကျောက်ဆူးများသဖွယ်) **ချထားတော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည် ယင်းပထဝီမြေဝယ် သတ္တဝါအမျိုးမျိုးတို့ကို ပြန့်ပွားစေတော်မူ၏။** (စူရာ အလ်လုက်မာန် ၃၁း၁၀)။

ဤအာယသ်တော်ကပင် ထိုခေတ်ထိုကာလတွင် ရှိခဲ့သော အယူသီးမှုယုံကြည်ချက်များကို ပယ်ဖျက်လိုက်ပေသည်။ အာရဗ်လူမျိုးများသည်လည်း ထိုခေတ်မှအခြားရှေးဟောင်း နက္ခတ္တဗေဒအယူအဆအတိုင်း မိုးကောင်းကင်ကို မြင့်မားသောတောင်များက ထောက်ထားသည်ဟု ယူဆကြလေသည်။ (ထိုရှေးဟောင်းအယူအဆကို သမ္မာကျမ်း ဓမ္မဟောင်းကျမ်းတွင်ထပ်မံရှင်းပြထားလေသည်)။ ထိုယုံကြည်ချက်များအရ မိုးကောင်းကင်ကို ကမ္ဘာ့အစွန်းနှစ်စွန်းရှိ မြင့်မားသောတောင်နှစ်ခုက ထောက်ထားသည်ဟူ၏။ မိုးကောင်းကင်ပြိုကျလာခြင်းမရှိအောင် ဒေါက်တိုင်များဖြင့် ကျားကန်ထားသည်ဟုယုံကြည်ကြ၏။ အထက်ပါအာယသ်တော်က ထိုယုံကြည်ချက်ကို အသိအမှတ်မပြုချေ။ မိုးကောင်းကင်ကို ထောက်ထားကျားကန်ထားသော ဒေါက်တိုင်များလုံးဝမရှိဟုဆိုထားသည်။ ခေတ်သစ်ဘူမိဗေဒလေ့လာချက်ကလည်း တောင်များသည် မြေလျှင်လှုပ်ခြင်းကြောင့်ဖြစ်ပေါ်လာသောတုန်ခါခြင်းကို ထိန်းထားသည်ဟု ဖော်ထုတ်ထားပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ နောက်ထပ်အာယသ်တော်တစ်ခုတွင်လည်း ယင်းအချက်ကို ထပ်မံဖော်ပြထားပေသည်။

> **ထိုမှတပါး ငါအရှင်မြတ်သည် ပထဝီမြေ၌ယင်းပထဝီမြေသည် ၎င်းတို့နှင့်တကွ လှုပ်ရှားယိမ်းယိုင်သွားခြင်းမရှိနိုင်ရန် တောင်များကိုစိုက်ထူထားတော်မူခဲ့လေသည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့လိုရာသို့ရောက်ရှိနိုင်ကြအံ့သောငှာ ယင်းတောင်များ၌ တောင်ကြားများကို လမ်းများအဖြစ်ပြုလုပ်ထားတော်မူခဲ့လေသည်။** (စူရာ အလ်အမ်ဗီယာ ၂၁း၃၁)။

## မိုးရွာသွန်းခြင်း – Rain

ကမ္ဘာမြေကြီးပေါ်တွင် အသက်ရှင်ခြင်းတည်မြဲနေရန်အတွက် မိုးရွာသွန်းခြင်းသည် အလွန်အရေးပါလျက် ရှိပေသည်။ နေရာဒေသတစ်ခုခုတွင် အခြေချခြင်း၊ နေထိုင်ခြင်း၊ လုပ်ငန်းဆောင်တာများဆောင်ရွက်ခြင်းများ ပြုရန်အတွက် ထိုနေရာတွင်မိုးရေရရှိခြင်းသည် ကြိုတင်လိုအပ်သောအရာတစ်ခုဖြစ်ပေသည်။ လူသားများအပါအဝင် သက်ရှိများအားလုံးအတွက် အလွန်အရေးကြီးသော မိုးရွာသွန်းခြင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် အတော်များများဖော်ပြထားပေသည်။ ထိုဖော်ပြချက်များတွင် မိုးရွာသွန်းခြင်း အဆင့်ဆင့်အကြောင်း၊ မည်သို့စတင်လာသည် မည်သို့သောအချိုးအစားများပါဝင်လျက်ရှိသည် စသည့်အချက်အလက်များ ပါဝင်လျက်ရှိပေသည်။ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ခဲ့သည့် ထိုခေတ်မှလူများသည် ယင်းအချက်အလက်များကိုသိရှိနိုင်သည့် အခြေအနေမရှိခဲ့ခြင်းသည်ပင် ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်ဖြစ်ကြောင်း ပြဆိုခြင်း ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ပြဆိုထားသောအချက်အလက်များကို လေ့လာကြည့်ကြစို့။

### မိုးရေ၏အချိုးအစား ပမာဏ - The Proportion of Rain

ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ ကမ္ဘာမြေကြီးပေါ်သို့ မိုးရွာသွန်းခြင်းနှင့်ပတ်သက်၍ စူရာအဇ်ဇုခ်ရုဖ်(ရွှေကဏ္ဍ)တွင် အောက်ပါအတိုင်း ပြဆိုထားပေသည်။

> **ထိုမှတပါး၊ ထိုအရှင်မြတ်သည် မိုးကောင်းကင်မှမိုးရေကို အတိုင်းအတာအချိန်အဆနှင့် ရွာသွန်းစေတော်မူခဲ့၏။ တစ်ဖန် ထိုအရှင်မြတ်သည် ထိုမိုးရေဖြင့်** (သွေ့ခြောက်)**သေလွန်ပြီးဖြစ်သော မြို့ရွာ**(မြေယာ)**များကို ရှင်ပြန်**(စိမ်းစို)**စေတော်မူခဲ့၏။ ဤနည်းအတိုင်းပင် အသင်တို့သည်လည်း** (မိမိတို့သင်္ချိုင်းတွင်းမှ ရှင်ပြန်)**ထွက်စေခြင်းကို ခံကြရပေမည်။**
> (စူရာအဇ်ဇုခ်ရူဖ် ၄၃း၁၁)

ဤအာယသ်တွင်ပါရှိသော'အတိုင်းအတာအချိန်အဆ'ဟူသောစကားလုံးသည် မိုးရေ၏သွင်ပြင် လက္ခဏာအချို့ နှင့်ပတ်သက်နေသည်။ ပထမအချက်အနေဖြင့်၊ ကမ္ဘာပေါ်သို့ကျဆင်းလျက်ရှိသောမိုးရေများသည် ပမာဏအားဖြင့် အစဉ်သဖြင့်တူညီလျက်ရှိသည်။ ကမ္ဘာမြေကြီးပေါ်မှတစ်စက္ကန့်အတွင်း ရေအလေးချိန်တန်ချိန်ပေါင်း ၁၆ သန်းခန့်အငွေ့ပျံသည်ဟု ခန့်မှန်းရသည်။ ထိုပမာဏသည် တစက္ကန့်အတွင်းတကမ္ဘာလုံးတွင်ရွာချသောမိုးရေပမာဏနှင့်တူညီနေသည်။ ထို့ကြောင့် မိုးရေစက်များသည် 'အတိုင်းအတာအချိန်အဆ'အတိုင်း မျှတနေအောင် လည်ပတ်လျက်ရှိပေသည်။

နောက်ထပ်မိုးရေနှင့်ပတ်သက်သည့် 'အတိုင်းအတာအချိန်အဆ"သည် မိုးရေကျဆင်းလာသောအလျင်နှုန်းနှင့်သက်ဆိုင်နေပြန်သည်။ မိုးတိမ်သည် အနည်းဆုံးအမြင့် ၁၂၀၀ မီတာရှိ၏။ မိုးရေ၏ပမာဏလောက်ရှိသောအရာဝတ္ထုတစ်ခုသည် ထိုမျှသောအမြင့်မှကျလာပါက ကမ္ဘာမြေပြင်ပေါ်သို့ရောက်သောအခါ၌ တစ်နာရီလျှင် ၅၅၈ ကီလိုမီတာအလျင်နှုန်းရှိလိမ့်မည်။ ထိုမျှလျင်မြန်သောအရာဝတ္ထုသည် ကမ္ဘာမြေပြင်သို့ကျရောက်လာပါက ကြီးကျယ်သောပျက်စီးယိုယွင်းမှုကိုဖြစ်ပေါ်စေနိုင်ပေသည်။ မိုးရေသည် ထိုမျှသောအလျင်နှုန်းဖြင့်သာကျဆင်းလာပါက စိုက်ပျိုးခင်းများသည်လည်း ပျက်စီးကုန်မည်မှာမလွဲဧကန်ဖြစ်ပေလိမ့်မည်။ နေအိမ်များ၊ ကားများလည်းပျက်စီးကုန်မည့်အပြင် လူတွေလည်း မိုးရွာနေချိန်တွင် ပြင်ပ၌လမ်းလျှောက်၍မဖြစ်နိုင်ချေ။ သီးခြားကာကွယ်မှုအစီအစဉ်လုပ်ရပေမည်။ ဤတွက်ချက်မှုသည် မီတာ ၁၂၀၀ မျှသောအမြင့်မှကျလာသည့် မိုးရေနှင့်ပတ်သက်ခြင်းသာဖြစ်သေးသည်။ အချို့မိုးရေများသည် မီတာ ၁၀၀၀၀ မျှမြင့်သောမိုးတိမ်မှကျလာပေသည်။ ထိုမျှမြင့်မားသောအထက်မှကျလာသည့်မိုးရေသည် သာမန်ရရှိမည့်အလျင်အတိုင်းသာကျဆင်းလာပါက ကမ္ဘာပေါ်တွင်ပျက်စီးယိုယွင်းမှုအမြောက်အမြားရှိနေမည်မှာ ဧကန်မလွဲပင်။

သို့သော်လည်း ထိုကဲ့သို့မဖြစ်ချေ။ မည်မျှမြင့်မားသည့်အမြင့်မှကျဆင်းလာသည်ဖြစ်စေ မိုးရေစက်သည် ကမ္ဘာမြေပြင်သို့ရောက်သောအခါ တစ်နာရီလျှင် ၈–၁၀ ကီလိုမီတာအလျင်နှုန်းသာရှိလေသည်။ အကြောင်းရင်းမှာ မိုးရေစက်တို့၏သီးခြားထူးခြားစွာဖြစ်ပေါ်လာသောပုံပန်းသဏ္ဍာန်ကြောင့်လေထုအတွင်းပွတ်အားကြောင့် အရှိန်(အလျင်ပြောင်းလဲနှုန်း)လျော့သွားသဖြင့် "ကန့်သတ်"ထားသောအလျင်နှုန်းထက်မကျော်တော့ချေ။ (ခေတ်သစ်လေထီးများသည်လည်း ထိုနည်းလမ်း Technique ကိုအသုံးပြု၍ ထုတ်လုပ်ကြ၏။)

မိုးရေနှင့်သက်ဆိုင်သည့် "အတိုင်းအတာအချိန်အဆ"သည် ဤမျှသာမဟုတ်ချေ။ ဥပမာ မိုးရေစတင်သောလေထုအလွှာတွင် အပူချိန်သည် သုညဒီဂရီအောက် –၄၀ ခန့်ရှိပေသည်။ သို့သော်လည်း မိုးရေသည် အစိုင်အခဲဖြစ်မသွားချေ။ အကြောင်းရင်းမှာ ထိုလေထုတွင်ဖြစ်ပေါ်လာသောမိုးရေသည် သန့်စင်သောရေ စစ်စစ်ဖြစ်သောကြောင့်တည်း။ သန့်စင်သောရေသည် အလွန်နိမ့်သောအပူချိန်တွင်ပင် ခဲသွားခြင်းဖြစ်လေ့ဖြစ်ထမရှိကြောင်းကို အားလုံးအသိဖြစ်ပေသည်။

## မိုးရေဖြစ်ပေါ်လာခြင်း – The Formation of Rain

မိုးရေဖြစ်ပေါ်လာသည့် အကြောင်းရင်းသည် လူသားများအတွက် ခေတ်အဆက်ဆက် နှစ်ပေါင်းမြောက်မြားစွာ အံ့သြဖွယ်ရာအဖြစ်တစ်ရပ်အဖြစ် ရှိနေခဲ့ပေသည်။ မိုးလေဝသ ရာဒါကို တီထွင်လိုက်သောအချိန်မှသာလျှင် မိုးရေဖြစ်ပေါ်လာသောအဆင့်များကို စတင်သိရှိလာခဲ့ကြပေသည်။ မိုးရေဖြစ်ပေါ်လာခြင်းတွင်၊ အဆင့်သုံးဆင့် ပါဝင်သည်။ ပထမအဆင့်တွင်၊ မိုးရေဖြစ်မည့် ကုန်စိမ်းသည် လေထုပေါ်သို့တက်သွားသည်။ ၎င်းနောက် တိမ်များဖြစ်ပေါ်လာသည်။ နောက်ဆုံးတွင် မိုးရေစက်များ ဖြစ်ပေါ်လာသည်။

ရာစုနှစ်ပေါင်းမြောက်များစွာအလျှင်က ကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုအဆင့်များကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားပေသည်။

> "အလ္လာဟ်အရှင်မြတ်သည်၊ လေများကို စေလွှတ်တော်မူ၏။ ထိုအခါ ထိုလေများသည် မိုးတိမ် များကို သယ်ဆောင်၍သွားကြ၏။ ထို့နောက် ထိုအရှင်မြတ်သည် ယင်းမိုးတိမ်များကို မိမိအလိုရှိတော်မူသည့်အတိုင်း မိုးကောင်းကင်၌ ဖြန့်တော်မူ၏။ ထိုအရှင်မြတ်သည် ယင်းမိုးတိမ်များကို အစိတ်စိတ်အပိုင်းပိုင်း ပြုလုပ်တော်မူ၏။ ထို့နောက် အသင်သည် ယင်းမိုးတိမ်များ၏အကြားမှ မိုးရေ(ကျလာသည်)ကို တွေ့မြင်လေ၏။"
> (စူရာအရ်ရူးမ် – ၃၀း၄၈)။

ဤအာယသ်တော်တွင် ပြဆိုထားသော အချက်များကို တဖန်ဆန်းစစ်ကြည့်ကြပါစို့။

***ပထမအဆင့်၊*** **"အလ္လာဟ်အရှင်မြတ်သည်၊ လေများကို စေလွှတ်တော်မူ၏။"**

သမုဒ္ဒရာရေမျက်နှာပြင်ပေါ်တွင် မရေမတွက်နိုင်လောက်သော ရေမြှုပ်ပူဖေါင်းများ ဖြစ်ပေါ်လာပြီး အဆက်မပြတ်ပေါက်ကွဲကာ ရေမှုန်ကလေးများဖြစ်ပေါ်လာ၍ ထိုရေမှုန်များသည် လေပေါ်သို့ ပန်းထွက် တက်သွားသည်။ ဆားဓါတ်များပါဝင်သော ထိုရေမှုန်ကလေးများကို တိုက်လာသောလေက လေထုပေါ်သို့ သယ်ဆောင်သွားသည်။ ယင်းရေမှုံကလေးများကို ဧရိုဆောလ်(aerosols)ဟု ခေါ်ကြသည်။ ထိုရေမှုန်များသည် အချင်းချင်းပူးကပ်ရင်း ရေမြှုပ်ပူဖေါင်းများကိုလည်ပတ်၍စုရုံးကြကာ 'ရေထောင်ခြောက်' (water trap) များဖြစ်ပေါ်လာပြီးနောက် ရေမျက်နှာပြင်မှ လေထုပေါ်သို့ တက်သွားကြသည်။

**ဒုတိယအဆင့်၊ "ထိုအခါ ထိုလေများသည် မိုးတိမ်များကို သယ်ဆောင်၍ သွားကြ၏။ ထို့နောက် ထိုအရှင်မြတ်သည် ယင်းမိုးတိမ်များကို မိမိ အလိုရှိတော်မူသည့်အတိုင်း မိုးကောင်းကင်၌ ဖြန့်တော်မူ၏။ ထိုအရှင်မြတ်သည် ယင်းမိုးတိမ်များကို အစိတ်စိတ် အပိုင်းပိုင်း ပြုလုပ်တော်မူ၏။"**

လေထုထဲတွင် ရေငွေ့များသည် ဆားပွင့်များနှင့် ဖုံမှုန့်များပတ်လည်၌ တွယ်ကပ်စုရုံးကြခြင်းဖြင့် တိမ်များ ဖြစ်ပေါ်လာသည်။ တိမ်ဖြစ်လာသော ထိုရေမှုန်ပွင့်များသည် (အချင်းအားဖြင့် ၀.၀၁ မှ ၀.၀၂ မီလီမီတာမျှသာရှိ၍) အလွန်သေးငယ်ကြသောကြောင့် တိမ်များသည် လေထဲတွင် မျောနေပြီး ပြန့်နေကြသည်။

**တတိယအဆင့်၊ "ထို့နောက် အသင်သည် ယင်းမိုးတိမ်များ၏အကြားမှ မိုးရေ(ကျလာသည်)ကို တွေ့မြင်လေ၏။"**

ဆားပွင့်များ၏ပတ်လည်တွင် တွယ်ကပ်သော ရေမှုန်ပွင့်များသည် ပိုမို၍ထူလာသောအခါ လေထက်ပို၍လေးလာသောကြောင့် တိမ်ထုများမှခွဲထွက်လာပြီး မိုးရေအဖြစ် မြေကြီးပေါ်သို့ ကျလာကြတော့သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည်၊ အခြားသဘာဝဖြစ်ရပ်အမြောက်အများနှင့်ပတ်သက်၍ ရှင်းပြသကဲ့သို့၊ မိုးရွာသွန်းခြင်းနှင့်ပတ်သက်၍လည်း သိပ္ပံပညာက ဖေါ်ထုတ်တွေ့ရှိခြင်း မပြုမီ ရာစုနှစ်ပေါင်းမြောက်မြားစွာ အလျှင်က တည်းက အတိကျဆုံးရှင်းပြထားပေသည်။



## သေပြီးသောမြေကို အသက်သွင်းပေးခြင်း
**Life Given to a Dead Land**

ကုရ်အာန်ကျမ်းတော်မြတ်တွင် သေနေပြီးသော မြေကြီးကို အသက်ပြန်လည်သွင်းပေးသည့် မိုးရေ၏ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ အထူးသတိထားအာရုံပြုရန်အတွက် အမိန့်ပေးထားလေသည်။

> ၎င်းပြင် ထိုအရှင်မြတ်သည်ပင် လေများကို မိမိကရုဏာတော်(ဝါ)မိုးမရွာမီ ရှေ့ပြေးသတင်းကောင်းအဖြစ် စေလွှတ်တော်မူခဲ့၏။ ထိုမှတပါး ငါအရှင်မြတ်သည် မိုးကောင်းကင်မှ စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်သော မိုးရေကို ချပေးသနားတော်မူခဲ့၏။ ငါအရှင်မြတ်သည် အသက်မရှိသော (ဝါ)သွေ့ခြောက်လျက်ရှိသော မြို့ရွာကို ထိုရေဖြင့် ရှင်စေတော်မူအံ့သောငှာ (ဝါ)စိုပြေစိမ်းလမ်းစေတော်မူအံ့သောငှါလည်းကောင်း၊ ငါအရှင် ဖန်ဆင်းတော်မူခဲ့သော မြောက်မြားစွာသော ကုလားအုတ်၊ ကျွဲ၊ နွားတိရစ္ဆာန်များနှင့် လူတို့အား ထိုရေကို တိုက်ကျွေးတော်မူအံ့သောငှာလည်းကောင်း၊ ဖြစ်ပေ၏။ (စူရာ အလ်ဖုရ်ကာန် ၂၅း၄၈-၄၉)။


မိုးရေသည် လူသားများနှင့်အတူ သက်ရှိအရာများအားလုံးအတွက် မရှိမဖြစ်လိုအပ်သောရေကိုပေးသည်သာမက၊ မြေသြဇာဖြစ်ထွန်းရေးအတွက်လည်း လိုအပ်နေပေသည်။

ပင်လယ်ပြင်မှအငွေ့ပျံ၍ အထက်သို့တက်သွားကာ တိမ်များအတွင်းရောက်သွားသောမိုးရေစက်များသည်၊ သေလွှန်နေပြီးသောမြေပြင်ကို "အသက်ပြန်သွင်း"ပေးမည့်ဝတ္ထုပစ္စည်းများပါဝင်လျက်ရှိပေသည်။ ထိုအသက်ပြန်လည်ရှင်စေသော မိုးရေစက်များကို "မျက်နှာပြင်တင်းရေစက်များ" (surface tension drops)ဟု ခေါ်၏။ ထိုမျက်နှာပြင်တင်းရေစက်များသည် ပင်လယ်ပြင်၏မျက်နှာပြင်တွင် ဇီဝဗေဒပညာရှင်များက "မိုက်ကရိုလေယာ"ဟုခေါ်သော အလွှန်ပါးလွှာသည့်အမြှေးပါးဖြစ်ပေါ်လာလေသည်။ ဤအမြှေးပါးသည်တစ်မီလီမီတာ၏ ဆယ်ပုံတစ်ပုံထက်ပါးလွှာ၍ အဏုကြည့်မှန်ဘီလူးဖြင့်သာမြင်နိုင်သော အလွန်သေးမှုန်သည့်ရေညှိများနှင့် ဇီဝအညစ်အကြေးများပါဝင်လေသည်။ အချို့သောအညစ်အကြေးများတွင်၊ ပင်လယ်ရေ၌ရှားပါးသော ဖော့စဖိုရပ်၊ မက်နီဆီယမ်၊ ပိုတက်ဆီယမ်စသည့်ဓါတ်များအပြင်၊ အချို့တွင် ကြေးနီ၊ သွတ်၊ ကိုဘော့နှင့်ခဲသတ္တုများပါဝင်လေသည်။ ထို "မြေသြဇာ"ပါဝင်သောရေစက်များကို လေဟုန်က မိုးပေါ်သို့သယ်ယူသွားသဖြင့် မိုးရေစက်များအတွင်းပိုင်းတွင် ဝင်အောင်းသွားကြလေသည်။ မြေပေါ်ရှိသစ်စေ့သစ်ပင်များသည် ထိုသတ္တုဓါတ်များကို မိုးရေမှရရှိကြလေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော်တခုတွင်ပြဆိုထားပြန်၏။

ကယ်လ်ဆီယမ်၊ မက်နီဆီယမ်၊ ပိုတက်ဆီယမ်စသည့်ဓါတ်များသည် မိုးရေစက်များတွင် ပါဝင်လာသည်နှင့်အမျှ၊ မြေသြဇာအဖြစ်လိုအပ်သောအခြားလေးလံသည့်သတ္တုများလည်း ထိုမိုးရေများတွင်ပါဝင်လျက်ရှိနေသေးသည်။ ပမာဏအားဖြင့် အနည်းငယ်လောက်သာလိုအပ်သောထိုဓါတ်ဆားများသည် ပင်လယ်ပြင်မှတက်သွားသော အေရိုဆောလ်ခေါ်မိုးရေစက်များဖြစ်ပေါ်လာမည့်ရေမှုန်များတွင်ပါဝင်လျက်ရှိပြီး၊ အပင်များကြီးထွားပြန့်ပွားရေးအတွက် အကျိုးဆောင်ကြပေသည်။

အသီးအပွင့်ကင်းမဲ့သည့်ကွင်းပြင်မြေများကိုလည်း မိုးရေတွင်ပါဝင်သည့်မြေသြဇာများဖြင့် ပြန်လည်ရှင်သန်စေနိုင်လေသည်။ သစ်တောများသည်လည်း မိုးရေတွင်ပါဝင်သည့်အေရိုဆောလ်များမှရရှိသော ထိုမြေသြဇာများကို သောက်သုံးခြင်းဖြင့် ကြီးထွားလျက်ရှိကြသည်။ နှစ်စဉ်မြေပြင်ပေါ်သို့ကျဆင်းလာသောထိုမြေသြဇာသည် အလေးချိန်အားဖြင့် တန်ချိန်သန်းပေါင်း ၁၅၀ ခန့်ရှိလေသည်။ ထိုကဲ့သို့သော မြေသြဇာသာမရရှိပါက ကမ္ဘာမြေပြင်ပေါ်တွင် အပင်များအနည်းငယ်သာ ပေါက်ရောက်မည်ဖြစ်၍၊ သဘာဝပတ်ဝန်းကျင်အီကိုလိုဂျီတည်ငြိမ်မှုလည်း ပျက်ပြားသွားမည်သာဖြစ်၏။

စိတ်ဝင်စားဖွယ်အကောင်းဆုံးအချက်မှာ၊ ခေတ်သစ်သိပ္ပံပညာကသာဖေါ်ထုတ်နိုင်သောထိုအချက်အလက်များကို နှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ပြထားပြီးဖြစ်ခြင်းပင်တည်း။




ထိုမှတပါး ငါအရှင်မြတ်သည် မိုးကောင်းကင်မှ မင်္ဂလာနှင့်ပြည့်စုံသော မိုးရေကိုရွာသွန်းစေတော်မူ၏။ တစ်ဖန် ထိုရေဖြင့် ငါအရှင်မြတ်သည် ဥယျာဉ်များကိုလည်းကောင်း၊ ရိတ်သိမ်းပြီးဖြစ်သော ကောက်ပင်မျိုးနွယ်များကိုလည်းကောင်း၊ ပေါက်ရောက်စေတော်မူ၏။
(စူရာ အလ်ကာဖ်–၉)။

## မျိုးပွားစေသောလေ – **Fecunding Winds**

ကုရ်အာန်ကျမ်းတော်မြတ်တွင် လေသည် မျိုးပွားစေသည်ဟုဆိုထားသည်။

ငါအရှင်မြတ်သည် မျိုးပွားစပ်ယှက်စေနိုင်သောလေများကိုစေလွှတ်တော်မူ၏။ တဖန် ငါအရှင်မြတ်သည် မိုးကောင်းကင်မှရေကို ရွာသွန်းစေတော်မူခဲ့လေသည်။ ထို့နောက်

ငါအရှင်မြတ်သည် အသင်တို့အား ထိုရေကိုတိုက်ကျွေးတော်မူခဲ့လေသည်။ စစ်စစ်သော်ကား အသင်တို့သည် ထိုရေကို စုဆောင်းသိုလှောင်နိုင်ကြသောသူများ မဟုတ်ကြချေ။ (စူရာ အလ်ဟိဂျ်ရ် – ၁၅း၂၂)


အာရဗီဘာသာတွင်၊ မျိုးပွားစပ်ယှက်စေခြင်းသည် အပင်များနှင့်တိမ်များပါအတွက် သက်ဆိုင်သည်။ ခေတ်သစ်သိပ္ပံပညာလေ့လာချက်များအရ တိုက်ခတ်သောလေများသည် ထိုအရည်အချင်းနှစ်မျိုးစလုံးရှိကြကြောင်းကို တွေ့ရှိရပေသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လေသည်သေးငယ်သောအမှုန်များကိုသယ်ယူသွားခြင်းဖြင့် တိမ်များကိုမိုးပေါက်များဖြစ်အောင်မျိုးပွားကွဲဝစေသည်။ တစ်ချိန်တည်းတွင်လည်း အပင်များမျိုးပွားခြင်း၌ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အပင်များသည် အဖိုဆဲလ်များပါဝင်သော ဝတ်မှုန်များကို လေထဲသို့ထုတ်လွှင့်လိုက်ကြသည်။ အပင်များသည်လည်း လေထဲတွင် လွင့်စင်ပါလာသောထိုဝတ်မှုန်များကို ဖမ်းယူနိုင်သည့် အင်္ဂါရပ်များဖြင့် ပြည့်စုံလေ့ရှိ၏။ ကတော့ပုံပန်းများ၊ တွဲလွဲကျလျက်ရှိသောပန်းများနှင့် အချို့ပန်းများတွင် လှိုင်ခေါင်းပုံသဏ္ဌာန်ရှိသောအင်္ဂါများရှိကြ၍ ၎င်းတို့သည် လေတိုက်ရာဘက်သို့လှည့်နေကာ လေထဲတွင်ပါလာသော မိမိတို့နှင့်မျိုးတူသည့် အဖိုဝတ်မှုန်များကို ဖမ်းယူထားကြလေသည်။ ထိုလှိုင်ခေါင်းများမှတဆင့် ဝတ်ဆံမ ရှိရာသို့အလွယ်တကူရောက်သွားခြင်းဖြင့် မျိုးပွားခြင်းဆက်လက်ဖြစ်ပေါ်လာသည်။ ထိုဝတ်ဆံမသည်လည်း ဝတ်မှုန်ဖိုနှင့် စပ်ယှက်ခြင်းဖြင့် အသီးအစေ့များဆက်၍ဖြစ်လာတော့သည်။

## လက်ဗွေပုံစံ၏ ထူးခြားချက် – The Uniqueness of the Fingerprint

လူတို့၏ လက်ချောင်းထိပ်အရေခွံတွင် ပုံစံအမျိုးမျိုးပါသော "လက်ဗွေပုံစံ" သည် တစ်ဦးစီအတွက် သီးခြားထူးခြားသောအရာဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် မွေးလာသူတိုင်းသည် သီးခြားလက်ဗွေပုံစံတစ်စုံစီရှိကြ၏။ ကမ္ဘာပေါ်တွင်နေထိုင်ခဲ့သူတိုင်းလည်း သီးခြားလက်ဗွေပုံစံတစ်စုံစီရှိကြလေသည်။ ကြီးကျယ်သောထိခိုက်ဒဏ်ရာရရှိခြင်းမဖြစ်ပါက ထိုလက်ဗွေပုံစံသည်လည်းမပြောင်းမလဲတသက်လုံးအမြဲနကိုအတိုင်းရှိကြလေသည်။

ထို့ကြောင့် လက်ဗွေပုံစံကိုအရေးကြီးသောတစ်ဦးချင်း၏မှတ်ပုံကပ်ပြားတစ်မျိုးအဖြစ် တကမ္ဘာလုံးကလက်ခံထားပြီးသောအချက်ဖြစ်ပေသည်။



ကမ္ဘာပေါ်တွင် မွေးလာသူတိုင်း၏ လက်ဗွေပုံစံသည် အခြားသူနှင့်လုံးဝခြားနား၏။

သို့သော်လည်း လွန်ခဲ့သည့်ရာစုနှစ်နှစ်ခုမတိုင်မီတုန်းက လက်ဗွေပုံစံသည် အရေးမပါခဲ့ပေ။ ၁၉ရာစုနှစ်ကုန်ပိုင်းလောက်မှာမှ လက်ဗွေပုံစံ၏အရေးကြီးပုံကိုတွေ့ရှိခဲ့သောကြောင့်ဖြစ်သည်။ ၁၈၈၀ ခုနှစ်တွင် အင်္ဂလိပ်သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ဟင်နရီဖေါလ်ဒ်ဆိုသူက *(Nature)* "သဘာဝ" စာစောင်တွင် လူတစ်ဦးချင်း၏လက်ဗွေပုံစံသည် တသက်တာလုံးတွင် ပြောင်းလဲခြင်းမရှိသောကြောင့် ရာဇဝတ်ကောင်များကို မှန်၊ ဖန်ခွက်စသည်တို့အပေါ်တွင်ကျန်ရစ်ခဲ့သောသူတို့၏လက်ဗွေပုံစံဖြင့် တရားစွဲဆိုနိုင်ကြောင်း ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့လေသည်။[၃၂] ၁၈၈၄ခုနှစ်တွင် လက်ဗွေပုံစံကိုအသုံးပြု၍ ပထမဆုံးလူသတ်မှုတစ်ခုကို ဖြေရှင်းနိုင်ခဲ့လေသည်။ ထိုမှစ၍ လက်ဗွေပုံစံသည် အရေးကြီးသောခွဲခြားဖေါ်ထုတ်နည်းအဖြစ်လက်ခံကြတော့သည်။ ၁၉ရာစုနှစ်မတိုင်မီကာလများတွင် လူတို့သည် မိမိတို့၏လက်ချောင်းထိပ်များတွင် ကွေ့ကောက်သောပုံများပါသည့် လက်ဗွေပုံစံများသည်အရေးပါသောအရာမှန်း အဓိပ္ပါယ်ရှိမှန်း စဉ်းစားမိကြဟန်မတူပါ။

၇ ရာစုနှစ်တွင် ကျရောက်ခဲ့သော ကုရ်အာန်ကျမ်းတော်မြတ်တွင် လူသားတို့၏လက်ချောင်းထိပ်များသည် အရေးကြီးသောအင်္ဂါရပ်များပါရှိကြောင်း ဖော်ပြထားပေသည်။

> **လူသားသည် ၎င်း၏အရိုးများကို ငါအရှင်မြတ် စုပေါင်းတော်မူမည်မဟုတ်ဟု ထင်မှတ်၍နေလေသလော။**
> **အဘယ်ကြောင့်မဟုတ်ပါသနည်း။ ငါအရှင်မြတ်သည် ထိုလူသား၏ လက်ချောင်းထိပ်များကိုပင်လျှင် မူလအခြေအနေအတိုင်း ပြန်၍ပြုပြင်ဖန်ဆင်းရန် တတ်စွမ်းနိုင်တော်မူသောအရှင်ဖြစ်တော်မူ၏။** (စူရာ အလ်ကိယာမဟ် ၇၅း၃–၄)

## လူသားများ မွေးဖွားလာခြင်း – The Birth of Man

လူတို့၏ ဖန်ဆင်းရှင်အလ္လာဟ်အရှင်မြတ်၌ သက်ဝင်ယုံကြည်ကြစေရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်တွင် အမျိုးမျိုးသော အကြောင်းရပ်များ ဖော်ပြထား၏။ အလ္လာဟ်အရှင်မြတ်၏ လက္ခဏာတော်များကိုသိစေရန် ကုရ်အာန်အာယတ်တော်အမြောက်အမြား၌ မိုးကောင်းကင်အကြောင်းကိုလည်းကောင်း၊ တိရစ္ဆာန်များအကြောင်းကိုလည်းကောင်း၊ အပင်များအကြောင်းကိုလည်းကောင်း၊ ဖော်ပြထားသည်။ အာယသ်တော်အမြောက်အမြားတွင်လည်း၊ လူသားတို့ကို မိမိတို့၏ဖန်ဆင်းခြင်းကိုလည်း ပြန်လည်၍ သတိရှိရှိကြည့်ကြရန် ဖိတ်ခေါ်ထားသည်။ ဤကမ္ဘာလောကကြီးသို့ လူသားများ မည်သို့ရောက်ရှိလာသည်၊ လူသားတို့ မည်သို့သောအဆင့်များကို ကျော်လွှားခဲ့ကြရသည်၊ စသည့်အကြောင်းများဖြင့် သတိတရားရရှိစေရန် သတိပေးနှိုးဆော်ထားပေသည်။

> **"ငါအရှင်မြတ်သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့၏။ သို့ပါလျက် အသင်တို့သည် မည်သည့်အတွက်ကြောင့် ဟုတ်မှန်ကြောင်း(အမှန်တရား)ကို ဝန်မခံ(လက်မခံ)ကြလေသနည်း။**
>
> **အသင်တို့ ထုတ်လွှတ်သော သုတ်ရည်(မျိုးစေ့)ကို စဉ်းစားဝေဖန်ကြည့်ခြင်း ပြုကြလေကုန်သလော။**
>
> **ယင်းသုတ်ရည်ကို အသင်တို့ကိုယ်တိုင် (လူဖြစ်အောင်) ဖန်ဆင်း ကြလေသလော။ သို့တည်းမဟုတ် ငါအရှင်မြတ်ပင် ဖန်ဆင်းတော်မူပါသလော။"** (စူရာဝါကီယာ ၅၆း၅၇–၅၉)

လူသားကိုဖန်ဆင်းခြင်းနှင့် ယင်းဖန်ဆင်းခြင်း၏ အံ့ဖွယ်မခန်းသောအကြောင်းများကို ကုရ်အာန်ကျမ်းတော်မြတ်ရှိအခြားအာယသ်တော်အမြောက်အမြားတွင်လည်းဖော်ပြထားပေသည်။ ထိုအာယသ်တော်များတွင်ပါဝင်လျက်ရှိသောအချက်အလက်များသည် ခရစ်သက္ကရာဇ် ၇ ရာစုမှလူများ သိရှိနိုင်စွမ်းလုံးဝမရှိသောအချက်အလက်များပင်ဖြစ်၏။ ၎င်းတို့အနက် အချို့အချက်များကို ပြရသော်၊

(၁) လူသားသည် ကလလရေကြည်တစ်ခုလုံးဖြင့်ဖန်ဆင်းထားခြင်းမဟုတ်ဘဲ၊ ထိုကလလ ရေကြည်တွင်းရှိ အလွန်သေးငယ်သောအစိတ်အပိုင်းသုတ်ရည်(မျိုးဗီဇကောင်)မှ ဖန်ဆင်းထားခြင်းဖြစ်ကြောင်း၊
(၂) မွေးဖွားလာသည့်ခလေးငယ်၏လိင်သည် ယောကျာ်း၏ သုတ်ရည်မျိုးဗီဇပေါ်တွင်သာမူတည်ကြောင်း၊
(၃) လူတို့၏ သန္ဓေသားလောင်းသည် မိခင်၏သားအိမ်တွင်း၌ မျှော့တွယ်သကဲ့သို့ တွယ်ကပ်လျက်ရှိကြောင်း၊
(၄) လူသားဖြစ်လာရန်၊ မိခင်၏သားအိမ်အတွင်း မှောင်အတိတွင် အဆင့်သုံးဆင့်ဖြင့် ဖြစ်လာကြောင်း၊ စသည့်အချက်များဖြစ်ပေသည်။

ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ချိန်ခေတ်ကာလတွင် နေထိုင်ခဲ့ကြသူတို့သည်၊ လူသားများမွေးဖွားလာခြင်းနှင့်ပါတ်သက်၍၊ ကာမဆက်ဆံချိန်တွင် ထုတ်လွှတ်သော ကလလရေကြည်နှင့်သုတ်ရည်ကြောင့် သန္ဓေသား ဖြစ်လာကြောင်း၊ ခလေးငယ်သည် မိခင်၏ ဝမ်းအတွင်း ၉ လခန့်သန္ဓေတည်ပြီး မွေးဖွားလာခြင်းဖြစ်ကြောင်း၊ စသည့်အချက်များကိုမူ၊ လေ့လာစောင့်ကြည့်နိုင်သော

အချက်များဖြစ်သောကြောင့်၊ အထူးသုတေသနပြုရန် မလိုအပ်သဖြင့်၊ အလွယ်တကူ သိရှိနိုင်ကြပေမည်။ သို့သော်လည်း၊ အထက်ဖော်ပြပါ ကုရ်အာန်ကျမ်းတော်မြတ်ရှိ အချက်များသည်၊ ထိုခေတ်ကာလမှ လူများ၏ပညာရေးအဆင့်ထက် ပိုမို၍မြင့်မားနက်နဲလျက် ရှိနေပေသည်။ ၎င်းအချက်များကို ၂၀ ရာစုမှ သိပ္ပံပညာဖြင့်သာလျှင် စစ်ဆေးကြည့်နိုင်သော အချက်များဖြစ်ပေသည်။ အချက်တစ်ချက်စီကို ပြန်လည်သုံးသပ်ကြည့်ကြပါစို့။

## သုတ်ရည်အစက်တစ်စက် - A Drop of Semen

ကာမဆက်ဆံချိန်တစ်ကြိမ်တည်းတွင်၊ ယောက်ျားတို့၏မျိုးဗီဇသုတ်ကောင်အရေအတွက်ပေါင်းသန်းပေါင်း၂၅၀ ခန့်ကို ထုတ်လွှတ်ပေသည်။ ထိုမျိုးဗီဇသုတ်ကောင်များသည်၊ မိခင်၏ကိုယ်ခန္ဓာအတွင်းတွင်၊ သားဥနှင့်ထိတွေ့သည်အထိ ၅ မိနစ်ခန့် ကူးယက်သွားကြရသည်။ ထိုမိခင်၏ သားဥထံသို့ မျိုးဗီဇသုတ်ကောင်ထောင်ပေါင်း အနည်းငယ်သာ ရောက်နိုင်ကြပေသည်။ ဆားပွင့်၏ထက်ဝက်ခန့်အရွယ်အစားရှိသော သားဥသည် ယေဘုယျအားဖြင့် သုတ်ကောင်တစ်ကောင်ကိုသာ ပူးပေါင်းစပ်ယှက်ခွင့်ပေး၏။ ထိုကြောင့်၊ လူသားတစ်ဦး၏ အရင်းဇစ်မြစ်သည်၊ ကလလရေကြည်တစ်ခုလုံးမဟုတ်ဘဲ သေးငယ်သောအစိတ်အပိုင်းဖြစ်သည့် သုတ်ကောင်တစ်ကောင်သာလျှင်ဖြစ်လေသည်။ ဤအချက်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်းရှင်းပြထားပေသည်။

**“လူသားသည် မိမိမှာ အထိမ်းအကွပ်မရှိဘဲ လွှတ်ထားခြင်းကို ခံနေရမည်ဟု ထင်မှတ်လေသလော။**
**၎င်းမှာ သွန်းလောင်းခြင်းခံရသော သုတ်ရည်တစ်စက်သာလျှင် ဖြစ်ခဲ့သည်မဟုတ်လော။”**
(စူရာ ကီယာမတ် ၇၅း၃၆–၃၇)



သုတ်ကောင်တို့သည် သားဥပတ်လည်တွင်ဝိုင်းရံနေကြသည်။

ဤအာယသ်တော်အရ၊ လူသားသည် သုတ်ရည်တစ်ခုလုံးမှဖြစ်လာခြင်းမဟုတ်ဘဲ၊ သုတ်ရည်အစက် တစ်စက်သာဖြစ်သော သုတ်ကောင်တစ်ကောင်မှသာလျှင်ဖြစ်လာသည်ကိုသိရှိရပေသည်။ ဤဖော်ပြချက်ကို ခေတ်သစ်သိပ္ပံပညာကသာလျှင် ဖော်ထုတ်နိုင်ခြင်းသည်ပင် ကုရ်အာန်ကျမ်းတော်မြတ်သည် မိုးကောင်းကင်ရှိ အလ္လာဟ်အရှင်မြတ်ထံမှ ကျရောက်လာသောကျမ်းတော်မြတ်ဖြစ်ကြောင်းကို သက်သေထူလျက်ရှိပေသည်။

## ကလလရေကြည်အတွင်း ပါဝင်မှုများ - The Mixture of the Semen

ကလလရေကြည်သည် သုတ်ကောင်များသာပါဝင်သည်မဟုတ်ပေ။ ၎င်းသည် အခြားအရည်များပါဝင်ရောစပ်လျက်ရှိပေသည်။ ထိုအရည်တွင် သုတ်ကောင်များ၏အင်အားဖြစ်ထွန်းရေးအတွက် သကြား၊ သားအိမ်တွင်းသို့စတင်ဝင်ရောက်စဉ် အက်စစ်ကိုဓါတ်ပြေစေမည့် လိုအပ်သောဓါတ်များ၊ သုတ်ကောင်လွယ်ကူစွာ ကူးယက်ဝင်သွားနိုင်စေရန်ချွဲပြစ်သောအရည် စသည်တို့ ရောစပ်လျက်ရှိလေသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် ကလလရေကြည်နှင့်ပတ်သက်၍ဖော်ပြရာတွင်၊ ခေတ်သစ်သိပ္ပံပညာကသာလျှင်ရှာဖွေဖော်ထုတ်နိုင်သောဤအချက်ကို ဖော်ပြထားခြင်းသည် အလွန်စိတ်ဝင်စားဖွယ်အချက်ဖြစ်ပေသည်။

> **"ဧကန်စင်စစ် ငါအရှင်မြတ်သည် လူသားအား စမ်းသပ်လိုတော်မူသောအားဖြင့် ရောနှောပေါင်းစပ်သော ကလလရေကြည်ဖြင့်ဖန်ဆင်းတော်မူခဲ့၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းအား ကြားသူ၊ မြင်သူ၊ အဖြစ်ပြုလုပ်တော်မူခဲ့၏။"** (စူရာဒဟ်ရ် ၇၆း၂)

အခြားအာယသ်တော်တွင်လည်း၊ လူသားကို ထိုပေါင်းစပ်သောရေကြည်မှ အဆီအနှစ်အဖြစ်ညှစ်ထုတ်ထားသော အရည်ဖြင့်ပြုလုပ်ထားကြောင်း ပြဆိုထားပေသည်။

> **"အကြင် အရှင်မြတ်သည် မိမိဖန်ဆင်းတော်မူခဲ့သောအရာဝတ္ထုတိုင်းကို ကောင်းမွန်စွာ ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် လူသားအား ဖန်ဆင်းခြင်းကို ရွှံ့ညွန်ဖြင့်အစပြုတော်မူခဲ့၏။**
>
> **ထို့နောက် ထိုအရှင်မြတ်သည် ထိုလူသား၏ အဆက်အနွယ်တို့ကို** (အဆီအနှစ်)**ညှစ်ထုတ်ထားသော အဖိုးမတန်သောရေဖြင့် ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။"**(စူရာစဂ်ျဒဟ် ၃၂း၇-၈)

အာရဗီဘာသာစကားတွင် 'စူလာလာ' ဟူသော စကာလုံးသည်၊ 'အဆီအနှစ်'ကို ဆိုလိုသည်။ အရာဝတ္ထုတစ်ခုခု၏ အကောင်းဆုံးအစိတ်အပိုင်းကို ဆိုလိုသည်။ ထို့ကြောင့် တစ်ခုလုံး၏ အစိတ်အပိုင်းတစ်ပိုင်းဟု အဓိပ္ပါယ်သက်ရောက်ပေသည်။ ဤကုရ်အာန်အာယသ်တော်ကို ကြည့်ခြင်းအားဖြင့် လူသားကို ဖန်ဆင်းခြင်းနှင့်ပါတ်သက်၍ အသေးစိတ်သိတော်မူသော တန်ခိုးတော်ရှင်က မိန့်မြွက်တော်မူသည့်စကားဖြစ်ကြောင်း ထင်ရှားပေသည်။ ထိုတန်ခိုးတော်ရှင်သည် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူ၏။

## ခလေးသူငယ်၏လိင် – Determining a Baby's Sex

များမကြာမီအချိန်အထိ၊ အမိ၏ဝမ်းတွင်းမှခလေး၏လိင်(ဖိုမဖြစ်ခြင်း)သည် မိခင်နှင့်ဖခင်နှစ်ဦးစလုံး၏မျိုးဗီဇဆဲလ်များက ခလေး၏လိင်ကိုပူးပေါင်းသတ်မှတ်ဖြစ်ပေါ်လာသည်ဟု ယုံကြည်ကြသည်။ မျိုးဗီဇဗေဒနှင့်မိုင်ကရိုဘိုင်အိုလိုဂျီ(အဏုဇီဝဗေဒ)လေ့လာမှု ပိုမိုတိုးတက်လာသဖြင့်၊ ၂၀ ရာစုနှစ်များတွင် ခလေး၏လိင်ဖြစ်ပေါ်လာခြင်းဖြစ်စဉ်တွင် မိန်းမတို့နှင့်မသက်ဆိုင်ကြောင်းတွေ့ရှိရပေသည်။

လူသားများ၏ကိုယ်ခန္ဓာတည်ဆောက်မှုကို သတ်မှတ်ပေးသည့် ကရိုမိုဆုံးမ်(chromosomes) ၄၆ ခုသည် ဖိုမသတ်မှတ်ခြင်းနှင့်တိုက်ရိုက်သက်ဆိုင်၏။ ယောကျ်ားတွင်ရှိသော ကရိုမိုဆုံးမ်ကို "XY"ဟုခေါ်၍ မိန်းမတွင်ရှိသောကရိုမိုဆုံးမ်ကို "XX" ဟုမှည့်ခေါ်သည်။ ထိုကရိုမိုဆုံးမ်တို့၏ ပုံပန်းတို့သည် ၎င်းစာလုံးများနှင့် သဏ္ဌာန်တူကြသောကြောင့် ယင်းစာလုံးများဖြင့် ကိုယ်စားပြုကြခြင်းဖြစ်သည်။

ယောက်ျားမျိုးစေ့တွင်ရှိသော "Y" ကရိုမိုဆုံးမ်သည်သာလျှင် ယောက်ျားဖြစ်မည့် မျိုးဗီဇအားလုံး ပါရှိနေသည်။

သန္ဓေသားစတင်ဖြစ်ပေါ်လာရာတွင် ထိုကရိုမိုဆုံးမ်နှစ်မျိုးတို့ ပေါင်းစပ်ခြင်းဖြစ်ပေါ်၏။ မိခင်၏ကရိုမိုဆုံးမ်နှင့် ဖခင်၏ကရိုမိုဆုံးမ်တို့ပေါင်းစပ်လေသည်။ မိန်းမတွင် X ကရိုမိုဆုံးမ်သာ ပါရှိသဖြင့် သူမ၏မျိုးပွားဥ(သားဥ)တွင်လည်း X ကရိုမိုဆုံးမ်သာရှိနေသည်။ ယောက်ျား၏မျိုးပွားကောင်(သုတ်ကောင်)တွင်မူကား X နှင့် Y ကရိုမိုဆုံးနှစ်မျိုးစလုံးပါရှိနေသည်။ မိန်းမ၏သားဥရှိ X ကရိုမိုဆုံးမ်၏ထက်ဝက်နှင့် ယောက်ျား၏သုတ်ကောင်ရှိ Y ကရိုမိုဆုံးမ်၏ထက်ဝက်ပေါင်းစပ်ကြလေသည်။ မိန်းမ၏သားဥသည် ယောက်ျား၏သုတ်ကောင်မှ X ကရိုမိုဆုံးမ်နှင့်ပေါင်းစပ်ပါက မိန်းခလေးဖြစ်လာလိမ့်မည်။ အကယ်၍ မိန်းမ၏သားဥသည် ယောက်ျား၏သုတ်ကောင်မှ Y ကရိုမိုဆုံးမ်နှင့်ပေါင်းစပ်ပါက သန္ဓေသားသည် ယောက်ျားကလေးဖြစ်လာမည်။

ဆိုလိုရင်းမှာ၊ ယောက်ျား၏သုတ်ကောင်ရှိ(X သို့မဟုတ် Y)ကရိုမိုဆုံးမ်နှင့် မိန်းမ၏သားဥပေါင်းစပ်ခြင်းဖြင့် မိန်းခလေး သို့မဟုတ်ယောက်ျားခလေးဖြစ်လာလေသည်။



ဤအချက်အလက်များကို မျိုးဗီဇသိပ္ပံ (Genetics) မပေါ်ပေါက်ခင် ၂၀ ရာစုမတိုင်မီခေတ်များတွင် မသိရှိကြသေးချေ။ ကမ္ဘာပေါ်ရှိယဉ်ကျေးမှုအားလုံးတို့သည်၊ ယောကျ်ားခလေးနှင့်မိန်းခလေးမွေးဖွားလာခြင်းသည်၊ မိခင်၏ကိုယ်ခန္ဓာအခြေအနေများ (မျိုးရိုး၊ ကျန်းမာရေး၊ စသည်ဖြင့်) အပေါ်တွင် မူတည်သည်ဟု ယုံကြည်ကြပေသည်။ ထို့ကြောင့် သမီးမွေးလာသောအခါတွင် မိန်းမများကိုသာ အပြစ်ဖို့ကြခြင်းဖြစ်သည်။ (ယခုအချိန်တွင်လည်း ထိုရှေးဟောင်းအယူအဆမပျောက်ကွယ်သေးချေ။ လူအမြောက်အမြားက ယုံကြည်နေကြဆဲဖြစ်၏။)


မျိုးဗီဇအကြောင်းကို လေ့လာတွေ့ရှိခြင်းမရှိမီ နှစ်ပေါင်း ၁၃၀၀ ကျော်ကတည်းက၊ ထိုယဉ်ကျေးမှုများ၏ယုံကြည်ချက်ကို ကုရ်အာန်ကျမ်းတော်မြတ်က ငြင်းပယ်ထားခဲ့လေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်တော်တွင်၊ ဖိုမဖြစ်ခြင်းသည် မိန်းမနှင့်မသက်ဆိုင်ဘဲ ယောကျ်ားများ၏ဗီဇမျိုးစေ့သုတ်ရည်တစ်စက်မှဖြစ်လာသည်ဟု အတိအလင်း မိန့်ဆိုထားပေသည်။

> ဧကန်စင်စစ် ထိုအရှင်မြတ်သည်ပင် သုတ်ရည်(မျိုးစေ့)တစ်စက်ဖြင့် ဖိုနှင့်မ နှစ်မျိုးနှစ်စားလုံးကို ဖန်ဆင်းတော်မူခဲ့သည်။ (စူရာနဂ်ျမ် ၅၃း၄၅–၄၆)

## သားအိမ်တွင် တွယ်ကပ်နေသော သွေးခဲ – The Clot Clinging to the Uterus

ယောကျ်ား၏သုတ်ရည်တစ်စက်(သုတ်ကောင် sperm)သည်၊ မိန်းမ၏သားဥ(ovum)နှင့် ပူးပေါင်းစပ်ယှက်ပြီးနောက် ကလေးငယ်ဖြစ်လာမည့် အချင်းအရာများပေါ်ပေါက်လာလေသည်။ ဇီဝဗေဒတွင် ဇိုင်ဂုတ် (zygote) ဟုခေါ်သော မနုဿဆဲလ်သည် ချက်ချင်းပင်အစိတ်စိတ်အမွှာမွှာစတင်ကွဲလာပြီး ပွားများလာကာ မကြာမီအတွင်း "အသားစ"အဖြစ်သို့ရောက်ရှိလာလေသည်။

ထိုဇိုင်ဂုတ်သည် ဟာလာဟင်းလင်းတွင် ကြီးထွားနေခြင်း မဟုတ်ပေ။ အပင်ပေါက်တစ်ပင်၏အမြစ်သည် မြေကြီးထဲ၌ တွယ်ကပ်ဘိသကဲ့သို့ မိခင်၏သားအိမ်နံရံတွင်နွယ်ပင်နှာမောင်းများကဲ့သို့သောအကြောအမျှင်များဖြင့်တွယ်ကပ်နေခြင်းဖြင့် မိမိ၏ကြီးထွားရေးအတွက်လိုအပ်သောအရာများကို မိခင်၏ကိုယ်ခန္ဓာမှ ရရှိလေသည်။



ဇိုင်ဂုတ်သည် အသားစတစ်ခုအဖြစ် မိခင်၏ သားအိမ်အတွင်း၌ တွယ်ကပ်လျက်ရှိသည်။

ထိုကဲ့သို့သောအသေးစိတ်အဖြစ်အပျက်များကို တိုးတက်သောဆေးပညာဖြင့်သာလျှင် သိရှိနိုင်ပေသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၁၄၀၀ တွင် ထိုကဲ့သို့သောအသိပညာမရှိခဲ့သည်မှာ ထင်ရှားနေပါသည်။ အလ္လာဟ်အရှင်မြတ်သည် မိခင်၏ဝမ်းတွင်းရှိသန္ဓေသားလောင်းဇိုင်ဂုတ်နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် "သွေးခဲ"ဟူ၍ဖော်ပြခဲ့ခြင်းသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသောအချက်ဖြစ်ပေသည်။

ဤအချက်နှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏အလွန်ထင်ရှားသော ထူးဆန်းအံ့ဩဖွယ်ရာ အချက်တစ်ချက်မှာ၊ အလ္လာဟ်အရှင်မြတ်သည်၊ ကုရ်အာန်ကျမ်းတော်မြတ်၌ လူသား၏ သန္ဓေသားလောင်းနှင့်ပတ်သက်၍ 'အလတ်က်' ဟူသောစကားလုံးကိုအသုံးပြုထားပေသည်။

> (အို–နဗီတမန်တော်) **အသင်သည် မိမိအရှင်မြတ်၏ နာမံတော်ဖြင့်** (အစပြု၍)ဖတ်ပါလေ။ **ထိုအရှင်မြတ်သည်** (သက်ရှိသက်မဲ့အရာခပ်သိမ်းတို့ကို) **ဖန်ဆင်းတော်မူခဲ့၏။ ထိုအရှင် မြတ်သည် လူသားကို သွေးခဲဖြင့် ဖန်ဆင်းတော်မူခဲ့၏။ အသင်သည် ဖတ်ပါလေ။ စင်စစ်အသင့်အား ဖန်ဆင်းတော်မူသော အရှင်မြတ်သည် အလွန်ရက်ရောစွာပေးကမ်းချီးမြှင့်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။**
> (စူရာအလ်အလတ်က် ၉၆း၁–၃)

လူသားသည် မိမိမှာ အထိမ်းအကွပ်မရှိဘဲ လွှတ်ထားခြင်းကို ခံနေရမည်ဟု ထင်မှတ်လေသလော။ ၎င်းမှာ သွန်းလောင်းခြင်းခံရသော သုတ်ရည်တစ်စက်သာလျှင် ဖြစ်ခဲ့သည်မဟုတ်လော။ ထို့နောက် ယင်းသုတ်ရည်သည် သွေးခဲဖြစ်ခဲ့၏။ တစ်ဖန် ထိုအရှင်မြတ်သည် (၎င်းအား) ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ထိုအရှင်မြတ်သည် နေသားကျနအောင် ပြုပြင်တော်မူခဲ့၏။ ထို့နောက် ထိုအရှင်မြတ်သည် ယင်း(သွေးခဲဖြစ်သွားသောသုတ်ရည်)ကို ယောက်ျားမိန်းမ(ဟူ၍)နှစ်မျိုးနှစ်စား ပြုလုပ်တော်မူခဲ့၏။ (စူရာ ကီယာမတ် ၇၅း၃၆-၃၉)

အာရဗီဘာသာစကားတွင် 'အလတ်က်' ဟူသောစကားလုံးသည်၊ 'အရာတစ်ခုခုတွင် တွယ်ကပ်နေသောအရာ' အတွက်လည်း အသုံးပြုသည်။ မျှော့ကဲ့သို့ တွယ်ကပ်၍သွေးစုတ်သော အကောင်မျိုးအတွက်လည်း၊ ဤစကားလုံးကို အသုံးပြုကြ၏။ မိခင်၏ဝမ်းတွင်းသားအိမ်နံရံတွင်တွယ်ကပ်နေရင်းအစာများကို စုတ်ယူသုံးစွဲနေသော သန္ဓေသားလောင်းဇိုင်ဂုတ်ကိုဖော်ပြသည့် အသင့်တော်ဆုံးသောစကားလုံးပင်ဖြစ်ပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုဇိုင်ဂုတ်အကြောင်းနှင့်ပတ်သက်၍ အခြားအာယသ်များတွင်လည်း ဖော်ပြထားခြင်းရှိပေသည်။ သန္ဓေသားလောင်းဇိုင်ဂုတ်သည်လည်း မိခင်၏သားအိမ်တွင်း၌ မြဲမြံစွာတွယ်ကပ်ပြီးနောက် စတင်ကြီးထွားလာလေသည်။ မိခင်၏သားအိမ်သည်လည်း ရေမွှာခေါ် အရည်ပြည့်နေ၍ ထိုသန္ဓေသားလောင်းကို ဝန်းရံထား၏။ ထိုအရည်သည် ပြင်ပမှလှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာမည့် တုန်ခါမှုအန္တရာယ်ကို ကာကွယ်ရန်ဖြစ်ပေသည်။ ဤအချက်ကိုလည်း ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်းဖော်ပြထားပေသည်။



အို-လူသား၊ မိမိအားဖန်ဆင်းမွေးမြူတော်မူသောကျေးဇူးတော်ရှင်နှင့် ပတ်သက်၍ မည်သည့်အရာသည် အသင့်အား လှည့်ဖြားခဲ့သနည်း။
အကြင်အရှင်မြတ်သည် အသင့်အား ဖန်ဆင်းခဲ့၏။ တဖန်အသင့်ကိုနေထားတကျဖြစ်အောင်လည်းပြုပြင်တော်မူခဲ့၏။ တဖန်အသင့်အားအချိုးအစားကျအောင်လည်း စီမံတော်မူခဲ့၏။
မိမိအလိုရှိတော်မူသော ပုံသဏ္ဌာန်၌ အသင့်အား စီစဉ်ပြုလုပ် (ဖန်ဆင်း) တော်မူခဲ့၏။
(စူရာ အလ်အင်ဖိတာရ် ၈၂း၆-၈)

ငါအရှင်မြတ်သည် အသင်တို့အား စက်ဆုတ်ဖွယ်ကောင်းသောရေဖြင့် ဖန်ဆင်းတော်မူခဲ့သည်မဟုတ်လော။
တစ်ဖန်ငါအရှင်မြတ်သည် ထိုရေကို လုံခြုံသောနေရာ၌ ထားရှိတော်မူခဲ့၏။
(စူရာ အလ်မုရ်ဆလာတ် - ၇၇း၂၀-၂၁)

လူသားများအမိဝမ်းတွင်း၌ တစ်ဆင့်စီဖြစ်လာသည့် အကြောင်းအရာအချက်အလက်များကို ကုရ်အာန်ကျမ်းတော်မြတ်တွင်ပြဆိုထားခြင်းသည်၊ ထိုကျမ်းတော်မြတ်သည် ယင်းအကြောင်းရပ်များကို အသေးစိတ်သိတော်မူသောအရှင်ထံမှ ကျရောက်လာခြင်းဖြစ်ကြောင်း ပြဆိုလျက်ရှိ၏။

ဤသည်ကပင် ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဌ်တော်အစစ်အမှန်ဖြစ်ကြောင်းသက်သေထူလျက်ရှိပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုကဲ့သို့အသေးစိတ်ပြဆိုထားခြင်းသည်၊ မတော်တဆကြုံကြိုက်ခြင်းသာဖြစ်သည်ဟု ပြောဆိုခြင်းသည် လုံးဝအဓိပ္ပါယ်ကင်းမဲ့ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုကဲ့သို့သော အသေးစိတ်အချက်အလက်အမြောက်အမြားသည် အမှန်တကယ်ဖြစ်စဉ်နှင့်အစစအရာရာကိုက်ညီနေခြင်းသည် မတော်တဆကြုံကြိုက်ခြင်းမဖြစ်နိုင်ပေ။

ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ပြထားသောအချက်အလက်တစ်ခုချင်းသည် မှန်ကန်လျက်ရှိနေခြင်းမှာ အလ္လာဟ်အရှင်မြတ်၏မုက္ခပါဌ်တော်အစစ်အမှန်ဖြစ်သောကြောင့်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် လူသားတို့ကို ၎င်းတို့၏မိခင်ဝမ်းတွင်း၌ရှိနေစဉ် ပုံစံသွင်းပြုပြင်သောအရှင်မြတ်ဖြစ်သောကြောင့် ထိုဖြစ်စဉ်ကိုဖေါ်ပြရာ၌ အသင့်တော်ဆုံး အရှင်းဆုံးပြဆိုနိုင်ခြင်းဖြစ်ပေသည်။ ကျွန်ုပ်တို့အားလုံးကို ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ ဘဝအကြောင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်ရှိ အခြားအာယတ်တော်များတွင်လည်း ပြဆိုထားတော်မူ၏။

> **မချွတ်မလွဲ ငါအရှင်မြတ်သည် လူသားကို ရွှံ့မြေ၏ အဆီအနှစ်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် လူသား(**၏အဆက်အနွယ်**)ကို လုံခြုံသောနေရာတစ်ခု၌ ကလလရေကြည် ဖြစ်စေတော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် ယင်းကလလရေကြည်ကို သွေးခဲအဖြစ်ဖန်ဆင်းတော်မူခဲ့ပြန်၏။ တစ်ဖန် ငါအရှင်မြတ်သည် ယင်းအသားတုံးကို အရိုးများအဖြစ်ဖန်ဆင်းတော်မူခဲ့ပြန်၏။ ထို့နောက် ငါအရှင်မြတ်သည် ယင်းအရိုးများကို အသားဖြင့် တန်ဆာဆင်မြန်း၍ ပေးတော်မူ၏။ ထို့နောက် ငါအရှင်မြတ်သည် ယင်း(**အသားဖြင့်ဆင်မြန်းပြီးဖြစ်သော အရိုးများ**)ကို အခြားဖန်ဆင်းအပ်သောအရာတစ်ခုအဖြစ် ဖြစ်ပေါ်၍လာစေတော်မူခဲ့၏။ သို့ဖြစ်ပေရာ အကောင်းဆုံးသော ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည် အဘယ်မျှထူးကဲ မြင့်မြတ်လှဘိပါသနည်း။**
> (စူရာ အလ်မုအ်မီနူန် ၂၃း၁၂–၁၄)

အပိုင်း

၂

# ဖန်ဆင်းခြင်း၏
# အကြောင်းရပ်များကို
## မမြင်နိုင်ကြသူများ

**THOSE WHO ARE UNABLE**
**TO SEE**

# THE FACT OF CREATION

အီဗိုလူးရှင်းသီအိုရီဆိုသည်မှာ၊ အသက်ရှင်ခြင်းဖြစ်ပေါ်လာခြင်း၏မူရင်းသည် မတော်တဆဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ရှင်းပြနိုင်ရန် စိတ်ကူးယဉ် မှန်းဆချက်များဖြင့် တီထွင်ထားသော တွေးခေါ်ယူဆချက်တစ်ခုဖြစ်သည်။ ထိုအတွေးအခေါ်သည် အလွန်ရှေးကျသည့် ဖါရိုး(ဖိရ်အောန်)ဘုရင်နှင့် ဂရိလူမျိုးတို့၏လက်ထက်မှစတင်ခဲ့သောအတွေးအခေါ်ဖြစ်ပေသည်။

ဖန်ဆင်းရှင်ဘုရားသခင်ကို မယုံကြည်သူ အားလုံးတို့သည် ထိုအီဗိုလူးရှင်းအတွေးအခေါ်ကို လက်ခံရင်း တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အကာအကွယ်ပေးကြလေသည်။ ယနေ့လက်ရှိခေတ်တွင်၊ ဘာသာအယူဝါဒကို ဆန့်ကျင်သည့်စနစ် အားလုံးတို့သည်လည်း၊ ထိုနည်းနှင်နှင်ပင် ဖြစ်ကြ၏။

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ခန့်အတွင်း၊ အီဗိုလူးရှင်းသီအိုရီသည် ၎င်း၏မှန်ကန်ကြောင်းကို သက်သေထူနိုင်ရန်အတွက် သိပ္ပံပညာ၏အရေကိုခြုံခဲ့လေသည်။ ၁၉ ရာစုနှစ်ထက်ဝက်ပိုင်းလောက်မှစ၍ သိပ္ပံပညာတွေးခေါ်ယူဆချက်တစ်ခုအဖြစ် ရှေ့တန်းတင်ခဲ့ကြသော်လည်း၊ ထိုသီအိုရီကို မည်သည့် သိပ္ပံတွေ့ရှိချက် စမ်းသပ်ချက်ကမျှ အပြည့်အဝသက်သေထူ ထောက်ခံနိုင်ခဲ့ခြင်းမရှိခဲ့ချေ။ အမှန်မှာ၊ ထိုသီအိုရီက အဓိကအခြေခံအဖြစ် အားကိုးအားထားအမှီပြုခဲ့သော သိပ္ပံပညာကပင်၊ ယင်းသီအိုရီသည် အမှန်တရားအတွက် လုံးဝတန်ဖိုးမရှိကြောင်း သက်သေထူဖေါ်ထုတ်ခဲ့ပြီး၊ ဆက်လက်၍လည်း ထပ်မံတလဲလဲ ဖေါ်ထုတ်ဆဲဖြစ်နေသည်။

ဓါတ်ခွဲခန်းစမ်းသပ်ချက်များနှင့် ဖြစ်နိုင်ဖွယ်အလားအလာတွက်ချက်မှု (probability) များအရ၊ သက်ရှိအရာများ စတင်ဖြစ်ပေါ်လာသော အမိုင်နိုအက်စစ်သည် မည်သို့မျှ မတော်တဆဖြစ်ပေါ်လာနိုင်ခြင်းမရှိကြောင်း အတိအကျရှင်းလင်းပြသဖေါ်ထုတ်ထားပေသည်။ အီဗိုလူးရှင်းသီအိုရီသမားများ တင်ပြထားသည့် ကမ္ဘာဦးခေတ်ရှိ ကမ္ဘာမြေကြီး၏အခြေအနေတွင် သက်ရှိဆဲလ်တစ်ခု အလိုအလျောက်မတော်တဆ ဖြစ်ပေါ်လာခဲ့သည်ဟု ဆိုသောအချက်ကို၊ အလွန်တိုးတက်လျက်ရှိသော ယနေ့ ၂၀–၂၁ ရာစုခေတ်မှ ခေတ်အမီဆုံး နောက်ဆုံးပေါ် ဆန်းသစ်သည့် ဓါတ်ခွဲခန်းတွင်ပင် စမ်းသပ်ပြုလုပ်၍ မရနိုင်သေးချေ။ ဒါဝင်နှင့်သူ၏နောက်လိုက်များတင်ပြထားသော ကြီးမားအဆင့်မြင့်သည့်သက်ရှိအရာများသည် နှစ်ပေါင်းသန်းပေါင်းမြောက်မြားစွာ တဖြေးဖြေးတစ်စစ တိုးတက်ဖြစ်ပေါ်လာသည် ဟူသောအဆိုအရ၊ "ကြားကာလ သက်ရှိအရာများ" (ဥပမာ ဖွတ်တစ်ပိုင်း ငှက်တစ်ပိုင်းသတ္တဝါ စသည်)၏ကျောက်ဖြစ်ရုပ်ကြွင်းများကို၊ နှစ်ပေါင်းများစွာ စနစ်တကျရှာဖွေခဲ့ကြသော်လည်း၊ တစ်ခုတစ်လေမျှပင် တွေ့ရှိခြင်းမရှိကြသေးချေ။

အီဗိုလူးရှင်းဝါဒီတို့သည်၊ သူတို့ အတင်းအကြပ်ယုံကြည်ဆုပ်ကိုင်ထားသော အီဗိုလူးရှင်းသီအိုရီမှန်ကန်ကြောင်းကို သက်သေထူနိုင်ရန် ကြိုးပန်းကြရင်း၊ ကမ္ဘာလောကကြီးတွင် အီဗိုလူးရှင်းလုံးဝမဖြစ်ပေါ်ခဲ့ကြောင်း၊ မသိမသာ မရည်ရွယ်ဘဲ ဖေါ်ထုတ်လျက်ရှိနေကြပေသည်။

ယနေ့လူအချို့ကဆက်လက်ယုံကြည်ကာကွယ်လျက်ရှိသော ထိုအီဗိုလူးရှင်းသီအိုရီကို၊ အပျော်တန်းဇီဝဗေဒပညာရှင် အင်္ဂလိပ်လူမျိုး ချားလ်စ်ဒါဝင် ဆိုသူက စတင်တီထွင်တင်ပြခဲ့ခြင်းဖြစ်လေသည်။ ဒါဝင်သည်၊ သူ၏အတွေးအခေါ်ကို ၁၈၅၉ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော "သဘာဝရွေးချယ်သတ်မှတ်ချက်ဖြင့် မျိုးစုတို့စတင်ဖြစ်ပေါ်ခြင်း" *(The Origin of Species by Means of Natural Selection)* ဟူသောစာအုပ်တွင်ပထမဦးစွာ တင်ပြခဲ့လေသည်။ ကမ္ဘာပေါ်ရှိသက်ရှိအရာများ အားလုံးတို့သည်၊ တစ်ခုတည်းသော ဘိုးစဉ်ဘောင်ဆက်မှ ဆင်းသက်လာ၍၊ သဘာဝ၏ ရွေးချယ်ခြင်းဖြင့် သတ္တဝါတစ်မျိုးပြီးတစ်မျိုး ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာသည်ဟု ဒါဝင်ကဆိုထားသည်။ သူတို့နေထိုင်ပေါက်ဖွားမည့်နေရာဒေသ၏သဘာဝအခြေအနေနှင့် ကိုက်ညီစွာနေနိုင်သောသတ္တဝါသည်လည်း၊ သူတို့၏မျိုးဆက်များကို ဆက်လက်ပေါက်ဖွားစေသည်ဟု ဆိုသည်။ အလွန်ကြာညောင်း


သောခေတ်ကာလအဆက်ဆက်အတွင်း စုဆောင်းလာခဲ့သည့်အခြေအနေများဖြင့်၊ မိမိ၏ဘိုးစဉ်ဘောင်ဆက်များနှင့် သွင်ပြင်အားဖြင့်လုံးဝမတူ ခြားနားသော အခြားသတ္တဝါတစ်မျိုးအဖြစ် ပြောင်းလဲသွားလေသည်ဟု ဆို၏။ လူသားများသည်၊ ထိုသို့သော သဘာဝ၏ရွေးချယ်မှုကြောင့်ဆင့်ကဲဆင့်ကဲ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာခြင်းတွင် အမြင့်ဆုံးဖွံ့ဖြိုးမှု၏ရလာဒ်ဖြစ်သည်ဟုဆိုထားသည်။ အကျဉ်းချုပ်၍ပြောရမည်ဆိုလျှင်၊ မျိုးစုတစ်ခုသည် အခြားမျိုးစုတစ်ခုမှ စတင်ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုလိုသည်။

ဒါဝင်၏စိတ်ကူးယဉ်အတွေးအခေါ်ကို ထိုခေတ်က ဘာသာရေးသြဇာအရှိန်အဝါလွှမ်းမိုးမှုကို ပယ်ဖျက်လိုသော အတွေးအခေါ်ရှင်နှင့်နိုင်ငံရေးသမားအုပ်စုတို့၏ အားပေးမြှင့်တင်ခြင်းဖြင့် တစ်ရှိန်ထိုးကျော်ကြားသွားလေတော့သည်။ ထိုကဲ့သို့တိုတောင်းသည့်အချိန်အတွင်း ကျော်ကြားသွားရခြင်းအကြောင်းရင်းမှာ၊ ထိုခေတ်တွင် ဒါဝင်၏စိတ်ကူးယဉ်အတွေးအခေါ်သည် မှားယွင်းသောအတွေးအခေါ်ဖြစ်သည်ဟု သက်သေထူနိုင်လောက်သော ပညာအဆင့်မရှိသေးသောကြောင့်ပင်ဖြစ်၏။ ဒါဝင်၏ယူဆချက်ကို တင်ပြသည့်အချိန်တွင်၊ မျိုးဗီဇသိပ္ပံ (Genetics)၊ အဏုဇီဝဗေဒ (Microbiology)၊ ဇီဝဓါတုဗေဒ (Biochemistry) စသည့်ပညာရပ်များ မပေါ်ပေါက်သေးချေ။ ထိုခေတ်တွင်၊ ယင်းပညာရပ်များထွန်းကားခဲ့ပါက ဒါဝင်၏သီအိုရီသည် လုံးဝသိပ္ပံနည်းမကျ အဓိပ္ပါယ်ကင်းမဲ့ကြောင်းကို သတိထားမိကြမည်ဖြစ်ပြီး၊ သူ၏သီအိုရီသည်လည်း ထိုမျှကျယ်ပြန့်ခဲ့မည်မဟုတ်ချေ။ မျိုးစုတစ်ခုဖြစ်ရမည့်အကြောင်း အချက်အလက်များအားလုံးသည် မျိုးဗီဇ (gene)တွင် အပြည့်အစုံပါရှိနေပြီးဖြစ်သဖြင့်၊ သဘာဝ၏ရွေးချယ်မှုဖြင့် အခြားမျိုးစုတစ်ခုအဖြစ် ပြောင်းလဲသွားရန် မဖြစ်နိုင်သောကြောင့် ဒါဝင်၏အယူအဆမှားယွင်းကြောင်း ချက်ချင်းသိနိုင်မည်ဖြစ်သည်။

ဒါဝင်၏စာအုပ်နာမည်ကြီးကျော်ကြားနေချိန် ၁၈၆၅ ခုနှစ်တွင်၊ သြစတြီယားနိုင်ငံသား ရုက္ခဗေဒပညာရှင်ဂရီဂိုမင်းဒဲလ်က မျိုးရိုးဆက်ခံခြင်းနိယာမ (The Laws of Inheritance) ကိုတွေ့ရှိဖော်ထုတ်ခဲ့လေသည်။ မင်းဒဲလ်၏တွေ့ရှိချက်သည် ထိုရာစုနှစ်အဆုံးပိုင်းအထိ လူသိနည်းခဲ့သော်လည်း၊ ၁၉၀၀ ခုနှစ်များတွင်၊ မျိုးဗီဇသိပ္ပံပေါ်ပေါက်လာသည်နှင့်တစ်ပြိုင်တည်း မင်းဒဲလ်၏ တွေ့ရှိချက်သည်လည်း အလွန်အရေးပါအရာရောက်လာတော့သည်။ နှစ်များမကြာမီအတွင်း မျိုးဗီဇနှင့်ကရိုမိုဆုမ်းတို့၏ တည်ဆောက်ပုံများကို တွေ့ရှိဖော်ထုတ်နိုင်ခဲ့ကြလေသည်။ ၁၉၅၀ ခုနှစ်များတွင်၊ ဒီအင်အေ (DNA)မော်လီကြူအကြောင်းတွေ့ရှိဖော်ထုတ်ခြင်းက မျိုးဗီဇသိပ္ပံတွင် ပူးပေါင်းဖြည့်စွက်လိုက်သဖြင့်၊ အီဗိုလူးရှင်းသီအိုရီသမားများအတွက်၊ အကြီးအကျယ် အခက်အခဲဖြစ် ဒုက္ခရောက်စေတော့သည်။ အဘယ့်ကြောင့်ဆိုသော်၊ ဒီအင်အေတွင်ပါဝင်သော အချက်အလက်များနှင့်ပတ်သက်၍ အီဗိုလူးရှင်းသီအိုရီ၏ မတော်တဆပေါ်ပေါက်လာခြင်းသဘောတရားဖြင့် မည်သို့မျှရှင်းပြ၍မရနိုင်သောကြောင့်ဖြစ်၏။

ဤမျှသောသိပ္ပံပညာတိုးတက်မှုရှိနေသော်လည်း ကမ္ဘာဦးခေတ် သက်ရှိအရာမှစ၍၊ အဆင့်မြင့်သောသတ္တဝါအကြား၊ တစ်စပြီးတစ်စပြောင်းလဲလာခဲ့သည်ဟူသော သတ္တဝါတစ်မျိုးတစ်လေ၏ ကျောက်ဖြစ်ရုပ်ကြွင်းကိုပင် နှစ်ပေါင်းများစွာ ရှာဖွေခဲ့ကြသော်လည်း မတွေ့ရှိခဲ့ကြချေ။

အီဗိုလူးရှင်းသီအိုရီအတွက် ထွက်ရပ်လမ်းမရှိတော့သော်လည်း၊ ယင်းသီအိုရီကို ဆက်လက်ထိန်းသိမ်းထားရန် လိုအပ်သည်ဟု ယုံကြည်သူအသိုင်းအဝိုင်းက ပုံစံသစ်တစ်ခုကိုထပ်မံတီထွင်ကြပြန်သည်။ ထိုပုံစံသစ်ကို ခေတ်သစ်ဒါဝင်အယူဝါဒ (Neo-Darwinism) ဟုခေါ်ကြသည်။ ဤသီအိုရီအရ သတ္တဝါမျိုးစုများသည်၊ တစ်စစပြောင်းလဲခြင်းဖြင့် ဖြစ်ပေါ်လာသည်ဟု ဆိုသည်။ မျိုးဗီဇအတွင်းတွင် အနည်းငယ်စီပြောင်းလဲမှုများဖြစ်ပေါ်လာပြီး၊ အသင့်တော်ဆုံးကို သဘာဝ၏ ရွေးချယ်မှုဖြင့် ဆက်လက်တည်ရှိသွားသည်ဟုဆိုသည်။ ခေတ်သစ်ဒါဝင်ဝါဒီတို့တင်ပြသည့် သက်ရှိကိုယ်ခန္ဓာအတွင်း ဖွဲ့စည်းထားသည့်ယန္တရားပြောင်းလဲမှုသည် နည်းလမ်းမကျသည့်အပြင်ထိုယန္တရားများတွင် အနည်းငယ်လောက်သာပြောင်းလဲခြင်းဖြင့်သက်ရှိ သတ္တဝါအဖြစ် တည်ရှိနိုင်ရန် လုံလောက်မှုမရှိသောကြောင့်၊ အီဗိုလူးရှင်းသမားများသည်အခြားပုံစံများကို ထပ်မံရှာဖွေကြပြန်သည်။ "ပြတ်တောင်းပြတ်တောင်းဖြစ်သော ဟန်နိုင်ခြင်း" (punctuated equilibrium)ဟု ခေါ်သောပုံစံသစ်ကို တင်ပြကြပြန်သည်။



Charles Darwin ချားလ်စ် ဒါဝင်

ထိုပုံစံမှာ သက်ရှိသတ္တဝါအသစ်တစ်မျိုးသည်၊ တစ်စတစ်စပြောင်းလဲရသည့် ကြားကာလမရှိဘဲ ချက်ချင်းဘွားကနဲ ပေါ်ပေါက်လာသည်ဟု ဆိုပြန်သည်။ အမှန်မှာ ယင်းအဆိုသည် ဖန်ဆင်းခြင်းကို ဖော်ပြခြင်းသာ ဖြစ်ပေသည်။ သို့သော်လည်း၊ အီဗိုလူးရှင်းဝါဒီတို့သည် ထိုသို့ဝန်ခံရမည်ကိုကား မနှစ်မြို့ကြချေ။ သူတို့တင်ပြသောပုံစံသစ်သည် ဖန်ဆင်းခြင်းကို ညွှန်းလျက်ရှိခြင်းကို ဝန်ခံခြင်း မပြုလိုသဖြင့် နားလည်သဘောပေါက်ရန် ခက်ခဲသော ဇာတ်လမ်းအသစ်တစ်မျိုးတီထွင်တင်ပြကြပြန်သည်။ ဥပမာ ကမ္ဘာဦး ပထမဆုံးငှက်တစ်ကောင်သည်၊ ဖွတ်ပဒတ်ကဲ့သို့သော တွားသွားသတ္တဝါတစ်ကောင်၏ဥမှ ဘွားကနဲထွက်လာခဲ့သည်ဟု ဆိုပြန်သည်။ ယင်းသီအိုရီက ကုန်းနေအသားစားသတ္တဝါကြီးသည်လည်း ဝေလငါးကြီးအဖြစ်သို့ ချက်ချင်းပြောင်းလဲခဲ့သည်ဟု ဆိုသည်။

ယင်းအဆိုများသည်၊ မျိုးဗီဇသိပ္ပံ (Genetics)၊ အဏုဇီဝဗေဒ (Microbiology)၊ ဇီဝဓါတုဗေဒ (Bio-chemistry)၊ စသည့် သိပ္ပံပညာဘာသာရပ်များအတွက်၊ ဒဏ္ဍာရီပုံပြင်မှ ဖါးတစ်ကောင်သည် မင်းသားအဖြစ်ပြောင်းလဲသွားသောအဆိုလောက်သာ ဖြစ်နေတော့သည်။ (နီအို)ခေတ်သစ်ဒါဝင်သီအိုရီကြောင့်၊ စိတ်ဒုက္ခရောက်နေကြသော အီဗိုလူးရှင်းဝါဒီ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်တို့သည်၊ ဤနောက်ဆုံးပုံစံကို ဖက်လဲတကင်း လက်ခံကြပြန်သည်။ သို့သော်လည်း ယွှင်ကလက်ကိုင်ထားခဲ့သော ခေတ်သစ်ဒါဝင်သီအိုရီထက်ပို၍ပင် ကိုးရိုးကားရား ဖြစ်နေပြန်သည်။

ဤပုံစံ၏တစ်ခုတည်းသောရည်ရွယ်ချက်မှာ၊ ခေတ်သစ်ဒါဝင်သီအိုရီက ရှင်းပြ၍မရသော အဆင့်ဆင့်ပြောင်းလဲခြင်းအဆိုကို အစားထိုးရန်ဖြစ်၏။ တစ်ချိန်တည်းတွင်၊ တစ်စပြီးတစ်စပြောင်းလဲလာခဲ့ခြင်းကို ပြနိုင်သည့် ကျောက်ဖြစ်ရုပ်ကြွင်းများမတွေ့ရှိခြင်းအဖြစ်ကို ကြိုးစားရှင်းပြရန်၊ ငှက်တစ်ကောင်သည် တွားသွားသတ္တဝါတစ်ကောင်၏ဥမှ ချက်ချင်းပေါ်ထွက်လာသည်ဟု တင်ပြခြင်းသည် ကျိုးကြောင်းဆီလျော်ခြင်းမရှိဘဲ ဖြစ်နေပြန်သည်။ သက်ရှိမျိုးစုတစ်ခုမှ အခြားမျိုးစုတစ်ခုသို့ ပြောင်းလဲသွားနိုင်ရန် အကျိုးဖြစ်စေသောကြီးကျယ်သည့် မျိုးဗီဇအချက်အလက်ပြောင်းလဲမှုများ လိုအပ်သည်ဟူသော အီဗိုလူးရှင်းသီအိုရီ၏ ဝန်ခံချက်နှင့် မကိုက်ညီဘဲဖြစ်နေပြန်သည်။ အီဗိုလူးရှင်းသမားများဆိုခဲ့သော ပြောင်းလဲမှု (mutation)များသည်၊ သိပ္ပံနည်းကျသော မျိုးဗီဇသိပ္ပံ၏ အရေးကြီးသော အချက်အလက်များအတွက် လုံးဝအကျိုးမရှိသည့်အပြင် ဆုတ်ယုတ်စေခြင်းသာ ရှိနေပြန်သည်။

အမှန်မှာ၊ "ပြတ်တောင်း ပြတ်တောင်းဖြစ်သော ဟန်နိုင်ခြင်း" (punctuated equilibrium) သီအိုရီသည် စိတ်ကူးယဉ်သက်သက်သာဖြစ်ကြောင်း ထင်ရှားလျက်ရှိ၏။ မည်သို့ပင်ထင်ရှားနေစေကာမူ၊ အီဗိုလူးရှင်းသမားများက ယင်းသီအိုရီကိုဝိုင်းဝန်းသြဘာပေးကြလေသည်။ ဒါဝင်တင်ပြခဲ့သော အီဗိုလူးရှင်းပုံစံကို သက်သေထူနိုင်မည့်ကျောက်ဖြစ်ရုပ်ကြွင်းများ မဖော်ထုတ်နိုင်သည့်အချက်ကပင် သူတို့ကို အတင်းလက်ခံစေခြင်းဖြစ်၏။ ဒါဝင်က သက်ရှိသတ္တဝါများသည် တဖြေးဖြေးချင်းပြောင်းလဲလာခဲ့သည်၊ ဥပမာ ငှက်တစ်ဝက်ဖွတ်တစ်ဝက်သတ္တဝါ၊ ငါးတစ်ပိုင်းဖွတ်တစ်ပိုင်း သတ္တဝါများရှိရမည်ဟု ဆိုခဲ့သည်။ သို့သော်လည်း၊ နှစ်ပေါင်းများစွာအတွင်း အီဗိုလူးရှင်းပညာရှင် ရာပေါင်းများစွာတို့က၊ ကျောက်ဖြစ်ရုပ်ကြွင်း သိန်းနှင့်ချီ၍ တူးဖော်ခဲ့ကြသော်လည်း၊ ထိုသို့သော သတ္တဝါရုပ်ကြွင်း တစ်ခုတစ်လေမျှပင် မတူးဖော် နိုင်ခဲ့ကြချေ။

ထိုကဲ့သို့ ကျောက်ဖြစ်ရုပ်ကြွင်းများဖြင့်သက်သေထူနိုင်ခြင်းမရှိခြင်းသည် အီဗိုလူးရှင်းသီအိုရီအတွက် မရှုမလှရှုံးနိမ့်ခြင်းဖြစ်သဖြင့် ယင်းရှုံးနိမ့်ခြင်းကို ဖုံးကွယ်ရန်အတွက်၊ ပြတ်တောင်းပြတ်တောင်းဖြစ်သောဟန်နိုင်ခြင်းသီအိုရီကို တီထွင်ရခြင်းဖြစ်၏။ ဆိုခဲ့သည့်အတိုင်း၊ ယင်းသီအိုရီသည်လည်း စိတ်ကူးယဉ်သီအိုရီသာဖြစ်သောကြောင့် မကြာမီအတွင်း ပျောက်ကွယ်သွားလိမ့်မည်။ ဤ punctuated equilibrium သီအိုရီကို အီဗိုလူးရှင်းသီအိုရီနှင့်ကိုက်ညီသည့်ပုံစံအဖြစ်တင်ပြခြင်းမပြုကြသော်လည်း အီဗိုလူးရှင်းသီအိုရီက ရှင်းပြ၍မရသောအချက်များကို ရှောင်ကွင်းနိုင်ရန်အသုံးပြုကြပေသည်။ အီဗိုလူးရှင်းသီအိုရီသမားများသည်၊ အလွန်ရှုပ်ထွေးသောတည်ဆောက်မှုရှိသည့် အင်္ဂါအစိတ်အပိုင်းများဖြစ်သော မျက်စိ၊ ငှက်များ၏အတောင်၊ အဆုပ်၊ ဦးနှောက် နှင့်အခြားအင်္ဂါအစိတ်အပိုင်းအမြောက်အမြားသည် တစစပြောင်းလဲခြင်းအီဗိုလူးရှင်းသီအိုရီကိုပယ်ဖျက်နေကြောင်း၊ သိရှိကြသဖြင့်၊ ယင်းအချက်ကိုအဖြေပေးနိုင်ရန်အတွက် ပြတ်တောင်းပြတ်တောင်ဟန်နိုင်ခြင်းသီအိုရီတွင် အားကိုးတကြီးခိုလှုံကြရခြင်းဖြစ်ပေသည်။

## အီဗိုလူးရှင်းသီအိုရီကို သက်သေထူသည့် ကျောက်ဖြစ်ရုပ်ကြွင်းများရှိပါသလား?
## Is there Any Fossil Record to verify the Theory of Evolution?

အီဗိုလူးရှင်းသီအိုရီက သက်ရှိမျိုးစုတစ်မျိုးမှ အခြားတစ်မျိုးစုသို့ နှစ်သန်းပေါင်းမြောက်မြားစွာအတွင်း တစတစ ပြောင်းလဲလာခဲ့သည်ဟု ဆို၏။ ကျိုးကြောင်းဆီလျော်ယုတ္တိရှိရှိ ကောက်ချက်ချမည်ဆိုလျှင် ထိုသို့သောပြောင်းလဲမှုသည် နှစ်သန်းပေါင်းများစွာအတွင်းဖြစ်ပေါ်ခဲ့သဖြင့်၊ မရေမတွက်နိုင်သော ကြားသတ္တဝါများ သန်းနှင့်ချီ၍ ရှိခဲ့မည်သာဖြစ်သည်။ ထိုသတ္တဝါများအမှန်တကယ်ရှိခဲ့ပါက ၎င်းတို့၏ရုပ်ကြွင်းများသည်လည်း နေရာတကာတွင်တွေ့ရှိရမည်သာဖြစ်၏။ အီဗိုလူးရှင်းသီအိုရီသာ မှန်ကန်ပါက ထိုသို့သောသတ္တဝါများသည် လက်ရှိကမ္ဘာပေါ်ရှိသတ္တဝါများ၏ဦးရေထက်ပင် များပြားမည်ဖြစ်ပေသည်။ ယင်းတို့၏ကျောက်ဖြစ်ရုပ်ကြွင်းများသည်လည်း ကမ္ဘာပေါ်တွင် ပြည့်နက်လျက်ရှိနေမည်သာဖြစ်၏။

ချားလ်စ် ဒါဝင်၏လက်ထက်မှစ၍ ယနေ့အထိ အီဗိုလူးရှင်းဝါဒီတို့နှင့်အတူ ကမ္ဘာ့သိပ္ပံပညာရှင်များသည် ထိုသို့သော မျိုးစုနှစ်ခုအကြားသတ္တဝါကျောက်ဖြစ်ရုပ်ကြွင်း တစ်ခုတစ်လေကိုမျှ မတွေ့ရှိကြခြင်းသည် အီဗိုလူးရှင်းသီအိုရီဝါဒီတို့အတွက် ကြီးကျယ်သောဆုံးရှုံးမှုဖြစ်လေတော့သည်။ မြေပြင်တွင်လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာအောက်တွင်လည်းကောင်း၊ လုံးဝရှာ၍မတွေ့နိုင်ချေ။

ဒါဝင်ကိုယ်တိုင်က၊ ထိုသို့သောကြားကာလ သတ္တဝါများမရှိကြောင်းကိုသိခဲ့လေသည်။ သို့သော်လည်း နောင်အနာဂတ်တွင် ၎င်းကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိလိမ့်မည်ဟု မျှော်လင့်ခဲ့လေသည်။ ထို့ကြောင့် သူ၏ *The Origin of Species* စာအုပ်တွင် အောက်ပါအတိုင်းရေးသားခဲ့လေသည်။

"မျိုးစုတစ်ခုသည်အခြားမျိုးစုတစ်ခုမှ တဆင့်စီဆင်းသက်လာခဲ့ပါက၊ အဘယ့်ကြောင့်မရေ မတွက်နိုင်လောက်သော ကြားကာလပုံစံများကိုမတွေ့ရှိကြပါသနည်း။ အဘယ့်ကြောင့် ကမ္ဘာကြီးတွင် မျိုးစုတစ်ခုနှင့်တစ်ခုကြားရှိသတ္တဝါများဖြင့်ပြည့်နက်ကာ ရှုပ်ထွေးနေခြင်းမရှိဘဲ၊ လက်ရှိအခြေအနေအတိုင်း မျိုးစုတစ်မျိုးစီ၏တိကျသည့်ပုံစံများကို ဆောင်နေကြသနည်း။ သို့သော်လည်း ဤသီအိုရီအရ ကြားကာလသက်ရှိသတ္တဝါများရှိခဲ့ကြမည်ဖြစ်သော်လည်း၊ အဘယ့်ကြောင့်ကျွန်ုပ်တို့သည်၊ နီးစပ်သောမျိုးစုများအကြား၏ဆက်စပ်မှုကို ရှာဖွေတွေ့ရှိခြင်းမပြုနိုင်ကြပါသနည်း။ ဤအချက်သည် ကျွန်ုပ်အားအချိန်ကြာမြင့်စွာ စိတ်ရှုပ်စေခဲ့ပါသည်။"[၁]

ဒါဝင်သည်ထိုသို့စိတ်ညစ်သင့်ပါသည်။ အလွန်ကသိကအောင့်ဖြစ်စေသည့် ယင်းအချက်သည် အခြား အီဗိုလူးရှင်းသမားများကိုလည်း စိတ်ရှုပ်စေပါသည်။ ဗြိတိသျှလူမျိုး ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဒေးရက် ဗီ အေဂျာ ကလည်း အောက်ပါအတိုင်း ဝန်ခံထားပေသည်။

> "ကျောက်ဖြစ်ရုပ်ကြွင်းများကို အသေးစိတ်စစ်ဆေးကြည့်သောအခါ မျိုးနွယ်စု(Order)အဆင့်တွင်လည်းကောင်း၊ မျိုးစု(Species)အဆင့်တွင်သော်လည်းကောင်း၊ တစတစပြောင်းလဲခြင်းမဟုတ်ဘဲ၊ တစ်မျိုးသည်ရုတ်တရက်ဖြစ်ပေါ်လာခြင်း၊ သို့မဟုတ်အခြားတစ်မျိုးပျောက်ကွယ်သွားခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းကို ထပ်ခါတလဲလဲ တွေ့ရပါသည်။"[၂]

ကျောက်ဖြစ်ရုပ်ကြွင်းများကို မတွေ့ရှိနိုင်သည့်ဟာကွက်ကို၊ ယွုအချိန်တွင် မဖြည့်တင်းနိုင်သေးသော်လည်း၊ နောင်တစ်ချိန်ချိန်တွင် တူးဖော်တွေ့နိုင်လိမ့်မည်ဟု မိမိလိုရာကိုသာဘက်လိုက်၍ အဖြေပေးရန်မဖြစ်နိုင်တော့ပြီ။ အီဗိုလူးရှင်းသမား ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်တစ်ဦးဖြစ်သူ တီ နီဗီးလ်ဂျော့ (T. Neville George)သည် အောက်ပါအတိုင်း ရှင်းပြထားပေသည်။

> "ကျောက်ဖြစ်ရုပ်ကြွင်းများ မလုံလောက်သေး–ဟူသောအပြောအဆိုဖြင့် တောင်းပန်တိုးရှိုးနေရန် အကြောင်း မရှိတော့ပါ။ ကမ္ဘာပေါ်တွင် ယနေ့အထိတူးဖော်ရရှိပြီးသော ကျောက်ဖြစ် ရုပ်ကြွင်းများသည်၊ တစ်စုတစ်လုံးတည်းဖြစ်အောင် စီမံခန့်ခွဲရန်ပင် မနိုင်မနင်းဖြစ်သည်အထိ များပြားလွန်းနေပါပြီ။ သို့သော်လည်း ထိုကျောက်ဖြစ်ရုပ်ကြွင်းတို့မှရရှိသည့် မှတ်သားချက်များ၌ ကြားတွင်ပြတ်၍ဟာနေသောအပိုင်းများနှင့်သာလျှင် ပြည့်နက်လျက် ရှိနေပေသည်။"[၃]

## ကမ္ဘာပေါ်တွင် သက်ရှိသတ္တဝါများသည်
## ရှုပ်ထွေးသောပုံစံဖြင့် ရုတ်တရက် ပေါ်ပေါက်ခဲ့သည်
## Life Emerged on Earth
## Suddenly and In Complex Forms

ပထဝီမြေကြီးအထပ်များနှင့် ကျောက်ဖြစ်ရုပ်ကြွင်းများကို စစ်ဆေးသောအခါ၊ သက်ရှိအရာများသည်၊ တစ်ချိန်တည်းတွင် ဖြစ်ပေါ်ခဲ့ကြောင်းကို တွေ့ရှိရပေသည်။ ကမ္ဘာပေါ်တွင် ရှေးအကျဆုံး သက်ရှိအရာများဖြစ်ပေါ်သော အချင်းအရာကို "ကင်းဘရီယံ" (Cambrian) အထပ်တွင်ဖြစ်၍၊ နှစ်ပေါင်း သန်းပေါင်း ၅၃၀–၅၂၀ လောက် ကြာညောင်းခဲ့လေပြီ။

ထိုကင်းဘရီယံအထပ်တွင် တွေ့ရှိရသောသက်ရှိသတ္တဝါများ၏ကျောက်ဖြစ်ရုပ်ကြွင်းများအကြောင်း မှတ်သားချက်များကို စစ်ဆေးကြည့်ခြင်းဖြင့်၊ ထိုခေတ်က သက်ရှိအရာများအားလုံးသည်၊ တစ်ချိန်တည်းတွင် ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပေသည်။ ယင်းတွေ့ရှိချက်ကို သိပ္ပံစာပေလောကတွင် "ကင်းဘရီယံ ရုတ်တရက်ဖြစ်ပေါ်မှု" (Cambrian Explosion) ဟု ခေါ်ကြသည်။

ကင်းဘရီယံအထပ်၌ တွေ့ရှိရသော သက်ရှိအရာများတွင် ခန္ဓာကိုယ်၏ အမြင့်မားဆုံးတည်ဆောက်မှုအဆင့်ဖြစ်သောမျက်စိ၊ ပါးဟက်၊ အသက်ရှူခြင်းစနစ်၊ စသည်တို့ရှိနေခဲ့ကြောင်း တွေ့ရှိရပေသည်။ ထိုသက်ရှိအရာများ ဆင်းသက်ခဲ့သော အခြားသက်ရှိမျိုးစုများကိုလည်းမတွေ့ရှိခဲ့ပေ။ *"Earth Science Magazine"* အယ်ဒီတာဖြစ်သူ ရစ်ချာဒ် မိုနက်စတာစကီက သက်ရှိမျိုးစုများ တစ်ချိန်တည်းတွင် ဖြစ်ပေါ်ခဲ့ခြင်းအကြောင်းကို အောက်ပါအတိုင်း ရေးသားထား၏။

> လွန်ခဲ့သည့် နှစ်သန်းပေါင်း ၅၀၀ ခန့်က၊ ယနေ့ကျွန်ုပ်တို့တွေ့မြင်နေကြရသော အလွန်ရှုပ်ထွေးသည့် အင်္ဂါအစိပ်အပိုင်းတည်ဆောက်မှုများဖြင့်ပြည့်နေသော သက်ရှိအရာများသည်၊ ချက်ချင်းပေါ်ပေါက်ခဲ့ပေသည်။ ကမ္ဘာမြေကြီး၏ နှစ်သန်းပေါင်း ၅၅၀ ခန့် လွန်ခဲ့ပြီဖြစ်သော ယင်းကင်းဘရီယံကာလသည်၊ အီဗိုလူးရှင်းပြောင်းလဲမှုကြီး၏အစဖြစ်ပြီး၊ ကမ္ဘာ့ပင်လယ်ပြင်များတွင် ရှုပ်ထွေးသော အင်္ဂါအစိပ်အပိုင်းများနှင့်ပြည့်စုံသည့် ပထမဆုံးသတ္တဝါများ ပြည့်နက်သွားသောကာလပင်ဖြစ်ပေသည်။ ထိုကာလတွင်၊ သတ္တဝါကြီးများလည်းရှိနေပြီဖြစ်ပြီး၊ ယနေ့လက်ရှိကာလမှသတ္တဝါများကဲ့သို့ တစ်မျိုးနှင့်တစ်မျိုး ထင်ရှားစွာကွာခြားကြပေသည်။[၄]

ကမ္ဘာမြေကြီးပေါ်တွင်၊ သက်ရှိသတ္တဝါအမျိုးပေါင်း ထောင်သောင်းချီ၍ တစ်ချိန်တည်းတွင် ပြည့်နက်သွားခြင်းကို အီဗိုလူးရှင်းသမားများက မည်သို့မျှရှင်းပြ၍မရနိုင်ကြသဖြင့်၊ ကင်းဘရီယံကာလမတိုင်မီ၊ နှစ်ပေါင်းသန်းပေါင်း ၂၀ ခန့်သောကြားကာလတစ်ခုရှိသည်ဟု ဆိုကြပြန်သည်။ ထိုကာလကို (evolutionary gap) "အီဗိုလူးရှင်းကွက်လပ်ကာလ"ဟု ခေါ်ကြသည်။ ယင်းကာလသည် သူတို့၏စိတ်ကူးယဉ်သက်သက်သာလျှင်ဖြစ်သဖြင့်၊ ယနေ့အထိ မည်သို့သောသက်သေထူခြင်းမျိုးမျှ မရှိသေးချေ။



A 320-million-year-old cockroach fossil (left). A 360-million-year-old trilobite fossil (below).

လက်ဝဲပုံသည် နှစ်သန်းပေါင်း ၃၂၀ ရှိသော ပိုးဟပ်ကျောက်ဖြစ် ရုပ်ကြွင်းဖြစ်သည်။ အောက်ပုံမှာ နှစ်သန်းပေါင်း ၃၆၀ ရှိသော ပိုးကောင်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သည်။



၁၉၈၄ ခုနှစ်တွင်၊ တရုပ်နိုင်ငံ ယူနန်နယ်ကုန်းပြင်မြင့်ဒေသ ချင်ကျန်အရပ်တွင်၊ ကျောရိုးမဲ့သတ္တဝါ အမြောက်အမြား၏ကျောက်ဖြစ်ရုပ်ကြွင်းများကို တူးဖော်ရရှိခဲ့လေသည်။ ထိုကျောရိုးမဲ့သတ္တဝါ များ၏အင်္ဂါအစိတ်အပိုင်းများသည်လည်း၊ ယနေ့လက်ရှိခေတ်မှ ကျောရိုးမဲ့သတ္တဝါများ၏အင်္ဂါ အစိတ်အပိုင်းများထက် နိမ့်ကျခြင်းမရှိချေ။

ဆွီဒင်လူမျိုး အီဗိုလူးရှင်းသမားကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်ဖြစ်သူ စတီဖင်ဘင်စတွန်က ဤကိစ္စ နှင့်ပါတ်သက်၍၊ အောက်ပါအတိုင်းရှင်းပြထားပေသည်။

> လူသားကိုဖန်ဆင်းခြင်းနှင့်ပါတ်သက်၍၊ နှိုင်းယှဉ်ရမည့် အခြားတူညီသောအချင်းအရာများအနက် အ မျိုးပေါင်းမြောက်မြားစွာ တစ်ပြိုင်တည်းပေါ်ပေါက်လာခဲ့သော ရေနေသတ္တဝါများသည် အဓိကနေရာ တွင်ယူထားပေသည်။ ဤအချက်တစ်ချက်သည်၊ ဒါဝင်နှင့်အတူ ကျွန်ုပ်တို့ကိုလည်း စိတ်ရှုပ်စေပြီး အကြံ ရခက်စေသောအချက်ဖြစ်နေပေသည်။[၅]

ကမ္ဘာမြေကြီးပေါ်တွင် ဘိုးစဉ်ဘောင်ဆက်အခြားမျိုးစုတစ်ခုခုမှ ဆင်းသက်လာသည့် အချင်းအရာ များမရှိဘဲ ရေနေသတ္တဝါများ ချက်ချင်းပေါ်ပေါက်ခဲ့ခြင်းသည်၊ လွန်ခဲ့သည့် ၁၃၅ နှစ်က ဒါဝင်ကို အဟန့်အတားဖြစ်စေပြီး စိတ်အနှောက်အရှက်ဖြစ်စေခဲ့ပေသည်။ နှစ်ပေါင်းတစ်ရာစုခွဲနီးပါး ဒါဝင် ကိုဟန့်တားထားသည့် ယင်းအတားအဆီးကို အီဗိုလူးရှင်းသမားများက တစ်လှမ်းလောက်ပင် ကျော် လွှားတိုးတက်နိုင်ခဲ့ခြင်းမရှိကြသေးချေ။

ကျောက်ဖြစ်ရုပ်ကြွင်းကိုကြည့်ခြင်းအားဖြင့်၊ သက်ရှိသတ္တဝါများသည် တစ်ဆင့်ပြီးတစ်ဆင့်ပြောင်း လဲလာခဲ့ခြင်းမဟုတ်ဘဲ၊ ပြည့်စုံသောအင်္ဂါအစိပ်အပိုင်းများနှင့်အတူ ချက်ချင်းတပြိုင်တည်း ပေါ် ပေါက်ခဲ့ကြောင်း သက်သေခံလျက်ရှိပေသည်။ ကြားကာလသတ္တဝါများကင်းမဲ့ခြင်းသည်၊ ကင်း ဘရီယံခေတ်တွင်သာ မဟုတ်ဘဲ၊ နောင်ထပ်မံတိုးတက်၍ ကျောရိုးရှိသတ္တဝါများ တစ်ဆင့်ပြီးတစ် ဆင့်ပြောင်းလဲခဲ့ခြင်း "အီဗိုလူးရှင်း" ကို လုံးဝမတွေ့ရှိခဲ့ချေ။ ငါးမှ ကုန်းတစ်ပိုင်း ရေတစ်ပိုင်းသတ္တ ဝါအဖြစ်သို့လည်းကောင်း၊ တွားသွားသတ္တဝါအဖြစ်သို့လည်းကောင်း၊ ငှက်များအဖြစ်သို့လည်း ကောင်း၊ နို့တိုက်မွေးမြူသောသတ္တဝါများအဖြစ်သို့လည်းကောင်း၊ တစ်ဆင့်စီပြောင်းလဲလာသည့် တစ်ပိုင်းတစ်စသတ္တဝါများကိုမတွေ့ရချေ။ ရှိရှိသမျှသောကျောက်ဖြစ်ရုပ်ကြွင်းသက်သေများက သက်ရှိသတ္တဝါများအားလုံးသည်၊ တစ်ဆင့်ပြီးတစ်ဆင့်ပြောင်းလဲလာခြင်း "အီဗိုလူးရှင်း" မရှိဘဲ၊ ယနေ့လက်ရှိပုံစံအခြေအနေအတိုင်း တစ်ပြိုင်တည်းပေါ်ပေါက်ခဲ့ခြင်းကိုသာ သက်သေထူ ညွှန်ပြ




လျက်ရှိပေသည်။

တစ်နည်းအားဖြင့်၊ သက်ရှိသတ္တဝါများသည်၊ အီဗိုလူးရှင်းပြောင်းလဲမှုဖြင့် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ဖန်ဆင်းခြင်းဖြင့်သာ ပေါ်ပေါက်ခဲ့လေသည်။

## အီဗိုလူးရှင်း၏လိမ်လည်အတုပြုလုပ်ခြင်းများ - **Evolution Forgeries**

### ရုပ်ပုံဆွဲ၍ လှည့်ဖြားခြင်း - **Deceptions in Drawings**

အီဗိုလူးရှင်းသီအိုရီကိုထောက်ခံမည့် သက်သေအထောက်အထားများကို ရှာဖွေသူတို့အတွက်၊ ကျောက်ဖြစ်ရုပ်ကြွင်းများသည်၊ အဓိကဖြစ်နေသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများကို၊ ဘက်မလိုက်တန်း စစ်ဆေးပါက၊ အီဗိုလူးရှင်းသီအိုရီကို ထောက်ခံမည့်အစား ချေဖျက်လျက်ရှိပေသည်။ သို့သော်လည်း၊ အများလူထုကို တမင်တကာလှည့်ဖြားလိုသဖြင့်၊ အီဗိုလူးရှင်သမားတို့က ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းများသည် အီဗိုလူးရှင်းသီအိုရီကိုထောက်ခံသယောင် လုပ်ကြံကြလေသည်။

ကျောက်ဖြစ်ရုပ်ကြွင်းများကို ပုံစံအမျိုးမျိုးလိုသလိုအဓိပ္ပါယ်ကောက်နိုင်အောင် ရေးဆွဲဖြည့်စွက်နိုင်သည့်အချက်ကပင်၊ အီဗိုလူးရှင်းသမားများအတွက် အခွင့်ကောင်းဖြစ်နေပေသည်။ တူးဖော်ရရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းမှန်သမျှကို၊ မည်သည့်အရာ မည်သည့်သတ္တဝါဖြစ်ကြောင်း တိကျစွာဖော်ပြနိုင်ရန်ခက်ခဲပေသည်။ ရှာဖွေတူးဖော် ရရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများသည်လည်း၊ အများအားဖြင့် အရိုးတစ်ပိုင်းတစ်စများသာဖြစ်လေ့ရှိသဖြင့်၊ အီဗိုလူးရှင်းသမားများက ယင်းပျော့ကွက်ကို အခွင့်ကောင်းယူပြီး၊ သူတို့လိုသလိုလွယ်လွယ်ကူကူ ပုံသွင်းနိုင်ကြတော့သည်။ အမှန်မှာ ကြိုးကြားစုဆောင်းရရှိသော ကျောက်ဖြစ်ရုပ်ကြွင်းများမှအချက်အလက်များကိုစုပေါင်း၍ အီဗိုလူးရှင်းသီအိုရီကို ထောက်ခံနိုင်သည့် ရုပ်ပုံကားချပ်များကို အစီအစဉ်တစ်ခုဖြစ်အောင်ရေးဆွဲကြလေသည်။ လူအများသည်လည်း၊ ရုပ်ပုံကားချပ်များကိုတွေ့ခြင်းဖြင့် ယုံကြည်လွယ်ကြသဖြင့်၊ အီဗိုလူးရှင်းသီအိုရီအ

တိုင်း ရေးယခွင်က ထိုသတ္တဝါများ အမှန်တကယ် တစ်ဆင့်စီတိုးတက်ပြောင်းလဲခဲ့သည်ဟု ယုံကြည်နိုင်လောက်အောင် ရုပ်ပုံကားချပ်များကို တီထွင်ရေးဆွဲကြလေသည်။

အီဗိုလူးရှင်းသမားများသည်၊ သွားတစ်ချောင်း၊ မေးရိုးတစ်ခု၊ စသည့်ကျောက်ဖြစ်ရုပ်ကြွင်းအပိုင်းအစမှ လူသားနှင့်တူသည့်ပုံများကိုရေးဆွဲကာ လူသားများ၏ တစ်ဆင့်စီပြောင်းလဲလာသည့် အီဗိုလူးရှင်းနှင့် ဆက်စပ်သကဲ့သို့ ဖေါ်ပြကြလေသည်။ လူအမြောက်အမြား၏စိတ်ထဲတွင် ထိုရှေးကျောက်ခေတ်လူသားများ၏ပုံစံများကို စွဲသွားစေပြီး၊ ရှေးရှေးက ထိုကဲ့သို့သော ကျောက်ခေတ်လူသားများ အမှန်တကယ်ရှိခဲ့သည်ဟု ယုံကြည်စေလေသည်။

အရိုးစုများမှတဆင့် သတ္တဝါများ၏ရုပ်လက္ခဏာပုံစံကို မှန်းဆလေ့လာခြင်းသည်၊ သတ္တဝါတစ်ကောင်၏ ယေဘုယျအပေါ်ရံပုံစံကိုသာရရှိနိုင်သည်။ ဖေါ်ထုတ်မည့်ပုံစံမှန်သည် ယင်းအရိုးစုကိုဖုံးထားသော အသားနှင့်အရေပြားများအပေါ်တွင်မူတည်ပြီး၊ ထိုပုံစံကိုမှန်းဆ၍ တည်ဆောက်နေသူ၏ စိတ်ကူးယဉ်ပေါ်မူတည်ပြီး၊ မရေမတွက်နိုင်သော ပုံစံများပေါ်လာနိုင်ပေသည်။ ဟားဗတ်တက္ကသိုလ်မှ ပါမောက္ခ အန်းစ် အေ ဟူတန်က ဤကိစ္စနှင့်ပါတ်သက်၍ အောက်ပါအတိုင်း ရှင်းပြထားပေသည်။



အလွန်ကျွမ်းကျင်စွာ ရေးဆွဲထားသော မျောက်ဝံတစ်ပိုင်း လူတစ်ပိုင်းသတ္တဝါတို့၏ပုံများကို စာအုပ်များတွင် တွေ့ဖန်များသဖြင့် လူအများကလည်း ထိုကဲ့သို့သော သတ္တဝါများ အမှန်တကယ်ရှိခဲ့သည်ဟု ယုံကြည်ကြ၏။ အမှန်မှာ ထိုပုံများသည် အတုများသာဖြစ်၏။


အရိုးစုအပေါ်တွင် အသားနှင့်အရေပြားပြန်လည်ဖုံးပေးရသည့်အပိုင်းသည် အရဲစွန့်ရဆုံးသောအပိုင်းဖြစ်ပေသည်။ နှုတ်ခမ်းများ၊ မျက်စိများ၊ နှာခေါင်းထိပ်ပိုင်းများသည် အသားအတွင်းရှိအရိုးစုတွင် မည်သည့်ပုံပန်းသဏ္ဍာန်အတွက်မျှ အရိပ်အမြွက်မျှပင် ချန်ထားပေးခြင်းမရှိပေ။ နီယံဒါသာလွဲဒ် (Neanderthaloid) ဦးခေါင်းခွံတစ်ခုကို ချင်ပန်ဇီမျောက်တစ်ကောင်အဖြစ်သို့လည်းကောင်း၊ ပါမောက္ခတစ်ဦးအဖြစ်သို့လည်းကောင်း၊ ဖန်တီးနိုင်ပေသည်။ ထိုကဲ့သို့ ဦးခေါင်းခွံများမှတဆင့် ရှေးဟောင်းလူသားများအဖြစ်ပုံဆွဲ၍ ပြောင်းလဲထားခြင်းသည်၊ အကယ်၍ သိပ္ပံပညာအတွက် တန်ဖိုးရှိသည်ဟုဆိုပါက ထိုတန်ဖိုးသည် အလွန်နည်းပါးသောတန်ဖိုးသာလျှင်ဖြစ်ပေသည်။ အမှန်မှာ လူထုကို မှားမှားယွင်းယွင်းယုံကြည်စေရန်သွေးဆောင်ခြင်းသာဖြစ်သည်။ --- ထိုသို့သော နကိုရုပ်ကို ပြန်လည်ဖေါ်ထုတ်ခြင်း၌ ယုံကြည်ခြင်းမပြုသင့်ပါ။[၆]

## ကျောက်ဖြစ်ရုပ်ကြွင်းအတုလုပ်ကြံတီထွင်သည့် လေ့လာမှုများ
## Studies Made to Fabricate False Fossils

အီဗိုလူးရှင်းသီအိုရီကိုထောက်ခံသည့် ကျောက်ဖြစ်ရုပ်ကြွင်းကို မတွေ့ရှိနိုင်ကြသဖြင့်၊ အီဗိုလူးရှင်းဝါဒီအချို့သည်၊ တီထွင်ထုတ်လုပ်ကြလေသည်။ စွယ်စုံကျမ်းများတွင် "အီဗိုလူးရှင်းအတုများ" ဟူသောခေါင်းစဉ်ဖြင့်ရေးသားပြဆိုထားသော ထိုတီထွင်မှုများအကြောင်းကိုကြည့်ခြင်းဖြင့်၊ အီဗိုလူးရှင်းသီအိုရီသည် သက်သေအထောက်အထားမပြနိုင်သော စိတ်ကူးယဉ်အတွေးအခေါ်တစ်ခုသာလျှင်ဖြစ်ကြောင်း ထင်ရှားနေပေသည်။ ထိုလုပ်ကြံတီထွင်ထားသောအတုများအနက်၊ အထူးကဲဆုံးနှင့်အဆိုးရွားဆုံးအတုနှစ်ခုကို ဖော်ပြထားပါသည်။

### ပီလ်ဒေါင်းလူ (Piltdown Man)

၁၉၂၁ ခုနှစ်တွင်၊ အပျော်တန်းကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်ဖြစ်သူ ကျော်ကြားသောဆရာဝန်ချားလ်ဒေါဆန်သည်၊ အင်္ဂလန်နိုင်ငံ ပီလ်ဒေါင်းအရပ်ရှိ တွင်းတစ်တွင်း၌ မေးရိုးတစ်ခုနှင့် ဦးခေါင်းခွံအပိုင်းအစများကို တွေ့ရှိကြောင်းထုတ်ဖော်ပြောဆိုလေသည်။ ဦးခေါင်းခွံမှာ လူသားဦးခေါင်းခွံနှင့်တူနေသော်လည်း မေးရိုးမှာမူ မျောက်ဝံမေးရိုးဖြစ်ကြောင်းထင်ရှားနေသည်။ ထိုဦးခေါင်းနမူနာကို "ပီလ်ဒေါင်းလူ" ဟု အမည်ပေးကြလေသည်။ နှစ်–သန်းပေါင်း ၅၀၀ ရှိပြီဟုဆိုပြီး၊ အီဗိုလူးရှင်းသီအိုရီကို အပြည့်အဝထောက်ခံသော သက်သေအထောက်အထားဖြစ်သည်ဟု ပြသထားကြလေသည်။ ထို "ပီလ်ဒေါင်းလူ" နှင့်ပါတ်သက်၍ လူသားတို့၏ တစ်ဆင့်စီပြောင်းလဲခဲ့သော အီဗိုလူးရှင်းကို ထောက်ခံသည့် အရေးကြီးဆုံးသော သက်သေသာဓကဖြစ်ကြောင်း ဆောင်းပါးအမြောက်အမြားရေးသားကြသည့်ပြင်၊ နှစ်–၄၀ ခန့် အဓိပ္ပါယ်အမျိုးမျိုးကောက်ကြပြီး၊ ရုပ်ပုံကားချပ်အမျိုးမျိုးကိုလည်း ရေးဆွဲထုတ်ဝေကြလေသည်။



ကျောက်ဖြစ်ရုပ်ကြွင်းအတုဖြစ်သော ပီလ်ဒေါင်းလူ

သိပ္ပံပညာရှင်တို့သည်၊ ၁၉၄၉ ခုနှစ်တွင် ထိုကျောက်ဖြစ်ရုပ်ကြွင်းကို တဖန်စစ်ဆေးကြပြန်ရာ၊ ကျောက်ဖြစ်ရုပ်ကြွင်းအတုဖြစ်ကြောင်း၊ ဦးခေါင်းခွံမှာ လူသားဦးခေါင်းဖြစ်ပြီး မေးရိုးမှာမူ အူရန်အူတန်မျောက်ဝံမေးရိုးဖြစ်ကြောင်းကို တွေ့ရှိကြလေသည်။

ဖလိုရင်းဓါတ်ဖြင့် ပစ္စည်းတို့၏သက်တန်းရှာဖွေသတ်မှတ်သောနည်းကို အသုံးပြု၍စစ်ဆေးခဲ့ရာ၊ ထိုဦးခေါင်းခွံမှာ နှစ်ပေါင်းရာပေါင်းအနည်းငယ်ကြာခဲ့သောဦးခေါင်းခွံဖြစ်ကြောင်းတွေ့ရှိရလေသည်။ သွားနှင့်မေးရိုးမှာမူ၊ ဟောင်းနွမ်းသည့်ပုံစံထွက်အောင်ဖန်တီးထားသောအူရန်အူတန်တစ်ကောင်၏သွားနှင့်မေးရိုးသာဖြစ်ပြီး၊ ထိုကျောက်ဖြစ်ရုပ်ကြွင်းအတုနှင့်တွဲ၍ပြသထားသောရှေးဟောင်းလက်နက်ကိရိယာများမှာလည်း သံမဏိကရိယာဖြင့်ခပ်ကြမ်းကြမ်းတိုက်စားသွေးထားသောကိရိယာအတုများသာဖြစ်ကြောင်း စစ်ဆေးတွေ့ရှိကြလေသည်။ ထိုကျောက်ဖြစ်ရုပ်ကြွင်းအတုကို အသေးစိတ်စစ်ဆေးသောလုပ်ငန်းကို ဥက္ကလေ(Oakley), ဝိုင်းနာ(Weiner) နှင့် ကလပ် (Clark) တို့က ၁၉၅၃ ခုနှစ်တွင် အဆုံးသပ်ခဲ့ကြသည်။ ဦးခေါင်းခွံမှာ နှစ် ၅၀၀ ခန့် ကြာပြီဖြစ်သောယောကျ်ားဦးခေါင်းဖြစ်ပြီး၊ သွားနှင့်မေးရိုးမှာမူ မကြာသေးမီကသေသွားသောအူရန်အူတန်မျောက်ဝံ၏သွားနှင့်မေးရိုးများဖြစ်၍၊ မေးရိုးကိုလူဦးခေါင်းနှင့် အံဝင်ဂွင်ကျဖြစ်အောင်တိုက်စားစီမံထားကြောင်းကို တွေ့ရှိရလေသည်။ သွားများကိုလည်း လူတစ်ယောက်၏သွားများနှင့်တူအောင် တိုက်စား၍ ပြန်လည်စီထားကြောင်းကို တွေ့ရလေသည်။ စီမံပြီးသောဦးခေါင်းခွံကို ပိုတက်စီယံဒိုင်ကရိုမိတ်တွင် စိမ်ခြင်းဖြင့် ဟောင်းနွမ်းသောပုံစံထုတ်ထားသည်။

ထိုဟောင်းနွမ်းသည့်ပုံစံကို အက်စစ်ငရဲမီးတွင် စိမ်လိုက်သည်နှင့် ပျောက်သွားလေတော့သည်။ ထိုစစ်ဆေးမှုလုပ်ငန်းတွင်ပါဝင်ခဲ့သော လာဂရော့ကလပ် (Le Gros Clark) သည်၊ သူ၏အံ့သြခြင်းကို ဖုံးထား၍မရနိုင်သဖြင့်၊

> တံစဉ်နှင့်ကော်ပတ်တိုက်စားခြင်းဖြင့် ဖန်တီးထားသောလက်ရာများက အထင်းသားပေါ်လျက် ရှိ၏။ ထိုလက်ရာများသည် အလွန်ထင်ရှားသောအရာများဖြစ်သဖြင့်၊ ယွှင်ကအဘယ့်ကြောင့် မည်သူကမျှ သတိမထားခဲ့ကြပါသနည်း။[၇]

ဟု ထုတ်ဖော်ပြောဆိုလေသည်။

## နိဘရားစကားလူ (Nebraska Man)

၁၉၂၂ ခုနှစ်က၊ အမေရိကန်သဘာဝရေးဟောင်းပြတိုက် ဒါရိုက်တာဖြစ်သူ ဟင်နရီ ဖဲဖီးလ် အော့စဘွန်းသည်၊ နိဘရားစကားနယ် အနောက်ပိုင်း စနိတ်ဘရူးက်အနီးတွင်၊ ပလီအိုစင်ခေတ်(Pliocene period)မှ ကျောက်ဖြစ်ရုပ်ကြွင်း အံသွားကိုတွေ့ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့လေသည်။ ထိုအံသွားသည်၊ လူသားနှင့်မျောက်ဝံတို့၏ ဂုဏ်အင်္ဂါများပူးပေါင်းပါဝင်နေကြောင်း ထင်ရှားသည်ဟု ဆိုသည်။ သိပ္ပံလောကတွင် ထိုကျောက်ဖြစ်ရုပ်ကြွင်းနှင့်ပါတ်သက်၍ နက်နက်နဲနဲ ဆွေးနွေးငြင်းခုံကြလေသည်။ အချို့က ပစ်သီကင်သရိုပတ် အီရက်တပ်စ် (Pithecanthropus erectus) ဖြစ်သည် ဟူ၍လည်းကောင်း၊ အချို့က ခေတ်သစ်လူသားများနှင့်ပို၍နီးစပ်သည် ဟူ၍လည်းကောင်း ပြောဆိုကြလေသည်။ ထိုကျောက်ဖြစ်ရုပ်ကြွင်းကိုလည်း "နိဘရားစကားလူ"ဟု အမည်ပေးကြပြီး၊ သိပ္ပံအ



အထက်ပါပုံကို သွားတစ်ချောင်းပေါ်သာမှုတည်၍ရေးဆွဲထားခဲ့၍၊ ၁၉၂၂ခုနှစ် ဇူလိုင်လ ၂၄ရက်နေ့ထုတ် Illustrated London News တွင်ဖေါ်ပြခဲ့ကြသည်။ သို့သော်လည်း ထိုသွားသည် မျောက်ဝံကဲ့သို့သောအကောင်တစ်ကောင် သို့မဟုတ် လူတစ်ယောက်ယောက်နှင့် လုံးဝမသက်ဆိုင်ဘဲ၊ မျိုးသုဉ်းသွားပြီဖြစ်သော တောဝက်တစ်မျိုး၏ သွားသာလျှင်ဖြစ်ကြောင်း ထုတ်ဖေါ်လိုက်သည့်အချိန်တွင် အီဗိုလူးရှင်းသမားများက အကြီးအကျယ် စိတ်ပျက်လက်ပျက်ဖြစ်သွားကြရှာ၏။

မည်ကိုမူ "ဟစ္စပီရိုပီသိကပ် ဟဲရိုလ်ကူကီ" (Hesperopithecus Haroldcooki)ဟု အမည်ပေးကြလေသည်။ ပညာရှင်အတော်များများက အော့စဘွန်းကို ထောက်ခံကြသည်။ ထိုအံသွားတစ်ခုတည်းကိုမူတည်၍၊ နိဘရားစကားလူ၏ဦးခေါင်းနှင့် ကိုယ်ခန္ဓာပုံကိုရေးဆွဲကြလေသည်။ မကြာမီအတွင်း ထိုနိဘရားစကားလူ၏အိမ်ထောင်စုတစ်ခုလုံးပုံကိုပင်ရေးဆွဲထုတ်ဝေကြသည်။ ၁၉၂၇ ခု

နှစ်တွင် အခြားအရိုးအပိုင်းအစများကို ထပ်မံတွေ့ရှိကြလေသည်။ ထိုထပ်မံတွေ့ရှိချက်များကြောင့် နိဘရားစကားလူ၏ အံသွားသည် လူအံသွားသော်လည်းကောင်း၊ မျောက်ဝံအံသွားသော်လည်း ကောင်း၊ တစ်ခုမှမဟုတ်ဘဲ၊ မျိုးသုဉ်းခဲ့ပြီဖြစ်သော ပရိုတင်နော့ (Prothennops) ခေါ်သော အမေရိကန် တောဝက်တစ်မျိုး၏ အံသွားဖြစ်ကြောင်းသိရလေသည်။

## လူသားနှင့်မျောက်ဝံတို့သည်ဘိုးစဉ်ဘောင်ဆက်တစ်ခုတည်းမှ ဆင်းသက်လာခဲ့သလော
## Did Men and Apes Come From A Common Ancestor?

အီဗိုလူးရှင်းသီအိုရီအရ၊ လူသားများနှင့် မျောက်ဝံများသည် တစ်ခုတည်းသောဘိုးစဉ်ဘောင်ဆက်မှ ဆင်းသက်လာခဲ့သည်ဟု ဆိုထားသည်။ ရှေးတစ်ချိန်တုန်းက လူတူမျောက်တူသတ္တဝါ၏ အဆက်အနွယ်တစ်မျိုးသည်၊ ယျွခေတ်မျောက်ဝံများဖြစ်သွားပြီး၊ ၎င်း၏ညီအစ်ကိုအဆက်အနွယ်တစ်မျိုးသည် လူသားများအဖြစ် ဆက်လက်ပေါက်ဖွားသွားသည်ဟု ဆိုသည်။

အီဗိုလူးရှင်းသမားများက၊ လူသားနှင့်မျောက်ဝံတို့၏ ကမ္ဘာဦးပထမဆုံးဘိုးစဉ်ဘောင်ဆက်သည်၊ "အော့စထရာလိုပီသီကပ်" (Australopithecus)ဖြစ်သည်ဟုဆို၏။ "တောင်အာဖရိကမျောက်ဝံ" ဟု အဓိပ္ပါယ်သက်ရောက်၏။ အမှန်မှာ ထိုအော့စထရာလိုပီသီကပ်သည်၊ မျိုးသုဉ်းသွားပြီဖြစ်သော မျောက်ဝံတစ်မျိုးသာဖြစ်၏။ မျိုးစုမျိုးခွဲအမြောက်အမြားရှိပြီး၊ အချို့မျိုးခွဲများသည်ကြီးမား၍၊ အချို့မျိုးခွဲများမှာငယ်ကြလေသည်။ လူသားတို့၏နောက်ထပ်တစ်ဆင့် ပြောင်းလဲခြင်းသည်၊ "ဟိုမို" ခေါ် "လူ"အဆင့်ဖြစ်၍၊ အော့စရာလိုပီသီကပ်ထက် ပိုမိုအဆင့်မြင့်သည်ဟု ဆိုသည်။ နောက်ဆုံးတွင် "ဟိုမို ဆေပီယံ" (Homo sapiens) ခေါ်သော ခေတ်သစ်လူသားများသည်၊ ထိုတစ်ဆင့်စီ ပြောင်းလဲမှုများ၏နောက်ဆုံးအမြင့်ဆုံးတိုးတက်ပြောင်းလဲခြင်းဖြစ်သည်ဟု အီဗိုလူးရှင်းသမားများက ဆိုကြသည်။

အမှန်မှာ အော့စထရာလိုပီသီကပ်တွင်ပါဝင်သောသတ္တဝါများသည်၊ မျိုးသုဉ်းသွားပြီဖြစ်သော မျောက်ဝံအမျိုးမျိုးသာဖြစ်ပြီး၊ အီဗိုလူးရှင်းသမားများက သူတို့လိုရာသို့ဆွဲ၍လုပ်ကြံစီစဉ်ကြခြင်းသာဖြစ်ပေသည်။ ဟိုမိုဆေပီယံတွင်ပါဝင်သည့်မျိုးစုများသည်လည်း၊ ခေတ်အဆက်ဆက်တွင် နေထိုင်ခဲ့သော လူမျိုးစုမျိုးနွယ် (human races) များသာဖြစ်ကြပေသည်။

အီဗိုလူးရှင်းသမားများသည် ထိုလူမျိုးစုများ မျောက်ဝံငယ် မျောက်ဝံကြီးများကို အစီအစဉ်တစ်ခုချ၍၊ လူသားများတစ်ဆင့်စီ ဖြစ်လာသည့်အစီအစဉ်အဖြစ် ငယ်စဉ်ကြီးလိုက်စီထားကြလေသည်။ ထိုမျောက်ဝံနှင့် လူမျိုးစုတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း၊ လူသားများ၏တစ်ဆင့်ပြီးတစ်ဆင့်ပြောင်းလဲမှု အီဗိုလူးရှင်းအစီအစဉ်အဖြစ်သို့ တီထွင်စီစဉ်ကြလေသည်။ သိပ္ပံနည်းကျကျ စစ်ဆေးသောအခါ၊ ထိုအစီအစဉ်တွင်ပါဝင်သော အရိုးစုများသည်၊ အချို့မှာ မျောက်ဝံနှင့် မျောက်အစစ်များသာဖြစ်ပြီး၊ အချို့မှာ လူသားစစ်စစ်များသာဖြစ်ကြောင်းတွေ့ရှိရပေသည်။

လူသားများဖြစ်လာသော အီဗိုလူးရှင်းအစီအစဉ်၏ ပထမဆုံးအဆင့်ဖြစ်သည့် အော့ထရာလိုပီသီကတ် အဆင့်ကို ဆန်းစစ်ကြည့်ကြပါစို့။

### အော့စထရာလိုပီသီကတ် သည်မျိုးသုဉ်းသွားပြီဖြစ်သော မျောက်ဝံများဖြစ်၏
### Australopitecus: Extinct Apes

အီဗိုလူးရှင်းသမားများသည်၊ အော့စထရာလိုပီသီကပ်သည် ယနေ့ခေတ်လူသားတို့၏ ရှေးအကျဆုံးသော ဘိုးစဉ်ဘောင်ဆက်ဖြစ်သည်ဟုဆိုကြ၏။ ရှေးခေတ်က ယနေ့ခေတ်ရှိမျောက်ဝံများ၏ ဦးခေါင်းခွံပုံစံနှင့်တူသော်လည်း၊ ဦးနှောက်အခေါင်းမှာ အနည်းငယ်ပို၍ငယ်သော မျောက်ဝံတစ်မျိုးရှိခဲ့၏။ အီဗိုလူးရှင်းသမားများ၏အဆိုအရ၊ ထိုမျောက်ဝံများသည် လူသားနှင့်တူသည့် အရေးကြီးသည့်အချက်ဖြစ်သော ခြေနှစ်ချောင်းဖြင့် လမ်းလျှောက်သွားလာခဲ့ခြင်းရှိသည်ဟုဆိုကြသည်။

မျောက်ဝံနှင့်လူသားတို့၏ သွားလာလှုပ်ရှားမှုသည် လုံးဝခြားနား၏။ လူသားသည် ခြေနှစ်ချောင်းပေါ်တွင် မတ်တပ်ရပ်၍ သွားလာလှုပ်ရှားနိုင်သော တစ်မျိုးတည်းသောသတ္တဝါဖြစ်သည်။ ခြေနှစ်ချောင်းဖြင့်သွားလာလှုပ်ရှားနိုင်သောအခြားသတ္တဝါအနည်းငယ်ရှိကြသော်လည်း၊ ထိုသတ္တဝါတို့၏ အရိုးမှာ ခုံးသောပုံစံရှိကြသည်။

ထိုအော့စထရာလိုပီသီကပ်သည် ခြေနှစ်ချောင်းဖြင့် ကုန်းကွသောအနေအထားဖြင့် သွားလာလှုပ်ရှားကြသည်ဟု အီဗိုလူးရှင်းဝါဒီတို့က ဆိုကြပြန်သည်။ ထိုကဲ့သို့သောလမ်းလျှောက်ပုံ အနည်းငယ်တူသည့် အချက်တစ်ခုဖြင့်ပင်၊ ထိုမျောက်ဝံများသည် လူသားတို့ဆင်းသက်လာခဲ့သော သတ္တဝါဖြစ်သည်ဟု တစ်ထစ်ချကောက်ချက်ချကြလေသည်။

ထိုအော့စထရာလိုပီသီကပ်တို့သည် ခြေနှစ်ချောင်းပေါ်တွင်လမ်းလျှောက်သောသတ္တဝါမဟုတ်ကြောင်းကို အီဗိုလူးရှင်းသမားများ၏အပြောမှ စတင်ထွက်ပေါ်လာခြင်းဖြစ်လေသည်။ အသေးစိပ်စစ်ဆေးခြင်းဖြင့် ထိုအော့စထရာလိုပီသီကပ်ကျောက်ဖြစ်ရုပ်ကြွင်းများသည် "မျောက်ဝံ" များနှင့်သာ တူကြောင်း အီဗိုလူးရှင်းသမားများကပင် ဝန်ခံကြရပြန်သည်။ ၁၉၇၀ ခုနှစ်များတွင် ချားလ်အောက်ဇတ် (Charles E. Oxard)၏ အရိုးဆောက်တည်ပုံ သုတေသနက ထိုကျောက်ဖြစ်ရုပ်ကြွင်းများသည် ခေတ်သစ်အူရန်အူတန်မျောက်ဝံများ၏ အရိုးစုများသာဖြစ်ကြောင်း သိရပေသည်။

> လူသားများ တစ်ဆင့်စီပြောင်းလဲခဲ့သည်ဆိုသော အီဗိုလူးရှင်းအတွေးခေါ်၏ အရေးကြီးဆုံးအပိုင်းသည်၊ အော့စထရာလိုပီသီကပ်ကျောက်ဖြစ်ရုပ်ကြွင်းများ၏ သွား၊ မေးရိုးနှင့် ဦးခေါင်းခွံအပိုင်းအစများကို လေ့လာခြင်း၌ မူတည်လျက်ရှိပေသည်။ သုတေသနအဖြေအရ၊ အော့စထရာလိုပီသီကပ်သည်၊ လူသားများနှင့် နီးစပ်ခြင်းမရှိကြောင်းတွေ့ရှိရပေသည်။ ၎င်းကျောက်ဖြစ်ရုပ်ကြွင်းများသည်၊ ဂေါ်ရီလာမျောက်ဝံနှင့်လည်းကောင်း၊ ချင်ပန်ဇီမျောက်ဝံနှင့်လည်းကောင်း၊ လူသားတို့၏ အင်္ဂါအစိတ်အပိုင်းများနှင့်လည်းကောင်း ခြားနားလျက်ရှိပေသည်။ စုပေါင်းသုတေသနပြုရာတွင်၊ အော့စထရာလိုပီသီကပ်သည်၊ ခေတ်သစ်အူရန်အူတန် များနှင့်သာ တူကြောင်းတွေ့ရှိရပေသည်။"[၈]

အီဗိုလူးရှင်းဝါဒီတို့ကို စိတ်အနှောင့်အယှက်အများဆုံးပေးသည့်အချက်မှာ အော့စထရာလိုပီသီကပ်သည် ခြေနှစ်ချောင်းဖြင့်မတ်တတ်ရပ်လမ်းလျှောက်နိုင်ခြင်းမရှိဘဲ လေးဘက်တွား ကုန်း၍ သွားလာခြင်းသာဖြစ်ကြောင်းကို တွေ့ရှိရခြင်းပင်ဖြစ်ပေသည်။ အော့စထရာလိုပီသီကပ်အတွက် ခါးကုန်း၍ ခြေနှစ်ချောင်းဖြင့်လမ်းလျှောက်သည်ဟုဆိုပါက အလွန်အားသွန်ခွန်စိုက်လှုပ်ရှားရခြင်း ဖြစ်သဖြင့်၊ အဆင်ပြေခြင်းမရှိနိုင်ချေ။ ၁၉၉၆ ခုနှစ်တွင် ရှိဘင်ခရွမ်တွန် ဆိုသူက ကွန်ပြူတာဖြင့် စမ်းသပ်ခဲ့ရာ၊ အော့စထရာလိုပီသီကပ်၏ ကိုယ်ခန္ဓာတည်ဆောက်ပုံအရ၊ ထိုကဲ့သို့ခါးကုန်း၍ ခြေနှစ်ချောင်းဖြင့်လမ်းလျှောက်ခြင်းသည် လုံးဝမဖြစ်နိုင်ကြောင်း ဖေါ်ထုတ်ပြသခဲ့လေသည်။ သက်ရှိသတ္တဝါတစ်မျိုးသည်၊ မတ်တတ်သွားလာခြင်းသော်လည်းကောင်း၊ လေးဘက်တွား၍သွားလာခြင်းသော်လည်းကောင်း၊ တစ်မျိုးမျိုးသာလျှင် ဖြစ်နိုင်၏။ ထိုပုံစံနှစ်မျိုး၏ ကြားအနေအထားဖြင့် သွားလာလှုပ်ရှားခြင်းသည် အင်အားအမြောက်အမြားစိုက်ထုတ်ရခြင်းကြောင့်၊ အချိန်ကြာမြင့်စွာ သွားလာနိုင်ခြင်းမရှိနိုင်ချေ။ ထို့ကြောင့် အော့စထလိုပီသီကပ်သည်၊ ခြေနှစ်ချောင်းဖြင့်ကုန်းကွ၍ သွားလာသည်ဟု ဆိုခြင်းမှာ လုံးဝမဖြစ်နိုင်ချေ။

အော့စထရာလိုပီသီကပ်သည်၊ ခြေနှစ်ချောင်းဖြင့် ကုန်းကွ၍သွားလာခြင်းမဖြစ်နိုင်ကြောင်း ပြဆိုသည့် အရေးကြီးဆုံးတွေ့ရှိချက်မှာ ၁၉၉၄ ခုနှစ်တွင်၊ အင်္ဂလန်ပြည် လီဗာပူတက္ကသိုလ်၏ လူသားများ၏ အရိုးတည်ဆောက်ပုံနှင့် ဆဲလူလာဇီဝဗေဒဌါနမှ ပညာရှင် ဖရက်စပူးနှင့်အဖွဲ့၏သုတေသနဖြစ်ပေသည်။ သူတို့၏သုတေသနအရ၊ အော့စထရာလိုပီသီကပ်၏ နားတွင်းရှိခရုပတ်အင်္ဂါ (cochlea) သည်၊ ခြေနှစ်ချောင်းဖြင့်ကုန်းကွ၍လမ်းလျှောက်ခြင်းကို အလိုလိုခွင့်ပြုခြင်းမရှိနိုင်ကြောင်း ဖေါ်ထုတ်ခဲ့ကြသည်။ ထိုတွေ့ရှိချက်အရ၊ အော့စထရာလိုပီသီကပ်သည် လူနှင့်တူသည် ဟူသောအချက်ကို ပယ်ဖျက်လိုက်လေသည်။

## ဟိုမိုအစုသည် လူသားအစစ်များသာဖြစ်ကြ၏
## The Homo Series: Real Human Beings

လူသားများတဖြေးဖြေးပြောင်းလဲဖြစ်ပေါ်လာခဲ့သည်ဟူသော စိတ်ကူးယဉ်အီဗိုလူးရှင်းသီအိုရီ၏ နောက်ဆုံးအဆင့်သည် "ဟိုမို"ခေါ် လူသားအစုဖြစ်ပေသည်။ ထိုအစုတွင်ပါဝင်သော သက်ရှိသတ္တဝါများသည်၊ ယနေ့ခေတ်သစ်လူများနှင့်မည်သို့မျှခြားနားမှုမရှိသောလူသားများသာလျှင်ဖြစ်ကြ၏။ နေထိုင်သောဒေသတ္တရအရနှင့်လူမျိုးအရ ရုပ်ရည်ပုံပန်းသဏ္ဍာန်ကွာခြားကြခြင်းသာဖြစ်သည်။ ထိုသို့သောကွာခြားချက်များကို ပုံကြီးချဲ့၍၊ လူမျိုးအရ ကွဲပြားမှုအဖြစ်မဖော်ပြဘဲ၊ လူသားများတစ်ဆင့်စီပြောင်းလဲလာခဲ့သောမျိုးစုများအဖြစ် ဖော်ပြကြသည်။

အီဗိုလူရှင်းသီအိုရီဝါဒီတို့၏စိတ်ကူးယဉ်လူသားမျိုးစုများနှင့်ပါတ်သက်၍၊ အောက်ပါအစီအစဉ်အတိုင်း ဖော်ပြထားကြသည်။ ပထမဦးဆုံး ဟိုမိုအီရက်တပ်စ် (Homo erectus)၊ ထို့နောက် ဟိုမိုစေပီယံအာခိတ် (Homo sapien archaic)နှင့် နီယံဒါသာလ်လူ (Neanderthal Man)၊ ထို့နောက် ကရိုမဂ်နွန်လူ (Cro-Magnon Man)ဖြစ်ပြီး၊ နောက်ဆုံးတွင် ခေတ်သစ်လူသား (Modern Man) စသည်တို့ဖြစ်သည်။

အီဗိုလူးရှင်းဝါဒီတို့က အမျိုးမျိုးတင်ပြခဲ့ကြသည့် ထိုလူသား"မျိုးစု"များအားလုံးသည်၊ လူသားစစ်စစ်များသာလျှင် ဖြစ်ကြပါသည်။ ခေတ်သစ်လူသားများမဖြစ်မီ၊ အဆင့်ဆင့်ပြောင်းလဲနေဆဲလူသားလောင်းများမဟုတ်ကြပါ။ အီဗိုလူးရှင်းဝါဒီတို့က ရှေးအကျဆုံးလူသားလောင်းဖြစ်သည်ဟုဆိုသော ဟိုမိုအီရက်တပ်စ်မျိုးစုကို ပထမဆုံး ဆန်းစစ်ကြည့်ကြပါစို့။

ဟိုမိုအီရက်တပ်စ်လူသားလောင်းဟုပြထားသော ရှေးအကျဆုံး နမူနာများအနက် "တတ်ကာနာလုင်" (Turkana Boy)သည်၊ ခေတ်သစ်လူသားများကဲ့သို့သော လူသားစစ်စစ်သာဖြစ်ကြောင်းကိုပြသည့် အကောင်းဆုံးနမူနာတစ်ခုဖြစ်ပါသည်။ အရွယ်အပြည့်အဝ ကြီးထွားသောအခါ ၁.၈၃ မီတာခန့်အရပ်မြင့်မည့် ၁၂ နှစ်အရွယ်ရှိသော လုင်တစ်ယောက်ဖြစ်သည်ဟု ခန့်မှန်းကြပါသည်။ ယနေ့မျက်မှောက်ခေတ်၌ သမပိုင်းတွင်နေထိုင်သောလူမျိုးတစ်မျိုးသာဖြစ်၍ အရပ်မြင့်ပြီးပိန်ပိန်ပါးပါးပုံပန်းရှိသောလူသားတစ်ယောက်၏အရိုးစုသာလျှင်ဖြစ်ပေသည်။ လူမျိုးတစ်မျိုး၏အရိုးစုသာဖြစ်ပြီး လူသားစစ်စစ်မဖြစ်သေးသောလူသားလောင်း၏အရိုးစုမဟုတ်ပါ။ အီဗိုလူးရှင်းဝါဒီ တစ်ဦးဖြစ်သောကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ရစ်ချဒ်လီကီက ထိုဟိုမိုအီရက်တပ်စ်နမူနာနှင့်ခေတ်သစ်လူသားကို အောက်ပါအတိုင်း နှိုင်းယှဉ်ထားပါသည်။

> ဦးခေါင်းခွံတွင် ထင်ရှားသောခြားနားချက်များကိုတွေ့ရပါသည်။ မျက်နှာမှာ ထင်ထင်ရှားရှားစူထွက်လျက်ရှိပြီး၊ မျက်ခုံးမှာလည်း သာမန်ထက်ကြီးနေပါသည်။ ထိုကဲ့သို့သောပုံပန်းသဏ္ဍာန် ကွဲပြားမှုသည် လူတို့အချိန်ကြာမြင့်စွာ ပထဝီမြေပြင်အရ ဝေးလံသောအရပ်ဒေသများတွင် အချင်းချင်းမထိတွေ့ဘဲ နေထိုင်ပေါက်ဖွားကြခြင်းဖြင့် ဖြစ်ပေါ်လေ့ရှိသော ဇီဝဖွဲ့စည်းပုံကွဲပြားလာခြင်းသာ ဖြစ်ပါသည်။ ခေတ်သစ်လူသားများနှင့် သီးခြားကွဲပြားခြင်းဟု မယူဆနိုင်ပါ။"[၉]

လီကီက ဟိုမိုအီရက်တပ်စ်နှင့် ကျွန်ုပ်တို့အကြားခြားနားချက်သည် ခေတ်သစ်လူသားများအနက် အက်စကီမိုလူမျိုးနှင့် နီဂရိုးလူမျိုးများ၏ ပုံပန်းသဏ္ဍာန်ခြားနားခြင်းမျိုးထက်မပိုဟု ဆိုပါသည်။ ဟိုမိုအီရက်တပ်စ်၏ ဦးခေါင်းခွံပုံစံသည်၊ ၎င်းတို့၏ အစားအသောက်ကွဲပြားမှုကြောင့်လည်းကောင်း၊ ပထဝီမြေခြားနားဝေးကွာခြင်းကြောင့်အခြားလူမျိုးများနှင့် အချိန်ကြာမြင့်စွာ မထိတွေ့ကြခြင်းကြောင့်လည်းကောင်း၊ ကွဲပြားခြားနား ခြင်းသာဖြစ်ပေသည်။

ဟိုမိုအီရက်တပ်စ်သည်၊ ရှေးဟောင်းလူသားလောင်းမျိုးစုတစ်စု မဟုတ်ကြောင်းပြဆိုသည့် ခိုင်မာသော အခြားသာဓကတစ်ခုမှာ၊ နှစ်ပေါင်းနှစ်သောင်းခုနစ်ထောင်နှင့် တစ်သောင်းသုံးထောင်အတွင်းမျှသာ သက်တန်းရှိသော ဟိုမိုအီရက်တပ်စ် ကျောက်ဖြစ်ရုပ်ကြွင်းများကို တူးဖော်တွေ့ရှိခြင်းပင်ဖြစ်၏။ *တိုင်း(မ်)မဂ္ဂဇင်း*သည် သိပ္ပံစာစောင်မဟုတ်သော်လည်း သိပ္ပံလောကတွင် ဂယက်ရိုက်စေသောဆောင်းပါးတစ်စောင်ကို ထုတ်ဝေခဲ့လေသည်။ ၎င်းမှာ၊ ဂျာဗားကျွန်းတွင် သက်တန်းနှစ်ပေါင်းနှစ်သောင်းခုနစ်ထောင်ရှိသော ဟိုမိုအီရက်တပ်စ် ကျောက်ဖြစ်ရုပ်ကြွင်းကို တူးဖော်ရရှိကြောင်းနှင့်၊

ဩစတေးလျနိုင်ငံ "ကော"ရွှံ့ညွန်တောတွင် သက်တန်းအားဖြင့် လွန်ခဲ့သည့်နှစ်ပေါင်းတစ်သောင်း သုံးထောင်ခန့်ရှိသည့် ဟိုမိုအီရက်တပ်စ်နှင့်ဟိုမိုစေပီယံလက္ခဏာများဖြင့်ပြည့်စုံသော ကျောက်ဖြစ်ရုပ်ကြွင်းများကို တူးဖော်ရရှိကြောင်း ရေးသားထားလေသည်။ ထိုတွေ့ရှိချက်များသည်၊ ဟိုမိုအီရက်တပ်စ်နှင့် ဟိုမိုစေပီယံတို့သည်၊ လူသားစစ်စစ်များသာဖြစ်ပြီး၊ ခေတ်သစ်အထိနေထိုင်ပေါက်ဖွားခဲ့ကြသော်လည်း၊ လူ့သမိုင်းမှပျောက်ကွယ်သွားခဲ့ကြသော လူမျိုးများသာဖြစ်ကြောင်း ပြဆိုခြင်းဖြစ်ပေသည်။

## အာခိတ်ဟိုမိုစေပီယံများနှင့် နီယံဒါသလ်လူများ
## Archaic Homo Sapiens and Neanderthal Man

အီဗိုလူးရှင်းသမားများ၏စိတ်ကူးယဉ်အစီအစဉ်မှ၊ ခေတ်သစ်လူသားများဖြစ်လာမည့်နောက်ဆုံးလူသားလောင်းများသည် အာခိတ်ဟိုမိုစေပီယံများဖြစ်သည်ဟုဆိုသည်။ အီဗိုလူးရှင်းဝါဒီတို့သည်၊ ၎င်းတို့နှင့်ပါတ်သက်၍၊ များစွာချဲ့ထွင်၍ပြောဆိုရန် အထူးအကြောင်းမရှိကြချေ။ ခေတ်သစ်လူသားများနှင့် အနည်းအကျဉ်းသာကွာခြားကြခြင်းကြောင့်ဖြစ်၏။ အချို့သုတေသနပညာရှင်တို့က၊ လက်ရှိခေတ်တွင်ပင် အသက်ရှင်နေသောလူမျိုးများသာဖြစ်ကြောင်း ဩစတေးလျနိုင်ငံမှ အဘော်ရီဂျင်းလူမျိုးများကို သက်သေထူထောက်ပြကြပေသည်။ ဟိုမိုစေပီယံများကဲ့သို့ အဘော်ရီဂျင်းများ၏မျက်ခုံးများသည်စူထွက်လျက်ရှိကြသည်။ ဟန်ဂေရီနိုင်ငံနှင့် အီတလီနိုင်ငံများရှိ ရွာငယ်များတွင်လည်း ထိုကဲ့သို့သောလူမျိုးများ မကြာသေးမီအချိန်အထိ နေထိုင်ခဲ့ကြကြောင်း ထပ်မံတွေ့ရှိ၏။

အီဗိုလူးရှင်းဝါဒီတို့သည်၊ နယ်သာလင်နိုင်ငံရှိ နီယံဒါတောင်ကြားတွင် တူးဖော်ရရှိသော ကျောက်ဖြစ်ရုပ်ကြွင်းကို နီယံဒါလူဟုအမည်ပေးကြလေသည်။ ခေတ်သစ်လူသားလောင်းမျိုးစုတစ်ခုအဖြစ်၊ "ဟိုမိုစေပီယံ နီယံဒါသာလင်နစ်" (Homo sapiens neandertalenis) ဟုအမည်ပေးကြလေသည်။ ၎င်းတို့သည်၊ ထိုဒေသတွင် ခေတ်သစ်လူများနှင့်အတူတကွ နေထိုင်ခဲ့ကြသူများဖြစ်ကြသည်။ နီယံဒါသလ်များသည်၊ ၎င်းတို့၏အလောင်းများကို၊ တေးဂီတကိရိယာများနှင့်အတူမြှုပ်နှံကြ၍၊ ထိုခေတ်တွင် နေထိုင်ခဲ့ကြသော ဟိုမိုစေပီယံစေပီယံများနှင့် ယဉ်ကျေးမှုအရဆက်စပ်ကြောင်းတွေ့ရှိရ၏။ နယူးမက်ဆီကိုတက္ကသိုလ်မှ ပါမောက္ခ အီရစ်ထရင်ကော့စ်က အောက်ပါအတိုင်း ရေးသားထုတ်ဖော်ထားပေသည်။

> နီယံဒါသလ်အရိုးစုများကို အသေးစိပ်လေ့လာရာတွင်၊ သွားလာလှုပ်ရှားမှုအရလည်းကောင်း၊ ကိုင်တွယ်မှုကျင်လည်ခြင်းအရလည်းကောင်း၊ ဉာဏ်ပညာနှင့်ဘာသာစကားပြောဆိုမှုအရလည်းကောင်း၊ ခေတ်သစ်လူသားများထက် မည်သို့မျှအောက်ကျနောက်ကျခြင်းမရှိချေ။[၁၀]

အမှန်မှာ၊ နီယံဒါသလ်လူများသည်၊ ခေတ်သစ်လူများထက်ပင် ပို၍ဖွံ့ဖြိုးကြကြောင်း တွေ့ရ၏။ သူတို့၏ ဦးခေါင်းတွင်းဦးနှောက်နေရာသည် ပို၍ကြီးပြီး၊ ကိုယ်ခန္ဓာသည်လည်း ကျွန်ုပ်တို့ထက် ပို၍ကြီးထွားကြလေသည်။ "အထင်ရှားဆုံးမှာ၊ ကိုယ်ပိုင်းအရိုးနှင့် ခြေလက်အရိုးများသည်၊ အလွန်ကြီးထွားသဖြင့်၊ ခေတ်သစ်လူများမှရှားရှားပါးပါးတွေ့ရှိရသည့် ကိုယ်ခန္ဓာဆောက်တည်မှုရှိကြကြောင်းဖြစ်ပေသည်။ ယောက်ျားလူကြီးများတွင်သာမက၊ မိန်းမများ၊ လူငယ်လူရွယ်များနှင့် ခလေးများတွင်လည်း ထိုနည်းနှင်နှင် ကြီးထွားမှုရှိကြလေသည်။"ဟု ထရင်ကော့စ်ကဖြည့်စွက်ပြောဆိုပါသည်။

နီယံဒါသလ်လူများသည်၊ လူသားမျိုးနွယ်တစ်မျိုးဖြစ်၍၊ ကြာမြင့်သောအချိန်ကာလအတွင်း အခြားလူမျိုးများနှင့် ရောစပ်သွားသောလူမျိုးတစ်မျိုးသာဖြစ်သည်ဟု အတိအကျပြောနိုင်ပါသည်။

"လူသားများ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်လာခဲ့ခြင်းဟူသော အီဗိုလူးရှင်းသီအိုရီ" သည်၊ အီဗိုလူးရှင်းဝါဒီတို့၏ စိတ်ကူးယဉ်ထွင်လုံးများသာဖြစ်၍၊ လူသားများသည် အစဉ်သဖြင့်လူသားများသာဖြစ်ကြပြီး၊ မျောက်ဝံများသည်လည်း အစဉ်သဖြင့် မျောက်ဝံများသာလျှင် ဖြစ်ကြပေသည်။

## အသက်ဟူသည် အီဗိုလူးရှင်းဝါဒီများပြောသကဲ့သို့ မတော်တဆကြုံ၍ဖြစ်လာနိုင်ပါသလား?
## Can Life Result from Coincidences as Evolution Argues?

အီဗိုလူးရှင်းသီအိုရီသည်၊ အသက်ဖြစ်သော ဆဲလ်တစ်ခုသည် ကမ္ဘာဦးပထဝီမြေကြီး၏အခြေအနေများအောက်တွင် မတော်တဆ ပေါ်ပေါက်လာခဲ့သည် ဟူသောအချက်တွင် အခြေခံထားလေသည်။ အမှန်မှာ သက်ရှိဆဲလ်သည် ကျွန်ုပ်တို့ ၂၁ ရာစုနှစ်သို့ခြေလှမ်းချဝင်လာခဲ့သည့်ခေတ်တွင်ပင် အဖက်ဖက်၌အံ့ဖွယ်မဆုံးသောအရာတစ်ခုဖြစ်နေသေးသည့်အရာဖြစ်နေပါသည်။ သို့သော်လည်း သက်ရှိဆဲလ်သည် အီဗိုလူးရှင်းသီအိုရီအရ မတော်တဆပေါ်ပေါက်လာသည်ဟူသောအချက်မှာ မည်မျှယုတ္တိယုတ္တာကင်းမဲ့ကြောင်းကို ဆဲလ်တစ်ခု၏တည်ဆောက်ဖွဲ့စည်းပုံများနှင့်ပတ်သက်၍ လွယ်ကူသောဥပမာနှိုင်းယှဉ်ချက်များဖြင့်ဆန်းစစ်ကြည့်နိုင်ပါသည်။

ဆဲလ်တစ်ခုအတွင်း၌ ဖြစ်ပေါ်သော ဆက်သွယ်မှုစနစ်၊ သယ်ယူပို့ဆောင်ရေးစနစ်နှင့် စီမံခန့်ခွဲမှုစနစ်တို့သည်၊ မြို့ကြီးတစ်မြို့၏ရှုပ်ထွေးမှုနှင့်မခြားနားပေ။ ဆဲလ်ထဲတွင် ၎င်းအသုံးပြုမည့်စွမ်းအင်ကိုထုတ်လုပ်သည့်စက်ရုံများ၊ အသက်ရှင်ခြင်းအတွက်လိုအပ်သော အင်ဇိုင်းမ်နှင့်ဟိုမုန်းများ ထုတ်လုပ်သည့်စက်ရုံများ၊ ထုတ်လုပ်ရမည့်ပစ္စည်းများနှင့်ပတ်သက်သောအချက်အလက်များကို မှတ်သားစုဆောင်းထားသည့်ဘဏ်၊ ကုန်စိမ်းများနှင့် ထုတ်လုပ်ပြီးသောပစ္စည်းများအတွက် သယ်ယူပို့ဆောင်ရေးစနစ်နှင့် အလွန်ရှုပ်ထွေးသော ပြွန်လမ်းကြောင်းများ၊ ကုန်စိမ်းများကို အသုံးပြုနိုင်သည့်ပစ္စည်းအဖြစ်သို့ပြောင်းလဲပေးနိုင်သည့် ခေတ်မီဓါတုဗေဒဓါတ်ခွဲခန်းများ၊ ပစ္စည်းအဝင်အထွက် ဖြတ်သန်းသွားရာတွင် တိကျစွာစစ်ဆေးဖြတ်သန်းစေနိုင်သော အမြှေးပါး(membrane)များ စသည်တို့ အပြည့်အစုံရှိနေပေသည်။ ဤအရာများသည် ဆဲလ်အတွင်း၌ မယုံကြည်နိုင်လောက်အောင် များပြားသော အခြားရှုပ်ထွေးသည့်လုပ်ငန်းရပ်များ ပါဝင်နေသည့်စနစ်များအနက် အချို့သာ ဖြစ်ပါသေးသည်။

ယနေ့အချိန် အလွန်တရာတိုးတက်နေပြီဖြစ်သော သိပ္ပံစမ်းသပ်ခန်းများတွင်ပင် ထိုကဲ့သို့သောဆဲလ်တစ်ခုကိုပင်မထုတ်လုပ်နိုင်သေးချေ။ သဘာဝတွင်အဆင်သင့်ရှိနေပြီးသော ပရိုတင်းကိုအသုံးပြု၍၊ ပြည့်စုံသောဆဲလ်တစ်ခုကိုမဆိုထားဘိ၊ မိုက်တိုကွန်ဒြီယာ (mitochondria) သို့မဟုတ် ရီဘိုဆုံးမ် (ribosome) ကဲ့သို့သောဆဲလ်များကိုပင် မထုတ်လုပ်နိုင်ကြချေ။ ရှေးကမ္ဘာဦးအခြေအနေတွင်သူ့အလိုလိုဖြစ်ပေါ်လာရန်ကား လုံးဝမဖြစ်နိုင်ချေ။ အီဗိုလူးရှင်းသမားများက ဓါတ်ခွဲထုတ်လုပ်နိုင်ခဲ့သည်ဟုဆိုခြင်းမှာ၊ ခြူးတစ်ကောင်ကို ဖမ်းမိသည်ဟုဆိုသကဲ့သို့သော စိတ်ကူးယဉ်ထွင်လုံးသက်သက်သာဖြစ်ပါသည်။

## မတော်တဆကြုံ၍ပေါ်ပေါက်လာခြင်းကို ပရိုတင်းက စိမ်ခေါ်၏
## Proteins Challenge Coincidence

ဆဲလ်တစ်ခုကိုပြုလုပ်နိုင်ခြင်းမရှိသည်သာမဟုတ်၊ ဆဲလ်တစ်ခုဖြစ်ပေါ်လာစေရန် ၎င်းတွင်ပါဝင်ပေါင်းစပ်နေရသည့် အလွန်ရှုပ်ထွေး၍ ထောင်နှင့်ချီသောမော်လီကြူများဖြင့်ဖွဲ့ထားသောပရိုတင်းတစ်ခုကိုပင် ပြုလုပ်ဖန်တီးနိုင်ခြင်းမရှိပေ။

ပရိုတင်းသည် အရေအတွက်အရလည်းကောင်း၊ အစီအစဉ်အရလည်းကောင်း၊ အထူးစီမံမှုများဖြင့်စီထားသောအမိုင်နိုအက်စစ်များပါဝင်သည့် အလွန်ကြီးမားသောမော်လီကြူများဖြစ်သည်။ ဤမော်လီကြူများသည်၊ ဆဲလ်တစ်ခုဖြစ်လာရန်ပါဝင်ဖွဲ့စည်းတည်ဆောက်သည့် အခြေခံအစိတ်အပိုင်းများဖြစ်၏။ အရှင်းဆုံးအလွယ်ကူဆုံးပရိုတင်းတွင် အမိုင်နိုအက်စစ် ၅၀ ပါဝင်၍၊ အချို့ပရိုတင်းတွင် အမိုင်နိုအက်စစ်ပေါင်းထောင်နှင့်ချီ၍ပါဝင်သည်။ ပရိုတင်းတစ်ခုစီသည် သူ့ဖါသာသူ သီးခြားသောတာဝန်များကိုဆောင်ရွက်ရပြီး၊ ၎င်းမှအမိုင်နိုအက်စစ်တစ်ခုတစ်လေကို နှုတ်ယူလိုက်ခြင်း၊ ဖြည့်လိုက်ခြင်း၊ အစားထိုးလိုက်ခြင်း တစ်ခုခုပြုလိုက်ပါက ထိုပရိုတင်းမော်လီကြူသည် အသုံးမဝင်သောမော်လီကြူအစုကြီးတစ်ခုသာဖြစ်သွားလေသည်။ အီဗိုလူးရှင်းသီအိုရီဝါဒီတို့သည်၊ ပရိုတင်းမော်လီ

ကြူ၏ အံ့မခန်းသောတည်ဆောက်ပုံကို မတော်တဆဖြစ်ပေါ်လာသည်ဟူသောအယူအဆဖြင့် မည်သို့မျှရှင်းပြ၍မရကြတော့ဘဲ အံ့အားသင့်၍သာနေကြရတော့သည်။

ပရိုတင်းတို့သည် မည်သို့သောအကြောင်းများဖြင့်ဖြစ်စေ၊ မတော်တဆကြုံခိုက်၍ဖြစ်ပေါ်လာနိုင်ခြင်း မရှိကြောင်းကို လူတိုင်းအလွယ်တကူနားလည်သဘောပေါက်နိုင်အောင် ဖြစ်နိုင်ဖွယ်အလားအလာ တွက်ချက်မှု (probability) သင်္ချာနည်းဖြင့် ရှင်းပြနိုင်ပါသည်။

ပရိုတင်းအမျိုးအစားပေါင်း ၂၀ ခန့် ရှိ၏။ အမိုင်နိုအက်စစ် ၂၈၈ ပါဝင်သော အလယ်အလတ်အရွယ်ပရိုတင်းတစ်ခုတွင်၊ ထိုအမိုင်နိုအက်စစ်များတစ်ခုနှင့်တစ်ခု ဆက်နွယ်နိုင်သည့်နည်းပေါင်း $၁၀^{၂၀၀}$ ရှိမည်။ ထိုနည်းပေါင်း $၁၀^{၂၀၀}$ ဖြင့်ဆက်နွယ်ထားသောမော်လီကြူများအနက် 'တစ်ခု'သာလျှင် လိုအပ်သည့်ပရိုတင်းမော်လီကြူဖြစ်သည်။ ကျန်သည့်မော်လီကြူများသည်၊ လုံးဝအသုံးမဝင်သောမော်လီကြူအစုများသော်လည်းကောင်း၊ အသက်ရှင်ခြင်းအတွက် အန္တရာယ်ဖြစ်စေသောမော်လီကြူများသော်လည်းကောင်း ဖြစ်ပေသည်။ ၁ ဂဏာန်း၏နောက်တွင် သုညပေါင်း ၃၀၀ ပါသည့် ကိန်းဂဏာန်းသည် ဧရာမအလွန်ကြီးမားသောကိန်းဂဏာန်းဖြစ်၏။ သင်္ချာဘာသာရပ်တွင်အခွင့်အရေးပေါင်း "$၁၀^{၂၀၀}$" တွင် အခွင့်အရေး "၁"သာရှိခြင်းကို "သုည" အခွင့်အရေးဟုခေါ်သည်။ ဆိုလိုရင်းမှာ ထိုအမိုင်နိုအက်စစ်များအချင်းချင်း ဆက်နွယ်သဖြင့် အသက်အတွက် လိုအပ်သည့်ပရိုတင်းမော်လီကြူတစ်ခု ဖြစ်လာရန်နည်းပေါင်း $၁၀^{၂၀၀}$ အနက် တစ်နည်းဖြင့် ဆက်နွယ်သောမော်လီကြူသာလျှင် လိုအပ်သည့်ပရိုတင်းမော်လီကြူဖြစ်လာသည့်အခွင့်အရေးသည် မတော်တဆကြုံ၍ဖြစ်လာနိုင်ခြင်းမရှိဟု ဆိုလို၏။ ထို့ကြောင့် ကမ္ဘာဦးကာလတွင် ပရိုတင်းမော်လီကြူတစ်ခုသည်၊ မတော်တဆဖြစ်လာခဲ့ရန်အကြောင်းလုံးဝမရှိချေ။ အချို့ပရိုတင်းမော်လီကြူမှာ အမိုင်နိုအက်စစ်ပေါင်း ထောင်နှင့်ချီ၍ပါဝင်နေသည်။ ထိုသို့သောပရိုတင်းမော်လီကြူသည် မတော်တဆဖြစ်လာမည့် အခွင့်အရေးအတွက် "မဖြစ်နိုင်"ဟူသောစကားသည်ပင် မလုံလောက်တော့ပေ။

ပရိုတင်းမော်လီကြူတစ်ခုပင် မတော်တဆကြုံ၍ဖြစ်လာမည့်အခွင့်အရေးမရှိပါက လူသားဖြစ်လာမည့် ဆဲလ်တစ်ခု မတော်တဆဖြစ်လာမည့်အခွင့်အရေးသည်လည်း လုံးဝမရှိနိုင်တော့ချေ။ ထို့ထက်မက၊ ဆဲလ်တစ်ခုသည် ပရိုတင်းမော်လီကြူများစုပုံနေသည့် အရာတစ်ခုသာမဟုတ်ပါ။ ဆဲလ်တစ်ခုတွင် နျူးကလီယိတ်အက်စစ်၊ ကာဘိုဟိုက်ဒြိတ်၊ လီပစ်၊ ဗီတာမင်များအပြင်၊ အီလက်ထရိုလိုက်စသည့်အခြားဓါတ်အမြောက်အမြားလည်းပါဝင်၍၊ စနစ်တကျ စီစဉ်စီရီထားခြင်းရှိနေသေးသည်။ ထိုအစီအစဉ်သည်လည်း ပုံစံအရသာမဟုတ်ဘဲ၊ ဆောင်ရွက်ရမည့်လုပ်ငန်းဆောင်တာဝန်အရလည်း သင့်တော်သောအစီအစဉ်ဖြစ်ပေသည်။ ကိုယ်ခန္ဓာအတွင်းရှိ အင်္ဂါအစိတ်အပိုင်းအသီးသီးအတွက် ဆဲလ်တစ်မျိုးနှင့်တစ်မျိုးသည် လုပ်ငန်းဆောင်တာ မတူညီကြပေ။ ထို့ကြောင့် ဆဲလ်တစ်မျိုး၏ပုံစံသာမဟုတ် လုပ်ငန်းဆောင်ရွက်မှုအတွက်လည်း သင့်လျော်သည့်အစီအစဉ်သီးခြားစီရှိ၏။

အီဗိုလူးရှင်းဝါဒီတို့သည်၊ ဆဲလ်တစ်ခုဖြစ်ပေါ်လာခြင်းကို ရှင်းပြနိုင်ရန်ကား ဝေးလေစွ၊ ပရိုတင်းမော်လီကြူတစ်ခု ဖြစ်ပေါ်လာခြင်းကိုပင် မရှင်းပြနိုင်ကြချေ။

တူရကီနိုင်ငံမှ ကျော်ကြားသော အီဗိုလူးရှင်းပညာရှင်များအနက် တစ်ဦးဖြစ်သည့် ပါမောက္ခ အလီဒီမိရ်ဆွယ်က၊ အသက်အတွက် အရေးပါသော အင်ဇိုင်းမ်တစ်ခုဖြစ်သည့် စိုင်တိုကရုမ်း–စီ (Cytochrome-C) နှင့်ပါတ်သက်၍ သူ၏ *Kalitim ve Evrim* (Inheritance and Evolution) ဟူသောစာအုပ်တွင် ဆွေးနွေးထားသည်။

> Cytochrome-C ဖြစ်ပေါ်လာနိုင်သည့်အခွင့်အရေးသည် 'သုည'အခွင့်အရေးဖြစ်ပေသည်။ အသက်ရှိခြင်းသည် အစီအစဉ်တစ်ခုခု လိုအပ်ပါက၊ စကြာဝဠာတစ်ခုလုံးဖြစ်ပေါ်လာသည့်အချိန်ကာလတစ်ခုလုံးတွင် တစ်ကြိမ်သာလျှင်ဖြစ်နိုင်သည်ဟုဆိုရပေမည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့ဖော်ပြနိုင်စွမ်းမရှိသည့် အခြားသဘာဝလွန်အင်အားများဝင်ရောက်ပါဝင်နေခြင်းသာဖြစ်ရပေမည်။ ဤအဆိုကိုလက်ခံရန်ကား သိပ္ပံပညာ၏ပန်းတိုင်မဟုတ်ပါ။ ထို့ကြောင့်ပထမအဆိုကိုသာလက်ခံကြရပါမည်။[၁၁]

အလီဒီမိရ်ဆွယ်က ပထမအဆိုသည် “ပိုမို၍သိပ္ပံနည်းကျသဖြင့်ထိုအဆိုကိုလက်ခံရသည်”ဟုဆိုပြီးနောက် ဖြစ်နိုင်သည့်အလားအလာမရှိကြောင်းကို အောက်ပါအတိုင်း ဆက်လက်ရှင်းပြထားလေသည်။

> Cytochrome-C သည်မတော်တဆဖြစ်ပေါ်လာနိုင်ခြင်းမှာ၊ မျောက်တစ်ကောင်သည် လက်နှိပ်စက် တစ်လုံး၏စာလုံးခလုတ်များကို အရမ်းရှောက်နှိပ်ခြင်းဖြင့်၊ လူသားတို့၏သမိုင်းစဉ်ကိုရေးသားခြင်းဟူသည် မဖြစ်နိုင်သကဲ့သို့သာဖြစ်၏။[၁၂]

သက်ရှိပစ္စည်းများတွင်ပါဝင်သည့် ပရိုတင်းအတွက်၊ အစီအစဉ်တကျဖြစ်သော အမိုင်နိုအက်စစ်ဖြင့်သာလျှင် ပြီးပြည့်စုံသည်မဟုတ်ချေ။ ပရိုတင်းတွင်ပါဝင်သော အမိုင်နိုအက်စစ် တစ်ခုချင်းသည်လည်း လက်ဝဲရစ်ဖြစ်သောအမိုင်နိုအက်စစ်များသာလျှင်ဖြစ်ရမည်။ ဓါတုဗေဒအရ အမိုင်နိုအက်စစ်သည် “လက်ဝဲရစ်”နှင့် “လက်ျာရစ်”ဟူ၍နှစ်မျိုးရှိ၏။ ၎င်းတို့၏သုံးဖက်မြင်(Three Dimension) ပုံစံ၏ ကြေးမုံအရိပ်အတိုင်းဖြစ်သည်။ လူတစ်ယောက်၏ လက်ဝဲလက်နှင့်လက်ျာလက်တို့နှင့်တူပေသည်။ သဘာဝအလျောက် အမိုင်နိုအက်စစ်များ၏လက်ဝဲနှင့်လက်ျာပုံစံများသည် အရေအတွက်အားဖြင့် တူညီစွာရှိကြပြီး၊ တစ်ခုနှင့်တစ်ခုသည်လည်း၊ လွယ်ကူစွာ တွဲနိုင်ကြပေသည်။ သို့သော်လည်း သုတေသနပြုရာတွင်၊ အလွန်ထူးဆန်းသော အချင်းအရာတစ်ခုကိုတွေ့ရှိရပေသည်။ သတ္တဝါများအပါအဝင် သက်ရှိအရာအားလုံးတို့၏ပရိုတင်းများသည် လက်ဝဲရစ်အမိုင်နိုအက်စစ်များဖြင့်သာ ပြုလုပ်ထားသည်ကိုတွေ့ရှိရပေသည်။ ပရိုတင်းမော်လီကြူတစ်ခုတွင်၊ လက်ျာရစ်အမိုင်နိုအက်စစ်တစ်ခုတစ်လေလောက် ပါဝင်ပါက၊ ထိုမော်လီကြူသည် အသက်ရှင်ခြင်းအတွက် အသုံးမဝင်တော့ချေ။

အီဗိုလူးရှင်းသီအိုရီဝါဒီတို့၏အဆိုအတိုင်း၊ အသက်ရှင်ခြင်းသည် မတော်တဆကြုံ၍ဖြစ်ပေါ်လာခဲ့သည်ဟု ခေတ္တယူဆကြပါစို့။ သဘာဝအလျောက် လက်ဝဲရစ်နှင့်လက်ျာရစ်အမိုနိုအက်စစ်များသည်လည်း အရေအတွက်အားဖြင့် တူညီစွာရှိနေကြမည်သာဖြစ်၏။ အသက်ရှင်ခြင်းအတွက် ပရိုတင်းများသည် လက်ဝဲရစ်အမိုင်နိုအက်စစ်များကိုသာရွေးချယ်ယူပြီး၊ လက်ျာရစ်အမိုင်နိုအက်စစ်တစ်ခုတစ်လေကိုမျှ ရွေးချယ်ကောက်ယူခြင်းမပြုသည်မှာ အဘယ်နည်းဖြင့်အဘယ့်ကြောင့်ထိုသို့ဖြစ်နိုင်သည်ကို အီဗိုလူးရှင်းသမားများအတွက် အံ့မခန်းသောအဖြစ်သာမက အဖြေရှာ၍မရနိုင်သောပဟေဠိကြီးတစ်ခုဖြစ်နေပေတော့သည်။ အီဗိုလူးရှင်းသီအိုရီကို အလွန်စိတ်အားထက်သန်စွာ ကာကွယ်လေ့ရှိသော ပညာရှင်များက၊ *ဗြိတာနိကာသိပ္ပံစွယ်စုံကျမ်း*တွင် ကမ္ဘာပေါ်ရှိ သက်ရှိပစ္စည်းအားလုံးနှင့် ပရိုတင်းကဲ့သို့သော တည်ဆောက်ပုံအလွန်ရှုပ်ထွေးသော ပိုလိုင်းမာ (polyma) တို့တွင်ပါရှိသောအမိုင်နိုအက်စစ်များသည် လက်ဝဲရစ်ပုံစံများသာဖြစ်ကြောင်းရေးသားဖော်ပြကြသည်။ ယင်းသည်ကား ဒင်္ဂါးတစ်ခုကို အကြိမ်ပေါင်းတစ်သန်းခေါင်းပန်းမြှောက်ရာတွင် အကြိမ်တစ်သန်းလုံး ခေါင်းချည်းကျသကဲ့သို့ဖြစ်သည်ဟုဖြည့်စွက်ရေးသားကြသည်။ ၎င်းစွယ်စုံကျမ်းတွင်ပင်၊ မော်လီကြူများသည်၊ အဘယ့်ကြောင့် အစဉ်တစိုက် လက်ဝဲရစ်ချည်း သို့မဟုတ် လက်ျာရစ်ချည်းသာလျှင်ဖြစ်ကြပြီး၊ ယင်းအချင်းအရာသည်လည်း အဘယ့်ကြောင့် ကမ္ဘာပေါ်တွင်အသက်ရှင်ခြင်းနှင့်ဆက်စပ်လျက်ရှိနေသည်မှာ၊ နားလည်သဘောပေါက်ရန် မဖြစ်နိုင်သော အချင်းအရာဖြစ်သည်ဟုထပ်မံဖော်ပြထားကြ၏။[၁၃]

အမိုင်နိုအက်စစ်များကို သင့်တော်လျောက်ပတ်သည့်အရေအတွက်၊ အစီအစဉ်နှင့် သုံးဖက်မြင်ပုံစံအတိုင်း စီစဉ်ထားရုံဖြင့်မပြီးသေးချေ။ အမိုင်နိုအက်စစ်များသည်၊ အချင်းချင်းဆက်စပ်ချည်နှောင်ကြရာတွင် လက်ပေါင်းအမြောက်အမြားဖြင့် ဆက်စပ်ချည်နှောင်နိုင်ကြသည်။ ၎င်းတို့အနက် လက်တစ်ချောင်းတည်းဖြင့်ချည်နှောင်ဆက်စပ်ထားသောအမိုင်နိုအက်စစ်ကို ‘ပက်တိုက်ဘွန်း’ "peptide bond" ဟုခေါ်၏။ ပရိုတင်းဖြစ်ပေါ်ရန်အတွက် ထို‘ပက်တိုက်ဘွန်း’ခေါ် လက်တစ်ချောင်းတည်းဖြင့်ဆက်စပ်ချည်နှောင်ထားသောအမိုင်နိုအက်စစ်များသာလျှင်ပါဝင်ကြသည်။

အမိုင်နိုအက်စစ်များသည်၊ အချင်းချင်းပုံစံအမျိုးမျိုး နည်းအမျိုးမျိုးဖြင့် ဆက်စပ်ချည်နှောင်ကြသော်လည်း၊ ၅၀% သာလျှင် ပက်တိုက်ဘွန်း နည်းဖြင့်ချည်နှောင်ကြကြောင်းသုတေသနအရတွေ့ရှိရလေ

သည်။ အခြားနည်းပုံစံများဖြင့်ချည်နှောင်ထားသောအမိုင်နိုအက်စစ်များကို ပရိုတင်းတွင်မတွေ့ရှိရချေ။ လက်ဝဲရစ်ဖြစ်သောအမိုင်နိုအက်စစ်များအနက်၊ ပက်တိုက်ဘွန်းအရသာလျှင် ချည်နှောင်ထားသောအမိုင်နိုအက်စစ်များကိုသာ ရွေးချယ်စေမည့်ယန္တရားလည်းမရှိပေ။ ပျမ်းမျှအားဖြင့် အမိုင်နိုအက်စစ် အမျိုးပေါင်း ၅၀၀ ပါဝင်သော ပရိုတင်းမော်လီကျူတစ်ခုသည်၊ လက်ဝဲရစ်အမိုင်နိုအက်စစ်များကိုသာ ရွေးချယ်ခြင်းနှင့် ၎င်းတို့အနက် ပက်တိုက်ပုံစံဖြင့်သာ ချည်နှောင်ထားသော အမိုင်နိုအက်စစ်ကိုသာရွေးချယ်၍ သင့်လျော်သော အစီအစဉ်အတိုင်း ဖြစ်ပေါ်လာနိုင်သည့်အလားအလာကို သင်္ချာနည်းအရ အောက်ပါအတိုင်းပြနိုင်ပါသည်။

– သင့်လျော်သောအစီအစဉ်အတိုင်းဖြစ်မည့်အလားအလာ = ၁/၂၀$^{၅၀၀}$ = ၁/၁၀$^{၆၅၀}$
– လက်ဝဲရစ်များသာဖြစ်နိုင်သည့်အလားအလာ = ၁/၂$^{၅၀၀}$ = ၁/၁၀$^{၁၅၀}$
– ပက်တိုက်ပုံစံနှင့်သာ ချည်နှောင်နိုင်သည့် အလားအလာ = ၁/၂$^{၄၉၉}$ = ၁/၁၀$^{၁၅၀}$

စုစုပေါင်းဖြစ်နိုင်သည့်အလားအလာ = ၁/၁၀$^{၉၅၀}$။ ဆိုလိုရင်းမှာ **အခွင့်အရေးပေါင်း "၁၀$^{၉၅၀}$" ကြိမ်တွင်** "၁" ကြိမ်သာဖြစ်နိုင်၏။

အထက်ပါသင်္ချာနည်းတွက်ချက်မှုအရ၊ အမိုင်နိုအက်စစ်ပေါင်း ၅၀၀ ပါဝင်သည့်ပရိုတင်းမော်လီကျူတစ်ခု မတော်တဆအလိုလိုကြုံ၍ဖြစ်လာနိုင်သည့်အလားအလာသည်၊ "၁"ဂဏန်း၏နောက်ပိုင်းတွင် သုညပေါင်း ၉၅၀ ပါဝင်သည့်အကြိမ်ပေါင်း အနက် "၁" ကြိမ်သာလျှင်ဖြစ်နိုင်လေသည်။ ထိုကဲ့သို့သော ကိန်းဂဏန်းမှာ လူသားတို့၏ဦးနှောက်ဖြင့် တွေးတော၍မရနိုင်သော ကိန်းဂဏန်းဖြစ်ပေသည်။ သင်္ချာဘာသာရပ်တွင်၊ ၁၀$^{၅၀}$ ပိုင်း၏ ၁ ပိုင်း ဟူသောကိန်းဂဏန်းကို၊ "၀" သုည ဟု ခေါ်ဝေါ်ကြရသည်။

အမိုင်နိုအက်စစ်ပေါင်း ငါးရာပါဝင်သည့် ပရိုတင်းမော်လီကျူတစ်လုံး အလိုလိုမတော်တဆကြုံ၍ ဖြစ်ပေါ်လာနိုင်ခြင်းမရှိသည့် "မဖြစ်နိုင်ခြင်း"ကိုဆွေးနွေးခဲ့ကြပြီ။ ယခုတဖန် ထိုထက်အဆင့်မြင့်သော မဖြစ်နိုင်ခြင်းကို ဆက်လက်၍ဆွေးနွေးကြပါစို့။ သွေးနီဥတွင်ပါဝင်သော အလွန်အရေးကြီးသည့် ဗီတာမင်ပရိုတင်းဖြစ်သော "ဟီမိုဂလိုဘင်" တွင် အမိုင်နိုအက်စစ်ပေါင်း ၅၇၄ မျိုးပါဝင်၏။ လူတစ်ယောက်၏ ကိုယ်ခန္ဓာအတွင်းသွေးနီဥပေါင်း သန်းပေါင်းထောင်နှင့်ချီ၍ရှိရာ၊ သွေးနီဥတစ်ခုတွင် ဟီမိုဂလိုဘင်မော်လီကျူပေါင်း "၂၈၀,၀၀၀,၀၀၀"(သန်းပေါင်း ၂၈၀)ရှိ၏။ သိပ္ပံပညာရှင်များတွက်ချက်ထားသော ကမ္ဘာမြေကြီး၏သက်တန်းအရ ထိုသက်တန်းနှစ်ပေါင်းသည်၊ ပရိုတင်းတစ်ခု ဖြစ်ပေါ်စေရန်ပင်မလုံလောက်ဘဲဖြစ်နေပါသည်။ သို့ဖြစ်လျှင် သွေးနီဥတစ်လုံးဖြစ်ပေါ်လာနိုင်ရန် ဖြစ်နိုင်ပါမည်လော။ ဤမျှသော သိပ္ပံနည်းကျကျသက်သေများ ရှိနေလျက်နှင့်၊ အသက်ရှိသော လူသားသည် အလိုအလျောက်မတော်တဆကြုံ၍ ဖြစ်ပေါ်လာသည်ဟူသော အီဗိုလူးရှင်းအတွေးအခေါ်သည်၊ ကမ်းကုန်အောင် အသိတရားကင်းမဲ့ခြင်းသာလျှင် ဖြစ်ချေတော့၏။

အလယ်အလတ်အရွယ်ရှိသည့် ပရိုတင်းမော်လီကြူးတွင်ပါဝင်သော အမိုင်နိုအက်စစ်ငါးရာကို အချိုးအစားကျကျစီစဉ်ထားခြင်းအပြင်၊ ထိုအမိုင်နိုအက်စစ်များသည် လက်ဝဲရစ်များသာဖြစ်ပြီး ပက်တိုက်ဘွန်အရသာဆက်နွယ်နိုင်သည့် ဖြစ်နိုင်သောအလားအလာသည် အခွင့်အလမ်းပေါင်း ၁၀ကိုအကြိမ်ပေါင်း ၉၅၀ ဆက်၍မြှောက်သောကိန်းဂဏာန်း၏ တစ်ကြိမ်သာလျှင်ဖြစ်နိုင်လေသည်။ ထိုကိန်းဂဏာန်းကို အောက်ပါအတိုင်း ရေးသားနိုင်ပါသည်။

$10^{950}$ =

100,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,000,
000,000,000,000,000,000,000,000,000,000,000,000,000

**ဆွေစဉ်မျိုးဆက် အသက်ရှင်ခြင်း၏ အဖြေကိုရှာခြင်း**
**Looking for Answers to the Generation of Life**

အသက်ရှင်ခြင်းဖြစ်ပေါ်လာခြင်းသည်၊ အလိုအလျောက်မတော်တဆကြုံ၍ဖြစ်ပေါ်လာနိုင်ခြင်းကို ဖြစ်နိုင်သောအလားအလာနည်းဖြင့်ချေဖျက်ထားချက်ကို ကျေနပ်လောက်အောင် ရှင်းပြနိုင်စွမ်းမရှိကြသဖြင့်၊ အီဗိုလူးရှင်းဝါဒီတို့သည် သက်သေထူနိုင်မည့်နည်းကို ဓါတ်ခွဲခန်းစမ်းသပ်ချက်များဖြင့် ရှာဖွေကြတော့သည်။

သက်မဲ့ဒြပ်ပစ္စည်းများမှ သူ့အလိုလိုမည်သို့အသက်ဖြစ်ပေါ်လာနိုင်သည် ဆိုခြင်းကို၊ ဓါတ်ခွဲခန်းစမ်းသပ်ချက်အမျိုးမျိုးတီထွင်ကြလေသည်။ အကျော်ကြားဆုံးစမ်းသပ်ချက်မှာ၊ "မီလာ စမ်းသပ်ချက်" "Miller Experiment" သို့မဟုတ် "ဥရေ–မီလာ စမ်းသပ်ချက်" "Urey-Miller Experiment"ခေါ် အမေရိကန်လူမျိုး စတင်လေမီလာ ဆိုသူက ၁၉၅၃ ခုနှစ်တွင် ပြုလုပ်သော စမ်းသပ်ချက်ဖြစ်သည်။

အမိုင်နိုအက်စစ်သည် မတော်တဆဖြစ်ပေါ်လာနိုင်သည်ဟု သက်သေထူနိုင်ရန်အတွက်၊ မီလာသည် ကမ္ဘာဦးကာလတွင်ရှိနိုင်သည့်ပတ်ဝန်းကျင်လေထုအခြေအနေကို ဓါတ်ခွဲခန်း၌ဖန်တီးလေသည်။ (နောင်တွင် ထိုစမ်းသပ်ချက်သည် မဖြစ်နိုင်သော စမ်းသပ်ချက်ဖြစ်ကြောင်းတွေ့ရှိရပြန်သည်။) သူ ဖန်တီးသော ကမ္ဘာဦးပတ်ဝန်းကျင်လေထုတွင်၊ အမိုနီယား၊ မီသိန်း၊ ဟိုက်ဒြိုဂျင်ဓါတ်ငွေ့များနှင့် ရေ ငွေ့ပါဝင်လေသည်။

ယင်းဓါတ်ငွေ့များသည်၊ သဘာဝရိုးရိုးအခြေအနေတွင် အချင်းချင်းဓါတ်ပြုခြင်းမရှိနိုင်ကြောင်း မီလာက ကောင်းစွာသိထား၏။ ကမ္ဘာဦးကာလတွင်၊ ထိုကဲ့သို့သော ဓါတ်ငွေ့များဖြင့်ပြည့်နေပြီး၊ ထိုလေထုတွင်လျှပ်စီးလက်ခြင်းများပေါ်ပေါက်ခဲ့လိမ့်မည်ဟု မီလာက ယူဆလေသည်။ ထို့ကြောင့်

ဓါတ်ခွဲခန်းအတွင်း ဖန်ပြွန်အတွင်းဖန်တီးထားသော ထိုကမ္ဘာဦးလေထုတွင် လျှပ်စစ်ဓါတ်အားလွှတ်၍ မီးပွင့်စေလေသည်။ ထိုပြွန်တွင် လျှပ်စစ်ဓါတ်အားလွှတ်၍မီးပွင့်စေခြင်းမပြုမီ တနင်္ဂနွေတစ်ပါတ်ခန့် ဓါတ်ငွေ့ကို ၁၀၀ $^{o}$C အထိအပူပေးထားလေသည်။ ထိုနောက် လျှပ်စစ်ဓါတ်လွှတ်၍ မီးပွင့်စေကာ ပြွန်အတွင်းရှိဓါတ်ငွေ့များကို ထပ်မံစစ်ဆေးသောအခါ၊ ပရိုတင်းတွင်ပါဝင်သော အခြေခံအမိုင်နိုအက်စစ်အမျိုးပေါင်း ၂၀ မှ ၃ မျိုးဖြစ်ပေါ်နေသည်ကို တွေ့ရလေသည်။

ထိုစမ်းသပ်ချက်သည်၊ အီဗိုလူးရှင်းသမားများအတွက် အလွန်ကြီးကျယ်သော အောင်မြင်မှုအဖြစ်ဝိုင်းဝန်းသြဘာပေးကြရင်း ထပ်မံအားပေးကူညီကြလေသည်။ ယင်းစမ်းသပ်ချက်သည် ၎င်းတို့၏ အီဗိုလူးရှင်းသီအိုရီမှန်ကန်ကြောင်းကို သက်သေထူသည့် စမ်းသပ်ချက်ဖြစ်သည်ဟုယူဆကြသဖြင့်၊ တစ်ဆင့်တက်၍ထပ်မံကောက်ချက်ချကြလေသည်။ မီလာအနေနှင့် အမိုင်နိုအက်စစ်သည် ကမ္ဘာဦးကာလတွင် သူ့အလိုလိုဖြစ်ပေါ်လာနိုင်သည်ဟု သက်သေထူခဲ့လေပြီ။ ထို့ကြောင့် အမိုင်နိုအက်စစ်တို့သည် ပရိုတင်းမော်လီကြူတွင်ပါဝင်နိုင်သောအစီအစဉ်အတိုင်း သူ့အလိုလိုစီရီနိုင်လိမ့်မည်ဟု ထပ်မံတစ်ဆင့်တက်၍ကောက်ချက်ချကြပြန်လေသည်။ ထိုပရိုတင်းမော်လီကြူများသည်လည်း အခါအားလျော်စွာ မတော်တဆပေါင်းစပ်လာကြပြီး ကမ္ဘာဦးဆဲလ်တစ်ခု ဖြစ်ပေါ်လာခဲ့မည်ဟုဆိုကြသည်။ ထိုဆဲလ်များသည်လည်း တဆင့်ထပ်မံပေါင်းစပ်လာကြပြီး၊ နောက်ဆုံးတွင်သက်ရှိပစ္စည်းတစ်ခု ဖြစ်ပေါ်ခဲ့သည်ဟု ကောက်ချက်ချကြလေသည်။ အဓိကမှာ မီလာ၏စမ်းသပ်ချက်ပင်ဖြစ်လေသည်။

သို့သော်လည်း မီလာ၏ စမ်းသပ်ချက်မှာ၊ လူအများကို အယုံသွင်းသည့်စမ်းသပ်ချက်သာဖြစ်ပြီး ကမ္ဘာဦးကာလတွင် ထိုကဲ့သို့သောအဖြစ်အပျက်မရှိနိုင်ကြောင်း အဖက်ဖက်မှ သက်သေပြခဲ့ကြလေပြီ။

## မီလာ၏စမ်းသပ်ချက် မှားယွင်းခြင်း
## The Invalidity of Miller's Experiment

မီလာက ထိုစမ်းသပ်ချက်ပြုလုပ်ခဲ့သည်မှာ ရာစုနှစ် ထက်ဝက်ခန့်ရှိခဲ့လေပြီ။ အဖက်ဖက်မှ သုံးသပ်ခြင်းဖြင့် ထိုစမ်းသပ်ချက်သည် အဖြစ်မှန်ကိုဖေါ်ပြသည့်စမ်းသပ်ချက်မဟုတ်ကြောင်း ထင်ရှားသော်လည်း၊ အီဗိုလူးရှင်းသမားများသည် အသက်ရှင်ခြင်းသည် အလိုလိုဖြစ်ပေါ်လာနိုင်ကြောင်းအခိုင်မာဆုံးသောသက်သေဖြစ်သည်ဟု မှတ်ယူကြ၏။ မီလာ၏စမ်းသပ်ချက်ကို ဘက်မလိုက်ဘဲ လိုရင်းကိုသာ တိုက်ရိုက်သုံးသပ်မည်ဆိုပါက၊ အီဗိုလူးရှင်းသမားများက ကျွန်ုပ်တို့ကိုအယုံသွင်းရန်ကိစ္စမှာ အခြေမလှဘဲဖြစ်နေပါသည်။ မီလာက ကမ္ဘာဦးအခြေအနေတွင် အမိုင်နိုအက်စစ်သည် အလိုလိုဖြစ်ပေါ်နိုင်သည်ဟု ယူဆပြီး ထိုအခြေအနေကို ဓါတ်ခွဲခန်းတွင် ဖန်တီး၍၊ အမိုင်နိုအက်စစ်အချို့ကို ထုတ်လုပ်ခဲ့လေသည်။ သို့သော်လည်း သူ၏စမ်းသပ်ချက်သည်၊ အဖြစ်မှန်နှင့်တခြားစီဖြစ်နေပေသည်။

- မီလာသည်၊ ဖန်ပြွန်အတွင်းဖြစ်ပေါ်လာသော အမိုင်နိုအက်စစ်ကို 'အဖေမ်းချုပ်နည်း' "cold trap" ဟုခေါ်သော နည်းဖြင့်ခွဲထုတ်ခဲ့သည်။ သို့မဟုတ်ပါက၊ ထိုအမိုင်နိုအက်စစ်တို့သည်၊ ယင်းပတ်ဝန်းကျင်အခြေအနေတွင် ဆက်လက်တည်ရှိနိုင်စွမ်းမရှိဘဲ၊ ချက်ချင်းပျက်စီးသွားမည် သာဖြစ်၏။

  ကမ္ဘာဦးကာလတွင်၊ ထိုကဲ့သို့ဖြစ်ပေါ်လာသောအမိုင်နိုအက်စစ်များကို၊ မီလာပြုလုပ်သကဲ့သို့သော ပတ်ဝန်းကျင်အခြေအနေရှိနေသောကြောင့် မပျက်စီးသွားအောင်ချက်ချင်းခွဲထုတ် ထိန်းသိမ်းလိုက်မည့် အခြားကိရိယာယန္တရားနှင့် အသိတရားရှိသူ လိုအပ်လိမ့်မည်မှာ အမှန်ပင်ဖြစ်၏။ ကမ္ဘာဦးပတ်ဝန်းကျင်လေထုအခြေအနေတွင်၊ ခရမ်းလွန်ရောင်ခြည်အစဉ်တစိုက် ပစ်လွှတ်ခြင်း၊ လျှပ်ပြက်မိုးချုန်းခြင်း၊ အခြားဓါတ်ငွေ့များလွင့်စင်ပြည့်နက်နေခြင်း၊ အောက်စီဂျင်ဓါတ်အလွန်အမင်းပါဝင်နေခြင်း စသည်တို့နှင့်ပြည့်နက်လျက်ရှိနေပေသည်။ အသိဉာဏ်နှင့်ပြည့်စုံသူတစ်ဦးဦးက၊ သင့်တော်သည့်ကိရိယာဖြင့်ဖမ်းယူထိန်းသိမ်းထားခြင်းမရှိပါက၊ ဖြစ်ပေါ်လာသော အမိုင်နိုအက်စစ်တို့သည်လည်း၊ ချက်ချင်းပျက်စီးသွားကြမည်သာဖြစ်၏။ ထို့ကြောင့်၊ မီလာယူ

ဆသကဲ့သို့ ထိုအမိုင်နိုအက်စစ်များသည်၊ အချင်းချင်းဆက်နွယ်ကြရင်း ပရိုတင်းမော်လီကြူများတွင် အစီအစဉ်တကျပါဝင်ကာ သက်ရှိဆဲလ်ဖြစ်ပေါ်လာလိမ့်မည်ဆိုခြင်းမှာ အဓိပ္ပါယ်ကင်းမဲ့လျက်ရှိ၏။

- မီလာဖန်တီးသော ကမ္ဘာဦးလေထုအခြေအနေသည်လည်း၊ အဓိပ္ပါယ်ကင်းမဲ့လျက်ရှိ၏။ ကမ္ဘာဦးကာလ လေထုတွင်၊ နိုက်တြိုဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုက် တို့လည်းပြည့်နက်ပါဝင်လျက်ရှိနေမည်မှာ အမှန်ပင်။ သို့သော်လည်း မီလာက ထိုဓါတ်ငွေ့များကို ဂရုမစိုက်ဘဲ၊ အမိုနီယားဓါတ်ငွေ့နှင့် မီသိန်းဓါတ်ငွေ့တို့ကိုသာအသုံးပြုခဲ့လေသည်။

အဘယ့်ကြောင့်နည်း? အဘယ့်ကြောင့် အီဗိုလူးရှင်းဝါဒီတို့က ကမ္ဘာဦးကာလလေထုတွင်၊ မီသိန်း ($CH_4$), အမိုနီယား($NH_3$), ရေငွေ့ ($H_2O$) စသည်တို့နှင့်သာ ပြည့်နေသည်ဟု အတင်းယူဆကြသနည်း? အဓိပ္ပါယ်မှာ ရှင်းနေပါသည်။ အမိုနီယားဓါတ်ငွေ့မပါဘဲ အမိုင်နိုအက်စစ်ထုတ်လုပ်၍မရသောကြောင့်ဖြစ်၏။

Discover ဟုခေါ်သော မဂ္ဂဇင်းတွင် ကဲဗင်း မက်ကင်းက ဆောင်းပါးတပုဒ်ဖြင့် ဆွေးနွေးထားသည်။

> မီလာနှင့် ဥရေးတို့သည်၊ ကမ္ဘာဦးလေထုအခြေအနေကိုဖန်တီးရာတွင် မီသိန်းဓါတ်ငွေ့နှင့် အမိုးနီယားဓါတ်ငွေ့များဖြင့်ပြည့်နက်လျက်ရှိသည်ဟူသောအယူအဆတွင် အခြေခံထားကြလေသည်။ ၎င်းတို့က၊ ထိုစဉ်က ကမ္ဘာမြေကြီးတွင်၊ သတ္တု၊ ကျောက်နှင့် ရေခဲများ သမစွာရောနှောတည်ရှိ နေခဲ့သည်ဟု ယူဆထားကြသည်။ သို့သော်လည်း၊ နောက်ဆုံးလေ့လာချက်အရ၊ ကမ္ဘာဦးတွင် ကမ္ဘာမြေကြီးသည် အလွန်ပူပြင်း၍ အရည်ပျော်လျက်ရှိသော နီကယ်နှင့်သံသတ္တုများပါဝင်နေကြောင်းသိရှိရပေသည်။ ထိုသို့သော အခြေအနေတွင်၊ ကမ္ဘာ့လေထုသည်လည်း၊ အများအားဖြင့် နိုက်တြိုဂျင် ($N_2$), ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$)နှင့် ရေငွေ့($H_2O$)သာ ပါဝင်ဖွဲ့စည်းလျက်ရှိမည်ဖြစ်၏။ ၎င်းဓါတ်ငွေ့များမှာ ဩဂဲနစ်ဓါတ်ပေါင်းမော်လီကြူများဖြစ်ပေါ်စေရန် မီသိန်းနှင့် အမိုနီယားဓါတ်ငွေ့များကဲ့သို့ မသင့်တော်ချေ။[၁၄]

အချိန်အတော်ကြာကြာတိတ်တိတ်နေခဲ့ကြသော်လည်း၊ နောက်ဆုံးတွင် သူတို့ဖန်တီးခဲ့သော ကမ္ဘာဦးလေထုသည် အမှန်တရားနှင့်မကိုက်ညီကြောင်း မီလာကိုယ်တိုင် ဝန်ခံခဲ့လေသည်။

မီလာ၏ စမ်းသပ်ချက်ကိုပယ်ဖျက်သည့် နောက်ထပ်အရေးကြီးသောအချက်မှာ၊ အီဗိုလူးရှင်းဝါဒီတို့က အမိုင်နိုအက်စစ်ဖြစ်ပေါ်ခဲ့သော ကမ္ဘာဦးလေထုတွင် အောက်စီဂျင်ဓါတ်အမြောက်အမြားရှိနေခြင်းပင်ဖြစ်၏။ ထိုအောက်စီဂျင်ဓါတ်သည်၊ အမိုင်နိုအက်စစ်ဖြစ်ပေါ်တည်ရှိခြင်းအတွက် ကြီးကျယ်သောအနှောင့်အယှက်ဖြစ်မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်၏။ မီလာက ယင်းအခြေအနေကို လုံးဝလစ်လျူရှုခဲ့လေသည်။ ဤအချက်တစ်ချက်တည်းကပင် မီလာ၏စမ်းသပ်ချက်ကို ပယ်ဖျက်လိုက်နိုင်ပေသည်။ အကယ်၍ သူ၏စမ်းသပ်ချက်တွင် အောက်စီဂျင်ဓါတ်ကို အသုံးပြုခဲ့ပါက၊ မီသိန်းဓါတ်ငွေ့သည် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေ ဖြစ်သွားပြီး၊ အမိုနီယားဓါတ်ငွေ့သည်လည်း၊ နိုက်တြိုဂျင်နှင့်ရေငွေ့အဖြစ်ပြောင်းလဲသွားကြမည်သာဖြစ်၏။

၎င်းပြင်၊ ထိုစဉ်က ကမ္ဘာမြေကြီးကိုကာကွယ်ထားသော အိုဇုန်းအထပ်သည်လည်း မရှိသေးသဖြင့်၊ ခရမ်းလွန်ရောင်ခြည်အစဉ်တစိုက် ပစ်လွှတ်ခြင်းကို ကာကွယ်ထားခြင်းမရှိသောကြောင့်၊ ဩဂဲနစ်မော်လီကြူများဖြစ်ပေါ်လာနိုင်မည့် အခြေအနေလုံးဝမရှိချေ။

မီလာ၏စမ်းသပ်ချက်တွင်၊ အသက်ရှင်ခြင်းအတွက်အန္တရာယ်ဖြစ်စေသော အခြားဩဂဲနစ်ဓါတ်ပေါင်းများလဲ ဖြစ်ပေါ်လာခဲ့သေးသည်။ အကယ်၍ ထိုအမိုင်နိုအက်စစ်များကို ချက်ချင်းခွဲထုတ်ခြင်းမပြုဘဲ ယင်းအခြေအနေတွင်သာ ဆက်လက်ထားခဲ့ပါက၊ ပျက်စီးသွားခြင်း သို့မဟုတ် ဓါတ်ပြုခြင်းကြောင့် အခြားဓါတ်ပေါင်းများအဖြစ်ပြောင်းလဲသွားကြမည်မှာ မလွဲမရှောင်သာသော အဖြစ်အပျက်ဖြစ်၏။ လက်ျာရစ်အမိုင်နိုအက်စစ်များလည်း အမြောက်အမြားဖြစ်ပေါ်ခဲ့ပေမည်။ ထိုလက်ျာရစ်အမိုင်နိုအက်စစ်များ ရောနှောဖြစ်ပေါ်နေခြင်းကပင် သူ၏စမ်းသပ်ချက်ကို ချေဖျက်လျက်ရှိနေသည်။ အဘယ့်ကြောင့်ဆိုသော်၊ လက်ျာရစ်အမိုင်နိုအက်စစ်များ ပါဝင်သည့် ပရိုတင်းသည် အသက်ရှင်ခြင်းအတွက် လုံးဝအသုံးမဝင်သောကြောင့် ဖြစ်၏။

နောက်ဆုံးတွင်၊ မီလာ၏စမ်းသပ်ချက်တွင် အမိုင်နိုအက်စစ် ဖြစ်ပေါ်စေသောအခြေအနေသည်၊ အသက်ရှင်ခြင်းအတွက် သင့်တော်သောအခြေအနေမဟုတ်ဟု နိဂုံးချုပ်ရမည်သာဖြစ်၏။ သူအသုံးပြုသောပစ္စည်းများသည်၊ အက်စစ်ဖြစ်စေသောဓါတ်ပစ္စည်းများသာဖြစ်သဖြင့် ဖြစ်ပေါ်လာသော အသုံးကျမည့်မော်လီကြူများကို ဖျက်ဆီးပစ်လိမ့်မည်။

အီဗိုလူးရှင်းဝါဒီတို့သည်၊ ဤစမ်းသပ်ချက်ကို၊ အီဗိုလူးရှင်းသီအိုရီမှန်ကန်ကြောင်းပြဆိုသည့် "သက်သေအထောက်အထား"အဖြစ်၊ ပိုမိုအဆင့်မြင့်သောစမ်းသပ်ချက်များပြုလုပ်ကြရင်း၊ ယင်းသီအိုရီကို အလိုလိုချေဖျက်လေ့ရှိကြပေသည်။ ထိုစမ်းသပ်ချက်များကပင်၊ ဉာဏ်ပညာကျွမ်းကျင်မှုနှင့်ပြည့်စုံသူက ထိန်းချုပ်မှုရှိသောအခြေအနေတွင်သာလျှင် အသက်တည်းဟူသောအရာကို ဖန်တီးနိုင်ကြောင်းကို ပြဆိုလျက်ရှိ၏။ အသက်ကိုပင်မဆိုထားဘဲ၊ အသက်ရှင်ခြင်းနှင့်နီးစပ်သော အမိုင်နိုအက်စစ်ကိုပင်၊ ဉာဏ်ပညာရှိသူ၏ဖန်တီးမှု-တနည်းအားဖြင့်ဖန်ဆင်းမှုဖြင့်သာလျှင်ဖြစ်နိုင်ကြောင်း ပြဆိုလျက်ရှိ၏။ သူ့အလိုလို မတော်တဆကြုံ၍ မဖြစ်ပေါ်နိုင်ချေ။ ထို့ကြောင့် ဖန်ဆင်းခြင်း၏အဆင့်တိုင်းသည်၊ အလ္လာဟ်အရှင်မြတ် တည်ရှိကြောင်းကို သက်သေထူ ညွှန်းလျက်ရှိ၏။

## အံ့သြဘွယ်ကောင်းသော မော်လီကြူ - ဒီအင်အေ
## The Miraculous Molecule: DNA

အီဗိုလူးရှင်းသီအိုရီက၊ ဆဲလ်တစ်ခု၏အခြေခံဖြစ်သောမော်လီကြူတို့၏ ဖြစ်ပေါ်လာခြင်းကို ကျိုးကြောင်းဆီလျော်အောင်မရှင်းပြနိုင်ကြချေ။ ထိုနောက်ဆက်လက်၍၊ မျိုးဗီဇဘာသာရပ်နှင့် နျူးကလီယပ်အက်ဆစ်များဖြစ်သော (DNA နှင့် RNA) တို့ကိုရှာဖွေတွေ့ရှိခြင်းသည်ကပင်၊ အီဗိုလူးရှင်းသီအိုရီအတွက်ပြဿနာအသစ်ဖြစ်လာပြန်လေသည်။


၁၉၅၅ ခုနှစ်တွင်၊ ဒီအင်အေဆိုင်ရာသိပ္ပံပညာရှင်နှစ်ဦးဖြစ်ကြသော ဂျိမ်းဝပ်ဆန်နှင့် ဖရန်စစ်ကရိက်တို့က ဇီဝဗေဒဘာသာရပ်အတွက် ခေတ်ကဏ္ဍသစ်တစ်ခု ဖွင့်လိုက်ကြလေသည်။ သိပ္ပံပညာရှင်အမြောက်အမြားကလည်း မျိုးဗီဇပညာရပ်ကို အထူးပြုလေ့လာကြ၏။ ယနေ့အချိန်တွင်၊ သိပ္ပံပညာရှင်တို့သည်၊ ဒီအင်အေ၏တည်ဆောက်မှုပုံစံကိုအကျယ်တဝင့်ရေးဆွဲပြီးစီးထားကြလေပြီ။

ဤနေရာတွင်၊ ဒီအင်အေ၏တည်ဆောက်ပုံနှင့် သူ၏လုပ်ငန်းရပ်များ၏အခြေခံအချက်အလက်များကိုဖော်ပြရန်အရေးကြီးလာပေသည်။

ဒီအင်အေဟုခေါ်သောမော်လီကြူသည်၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာအတွင်းရှိအရေအတွက်အားဖြင့် ကုဋေပေါင်းတစ်ထောင်ခန့်သောဆဲလ်များတစ်ခုချင်း၏အတွင်းမှနျူးကလိယပ်တွင်ပါရှိနေပြီး၊ ယင်းဒီအင်အေတွင်၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာတည်ဆောက်ပုံအတွက်လိုအပ်သည့်အချက်အလက်အားလုံးပါရှိနေပါသည်။ လူတစ်ယောက်၏ပုံပန်းသဏ္ဍာန်၊ ရုပ်ပိုင်းဆိုင်ရာ အတွင်းအပြင်အင်္ဂါအစိတ်အပိုင်းအားလုံးနှင့်သက်ဆိုင်သောအချက်အလက်များကို အထူးသင်္ကေတဝှက်များဖြင့်မှတ်သားထားပေသည်။ ဒီအင်အေအတွင်းရှိအချက်အလက်များကို အခြေခံသင်္ကေတဝှက်လေးခု၏စီစဉ်ထားပုံဖြင့်သိုလှောင်ထားပေသည်။ ယင်းအခြေခံသင်္ကေတများကို A, T, G, နှင့် C စာလုံးများဖြင့်ကိုယ်စားပြုထား၏။ ထိုစာလုံးများသည်လည်း၊ ယင်းအခြေခံသင်္ကေတများကိုပေးထားသော အင်္ဂလိပ်အမည်တို့၏ပထမစာလုံးများ ဖြစ်ကြပါသည်။ လူသားများအားလုံးတစ်ဦးချင်း၏ ပုံပန်းသဏ္ဍာန်တည်ဆောက်ပုံခြားနားခြင်းအားလုံးသည်လည်း၊ ယင်းအခြေခံသင်္ကေတဝှက်များ၏စီစဉ်ပုံခြားနားချက်အပေါ်တွင် မူတည်လျက်ရှိပေသည်။ ဒီအင်အေမော်လီကြူတစ်လုံးအတွင်း၌ နျူကလျိုတိုဒ်ပေါင်း ကုဋေပေါင်း ၃၅၀ ခန့်ရှိပေသည်။ ဆိုလိုရင်းမှာ ဒီအင်အေမော်လီကြူတစ်လုံးတွင်၊ ၎င်းစာလုံးအစီအစဉ်များသည် အရေအတွက်အားဖြင့် ကုဋေပေါင်း ၃၅၀ ခန့်ရှိပေသည်။

အင်္ဂါအစိတ်အပိုင်းတစ်ခုနှင့်ပတ်သက်သည့် ဒီအင်အေအချက်အလက်များသည်၊ "ဂျင်း"မျိုးဗီဇဟုခေါ်သောအထူးအပိုင်းတွင်သိုလှောင်ထားပေသည်။ ဥပမာ၊ မျက်စိနှင့်ပတ်သက်သည့်အချက်အလက်များသည် အထူးဂျင်းကိန်းစဉ်တသီတတန်းကြီးအတွင်းတွင်ပါရှိနေသည်။ ဆဲလ်သည်လည်း၊ ထိုဂျင်းမျိုးဗီဇတွင်ပါဝင်သောအချက်အလက်ဖြင့် လိုအပ်သည့်ပရိုတင်းကိုထုတ်လုပ်၏။ ပရိုတင်း၏

တည်ဆောက်ပုံအတွက်လိုအပ်သည့် အမိုင်နိုအက်စစ်အမျိုးအစားကို ယင်းဒီအင်အေတွင်းရှိ နျူကလျိုတိုဒ်သုံးမျိုး၏ အစီအစဉ်ဖြင့်သတ်မှတ်ပေးလေသည်။



DNA မော်လီကြူတွင် လူသား၏ ကိုယ်ခန္ဓာတည်ဆောက်မှုအတွက် လိုအပ်သည့် အချက်အလက်များ အားလုံး ပါရှိ၏။

The molecule called DNA contains the complete construction plan of the human body.

ဤအဆင့်တွင်၊ အင်မတန်အနုစိတ်ခြင်းများလိုအပ်ပေသည်။ မျိုးဗီဇဖြစ်ပေါ်စေမည့်နျူကလျိုတိုဒ်၏ အစီအစဉ်အနည်းငယ်လောက်မှားယွင်းသွားခြင်းဖြင့် ယင်းမျိုးဗီဇသည်လည်း လုံးဝအသုံးမကျတော့ချေ။ လူတစ်ယောက်၏ကိုယ်ခန္ဓာအတွင်း၌ ဂျင်းမျိုးဗီဇပေါင်းနှစ်သိန်းခန့်ရှိလေရာ၊ ထိုမျိုးဗီဇများကိုဖြစ်ပေါ်စေမည့် မှန်ကန်သောအစီအစဉ်ကျကျရှိသည့် နျူကလျိုတိုဒ်ပေါင်းသန်းပေါင်းများစွာသည်လည်း၊ မတော်တဆဖြစ်ပေါ်လာနိုင်စရာအကြောင်းမရှိချေ။ အီဗိုလူးရှင်းသီအိုရီသမားဇီဝဗေဒပညာရှင်တစ်ဦးဖြစ်သည့် ဖရင့် ဆလစ်ဘာရီက အောက်ပါအတိုင်း ဖွင့်ဆိုထားပေသည်။

> အလယ်အလတ်အရွယ်ရှိသည့်ပရိုတင်းသည်၊ အမိုင်နိုအက်စစ်ပေါင်း ၃၀၀ ခန့်ပါဝင်နိုင်ပါသည်။ ၎င်းကိုထိန်းချုပ်မည့် ဒီအင်အေဂျင်းအစီအစဉ်တွင် နျူကလျိုတိုဒ်ပေါင်း ၁၀၀၀ ခန့်လိုအပ်ပေလိမ့်မည်။ ဒီအင်အေတစ်ခုတွင် နျူကလျိုတိုဒ်လေးမျိုးရှိသောကြောင့်၊ အဆက်ပေါင်း ၁၀၀၀ အတွက် ပုံစံပေါင်း $၄^{၁၀၀၀}$ ရှိလိမ့်မည်။ $၄^{၁၀၀၀} = ၁၀^{၆၀၀}$ ဖြစ်၏။ ဆိုလိုရင်းမှာ ထိုအဆက်ပေါင်းသည် ၁ ၏နောက်သုညပေါင်း ၆၀၀ ပါသော ကိန်းဂဏန်းတစ်ခုဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့မစဉ်းစားနိုင်သောကိန်းဂဏန်းဖြစ်နေပါသည်။[၁၅]

$၄^{၁၀၀၀}$ က $၁၀^{၆၀၀}$ နှင့်ညီမျှ၏။ ၁ ဂဏန်းနောက်တွင် သုညပေါင်းအလုံးခြောက်ရာအထိပါသောကိန်းဂဏန်းသည် မည်မျှကြီးမားသောကိန်းဂဏန်းဖြစ်မည်နည်း။ ၁ ဂဏန်းနောက်တွင် သုညပေါင်း ၆ လုံးပါသည့်ဂဏန်းသည် တစ်သန်းဖြစ်၏။ ၇ လုံးပါလျှင် တစ်ကုဋေဖြစ်၏။ ထို့ကြောင့် သုညပေါင်း ၆၀၀ ပါသောကိန်းဂဏန်းသည်၊ စဉ်းစား၍မရနိုင်သောကိန်းဖြစ်နေပေသည်။

အီဗိုလူးရှင်းပါမောက္ခ အလီ ဒီမိရ်ဆွယ်က၊ ဤကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းမဝန်ခံဘဲ မနေနိုင်တော့ချေ။

> အမှန်မှာ၊ ပရိုတင်းနှင့် နျူးကလိယပ်အက်စစ်(DNA နှင့် RNA) ကြုံရာကျဘန်းအလျင်းသင့်သလိုဖြစ်ပေါ်လာခြင်းဟူသည်၊ တွေး၍မရနိုင်လောက်အောင်အခွင့်အလမ်းနည်းပါးလှပေသည်။ ပရိုတင်းတစ်ခုလောက်ဖြစ်ပေါ်လာနိုင်သည့်အခွင့်အလမ်းသည်လည်း တွေးထင်၍မရနိုင်အောင် နည်းလွန်းပါသည်။[၁၆]

ဤကဲ့သို့သောမဖြစ်နိုင်သည့်အချက်များအပြင်၊ ဒီအင်အေသည် ၎င်း၏အချင်းချင်းလိမ်ယှက်လျက်ရှိသောပုံစံကြောင့်၊ ခါတ်ပြုခြင်းလုံးဝမဖြစ်နိုင်ခြင်းသည်၊ အသက်ရှင်ခြင်း၏အခြေခံမဖြစ်နိုင်သည့် အရေးကြီးသောအချက်တစ်ချက်ဖြစ်နေပြန်ပါသည်။

၎င်းပြင်၊ ဒီအင်အေသည် ပရိုတင်းဖြစ်သည့် အချို့သောအင်ဇိုင်းမ်အမျိုးအစားများ၏အကူအညီဖြင့်သာလျှင်၊ မိမိ၏ပုံတူကူး ပွားများနိုင်စွမ်းရှိ၏။ တစ်ပြိုင်တည်းတွင်၊ ထိုအင်ဇိုင်းမ်များသည်လည်း ဒီအင်အေတွင်းရှိအချက်အလက်များဖြင့်သာလျှင် ပေါင်းစပ်ထုတ်လုပ်နိုင်ပြန်၏။ ထို့ကြောင့် ၎င်းတို့နှစ်မျိုးစလုံးသည် အချင်းချင်းမှီတင်းနေကြရသဖြင့်၊ နှစ်ခုစလုံးက တစ်ပြိုင်တည်းပေါ်ပေါက်လာခြင်းသော်လည်းကောင်း၊ တစ်ခုခုကဦးစွာဖန်ဆင်းခြင်းခံရခြင်းသော်လည်းကောင်း၊ ဖြစ်ရမည်။ အမေရိကန်လူမျိုး မနုဿဗေဒပညာရှင်ဖြစ်သူ ဂျက်ကော့ဘ်ဆန်က ဤကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းသုံးသပ်ထားသည်။

> မျိုးပွားခြင်းအစီအစဉ်အတွက်လည်းကောင်း၊ ရှိရင်းစွဲပတ်ဝန်းကျင်မှ စွမ်းအင်နှင့်လိုအပ်ရာကိုထုတ်နှုတ်ယူနိုင်ရန်လည်းကောင်း၊ အစဉ်အဆက်ဖြစ်သောကြီးထွားမှုအတွက်လည်းကောင်း၊ ယင်းကဲ့သို့ကြီးထွားနိုင်အောင် စွမ်းဆောင်ပေးသည့်ကိရိယာများအတွက်လည်းကောင်း၊ အသက်တည်းဟူသောအရာပေါ်ပေါက်လာရန်အတွက် လိုအပ်ရာအားလုံးကို ထိန်းကျောင်းလမ်းညွှန်ရန် အစစအရာရာအားလုံးတို့သည် တစ်ချိန်တည်းတွင်တပြိုင်တည်းတည်ရှိနေကြရန်လိုအပ်ပေသည်။ ထိုသို့သောအခြေအနေကပင်၊ မတော်တဆဖြစ်လာနိုင်ရန်အကြောင်းမရှိတော့ချေ။ ယင်းကဲ့သို့သော ဖန်တီးနိုင်စွမ်းကိုပင် ဘုရားသခင်၏လုပ်ဆောင်ချက်ဟုခေါ်တွင်ကြပေသည်။[၁၇]

ဤကိုးကားချက်သည်၊ ဂျိမ်းစ်ဝပ်ဆန်နှင့် ဖရန်းစစ်ကရိက်တို့ ဒီအင်အေအကြောင်းတွေ့ရှိပြီးနှစ်နှစ်ကြာသည့်အခါတွင် ရေးသားထုတ်ဖေါ်ခြင်းဖြစ်ပါသည်။ သိပ္ပံပညာဖွံ့ဖြိုးမှုအားလုံးအနက်၊ ဤအချက်သည် အီဗိုလူးရှင်းသီအိုရီသမားများ ဖြေရှင်း၍မရနိုင်သောအချက်တစ်ခုဖြစ်ပါသည်။ အတိုချုံးမည်ဆိုလျှင်၊ မျိုးပွားရာ၌ ဒီအင်အေလိုအပ်ခြင်း၊ မျိုးပွားရာ၌ ပရိုတင်းအချို့ပါဝင်နေရန်လိုအပ်ခြင်း၊ ထိုပရိုတင်းများကို ထုတ်လုပ်ရန်အချက်အလက်များသည်လည်း ဒီအင်အေတွင်သာရှိနေခြင်း၊ စသည့်အချက်များသည် အီဗိုလူးရှင်းအတွေးအခေါ်ကို အပြီးပိုင်ပယ်ဖျက်လိုက်လေသည်။

ဂျာမန်သိပ္ပံပညာရှင်နှစ်ဦးဖြစ်ကြသော ဂျန်ကာနှင့် ချာရာ (Junker and Scherer)တို့က၊ ခါတုဗေဒအရ ခါတ်ပြုပြောင်းလဲခြင်းအတွက် မော်လီကျူးများကို ခါတ်ခွဲခန်း၌ပြုလုပ်ရန် သီးခြားစီ မတူသောအခြေအနေများလိုအပ်သည့်အပြင်၊ သီအိုရီအဆိုအရ ထိုဝတ္ထုပစ္စည်းများကို ခါတ်ပြုပေါင်းစပ်စေရန်ဖြစ်နိုင်သည်ဟူသောအချက်အတွက် လိုအပ်သောနည်းလမ်းများ မရှိကြောင်း ရှင်းပြထားပေသည်။

> ခါတုဗေဒအရ အီဗိုလူးရှင်းဖြစ်ပေါ်နိုင်ရန် လိုအပ်သောမော်လီကျူးများအားလုံးကို ရယူနိုင်သည့် စမ်းသပ်မှု ယနေ့အချိန်အထိမရှိသေးချေ။ ထို့ကြောင့် မော်လီကျူးအမျိုးမျိုးကို အလွန်သင့်တော် လျောက်ပတ်သောအခြေအနေရှိသည့် သီးခြားနေရာများတွင် ပြုလုပ်ရန်လိုအပ်ပေသည်။ ထို့နောက် ခါတ်ပြုစေရန်အတွက် ၎င်းတို့ကို အန္တရာယ်ပေးနိုင်မည့်အရာဝတ္ထုများ၊ ဟိုက်ဒြိုလစ်စစ်နှင့် ဖိုတိုလစ်စစ်ဖြစ်နိုင်သည့် အန္တရာယ်များမှ ကာကွယ်၍ အခြားနေရာသို့ယူဆောင်သွားရလိမ့်မည်။[၁၈]

အတိုချုံး၍ပြောရသော်၊ အီဗိုလူးရှင်းသီအိုရီသည်၊ မော်လီကျူးအဆင့်တွင် ဖြစ်ပျက်ခဲ့ရမည့် အီဗိုလူးရှင်းအဆင့်များကို ရှင်းပြနိုင်ခြင်းမရှိချေ။

ထို့ကြောင့်၊ သက်ရှိအရာများ၏ဆဲလ်များတွင် ပါဝင်ဖွဲ့စည်းသည့် ပရိုတင်းများသည်၊ "ကမ္ဘာဦးလေထုအခြေအနေ"တွင် အသက်ရှင်ခြင်းဖြစ်ပေါ်စေသည့် အမိုင်နိုအက်စစ်ကိုသော်လည်းကောင်း၊ ၎င်းတို့မှဆက်လက်ထုတ်လုပ်သည့်အရာများကိုလည်းကောင်း၊ ဖန်တီးနိုင်ရန် မဖြစ်နိုင်ချေ။ ထို့ထက်မက အလွန်ရှုပ်ထွေးနက်နဲသော ပရိုတင်းမော်လီကျူး၏တည်ဆောက်မှု၊ လက်ဝဲလက်ျာအင်္ဂါရပ်များ၊ ပက်တိုက်ဘွန်း ဖြစ်ပေါ်ရန်ခက်ခဲခြင်း စသည်တို့ကြောင့် နောင်လာမည့်အနာဂါတ်ကာလတွင်လည်း မည်သည့်လက်တွေ့စမ်းသပ်ချက်ကမျှ ပြုလုပ်နိုင်မည်မဟုတ်ချေ။

အကယ်၍ ပရိုတင်းတစ်ခုခုကို မတော်တဆထုတ်လုပ်နိုင်သည်ဆိုသော်လည်း၊ ထိုပရိုတင်းသည် အဓိပ္ပါယ်ကင်းမဲ့နေလိမ့်မည်သာဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်၊ ပရိုတင်းများသည် သူတို့ကိုယ်တိုင် မည်သို့မျှမစွမ်းဆောင်နိုင်ကြချေ။ အလိုလိုမျိုးပွားနိုင်ခြင်းလည်းမရှိချေ။ ပရိုတင်း၏မျိုးပွားနိုင်

စွမ်းနှင့် လုပ်ငန်းဆောင်ရွက်နိုင်စွမ်းမှာ ဒီအင်အေနှင့်အာရ်အင်အေ မော်လီကြူတို့အတွင်းရှိ သင်္ကေတဝှက်အချက်အလက်များဖြင့်သာလျှင် ဖြစ်နိုင်ပေသည်။ အမိုင်နိုအက်စစ်အမျိုးအစားပေါင်းနှစ်ဆယ်မှ တစ်ခုချင်း၏တည်ဆောက်ပုံအချက်အလက်များကို ဒီအင်အေရှိသင်္ကေတဝှက်များက သတ်မှတ်ပေးသည်။ ထိုမော်လီကြူများအကြောင်းကို လေ့လာချက်အမြောက်အမြားက DNA နှင့် RNA တို့သည် မတော်တဆကြုံကြိုက်၍ဖြစ်ပေါ်လာနိုင်ခြင်းမရှိကြောင်း အထင်အရှားဖော်ထုတ်ထားပြီးဖြစ်နေပေသည်။

## ဖန်ဆင်းခြင်း
## The Fact of Creation

အီဗိုလူးရှင်းသီအိုရီသည် အဖက်ဖက်မှရှုံးနိမ့်သွားတော့သဖြင့်၊ ယနေ့အချိန်တွင် ကမ္ဘာပေါ်ရှိ နာမည်ကျော်ကြားသော မိုက်ကရိုဘိုင်အိုလိုဂျီ(အဏုဇီဝဗေဒ)ပညာရှင်အပေါင်းတို့သည် ဖန်ဆင်းခြင်းကို လက်ခံကြပြီဖြစ်သည့်ပြင်၊ ကြီးကျယ်ဂုဏ်တင်အပ်သောဖန်ဆင်းမှုများအတွက် ဖန်ဆင်းရှင်ကို ကာကွယ်ပြောဆိုနေကြပေပြီ။ အမှန်မှာလည်း အရာခပ်သိမ်းကို ဖန်ဆင်းထားခြင်းဖြစ်ကြောင်းကို လူသားများ ပစ်ပယ်၍မရနိုင်သောအချက်ပင်ဖြစ်ပေသည်။ ပွင့်လင်းသောစိတ်ဓါတ်ရှိသည့် သိပ္ပံပညာရှင်များသည် “အသိဉာဏ်ရှိသောပုံစံ”(Intelligent Design)အတွေးအခေါ်ကို ဖော်ထုတ်နေကြလေပြီ။ ယင်းသိပ္ပံဘာသာရပ်၏ ရှေ့ပြေးဖြစ်သူ သိပ္ပံပညာရှင် မိုက်ကယ် ဂျေ ဘေဟေ (Michael J. Behe)သည် ဖန်ဆင်းရှင်ကို အကြွင်းမရှိလက်ခံကြောင်းနှင့် ထိုဖန်ဆင်းရှင်ကို လက်မခံသူတို့သည် ထွက်ရပ်လမ်းမရှိကြတော့ပြီဖြစ်ကြောင်း အောက်ပါအတိုင်း ဖော်ပြထားလေသည်။

> ဆဲလ်အကြောင်းစူးစမ်းရှာဖွေခဲ့သည့် ထိုအချက်အလက်များကိုစုဆောင်းထားခြင်း၊ အသက်ရှင်ခြင်းအကြောင်းကို မော်လီကြူအဆင့်အထိ စူးစမ်းခြင်း၊ စသည်တို့သည် “အသိဉာဏ်ရှိသောပုံစံ”အတွက် ကျယ်လောင်စွာအော်ဟစ်နေပေပြီ။ ဒွိဟသံသယလုံးဝမရှိသင့်ဘဲ ရှင်းလင်းသည့်အဖြေများကြောင့် သိပ္ပံလောကသမိုင်းတွင် အကြီးကျယ်ဆုံးသောအောင်မြင်မှုဟုပင်ဆိုရပေမည်။ ဤသိပ္ပံပညာ၏အောင်မြင်မှုအတွက် ထောင်သောင်းမကသော ပါးစပ်များမှ “အောင်ပြီဟေ့”ဟုထအော်သင့်ပေသည်။
>
> သို့သော်လည်း မည်သည့်ပုလင်းဖုံးမျှလည်းမပွင့်၊ မည်သည့်လက်ခုပ်တီးသံမျှလည်းမထွက်ခဲ့ပေ။ ထိုသို့ဖြစ်မည့်အစား စိတ်မအီမသာဖြင့် ဆိတ်ငြိမ်ခြင်းသာလျှင် အံ့သြဖွယ်ကောင်းသော ဆဲလ်၏ရှုပ်ထွေးမှုကို ဝိုင်းရံလျက်ရှိပေသည်။ ထိုအကြောင်းသည် လူသိရှင်ကြားဖြစ်လာမှသာလျှင်၊ ခြေများစတင်လှုပ်ရှားလာကြ၏။ အသက်လည်းခပ်ပြင်းပြင်းရှူလာကြ၏။ အချို့သူတို့မှာ တိုးတိုးတိတ်တိတ်စိတ်သက်သာရာရလာကြ၍၊ အမြောက်အမြားမှာ မြေကြီးကိုသာစိုက်ကြည့်နေကြရင်း ခေါင်းခါသူခါဖြင့် အသာအယာတိတ်တိတ်နေလိုက်ကြလေသည်။ ထိုမျှကြီးကျယ်သောတွေ့ရှိချက်ကို သိပ္ပံလောကက အဘယ့်ကြောင့်အုံးအုံးကြွက်ကြွက် လက်ခံပိုက်ထွေးခြင်းမပြုကြပါသနည်း? အသိဉာဏ်ရှိသောပုံစံကို ပညာရှင်တည်းဟူသောလက်အိတ်အဘယ်ကြောင့် ဝင်စွပ်ခြင်းမရှိပါသနည်း? အမှန်မှာတစ်ဖက်၌ အသိဉာဏ်ရှိသောပုံစံဟု အမည်ပေးထားသည့်ဆင်ကြီး၏ အခြားတစ်ဖက်တွင်ရှိနေသော ဖန်ဆင်းရှင်ဘုရားသခင်ဟူသောအမည်က ဆုပ်လည်းစူး စားလည်းရှူးအဖြစ်အကျပ်ရိုက်နေစေသောကြောင့်တည်း။[၁၉]

ယနေ့လူအမြောက်အမြားက အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်ကြမည့်အစား သိပ္ပံပညာအမည်ကို အရေခြုံထားသောလိမ်လည်မှုကို အမှန်တရားဟု လက်ခံခဲ့ကြရခြင်းကိုပင် မသိကြပေ။ “အလ္လာဟ်အရှင်မြတ်သည် ဗလာနတ္ထိအလျှင်းမရှိခြင်းမှ အသင့်အားဖန်ဆင်းခဲ့သည်”ဟူသောဝါကျကို သိပ္ပံနည်းမကျဟုထင်ကြသူများအတွက်၊ လွန်ခဲ့သည့် နှစ်သန်းပေါင်းမြောက်မြားစွာက “ကမ္ဘာဦးဆွတ်ပြုတ်အိုးကြီး”ကို မိုးကြိုးပစ်ခဲ့သဖြင့် ပထမဆုံးသောသက်ရှိအရာပေါ်ပေါက်လာသည်ဟု ပြောလျှင်ဖြင့် ယုံကြည်ကြလိမ့်မည်ဟု ထင်ပါသည်။

ဤစာအုပ် စာမျက်နှာများတွင် ဖော်ပြခဲ့သည့်အတိုင်း၊ သဘာဝကို ထိန်းသိမ်းချိန်ဆထားခြင်းသည် အလွန်တရာအဏုစိတ်လှသည့်အချက်များဖြင့် မြောက်မြားစွာပြည့်နက်နေလွန်းသဖြင့်၊ အရာခပ်သိမ်းသည် “မတော်တဆ”ပေါ်ပေါက်လာခဲ့သည် ဆိုသောအဆိုသည် ကျိုးကြောင်းဆီလျော်မှု လုံးဝ

မရှိတော့ပေ။ ထိုကဲ့သို့သော ကျိုးကြောင်းမဆီလျော်သည့်အဆိုမှ ရုန်းထွက်နိုင်ခြင်းမပြုနိုင်သေးသူများက မည်မျှပင် ကြိုးပမ်းကြသော်ငြားလည်း၊ မိုးကောင်းကင်နှင့် ကမ္ဘာမြေပြင်ပေါ်တွင် အလ္လာဟ်အရှင်မြတ်၏လက္ခဏာတော်များ ပြည့်နှက်ထင်ရှားလျက်ရှိခြင်းသည် ငြင်းပယ်၍မရနိုင်သောအချက်ပင် ဖြစ်လေတော့သည်။

အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်နှင့်ကမ္ဘာမြေကြီးတို့အပြင် ၎င်းတို့၏အကြားရှိ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသောအရှင်မြတ်ဖြစ်၏။ ထိုအရှင်မြတ် တည်ရှိနေခြင်းကို ပြဆိုသောလက္ခဏာသည် စကြာဝဠာတစ်ခုလုံးတွင် လွှမ်းခြုံလျက်ရှိပေသတည်း။

# အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်သော အမှားဖြစ်စေသည့် အတွေးအခေါ်များ
# Philosophies that made Mistake of Denying Allah

လွန်ခဲ့သည့်အခန်းများတွင် အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်း ရှင်းလင်းသည့်လက္ခဏာများကို တွေ့ခဲ့ကြပေပြီ။ အမှန်မှာ ကျွန်ုပ်တို့ဖော်ပြခဲ့သည့်အကြောင်းရပ်များသည် ထိုအရှင်မြတ်၏ အဆုံးမရှိသောသာဓကများအနက် အစိတ်အပိုင်းအနည်းငယ်မျှသာဖြစ်ကြောင်း သံသယဖြစ်စရာမရှိချေ။ မည်သည့်အရပ်မျက်နှာသို့ပင် လှည့်ကြည့်သည်ဖြစ်စေ ဖန်ဆင်းရှင်တည်ရှိကြောင်း လက္ခဏာများနှင့်သာလျှင် ပြည့်နက်လျက်ရှိပေသည်။

သို့ဖြစ်ငြားလည်း၊ အဘယ့်ကြောင့်ဘုရားမဲ့ဝါဒီ အမြောက်အမြားရှိနေသေးသနည်း? ထို့ထက်မက အဘယ့်ကြောင့် သိပ္ပံပညာရှင်အချို့ကလည်း ဘုရားမဲ့ဝါဒီများဖြစ်နေကြပါသနည်း? ထင်ရှားသော သာဓကအမြောက်အမြားရှိနေလျက်နှင့် အဘယ့်ကြောင့် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်နေကြသေးသနည်း?

ဤမေးခွန်းများ၏အဖြေကိုရှာဖွေသောအခါ၊ သိပ္ပံပညာရှင်များအပါအဝင် ထိုဘုရားမဲ့ဝါဒီများကို ပုံစံသွင်းထားသည့် မလိုမုန်းထားဘက်လိုက်သော တစ်ယူသန်အတွေးအခေါ်များရှိနေကြောင်းကို တွေ့ရှိရပေသည်။ ယေဘုယျအားဖြင့် ထိုအတွေးအခေါ်များကို ရုပ်ဝါဒဟုခေါ်ကြပြီး၊ စကြာဝဠာသည် ဖန်ဆင်းရှင်မလိုအပ်ဘဲ အဆုံးမရှိ အစဉ်အမြဲတည်ရှိနေသည်ဟု ယုံကြည်ထားကြသည်။ ရုပ်ဝါဒီတို့အဆိုအရ ဒြပ်ဝတ္ထုသည်သာလျှင် တကယ်တည်ရှိသည့်အင်အားဖြစ်သည်။ ဒြပ်သည် ဖန်ဆင်း၍ဖြစ်လာသောအရာမဟုတ်သည့်ပြင်၊ ဖန်ဆင်းရှင်၏ထိန်းကွပ်ခြင်းမလိုအပ်ဘဲ ဆက်လက်တည်ရှိလှုပ်ရှားနေနိုင်သည်ဟု ယုံကြည်ကြ၏။ ကမ္ဘာ့သမိုင်းတွင် ၎င်းအတွေးအခေါ်ကို ယုံကြည်လက်ကိုင်ထားကြသောအတွေးအခေါ်ရှင် အမြောက်အမြားရှိလေသည်။ ရှေးခေတ်ဆူမာရ်ဒိဌ္ဌိအယူဝါဒ၊ ဂရိလူမျိုးများ၏အဏုစိတ်ခွဲခြမ်းစိပ်ဖြာ၍ လေ့လာသောအဘိဓမ္မာအတွေးအခေါ်ရှင်များနှင့် ခေတ်သစ်(အနုပဋ္ဌိလောမ) ယုတ္တိဝါဒနည်းကျကျဆန်းစစ်ဝေဖန်သောရုပ်ဝါဒီများပါ ထိုအတွေးအခေါ်တွင်စွဲမြဲစွာယုံကြည်ကြရင်း အလ္လာဟ်အရှင်မြတ်တည်ရှိခြင်းကို ငြင်းပယ်ကြသူ အမြောက်အမြား ရှိပေသည်။

သူတို့၏ငြင်းဆိုချက်များသည် မည်သည့်ခိုင်မာသောအခြေခံမျှမရှိကြချေ။ သူတို့ကိုယ်တိုင်ကိုသူတို့က ၎င်းဒြပ်ဝတ္ထုကိုသာယုံကြည်ရန်အတင်းတိုက်တွန်း၍ စွဲမြဲစွာလည်း လက်ကိုင်ယုံကြည်ကြပေသည်။ အီဗိုလူးရှင်းသီအိုရီကိုလည်း ထိုနည်းတူလက်ခံယုံကြည်ကြလေသည်။ အသက်ရှင်ခြင်းသည် အလွန်နက်နဲရှုပ်ထွေးသောကိစ္စဖြစ်၍ မတော်တဆကြုံ၍ဖြစ်ပေါ်လာနိုင်ခြင်းမရှိသည်ကို အီဗိုလူးရှင်းဝါဒီတို့ကောင်းကောင်းသိထားကြသဖြင့် ၎င်းကိစ္စနှင့်ပတ်သက်၍စကားစပ်လာသောအခါ တိတ်တိတ်နေကြပြီး အခြားအကြောင်းများသို့ လှီးလွှဲပြောလေ့ရှိကြကြောင်း ကျော်ကြားသော အမေရိကန်(မိုက်ကရိုဘိုင်အိုလိုဂျီ)အဏုဇီဝဗေဒပညာရှင် မိုက်ကယ်ဘေဟောက မှတ်ချက်ချခဲ့ဘူးလေသည်။

ယင်းအခြေအနေကပင် သူတို့မှာ ရုပ်ဝါဒကိုအတင်းဘက်လိုက်ရမည့်အကြောင်းရင်း ရှိနေပြီးဖြစ်ကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့်ပင် အလိုလိုဘုရားမဲ့ဝါဒကို စွဲကိုင်နေကြခြင်းဖြစ်ပေသည်။ သူတို့၏ အလ္လာဟ်အရှင်မြတ်ကိုငြင်းပယ်ချက်သည် ခိုင်မာသော ကျိုးကြောင်းဆင်ခြင်ခြင်းမှ ထွက်လာခြင်းမဟုတ်ဘဲ၊ အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်းခိုင်မာသောကျိုးကြောင်းဆင်ခြင်ခြင်းကို ပယ်ဖျက်ရန်သာအဓိက ဖြစ်လေသည်။

အဆိုးဆုံးမှာ သူတို့ငြင်းပယ်သကဲ့သို့ အများလူထုကိုလည်း အတင်းအဓမ္မလိုက်နာစေခြင်းပင် ဖြစ်လေသည်။

## “အကြံဆိုး ”ကိုတီထွင်သူများ
## Authors of "Evil Plots"

အလ္လာဟ်အရှင်မြတ်ကို ဆန့်ကျင်ရာ၌ စနစ်တကျစည်းရုံး၍ ဝါဒဖြန့်ကြသည်ကိုကြည့်ခြင်းဖြင့်၊ ထို လှုပ်ရှားမှုကို ဗဟိုကြိုးကိုင်မှုများရှိနေကြောင်း ဖေါ်ပြလျက်ရှိသည်။ ဆိုလိုရင်းမှာ ဘာသာအယူဝါဒ ကို တိုက်ဖျက်နေသည့် ဗဟိုအာဏာ စုဝေးရာအုပ်စု အမြောက်အမြားရှိနေပေသည်။ ထို့ကြောင့်၊ အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုအုပ်စုများအကြောင်း ဖေါ်ပြထားခြင်းမှာ အဆန်းမဟုတ်တော့ချေ။ အာယတ်တော်တစ်ခုတွင်၊ ငရဲမီးတွင် ဒါဏ်ခပ်ခံနေရသော အုပ်စုတစ်စုက သူတို့၏ ခေါင်းဆောင်ကို သူတို့ကမ္ဘာမြေကြီးတွင်ရှိနေစဉ် အဘယ့်ကြောင့် လမ်းမှားသို့ခေါ်ဆောင် သွားခဲ့ပါသနည်းဟုမေးမြန်းကြကြောင်း ဖေါ်ပြထားပေသည်။

> **နောက်လိုက်ငယ်သားတို့က အကြီးအကဲတို့အား ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား မယုံကြည်ရန်လည်းကောင်း၊ အရှင်မြတ်၌ ဂုဏ်ရည်တူများကိုပြုလုပ်ကြရန်လည်းကောင်း၊ အသင်တို့က ကျွန်ုပ်တို့အား နေ့ညဥ့်မပြတ်ကြံစည်၍ အမိန့်ပေးတိုက်တွန်းလျက်ရှိခဲ့ကြ၏။**
> (စူရာ ဆဘာ ၃၄း၃၃)။

၎င်းအုပ်စုများသည်၊ ၎င်းတို့၏အကြံဆိုးများအတိုင်း လူ့သမိုင်းတလျှောက်လုံး ခေတ်တိုင်းခေတ် တိုင်းတွင် ပုံစံအမျိုးမျိုးအမည်အမျိုးမျိုးဖြင့်ပေါ်ပေါက်လာကြပြီး၊ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူး တော်ကို ငြင်းပယ်ရန် လူအများကို တိုက်တွန်းခိုင်းစေကြလေသည်။ သို့သော်လည်း သူတို့၏ အခြေခံအင်္ဂါရပ်များမှာ အစဉ်အမြဲအတူတူဖြစ်၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ၎င်းတို့ကို “စည်းဖိမ်ရှင်များ ”(စူရာအလ်မုအ်မီနွန် ၂၃း၆၄)ဟူ၍လည်းကောင်း၊ “မောက်မာပလွှားသောအကြီး အကဲများ ”(စူရာအလ်အရဖ် ၇း၇၅)ဟူ၍လည်းကောင်း၊ ခေါ်ဝေါ်ထားလေသည်။ ဆိုလိုရင်းမှာ ၎င်း တို့သည် ရုပ်ဝတ္ထုဥစ္စာခနေပေါကြွယ်ကြသူများဖြစ်၍၊ လူထုအကြားတွင် ဂုဏ်သရေကြီးမြင့်သူများ၊ မောက်မာခက်ထန်သူများ၊ သူတစ်ပါး၏ဥစ္စာပစ္စည်းများကို မတရားသိမ်းယူသူများ၊ ရက်စက်ဖိနှိပ် ချုပ်ချယ်သူများဖြစ်ကြသည်။ သူတို့မတရားသိမ်းယူသောဥစ္စာပစ္စည်းများကို တရားမဝင်ကြောင်း ခြိမ်းခြောက်နေသည့် ဘာသာအယူဝါဒများကို ဖျက်သိမ်းပစ်ရန် ကြိုးပမ်းကြသည်။ ထို့ကြောင့် သူ တို့၏ “အကြံဆိုး ”များကို အမျိုးမျိုးလုပ်ဇာတ်ခင်းကြရင်း လူတွေကို သူတို့ကဲ့သို့သွေဖီဖေါက်ပြန် သူများဖြစ်အောင် ဦးဆောင်နေကြပေသည်။

ထိုကဲ့သို့သော စည်းရုံးထားသည့်အာဏာစက်အုပ်စုအသင်းအဖွဲ့များကို အမည်တစ်ခုတည်းဖြင့် မှည့် ခေါ်သတ်မှတ်၍ မရနိုင်ချေ။ သို့သော်လည်း လွန်ခဲ့သည့် သုံးလေးရာစုနှစ်အတွင်းရှိ ကမ္ဘာ့သမိုင်းကို လေ့လာကြည့်သောအခါ ကုရ်အာန်ကျမ်းတော်မြတ်တွင်ပြဆိုထားသည့် အုပ်စုနှင့်ကိုက်ညီသည့် နိုင် ငံတကာအဖွဲ့အစည်းတစ်ခုကို တွေ့ရှိရပေသည်။

၎င်းအဖွဲ့အစည်းသည် “ဖရီးမေဆွန်ရီ ”ပင်ဖြစ်၏။

ထိုဖရီးမေဆွန်ရီအဖွဲ့၏ နိုင်ငံတကာလှုပ်ရှားမှုနှင့်လုပ်ငန်းများကိုလည်း ကုရ်အာန်ကျမ်းတော်မြတ် တွင် ဖေါ်ပြထားသော ဗဟိုအာဏာစက်က ထောက်ပံ့နေသည်။ ၎င်းဗဟိုအာဏာစက်မှာ “ဂျူးလော က ”ဖြစ်သည်။ ဂျူးဘာသာသည် ဘုရားသခင်မှကျဆင်းလာခဲ့သော ဘာသာအယူဝါဒဖြစ်ပေသည်။ ဂျူးလူမျိုးများမှာ ထိုဘာသာကို လက်ခံကိုးကွယ်သူများဖြစ်ကြသည်။ အထက်တွင်ဖေါ်ပြခဲ့သည့်အ တိုင်း၊ သူတို့သည် တကမ္ဘာလုံးတွင် ဘာသာရေးဆန့်ကျင်ရေးကို အဓိကအခန်းကဏ္ဍမှပါဝင်ဆောင် ရွက်နေကြသူများဖြစ်ကြပေသည်။ ဤကဲ့သို့ဖြစ်လာခြင်းမှာ ရဗ်ဗိုခေါ် ဂျူးဘာသာရေးခေါင်းဆောင် များက တမန်တော်မူဆာနဗျီ(မိုးဇက်)ယူဆောင်လာခဲ့သော ဘုရားသခင်၏ သန့်ရှင်းမှန်ကန်သော သမ္မာကျမ်းစာဖြစ်သည့် ဓမ္မဟောင်းကျမ်းများကို စိတ်ကူးပေါက်သလို သူတို့၏အယူသီးယုံကြည် ချက်များကိုထည့်သွင်း ပြင်ဆင်ခဲ့ကြခြင်းကြောင့်ဖြစ်လေသည်။ ဂျူးရဗ်ဗိုတို့၏ ပြင်ဆင်ခြင်းကြောင့် ဂျူးအယူဝါဒသည်လည်း ကောင်းကင်ကျဘုရားသခင်၏ဘာသာအယူဝါဒအဖြစ်မှ လူမျိုးကြီးဝါဒစွဲ လောကီရေးအတွေးအခေါ်သက်သက်အဖြစ်သို့ ပြောင်းလဲသွားလေတော့သည်။ အလွန်အစွန်းထွက် သောဂျူးဘာသာဝင်တို့သည်လည်း၊ သူတို့၏ဘာသာအယူဝါဒမှာ သူတို့သာလျှင်ပိုင်ဆိုင်သော ဘာ

သာအဖြစ်ခံယူ၍ အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာတို့သည် မှားယွင်းသောဘာသာအယူဝါဒဖြစ်သောကြောင့် ဖျက်သိမ်းပစ်ရန်လိုအပ်သည်ဟု ခံယူကြလေသည်။ ထိုသို့သော ဂျူးလူမျိုးများနှင့် ဘာသာရေးဆန့်ကျင်သူတို့အကြား အပြန်အလှန်သက်ရောက်ပူးပေါင်းမှုအင်အားသည် တကမ္ဘာလုံးရှိ ဘာသာရေးအားလုံးကို ဖျက်သိမ်းပစ်ရန်ကြိုးပမ်းလာခြင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။ ဤကား ဂျူးလောကနှင့် ဖရီးမေဆွန်ရီတို့အကြား မဟာမိတ်ဖွဲ့လာခြင်း၏ အကြောင်းရင်းဖြစ်ပါသည်။

## ဖရီးမေဆွန်ရီ၏ အခန်းကဏ္ဍာ
## The Role of Freemasonry

အနောက်နိုင်ငံတွင် အမြစ်တွယ်ခဲ့သော ဖရီးမေဆွန်ရီအဖွဲ့သည် ကမ္ဘာ့နေရာတကာသို့ ပြန့်ပွားသွားလေသည်။ အလွန်လျှို့ဝှက်သောဤအဖွဲ့သည် ဌင်းဝင်ရောက်စိမ့်ဝင်နိုင်သောနိုင်ငံတိုင်းတွင် ဘာသာရေးဆန့်ကျင်ရေးအတွေးအခေါ်နှင့် လှုပ်ရှားမှုလုပ်ငန်းများ၏ အဓိကရေသောက်မြစ်ဖြစ်သည်။

လွန်ခဲ့သည့် ရာစုနှစ်အနည်းငယ်အတွင်း ကမ္ဘာပေါ်တွင်ဖြစ်ပေါ်ခဲ့သော ဘာသာအယူဝါဒများကို ဆန့်ကျင်သည့်စစ်ပွဲတိုက်ပွဲများအားလုံး၏သမိုင်းကို အသေးစိတ်လေ့လာကြည့်သောအခါ ဖရီးမေဆွန်ရီသည် ထိုအဖြစ်အပျက်တို့ကို ဖန်တီးရာ၌အဓိကဇာတ်ပို့ပြုရာအင်အားဖြစ်နေကြောင်းကို တွေ့ရှိရပေသည်။ ဤအချက်နှင့်ပတ်သက်၍ ဥရောပ၏သမိုင်းတွင် ပို၍ရှင်းလင်းစွာပေါ်လွင်နေပေသည်။ ထို့ကြောင့် ကာသောလိတ်သာသနာ၏ ခေါင်းဆောင်ဖြစ်သော ၁၃ ကြိမ်မြောက် ပုပ်ရဟန်းမင်းကြီးလီအို၏ ၁၈၈၄ ခုနှစ်ထုတ် *(Humanum Genus)*ခေါ် အသင်းတော်အတွင်းအမိန့်စာတမ်းတွင်၊ ထိုအဖွဲ့၏ရည်ရွယ်ချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း သတိပေးနှိုးဆော်ခဲ့လေသည်။

> ကျွန်ုပ်တို့၏ခေတ်တွင်၊ အလွန်ကျယ်ပြန့်၍ အင်အားတောင့်တင်းသော ဖရီးမေဆွန်ရီဟုခေါ်သည့်အဖွဲ့၏ ကျောထောက်နောက်ခံ ထောက်ပံ့မှုဖြင့်၊ အမှောင်တွင်းအင်အားကို ကိုးကွယ်သူတို့အားလုံး တစ်စည်းတစ်ရုံးတည်း စည်းလုံးနေကြလေပြီ။ ထို့ကြောင့် သူတို့အတွက် ကြီးမြင့်မြတ်တော်မူသော ဘုရားသခင်ကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ပုန်းလျှိုးကွယ်လျှိုးလုပ် နေစရာမလိုကြတော့ချေ။ ဖရီးမေဆွန်အသင်းသားတို့၏ ကြိုးပမ်းချက်အားလုံးသည်၊ ခရစ်ယာန်သာသနာ၏ လူမှုရေးနှင့်ဘာသာရေးစည်းကမ်းတွေအားလုံးကို ပယ်ဖျက်ပစ်ပြီး၊ သဘာဝအပေါ်နှင့် သူတို့၏ကိုယ်ပိုင်အတွေးအခေါ်အပေါ်အခြေခံသည့် အယူဝါဒစနစ်သစ်ကို တည်ထောင်ရန်တစ်ခုတည်းသောရည်ရွယ်ချက်အတွက် ဖြစ်၏။[၂၀]

၁၉ ရာစုနှစ်ကုန်ပိုင်းတွင် ပုပ်ရဟန်းမင်းကြီး၏ သုံးသပ်ချက်သည် လုံးဝမှန်ကန်၏။ ယ္ခုခေတ်ရှိ မေဆွန်တို့၏ စာပေများကို ပြန်လည်ဖတ်ရှုလေ့လာသောအခါ၊ ဤအဖွဲ့၏အခြေခံမူဝါဒရည်ရွယ်ချက်သည် လူ့လောကရှိ ဘာသာအယူဝါဒအားလုံးကို ဖျက်သိမ်းပစ်ရန်ဖြစ်ကြောင်းသိရှိရပေသည်။ တူရကီနိုင်ငံရှိ မေဆွန်ရီအသင်းခွဲ၏ လက်ကမ်းစာစောင်တွင် "လူ့အဖွဲ့အစည်းအတွင်း တိုးတက်တိကျသည့်သိပ္ပံပညာ သို့မဟုတ် ယထာဘူတကျသောသိပ္ပံပညာ (positive science)"ဖြန့်ဖြူးခြင်းဖြင့် ဘာသာအယူဝါဒများကိုမည်သို့ဖျက်ဆီးပစ်နိုင်ကြောင်း ရေးသားထားသည်ကိုတွေ့ရပေသည်။

> နောက်ဆုံးအနေနဲ့ ကျနော်ပြောလိုတာကတော့၊ ကျွန်ုပ်တို့အပေါ် ကျရောက်လာတဲ့ လူသားအဆန်ဆုံးဖြစ်ပြီး မေဆွန်များရဲ့တာဝန်အဆန်ဆုံးအလုပ်က တိုးတက်တိကျသော(ယထာဘူတကျသော)သိပ္ပံပညာနဲ့ ကျိုးကြောင်းဆင်ခြင်ခြင်းသို့ ပြောင်းလဲပစ်ခြင်း၊ ဤနည်းလမ်းသည် အီဗိုလူးရှင်းဖြစ်စဉ်အတွက် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်းဖြန့်ဖြူးခြင်းနှင့် ပြည်သူလူထုကို တိုးတက်တိကျတဲ့သိပ္ပံနည်းပေးလမ်းပြသင်ကြားပေးခြင်းဖြစ်ပါတယ်။ အားနက်ရီနန်၏ အောက်ပါစကားများဟာ မှတ်သားထိုက်တဲ့ဩဝါဒဖြစ်ပါတယ်။ "ပြည်သူလူထုကို တိုးတက်တိကျသောသိပ္ပံပညာကိုလက်ခံလာပြီး ကျိုးကြောင်းဆင်ခြင်ခြင်းကို နည်းပေးလမ်းပြသင်ပေးပါက အသုံးမကျသောဘာသာအယူဝါဒများကို နောက်ဆုံးဖျက်သိမ်းပစ်နိုင်ပါလိမ့်မယ်။"[၂၁]

ဤနေရာတွင် တိုးတက်တိကျသောသိပ္ပံပညာဆိုသည်မှာ လက်တွေ့စမ်းသပ်ချက်နှင့်ကြည့်ရှုမှတ်သားခြင်းမှရရှိလာခြင်းမဟုတ်သည့်အရာမှန်သမျှကို လက်မခံငြင်းပယ်ပစ်သည့် ရုပ်ဝါဒအတွေးအခေါ်ဖြစ်သည်။ ဖရီးမေဆွန်ရီ၏တာဝန်မှာ ဤအတွေးအခေါ်ကို အများလူထုအား "သိပ္ပံပညာ"အမည်ဖြင့် အတင်းရိုက်သွင်းပေးခြင်းဖြင့် ဘာသာအယူဝါဒများကို ဖျက်သိမ်းပစ်ရန်ဖြစ်လေသည်။ ထိုသို့ အများလူထုကို ဦးနှောက်ဆေးအတင်းသွတ်သွင်းသည့် ဝါဒဖြန့်လုပ်ငန်းတွင် အီဗိုလူးရှင်းသီအိုရီသည် အထက်တွင်ကိုးကားထားသည့်စာပိုဒ်အရ အလွန်အရေးကြီးသောကဏ္ဍာတွင်ပါဝင်လေ

သည်။ အီဗိုလူးရှင်းသီအိုရီ၌ယုံကြည်မှုအပြည့်အ၀ရှိလာအောင် ထိန်းသိမ်းထားရန်မှာ မေဆွန်ရီတို့၏ အရေးကြီးဆုံးတာဝန်ရပ်ပင်ဖြစ်လေတော့သည်။

အီဗိုလူးရှင်းသီအိုရီနှင့်ရုပ်ဝါဒအတွေးအခေါ်များအပြင် ၎င်းတို့၏ဆင့်ပွားများကို ကမ္ဘာ့ချောင်ကြို ချောင်ကြားနေရာတကာအထိရောက်အောင် အပတ်တကုတ်ကြိုးပမ်းဖြန့်ဖြူးရာတွင် အဖွဲ့အစည်းဆက်သွယ်မှုက အလွန်အရေးကြီးလေသည်။ လွန်ခဲ့သည့်ရာစုနှစ်အနည်းငယ်အတွင်း ဘာသာအယူဝါဒများကိုဖျက်ဆီးပစ်ရန် စနစ်တကျဝါဒဖြန့်သည့်လုပ်ငန်းတွင် ဖရီးမေဆွန်ရီနှင့် ၎င်း၏အစွယ်အပွားအသင်းခွဲများ၏ပါဝင်လှုပ်ရှားမှုက အင်မတန်အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေကြပေသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ် တည်ရှိခြင်းကို ငြင်းပယ်သည့် ကွဲပြားများပြားသော အတွေးအခေါ်စနစ်များသည်၊ တခါတရံတစ်ခုနှင့်တစ်ခုကွဲလွဲနေသော်လည်း၊ ထိုအတွေးအခေါ်အားလုံးကို တီထွင်သူများသည် မေဆွန်များသာဖြစ်ကြကုန်၏။

## မေဆွန်အတွေးအခေါ်ရှင်များ
## Mason Philosophers

အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း၊ ဘာသာအယူဝါဒကိုဆန့်ကျင်သည့်အတွေးအခေါ်စနစ်များသည်၊ ဘာသာအယူဝါဒများကို တိုက်ဖျက်သည့်စနစ်တကျစီစဉ်ထားသည့်စစ်ပွဲ၏အစိတ်အပိုင်းများဖြစ်နေပေသည်။ ထို့ကြောင့် ထိုစနစ်များကို တည်ထောင်ခဲ့ကြသူ အတွေးအခေါ်ရှင်အများအားဖြင့်သည် မေဆွန်ရီအဖွဲ့သားများဖြစ်ကြ၍ ဘာသာအယူဝါဒကို တိုက်ဖျက်စစ်ခင်းနေသောဗဟိုအဖြစ် ရပ်တည်နေကြသည်။

ဤအချက်နှင့်ပတ်သက်၍ အနီးဆုံးအတွေးအခေါ်ရှင်များမှာ ပြင်သစ်တော်လှန်ရေး၏ ရှေ့ပြေးများဖြစ်ကြသည့် ပြင်သစ်ပညာရှင်များဖြစ်ကြ၏။ ထိုပုဂ္ဂိုလ်များသည် ဘာသာအယူဝါဒအာဏာပိုင်များကို ပြင်းပြင်းထန်ထန်ဝေဖန်ရှုတ်ချကြသည်သာမက၊ ဘာသာအယူဝါဒကိုအကြမ်းဖက်၍ဆန့်ကျင်ရန်လှုံ့ဆော်ဆွပေးခဲ့ကြလေသည်။ ၎င်းတို့အနက် ရုပ်ဝါဒ၏သမ္မာကျမ်းဟုပင်ခေါ်ဝေါ်ကြသော သဘာဝစနစ် (The System of Nature)ဟူသော စာအုပ်ကိုရေးသားခဲ့သူ ဒီဒါရွတ် (Diderot), ရုပ်ဝါဒကို လိုက်လိုက်လဲ့လဲ့ယုံကြည်ထွေးပိုက်ထား၍ဘာသာရေးကိုအပြင်းအထန်ဆန့်ကျင်သူ ဗိုလတေ (Voltaire), အစွန်းရောက်ရုပ်ဝါဒီဖြစ်သူ မွန်တက်စ်ကြူ(Montesquieu), မိမိ၏သီးခြားဘာသာအယူဝါဒကိုတည်ထောင်ခဲ့သော ဂျင်းဂျက်ရူးဆိုး (Jean-Jacques Rousseau) တို့အပြင် စွယ်စုံကျမ်းများကိုရေးသားသူများအားလုံးတို့သည် ဘာသာရေးကိုဆန့်ကျင်ရာတွင် အလွန်တက်ကြွဖောသန်ခဲ့ကြသူများဖြစ်ကြပါသည်။ တူရကီမေဆွန်ရီ၏အာဘောင်အာရင်းဖြစ်သော မီနာရ်ဆီနန် *(Minar Sinan)* မဂ္ဂဇင်းက ၎င်းတို့အကြောင်း အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

> ၁၇၈၉ ခုနှစ် ပြင်သစ်တော်လှန်ရေးကို မေဆွန်အတွေးအခေါ်ရှင်များက ပြင်ဆင်ပေးခဲ့ကြပါသည်။ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် သဟာယစိတ်ဓါတ်များပါဝင်သည့်လူ့အခွင့်အရေး ကြေငြာစာတမ်းသည် ကျွန်ုပ်တို့၏ဆရာသခင်များဖြစ်ကြသော မွန်တက်စ်ကြူ၊ ဗိုလတေ၊ ရူးဆိုနှင့် ဒီဒါရွတ်တို့၏ ရှေ့ဆောင်လမ်းပြအားပေးလှုံ့ဆော်မှုတို့ကြောင့် ရေးသားနိုင်ခဲ့ခြင်းဖြစ်ပေသည်။[၂၂]

တူရကီနိုင်ငံတွင် ထုတ်ဝေသောမေဆွန်မဂ္ဂဇင်းတွင် အောက်ပါကဲ့သို့ရေးသားထားသည်ကို ထပ်မံတွေ့ရှိရပေသည်။

> ပြင်သစ်တော်လှန်ရေးကြီးဖြစ်ပေါ်လာစေသော ပြင်သစ်နိုင်ငံရှိပဒေသရာဇ်စံနစ်ကို ဖြုတ်ချနိုင်ခဲ့ခြင်း၏ ရှေ့ပြေးများသည်လည်း မွန်တက်စ်ကြူ၊ ဗိုလတေ၊ ဂျေဂျေရူးဆိုး၊ ရုပ်ဝါဒ ခေါင်းဆောင် ဒီဒါရွတ်နှင့် သူ၏အနားတွင်ဝိုင်းရံနေခဲ့ကြသည့် စွယ်စုံကျမ်းပြုစုသူများအားလုံးသည် မေဆွန်များဖြစ်ကြပါသည်။[၂၃]

ရုပ်ဝါဒနှင့်ဘာသာအယူဝါဒဆန့်ကျင်ရေးသည် ပြင်သစ်တော်လှန်ရေးနှင့်တဆက်တည်း ၁၉ ရာစုနှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ရောက်ခဲ့လေသည်။ ၎င်းတို့၏ခေါင်းဆောင်များသည်လည်း မေဆွန်ရီအခြေခံရှိသူများချည်းဖြစ်ကြကြောင်းကို တွေ့ရှိရပြန်ပါသည်။

ထို့ထက်မက ၎င်းပုဂ္ဂိုလ်များတွင် ဂျူးလူမျိုးအမြောက်အများပါဝင်နေသည်ကိုလည်း တွေ့ရပြန်၏။ ဂျူးလူမျိုးတို့သည် မေဆွန်ရီတို့နှင့် မဟာမိတ်ဖွဲ့၍ ခရစ်ယာန်နှင့်အစ္စလာမ်ကဲ့သို့သော မိုးကျဘာ

သာအယူဝါဒများကို အားနည်းသွားအောင်ကြိုးပမ်းရင်း၊ အတွေးအခေါ်အရ ရုပ်ဝါဒကမ္ဘာ့အမြင်တစ်မျိုးတည်းကိုသာလက်ကိုင်ထားရန် အပြန်အလှန်အကျိုးပြုကြလေသည်။

## ဆိုရှယ်လစ်ဝါဒ၏ နောက်ကွယ်တွင်
## Behind the Scenes of Socialism

၁၇၇၆ ခုနှစ်တွင် ဂျာမနီနိုင်ငံတောင်ပိုင်း ဘာဗားရီးယား၌ တစ်မူထူးခြားသောအသင်းတစ်သင်းပေါ်ပေါက်ခဲ့လေသည်။ ထိုအသင်းကို "Iluminati"(ဉာဏ်အလင်းပွင့်သူများ) ဟုခေါ်တွင်၍ တည်ထောင်သူမှာ အာဒမ်ဝေရှော့ပ် (Adam Weishaupt)အမည်ရှိသော ဥပဒေပါမောက္ခတစ်ဦးဖြစ်လေသည်။ ထိုအသင်းသည် အချက်နှစ်ချက်ကြောင့် စိတ်ဝင်စားဖွယ်ကောင်းလေသည်။ အလွန်လျို့ဝှက်သည့်အသင်းဖြစ်ခြင်းက တစ်ချက်ဖြစ်၍ နောက်တစ်ချက်မှာ အလွန်ကြီးကျယ်သော နိုင်ငံရေးရည်ရွယ်ချက်ရှိခြင်းဖြစ်သည်။ ဝေရှော့ပ် ရေးသားခဲ့သော အသင်း၏ပရိုဂရမ်တွင်၊ ၎င်းအသင်း၏အခြေခံလုပ်ငန်းနှစ်ရပ်ကို တွေ့ရှိရပေသည်။

၁။ ဘုရင်စနစ်နှင့်အတူ စနစ်တကျဖွဲ့စည်းထားသောအစိုးရအားလုံးကို ဖျက်သိမ်းပစ်ရန်၊

၂။ မိုးကျဘာသာအယူဝါဒအားလုံးကို ဖျက်သိမ်းပစ်ရန်၊ စသည်တို့ဖြစ်လေသည်။

ထိုအသင်း၏ ဘာသာအယူဝါဒနှင့်ပတ်သက်သည့် သဘောထားမှာ အလွန်ခက်ထန်စွာဆန့်ကျင်လေသည်။ အင်္ဂလိပ်သမိုင်းပါရဂူ မိုက်ကယ်ဟိုးဝါဒ်၏အဆိုအရ ဝေရှော့ပ်သည် ရှိရှိသမျှ မိုးကျဘာသာအယူဝါဒအားလုံးကို ဝမ်းတွင်းပါမုန်းတီးမှုရှိသည်ဟုဆိုလေသည်။[၂၄]

ထိုအသင်းသည် မေဆွန်အသင်းခွဲတစ်မျိုးသာဖြစ်ခဲ့လေသည်။ ဝေရှော့ပ်သည် ဝါရင့်မေဆွန်ရီအဖွဲ့ဝင်တစ်ဦးဖြစ်၍၊ ထိုအသင်းကိုလည်း မေဆွန်ရီအဖွဲ့၏ စည်းရုံးရေးပုံစံအတိုင်း စည်းရုံးဖွဲ့စည်းခဲ့လေသည်။ ၁၇၈၀ ခုနှစ်တွင် ထိုဉာဏ်အလင်းပွင့်သူများအသင်း(အီလူမီနာတီအသင်း)သည် အံ့မခန်းလောက်အောင်ကြီးထွားလာခဲ့၏။ ဂျာမန်မေဆွန်ရီလောကတွင် အကြီးကျယ်ဆုံးသော မေဆွန်ရီအဖွဲ့သားတစ်ဦးဖြစ်သူ ဘေရွန် ဗွန်နစ်ဂ်၏ပါဝင်ဆောင်ရွက်မှုကြောင့် ထိုအသင်း၏ဩဇာအာဏာသည် တဟုန်ထိုးကြီးထွားကျော်ကြားလာခဲ့လေသည်။ ဝေရှော့ပ်နှင့် နစ်ဂ်တို့သည် ဂျာမန်နိုင်ငံတွင် တော်လှန်ရေးဆင်နွှဲရန် အစီအစဉ်များချမှတ်ကြလေသည်။ ထိုတော်လှန်ရေးအစီအစဉ်များသည် အမည်မှလွဲ၍ ကျန်အားလုံးမှာ ဆိုရှယ်လစ်လမ်းစဉ်သာဖြစ်လေသည်။ ဂျာမန်အစိုးရက သူတို့၏ ခြေလှမ်းကို ရိပ်မိသွားသဖြင့် ဝေရှော့ပ်နှင့် နစ်ဂ်တို့က ဆင်ဆင်ခြင်ခြင် ချင့်ချိန်၍ ယင်းအသင်းကို ဖျက်သိမ်းပစ်ပြီး သူတို့၏လုပ်ငန်းများကို သာမန်မေဆွန်ရီအဖွဲ့ခွဲများတွင် ပေါင်းစည်းလိုက်ကြလေသည်။ ၁၇၈၂ ခုနှစ်တွင်ထိုသို့ပူးပေါင်းခဲ့ကြသည်။

ဂျာမနီနိုင်ငံ၌ ၁၈၀၀ ခုနှစ်များ၏အစပိုင်းတွင် ထိုအီလူမီနာတီစည်းမျဉ်းစည်းကမ်းနှင့် လုပ်ငန်းများကို ပြန်လည်အကောင်အထည်ဖော်ရန် နောက်ထပ်အသင်းသစ်တစ်ခုကို တည်ထောင်ခဲ့ကြ၏။ ထိုအသင်း၏အမည်မှာ "ဖြောင့်မတ်သူများအသင်း"(Society of the Honest Ones) ဟုခေါ်သည်။ နောင်တွင် ၎င်းအသင်းကို "ကွန်မြူနစ်များအသင်း"(Society of Communists)ဟု ပြောင်းလဲခေါ်တွင်လိုက်သည်။ ထိုအသင်း၏ ခေါင်းဆောင်က အသင်းအတွက်နိုင်ငံရေးအစီအစဉ်ဆွဲလိုသဖြင့် ပညာရှင်နှစ်ဦးကို ဖိတ်ခေါ်၍ တာဝန်ပေးလိုက်လေသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးမှာ ကားလ်မာက္ခ်နှင့် ဖရက်ဒရစ်အင်ဂျဲလ်တို့ဖြစ်ပေသည်။ သူတို့နှစ်ဦးက ကွန်မြူနစ်ကြေငြာစာတမ်း (Communists Manifesto)ကို ရေးသားခဲ့လေသည်။ ထိုကြေငြာစာတမ်း၏ အကျော်ကြားဆုံးယုံကြည်ချက်မှာ "ဘာသာရေးသည် လူအများအတွက် ဘိန်းဖြစ်သည်"ဟူသောအချက်ဖြစ်ပေသည်။ ထိုကြေငြာ စာတမ်းတွင် စံနမူနာတင်အပ်သော "လူတန်းစားမဲ့လူ့အဖွဲ့အစည်း"တည်ဆောက်နိုင်ရန်အတွက် ဘာသာရေးယုံကြည်မှုကိုဖျက်သိမ်းပစ်ရန် ဦးစွာလိုအပ်သည်ဟုဆိုထား၏။ သို့မှသာလျှင် လူ့လောကကြီးကိုကယ်တင်နိုင်လိမ့်မည်ဟုဆို၏။ မာက္ခ်နှင့်အင်ဂျဲလ်နှစ်ဦးစလုံးသည် ဂျူးလူမျိုးများဖြစ်ကြသည်ကို မှတ်သားသင့်ပါသည်။

ထိုအချိန်မှစ၍ စောစောပိုင်းဆိုရှယ်လစ်လှုပ်ရှားမှုများတွင် မေဆွန်ရီအဖွဲ့ဝင်များနှင့် ဂျူးလူမျိုးတို့က စိုးမိုးခဲ့ကြလေသည်။ ဆိုရှယ်လစ်လှုပ်ရှားမှုတွင် ထင်ရှားကျော်ကြားသော ဂျူးလူမျိုးနှင့် မေဆွန်ရီ အဖွဲ့ဝင်အချို့ကိုဖော်ပြရသော်၊

*ဖါဒီနန် လာဆာလေ* **(Ferdinand Lasalle):** လာဆာလေသည် မာက့်စ်၏ရင်းနှီးသောသူငယ်ချင်း ဖြစ်သည်။ ကွန်မြူနစ်အာဏာရှင်စနစ်တော်လှန်ရေးကို ကာကွယ်ထောက်ခံခဲ့၏။

*ဗစ်တာအက်ဒလာ* **(Victor Adler):** အင်ဂျဲလ်၏ညာလက်ရုန်းဖြစ်သည်။ ကွန်မြူနစ်ဝါဒဖြန့်ဖြူး ရေးအတွက် အချိန်အတော်ကြာကြာ ဟောပြောခဲ့လေသည်။ သူ၏သား ဖရက်ဒရစ် အက်ဒလာမှာ သြစတြီးယားကွန်မြူနစ်ခေါင်းဆောင်ဖြစ်လာသည်။

*မိုးဇက်ဟဲစ်* **(Moses Hess):** ဘာသာရေးအလွန်ကိုင်းရှိုင်းသောဂျူးအိမ်ထောင်စုမှပေါက်ဖွားလာသူ ဖြစ်သည်။ ဟဲစ်သည်ဆိုရှယ်လစ်ဝါဒီတစ်ဦးဖြစ်ပြီး၊ မာက့်စ်၏ရင်းနှီးသောသူငယ်ချင်းဖြစ်သည်။ သူ သည်အလွန်တက်ကြွသောဇိုင်အိုနစ်ဝါဒီတစ်ဦးလည်းဖြစ်သည်။ *ရောမမြို့နှင့်ဂျေရုဆာလင်* ဟူသော စာအုပ်ကိုရေးသား၍ ဥရောပတိုက်တွင်ဇိုင်အိုနစ်ဝါဒလှုပ်ရှားမှုကို အစပျိုးခဲ့သူဖြစ်၍၊ ပါလက်စ တိုင်းနိုင်ငံတွင် အစ္စရေးလ်နိုင်ငံတည်ထောင်ရေးအတွက်ကြိုးပမ်းခဲ့သူဖြစ်၏။ သူ၏ဘဝတလျှောက် တွင် ဒါဝင်၏အီဗိုလူးရှင်းသီအိုရီကို အပြင်းအထန်ကာကွယ်ခဲ့သူလည်းဖြစ်သည်။

*ဂျိုဂျီလူကက်စ်* **(Gyogy Lukacs):** ချမ်းသာကြွယ်ဝသော ဂျူးလူမျိုးအိမ်ထောင်စုမှမွေးဖွားလာသူ ဖြစ်သည်။ လူကက်စ်သည် ကွန်မြူနစ်ဝါဒကို ထောက်ခံအားပေးသောစာအုပ်အမြောက်အများရေး သားခဲ့လေသည်။ သူသည် လူငယ်များအကြားတွင် ကွန်မြူနစ်ဝါဒဖြန့်ဖြူးပေးခဲ့သည်။ ဟန်ဂေရီ နိုင်ငံတွင် ကွန်မြူနစ်တော်လှန်ရေးအာဏာတည်ဆောက်ရာတွင် အဓိကနေရာတွင်ပါဝင်ဦးဆောင်ခဲ့ သူဖြစ်သည်။

*ဗလာဒီမီရ် အိုင် လီနင်* **(Vladimir I. Lenin):** ရုရှားနိုင်ငံ ဗိုလရှီဗစ်လှုပ်ရှားမှုခေါင်းဆောင်အများစု ကဲ့သို့ လီနင်သည်လည်း ဂျူးလူမျိုးတစ်ဦးဖြစ်ပေသည်။ လီနင်သည် ကမ္ဘာပေါ်တွင် သွေးထွက်သံယို အများဆုံးဖြစ်သောအာဏာရှင်စနစ်အစိုးရတည်ဆောက်သူများအနက် တစ်ဦးဖြစ်သည်။

*ဟားဘတ်မာကြူးစ်* **(Herbert Marcuse):** ဂျူးဘာသာဝင် အိမ်ထောင်စုမှမွေးဖွားလာသည်။ ဟား ဘတ်မာကြူးစ်သည် မာက့်စ်ဝါဒကို ပြန်လည်အဓိပ္ပါယ်ဖော်ပြီး ၁၉၆၈ ခုနှစ် ကျောင်းသားဆူပူထကြွ ရေးအတွက် အခြေခံမှုများကို ချမှတ်ထားပေးခဲ့သူဖြစ်သည်။ တက္ကသိုလ်ကောလိပ်ကျောင်းများတွင် လက်ဝဲလှုပ်ရှားရေးများကိုဖြန့်ဖြူးပြီး ဝရုန်းသုန်းကားမင်းမဲ့အတွေးအခေါ်ကို တီထွင်ဖန်တီးပြီး မ ရေမတွက်နိုင်သောအသက်များသေဆုံးစေခဲ့သည့်အပြင် ဆက်လက်၍လည်းအသက်သေဆုံးစေနေ သေးသူဖြစ်သည်။

## အတွေးအခေါ်နှင့် နောက်ကွယ်တွင်ဝှက်ထားသောအစီအစဉ်
## A Philosophy and its Hidden Agenda

အတွေးအခေါ်များ၏သမိုင်းများကို လေ့လာသောအခါ၊ ထင်းရှားကျော်ကြားသော ဘုရားမဲ့ဝါဒီနှင့် ဘာသာအယူဝါဒကိုဆန့်ကျင်သည့်အတွေးအခေါ်ရှင် အမြောက်အမြားတို့သည် မေဆွန်ရီအဖွဲ့ဝင်များ ဖြစ်ကြလေသည်။ ၎င်းတို့အနက် ဒေးဗစ်ဟူးမ်(David Hume)၊ ဟိုလဘက်(Holbach)၊ ချယ်လင် (Schelling)၊ ဂျွန်စတွတ်မီလ်(John Stuat Mill)၊ သြဂတ်စတေ ကောမ်တေ(Auguste Compte)၊ မားကွီစ် ဒီ ဆာဒေ(Marquis de Sade) စသည့်အတွေးအခေါ်ရှင်များအပြင်၊ အီမိုင် ဒတ်ဟင် (Emile Durkheim)၊ ဖါဒီနန် တွန်နီ (Ferdinand Tonnies)၊ ဟားဘတ်စပင်ဆာ (Herbert Spencer)၊ စိဂ်မွန် ဖရူ (Sigmund Freud)၊ ဟင်နရီဘာဂ်ဆန် (Henry Bergson)၊ အီရစ် ဖရွန် (Eric Fromm)၊ စသည့် လူမှုရေးသိပ္ပံပညာရှင်များလည်း ပါဝင်ကြလေသည်။ ၎င်းတို့အားလုံးသည် ဂျူးလူမျိုးများ ဖြစ်ကြ၍၊ လူတွေကို ဘာသာအယူဝါဒမှခွဲခွာသွားစေပြီး၊ ဘာသာရေးလုံးဝမပါသည့် လူမှုရေးနှင့် ကိုယ်ကျင့်တရားစည်းမျဉ်းများကို တည်ဆောက်ကြသူများဖြစ်လေသည်။ ထို့ကြောင့် ချားလ်စ်ဒါဝင် နှင့် သူ၏အမြင်သည် ထိုပုဂ္ဂိုလ်များအတွင်း လိုလိုလားလားလက်ခံကြ၍ ဦးထိပ်ထားခြင်းခံရသည် ကို နောက်ထပ်အထူး ပြောနေစရာပင် မလိုတော့ပေ။

ထိုကဲ့သို့ မိစ္ဆာဒိဋ္ဌိရုပ်ဝါဒီအတွေးအခေါ်ရှင်များနှင့် အခြားထောင်နှင့်ချီသောအတွေးအခေါ်ရှင်များက တီထွင်ဖေါ်ထုတ်သော အတွေးအခေါ်များသည်၊ အချို့သောနိုင်ငံရေးနှင့် လူမှုရေးအကျိုးအမြတ်ရှိနေပေသည်။ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်ကြခြင်းအကြောင်းရင်းမှာ၊ ဘာသာအယူဝါဒနှင့်ပတ်သက်၍ မညီမသာဖြစ်နေကြခြင်းကြောင့်တည်း။ အလ္လာဟ်အရှင်မြတ်၏အမှန်တရားကို ငြင်းပယ်ကြခြင်းမှာ သူတို့ကိုယ်စားပြုနေသောအသိုင်းအဝိုင်း၏အကျိုးအမြတ်ကိုဆန့်ကျင်နေသည့်အပိုင်းရှိနေသောကြောင့်လည်းဖြစ်ပေသည်။ သူတို့ကိုထောက်ခံမှုရရှိရန်အတွက် ဘုရားမဲ့ဝါဒကိုပြန်လည် ဖေါ်ထုတ်နေကြခြင်းဖြစ်သည်။

ထို့ကြောင့် အလ္လာဟ်အရှင်မြတ်တည်ရှိနေခြင်း၏ သာဓကေလက္ခဏာများကို မမြင်နိုင်ကြခြင်းဖြစ်ပေသည်။ သို့မဟုတ် ၎င်းသာဓကေ လက္ခဏာများကိုတမင်တကာ မမြင်လိုခြင်းလည်းဖြစ်နိုင်၏။ ထိုအုပ်စုသည် အလ္လာဟ်အရှင်မြတ်တည်ရှိနေခြင်းကိုမယုံကြည်စေရန် အပြင်းအထန်ကြိုးပမ်းကြရင်းသူတို့၏ အယူဝါဒကိုသာ အများပြည်သူတို့တွင် အတင်းဖြန့်ဖြူးကြလေသည်။ နောက်ဆုံးတွင် လူသားများက အလ္လာဟ်အရှင်မြတ်၌ သက်ဝင်ယုံကြည်ခြင်းမရှိတော့ခြင်း၊ သို့မဟုတ် မေ့လျော့လိုက်ခြင်း ဖြစ်လာလေသည်။ ယင်းအဖြစ်နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ် စူရာအတ်တောင်ဘာ ၉း၆၇ တွင်ပြဆိုထားပေသည်။

ထို့ကြောင့် လူအများအားဖြင့် သူတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှကင်းလွတ်၍နေနိုင်ကြသည်ဟု အထင်ဖြင့် သူတို့၏ဘဝအချိန်အများစုတွင် အလ္လာဟ်အရှင်မြတ်ကို ချီးမွမ်းထောမနာ မပြုဘဲနေခဲ့ကြလေသည်။ သို့သော်လည်း ထို "အကျိုးယုတ်သော" အုပ်စု၏ လိမ်လည်မြူဆွယ်ခြင်းကို လက်မခံရန် သတိမူရန်အရေးကြီးပေသည်။ အဘယ့်ကြောင့်ဆိုသော် လူသားအများစုသည် မယုံကြည်သူများဖြစ်ချေသည်ဟု အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ဆိုထားပေသည်။ (စူရာ အန်ရအဒ်၁၃း၁)။ ယင်းကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်သည်အောက်ပါကုရ်အာန်အာယသ်တော်တွင် တိုက်တွန်းနှိုးဆော်ထားပေသည်။

> **စင်စစ်သော်ကား အကယ်၍သာ အသင်သည် ကမ္ဘာမြေဝယ်ရှိ မြောက်မြားစွာသောသူတို့၏ စကားကို လိုက်နာခဲ့မူ၊ ထိုသူတို့သည် အသင့်အား အလ္လာဟ်အရှင်မြတ်၏ လမ်းမှ လွဲချော်မှောက်မှားစေကြကုန်အံ့။**
>
> **၎င်းတို့သည် ထင်မြင်ချက်မှအပ အခြားမည်သည့်ကိုမျှ လိုက်နာကြမည်မဟုတ်ပေ။ စင်စစ်သော်ကား ထိုသူတို့သည် ရမ်းဆလိမ်လည်ပြောဆိုသူများသာဖြစ်ကြချေသတည်း။**
> (စူရာအလ် အန်အာမ် ၆း၁၁၆)။

(အသေးစိတ်အကြောင်းအရာများကို ဟာရွန်ယဟ်ယာရေးသော *မေဆွန်အဖွဲ့အစည်းသစ်* ဟူသောစာအုပ်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်)။

# အလ္လာဟ်အရှင်မြတ်ကိုမယုံကြည်သော လူ့အဖွဲ့အစည်းပုံစံ၏ အန္တရာယ်များ
# The Harms of a Society Model with no Belief in Allah

လူသားတို့ကို ၎င်းတို့၏ပင်ကိုအနေအထား ‘သဘာဝဓမ္မ’ အတိုင်းဖန်ဆင်းထားကြောင်း အလ္လာဟ် အရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်၌ပြဆိုထားတော်မူ၏။ **“အသင်လူသားသည် လူသားအား အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူခဲ့သော သဘာဝဓမ္မနှင့်အညီ မိမိ၏မျက်နှာကို ဒီန်သာသနာအပေါ်၌ အာရုံစူးစိုက်လျက် ခိုင်ခံ့တည်တံ့စွာထားရှိပါလေ။** (စူရာ အလ်ရူးမ် ၃၀း၃၀”။ လူသား၏ပင်ကိုအနေအထားသည် အလ္လာဟ်အရှင်မြတ်ကို အားကိုးအားထား၍ ခယရိုကျိုးယုံကြည်ရန်ဖြစ်၏။ လူသားသည် မိမိ၏လိုအင်ဆန္ဒကို ထိန်းကွပ်ချုပ်တည်းနိုင်သူမဟုတ်သောကြောင့် အလ္လာဟ်အရှင်မြတ်က အမျက်တော်မရှမီ အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ မျက်နှာလှည့်၍ ခယရိုကျိုးကြရန် လိုအပ်ပေသည်။

လူတစ်ဦးချင်းသည် ထိုပင်ကိုအနေအထားသဘာဝဓမ္မအတိုင်းနေထိုင်ပါက၊ ထိုသူသည် မှန်ကန်သော စိတ်ချယုံကြည်ခြင်း၊ မှန်ကန်သောငြိမ်းချမ်းသာယာမှု၊ မှန်ကန်သောပျော်ရွှင်မှုနှင့် ကယ်တင်ခံရခြင်း ရှိလိမ့်မည်။ ထိုသဘာဝဓမ္မကိုငြင်းပယ်၍ အလ္လာဟ်အရှင်မြတ်ထံတော်ပါးမှ ဝေးကွာသွားပါက၊ ဘဝတစ်ခုလုံးတွင် ပူပန်သောကရောက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ကြောင့်ကြခြင်း၊ ပူဆွေးခြင်းများဖြင့်သာ ပြည့်နေပေလိမ့်မည်။

ဤအချက်များသည် လူသားတစ်ဦးချင်းအတွက်လည်းမှန်ကန်သကဲ့သို့၊ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်လည်း မှန်ကန်ပေသည်။ အကယ်၍ လူ့အဖွဲ့အစည်းတစ်ခုသည်၊ အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်သူများဖြင့်ပြည့်နေပါက၊ ထိုလူ့အဖွဲ့အစည်းအတွင်း၌ တရားမျှတမှုရှိ၍ ငြိမ်းချမ်းသာယာပျော်ရွှင်စွာဖြင့် အမြော်အမြင်နှင့်လည်း ပြည့်စုံနေလိမ့်မည်။ ၎င်း၏ဆန့်ကျင်ဘက်အနေအထားသည်လည်း အမှန်တကယ်ဖြစ်လိမ့်မည်။ အကယ်၍ လူ့အဖွဲ့အစည်းတစ်ခုသည် အလ္လာဟ်အရှင်မြတ်ကိုမသိပါက၊ ထိုလူ့အဖွဲ့အစည်းသည် ပျက်စီးယိုယွင်းခြင်း၊ ဖေါက်ပြန်ခြင်းနှင့် စနစ်မကျဗရမ်းဗဒါဖြစ်ခြင်းဖြင့် ပြည့်နက်နေလိမ့်မည်။

အလ္လာဟ်အရှင်မြတ်ထံတော်ပါးမှ မျက်နှာလွှဲ၍ထွက်ခွာသွားကြသော လူ့အဖွဲ့အစည်းများကို လေ့လာကြည့်သောအခါ၊ အထက်တွင်ဖေါ်ပြသည့်အခြေအနေများကို အမှန်တကယ်တွေ့မြင်ရပေသည်။ ဘာသာအယူဝါဒကိုပစ်ပယ်သည့်အတွေးအခေါ်၏ အရေးကြီးဆုံးရလဒ်မှာ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားကို ဖျက်သိမ်းပစ်သည့်အပြင် လုံးဝဖေါက်ပြန်သော လူ့အဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်းပင်ဖြစ်၏။ ဘာသာရေးနှင့်ကိုယ်ကျင့်တရား၏ကန့်သတ်မှုနယ်ပယ်ကို ကြူးကျော်ခြင်း၊ မနုသလူသားတို့၏အလိုဆန္ဒရမက်ကိုသာအရေးပေးခြင်း စသည်တို့သည် အစွန်းရောက်အောင် ဖိနှိပ်ချုပ်ချယ်သည့်အဆင့်သို့ ရောက်စေလေသည်။ ထိုကဲ့သို့သောစနစ်တွင် မလျော်ကန်သောကာမဆက်ဆံရေးများနှင့် မူးယစ်ဆေးဝါးသောက်သုံးခြင်းများကို အားပေးခြင်းကြောင့် အရာရာတွင်ဆုတ်ယုတ်မှုရှိသည်ကို တွေ့ရ၏။ နောက်ဆုံးတွင် လူသားဆန်သောချစ်ခြင်းမေတ္တာကင်းမဲ့ခြင်း၊ တစ်ကိုယ်ကောင်း အတ္တစိတ်သာရှိကြခြင်း၊ ဘဝကိုတိမ်တိမ်မှုသာတွေးကြခြင်းနှင့် အဓိပ္ပါယ်ကင်းမဲ့ခြင်းတို့သာလျှင်ကြီးထွားလျက်ရှိ၏။

မိမိ၏လိုဘကိုသာဖြည့်စွမ်းရန်နေထိုင်ဆက်ဆံနေကြသည့် လူ့အဖွဲ့အစည်းတွင်၊ ငြိမ်းချမ်းသာယာမှု၊ ချစ်ခြင်းမေတ္တာနှင့်ချစ်ကြည်ရေးတို့ကို ထိန်းသိမ်းထားနိုင်ရန်မဖြစ်နိုင်ချေ။ ထိုကဲ့သို့သော လူ့အဖွဲ့အစည်းတွင် လူသားအချင်းချင်း၏ဆက်ဆံရေးသည် အပြန်အလှန်အကျိုးသက်ရောက်မှုအပေါ်သာလျှင်မူတည်နေပေသည်။ တစ်ဦးကိုတစ်ဦးယုံကြည်မှုမရှိဘဲ သင်္ကာမကင်းစိတ်က အလွန်အမင်း ကြီး

စိုးနေလိမ့်မည်။ တစ်ဦးနှင့်တစ်ဦးရိုးသားဖြောင့်မတ်မှုမရှိဘဲ တစ်ဦးနှင့်တစ်ဦးယုံကြည်စိတ်ချခြင်း မရှိတော့သည့်အပြင် ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံနေကြရန်အကြောင်းမရှိတော့သည့် အခြေအနေ ရောက်သည်နှင့်တပြိုင်တည်း၊ ဟန်ဆောင်နေခြင်းပင်ရှိနိုင်တော့မည် မဟုတ်ပေ။ ထိုသို့သော လူ့ အဖွဲ့အစည်းမှပုဂ္ဂိုလ်များသည် အလ္လာဟ်အရှင်မြတ်ကို “မထီမဲ့မြင်ပြု၍ ဝိုင်းပယ်ထားကြသည့်”အ ကြောင်းနှင့် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်းလုံးဝမရှိကြကြောင်းကို ကုရ်အာန်ကျမ်းတော် မြတ်(စူရာ ဟူဒ် ၁၁း၉၂)တွင်ပြဆိုထားပေသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ကို မှန်ကန်စွာ ဆင်ခြင်ခန့်မှန်းခြင်းမပြုနိုင်ကြသဖြင့် နောက်ဆုံးနေ့တရားစီရင်ခြင်းခံရမည့်အချက်ကိုလည်း သတိ မထားကြတော့ပေ။ သူတို့အတွက် ငရဲဟူသည် ဘာသာရေးကျမ်းဂန်များတွင်ရေးသားထားသည့် အယူအဆတခုဖြစ်ခြင်းထက် ပို၍ထူးခြားမှုမရှိချေ။ သေလွန်ပြီးနောက် အလ္လာဟ်အရှင်မြတ်ရှေ့ မှောက်တွင်၊ ကမ္ဘာပေါ်တွင်အသက်ရှင်နေစဉ်က သူတို့လုပ်ခဲ့သော မကောင်းမှုဒုစရိုက်အပြစ်များနှင့် ပတ်သက်၍ အဖြေပေးရမည်ကို ထိုသူတို့အနက် မည်သူတစ်ဦးတစ်ယောက်ကမျှမစဉ်းစားမိချေ။ အ ပြစ်ဒုစရိုက်ကြူးလွန်ခြင်းအတွက် ငရဲတွင်ဒုက္ခခံစားကြရမည်ကိုလည်း စဉ်းစားမိကြမည်မဟုတ်ချေ။ စဉ်းစားမိကြသူတို့လည်း သူတို့၏အပြစ်ဒုစရိုက်များအတွက် ပြစ်ဒဏ်ခံပြီးနောက် ဂျန္နတ်သုခဘုံသို့ ဝင်ခွင့်ရကြလိမ့်မည်ဟု ထင်ကြလေသည်။ ထိုအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ဆို ထားပေသည်။

> ဤ(ကဲ့သို့ တရားဒေသနာတော်များကို သွေဖည်ကျောခိုင်းဝံ့ခြင်း)**အကြောင်းမှာကား ထိုသူ တို့က ငရဲမီးသည် ငါတို့အား ရေတွက်ထားသောနေ့ရက်(အနည်းငယ်)မှအပ အလျင်းထိ ရောက်မည်မဟုတ်ဟု ပြောဆိုနေခြင်းကြောင့်ပင်တည်း။ စင်စစ်သော်ကား ၎င်းတို့၏သာ သနာရေးနှင့် စပ်လျဉ်း၍ ၎င်းတို့ကိုယ်တိုင် လီဆယ်လုပ်ကြံဖန်တီးထားသောအချက်များက ပင် လှည့်ပတ်ဖြားယောင်းထားလေသည်။** (စူရာ အာလေ့အိမ်ရာန်–၃း၂၄)။

ထို့ကြောင့် သူတို့၏ဘဝသက်တန်းတွင် သူတို့၏အလိုဆန္ဒအာသာရမက်ကိုသာ ဖြည့်တင်းရန် ကြိုး ပမ်းနေကြခြင်းဖြစ်၏။

ထိုကဲ့သို့သောအခြေအနေများကြောင့် ယနေ့မျက်မှောက် လူ့အဖွဲ့အစည်းများအတွင်း ကိုယ်ကျင့်တ ရားပျက်စီးယိုယွင်းနေသည်ကို တွေ့မြင်နေကြရခြင်းဖြစ်ပေသည်။ သူတို့က “ဒီကမ္ဘာမှာ ဒီတစ်သက် ဒီတစ်ခါဘဲရောက်လာတာ၊ နှစ် ၅၀–၆၀ လောက်ဘဲအသက်ရှင်နေနိုင်ကြမယ်။ အကောင်းဆုံးတွေ ကိုဘဲရယူကြမယ်။” ဟုဆိုကြ၏။ ထိုကဲ့သို့တွေးတောခြင်းကပင်၊ မတရားမှုများ၊ ပြည့်တန်ဆာ လုပ်ငန်းများ၊ ခိုးဆိုးတိုက်ခိုက်လုယက်မှုများ၊ ရာဇဝတ်မှုကြူးလွန်ခြင်းများနှင့် အကျင့်စာရိတ္တပျက် ပြားမှုများ ဖြစ်ပေါ်လာစေတော့သည်။ ထိုမှတဆင့် အခြားသောရာဇဝတ်မှုများ၊ လိမ်လည်မှုများနှင့် လူသတ်မှုများ ဆက်လက်ဖြစ်ပေါ်လာလေသည်။ လူတိုင်းက မိမိ၏လိုဘလိုအင်ဆန္ဒသာလျှင်အရေး ကြီးသည်ဟုထင်ကြသည်နှင့်အမျှ၊ မိမိ၏အိမ်ထောင်၊ မိသားစု၊ သူငယ်ချင်းမိတ်ဆွေသင်္ဂဟတို့ သည် ဒုတိယအပိုင်းတွင်သာရောက်သွားတော့သည်။ ကျန်သည့်မိမိ၏ရပ်ရွာလူ့အဖွဲ့တို့ကမူ မည်သို့ မျှအရေးမပါလာတော့ချေ။

အကျိုးအမြတ်အပေါ်တွင်သာ အများဆုံးမူတည်၍ အပြန်အလှန်မယုံမကြည်သင်္ကာမကင်းဖြစ်နေ သောလူ့အဖွဲ့အစည်းသည် တစ်ဦးချင်းအဆင့်တွင်ရော လူမှုဆက်ဆံရေးအဆင့်တွင်ပါ ငြိမ်းချမ်း သာယာမှုကိုတည်ဆောက်ရာတွင် အဟန့်အတားဖြစ်စေ၏။ ထို့ကြောင့် လူတွေကို အစဉ်အမြဲသံ သယနှင့်သာကြည့်ပြီး စိတ်မငြိမ်မသက်ဖြစ်စေကာ စိတ်တထင့်ထင့်ဖြစ်နေစေလေသည်။ ထိုသို့သော လူ့အဖွဲ့အစည်းတွင်၊ မည်သူက မည်သည့်အချိန် မည်သို့သော ဘေးအန္တရာယ်ပြုလာမည်ကို မသိနိုင် မခန့်မှန်းနိုင်သဖြင့် လူတွေအနေနှင့် အစဉ်ကြောက်ရွံ့ခြောက်ခြားနေရင်း ပရိဒေဝဖိစီး ပူပန်သောက ရောက်နေကြလိမ့်မည်။ ဘဝသည်လည်း ပျော်ရွှင်မှုကင်းမဲ့ပေလိမ့်မည်။ ထိုကဲ့သို့ ကိုယ်ကျင့်တရား ကို ပစ်ပယ်ထားသောလူ့အဖွဲ့အစည်းတွင်၊ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်းကင်းမဲ့ကြသော ကြောင့် မိသားစုအတွင်းစည်းလုံးချစ်ကြည်မှု၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကာယကံ မနောကံ ဝစီကံတို့၌စင်ကြယ်၍ သိက္ခာရှိခြင်း စသည့်ကိစ္စရပ်များမှာ ကြောက်ခမန်းလိလိပျက်စီးယိုယွင်း နေပေသည်။

ထိုကဲ့သို့သောလူ့အဖွဲ့အစည်းတွင် လူ့ဘဝသည် အချင်းချင်းအပြန်အလှန်ချစ်ခင်ခြင်းနှင့် လေးစားခြင်းပေါ်မူတည်ခြင်းမရှိချေ။ တစ်ဦးနှင့်တစ်ဦး ရှိသေလေးစားခြင်းကို ပြသရန်မလိုအပ်ချေ။ မိမိအတွက် အကျိုးရှိသည့်အကြောင်းတစုံတရာမရှိဘဲ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ယုယခြင်းအမူအယာကို ပြသဖော်ထုတ်ခြင်းမရှိကြချေ။ သူတို့၏ ဉာဏ်အမြော်အမြင်ကင်းမဲ့၍ ဆင်ခြင်တုံတရားကင်းမဲ့ခြင်း အရဆိုရသော် သူတို့အနေနှင့်ထိုသို့ပြုမူခြင်းကမှန်နေသည်။ အဘယ့်ကြောင့်ဆိုသော်၊ သူတို့သည် တိရစ္ဆာန်မှပေါက်ဖွားလာကြပြီး ဤကမ္ဘာမှအသက်သေဆုံးသွားသောအခါ သူတို့၏အသက်ဝိညာဉ်သည်လည်း ပျောက်ကွယ်သွားမည်ဟု မွေးကတည်းကသင်ကြားပို့ချခြင်းခံကြရသောကြောင့်ဖြစ် ၏။ သူတို့အတွက်မူ၊ မျောက်ဝံတစ်ကောင်မှဆင်းသက်လာ၍ သေဆုံးသွားသောအခါ၌လည်း မြေကြီးအတွင်း ပုတ်သိုးဆွေးမြေ့သွားခြင်းဖြင့်သာအဆုံးသတ်၍ နောက်ထပ်ဘယ်သောခါမှမတွေ့ရတော့မည့် အသေကောင်ကိုယ်ခန္ဓာတစ်ခုကို လေးစားနေရန် အဓိပ္ပါယ်ကင်းမဲ့နေပေသည်။ သူတို့၏ယုံကြည်ချက်အရ ထွက်လာသောကျိုးကြောင်းဆင်ခြင်ခြင်းသည် အခြားလူများနှင့်အတူ သူတို့ကိုယ်တိုင် သေပြီးနောက်သူတို့၏ကိုယ်ခန္ဓာသည်မြေကြီးတွင်း၌မြုပ်နှံ၍ ပုတ်ဆွေးသွားကာ ဝိညာဉ်သည်လည်းပျောက်ကွယ်သွားပေလိမ့်မည်။ ထို့ကြောင့် အဘယ့်ကြောင့် ကိုယ်ကျိုးစွန့်အနစ်နာခံ၍ အခြားသူအတွက် ကောင်းကျိုးဆောင်ရွက်ရန်လိုအပ်ပါသနည်း? အလ္လာဟ်အရှင်မြတ်တွင်ယုံကြည်မှုမရှိသည့်ပြင်နောင်တမလွန်ဘဝကိုလည်းမယုံကြည်သူတို့၏စိတ်တွင်ယင်းအတွေးအခေါ်သည် မသိမသာစိမ့်ဝင်လျက်ရှိနေပေသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်တွင် ယုံကြည်ခြင်းမရှိသည့်လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းရေး၊ သာယာပျော်ရွှင်မှု သို့မဟုတ် စိတ်ချလက်ချရှိမှုများအတွက် မူဝါဒမရှိနိုင်ချေ။

အထက်တွင် ကျွန်ုပ်တို့တင်ပြခဲ့သည့်ကိစ္စများအားလုံးတွင်၊ "အလ္လာဟ်အရှင်မြတ်ကိုယုံကြည်မှုမရှိသောလူ့အဖွဲ့အစည်း၌ ဆုတ်ယုတ်မှုရှိနေသဖြင့် အလ္လာဟ်အရှင်မြတ်ကိုယုံကြည်ကြရမည်ဟုဆိုလိုခြင်းမဟုတ်ပါ။" အလ္လာဟ်အရှင်မြတ်သည် အစကနဦးကတည်းကတည်ရှိနေခြင်းကြောင့် အလ္လာဟ်အရှင်မြတ်ကို သဘာဝအလျောက်ယုံကြည်ရမည့်တာဝန် ရှိနေပြီးဖြစ်ပါသည်။ ထိုအရှင်မြတ်ကို ငြင်းပယ်သူတို့သည် ကြီးမားသော အပြစ်ဒုစရိုက်ငရဲကိုကြုံးလွန်သူဖြစ်ပေသည်။ ကျွန်ုပ်တို့ဆိုလိုခြင်းမှာ ထိုကဲ့သို့သောလူ့အဖွဲ့အစည်း၏ အခြေခံအမြင်သည်မှားယွင်းနေသည်ကို ပို၍အလေးထားဖော်ပြလိုခြင်းဖြစ်ပါသည်။ အလ္လာဟ်အရှင်မြတ်ကိုငြင်းပယ်ခြင်းတည်းဟူသော အကြီးကျယ်ဆုံးသောအပြစ်ငရဲကိုကြုံးလွန်သည့် လူ့အဖွဲ့အစည်းသည် အဆိုးဆုံးသောအကျိုးဆက်ကိုခံစားကြလိမ့်မည်။ ဤအချက်ကို အလေးထား၍အာရုံစိုက် သတိပြုသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုလူ့အဖွဲ့အစည်းသည် မည်မျှမှားယွင်းနေသည်ကို ထင်ရှားစွာဖော်ပြလျက်ရှိနေပေသည်။

ထိုကဲ့သို့သော လူ့အဖွဲ့အစည်းတို့၌ တွေ့နေကျအင်္ဂါရပ်များမှာ အားလုံးချုံ့လိုက်သော် လိမ်လည်လှည့်ဖြားခြင်းခံနေကြရခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ် စူရာအလ်အန်အာမ် အာယသ်တော် ၁၁၆ ၌ **"စင်စစ်သော်ကား အကယ်၍သာ အသင်သည် ကမ္ဘာမြေဝယ်ရှိ မြောက်မြားစွာသောသူတို့၏စကားကိုလိုက်နာခဲ့မူ၊ ထိုသူတို့သည် အသင့်အား အလ္လာဟ်အရှင်မြတ်၏လမ်းမှ လွဲချော်မှောက်မှားစေကြကုန်အံ့။"** ဟု ဖော်ပြထားသကဲ့သို့ပင်ဖြစ်ကြပေမည်။ ထိုသို့သောလူ့အဖွဲ့အစည်းများတွင်၊ နကိုရှိရင်းစွဲဖြစ်သည့် အလ္လာဟ်အရှင်မြတ်၌မယုံကြည်မှုတွင် "လူအများ" ကို စိတ်ဓါတ်အရထပ်လောင်း၍ လွဲချော်မှောက်မှားစေခြင်းရှိ၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အရှင်မြတ်နှင့် နောင်တမလွန်ဘဝကို သတိမူခြင်းမရှိသည့်လူ့အဖွဲ့အစည်းကို "ပညာဉာဏ်မြော်မြင်မှုကင်းမဲ့" သည့်လူ့အဖွဲ့အစည်းဟု မှည့်ခေါ်ထားပေသည်။ ထိုလူ့အဖွဲ့အစည်းမှပုဂ္ဂိုလ်များသည်၊ ရူပဗေဒဘာသာရပ်၊ သမိုင်း၊ ဇီဝဗေဒ စသည့်သိပ္ပံပညာဘာသာရပ်များကို လေ့လာတတ်မြောက်ကျွမ်းကျင်ကြစေကာမူ၊ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကို သိမြင်နိုင်စွမ်းအသိအမှတ်ပြုနိုင်စွမ်းမရှိခြင်းကြောင့် ဉာဏ်ပညာမြော်မြင်မှု(wisdom)ကင်းမဲ့သည်ဟု ဆိုခြင်းဖြစ်သည်။

ထိုကဲ့သို့ အလ္လာဟ်အရှင်မြတ်ကို မသိသည့်ဉာဏ်ပညာမြော်မြင်မှုကင်းမဲ့သောလူ့အဖွဲ့အစည်းသည် အလ္လာဟ်အရှင်မြတ်ကို ခဝတ်ကိုးကွယ် ဝတ်ပြုခြင်းမရှိသောကြောင့် ထိုအရှင်မြတ်ညွှန်ပြသောလမ်း

စဥ်မှလွဲချော်သွားကြပေသည်။ သူတို့ကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်၏လမ်းစဉ်ကိုမလိုက်နာသူတို့၏နောက်သို့လိုက်ကြလေသည်။ ၎င်းတို့၏လုပ်ပုံကိုင်ပုံကိုအတုယူ၍ ၎င်းတို့၏အတွေးအခေါ်ကိုအမှန်တရားအဖြစ်လက်ခံထားကြသည်။ နောက်ဆုံးတွင် ထိုသို့သောလူ့အဖွဲ့အစည်းသည် မိမိတို့ကိုယ်ကိုချောင်ပိတ်ထားပြီး၊ ကျိုးကြောင်းဆင်ခြင်ခြင်းနှင့် ကောင်းကျိုးဆိုးကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းအသိတရားတို့မှ ကင်းကွာသွားကြလေသည်။ ဤကဲ့သို့သောလူ့အဖွဲ့အစည်းအတွင်းရှိလူများသည် ဘာသာအယူဝါဒဆန့်ကျင်ရေးသင်ကြားချက်များနှင့် စီးဝါးကိုက်ညီလျက်ရှိကြပေသည်။

အလ္လာဟ်အရှင်မြတ်သည် ဘဝအဓိပ္ပါယ်ကင်းမဲ့၍ ဖေါက်ပြန်နေသောမူအပေါ်တွင် ရပ်တည်နေသည့်ဘဝသည် မည်ကဲ့သို့ပျက်စီးဆုံးရှုံးမှုဖြင့်ဆုံးခန်းတိုင်မည့်အဖြစ်ကို ကုရ်အာန်ကျမ်းတော်မြတ်၌ ဥပါဟရဏ်ဖြင့်ပြဆိုထားပေသည်။

> **အကြင်သူသည် မိမိ၏အဆောက်အအုံများကို အလ္လာဟ်အရှင်မြတ်အားကြောက်ရွံ့ခြင်း၌လည်းကောင်း၊ ထိုအရှင်မြတ်၏ ကျေနပ်မှုအပေါ်၌လည်းကောင်း အုတ်မြစ်ချခဲ့ခြင်းသည် ပို၍ကောင်းလေသလော။ သို့တည်းမဟုတ် အကြင်သူသည် ပြိုကျအံ့ဆဲဆဲဖြစ်သောချောက်ကမ်းပါးပေါ်၌ မိမိ၏အဆောက်အအုံကို အုတ်မြစ်ချခဲ့ခြင်းသည် ပို၍ကောင်းလေသလော။ ထိုအဆောက်အအုံသည် ထိုသူနှင့်တကွ 'ဂျဟန္နမ်'ငရဲဘုံ၏မီးထဲသို့ ပြိုကျသွားခဲ့လေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မတရားကျင့်မှုပြုလုပ်သူတို့အား တရားလမ်းမှန်သို့ ပို့တော်မူသည်မဟုတ်ပေ။** (စူရာ အတ်တောင်ဘာ ၉း၁၀၉)။

ဤတွင် မှတ်သားရန်နောက်ထပ်အချက်တစ်ချက်ရှိနေပါသေးသည်။ လူ့အဖွဲ့အစည်းတိုင်းနှင့် လူတိုင်းသည် ထိုမမှန်ကန်သည့်အတွေးအခေါ်၊ သင်ကြားဝါဒဖြန့်မှုများ၊ နေထိုင်ပုံစနစ်နှင့် မှားယွင်းသည့်အတွေးအခေါ်များကို မလိုက်နာဘဲ ရှင်းလင်းဖယ်ရှားပစ်နိုင်သည့်အခွင့်အလမ်းရှိကြပေသည်။ အလ္လာဟ်အရှင်မြတ်သည် လူမျိုးတိုင်းထံသို့ အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်း၊ တမလွန်ဘဝအကြောင်းများနှင့် ဘဝအသက်ရှင်နေခြင်း၏အဓိပ္ပါယ်တို့ကို သတင်းပို့ချပေးသည့် စေတမန်တော်များကို လွှတ်၍သင်ကြားပေးခဲ့လေပြီ။ ထိုတမန်တော်များနှင့်အတူ၊ လူသားများ၏ အသိတရားများနှင့် ကိုက်ညီသည့် ကျမ်းဂန်များကိုလည်းပို့ချခဲ့လေသည်။ ယင်းသည်ကား ပဝေသနီမှစတင်၍တည်ရှိလာခဲ့သော အလ္လာဟ်အရှင်မြတ်၏ တရားတော်ဖြစ်ချေသည်။ ကျွန်ုပ်တို့၏ခေတ်သမယတွင်မူကား ကုရ်အာန်ကျမ်းတော်မြတ်တွင် လူသားတို့အား အမှောင်ဘဝမှအလင်းရှိသောဘဝသို့ ပို့ဆောင်ထားလေပြီ။ လူသားများကို ၎င်းတို့၏လိုအင်ဆန္ဒအတိုင်း တရားစီရင်လိမ့်မည်ဖြစ်၏။ ထိုတရားဒေသနာတော်များကို ယူဆောင်ခဲ့ကြသည့် တမန်တော်များက အောက်ပါအတိုင်း ဖိတ်ခေါ်လိမ့်မည်။

> (အို–နဗီတမန်တော်)၊ **အသင်သည် ဤသို့ပြောကြားပါလေ။ အို–လူသားအပေါင်းတို့ အမှန်စင်စစ် အသင်တို့ထံ အသင်တို့၏အရှင်မြတ်အထံတော်မှ အမှန်တရားသည် ရောက်ရှိ၍လာခဲ့လေပြီ။ သို့ဖြစ်ရာ မည်သူမဆို တရားလမ်းမှန်ကို ရရှိခဲ့ပါလျှင် ထိုသူသည် မိမိအကျိုးငှါတရားလမ်းမှန်ကို ရရှိခဲ့သည်ပင်။ ထိုနည်းတူစွာ မည်သူမဆို လမ်းမှားခဲ့ပါမူ ထိုသူသည် မိမိကိုယ်နှင့် ဆန့်ကျင်၍သာ လမ်းမှားခဲ့သည်ပင်။ စင်စစ်ငါသည် အသင်တို့အပေါ်၌ တာဝန်ခံမဟုတ်ချေတကား။** (စူရာယူနွတ်စ် ၁၀း၁၀၈)။

# ဂတိခံထားသောအိမ်တော်စစ် – တမလွန်ဘဝ
# The True Promised Home: The Hereafter

ဉာဏ်အမြော်အမြင်နှင့် အသိတရားရှိသူ မည်သူမဆို အထက်ကဖော်ပြခဲ့သည့် ကမ္ဘာမြေကြီးနှင့်အတူ ဤစကြာဝဠာတစ်ခုလုံးရှိ အရာဝတ္ထုများ၊ ဖြစ်ပေါ်နေသည့်အရာများနှင့် သဘာဝနိယာမများကိုလိုက်နာနေသည့် အချင်းအရာတစ်ခုတစ်လေကမျှ အလဟဿအချည်းနှီးအဓိပ္ပါယ်ကင်းမဲ့ခြင်းမရှိကြောင်းကို ထင်ရှားစွာသိရှိသင့်ပေပြီ။ စကြာဝဠာ၏တည်ဆောက်မှုနှင့် ခံနိုင်ရည်၊ အလွန်အဏုစိတ်သည့်ချိန်ဆမှုတွင် တည်ရှိနေကြောင်း အထက်ကအခန်းများတွင် ဖော်ပြခဲ့ပါသည်။ ထိုအနုစိတ်ချိန်ဆမှုများကပင် စကြာဝဠာသည် **ဖန်ဆင်း** ထားသောအရာဖြစ်ကြောင်းကို အငြင်းပွားဖွယ်ရာမရှိအောင်သက်သေထူလျက်ရှိနေပေသည်။ သို့ဖြစ်၍၊ ဤစကြာဝဠာကိုဖန်ဆင်းခြင်းသည် အချည်းနှီးအကျိုးမဲ့စွာ ဖန်ဆင်းထားခြင်းမဟုတ်နိုင်ချေ။

လုံးဝမဖြစ်နိုင်ချေ။

အမှန်မှာ ဤကမ္ဘာမြေကြီးသည် သန်းပေါင်းထောင်ပေါင်းမြောက်မြားစွာသော ကြယ်တာရာစု ဂါလက်ဇီများနှင့်နှိုင်းစာလိုက်ပါက မြေမှုန်တစ်မှုန်မျှလောက်သာရှိသော်လည်း ဤကမ္ဘာမြေကြီးတွင် အသက်ရှင်နေထိုင်လျက်ရှိသူတို့၏ အလွန်သေးနုတ်သောလုပ်ရပ်ကိုပင် မှတ်သားစစ်ဆေးလျက်ရှိပေသည်။ ထို့ကြောင့် ဤစကြာဝဠာကြီးတစ်ခုလုံးသည် အချည်းနှီးအကျိုးမဲ့စွာ ဖန်ဆင်းထားခြင်း အဘယ်သို့ဖြစ်နိုင်ပါမည်နည်း။

အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ကို အလဟဿအချည်းနှီး ဖန်ဆင်းထားခြင်းမဟုတ်ကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ဆိုထားတော်မူ၏။

> **အသင်တို့သည် မိမိတို့အား ငါအရှင်မြတ်က အချည်းနှီး အကျိုးမဲ့သာ ဖန်ဆင်းတော်မူခဲ့သည် ဟူ၍လည်းကောင်း၊ အသင်တို့သည် ငါအရှင်မြတ်အထံတော်သို့ ပြန်လည်ရောက်ရှိကြရမည်မဟုတ် ဟူ၍လည်းကောင်း၊ ထင်မှတ်ခဲ့ကြလေသလော။**
> (စူရာအလ်မုအ်မီနူးန် ၂၃း၁၁၅)။ ၆

ကမ္ဘာမြေကြီးပေါ်တွင် အသက်ရှင်နေနိုင်ခြင်းသည်၊ ဘစ်ဘိုင်းပေါက်ကွဲမှုမှအစ အဏုမြူအတမ်၊ အတမ်မှသည် ဂါလက်ဇီကြယ်တာရာစုများအထိအပြင် ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးအထိ မရေမတွက်နိုင်သောအံ့ဘွယ်ခမန်းအင်္ဂါရပ်များအပေါ်တွင် မူတည်လျက်ရှိ၏။ ထိုသို့အသက်ရှင်နေနိုင်ရန်အတွက် အစစအရာရာသည် အကောင်းဆုံးအခြေအနေဖြစ်အောင် အသိမ်မွေ့နက်နဲဆုံးနည်းဖြင့်စီမံထားပေသည်။ မိုးကောင်းကင်ရှိ သူရိယနေသည် လိုအပ်သောစွမ်းအင်အားလုံးကိုပေးလျက် ရှိ၏။ မြေအောက်တွင် သယံဇာတပစ္စည်းများဖြင့်ပြည့်နက်နေအောင် သိုလှောင်ထား၏။ ကမ္ဘာမြေပြင်နေရာတကာတွင်လည်း အပင်နှင့်တိရစ္ဆာန်သတ္တဝါအမျိုးပေါင်း သန်းနှင့်ချီ၍ပြည့်နက်နေပေသည်။ ထိုကဲ့သို့သော အံ့မခန်းသည့်အဖြစ်အပျက်များရှိလင့်ကစား၊ လူအများတို့သည် အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်နိုင်ကြသေးသည်။ အလ္လာဟ်အရှင်မြတ်က၊ ကုရ်အာန်ကျမ်းတော်မြတ်တွင် ပြဆိုထားတော်မူသည့်အတိုင်း ထိုသူတို့သည် မိမိတို့ကို ကာလလရေကြည်မှသုတ်ကောင်တစ်ကောင်ဖြင့် လူဖြစ်အောင်ပြုလုပ်ဖန်တီးခဲ့သည့် အရှင်မြတ်ကို မယုံကြည်ကြသည့်အပြင်၊ မဆီမလျော်မှတ်ချက်ချပြောဆိုကြသေး၏။ ထိုကဲ့သို့ ကျိုးကြောင်းအမျိုးမျိုးကို လုပ်ဖြားပြောဆိုကြသူတို့နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်း ပြဆိုထားပေသည်။

> **ထိုမှတပါး ထိုလူသားများသည် ငါအရှင်မြတ်နှင့်ပတ်သက်၍ ဥပမာတစ်ခုကို ခိုင်းနှိုင်းပြောဆိုခဲ့လေ၏။ ၎င်းပြင် ၎င်းသည်မိမိဖန်ဆင်းခံခဲ့ရသောအဖြစ်ကို မေ့သွားခဲ့၏။ ၎င်းက အရိုးများဆွေးမြေ့သွားခဲ့သောအခါ မည်သူသည် ယင်းအရိုးများကို ရှင်စေအံ့နည်းဟု ပြောဆိုခဲ့လေ၏။**

(အို–နဗီတမန်တော်) အသင်သည်ပြောကြားပါလေ။ (အချင်းတို့) ပထမအကြိမ် ယင်းအရိုး **များကို ဖန်ဆင်းတော်မူခဲ့သောအရှင်မြတ်သည်ပင်လျှင် ယင်းအရိုးများကို ရှင်(ပြန်)စေတော်မူမည်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် အလုံးစုံသော ဖန်ဆင်းပုံဖန်ဆင်းနည်းတို့ကို ကောင်းစွာသိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။** (စူရာယာစင် ၃၆း၇၈–၇၉)။

"သေခြင်းနှင့်ရှင်ခြင်း" နှစ်မျိုးစလုံးကို ဖန်ဆင်းခဲ့သောအလ္လာဟ်အရှင်မြတ်သည်၊ စကြဝဠာတစ်ဝှမ်းလုံးတွင် ရှိရှိသမျှအရာခပ်သိမ်းကို အချည်းနှီးဖန်ဆင်းထားခြင်း မဟုတ်ကြောင်း ရည်ရွယ်ချက်ရှိရှိ ဖန်ဆင်းထားခြင်းဖြစ်ကြောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်တွင် **"အသင်တို့ အနက် မည်သူသည် အကျင့်အမူအားဖြင့်အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော်မူအံ့သောငှာ "မရဏ" သေခြင်းတရားကိုလည်းကောင်း၊ အသက်ရှင်ခြင်းကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့၏"** ဟု စူရာအလ်မုလ်က် ၆၇း၂ ၌ မိန့်ဆိုထားတော်မူ၏။ ဤအာယတ်တော်တွင် ရှင်းပြထားသည့်အတိုင်း၊ ဤကမ္ဘာမြေကြီးသည် စမ်းသပ်သည့်နေရာဖြစ်ပေသည်။ ထို့ကြောင့် ခေတ္တသာဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သတ်မှတ်ထားသည့်အချိန်ကာလအတွင်း လူသားများအားလုံးအပြင် ကမ္ဘာမြေကြီး၏သက်တန်းသည်လည်း ကုန်ဆုံးသွားမည်ဖြစ်၏။ လူသားများသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အရှင်မြတ်ပြဆိုထားသည့်အတိုင်း နေထိုင်ရန်တာဝန်ရှိ၏။ ဤကမ္ဘာမြေကြီးပေါ်တွင် ၎င်းတို့လုပ်ဆောင်ခဲ့သမျှအတွက် နောင်တမလွန်ဘဝတွင် ချီးမြှင့်ခြင်းခံကြရမည်ဖြစ်သည်။

## အစဉ်အမြဲတည်ရှိမည့် အပြစ်ဒဏ်
## The Everlasting Penalty

ဤစာအုပ်တွင် အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်း၊ အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်သူတို့၏ ပြောဆိုထောက်ခံတိုက်တွန်းချက်များ၊ ထိုသူတို့တည်ဆောက်လိုသော လူ့အဖွဲ့အစည်းအဆောက်အအုံ၊ စသည်တို့အကြောင်း ဆွေးနွေးဖော်ပြခဲ့ပြီးပါပြီ။ ထိုဆွေးနွေးချက်များအားလုံးသည်၊ "ဤကမ္ဘာလောကတွင် အသက်ရှင်နေခြင်း" နှင့်သာ ပတ်သက်ပါသည်။ သို့သော်လည်း သေလွန်ပြီးနောက် "တမလွန်ဘဝ" က လိုက်လာပေသည်။ ယင်းတမလွန်ဘဝအတွက်လည်း အလေးအနက်ထားပြီး စဉ်းစားဆင်ခြင်ရန် လိုအပ်ပါသည်။

အလ္လာဟ်အရှင်မြတ်ကို မယုံကြည်ခြင်း၌ မူတည်၍ တိုးတက်ကြီးပွားရန်ကြိုးပမ်းသောစနစ်သည်၊ ၎င်းတို့၏ နောက်လိုက်သားများကို ဤကမ္ဘာပေါ်တွင် ပူဆွေးသောကရောက်ခြင်းဘဝကိုသာပေးဆောင်၏။ ၎င်းသူတို့သည် တမလွန်ဘဝတွင်လည်း ကြီးလေးသောပြစ်ဒဏ်ကို ခံစားစေလိမ့်မည်။ ဤကမ္ဘာပေါ်တွင် သူတို့၏နောက်လိုက်သားများကို ဂရုစိုက်ခဲ့ကြသလို၊ ထိုတမလွန်ဘဝတွင် မည်သူ့ကိုမျှ ဂရုစိုက်ကြမည်မဟုတ်ပေ။ သူတို့၏အပြစ်မှ လွတ်မြောက်ရန်သာ ကြိုးစားကြလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုသူတို့နှင့်ပတ်သက်၍ အောက်ပါအတိုင်း မိန့်ဆိုထား၏။

**ထိုသူအသီးသီးတို့တွင် ကမ္ဘာအဝန်းနှင့်အမျှ အရာအားလုံးပိုင်ခဲ့လျှင် ထိုအရာအားလုံးတို့ကို လျော်ကြေးအဖြစ်ပေး၍ ပြစ်ဒဏ်မှ လွတ်မြောက်လိုကြပေအံ့။** (စူရာယူနွတ်စ် ၁၀း၅၄)။

**ပထဝီမြေဝယ် ရှိကုန်သောသူ အားလုံးတို့အားလည်းကောင်း၊ အစားထိုးလျော်ကြေးပေးပြီးနောက် ထိုလျော်ကြေးသည် မိမိအား လွတ်မြောက်စေလျှင်ကောင်းလေစွဟု အာသာဆန္ဒရှိပေမည်။** (စူရာ အလ်မအာရိဂျ် ၇၀း၁၄)။

အလ္လာဟ်အရှင်မြတ်ကို မယုံကြည်ရာ၌ ကျော်ကြားသူတို့အကြောင်းကို နောက်ထပ်အာယသ်တော်များတွင်လည်း အောက်ပါအတိုင်း ဖော်ပြထား၏။

**မည်သည့်အခါမဆို အုပ်စုတစ်စုသည် (ဂျဟန္နမ်ငရဲဘုံသို့)ဝင်ရောက်လျှင် မိမိတို့နှင့်ဘာသာအယူဝါဒတူ အုပ်စုအချင်းချင်းအား ကျိန်ဆဲကြလတ္တံ့။ –––ဤသူတို့သည်ပင်လျှင် ကျွန်တော်မျိုးတို့အား လမ်းလွဲစေခဲ့ကြပါသည်။ ၎င်းတို့အား ဂျဟန္နမ်ငရဲဘုံ၏ပြစ်ဒဏ်ကို ဆထက်ထမ်းပိုးတိုး၍ပေးတော်မူပါဟု လျှောက်ထားကြလတ္တံ့။ ထိုအခါ အရှင်မြတ်က ဆထက်ထမ်းပိုး ပြစ်ဒဏ်သည် သင်တို့အသီးသီး၌ရှိ၏။ သို့ရာတွင် အသင်တို့သည် မသိကြချေဟု မိန့်တော်မူအံ့။** (စူရာ အလ်အအ်ရာဖ် ၇း၃၈)

ထို့ကြောင့် အလ္လာဟ်အရှင်မြတ်ကို မယုံကြည်ပစ်ပယ်သူတို့တွင်၊ ဦးစွာပယ်သူနှင့် နောက်လိုက်သူတို့ မည်သို့မျှမခြားနားကြချေ။ ထို့ကြောင့် ကမ္ဘာပေါ်တွင်ပြုကျင့်ခဲ့ကြသော အပြစ်ဒုစရိုက်များအတွက် အုပ်စုနှစ်ခုစလုံးတို့သည် အစဉ်အမြဲငရဲဘုံ၌ ဒုက္ခခံကြရလိမ့်မည်။ အလ္လာဟ်အရှင်မြတ်က ထိုမယုံကြည် ဒုစရိုက်ကြူးလွန်သူများ ပြန်လည်ရှင်ထကြသည့်နေ့၊ တရားစီရင်သည့်နေ့နှင့် ငရဲဘုံ၌ တွေ့ကြုံကြရမည့်အပြစ်ဒဏ်များကို ကုရ်အာန်ကျမ်းတော်မြတ်၌ အသေးစိတ်ဖော်ပြထားပေသည်။

## ပြန်လည်ရှင်ထကြမည့်နေ့
## The Day of Resurrection

ကုရ်အာန်ကျမ်းတော်မြတ် စူရာအလ်ကမရ် (၅၄း၆)တွင် အလ္လာဟ်အရှင်မြတ်က ပြန်လည်ရှင်ထကြမည့်နေ့ကို **"မည်သည့်အခါကမျှ မသိဘူးသောအရာဆီသို့ ခေါ်လိမ့်မည်"**ဟုမိန့်တော်မူထားသည်။ လူသားတို့သည် ထိုကြောက်မက်ဖွယ်ကောင်းခြင်းမျိုးကို မည်သည့်အခါမျှ မကြုံဘူးသေးချေ။

ထိုနေ့ကို အလ္လာဟ်အရှင်မြတ်သာလျှင်သိတော်မူ၏။ ထိုနေ့နှင့်ပတ်သက်၍ လူသားများသိထားခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်တွင်ဖော်ပြထားသလောက်သာ အကန့်အသတ်အတွင်းသာလျှင်ဖြစ်၏။ နောက်ဆုံးနေ့ ပြန်လည်ရှင်ထမည့်နေ့သည် မမျှော်လင့်ဘဲ ရုတ်တရက်ရောက်ရှိလာလိမ့်မည်။

ထိုနေ့သည် လူတွေက ရုံးပြင်ကနားအလုပ်ခွင်တွင်ရှိနေစဉ်၊ တယ်လီဖုန်းပြောနေစဉ်၊ စာအုပ်ဖတ်နေစဉ်၊ ရယ်မောနေစဉ်၊ ငိုယိုနေစဉ်၊ မိမိတို့၏ကလေးများကို ကျောင်းသို့သွားပို့ခဲ့စဉ်တွင်လည်း ရောက်ရှိလာနိုင်သည်။ ထိုနေ့တွင် မည်သူကမျှ မိမိ၏ဘဝတွင် တွေ့ကြုံဘူးခြင်းမရှိသေးသော ကြောက်မက်ဖွယ်အဖြစ်မျိုးကျရောက်လာလိမ့်မည်။

**ပြန်လည်ရှင်ထကြမည့်နေ့သည် တံပိုးခရာသံဖြင့်စတင်လိမ့်မည်။** (စူရာအလ်မုဒတ်စိရ် ၇၄း၈–၁၀)။ ထိုအချိန်တွင် အလ္လာဟ်အရှင်မြတ်က မိမိအား ပေးထားခဲ့သောအချိန်ကို အလ္လာဟ်အရှင်မြတ်၏အလိုတော်အတိုင်း မဆောင်ရွက်၊ အသုံးမချခဲ့သူများသည်၊ ကြောက်ရွံ့တုန်လှုပ်ခြင်းကြီးစွာရှိကြလိမ့်မည်။ ထိုနေ့တွင် အလွန်ကြောက်မက်ဖွယ်ရာများဖြစ်လိမ့်မည်ဟု အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင် ပြဆိုထား၏။

> **စင်စစ်မှာကား 'ကေယာမတ်'ရှင်ပြန်ထမည့်အချိန်ကာလသည် ၎င်းတို့အား ချိန်းချက်ထားသော ချိန်းချက်မှုဖြစ်၏။ ထိုမှတစ်ပါး 'ကေယာမတ်'ရှင်ပြန်ထမည့်အချိန်ကာလသည် ပို၍ပင် ပြင်းထန်သည့်ပြင် ပို၍ပင်နာကြည်းဖွယ်ဖြစ်ပေသတည်း။** (စူရာ အလ်ကမရ် ၅၄း၄၆)။

တံပိုးခရာသံနှင့်အတူ နားကွဲမတတ်ပြင်းထန်သောအသံများကို ကြားကြရလိမ့်မည်။ တောင်များသည်လည်း စတင်ယိမ်းယိုင်လှုပ်ရှားတုန်ခါလာလိမ့်မည်။ ၎င်းတို့၏ အောက်ခြေမြေကြီးပေါ်သို့ ပြိုကျသွားကြလိမ့်မည်။(စူရာအလ်ဇလ်ဇာလ် ၉၉း၂–၈)။ တောင်များသည် ညက်ညက်ကြေအောင်ကြေမွသွားကြလိမ့်မည်။ (စူရာအလ်ဝါကီယဟ် ၅၆း၅)။ လူများက အထွတ်အမြတ်ထားခဲ့ကြသည့်အရာများသည် မည်မျှသေးနုတ်သိမ်ဖြင်းကြောင်း ထိုနေ့ကျမှသိကြလိမ့်မည်။ သူတို့၏ဘဝတစ်ခုလုံးတွင် ကြိုးပမ်းရှာဖွေစုဆောင်းခဲ့ကြသော ရုပ်ဝတ္ထုဥစ္စာနေတို့သည် ရုတ်တရက် ပျောက်ကွယ်သွားကုန်လိမ့်မည်။

> **အကြင်အခါဝယ် ထိုကြီးကျယ်လှစွာသောဘေးဒုက္ခကြီးသည် ဆိုက်ရောက်လာခဲ့ပေမည်။ အကြင်နေ့တွင် လူသားတို့သည် မိမိတို့ကြိုးပမ်းဆောင်ရွက်ခဲ့သမျှတို့ကို သတိရကြပေမည်။ ၎င်းပြင် "ဂျဟန္နမ်"ငရဲသည် ကြည့်ရှုသောသူတို့၏ရှေ့ဝယ် ထင်ရှားစွာ ပေါ်လာစေခြင်းကို ခံရပေမည်။** (စူရာအန်နဇီယတ် ၇၉း၃၄–၃၆)။

ထိုနေ့တွင် ကျောက်တောင်များသည်လည်းကောင်း၊ မြေကြီးသည်လည်းကောင်း၊ ကျောက်တုံးကျောက်ဆောင်များသည်လည်းကောင်း၊ သိုးမွေးများ လေတွင်လွင့်စင်သွားကြသကဲ့သို့ လွင့်စင်ကုန်ကြလိမ့်မည်။ (စူရာ အလ်ကာရိအဟ် ၁၀၁း၅)။ လူတို့သည်လည်း ထိုအင်အားသည် သဘာဝအင်အားမဟုတ်ကြောင်းကို သိလာကြလိမ့်မည်။ ထိုနေ့တွင် သဘာဝတရားသည် ဦးညွှတ်အောက်ကျို့

နေလိမ့်မည်။ ထိုနေ့တွင် အလွန်ကြောက်မက်ဖွယ်ရာအချင်းအရာများဖြစ်ပေါ်လာလိမ့်မည်။ လူများ၊ တိရစ္ဆာန်များနှင့်သဘာဝအရာများအားလုံးသည် တုန်လှုပ်ခြောက်ခြားနေကြလိမ့်မည်။ သမုဒ္ဒရာများသည် ပေါက်ကွဲဆူပွက်ထွက်လာသည်ကို တွေ့ရလိမ့်မည်။ (စူရာ အလ်အင်ဖီတာရ် ၈၂း၃)။ ရေပြင်ပေါ်တွင် မီးတောက်လောင်လိမ့်မည်။ (စူရာ တကဝီရ် ၈၁း၆)။

မိုးကောင်းကင်သည်လည်း ကမ္ဘာမြေကြီးကဲ့သို့ တုန်လှုပ်ပြီး အစိတ်စိတ်အမွှာမွှာကွဲသွားဆွဲခွါခြင်းခံရလိမ့်မည်။ ထိုသို့သောအရာကို မည်သူကမျှတွေ့ဘူးကြုံဘူးကြမည်မဟုတ်ချေ။ မိုးကောင်းကင်သည်လည်း ကြေးနီကြေးဝါသတ္တုများအရည်ပျော်နေဘိသကဲ့သို့ ဖြစ်သွားလိမ့်မည်။ (စူရာအလ်မအ်ရိဂျ် ၇၀း၆)။ ကျွန်ုပ်တို့ကို အလင်းရောင်ပေးသော ကောင်းကင်သည်လည်း မှောင်အတိဖြစ်သွားလိမ့်မည်။ နေသည်လည်း ငြိမ်းမိုတ်သွားလိမ့်မည်။ (စူရာ တက်ဝီရ် ၈၁း၁)။ စန်းသော်တာလသည်လည်း မြဲမြဲနေခြင်းမရှိဘဲ အခြမ်းခြမ်းကွဲသွားလိမ့်မည်။ (စူရာအလ်ကမရ် ၅၄း၁)။ နေနှင့်လသည်လည်း တစ်ပေါင်းတစ်စည်းတည်းဖြစ်သွားလိမ့်မည်။ (စူရာ အလ်ကီယာမဟ် ၇၅း၉)။

ထိုနေ့၏ ကြောက်မက်ဖွယ်ကြီးလွန်းသဖြင့်၊ မိန်းမများသည် မိမိဝမ်းပိုက်တွင် လွယ်ထားသောသန္ဓေသားများ ပြုတ်ကျသွားကုန်လိမ့်မည်။ ခလေးများ၏ဆံပင်သည်လည်းဇရာအိုကဲ့သို့ ဆွတ်ဆွတ် ဖြူသွားကြမည်။ (စူရာ အလ်မုဇမ္မိလ် ၇၃း၁၇)။ ခလေးများသည်လည်း မိခင်ထံမှထွက်ပြေးကုန်ကြလိမ့်မည်။ မိန်းမများသည်လည်း မိမိ၏ခင်ပွန်းသည်များမှ ထွက်ပြေးသွားကြလိမ့်မည်။ မိသားစုသည်လည်း တကွဲတပြားထွက်ပြေးခွဲခွာသွားကြကုန်လိမ့်မည်။ အဘယ့်ကြောင့်ထိုသို့ ဖြစ်ကုန်မည့်အကျိုးအကြောင်းကို အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် ပြဆိုထား၏။

> **တဖန်နားပင်းစေသောအသံသည် ထွက်လာသောအခါ အကြင်နေ့တွင် လူသည်ညီအစ်ကို၏ထံမှလည်းကောင်း၊ မိမိအမိထံမှလည်းကောင်း၊ မိမိအဘထံမှလည်းကောင်း၊ မိမိဇနီးကြင်ယာ၏ထံမှလည်းကောင်း၊ မိမိသားသမီးထံမှလည်းကောင်း၊ ထွက်ပြေးတိမ်းရှောင်သွားကြအံ့။ ထိုနေ့တွင်ကား လူတိုင်းလူတိုင်း၌ အခြားမည်သည့်တစုံတရာကိုမျှဂရုမစိုက်ဘဲ လုံးပန်း၍ နေစေသော အရေးကိစ္စတစ်ခုစီရှိနေမည်ဖြစ်၏။** (စူရာ အဘာဆာ ၈၀း၃၄–၃၇)။

## တရားစီရင် စစ်ချက်ပေးရသောနေ့
## The Day of Account

အထက်တွင်ဖော်ပြခဲ့သည့် အဖြစ်အပျက်များ၏နောက်တွင် ဒုတိယအကြိမ်တံပိုးခရာသံထွက်လာလိမ့်မည်။ ထိုတံပိုးခရာသံသည် သက်ရှိအရာတိုင်း သေလွန်ခဲ့ပြီးသူတိုင်း ပြန်လည်ရှင်ထလာကြမည့်အချက်ပေးခြင်းဖြစ်သည်။ ထိုနေ့တွင် သေလွန်ပြီးကြသူများအားလုံး ပြန်လည်ရှင်ထလာကြသဖြင့် ကမ္ဘာမြေပြင်၌ လူတွေပြည့်ကျပ်နေကြလိမ့်မည်။ အချို့သောသူတို့သည် လွန်ခဲ့သည့် နှစ်ပေါင်းသိန်းသန်းတုန်းကတည်းက သေဆုံးခဲ့ကြသူများဖြစ်ကြလိမ့်မည်။ ထိုပြန်လည်ရှင်ထကြမည့်နေ့ရက်တွင် ဇဝေဇဝါ စိတ်ရှုပ်ထွေးခြင်းအဖြစ်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်း ပြဆိုထား၏။

> ထို့ပြင် တံပိုးခရာမှုတ်သောအခါ ရုတ်တရက်၎င်းတို့သည် သင်္ချိုင်းများမှထွက်၍ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အထံတော်သို့ လျင်မြန်စွာလာကြပေမည်။
> ၎င်းတို့က "သြော်–ငါတို့သည် အကျိုးနည်းကြလေခြင်း။ မည်သူသည် ငါတို့အား ငါတို့၏အိပ်ရာမှ ထစေသနည်း" ဟုပြောဆိုညည်းညူကြပေမည်။ ဤသည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင် ချိန်းချက်ထားတော်မူခဲ့သော ချိန်းချက်ပင်ဖြစ်၏။ စင်စစ်ရစူလ်တမန်တော်များသည် မှန်ကန်စွာ ပြောကြားခဲ့ကြပေသည်။ ယင်းတံပိုးခရာမှုတ်ခြင်းမှာ ပြင်းထန်စွာဟစ်အော်သံတစ်ခုမျှသာလျှင်ဖြစ်ပေမည်။ ထိုအခါ ရုတ်တရက် ၎င်းတို့အားလုံးသည် ခေါ်ဆောင်လာခြင်းကို ခံကြရပေမည်။ သို့ဖြစ်ရာ ယနေ့သော်ကား မည်သူတစ်ဦးတစ်ယောက်မျှပင် အနည်းငယ်စိုးစဉ်းမျှပင် မတရားပြုမှုခြင်းကို ခံရမည်မဟုတ်ပေ။ ထိုမှတစ်ပါးအသင်တို့သည် မိမိတို့ကျင့်မူခဲ့ကြသော အမှုကိစ္စတို့၏ အစားပေးခြင်းကိုသာလျှင် ခံကြရကုန်အံ့သတည်း။ (စူရာယာစင် ၃၆း၅၁–၅၄)။

ထိုနေ့တွင်၊ လူတွေမတွေးလို သဘောမပေါက်လိုကြသဖြင့် ရှောင်ခွာနေခဲ့ကြသည့်အရာများကို အထင်းသားချပြခင်းပြထားလိမ့်မည်။ သူတို့သည် မည်သို့မျှထပ်မံငြင်းဆိုနိုင်ခြင်း ရှောင်ကွင်းနိုင်ခြင်း ရှိတော့မည်မဟုတ်ပေ။

ထိုသူတို့၏မျက်နှာသည် အရှက်တကွဲ အကျိုးနည်းခြင်းဖြင့် ပြည့်လျက်၊ ဦးခေါင်းသည်လည်း ငိုက်စိုက်ဖြင့် သင်္ချိုင်းများမှထလာကြကာ လာရောက်စုဝေးကြလိမ့်မည်။ ကမ္ဘာမြေပြင်သည်လည်း လင်းထင်းနေ၍ တစ်ဦးစီကို သူတို့ဆောင်ရွက်ချက်များကို မှတ်သားထားသည့် စာအုပ်တစ်အုပ်စီပေးထားလိမ့်မည်။

ကမ္ဘာပေါ်တွင် မမြင်စဘူး များပြားလှသော လူအုပ်ကြီးလာရောက်စုဝေးကြရာတွင်၊ ယုံကြည်သူနှင့် မယုံကြည်သူတို့၏အခြေအနေတို့သည်လည်း ကွဲပြားခြားနားကြလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်အောက်ပါအတိုင်း ဖော်ပြထားပေသည်။

> **သို့ရာတွင် မိမိလက်ဝဲလက်၌ မိမိမှတ်တမ်းစာအုပ်ပေးခြင်းခံရသောသူမှာမူကား၊ ဤသို့ ပြောဆိုပေမည်။ သြော်-ငါသည် မိမိလက်သို့မှတ်တမ်းစာအုပ်ပေးခြင်းမခံခဲ့ရလျှင် ကောင်းလေစွ။ မိမိစာရင်းအင်းကိုလည်း မသိခဲ့ရလျှင်ကောင်းလေစွ။ "မရဏ"သေခြင်းတရားသည် လုံးဝအပြီးအပြတ်စီရင်ခဲ့လျှင် ကောင်းလေစွ။ ငါ၏ပစ္စည်းဥစ္စာသည် ငါ၏အဖို့အသုံးဝင်ခဲ့သည် မဟုတ်ပြီ။ ငါ၏အစွမ်းသတ္တိ ဂုဏ်ကျက်သရေသည်လည်း ငါ့ထံမှ ပျောက်ပျက်၍ သွားချေပြီ။** (စူရာ အလ်ဟာက် ၆၉း၂၅-၂၉)

ထိုနေ့တွင် မတရားမှုဟူသည် အဏုမြူမျှနှမ်းခနဲ့မျှပင် ပြုခြင်းရှိမည်မဟုတ်ချေ။ ဤကမ္ဘာမြေကြီးတွင် ပြန်လည်နောင်တရကြစေခြင်းငှါ တစ်ဦးချင်းလုပ်ဆောင်ခဲ့သမျှအတွက် အပြည့်အဝပြန်လည်ပေးအပ်မည်ဖြစ်၏။ မယုံကြည်သူတို့အတွက်မူ ဒုက္ခဆင်းရဲခြင်းကြီးစွာသောနေ့ ဖြစ်လိမ့်မည်။ ဤနေ့သည်ပင် ထိုသူတို့၏အစဉ်အမြဲဘဝသည် ငရဲဘုံ၌သာရှိတော့မည့်နေ့ ဖြစ်ပေသည်။

အောက်ပါအာယသ်တော်များတွင်၊ ထိုကဲ့သို့ အလ္လာဟ်အရှင်မြတ်ကိုငြင်းပယ်၍ အဓိပ္ပါယ်ကင်းမဲ့ အချည်းနှီးဖြစ်သောရည်ရွယ်ချက်များသို့ ခေါ်ဆောင်သူများအတွက် စာရင်းရှင်းကြရမည့်နေ့လည်း ဖြစ်ကြောင်း ရှင်းလင်းထားပေသည်။

> ထိုမှတပါး တံပိုးခရာမှုတ်သောအခါ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူသောသူမှတစ်ပါး မိုးကောင်းကင်များ၌ ရှိကြကုန်သောသူတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိကြကုန်သောသူတို့သည်လည်းကောင်း၊ သတိမေ့၍သွားကြပေမည်။ ထို့နောက်တဖန် ယင်းတံပိုးကိုမှုတ်ခဲ့ပြန်သော် ၎င်းတို့မှာ ရုတ်တရက်မတ်တပ်ရပ်လျက်ကြည့်နေကြပေမည်။
>
> ၎င်းပြင် ပထဝီမြေမှာ ၎င်းကိုဖန်ဆင်းတော်မူသောအရှင်မြတ်၏ ရောင်ခြည်တော်ကြောင့် လင်းထိန်၍သွားပေမည်။ ထို့ပြင် မှတ်တမ်းစာအုပ်များသည်လည်း အဆင်သင့်ထားရှိပြီးဖြစ်ပေမည်။ ထိုမှတစ်ပါး နဗီတမန်တော်တို့သည်လည်းကောင်း၊ "ရှဟီးဒ်"ဖြစ်သူတို့သည်လည်းကောင်း၊ ရှေ့တော်မှောက်ရောက်လာကြပေမည်။ ထို့ပြင် ၎င်းတို့အကြားဝယ် တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်ပြီးဖြစ်ချေမည်။ သို့ရာတွင် ၎င်းတို့မှာ အနည်းငယ်စိုးစီးမျှပင် မတရားပြုလုပ်ခြင်းကို ခံကြရမည်မဟုတ်ပေ။
>
> ထိုမှတစ်ပါး လူတိုင်းလူတိုင်းသည် မိမိတို့ကျင့်မူပြုလုပ်ခဲ့ကြသည်တို့၏အစားကို အပြည့်အစုံပေးဆပ်ခြင်းကို ခံကြရပေမည်။ အမှန်စင်စစ်သော်ကား ထိုအရှင်မြတ်သည် ၎င်းတို့ပြုလုပ်သမျှတို့ကို အသိတော်မူဆုံးပင် ဖြစ်တော်မူပေသတည်း။
>
> စင်စစ်သော်ကား "ကာဖိရ်"သွေဖည်ငြင်းပယ်ခဲ့ကြကုန်သောသူတို့သည် "ဂျဟန္နမ်"ငရဲဘုံသို့အုပ်စုလိုက်မောင်းနှင်ခြင်းကိုခံကြရပေမည်။
> နောက်ဆုံးတွင်၎င်းတို့သည် ယင်း"ဂျဟန္နမ်"ငရဲဘုံသို့ရောက်ရှိလာကသောအခါ ယင်း"ဂျဟန္နမ်"၏တံခါးများသည် ဖွင့်ပေးခြင်းကို ခံကြရပေမည်။ ထိုမှတစ်ပါး ယင်း"ဂျဟန္နမ်"ငရဲဘုံကို စောင့်ကြပ်သူတို့က ၎င်းတို့အား "အသင်တို့ထံ အသင်တို့အနက်မှပင် အကြင်

“ရစူလ်”တမန်တော်များသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြားခဲ့ကြလေ၏။ ထိုမှတစ်ပါး အသင်တို့အားဤနေ့နှင့် အသင်တို့ဆုံစည်းကြရမည်ကိုလည်း သတိပေးနှိုးဆော်ကြကုန်၏”ဟုပြောဆိုကြပေမည်။

ထိုအခါ ၎င်းတို့က ဟုတ်ပေသည်(ဟု ပြန်ဖြေကြပေမည်)။ သို့ရာတွင် “ကာဖိရ်”သွေဖည် ငြင်းပယ်ကြကုန်သောသူတို့အပေါ်၌ ပြစ်ဒဏ်အမိန့်တော်သည် အတည်ဖြစ်ခဲ့ချေပြီ”ဟု ပြောဆိုပြန်ကြားခဲ့ကြပေမည်။

အသင်တို့သည် “ဂျဟန္နမ်ငရဲဘုံ၏တံခါးများအတွင်းသို့ အမြဲထာဝစဉ်နေထိုင်ကြမည့်သူများအဖြစ် ဝင်ရောက်ကြလေကုန်”ဟူ၍ ပြောဆိုခြင်းကို ခံကြရပေမည်။ စင်စစ်မှာကား မာန်မာန ထောင်လွှားကြကုန်သောသူတို့၏ နေထိုင်ရာဌာနသည် လွန်စွာ ဆိုးရွားလှပေသတည်း။ (စူရာ အဇ်ဇူမရ် ၃၉း၆၈–၇၂)။

## ငရဲဘုံ
## Hell

မွေးမြူဖန်ဆင်း၍ အသက်ရှင်စေသော အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်ခြင်းသည် အကြီးကျယ်ဆုံးသောပြစ်မှုကြူးလွန်ခြင်းဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်ကို ဝတ်ပြုကိုးကွယ်ဆည်းကပ်ရန် ဖန်ဆင်းခြင်းခံရသောလူသားသည်၊ သွေဖည်သည့်အမှားအတွက် ထိုက်သင့်သည့် ပြစ်ဒဏ်ခံရမည်သာဖြစ်ပေသည်။ ငရဲဘုံသည် ထိုပြစ်ဒဏ်ခတ်မည့်နေရာဌာနဖြစ်ပေသည်။ မြောက်မြားစွာသောလူတို့သည် ယင်းကိစ္စကိုမတွေးတောဘဲ ဘဝတစ်ခုလုံးတွင် စည်းစိမ်အမျိုးမျိုးတွင် မူးယစ်မေ့လျော့လျက်ရှိနေကြပေသည်။ ထိုသို့မူးယစ်မေ့လျော့လျက်ရှိနေကြခြင်းအကြောင်းရင်းမှာ အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ မှန်ကန်စွာတွေးတောဆင်ခြင်ခြင်းမရှိကြသောကြောင့်ဖြစ်၏။ လူအမြောက်အမြားတို့သည် အလ္လာဟ်အရှင်မြတ်၏သနားကြင်နာခြင်းကရုဏာတော်ကိုလည်းကောင်း၊ ခွင့်လွှတ်ခြင်းတရားကိုလည်းကောင်း အထွတ်အမြတ်တန်ဖိုးထားကြသော်လည်း၊ ထိုအရှင်မြတ်ကို ကြောက်ရွံ့ကြိုးနွံ့ရန်သတိမရကြပေ။ ထိုသူများအား ကုရ်အာန်ကျမ်းတော်မြတ်တွင် သတိပေးထားတော်မူ၏။

အို–လူသားအပေါင်းတို့ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ကြောက်ရွံ့ကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် မည်သည့်ဖခင်တစ်ဦးတစ်ယောက်မျှပင် မိမိသားအဖို့အသုံးမဝင်သည့်အပြင်၊ မည်သည့်သားတစ်ဦးတစ်ယောက်မျှသည်လည်း မိမိဖခင်အဖို့ လုံးဝအသုံးဝင်မည်မဟုတ်သောနေ့ကို စိုးရိမ်ကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ကတိသည် မှန်ကန်သောကတိပင်ဖြစ်၏။ သို့ဖြစ်ပေရာ လောကီဘဝ၌ အသက်ရှင်ခြင်းသည် အသင်တို့အား လှည့်ဖြားခြင်းမပြုစေရ၊ ထိုနည်းတူစွာ ထိုလှည့်စားသူသည်လည်း အသင်တို့အား အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ လှည့်ဖြားခြင်း မပြုစေရ။ (စူရာ လုက်မန် ၃၁း၃၃)။

အလုပဆုံးအမည်နာမတော်များကိုစိုးပိုင်၍ ပင်ကိုအရည်အချင်းပြည့်ဝဆုံးဖြစ်သော အလ္လာဟ်အရှင်မြတ်သည် ချစ်ခြင်းမေတ္တာအကြီးဆုံး မဟာကရုဏာတော်ရှင်ဖြစ်၍ ခွင့်လွှတ်နိုင်သောအရှင်မြတ်ဖြစ်ပေသည်။ သို့သော်လည်း တစ်ချိန်တည်းတွင် အလ္လာဟ်အရှင်မြတ်သည် အစဉ်အမြဲတရားမျှတမှုရှိတော်မူသောအရှင်၊ နှိမ်နင်းချုပ်ကိုင်ထိန်းချုပ်နိုင်သောအရှင်၊ အကြပ်ကိုင်နိုင်သောအရှင်ဖြစ်တော်မူ၏။ ထိုအရှင်သည် ယုံကြည်သူများနှင့်နီးကပ်စွာရှိတော်မူ၍၊ အရှင်မြတ်ကို မယုံကြည်သူ အခြားအရာများကို အရှင်မြတ်နှင့်တန်းတူထား၍ ခဝပ်ကိုးကွယ်သူနှင့် သူတော်ကောင်းအယောင်ဆောင်သောကြောင်သူတော်များနှင့် ဝေးကွာတော်မူ၏။ ထိုအရှင်မြတ်သည် ပြစ်ဒဏ်ခတ်နိုင်သောအရှင်ဖြစ်၍ ငရဲဘုံသည် ထိုအရှင်ပြစ်ဒဏ်ခတ်နိုင်ခြင်းကို ပြည့်စုံစွာပြသမည့်နေရာဖြစ်၏။

လူတို့သည် ဤကိစ္စနှင့်ပတ်သက်၍ အယူသီးခြင်းတစ်ခုရှိကြလေသည်။ သူတို့လုပ်ဆောင်ကျူးလွန်ခဲ့သောအပြစ်ဒုစရိုက်များအတွက် ထိုငရဲဘုံတွင် အခိုက်အတန့်အားဖြင့်ဒဏ်ခတ်ခံကြရပြီးနောက် “ဂျန္နတ်”သုခဘုံတွင် အစဉ်အမြဲဆက်လက်စံစားနေကြရလိမ့်မည်ဟု ထင်ကြပေသည်။

“ဂျန္နတ်”သုခဘုံနှင့်ငရဲဘုံတွင်နေရမည့်သက်တန်းသည် အစဉ်အမြဲဖြစ်၍ အလ္လာဟ်အရှင်မြတ်၏ အလိုတော်အရမှလွဲ၍ မည်သူကမျှလွတ်မြောက်နိုင်ကြမည် မဟုတ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် သတိပေးပြဆိုထားတော်မူ၏။

> ထို့ပြင်တဝ ယင်းတို့က ငရဲမီးသည် ကျွန်ုပ်တို့ကို ရေတွက်ထားသောနေ့ရက်အနည်းငယ်မှအပ ကာလကြာမြင့်စွာ အလျင်းထိရောက်မည်မဟုတ်ဟု ပြောဆိုကြပြန်သည်။ (အို-တမန်တော်)အသင်သည် (ဤသို့တုံ့ပြန်)မေးမြန်းပါလေ။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ တစ်စုံတစ်ခုသောပဋိညာဉ်ကိုရယူထားကြပါသလော။ သို့ရယူထားခဲ့ကြပါလျှင် အလ္လာဟ်အရှင်မြတ်သည် မိမိပြုထားတော်မူသောပဋိညာဉ်ကို မည်သည့်အခါမျှဖျက်တော်မူမည်မဟုတ်။ သို့တည်းမဟုတ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မိမိတို့နားမလည်သော အကြောင်းတစ်စုံတစ်ရာကို လည်ဆယ်ပြောဆိုကြပါသလော။
>
> စင်စစ်မှာကား မည်သူမဆို မကောင်းမှုအကုသိုလ်များကို ဆည်းပူးအံ့။ တဖန်ထိုသူ၏ပြစ်မှုဒုစရိုက်များသည် ထိုသူအားဝန်းခြံလျက်ရှိအံ့။ သို့ဖြစ်ခဲ့ပါလျှင် ထိုကဲ့သို့သော သူတို့သည် ငရဲသားများသာဖြစ်ကြကုန်၏။ ထိုသူတို့သည် ထိုငရဲဘုံ၌ပင် ထာဝစဉ်နေထိုင်ကြရလတ္တံ့။
>
> သို့သော် အကြင်သူများသည် ယုံကြည်ခြင်းသဒ္ဒါတရားထားရှိ၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြ၏။ ထိုသူတို့သည် ဂျန္နတ်အမတသုခဘုံသားများဖြစ်ကြကုန်၏။ ထိုသူများသည် ယင်းဂျန္နတ်အမတသုခဘုံ၌ အမြဲစံစားကြရမည့်သူများဖြစ်ကြ၏။ (စူရာ အလ်ဘက္ကရာ ၂း၈၀-၈၂)။

ထိုငရဲဘုံ၌ ပူပြင်းသောမီး၊ မီးခိုးများဖြင့်မှောင်မိုက်နေခြင်း၊ ကျဉ်းမြောင်းခြင်း၊ မမြင်မကန်း ဖြစ်၍ပြည့်ကျပ်နေခြင်း၊ ငတ်မွတ်ခြင်း၊ ပူလောင်ဆူပွက်နေသောရေ၊ အဆိပ်ဖြင့်ပြည့်သော ဇူက်ကူမ်ပင်၊ စသည့်ဒုက္ခဆင်းရဲခြင်းများနှင့် ကြုံတွေ့နေကြရလိမ့်မည်။ ကိုယ်ခန္ဓာကို ထိခိုက်နာကျင်စေသည့် ဒုက္ခဆင်းရဲများအပြင် အသဲနှလုံးတွင်းသို့တိုင်အောင် ထိခိုက်နာကျင် စေသည့်ဝမ်းနည်းကျေကွဲမှုများလည်းရှိဦးမည်ဖြစ်၏။ (စူရာအလ်ဟုမာဇာ ၁၀၄း၅-၉)။ အလ္လာဟ်အရှင်မြတ်ရှိခြင်းကိုမယုံကြည်ငြင်းပယ်သူများကြုံတွေ့ကြရမည့် ကြီးကျယ်သည့်ပြစ်ဒဏ်ဒုက္ခဆင်းရဲခြင်းအကြောင်းကိုလည်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားပေသည်။ လူသားများအတွက် ဤကိစ္စသည် မည်မျှအရေးကြီးသောအရေးကိစ္စဖြစ်သည်ကိုလည်း ဖော်ပြထားပေသည်။ ငရဲဘုံတွင် ကြုံတွေ့ကြရမည့်ဒုက္ခဆင်းရဲသည် ပြင်းထန်လွန်းသဖြင့် ကမ္ဘာပေါ်တွင် ကြုံတွေ့ကြရသည့်မည်သည့်ဒုက္ခဆင်းရဲခြင်းနှင့် မည်သို့မျှနှိုင်းယှဉ်၍မရနိုင်ချေ။ မယုံကြည်သူတို့ကို စောင့်ဆိုင်းလျက်ရှိသော ထိုဒုက္ခဆင်းရဲခြင်းကို အောက်ပါအတိုင်း မိန့်ဆိုထားတော်မူ၏။

> စင်စစ်မှာကား ထိုသူသည် ချိုးဖျက်ချေခွဲ အပိုင်းပိုင်းအစစဖြစ်စေသော (ငရဲ)၌ ပစ်ချခြင်းကို အမှန်ပင်ခံရလတ္တံ့။ စင်စစ်ထိုချိုးဖျက်ချေခွဲ အပိုင်းပိုင်းအစစဖြစ်စေသော ငရဲသည် အဘယ်နည်းဟု အသင်သိပါသလော။ အလ္လာဟ်အရှင်မြတ်အမိန့်တော်အရ မွှေးထားတော်မူသောမီးပင်။ အကြင်မီးသည် စိတ်နှလုံးများအထိ တိုးတက်ဖုံးလွှမ်းလေ၏။ ဧကန်မလွဲ ထိုမီးသည် ၎င်းတို့အပေါ်၌ ပိတ်ဆို့ပြီးဖြစ်ပေမည်။ ရှည်လျားစွာသော မီးကျီးတိုင်များ၌ တုပ်နှောင်လျက် ရှိနေကြလိမ့်မည်။ (စူရာ အလ်ဟုမဇာ ၁၀၄း၄-၉)။
>
> ထိုနေ့တွင် များစွာသောသူတို့၏မျက်နှာများမှာ ညှိုးငယ်လျက်ရှိကြပေမည်။ ပင်ပန်းကြီးစွာလုပ်ကိုင်ရခြင်းကြောင့် မောပန်းလျက်ရှိကြပေမည်။ အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော မီးထဲသို့ဝင်ရောက်ကြပေမည်။ ကျိုက်ကျိုက်ဆူလျက် ရှိသောစမ်းချောင်းတစ်ခုမှရေကို တိုက်ကျွေးခြင်းခံကြရပေမည်။ သွာရီအ်မည်သော ဆူးပင်မှတစ်ပါး အခြားအဟာရဟူ၍ ရှိလိမ့်မည်မဟုတ်ပေ။ ထိုဆူးပင်မှာ ဝဖြိုးစေမည်လည်းမဟုတ်ပေ။ ဆာလောင် မွတ်သိပ်ခြင်းမှ အဆာပြေရောင့်ရဲစေမည်လည်းမဟုတ်ပါတကား။
> (စူရာဂါရှိယာ ၈၈း၂-၇)။

သွေဖည်ငြင်းပယ်သောသူ၏အဖို့ သံကြိုးများကိုလည်းကောင်း၊ လည်ကွင်းများကို လည်းကောင်း၊ အလျှံပြောင်ပြောင်တောက်လောင်လျက်ရှိသောမီးကိုလည်းကောင်း၊ အဆင်သင့်ပြုလုပ်ထားတော်မူ၏။ (စူရာအလ်ဒဟ်ရ်-အလ်အင်ဆာန် ၇၆း၄)။

ဤသည်ပင်လျှင် အပြစ်ရှိသူများ၊ မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသူများအတွက် 'ဂျဟန္နမ်' ငရဲဖြစ်၏။ ထိုအပြစ်ရှိသူတို့ကား ယင်း'ဂျဟန္နမ်'ငရဲနှင့် ပွက်ပွက်ဆူလျက်ရှိသောရေနွေးပူ၏အကြား၌ လှည့်ပတ်လျက် နေကြရပေမည်။
(စူရာအရ်ရဟ်မန် ၅၅း၄၃-၄၄)။

သို့ရာတွင် "ကာဖိရ်"သွေဖည်ငြင်းပယ်သူတို့အဖို့ "ဂျဟန္နမ်"ငရဲဘုံ၏ မီးသည်ရှိပေမည်။ ၎င်းတို့သေဆုံးနိုင်ကြအံ့သောငှာ အမိန့်တော်ပြဋ္ဌာန်းခြင်းခံရမည်လည်း မဟုတ်ပေ။ ယင်းငရဲဘုံ၏ပြစ်ဒဏ်သည် ၎င်းတို့မှပေါ့လျော့စေခြင်းခံရမည်လည်းမဟုတ်ပေ။ ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် သွေဖည်သူတိုင်းကို အစားပေးတော်မူသည်။ ။ထို့ပြင် ၎င်းတို့သည် ယင်း"ဂျဟန္နမ်"ငရဲဘုံ၌ 'အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤငရဲဘုံမှထုတ်တော်မူပါ။ ကျွန်တော်မျိုးတို့သည် မိမိတို့ပြုလုပ်လျက်ရှိခဲ့ကြသောအပြုအမူများမှတပါး ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ကြပါမည်'ဟု ဟစ်အော်လျောက်ထားကြပေမည်။ (စူရာ ဖာတိရ် ၃၅း၃၆-၃၇)။

ထိုသူတို့ပင် "ဂျဟန္နမ်"ငရဲဘုံသို့ မျက်နှာမှောက်လျက် တရွတ်တိုက်ဆွဲကာ ပို့ဆောင်ခြင်းကို ခံကြရပေမည်။ ထိုသူတို့ကား နေရာဌာနအားဖြင့် အဆိုးဆုံးသောသူများ တရားလမ်းစဉ်အားဖြင့် လွန်စွာမှားယွင်းသူများသာ ဖြစ်ကြကုန်သတည်း။ (စူရာအလ်ဖုရ်ကာန် ၂၅း၃၄)။

ယင်းမီးတောက်မီးလျှံသည် ထိုသူတို့အား အဝေးမှမြင်လေသောအခါ ထိုသူတို့သည် ယင်းမီးတောက်မီးလျှံ၏ ဆူညံခြင်းနှင့်အမျက်ဒေါသထွက်ခြင်းကိုလည်းကောင်း၊ မြည်ဟိန်းခြင်းကိုလည်းကောင်း ကြားကြရပေမည်။ ထို့ပြင် ၎င်းတို့သည် ယင်းငရဲ၌ ကျဉ်းမြောင်းသောနေရာတစ်ခုခုတွင် တုပ်နှောင်လျက် ပစ်ချခြင်းခံကြရသောအခါ ၎င်းတို့သည် ထိုနေရာ၌ ပျက်စီးခြင်းကိုဟစ်ခေါ်ကြပေမည်။ အသင်တို့သည် ယနေ့ တစ်ခုတည်းသောပျက်စီးခြင်းကို ဟစ်ခေါ်ခြင်းမပြုကုန်လင့်၊ မြောက်မြားစွာသော ပျက်စီးခြင်းများကို ဟစ်ခေါ်ကြလေကုန်။ (စူရာအလ်ဖုရ်ကာန် ၂၅း၁၂-၁၄)။

## ယုံကြည်သူတို့အား ဂတိခံထားသောအိမ်တော်စစ် – ဂျန္နတ် သုခဘုံ
## The True Home Promised to the Believers: Paradise

စင်စစ်သော်ကား မိမိတို့ကျင့်မူလျက်ရှိခဲ့ကြသည်များ၏အကျိုးကျေးဇူးအဖြစ် လျှို့ဝှက်စွာထားရှိပြီးဖြစ်သော မျက်စိအေးမြကြည်လင်မှုကို မည်သူတဦးတယောက်မျှပင် မသိပြီတကား။ (စူရာ အလ်ဆိဂျ်ဒဟ် ၃၂း၁၇)။

"ဂျန္နတ်"သုခဘုံသည် အလ္လာဟ်အရှင်မြတ်ကိုယုံကြည်၍ ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ် ဆည်းကပ်သူတို့အတွက် ဂတိခံထားသော အိမ်တော်မှန်ပင် ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော်အမြောက်အမြားတွင် "ဂျန္နတ်"သုခဘုံသည် သုခချမ်းသာခြင်းမင်္ဂလာအမျိုးမျိုးနှင့် ပြည့်စုံ၍ ထာဝစဉ်ချမ်းမြေ့ပျော်ရွှင်မှုရှိသောဌာနဖြစ်သည်ဟု ဖော်ပြထားပေသည်။ အလ္လာဟ်အရှင်မြတ်က ယုံကြည်သူများကို ကမ္ဘာမြေကြီးတွင် သူတို့ပြုမူခဲ့သောကောင်းမှုများအတွက် "ဂျန္နတ်" သုခဘုံဖြင့် ပေးဆပ်ခြင်းဖြစ်ပေသည်။

"ဂျန္နတ်"သုခဘုံသည် အလ္လာဟ်အရှင်မြတ်၏ ပင်ကိုအရည်အချင်းဖြစ်သော အနန္တဂရုဏာတော်ကို ထုတ်ဖေါ်သော နေရာဖြစ်ပေသည်။ ထိုအရှင်မြတ်ပေးသနားတော်မူသော ကျေးဇူးတော်ကို သိတတ်၍ မှန်ကန်စွာသုံးသူအတွက် ပို၍အဆင့်မြင့်သော ဂရုဏာတော်ကို ပေးအပ်ခြင်းခံရမည်ဖြစ်၏။ "ဂျန္နတ်"သုခဘုံသည် လူသား၏ စိတ်နှလုံးသားမှ တောင့်တနိုင်သော သုခချမ်းသာခြင်းမှန်သမျှအ

ပြင် ထို့ထက်ပို၍ ပေးအပ်ခြင်းခံရမည့် ဌာနဖြစ်သည်ဟု ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ပြထား ပေသည်။

အချို့သောသူတို့၏စိတ်တွင်၊ "ဂျန္နတ်"သုခဘုံသည် ကျွန်ုပ်တို့တွေ့မြင်နေကျ မြက်ခင်းပြင်နှင့် စိုက်ပျိုးခင်းများ၊ ပန်းမာလ်များပွင့်လန်းပြည့်နက်နေသော သဘာဝအလှနေရာဌာနများလောက်သာဖြစ်လိမ့်မည်ဟူသော အကန့်အသတ်ဖြင့် တွေးထင်ကြပေလိမ့်မည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ပြထားသော "ဂျန္နတ်"သုခဘုံသည် ယင်းကန့်သတ်မှုအတွင်းရှိအသိနှင့် များစွာခြားနားပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ "ဂျန္နတ်"သုခဘုံသည် လူသားများလိုအင်ဆန္ဒရှိရာအားလုံး ပြည့်စုံစွာရှိသည်ဟု ဆိုထား၏။

**ထိုသူတို့၏ရှေ့ဝယ် ပန်းကန်ပြားများသည်လည်းကောင်း၊ သောက်ရေဖလားများသည်လည်းကောင်း၊ လည်ပတ်လျက်ရှိကြပေမည်။ ထိုမှတပါး ယင်းသုခဘုံ၌ စိတ်အလိုဆန္ဒရှိသမျှတို့သည်လည်းကောင်း၊ မျက်စိအရသာခံစားအံ့သောအကြောင်းအရာတို့သည်လည်းကောင်း၊ ရှိကြပေမည်။ ၎င်းပြင် အသင်တို့သည် ယင်းသုခဘုံ၌ အမြဲထာဝရနေထိုင်ကြမည်ပင် ဖြစ်ကုန်၏။** (စူရာ ဇုခ်ရုဖ် ၄၃း၇၁)။

နောက်ထပ်အာယသ်တော်တစ်ခုတွင်၊ လူသားများလိုအင်ဆန္ဒရှိသည်ထက် ပို၍ရှိသည်ဟု ဆိုထားပေသည်။

> **၎င်းတို့အဖို့ ယင်း "ဂျန္နတ်"သုခဘုံ၌ ၎င်းတို့အလိုရှိကြသောအရာဟူသမျှ ရှိရုံမက ငါအရှင်မြတ်အထံတော်၌ ထိုထက်ပိုမိုသော ကျေးဇူးတော်များလည်းရှိချေသတည်း။**
> (စူရာ ကားဖ် ၅၀း၃၅)။

ဆိုလိုရင်းမှာ "ဂျန္နတ်"သုခဘုံတွင် မြောက်မြားစွာသောအရာများ ရှိသည့်အပြင်၊ လူသားများ ဤကမ္ဘာမြေကြီးပေါ်တွင် တွေးပင်မတွေးထင်ဘူးသောအရာများလည်းရှိပေသည်။ ယုံကြည်သူများကို အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကိုနာခံ၍ ဤကမ္ဘာပေါ်တွင် ထိုအရှင်မြတ်၏အလိုတော်ကျအတိုင်း နေထိုင်လုပ်ဆောင်ခြင်းအတွက် ထို"ဂျန္နတ်"သုခဘုံတွင် ထာဝရအသက်ရှင်ခြင်းကို ပေးသနားတော်မူမည် ဖြစ်၏။

ယုံကြည်သူတို့အား ဂတိပေးထားသော "ဂျန္နတ်"သုခဘုံအကြောင်းနှင့် ပတ်သက်၍ ကုရ်အာန်အာယသ်တော် အမြောက်အမြားတွင်လည်း ဖေါ်ပြထားပေသည်။

> (အို-နဗီတမန်တော်) အသင်သည် "အီမာန်"ယုံကြည်ခြင်းသဒ္ဒါတရားထား၍ ကောင်းမြတ်သောအကျင့်သီလများကို ဆောက်တည်ကြကုန်သော "မုအ်မင်"များအား ပီတိသောမနဿဖြစ်စေသော မင်္ဂလာသတင်းကို ပေးလေလော့။ ဧကန်ဆတ်ဆတ် ထိုသို့သော သီလဝန္တပုဂ္ဂိုလ်များ (စံစားနေထိုင်ရန်အလို့ငှာ) "ဂျန္နတ်"အမတသုခဘုံများသည် အသင့်ရှိ၏။ ထိုသုခဘုံများအောက်၌ စမ်းရေချောင်းများလည်း အယဉ်တွေတွေ စီးဆင်းလျက်ရှိ၏။
> ဧကန်မလွဲ သူတော်စင်သူတော်မြတ်တို့မှာမူကား ဥယျာဉ်များ၌လည်းကောင်း၊ စိမ့်စမ်းများ၌လည်းကောင်း ရှိကြပေမည်။ အသင်တို့သည် ယင်းဥယျာဉ်များသို့ ငြိမ်းချမ်းလျက် ဘေးအန္တရာယ်အသွယ်သွယ်တို့မှကင်းလွတ်စွာ ဝင်ရောက်ကြလေကုန် (ဟုမိန့်ကြားတော်မူမည်။) ထို့ပြင် ငါအရှင်မြတ်သည် ယင်းသူတော်စင်တို့၏ စိတ်နှလုံးများတွင် ကျန်ရှိနေသေးသော ရန်ငြိုးရန်စအာဃာတကို ထုတ်ပစ်တော်မူမည်။ ၎င်းတို့သည် သလွန်များပေါ်၌ မျက်နှာချင်းဆိုင်ကြလျက် ညီသားအစ်ကိုများဖြစ်ကာ (ခင်မင်ရင်းနှီးစွာ) ရှိနေကြပေမည်။ ၎င်းသူတော်စဉ်တို့သည် ယင်းဥယျာဉ်များတွင် မည်သည့်ဘေးဒုက္ခမျှလည်း သက်ရောက်မည်မဟုတ်ပေ။ ၎င်းပြင် ထိုသူတို့သည် ယင်းဥယျာဉ်များမှ နှင်ထုတ်ခြင်း ခံကြရမည်လည်း မဟုတ်ပေ။ (စူရာ အလ်ဟိဂျ်ရ် ၁၅း၄၅-၄၈)။

ထိုမှတပါး “ဂျန္နတ်“သုခဘုံသည် မွတ္တာကီသူတော်စင်များအနီးသို့ ယူလာခြင်းကို ခံရပေမည်။ (ယင်း“ဂျန္နတ်“သုခဘုံမှာ) ဝေးကွာလှမည်မဟုတ်ပေ။ (စူရာ ကားဖ် ၅၀း၃၁)။

ဧကန်မလွဲ “ဂျန္နတ်“သုခဘုံသားတို့သည် ယနေ့မိမိတို့၏အရေးကိစ္စများမှ မွေ့လျော်လျက်ရှိကြပေမည်။ ၎င်းတို့နှင့် ၎င်းတို့၏ကြင်ယာကြင်ဖက်တို့သည် အရိပ်အာဝါသများအောက်တွင် သလွန်များထက်ဝယ် မှီအုံးများကိုမှီအုံးလျက် ထိုင်နေကြပေမည်။ ၎င်းတို့အဖို့ ယင်း“ဂျန္နတ်“သုခဘုံ၌ အမျိုးမျိုးသောသစ်သီးဝလံများလည်း ရှိကြပေမည်။ ဖန်ဆင်းမွေးမြူတော်မူသော အလွန်တရာသနားကြင်နာတော်မူသော အရှင်မြတ်အထံတော်မှ “ဆလာမ်” ချမ်းမြေ့သာယာစေ-ဟူ၍ မိန့်ကြားတော်မူအံ့သတည်း။ (စူရာ ယာစီန် ၃၆း၅၅-၅၈)။

ဧကန်အမှန် “မွတ္တာကီ”သူတော်စင်တို့မှာ ငြိမ်းချမ်းသာယာသောနေရာဋ္ဌာနတွင် ရှိကြပေမည်။ ဥယျာဉ်များ၌လည်းကောင်း၊ စမ်းချောင်းများ၌လည်းကောင်း၊ ရှိနေကြမည်။ ၎င်းတို့သည် ပိုးထည်အပါးစားကိုလည်းကောင်း၊ ပိုးထည်အထူစားကိုလည်းကောင်း၊ ဝတ်ဆင်၍ မျက်နှာချင်းဆိုင် ထိုင်လျက်ရှိကြပေမည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်းတို့အား ဖြူ၍လှပတင့်တယ်သော၊ မျက်စိပြူး၍လှပသော၊ မိန်းမများနှင့်ထိမ်းမြား၍ ပေးတော်မူပေမည်။ ၎င်းတို့သည် ယင်းဥယျာဉ်များ၌ အလုံးစုံသောသစ်သီးဝလံတို့ကို အေးချမ်းစွာ မှာယူကြပေမည်။ ၎င်းတို့သည် ပထမအကြိမ် သေဆုံးခဲ့ကြသည်မှတစ်ပါး ယင်းဥယျာဉ်များတွင် “မရဏ”သေခြင်းတရား၏ ရသာကို မြည်းစမ်းကြရမည် မဟုတ်ပြီ။ ထိုမှတပါး ၎င်းတို့အား ထိုအရှင်မြတ်သည် “ဂျဟန္နမ်”ငရဲဘုံ၏ပြစ်ဒဏ်မှလည်း လွတ်ကင်းစေတော်မူပေမည်။ ဤသည်ကား အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကျေးဇူးတော်ကြောင့် ဖြစ်ပေမည်။ ဤသည်ပင်လျှင် ကြီးကျယ်လှစွာသော အောင်မြင်မှုပင်။ (စူရာ အလ်ဒါခါန် ၄၄း၅၁-၅၈)။

သို့ရာတွင် ‘အီမာန်’သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သောအကျင့်သီလများကို ကျင့်မှုဆောက်တည်ကြကုန်သောသူတို့မှာမူကား အမှန်ပင် ငါအရှင်မြတ်သည် ၎င်းတို့အား “ဂျန္နတ်“သုခဘုံ၌ မြင့်စွင့်လှစွာသောအဆောင်များတွင် နေရာချပေးတော်မူမည်။ ယင်းအဆောင်များ၏အောက်၌ ရေချောင်းများသည် စီးတွေလျက်ရှိကြပေမည်။ ယင်းအဆောင်များတွင် အမြဲထာဝစဉ် နေထိုင်စံမြန်းကြပေမည်။ ပင်ပန်းကြီးစွာလုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော သူတော်ကောင်းတို့၏ အကျိုးကား လွန်စွာကောင်းမြတ်လှပါဘိတကား။
(စူရာ အလ်အန်ကဘူတ် ၂၉း၅၈)။

## မကုန်ဆုံးနိုင်သောဒဏ်ခတ်ခြင်းဒုက္ခမှ ကယ်တင်နိုင်မည့် သတိပေးချက်
## A Warning to those Who Would Be Saved from Endless Torment

ဤကမ္ဘာပေါ်တွင် လူတိုင်းသည် မိမိကြိုက်နှစ်သက်သည့် လမ်းစဉ်အတိုင်းနေထိုင်နိုင်ခွင့်ရှိပေသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ အခြားသူတစ်ဦးတစ်ယောက်ကို အတင်းအကြပ်ပြုခိုင်းစေခွင့်မရှိပေ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ် အမှန်တကယ်ရှိခြင်းအကြောင်းနှင့် အလ္လာဟ်အရှင်မြတ်၏ အမြဲထာဝစဉ်တရားမျှတမှုရှိခြင်းအကြောင်းကို အလ္လာဟ်အရှင်မြတ်အား ငြင်းပယ်၍ သူတို့လျှောက်နေသောလမ်းမှားကို မသိသူတို့အား သတိပေးနှိုးဆော်ရန်ကား၊ သက်ဝင်ယုံကြည်သူအားလုံးတို့၏ တာဝန်ဝတ္တရားဖြစ်ပေသည်။ လူတွေ၏အခြေအနေသည် အလွန်ဆိုးရွားနေကြောင်းကို အလ္လာဟ်အရှင်မြတ်က သတိပေးထားတော်မူ၏။

သို့ဖြစ်ပေရာ အကြင်သူသည် မိမိအဆောက်အအုံကို အလ္လာဟ်အရှင်မြတ်အားကြောက်ရွံ့ခြင်းခန့်ညားခြင်း၌လည်းကောင်း၊ ထိုအရှင်မြတ်၏ကျေနပ်မှုအပေါ်၌လည်းကောင်း၊ အုတ်မြစ်ချခဲ့၏။ ထိုသူသည် ပို၍ကောင်းလေသလော။ သို့တည်းမဟုတ် မိမိအဆောက်အအုံကို ပြိုကျအံ့ဆဲဆဲဖြစ်သောချောက်ကမ်းပါးပေါ်၌ အုတ်မြစ်ချခဲ့လေသည်။ သို့ဖြစ်လေရာ ထိုအဆောက်အအုံသည် ထိုသူနှင့်တကွ “ဂျဟန္နမ်”ငရဲဘုံ၏မီးထဲသို့ ပြိုကျသွား

**လေသည်။ ထိုသူသည် ပို၍ကောင်းလေသလော။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မတရားကျင့်မှုပြုလုပ်သောသူတို့အား တရားလမ်းမှန်သို့ ပို့တော်မူသည်မဟုတ်ပေ။**
(စူရာ တောင်ဘာ ၉း၁၀၉)။

အလ္လာဟ်အရှင်မြတ်၏ အမိန့်ဩဝါဒတော်များကို တမင်တကာရှောင်ရှားငြင်းပယ်ကြသူတို့သည်လည်းကောင်း၊ မသိကြိုးနှံငြင်းပယ်သူတို့သည်လည်းကောင်း၊ နောင်တမလွန်ဘဝတွင် ကယ်တင်ခြင်းကို ခံကြရမည်မဟုတ်။ သူတို့ကို ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ် ထံတော်ပါးသို့ နောင်တကြီးစွာရခြင်းဖြင့် မျက်နှာလှည့်ခြင်းမပြုကြပါက၊ အကြီးကျယ်ဆုံးသောပြစ်ဒဏ်ကို ခံကြရမည်ဖြစ်သည်။ အဆုံးမရှိထာဝစဉ်ဖြစ်သော ပြစ်ဒဏ်ပေးခြင်းသည် သူတို့အား စောင့်ဆိုင်းနေကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်း ဖော်ပြထားပေသည်။

**သို့ရာတွင် အကြင်သူတို့သည် ငါအရှင်မြတ်၏အာယသ်တော်များကိုသွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့ကား လက်ဝဲဘက်သားများပင်ဖြစ်ကြကုန်၏။ ၎င်းတို့အပေါ်၌ပိတ်လှောင်ထားသော ဖုံးအုပ်ထားသောမီးသည် လွှမ်းခြုံလျက်ပင် ရှိချေအံ့သတည်း။**
(စူရာ အလ်ဗလဒ် ၉၀း၂၉–၂၀)။

ထိုထာဝစဉ်ခံစားရမည့်ပြစ်ဒဏ်မှလွတ်မြောက်၍၊ ထာဝရစံစားရမည့် "ဂျန္နတ်"သုခဘုံသို့ ရောက်ရှိရန်နည်းလမ်းများသည် ရှင်းလင်းစွာ အထင်းသားရှိနေပေသည်။

အချိန်မနှောင်းမီ အလ္လာဟ်အရှင်မြတ်အား စိတ်ရင်းစေတနာရင်းဖြင့် သက်ဝင်ယုံကြည်ကြလော့။

မိမိအသက်ရှင်နေသေးသောဘဝတွင် ထိုအရှင်မြတ်၏အလိုတော်အတိုင်း နေထိုင်ကြလော့။

# သတိ

အသင် ရှေ့တွင်ဆက်၍ဖတ်ရှုမည့်အခန်းသည်၊
သင့်ဘဝ၏ အရေးကြီးသောလျှို့ဝှက်ချက်ကို ဖေါ်ထုတ်ထားပေသည်။
သေသေချာချာ စိတ်ပါဝင်စားစွာဖတ်ရှုပါလေ။ အသင်၏ပတ်ဝန်းကျင်
ပြင်ပကမ္ဘာအပေါ်၌ အသင့်အမြင်သည် ပြောင်းလဲသွားစေနိုင်ပါသည်။
ဤအခန်းတွင် ဖေါ်ပြထားသောအချက်အလက်များသည်
ထင်မြင်ချက် သို့မဟုတ် သမရိုးကျအတွေးအခေါ်သာမဟုတ်ပါ။
ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူဖြစ်စေ၊
လက်ခံဝန်ခံကြရမည့်အချက်များဖြစ်ပါသည်။
ယနေ့လက်ရှိသိပ္ပံလောကမှလည်း သက်သေထူထားပြီးသောအချက်များ
ဖြစ်ပါသည်။

# ဒြပ်ပစ္စည်းကို အလွန်ခြားနားစွာလေ့လာခြင်း
# A Very Different Approach to Matter

မိမိတို့၏ပတ်ဝန်းကျင်တစ်ခုလုံးကို ပညာဉာဏ်အမြော်အမြင်ရှိရှိ လေးလေးနက်နက်ကြည့်ရှုဆင်ခြင်သုံးသပ်သူများသည်၊ စကြာဝဠာတစ်ခုလုံးတွင် ရှိရှိသမျှသက်ရှိသက်မဲ့အရာအားလုံးတို့သည် ဖန်ဆင်းထားခြင်းဖြစ်သည်ဟု သတိတရားရကြပေသည်။ ထိုအရာများ အားလုံးကို **"မည်သူ"**က ဖန်ဆင်းထားပါသနည်း ဟူသောမေးခွန်းက ပေါ်လာပါသည်။

**"ဖန်ဆင်းခြင်း၏အကြောင်းတရား"**သည် စကြာဝဠာမှပေါ်ပေါက်လာခြင်းမဟုတ်ကြောင်း ယင်း၏အချင်းအရာများအားလုံးက အဖက်ဖက်မှနေ၍ ထင်ရှားစွာဖော်ပြလျက်ရှိပေသည်။ ဥပမာ ပိုးမွှားတစ်ကောင်သည် သူ့ကိုယ်သူဖန်ဆင်းယူခြင်းမဖြစ်နိုင်။ သူရိယစကြာဝဠာစနစ်သည်လည်း သူ့ကိုယ်သူဖန်တီးဖန်ဆင်းယူခြင်းမဖြစ်နိုင်ပေ။ အပင်များ၊ လူသားများ၊ ဘက်တီးရီယားပိုးများ၊ (erythrocytes) သွေးနီဥများ၊ လိပ်ပြာကောင်များ၊ စသည်တို့သည်လည်း သူတို့ကိုယ်ကို သူတို့ကိုယ်တိုင်ဖန်ဆင်းယူခြင်းမဖြစ်နိုင်ချေ။ ထို့ကြောင့် ထိုအရာများအားလုံးသည်လည်း သူ့အလိုလိုဖြစ်ပေါ်လာသည် ဟူခြင်းသည် တွေးကြည့်၍ပင်မရနိုင်တော့ချေ။

ထို့ကြောင့် အောက်ပါအတိုင်းသာလျှင် ကောက်ချက်ချကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့မြင်နေသမျှအရာအားလုံးသည် ဖန်ဆင်းခြင်းခံရ၏။ သို့သော်လည်း ကျွန်ုပ်တို့ တွေ့မြင်နေရသည့်အရာများ အားလုံးသည်လည်း ဖန်ဆင်းရှင်များမဟုတ်ချေ။ ဖန်ဆင်းရှင်သည် ကျွန်ုပ်တို့၏ မျက်စိဖြင့်တွေ့မြင်နိုင်သောအရာများနှင့်မတူသည့်အပြင်၊ ထိုအရာခပ်သိမ်းတို့ထက် အဆင့်မြင့်ရပေမည်။ အင်အားစွမ်းပကားပိုမိုကြီးမား၍၊ ကျွန်ုပ်တို့၏မျက်စိဖြင့် မမြင်နိုင်သော်လည်း သူ၏တည်ရှိမှု ပင်ကိုအရည်အချင်းလက္ခဏာများသည် ဖန်ဆင်းထားသောအရာတိုင်းတွင် ရှိနေပေမည်။

ဤအချက်သည်ပင် အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်သူများက ကန့်ကွက်နေကြသောအချက်ပင်ဖြစ်ပေသည်။ ထိုသူတို့သည်၊ အလ္လာဟ်အရှင်မြတ်ကို မျက်စိဖြင့် ကွင်းကွင်းကွက်ကွက်မမြင်ရမချင်း မယုံကြည်ရန် ကြိုတင်ဆုံးဖြတ်သတ်မှတ်ထားပြီးဖြစ်သည်။ ထိုသူတို့သည် ကမ္ဘာမြေတဝှမ်းလုံးနှင့် စကြာဝဠာတစ်ခုလုံးတွင် ပြည့်လျှံလျက်ရှိသော ဖန်ဆင်းခြင်းလက္ခဏာ သက်သေသာဓကေ အစစ်အမှန်များကို အတင်းအဓမ္မပေကပ်ပြီး အလေးမထားလက်မခံဘဲ သက်ရှိအရာများကို **"ဖန်ဆင်း"** ထားခြင်းမဟုတ်ကြောင်း သက်သေအထောက်အထားရှာနေခဲ့ကြ၏။ အီဗိုလူးရှင်းသီအိုရီသည် ထိုကဲ့သို့အချိန်ကုန်ငွေကုန်အလဟဿအချည်းနှီးကြိုးပမ်းကြခြင်း၏ အကောင်းဆုံးဥဓါဟရုန် တစ်ခုဖြစ်ပေသည်။

အလ္လာဟ်အရှင်မြတ်တည်ရှိခြင်းကို လုံးဝငြင်းပယ်ခြင်းမပြုသော်လည်း အလ္လာဟ်အရှင်မြတ်ကို မယုံကြည်ငြင်းပယ်ကြရာတွင်အခြေခံသဘောထားအားဖြင့်တူညီကြပေသည်။ အလ္လာဟ်အရှင်မြတ်မရှိဟု မဆိုကြသော်လည်း အလ္လာဟ်အရှင်မြတ်ရှိသော "နေရာဌာန" နှင့်ပတ်သက်၍ အယူသီးမှားယွင်းကြပေသည်။ အများအားဖြင့် အလ္လာဟ်အရှင်မြတ်သည် "မိုးကောင်းကင်"၌ရှိသည်ဟု ယုံကြည်ကြ၏။ ၎င်းတို့သည် ဖွင့်ပြောခြင်းမပြုကြသော်လည်း၊ အလ္လာဟ်အရှင်မြတ်သည် အလွန်ဝေးကွာသော နက္ခတ်တာရာဂြိုလ်တစ်ခုခုတွင်ရှိနေပြီး ကမ္ဘာမြေကြီး၏ကိစ္စနှင့်ပတ်သော "လောကီရေး" တွင် ရံဖန်ရံခါဝင်ရောက်စွက်ဖက်သည်၊ သို့မဟုတ် မေ့လျော့ပစ်ပယ်ထားသည်ဟု ထင်ကြ၏။ ကမ္ဘာမြေကြီးကို ဖန်ဆင်းထားပြီးနောက် လူသားများအနေဖြင့် သူတို့၏ကံကြမ္မာကို သူတို့ဆက်လက်ဖန်တီးကြရန် ချန်ထားခဲ့သည်ဟု ထင်ကြသည်။

အချို့ကလည်း အလ္လာဟ်အရှင်မြတ်သည် နေရာတကာတိုင်းတွင်ရှိသည်ဟု ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသဖြင့် ယုံကြည်ကြသော်လည်း၊ ထိုဖော်ပြချက်၏ သဘောတရား အမှန်စင်စစ်ကို ရှင်းရှင်းလင်းလင်းသေချာစွာ သဘောပေါက်ခြင်းမရှိကြချေ။ အလ္လာဟ်အရှင်မြတ်သည် ရေဒီယို

လှိုင်းများ လက်ဆုပ်လက်ကိုင်အကောင်အထည်မပြနိုင်မမြင်နိုင်သော ဓါတ်ငွေ့ကဲ့သို့ ပတ်လည်ဝိုင်းနေသည်ဟုလည်း ထင်ကြပေသည်။

ထိုကဲ့သို့ အလွှာဟ်အရှင်မြတ်သည် **"မည်သည့်နေရာ"** တွင်ရှိသည် ဟူသောဖြစ်လေ့ဖြစ်ထရှိသည့် အမှားတစ်ခုတွင်မူတည်လျက်ရှိနေပေသည်။ ထိုအမှားသည် သူတို့၏ရမ်းဆဆုပ်ကိုင်ထားသော အစွဲအလမ်းတစ်ခုကြောင့် ဖြစ်ပေသည်။ ၎င်းမှာ မည်သည့်အစွဲအလမ်းဖြစ်ပါသနည်း။

ထိုအစွဲအလမ်းသည် ဒြပ်ပစ္စည်း၏သဘာဝနှင့်သွင်ပြင်လက္ခဏာကြောင့်ပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ဒြပ်ပစ္စည်းများအမှန်တကယ်ရှိသည်ဟူသော ကြိုတင်မှတ်ယူချက်အပေါ်သာ မူတည်၍ တွေးတောနေကြခြင်းဖြစ်ပေသည်။ မည်သည့်အခါမျှ ထိုဒြပ်ပစ္စည်းများသည် အမှန်တကယ်ရှိမရှိ သို့မဟုတ် အရိပ်များအထင်များသာဖြစ်လေသလောဟု မည်သည့်အခါမျှ မတွေးတောမိခဲ့ကြပေ။ ခေတ်သစ်သိပ္ပံပညာက ဤအစွဲအလမ်းကိုဖျက်သိမ်းပစ်၍ အလွန်အရေးကြီးသော မှန်ကန်ချက်ကို ထုတ်ဖေါ်လိုက်လေသည်။ ကျွန်ုပ်တို့အနေဖြင့် ကုရ်အာန်ကျမ်းတော်မြတ်တွင်ဖေါ်ပြထားသော ထိုကြီးကျယ်သည့်အချက်ကို လာမည့်စာမျက်နှာများတွင် ကြိုးစား၍ရှင်းပြပါမည်။

## လျှပ်စစ်အချက်ပြလှိုင်းကမ္ဘာ (THE WORLD OF ELECTRICAL SIGNALS)

ကျွန်ုပ်တို့နေထိုင်လျက်ရှိသော ကမ္ဘာလောကကြီးနှင့်ပတ်သက်သောအချက်အလက်များသည် ကျွန်ုပ်တို့ထံသို့ အာရုံငါးပါးမှတဆင့် ရောက်ရှိလာပေသည်။ ထိုအာရုံငါးပါးတို့သည် မျက်စိဖြင့်မြင်ခြင်း၊ လက်ဖြင့်ထိတွေ့ခြင်း၊ နှာခေါင်းဖြင့်အနံ့ရခြင်း၊ လျှာဖြင့်အရသာခံစားရခြင်း၊ နားဖြင့်ကြားရခြင်း စသည်တို့ဖြစ်၏။ ကျွန်ုပ်တို့ထံသို့ အာရုံငါးပါးမှတဆင့်ရောက်ရှိလာသောဒြပ်ပစ္စည်းတို့၏ ပုံစံအရောင်အဆင်း အနံ့အရသာစသည်တို့အပြင် ဒြပ်ပစ္စည်းဖြစ်သော ထို "ပြင်ပကမ္ဘာသည်" အခြားပုံစံမျိုးများရှိလေဦးမည်လောဟု မတွေးမိကြချေ။ မွေးဖွားလာကတည်းက ကျွန်ုပ်တို့သည် ထိုအာရုံငါးပါးကိုသာ အားကိုးအားထားပြုနေကြရပေသည်။

ပညာရပ်နယ်ပယ်အဖက်ဖက်မှ ခေတ်သစ်သိပ္ပံပညာသုတေသနများက ကျွန်ုပ်တို့သမရိုးကျနားလည်သဘောပေါက်သိရှိထားသောအာရုံငါးပါးနှင့် ပြင်ပကမ္ဘာကို သံသယရှိစေရန် ညွှန်းလျက် ရှိနေပေသည်။

ဤလေ့လာနည်းသည် "ပြင်ပကမ္ဘာ" ကို ကျွန်ုပ်တို့သိရှိခြင်းသည် ကျွန်ုပ်တို့၏ဦးနှောက်တွင်း၌ ပေါ်ပေါက်သော လျှပ်စစ်အချက်ပြလှိုင်းများက ဖေါ်ထုတ်ပေးခြင်းဖြင့် ဖြစ်ပေါ်သိရှိလာသည် ဟူသောအချက်မှ စတင်ပေသည်။ ပန်းသီး၏အနီရောင်၊ သစ်သား၏မာကျောခြင်း၊ အသင်၏ မိခင်၊ ဖခင်၊ မိသားစုမှအစ အစစအရာရာ အသင်ပိုင်ဆိုင်သောပစ္စည်းများ၊ အသင့်နေအိမ်၊ အလုပ်အကိုင်၊ အသင်ဖတ်နေသောစာအုပ်မှစာကြောင်းများ စသည့်အရာမှန်သမျှသည် ဦးနှောက်အတွင်းဖြစ်ပေါ်သော လျှပ်စစ်အချက်ပြလှိုင်းများသာ ဖြစ်ပေသည်။

သိပ္ပံပညာအနေဖြင့် ဤဘာသာရပ်အဆင့်ကို ရောက်လာခြင်းနှင့်ပတ်သက်၍ ဖရက်ဒရစ် ဗက်စတာက အောက်ပါအတိုင်းရှင်းပြထား၏။

> **"လူသားသည်ပုံရိပ်မျှသာဖြစ်သည်"** ဟု အချို့သိပ္ပံပညာရှင်များက ပြောဆိုနေကြခြင်းနှင့် **"ဤစကြာဝဠာတစ်ခုလုံးသည် အရိပ်သာလျှင်ဖြစ်သည်"** ဟု ဆိုခြင်းသည်၊ ကျွန်ုပ်တို့ ယခုခေတ်ရှိသိပ္ပံပညာက သက်သေထူထားပြီဟု ယူဆနိုင်ပါသည်။[၂၅]

အလွန်ကျော်ကြားသော အတွေးအခေါ်ပညာရှင် ဂျော့ဘာကလေသည်လည်း ဤသို့ဝေဖန် သုံးသပ်ထားပေသည်။

> ကျွန်ုပ်တို့သည် အရာဝတ္ထုများရှိသည်ဟုယုံကြည်နေကြခြင်းသည် ၎င်းတို့အား တွေ့မြင်ခြင်းနှင့် ထိတွေ့ခြင်း စသည့်အာရုံငါးပါး၏လက်ခံမှုကြောင့်ဖြစ်ပေါ်လာသောအသိဖြစ်ပေသည်။ သို့သော်လည်း ထိုအသိတရားများသည် စိတ်တွင်း၌တွေးထင်မှုသာလျှင်ဖြစ်နေသည်။ ထိုတွေးထင်မှုသည်လည်း ကျွန်ုပ်တို့၏စိတ်ထဲမှာသာလျှင်ရှိနေပေသည်။ ထိုကဲ့သို့ ကျွန်ုပ်တို့၏စိတ်ထဲမှာသာလျှင် ရှိနေခြင်းကြောင့် ကျွန်ုပ်တို့၏ စိတ်ထဲတွင် ထင်ယောင်ထင်မှားဖြစ်စေရန် လှည့်ဖြားခြင်းခံနေရသဖြင့် စိတ်၏ပြင်ပတွင် စကြာဝဠာတစ်ခုလုံးနှင့်အတူ အရာဝတ္ထုများရှိနေသည်ဟု တွေးတောနေခြင်းဖြစ်ပေသည်။[၂၆]



လှုံ့ဆော်နှိုးဆွမှုသည် အရာဝတ္ထုမှလာ၍ ခေါက်ထိုးဖြစ်သော ပုံရိပ်ဖြစ်ပေါ်လာကာ လျှပ်စစ်အချက်ပြ လှိုင်းများအဖြစ် ပြောင်းလဲသွားပြီး ဦးနှောက်တွင်းသို့ ရောက်သွား၏။ ကျွန်ုပ်တို့တွေ့မြင်ရသောအခါ ၎င်းလျှပ်စစ်အချက်ပြလှိုင်းများကိုသာ စိတ်ထဲ၌ သိရခြင်းဖြစ်၏။

ဤကိစ္စကို ပိုမိုရှင်းလင်းစွာသိရန်အတွက် ကျွန်ုပ်တို့အား ပြင်ပကမ္ဘာနှင့်ပတ်သက်သော အချက်အလက် အများဆုံးပေးဆောင်သည့် ကျွန်ုပ်တို့၏ မြင်ခြင်းအာရုံကို သုံးသပ်ကြည့်ကြပါစို့။

## ကျွန်ုပ်တို့မည်သို့တွေ့မြင်နိုင်၊ ကြားနိုင်၊ အရသာရရှိနိုင်ကြသနည်း How Do We See, Hear, and Taste?

ကျွန်ုပ်တို့အရာဝတ္ထုတစ်ခုခုကို တွေ့မြင်ခြင်းဖြစ်ပေါ်ရာတွင်၊ အဆင့်ဆင့်ဖြစ်ထွန်းခြင်း ပေါ်ပေါက်ပေသည်။ အရာဝတ္ထုမှ ရောင်ခြည်စု(ဖိုတွန်)များသည် မျက်စိသို့ရောက်ရှိလာရာ မျက်လုံးရှေ့ပိုင်းတွင်ရှိသော မှန်ဘီလူးကိုဖြတ်သန်းသွားပြီး အလင်းယိုင်ကာ မျက်လုံးတွင်းရှိ ရေတီနာခေါ် နောက်ခံကားချပ်တွင် ပြောင်းပြန်(ဇောက်ထိုး)ပုံရိပ်ပေါ်လာ၏။ ထိုပုံရိပ်သည် ရေတီနာ(retina)တွင် လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်ပြောင်းလဲသွားကာ ရေတီနာမျက်နှာပြင်ရှိ အာရုံကြောများက ထိုလျှပ်စစ်အချက်ပြလှိုင်း(electrical signals)များကို ဦးနှောက်၏ အနောက်ပိုင်းတွင်တည်ရှိသော သေးငယ်လှသည့် မြင်ခြင်းအခန်း(vision centre)သို့ သယ်ဆောင်သွားလေသည်။ ထိုမြင်ခြင်းဖြစ်စဉ်တစ်လျှောက်လုံးတွင် အစဉ်အဆက်ရောက်ရှိလာသောပုံရိပ်တို့ကို ထိုမြင်ခြင်းအခန်း၌ လက်ခံသိရပေသည်။ ထို "သိ" ရသည့်မြင်ခြင်းအခန်းသည် ဦးနှောက်၏ အလွန်သေးငယ်သောအစိတ်အပိုင်းမျှသာဖြစ်သည့်ပြင်၊ **အလင်းရောင် မရောက်ရှိနိုင်အောင် ကာကွယ်ထား၍ ပိန်းပိတ်အောင်မှောင်လျက်ရှိပေသည်။**

သာမန်မထင်ရှားသောအဖြစ်ဟု ထင်ရသော ဤအဖြစ်အပျက်ကို ပြန်လည်သုံးသပ်ကြည့်ကြပါစို့။ ကျွန်ုပ်တို့ "တွေ့မြင်သည်" ဟု ဆိုရာ၌၊ အမှန်စင်စစ်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မျက်စိသို့ရောက်ရှိလာသော နှိုးဆွမှုအကျိုးဆက်ကို လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်သို့ ပြောင်းသွားခြင်းက ဦးနှောက်၏အခန်းတစ်နေရာသို့ရောက်သွားသည်ကို ခံစားရခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့က **"တွေ့မြင်သည်"ဟု ဆိုရာ၌၊ အမှန်တကယ်မှာ ကျွန်ုပ်တို့၏ဦးနှောက်ထဲ သို့မဟုတ် စိတ်ထဲရောက်လာသော လျှပ်စစ်အချက်ပြလှိုင်းကို ခံစားကြရခြင်းဖြစ်ပေသည်။**

ကျွန်ုပ်တို့၏ဘဝတစ်ခုလုံးတွင် တွေ့မြင်ရသောပုံရိပ်များသည် ထုထည်ပမာဏအားဖြင့် ကုဗစင်တီမီတာအနည်းငယ်သာရှိသော ဦးနှောက်တွင်းရှိ မြင်ခြင်းအခန်းတွင် ဖြစ်ပေါ်လေသည်။ အသင်ဖတ်နေသောစာအုပ်သည်လည်းကောင်း၊ ပြင်ပမိုးကုတ်စက်ဝိုင်းသို့ မျှော်ကြည့်လိုက်သောအခါ တွေ့မြင်ရသော ကျယ်ဝန်းလှသည့်ရှုမျှော်ခင်းတစ်ခုလုံးသည်လည်းကောင်း၊ ဦးနှောက်ရှိ ထိုသေးငယ်သောအစိတ်အပိုင်းတွင် အားလုံးဝင်ဆန့်လေသည်။ အခြားမှတ်သားရန်အရေးကြီးသည့် နောက်ထပ်အချက်

တစ်ချက်မှာ၊ ကျွန်ုပ်တို့အထက်ကဆိုခဲ့သည့်အတိုင်း ဦးနှောက်သည် အလင်းမထိတွေ့နိုင်အောင်ကာကွယ်ထား၍ မှောင်အတိဖြစ်နေသောနေရာ ဖြစ်ပေသည်။ ဦးနှောက်သည် ထိုအလင်းရောင်နှင့် ထိတွေ့မှု လုံးဝမရှိချေ။


ထိုအချင်းအရာကို သာဓကတစ်ခုဖြင့် ရှင်းလင်းတင်ပြနိုင်ပါသည်။ ဥပမာ ကျွန်ုပ်တို့၏ရှေ့တွင် မီးတောက်လောင်နေသော ဖယောင်းတိုင်တစ်တိုင်ရှိသည်ဆိုပါစို့။ ထိုဖယောင်းတိုင်ကို ရင်ဆိုင်၍ ခပ်လှန်းလှန်းမှနေ၍ ကြည့်ရှုနိုင်ပါသည်။ ထိုကဲ့သို့ကြည့်ရှုနေစဉ်၊ ကျွန်ုပ်တို့၏ ဦးနှောက်သည် ထိုဖယောင်းတိုင်မီးနှင့် တိုက်ရိုက်ထိတွေ့မှုမရှိချေ။ ထိုသို့စိုက်ကြည့်နေသည့် အချိန်တွင်လည်း၊ ကျွန်ုပ်တို့၏ဦးနှောက်တွင်း၌ မှောင်အတိသာလျှင် ဖြစ်နေပါသည်။ ကျွန်ုပ်တို့သည် ဝင်းဝင်းတောက်နေသောရောင်ခြည်၊ လှပသောအရောင်အဆင်း စသည်တို့ အားလုံးကို မှောင်မိုက်နေသောဦးနှောက်အတွင်း၌သာ ကြည့်မြင်နေကြခြင်းဖြစ်ပေသည်။

ကျွန်ုပ်တို့အနေဖြင့် သာမန်ကိစ္စအဖြစ်စိတ်မဝင်စားကြသော အလွန်ဆန်းပြားသည့် တွေ့မြင်ခြင်းနှင့် ပတ်သက်၍ အာရ်အိုင်ဂရက်ဂိုရီ(R.I.Gregory) က အောက်ပါအတိုင်း ရှင်းပြထား ပါသည်။

> တွေ့မြင်ခြင်းသည် ကျွန်ုပ်တို့အတွက် အဆန်းမဟုတ် ရိုးနေပေသည်။ ပြဿနာများကိုထပ်မံဖြေရှင်းရမည့်အရေးမှာ ကြီးကျယ်သောစိတ်ကူးစိတ်သန်းတစ်ခုဖြစ်နေပေသည်။ သို့သော်လည်းစဉ်းစားသာကြည့်ပါ။ ကျွန်ုပ်တို့ကို မျက်စိထဲတွင် အလွန်သေးငယ်၍ လိမ်ပိန်တွန့်တက်နေသောပုံရိပ်တစ်ခုကိုသာ ပေးထားပြီး၊ ကျွန်ုပ်တို့က ပတ်ဝန်းကျင်ရှိ ဝတ္ထုပစ္စည်းအတုံးအခဲများကို ခွဲခြားတွေ့မြင်ရပြန်သည်။ မျက်လုံးနောက်ခံကားချပ်တွင် အသွင်တူအောင်သရုပ်သကန်ဆောင်ထားသော ပုံစံများဖြင့်သာ တကမ္ဘာလုံးကိုသိကြခြင်းသည်ကား မအံ့ဩဘဲမနေနိုင်သောအရာ ဖြစ်နေပါတော့သည်။[၂၇]



မီး၏ အလင်းရောင်နှင့် အပူရှိန်ကို ကျွန်ုပ်တို့ခံစားရသည့်အချိန်သမယတွင်ပင်၊ ဦးနှောက်တွင်း၌မူကား ပိန်းပိတ်အောင်မှောင်နေသည့်အပြင် အပူရှိန်သည်လည်း မပြောင်းလဲချေ။




အရာဝတ္ထုမှလာသော အလင်းရောင်ခြည်မှာသည် ရေတီနာခေါ် မျက်စိနောက်စံကားချပ်ပေါ်တွင် ဇောက်ထိုးပုံပေါ်လာ၏။ ၎င်းပုံရိပ်ကို လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်ပြောင်းလဲသွားကာ ဦးနှောက်၏နောက်ပိုင်း မြင်ခြင်းဖြစ်ပေါ်သောအခန်းသို့ရောက်သွားသည်။ ဦးနှောက်၏ ထိုမြင်ခြင်းဖြစ်ပေါ်သောနေရာသည် အလင်းရောင်မှလုံးဝကာကွယ်ထားသဖြင့် ပိန်းပိတ်မှောင်လျက်ရှိနေပေသည်။ ထို့ကြောင့် ထိုဦးနှောက်အတွင်းမြင်ခြင်းဖြစ်ပေါ်ရာအပိုင်းသို့ အလင်းရောင်ရောက်ရှိနိုင်ရန် လုံးဝမဖြစ်နိုင်ချေ။ ထို့ကြောင့် လင်းထင်းနေသော ကျယ်ပြန့်လှသည့် ကမ္ဘာမြေကြီးကို အလွန်သေးငယ်လှသော အလင်းရောင်မရောက်နိုင်သော ဦးနှောက်၏ အစက်အစိတ်အပိုင်းကလေးတွင်သာ တွေ့မြင်နေကြခြင်း ဖြစ်ပေသည်။

ကျန်သည့် အာရုံများဖြစ်သော၊ အသံကြားခြင်း၊ ထိတွေ့မှုကိုခံစားရခြင်း၊ အရသာခံစားခြင်း၊ အနံ့ရခြင်း၊ စသည်တို့သည်လည်း ထိုနည်းတူပင်၊ ဦးနှောက်ရှိ သက်ဆိုင်ရာအာရုံခန်းများသို့ လျှပ်စစ်အချက်ပြလှိုင်းများရောက်သွားခြင်းဖြင့် သိလာကြခြင်းဖြစ်ပေသည်။

ကြားခြင်းဟူသော အာရုံသည်လည်း၊ မြင်ခြင်းနည်းတူဖြစ်ပေါ်ပေသည်။ အသံကို နား၏ပြင်ပပိုင်းက လက်ခံယူ၍ နား၏အလယ်ပိုင်းသို့ အသံလှိုင်းကိုပို့ပေးလိုက်သည်။ ထိုအသံလှိုင်းတုန်ခါမှုကို နား၏အတွင်းပိုင်းသို့ဆက်လက်ပို့ပေး၍ အတွင်းပိုင်းတွင် အသံကိုထပ်မံချဲ့ပေးလိုက်သည်။ နား၏အတွင်းပိုင်းက ထိုအသံလှိုင်းတုန်ခါမှုကို လျှပ်စစ်အချက်ပြလှိုင်းအဖြစ်ပြောင်းလဲကာ ဦးနှောက်သို့ ပို့လိုက်၏။ မြင်ခြင်းကဲ့သို့ပင် ဦးနှောက်တွင်းရှိ ကြားခြင်းနှင့်သက်ဆိုင်သည့် အခန်းတွင် ထိုအသံကို ကြားခြင်းဖြစ်ပေါ်စေသည်။ ဦးနှောက်သည် အလင်းရောင်မရောက်နိုင်အောင် ကာကွယ်ထားသကဲ့သို့ပင် အသံလှိုင်းတုန်ခါမှု မရောက်အောင်လည်း ကာကွယ်ထားပေသည်။ ပြင်ပတွင် မည်မျှပင်ဆူညံနေသော်လည်း၊ ဦးနှောက်တွင်း၌မူ အစဉ်အမြဲ တိတ်ဆိတ်လျက်သာရှိနေပေသည်။

သို့သော်လည်း နူးညံ့သိမ်မွေ့ ညံ့သက်ဆုံးသောအသံကိုပင် ဦးနှောက်က လက်ခံသိရှိနိုင်ပေသည်။ ကျန်းမာသောလူတစ်ယောက်သည် လေထုအတွင်းရှိအသံများ၏အနှောက်အယှက်များမပါဘဲ ရှိသမျှအသံအားလုံးကို တိကျစွာကြားနိုင်ပေသည်။ အသံမကြားနိုင်မရောက်နိုင်အောင် ကာကွယ်ထားသောဦးနှောက်အတွင်းမှနေ၍၊ သာယာနာပျော်ဘွယ်သော တေးဂီတသံ၊ လူအုပ်အတွင်းရှိဆူညံသံစသည်တို့၊ သစ်ရွက်လှုပ်ရှားသံမှစ၍ ဂျက်လေယာဉ်ပျံအသံအထိ အတော်အတန်ကျယ်ဝန်းသော တုန်နှုန်းအတွင်းရှိအသံများကို နားထောင်နေကြရ၏။ ထိုအချိန်သမယတွင် အသံဖမ်းကရိယာတစ်ခုခုဖြင့် ဦးနှောက်အတွင်း၌ တိုင်းတာကြည့်ပါက လုံးဝအသံမရှိဘဲ တိတ်ဆိတ်၍သာရှိနေမည်ဖြစ်၏။



ကျွန်ုပ်တို့၏ ဘဝတစ်ခုလုံးတွင် မြင်တွေ့ရ သည့်အရာအားလုံးသည် ဦးနှောက်၏ အနောက်ပိုင်းတွင် ကုဗ စင်တီမီတာအနည်းငယ်သာရှိသော မြင်ခြင်းအခန်း "vision centre" တွင်ဖြစ်ပေါ်၏။ အသင်ဖတ်နေသော စာအုပ်နှင့်အတူ အသင့်ရှေ့တွင်တွေ့မြင်ရသော ရှုခင်းတစ်ခုလုံးသည် ထိုသေးငယ်လှသော အစိတ်အပိုင်း၌ အားလုံးဝင်ဆန့်နေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပြင်ပတွင်ရှိသော ထိုပစ္စည်း၏ အရွယ်အစားမှန်ကို တွေ့မြင်ရခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့၏ ဦးနှောက်ထဲတွင် လက်ခံထင်မှတ်ရသောအရွယ်သာလျှင် ဖြစ်ပေသည်။

ကျွန်ုပ်တို့၏အနံ့အသက်ရရှိခြင်းအာရုံသည်လည်း ထိုနည်းနှင်နှင်ဖြစ်၏။ နှင်းဆီပန်း၊ ရေမွှေး အစရှိသည့် အငွေ့ပြန်လွယ်သော အရာဝတ္ထုတို့မှ မော်လီကြူများပြန့်နှံ့လွင့်လာရာ ကျွန်ုပ်တို့၏နှာခေါင်းတွင်းရှိအမြှေးပါး(epithelium region)သို့ရောက်သောအခါ ထိုအမြှေးပါးရှိအာရုံကြောများတွင် လျှပ်စစ်အချက်ပြလှိုင်းအဖြစ်သို့ ပြောင်းသွားကာ ဦးနှောက်သို့လျှပ်စစ်လှိုင်းများရောက်သွားသဖြင့် အနံ့ကို သိရလေသည်။ ကျွန်ုပ်တို့ရရှိသော အနံ့မှန်သမျှ မွှေးကြိုင်သောအနံ့ကိုလည်းကောင်း၊ နံစော်သောအနံ့ကိုလည်းကောင်း၊ ကြိုက်နှစ်သက်သည့် အစားအစာတို့၏အနံ့တို့ကိုလည်းကောင်း၊ ဦးနှောက်တွင်းမှခံစားရသောလှုပ်စစ်လှိုင်းများဖြင့် သိရခြင်းဖြစ်သည်။ ထိုအနံ့မော်လီကြူတို့သည်လည်း ဦးနှောက်တွင်းသို့မရောက်ချေ။ အသံနှင့်မြင်ခြင်းတို့ကဲ့သို့ လျှပ်စစ်လှိုင်းများသာ ဦးနှောက်တွင်းသို့ရောက်ပေသည်။ ဆိုလိုရင်းမှာ၊ မွေးလာကတည်းက ရရှိခံစားလာခဲ့သောအနံ့များအားလုံးသည်၊ အာရုံအင်္ဂါအစိတ်အပိုင်းများမှတဆင့် လက်ခံရရှိသည့်အသိသာလျှင်ဖြစ်ပေသည်။

ထိုနည်းတူ၊ လျှာပေါ်တွင် အရသာလေးမျိုးကိုခွဲခြားလက်ခံနိုင်သော အာရုံကြောလေးမျိုးရှိ၏။ ငံခြင်း၊ ချိုခြင်း၊ ချဉ်ခြင်းနှင့် ခါးသက်ခြင်းအရသာ လေးမျိုးကို လက်ခံခွဲခြားနိုင်သည့်အာရုံကြောများဖြစ်ကြသည်။ ထိုအရသာများကိုလက်ခံပြီးနောက် လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်ပြောင်းလဲသွားကာ၊ ဦးနှောက်တွင်းရှိ အရသာနှင့်သက်ဆိုင်သောအခန်းသို့ ရောက်သွားသောအခါ မည်သည့်အရသာဖြစ်သည်ကို ဦးနှောက်တွင် ဆုံးဖြတ်ခံစားလေသည်။ သင်စားသောချော့ကလက်နှင့် အသီး၏အရသာသည်လည်း ဦးနှောက်သို့ရောက်သွားသောလျှပ်စစ်လှိုင်းများကို ဦးနှောက်မှဆုံးဖြတ်ပေးခြင်းပင်ဖြစ်၏။ ပြင်ပအရာများကို သင်ကိုယ်တိုင် မည်သည့်အခါကမှ တိုက်ရိုက်တွေ့မြင်ခြင်း၊ တိုက်

ရိုက်အရသာမြည်းနိုင်ခြင်း၊ အနံ့များကိုတိုက်ရိုက်ထိတွေ့ခြင်းမရှိနိုင်ချေ။ အကယ်၍ လျှာမှဦးနှောက်သို့ ထိုလျှပ်စစ်လှိုင်းများပို့ပေးသောအာရုံကြောများကို ဖြတ်တောက်ပစ်လိုက်ပါက သင်သည် မည်သည့်အရသာကိုမျှမြည်းကြည့်နိုင်မည်မဟုတ်ပေ။ မည်သည့်အရသာကိုမျှမသိနိုင်တော့ချေ။

ဤနေရာတွင် ကျွန်ုပ်တို့ အချက်တစ်ချက်ကို စဉ်းစားတွေးခေါ်ရန်အကြောင်းပေါ်လာပေသည်။ ကျွန်ုပ်တို့စားသောက်သောအစာတစ်ခုခု၏အရသာသည် အခြားသူတစ်ဦးခံစားရသောအရသာနှင့် တစ်မျိုးတည်းဖြစ်မဖြစ်ကို ဒွိဟသံသယဖြစ်စရာရှိနေပေတော့သည်။ မသေချာတော့ပါ။ ကျွန်ုပ်တို့ကြားရသောအသံတစ်သံသည်လည်း အခြားသူကြားရသောအသံနှင့် တိတိကျကျတစ်မျိုးတည်းဖြစ်ချင်မှ ဖြစ်ပေတော့မည်။ လင်းကွန်းဘားနက်က သူမြင်ရသောအနီရောင် သို့မဟုတ် သူကြားရသော C Note သည်၊ အခြားသူတစ်ယောက်တွေ့မြင်ရသောအနီရောင်နှင့် အခြားသူကြားရသော C Note နှင့် တထေရာတည်းတစ်မျိုးတည်းဖြစ်မည်မဖြစ်မည်ကို မသေချာနိုင်တော့ပါ၊ ဟုဆို၏။[၂၈]

ကျွန်ုပ်တို့၏ ထိတွေ့ခြင်းအာရုံသည်လည်း အခြားအာရုံများနှင့်အတူတူပင်ဖြစ်၏။ မခြားနားပေ။ ကျွန်ုပ်တို့အရာဝတ္ထုများနှင့်ထိတွေ့သောအခါ ထိုထိတွေ့မှုမှဖြစ်ပေါ်လာသောအချက်အလက်အားလုံးကို အရေပြား၌ရှိသော အာရုံကြောများကလက်ခံ၍ လျှပ်စစ်အချက်ပြလှိုင်းများအဖြစ်ပြောင်းလဲပြီးနောက် ဦးနှောက်ရှိ ထိတွေ့မှုနှင့်သက်ဆိုင်သောအခန်းသို့ပို့ပေးလိုက်လေသည်။ ထိုထိတွေ့ခြင်းကိုခံစားရခြင်းသည် ဦးနှောက်ထဲ၌ ဖြစ်ပေါ်၏။ ထိတွေ့မှုကို ခံစားရသောနေရာသည် ကျွန်ုပ်တို့၏ အရေပြားသို့မဟုတ်လက်ချောင်းထိပ်များတွင်ဖြစ်ပေါ်သည်ဟု ယူဆခင်ကယုံကြည်ခဲ့ကြသော်လည်း၊ အမှန်စင်စစ်ထိတွေ့မှုကို ဦးနှောက်ထဲ၌ခံစားရခြင်းဖြစ်ပေသည်။ ဦးနှောက်ထဲသို့ ရောက်ရှိလာသော ထိုလျှပ်စစ်အချက်ပြလှိုင်းများ၏ပမဏာနှင့် ပုံစံပေါ်မူတည်၍ ဦးနှောက်က ထိုအရာသည် မာကျောသည်၊ နူးညံ့သည်၊ ပူသည်အေးသည် စသည်ဖြင့်ဆုံးဖြတ်ပေးလေသည်။ ထိုနှိုးဆွမှုမှတဆင့် ပစ္စည်းများ၏ အခြေအနေများကို ခွဲခြားမှတ်သားထားကြပေသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ကမ္ဘာကျော်အတွေးအခေါ်ပညာရှင်ဖြစ်ကြသော ဘာထရန်ရပ်ဆယ်နှင့် အယ်လ်ဝစ်ဂျင်စတိန်းတို့နှစ်ဦးက အောက်ပါအတိုင်း ထုတ်ဖော်ပြောဆိုခဲ့ကြပေသည်။

> ဥပမာ၊ သံပုရာသီးတစ်လုံးသည် အမှန်တကယ်ရှိသည်၊ မည်သို့ရှိလာသည်၊ စသည်တို့ကို လေ့လာစုံစမ်း၍မဖြစ်နိုင်ချေ။ သံပုရာသီးသည်၊ လျှာတွင်ရရှိသောအရသာ၊ နှာခေါင်းတွင်ရရှိသောအနံ့၊ မျက်စိဖြင့်တွေ့မြင်ရသော အရောင်နှင့်ပုံပန်းသဏ္ဌာန်၊ စသည့်အင်္ဂါရပ်များဖြင့်သာ သံပုရာသီးကိုသိနိုင်ပေသည်။ သိပ္ပံပညာက ရုပ်လောကကို သိနိုင်ခြင်းမရှိချေ။[၂၉]

ကျွန်ုပ်တို့အနေနှင့် ရုပ်လောကသို့မရောက်နိုင်ကြပေ။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ရှိရှိသမျှအားလုံးသည် အာရုံငါးပါးဖြစ်သော မြင်ခြင်း၊ ကြားခြင်း၊ ထိတွေ့ခြင်း စသည့်ခံစားချက်များသာလျှင်ဖြစ်ကြပေသည်။ ထိုကဲ့သို့ လျှပ်စစ်အချက်ပြလှိုင်းများကို လက်ခံ၍ မည်သည့်အရာ၊ မည်သို့သောပုံစံ၊ မည်သည့်အရသာ၊ မည်သည့်အရောင်ဖြစ်မည်ဟု ဦးနှောက်မှ ဆုံးဖြတ်ပေးခြင်းသာ ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ဦးနှောက်သည် ထိုပြင်ပကမ္ဘာရှိ **“မူလပစ္စည်းအစစ်”နှင့်မည်သည့်အခါမျှ တိုက်ရိုက်ရင်ဆိုင်ခြင်းမရှိချေ။ ဦးနှောက်တွင်း၌ ရောက်ရှိလာသည့်ပုံတူကူးလာခြင်းကိုသာ ရင်ဆိုင်နေရပေသည်။** ထိုပုံတူကူးခြင်းဖြင့် ကျွန်ုပ်တို့အား ပြင်ပတွင် ထိုဒြပ်ပစ္စည်းများအမှန်တကယ်ရှိသည်ဟု ထင်စေလျက်ရှိ၏။

# ကျွန်ုပ်တို့၏ဦးနှောက်တွင်းမှ "ပြင်ပကမ္ဘာ"
# "The External World" inside our Brain

အထက်က ဆွေးနွေးခဲ့သည့် ရုပ်ဝတ္ထုဆိုင်ရာအချက်အလက်များအရ၊ အောက်ပါအတိုင်း ကောက်ချက်ချနိုင်ပေသည်။ ကျွန်ုပ်တို့၏ အာရုံငါးပါးဖြင့် ထိတွေ့နိုင်၊ ကြားနိုင်၊ မြင်နိုင်သောအရာအားလုံးဖြစ်သည့် "ဒြပ်"၊ "ကမ္ဘာလောက" သို့မဟုတ် "စကြာဝဠာ" အားလုံးတို့သည်၊ ကျွန်ုပ်တို့၏ဦးနှောက်တွင်း၌ဖြစ်ပေါ်သောလျှပ်စစ်အချက်ပြလှိုင်းများသာ ဖြစ်၏။

တစ်ဦးတစ်ယောက်သည် အသီးကို ကိုက်စားနေပါက သူခံစားနေသောစားခြင်း၏ထိတွေ့မှုနှင့် အနံ့အရသာတို့သည် အသီးနှင့်တိုက်ရိုက်ရင်ဆိုင်ခြင်းမဟုတ်ဘဲ ဦးနှောက်တွင်း၌သာ သိနေခြင်းဖြစ်ပေသည်။ "အသီး" ဟုခေါ်သောအရာဝတ္ထုသည် ကျွန်ုပ်တို့၏ဦးနှောက်ထဲတွင် ထိုအသီး၏ ပုံပန်းသဏ္ဍာန်၊ အနံ့အရသာ အရောင်အဆင်းများအဖြစ်ထင်ရအောင် လျှပ်စစ်လှိုင်းများက ဖန်တီးပေးထားခြင်းဖြစ်ပေသည်။ မြင်ခြင်းလျှပ်စစ်လှိုင်းများကို သယ်ယူပေးသော အာရုံကြောသည် အကြောင်းတစ်ခုခုကြောင့်ပြတ်သွားပါက ထိုအသီး၏ ပုံသဏ္ဍာန်အရောင်အဆင်းတို့သည် ချက်ချင်းပျောက်သွားပေလိမ့်မည်။ အနံ့အရသာများကို လက်ခံသောအာရုံကြောအစုမှနေ၍ ဦးနှောက်အထိ ထိုလျှပ်စစ်လှိုင်းများကို သယ်ဆောင်သွားပေးသောအာရုံကြောပြတ်သွားပါက ထိုအသီး၏ အနံ့အရသာတို့သည်လည်း ချက်ချင်းပျောက်သွားပေလိမ့်မည်။ ရှင်းရှင်းပြောရမည်ဆိုလျှင်၊ ထိုအသီးသည် ဦးနှောက်တွင်း၌ အဓိပ္ပါယ်ဖေါ်ထားသည့်အရာသာလျှင် ဖြစ်နေပေသည်။

နောက်ထပ်စဥ်းစားစရာအချက်တစ်ချက်မှာ အကွာအဝေးနှင့်ဆိုင်သော အာရုံခံစားမှုပင်ဖြစ်ပေသည်။ ဥပမာ၊ အသင်ဖတ်နေသောဤစာအုပ်နှင့် သင့်အကြားရှိ အကွာအဝေးသည်၊ သင်၏ဦးနှောက်ထဲတွင် လက်ခံရရှိပုံဖေါ်ထားသော ခံစားချက်သာဖြစ်ပေသည်။ လူတစ်ဦးတစ်ယောက်၏အမြင်တွင်ဖြစ်ပေါ်သော ကွာဝေးခြင်းသည်လည်း ဦးနှောက်ထဲတွင်သာ ဖြစ်ပေါ်ပေသည်။ ဥပမာ ကြယ်တာရာကိုစိုက်ကြည့်နေသောလူတစ်ယောက်သည် ထိုကြယ်တာရာသည်အလင်းနှစ်ပေါင်းမြောက်မြားစွာကွာဝေးနေသည်ဟု ထင်နေလိမ့်မည်။ သို့သော်လည်း ထိုသူ "တွေ့မြင်" နေရသော ကြယ်တာရာသည် သူ၏ဦးနှောက်တွင်း၌သာဖြစ်ပေသည်။ ဦးနှောက်ရှိမြင်ခြင်းအခန်းတွင် ရောက်ရှိလာသောလျှပ်စစ်အချက်ပြလှိုင်းကိုအဓိပ္ပါယ်ဖေါ်ယူခြင်းသာဖြစ်ပေသည်။ သင်ဤစာအုပ်ကို ဖတ်နေစဉ် သင်သည် အခန်းတွင်ထိုင်နေသည်ဟု ယူဆထားလိမ့်မည်။ အမှန်မှာ အသင်သည် အခန်းတွင်း၌ရှိနေခြင်းမဟုတ်ပေ။ အခန်းတစ်ခုလုံးသည် အသင်၏အတွင်း၌သာရှိနေပေသည်။ အသင့်အနေဖြင့် အသင်၏ကိုယ်



ခန္ဓာကိုယ်ကို တွေ့မြင်နေရခြင်းကြောင့် အခန်းထဲ၌ရှိနေသည်ဟုမြင်နေခြင်းဖြစ်သည်။ **သို့သော်လည်း၊ သင်၏ကိုယ်ခန္ဓာသည်လည်း သင်၏ဦးနှောက်တွင်း၌အဓိပ္ပါယ်ဖေါ်ထားသောပုံကိုသာ မြင်နေရခြင်းဖြစ်သည်ကို သတိမူရန်လိုအပ်ပေသည်။**

အခြားအာရုံခံစားမှုများသည်လည်း ထိုနည်းအတိုင်းပင်ဖြစ်၏။ သင်သည် အခြားအခန်း တစ်ခန်းမှ ရုပ်မြင်သံကြားဖွင့်သံကို ကြားနေရပေမည်။ သို့သော်လည်း ထိုအသံသည် သင်၏ဦးနှောက်တွင်း၌ ဖြစ်ပေါ်သောအသံသာလျှင် ဖြစ်ပေသည်။ နောက်တစ်ဖက်တွင် အခန်းတစ်ခန်းရှိသည်ဟု သက်သေမထူနိုင်ပေ။ ထိုအခန်းမှ ရုပ်မြင်သံကြားစက်သံ သင့်ထံသို့လာသည်ဟု သက်သေမထူနိုင်ပေ။ ကိုက်ပေါင်းမီတာပေါင်းအတော်များများမှလာသည်ဟု ထင်ရသောအသံနှင့် အသင့်အနီးအနားတွင် ရှိသော လူတစ်ယောက်ပြောသောစကားသံအားလုံးတို့သည်၊ ဦးနှောက်ရှိ ဧရိယာအားဖြင့် စတုရန်းစင်တီမီတာအနည်းငယ်သာရှိသော အသံကြားခြင်းဆိုင်ရာအခန်း၌ ကြားရခြင်းဖြစ်သည်။ ဦးနှောက်ရှိ ထိုနေရာသေးသေးလေးတွင် အသံကြားခြင်းခံစားရာတွင်လည်း လက်ဝဲ၊ လက်ျာ၊ ရှေ့နောက်ဟူ၍လည်း မရှိချေ။ အသံသည် လက်ဝဲလက်ျာဘက်မှသော်လည်းကောင်း၊ လေမှသော်လည်းကောင်း၊ လာသည်မဟုတ်၊ ဦးနှောက်တွင်း၌ခံစားရခြင်းသာဖြစ်၍ ဦးနှောက်အတွင်းတွင် **အသံလာသည့်ဦးတည်ချက်ဟူ၍မရှိချေ။**

အသင်၏အနံ့အသက်နှင့်ဆိုင်သောအခန်းတွင် သိရခံစားရသည့်အနံ့သည်၊ ပြင်ပကမ္ဘာလောကမှ လာသည်ဟုထင်နေသည်။ နှင်းဆီပန်းအရောင်ကို တွေ့မြင်ရသကဲ့သို့ အသင်ရရှိသည့်အနံ့သည်လည်း အသင့်အနံ့ဆိုင်ရာအခန်း၌သာဖြစ်ပေါ်နေသည်။ ပြင်ပလောကတွင် နှင်းဆီပန်း၏အရောင်သော်လည်းကောင်း အနံ့သော်လည်းကောင်း မရှိချေ။

ထို "အပြင်လောက" နှင့်ပတ်သက်၍ ကျွန်ုပ်တို့သိရခြင်းသည် လျှပ်စစ်အချက်ပြလှိုင်းများဖြင့်သာဖြစ်ပေသည်။ ကျွန်ုပ်တို့၏ဦးနှောက်သည် တစ်သက်တာလုံးတွင် ထိုလျှပ်စစ်အချက်ပြလှိုင်းများကိုသာ မရပ်မနားအဓိပ္ပါယ်ဖေါ်နေပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုအဓိပ္ပါယ်ဖေါ်ခြင်းကိုပင်၊ "အပြင်လောက" ၏မူရင်းဖြစ်သည်ဟု ယုံကြည်ထင်မှတ်နေကြ၏။ ကျွန်ုပ်တို့ ထိုသို့လှည့်စားခြင်းခံနေရခြင်းမှာ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အာရုံငါးပါးဖြင့် ထိုဒြပ်ပစ္စည်းများထံသို့ ဘယ်သောအခါမျှ မရောက်နိုင်သောကြောင့် ဖြစ်ပေသည်။

ကျွန်ုပ်တို့က "အပြင်လောက" ဟုထင်နေသောအရာများကို ကျွန်ုပ်တို့၏ဦးနှောက်က ထိုလျှပ်စစ်အချက်ပြလှိုင်းများကို အဓိပ္ပါယ်ဖေါ်ပေးနေသဖြင့် "အပြင်လောက" ရှိသည်ဟု ထင်မှတ်နေကြပေသည်။ အသံကြားခြင်းကို နောက်ထပ်တစ်ကြော့လေ့လာကြည့်ကြပါစို့။ ကျွန်ုပ်တို့၏ဦးနှောက်က "အပြင်လောက" မှလာသော အသံလှိုင်းများကို သာယာနာပျော်ဖွယ်သောတေးဂီတသံအဖြစ် ပြောင်းလဲပေးသည်။ ထို့ကြောင့် တေးဂီတသံဆိုသည်မှာလည်း ဦးနှောက်မှ ခံစားရခြင်းဖြစ်ပေသည်။ ထိုနည်းတူ အရောင်အဆင်းများကို တွေ့မြင်ရသည့်အခါ လှိုင်းအလျားချင်း မတူညီခြားနားသော လျှပ်စစ်အချက်ပြလှိုင်းများသာ ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ဦးနှောက်က ထိုလျှပ်စစ်လှိုင်းများကို အရောင်အဆင်းအဖြစ် ပြောင်းလဲပေးသည်။ အမှန်မှာ **"အပြင်လောက" တွင် အရောင်အဆင်းဟူ၍ မရှိချေ။** ပန်းသီးသည်လည်းမနီချေ။ ကောင်းကင်သည်လည်း အပြာရောင်မရှိချေ။ သစ်ပင်သည်လည်း မစိမ်းချေ။ ထိုအရာများသည် သူ့ဖါသာသူ မူလအတိုင်း ရှိနေကြသော်လည်း၊ ကျွန်ုပ်တို့က အနီ အပြာ အစိမ်း အဖြစ်မြင်နေကြခြင်းသာဖြစ်ပေသည်။ **ထို "အပြင်လောက" သည် ကြည့်သူကြားသူ အာရုံငါးပါးဖြင့် ခံစားသူအပေါ်တွင်သာလျှင် မူတည်ပေသည်။**

မျက်လုံးနောက်ခံကားချပ် "ရေတီနာ" တွင် ချို့ယွင်းချက်အနည်းငယ်မျှရှိခြင်းဖြင့် အရောင်အဆင်းကို မတွေ့မြင်နိုင်တော့ချေ။ အရောင်ကန်းခြင်း "colour blindness" ဖြစ်သွားနိုင်သည်။ အချို့လူများမှာ၊ အနီရောင်ကို အပြာရောင်အဖြစ်သော်လည်းကောင်း၊ အပြာရောင်ကို အစိမ်းရောင်အဖြစ်သော်လည်းကောင်း တွေ့မြင်ကြ၍၊ အချို့ကလည်း အားလုံးကို အနည်းငယ်စီသာကွဲပြားသော မီးခိုးရောင်အဖြစ်တွေ့မြင်ကြ၏။ ဤနေရာတွင် ပြင်ပရှိအရာဝတ္ထုသည် မည်သည့်အရောင်အဆင်းများရှိနေစေကာမူ တွေ့မြင်ရသည့် အရောင်များသည် ပြင်ပအရောင်များနှင့် မသက်ဆိုင်ဘဲ ကြည့်သူနှင့်သာ

သက်ဆိုင်နေပေသည်။ ထို့ပြင်ပဝတ္ထုပစ္စည်းများတွင် အရောင်အဆင်းရှိမရှိ ဟူသည့်အချက်နှင့်လည်း မသက်ဆိုင်ချေ။




ခေတ်သစ်ရူပဗေဒတွေ့ရှိချက်အရ စကြာဝဠာသည် အသိတရားစုဝေးရာသာဖြစ်၏။ အလွန်ကျော်ကြားသော New Scientist ဓါ် သိပ္ပံမဂ္ဂဇင်း၏ ဇန္နဝါရီလ ၃ဝရက်နေ့ထုတ်အစောင်တွင်၊ "အမှန်တရားထက်လွန်၍ – ဤစကြာဝဠာသည် အမှန်စင်စစ်မူလဘူတဖြစ်ခြင်းအချက်အလက်များဖြင့်သာပြည့်နက်နေ၍၊ ဒြပ်ဟူသည် တံလျှပ်မျှသာ ဖြစ်လေသလော။" ဟု ရေးသားထား၏။

နာမည်ကျော် အတွေးအခေါ်ရှင် ဘာကလေ (Berkeley) ကလည်း ဤကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်ထားပေသည်။

> ယခင်က၊ အရောင်အဆင်း အနံ့အသက် စသည်တို့သည် အမှန်တကယ်ရှိသည်ဟု ယူဆခဲ့ကြပေသည်။ ယခုအချိန်တွင် ထိုယူဆချက်ကို ပယ်ဖျက်လိုက်ပေပြီ။ ထိုအရာများသည် ကျွန်ုပ်တို့၏အာရုံများအပေါ်တွင်သာလျှင်မူတည် နေပေသည်။[၂၀]

ထို့ကြောင့်၊ အရာဝတ္ထုများအရောင်အဆင်းရှိနေခြင်းသည် ၎င်းတို့တွင် အရောင်အဆင်းရှိနေခြင်းကြောင့်မဟုတ်ပေ။ ထိုအရာဝတ္ထုတို့သည် ကျွန်ုပ်တို့ထံမှ ပြင်ပတွင် သီးခြားလွတ်လပ်စွာတည်ရှိနေကြသည့်အရာများလည်းမဟုတ်ချေ။ ဒြပ်ပစ္စည်းတို့၏ အရည်အချင်းများသည် အမှန်စင်စစ်အားဖြင့် ထို "အပြင်လောက "ပစ္စည်းတို့၏ ပင်ကိုအရည်အချင်းအင်္ဂါရပ်များမဟုတ်ဘဲ ကျွန်ုပ်တို့အတွင်းစိတ်မှ သတ်မှတ်ခြင်းသာလျှင်ဖြစ်ပေသည်။

သို့ဖြစ်ပါက "အပြင်လောက "တွင် ဘာများကျန်နေသေးသနည်း။

## "အပြင်လောက "ရှိနေရန် လိုအပ်ပါသလား?

ယခုအချိန်အထိ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အာရုံငါးပါးတွင် ဖြစ်ပေါ်နေသော "အပြင်လောက "အကြောင်းကို ထပ်ခါတလဲလဲ ဆွေးနွေးခဲ့ကြပါပြီ။ ထို "အပြင်လောက "ကို ကျွန်ုပ်တို့၏ဦးနှောက်အတွင်း၌ တွေ့ရှိခံစားကြကြောင်းလည်း ဆွေးနွေးခဲ့ကြပေပြီ။ သို့သော်လည်း ထို "အပြင်လောက "ကို အာရုံငါးပါးမှသိရှိခြင်းကလွဲ၍ အကယ်စင်စစ် ထို "အပြင်လောက "သို့ မရောက်နိုင်ကြသောကြောင့် ယင်း "အပြင်လောက "သည် အမှန်စင်စစ်ရှိနေသည်ဟု အတိအကျ ပြောနိုင်ပါသလား။

အမှန်စင်စစ် ကျွန်ုပ်တို့အနေဖြင့် အတိအကျ မပြောနိုင်ကြချေ။ အရာဝတ္ထုတိုင်းသည်၊ အသိတရားအစုအဝေးသာဖြစ်၍၊ ထိုအသိတရားတို့သည်လည်း ကျွန်ုပ်တို့၏ စိတ်တွင်း၌သာရှိကြသောကြောင့် **အကယ်စင်စစ်ရှိနေသော ကမ္ဘာလောကသည် ခံစားရသောအသိလောက သာဖြစ်ပေသည်**ဟု ပြောလျှင် ပို၍မှန်ကန်ပါလိမ့်မည်။ ဤကမ္ဘာလောကအကြောင်းကို ကျွန်ုပ်တို့၏စိတ်အတွင်း၌ရှိသော ခံစားမှုအသိ၏ အတိုင်းအတာကိုသာ သိကြပေသည်။ စိတ်အတွင်း၌ ဖြစ်ပေါ်သောပုံစံနှင့် မှတ်သားထားသည့်ပုံစံသာ ဖြစ်ပေသည်။ တိုတိုပြောရလျှင်၊ ကျွန်ုပ်တို့၏စိတ်ထဲ၌ ဖန်တီးထားခြင်းသာဖြစ်ပေသည်။ ယင်းသည်သာလျှင် ကျွန်ုပ်တို့အတိအကျ ပြောနိုင်သော ကမ္ဘာလောက ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ဦးနှောက်တွင်း၌ သိရှိရသောအသိတရားများသည်၊ ဝတ္ထုပစ္စည်းအဖြစ် အကယ်စင်စစ်ပြင်ပတွင် ရှိမရှိဆိုသည်ကို မသေချာကြပေ။ ထိုအသိတရားသည် "အတုအယောင် "များမှလာသောအချက်အလက်များလည်းဖြစ်နိုင်၏။

ဤအချက်ကို ပိုမိုရှင်းလင်းအောင် ရှင်းပြနိုင်ပါသည်။ အတုအယောင်ဖြစ်သော လှုံ့ဆော်နှိုးဆွမှုများ (false stimuli)က ကျွန်ုပ်တို့၏ဦးနှောက်၌ စိတ်ကူး "ရုပ်လောက "ဖြစ်ပေါ်စေနိုင်ပါသည်။ ဥပမာ အင်မတန် ခေတ်မီသည့် အသံဖမ်းစက်တစ်ခုသည် ရှိရှိသမျှလျှပ်စစ်အချက်ပြလှိုင်းများအားလုံးကို ဖမ်းယူနိုင်သည်ဆိုပါစို့။ ပထမဆုံးလူတို့၏ ကိုယ်ခန္ဓာပုံရိပ်အပါအဝင် ရှိသမျှအချက်အလက်အားလုံးကို ထိုစက်ထဲသို့ ထည့်သွင်းလိုက်ပြီး၊ ထိုအချက်အလက်များကို လျှပ်စစ်အချက်ပြလှိုင်း

(electrical signal) အဖြစ်ပြောင်းထားလိုက်ကြမည်။ ဒုတိယအဆင့်တွင် ဦးနှောက်သည် ကိုယ်ခန္ဓာအပြင် အခြားနည်းတစ်ခုခုတွင်လည်းရှင်နိုင်သည်ဟု ဆိုပါစို့။ နောက်ဆုံး ထိုစက်နှင့်ဦးနှောက်ကို အာရုံကြောများအတိုင်း အစားထိုးဆောင်ရွက်နိုင်သော အီလက်ထရုတ်(electrodes) များနှင့် ဆက်သွယ်လိုက်ကာ သွင်းထားပြီးသောအချက်အလက်များကို ဦးနှောက်သို့ပို့လိုက်မည်။ ထိုအချိန်တွင် သင်သည် ထိုအတုအယောင်အဖြစ် စီစဉ်ထားသောလောကပတ်ဝန်းကျင်တွင် ရောက်ရှိနေလိမ့်မည်။ ဥပမာ အသင်သည် လမ်းမကြီးပေါ်တွင် ကားမောင်းနေသည်ဟု ခံစားယူဆနေလိမ့်မည်။ သင်သည် ဦးနှောက်ကလွဲ၍ အခြားအရာမရှိသောအခြေအနေရောက်နေသည်ကို သိနိုင်မည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် သင်၏ဦးနှောက်ထဲတွင် ရှိနေသည့်ကမ္ဘာသည် ပြင်ပ၌ တကယ်ရှိနေရန်မလိုအပ်ဘဲ၊ လှုံ့ဆွမှုများ(stimuli)သာလျှင် လိုအပ်သောကြောင့်ဖြစ်ပေသည်။ ထိုအချက်အလက်များသည် တိပ်ရီကော်ဒါ အသံဖမ်းစက်ကဲ့သို့သော အတုအယောင် လှုံ့ဆွမှုဖြင့် ဖြစ်နိုင်ပေသည်။

ဤကိစ္စနှင့်ပတ်သက်၍ အတွေးအခေါ်ရှင် ဘာထရန်ရပ်ဆလ်(Bertrand Russell) က အောက်ပါအတိုင်း ရှင်းပြထားပေသည်။

> ကျွန်ုပ်တို့၏လက်ညှိုးများကို စားပွဲ၌ဖိလိုက်သောအခါ ခံစားသိရသော ထိတွေ့မှုအာရုံသည် ကျွန်ုပ်တို့၏ လက်ညှိုးထိပ်တွင်ရှိသော အီလက်ထရွန်နှင့် ပရိုတွန်များကို လှုပ်ရှားစေခြင်းကြောင့်ဖြစ်ပေါ်လာပေသည်။ ခေတ်သစ်ရူပဗေဒအရ လက်ညှိုးနှင့်နီးကပ်သော စားပွဲရှိ ပရိုတွန်နှင့် အီလက်ထရွန်တို့ကြောင့်ဖြစ်သည်။ **ထိုကဲ့သို့သော လှုပ်ရှားမှုကို အခြားနည်းဖြင့် ဖြစ်ပေါ်သက်ရောက်စေပါက ၎င်းစားပွဲကို ထိစဉ်က ထိတွေ့မှုအတိုင်း အာရုံခံစားရမည်သာဖြစ်၏။ စားပွဲရှိနေရန်မလိုအပ်ချေ။**[၃၁]

အသိအမြင်အတုအယောင်ကို လွယ်လွယ်ကူကူယုံကြည်အောင် ရုပ်ဝတ္ထုဖြင့် အပြန်အလှန်ဆက်စပ်မှုမရှိဘဲ အမှန်စင်စစ်ဖြစ်သကဲ့သို့ ဖန်တီးလှည့်စားနိုင်ပေသည်။ ကျွန်ုပ်တို့ တခါတရံ ထိုသို့သောအတွေ့အကြုံကို အိပ်မက်ထဲတွင် ကြုံကြရပေသည်။ အဖြစ်အပျက်အတွေ့အကြုံများ၊ လူများ၊ ဝတ္ထုပစ္စည်းများကို အစစ်အမှန်ကဲ့သို့ တွေ့မြင်ကြရ၏။ သို့သော်လည်း ၎င်းတို့အားလုံးသည် ဘာမျှမရှိ ဗလာသာလျှင်ဖြစ်နေပေသည်။ အခြေခံအားဖြင့် အိပ်မက်နှင့် “အစစ်အမှန်လောက” နှစ်မျိုးစလုံးသည် ကျွန်ုပ်တို့၏ ဦးနှောက်တွင်း၌ခံစားရခြင်းသာ ဖြစ်ကြသဖြင့် ထူးခြားကွာခြားမှုမရှိလှချေ။

## လက်ခံသိရှိသူသည် မည်သူဖြစ်သနည်း
## Who is the Perceiver?

အထက်တွင် ကျွန်ုပ်တို့ဆွေးနွေးခဲ့ကြသည့်အတိုင်း၊ ကျွန်ုပ်တို့နေထိုင်သော “အပြင်လောက”သည်၊ ကျွန်ုပ်တို့၏ဦးနှောက်ထဲ၌ ခံစားကြရခြင်းသာလျှင်ဖြစ်ကြောင်း ထင်ရှားနေလေပြီ။ သို့သော်လည်း အလွန်အခြေခံကျသော ပြဿနာတစ်ခုပေါ်လာပြန်သည်။ ရုပ်လောကအားလုံးသည် ပင်ကိုအားဖြင့် ဦးနှောက်ထဲ၌လက်ခံရရှိသော ခံစားချက်သာဖြစ်သည်ကို သိကြသော်လည်း၊ ကျွန်ုပ်တို့၏ဦးနှောက်ကကော အဘယ်သို့နည်း။ ကျွန်ုပ်တို့၏ဦးနှောက်သည်လည်း၊ ကျွန်ုပ်တို့၏ခြေ လက် ကိုယ်ခန္ဓာကဲ့သို့ ရုပ်ဝတ္ထုအပိုင်းတစ်ပိုင်းသာလျှင်ဖြစ်နေပေသည်။ ၎င်းသည်လည်း အခြားကိုယ်ခန္ဓာအင်္ဂါအစိတ်အပိုင်းများနှင့် ရုပ်ဝတ္ထုများကဲ့သို့ ခံစားချက်သာလျှင် ဖြစ်ရမည်။

အိပ်မက်ကို ဥဒါဟရုဏ်အဖြစ်လေ့လာပါက ပို၍ရှင်းလင်းပါလိမ့်မည်။ ယခုပြောခဲ့သမျှအားလုံးကို အိပ်မက်ထဲတွင် တွေ့ခဲ့ ကြုံခဲ့သည်ဟု စဉ်းစားကြည့်ကြပါစို့။ အိပ်မက်ထဲတွင် ကျွန်ုပ်တို့သည် စိတ်ကူးသာဖြစ်သောကိုယ်ခန္ဓာရှိ၏။ ခြေ လက် မျက်စိအင်္ဂါအစိတ်အပိုင်းများသည်လည်း၊ ဦးနှောက်ထဲတွင် တွေ့မြင်ရသော စိတ်ကူးယဉ်သာဖြစ်ခဲ့၏။ ကျွန်ုပ်တို့၏ကိုယ်ကို အိပ်မက်ထဲ “ဘယ်မှာတွေ့ခဲ့သလဲ”ဟု မေးပါက၊ “ကျွန်ုပ်တို့၏ဦးနှောက်ထဲတွင်”တွေ့ခဲ့ပါသည်ဟုဖြေရပေမည်။ သို့သော်လည်း ထိုအချိန် ထိုအဖြစ်အပျက်တွင် မည်သည့်ဦးနှောက်မျှဝင်ရောက်စွက်ဖက်ခဲ့ခြင်းမရှိပေ။ ဦးခေါင်းရောဦးနှောက်ကပါ စိတ်ကူးယဉ်ထဲမှ ဦးခေါင်းဦးနှောက်သာလျှင်ဖြစ်ပေသည်။ အိပ်မက်တွင် ပုံရိပ်များ ရုပ်ပုံများကို တွေ့မြင်သူသည်၊ စိတ်ကူးယဉ်ထဲမှ ဦးနှောက်မဟုတ်ပေ။ ထို့ထက်ပို၍ အဆင့်မြင့်သော “ဝေနေယျ Being” ဖြစ်ပေသည်။

အိပ်မက်အတွင်းမှ ပတ်ဝန်းကျင်ဖြစ်စဉ်နှင့် ကျွန်ုပ်တို့၏ အသက်ရှင်နေသောဘဝဟုခေါ်သော ရုပ်လောကမှ ပတ်ဝန်းကျင်ဖြစ်စဉ်တို့သည် ထူးမခြားနားကြောင်း သိရပေသည်။ ထို့ကြောင့် အထက်က ဆွေးနွေးခဲ့သည့် ဥပမာမှာကဲ့သို့ ကျွန်ုပ်တို့၏ အသက်ရှင်နေသောဘဝတွင်လည်း "ဘယ်မှာတွေ့မြင်သလဲ"ဟု မေးသောအခါ၊ "မျက်စိထဲမှာတွေ့ပါတယ်" ဟုပြန်ဖြေခြင်းသည် အဓိပ္ပါယ်ကင်းမဲ့နေပေတော့သည်။ ထိုအခြေအနေနှစ်မျိုးစလုံးတွင် တွေ့မြင်ခြင်းကို ခံစားမှုသည် ဦးနှောက်မဟုတ်ပေ။ ဦးနှောက်မှာ သာမန်အသားတုံးတစ်တုံးသာလျှင်ဖြစ်၏။

ဦးနှောက်ကို ခါတ်ခွဲစစ်ဆေးကြည့်သောအခါ၊ လစ်ပစ်(lipid)နှင့် ပရိုတင်းမော်လီကြူများသာဖြစ်၏။ ထိုကဲ့သို့သော မော်လီကြူများသည် ကိုယ်ခန္ဓာ၏အခြားအင်္ဂါအစိတ်အပိုင်းများတွင်လည်း ရှိနေသည်။ ထို့ကြောင့် ကျွန်ုပ်တို့က "ဦးနှောက်"ဟု မှည့်ခေါ်ထားသော အသားတုံးတွင်၊ ပုံရိပ်များကိုတွေ့မြင်နိုင်သည့်အရာဟူ၍ သီးခြားမရှိချေ။ အသိတရားခံစားမှုများဆက်လက်ရှိနေရန်သော်လည်းကောင်း၊ "ငါ"ဟူသောမိမိကိုယ်ဖြစ်ခြင်းကို သိစေသောအရာဟူသည်လည်းကောင်း သီးခြားမရှိချေ။

အာရ်အိုင် ဂရက်ဂိုရီက လူအများအနေဖြင့် ပုံရိပ်များကို ဦးနှောက်တွင် ဖမ်းယူခံစားခြင်းနှင့် ပတ်သက်၍ မှားမှားယွင်းယွင်း ယူဆကြသည့်အချက်ကို ဤသို့ဖော်ပြထားပေသည်။

> မျက်စိက ဦးနှောက်ထဲတွင် ပုံရိပ်များဖြစ်ပေါ်စေသည်ဟု ဖြားယောင်းခြင်းခံရသည်ကို ရှောင်ကြဉ်ရမည်။ ဦးနှောက်ထဲတွင် ပုံရိပ်ပေါ်သည်ဟု ဆိုရာ၌ ထိုပုံရိပ်ကို ထပ်၍မြင်ရမည့်မျက်စိ ထပ်ရှိရဦးမည်ဟု ဆိုလိုပေသည်။ ထိုသို့ဖြစ်ရန် နောက်ထပ်မျက်စိများ ဆင့်ကဲဆင့်ကဲရှိရပေမည်။ ဤအတွေးကား အဓိပ္ပါယ်ကင်းမဲ့ပေသည်။[၃၂]

ဤအချက်သည်ပင်လျှင်၊ ဒြပ်ပစ္စည်းမှလွဲ၍ အခြားမည်သည့်အရာကိုမျှလက်မခံသော ရုပ်ဝါဒီတို့ကို ဇဝေဇဝါ ဒွိဟသံသယဖြစ်စေပေသည်။ "အတွင်းရှိ"ထိုမြင်ရသော မျက်စိ၊ မြင်ခြင်းကိုခံစား၍ တုံ့ပြန်နိုင်သောမျက်စိကို မည်သူက ပိုင်ဆိုင်ပါသနည်း။ မည်သူနှင့်သက်ဆိုင်ပါသနည်း။

သိပ္ပံလောကနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာလောကတွင် ထိုခံစားမှုကို လက်ခံရရှိသူသည် မည်သူဖြစ်သနည်း ဟူသောအချက်ကို ကာလ်ပရီဘရမ်(Karl Pribram) ကလည်း ဆွေးနွေးခဲ့ဘူးလေသည်။

> ဂရိလူမျိုးများ၏ခေတ်မှစ၍၊ အတွေးအခေါ်ရှင်အမြောက်အမြားတို့သည်၊ "စက်ထဲမှတစ္ဆေ"၊ "လူသားအတွင်းရှိလူ" စသည်ဖြင့် တွေးခေါ်ခဲ့ကြပေသည်။ **ဤဦးနှောက်ကို အသုံးပြုသည့် "ငါ"တည်းဟူသော ဝေနေယျပုဂ္ဂိုလ်သည်** ဘယ်မှာရှိသနည်း၊ မည်သူက သိခြင်းရှိသနည်း၊ စသည့်မေးခွန်းများ ထုတ်ခဲ့ကြပေသည်။ အစီစီမှ စိန့်ဖရန်စစ် (Saint Fancis of Asisi)က "ကျွန်ုပ်တို့က ထိုတွေ့မြင်သူ"ကို ရှာဖွေနေကြပါသည်ဟု ဆိုခဲ့ပေသည်။[၃၃]

ကောင်းပြီ။ ဤကဲ့သို့ တဖန်စဉ်းစားတွေးခေါ်ကြည့်ကြရအောင်။ သင်ဖတ်နေသော စာအုပ်၊ သင်ထိုင်နေသောအခန်း၊ အစရှိသည့် အသင်တွေ့မြင်ရသည့်အရာအားလုံးတို့သည်၊ သင်၏ဦးနှောက်ထဲမှနေ၍ တွေ့မြင်ရသည်ဟု အတိုချုပ်အဖြစ်ပြောကြပါစို့။ ထိုပုံရိပ်များကို ဦးနှောက်တွင် ပါဝင်သော အတမ်အဏုမြူများက တွေ့မြင်ကြပါသလော။ အတမ်များသည် မျက်ကန်း နားပင်းများဖြစ်ကြ၏။ အသိတရားလည်းမရှိကြပေ။ အဘယ်ကြောင့်အချို့အတမ်က သိခြင်းကြားခြင်းမြင်ခြင်းစသည့်အရည်အချင်းများရှိ၍၊ အချို့က ထိုသို့သောအရည်အချင်းမရှိကြသနည်း။ ကျွန်ုပ်တို့၏ တွေးခေါ်ခြင်း၊ သိနားလည်သဘောပေါက်ခြင်း၊ မှတ်သားခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း စသည်တို့သည်၊ ထိုအတမ်များအတွင်း ဖြစ်ပေါ်သောလျှပ်စစ်ဓါတုဓါတ်ပြုခြင်းများကြောင့် ဖြစ်ပေါ်လာပါသလား။

ဤအချက်များကို စဉ်းစားသောအခါ၊ စိတ်စေတသိတ် သို့မဟုတ် ဆန္ဒဟူသောအရာကို အတမ်များအတွင်း၌ရှာဖွေ၍မတွေ့နိုင်ကြောင်း သိလာကြပေသည်။ တွေ့မြင်ခြင်း၊ ကြားခြင်း၊ ထိတွေ့မှုကိုခံစားရခြင်း၊ စသည်တို့သည် ရုပ်ဝတ္ထုထက်လွန်ကဲအဆင့်မြင့်သောအရာ **ဝေနေယျတစ်မျိုး**ဖြစ်သည်မှာ ထင်ရှားနေပေသည်။ ထိုအရာသည် အသက်ရှင်ပြီး၊ ဒြပ်ဝတ္ထုလည်းမဟုတ်၊ ဒြပ်ဝတ္ထု၏ ပုံရိပ်လည်းမဟုတ်ချေ။ ထိုအသိတရားလက်ခံသောအရာ ဝေနေယျသည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ သို့မဟုတ် ကိုယ်ခန္ဓာ၏ပုံရိပ်ကို အသုံးပြုနေခြင်းသာဖြစ်၏။

ဤအရာ ဤဝေနေယျသည်ပင် "ဝိညာဉ်"ဖြစ်၏။

"ရုပ်လောက"ကို သိရှိခြင်းအပေါင်းအားလုံးသည် ထိုဝိညာဉ်က တွေ့မြင်နေရသည့် အိပ်မက်ဖြစ်ပေသည်။ ကျွန်ုပ်တို့တွင်ရှိသော ကိုယ်ခန္ဓာနှင့် ကျွန်ုပ်တို့တွေ့မြင်နေကြရသော ရုပ်လောကတစ်ခုလုံးသည်၊ အမှန်စင်စစ်မရှိဘဲ အိပ်မက်သာလျှင်ဖြစ်၏။ ကျွန်ုပ်တို့ရောက်ရှိနေသော စကြာဝဠာလောကကြီးနှင့် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာတို့သည် အမှန်တကယ်ရုပ်ဝတ္ထုအဖြစ် မရှိချေ။ ဝိညာဉ်သာလျှင်အမှန်တကယ်ရှိပေသည်။ ဒြပ်ဝတ္ထုများသည် ထိုဝိညာဉ်က တွေ့မြင်ခံစားရခြင်းသာဖြစ်ပေသည်။ ဤစာကြောင်းများကို ရေးသားဖတ်ရှုနေသော ဝေနေယျသည်၊ အတမ်များ မော်လီကျူးများစုဝေးနေသောအစုအတုံးသို့မဟုတ် လျှပ်စစ်ဓါတုဓါတ်ပြုမှုမဟုတ်ပေ။ ဝိညာဉ်သာလျှင်ဖြစ်ပေသည်။

## အစစ်အမှန် အသက်ရှင်နေသူ
## The Real Absolute Being

အထက်က ဆွေးနွေးခဲ့သည့် အချက်များအားလုံးသည်၊ ကျွန်ုပ်တို့အား အလွန်အရေးကြီးသည့်မေးခွန်းကို ရင်ဆိုင်သုံးသပ်ရန် လှုံ့ဆော်လျက်ရှိပေသည်။ အကယ်၍ ကျွန်ုပ်တို့သည်၊ ရုပ်လောကကိုကျွန်ုပ်တို့၏ဝိညာဉ်က ခံစားလက်ခံရခြင်းသာဖြစ်သည်ဟု ယုံကြည်ကြပြီဆိုလျှင်၊ ထိုခံစားချက်များ၏အစပျိုးရာသည် မည်သည့်အရာ မည်သူဖြစ်သနည်း – ဟူသောအချက်ကို ထပ်မံ၍စဉ်းစားရပေမည်။

ဤမေးခွန်းကို ဖြေနိုင်ရန်အတွက် အောက်ပါအချက်များကို ဦးစွာသုံးသပ်ရလိမ့်မည်။ ဒြပ်ပစ္စည်းသည်၊ မိမိဖါသာ တည်ရှိစိုးမိုးနေနိုင်စွမ်းမရှိပေ။ ဒြပ်ပစ္စည်းသည် ကျွန်ုပ်တို့ အာရုံခံစားရသည့်အသိတွင်သာရှိသဖြင့်၊ အတုအယောင်သာလျှင်ဖြစ်ပေသည်။ ထို့ကြောင့် ထိုခံစားရခြင်းအသိကို လှုံ့ဆော်ပေးမည့် အခြားစွမ်းအားရှိရပေမည်။ ဆိုလိုရင်းမှာ ၎င်းသည် ဖန်ဆင်းထားသည့်အရာဖြစ်ပေသည်။ ထိုဖန်ဆင်းမှုသည်လည်း အဆက်မပြတ်ရှိနေရမည်။ ထိုဖန်ဆင်းမှုအစဉ်အဆက်မရှိဘဲ ရပ်တံ့သွားပါက၊ ဒြပ်ပစ္စည်းသည်လည်း ပျောက်ကွယ်သွားမည်သာဖြစ်၏။ ရုပ်မြင်သံကြားစက်ကဲ့သို့ လိုအပ်သည့် လျှပ်စစ်အချက်ပြလှိုင်းများ အဆက်မပြတ်လွှင့်နေလျှင် ထိုရုပ်မြင်သံကြား တယ်လီဗီးရှင်းအစီအစဉ် ဆက်လက်ထွက်နေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ဝိညာဉ်အား ကြယ်တာရာများ၊ ကမ္ဘာမြေကြီး၊ ဂြိုလ်များ၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာနှင့် ကျန်အရာခပ်သိမ်းတို့ကို မြင်နိုင်အောင် မည်သူကဖန်တီးပေးနေသနည်း။

စကြာဝဠာ တစ်ခုလုံးကို ဖန်ဆင်းထားသူ အသိတရားများ၏ စုဝေးရာဖြစ်သော ဖန်ဆင်းရှင်ရှိသည့်အချက်မှာ ထင်ရှားလျက်ရှိ၏။ ထိုအရှင်မြတ်ကပင် အဆက်မပြတ်ဖန်ဆင်းထိန်းသိမ်းလျက်ရှိတော်မူ၏။ ထိုဖန်ဆင်းရှင်သည်၊ ဤမျှခန်းနားကြီးကျယ်သောအရာများကို ဖန်ဆင်းနိုင်သူဖြစ်သဖြင့်၊ အဆုံးမရှိသော တန်ခိုးအစွမ်းရှိတော်မူသောအရှင်ဖြစ်ရပေမည်။

ထိုဖန်ဆင်းရှင်သည်၊ မိမိကိုယ်ကို ဖေါ်ပြတော်မူ၏။ အာရုံငါးပါးအတွင်း၌ နေထိုင်ပေါက်ဖွားနေသူလောကီသားများအား ကျမ်းဂန်တွင်ဖေါ်ပြပေးထားတော်မူ၏။ စကြာဝဠာတည်ရှိခြင်းနှင့် ကျွန်ုပ်တို့အသက်ရှင်တည်ရှိနေကြခြင်း၏အကြောင်းရင်းကိုလည်း ထိုကျမ်းဂန်တွင် ဖေါ်ပြထားတော်မူ၏။

ထိုဖန်ဆင်းရှင်သည် အလ္လာဟ်အရှင်မြတ်ပင်ဖြစ်၍၊ ထိုအရှင်မြတ်ချပေးတော်မူသော ကျမ်းဂန်သည် ကုရ်အာန်ကျမ်းတော်မြတ် ဖြစ်၏။

မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီး၊ တစ်နည်းအားဖြင့် စကြာဝဠာတစ်ခုလုံး တည်တံ့မှုမရှိကြောင်း၊ အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းထားသဖြင့် တည်ရှိနေကြောင်း၊ ထိုအရှင်မြတ်ဖန်ဆင်းထိန်းသိမ်းခြင်းရပ်တံ့လိုက်သည့်အချိန်တွင် ပျောက်ကွယ်သွားမည်သာဖြစ်ကြောင်း၊ အောက်ပါ အာယသ်တော်များတွင် မိန့်တော်မူထား၏။

> **ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ရွေ့လျားတိမ်းပါးမသွားရန် ထိန်းထားတော်မူ၏။ သို့ရာတွင် ဧကန်စင်စစ်အကယ်၍သာ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေတို့သည် ရွေ့လျားတိမ်းပါး၍သွားခဲ့ကြ**

> **သော် ထိုအရှင်မြတ်မှတပါး မည်သူတစ်ဦးတစ်ယောက်ကမျှပင် ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေတို့ကို ထိန်းနိုင်မည်မဟုတ်ပေ။ စေကန်အမှန် ထိုအရှင်မြတ်သည် ခန္တီတရားနှင့် အလွန်ပြည့်စုံတော်မူထသော၊ အလွန်တရာ ခွင့်လွှတ်တော်မူထသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။** (စူရာ အလ်ဖာတွစ်ရ် ၃၅း၄၁)


ဤအခန်း၏ အစပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း၊ အချို့သောလူတို့က အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်ဘုံတစ်နေရာရာတွင် ရှိနေပြီး၊ ကမ္ဘာမြေကြီးရှိ လောကီအရေးတွင် အစဉ်တစိုက်ဝင်ရောက်စွက်ဖက်ခြင်းမရှိဟု ယုံကြည်ကြပေသည်။ ဤယူဆချက်၏အခြေခံမှာ၊ ဤကမ္ဘာလောကနှင့် စကြာဝဠာသည် ဒြပ်ဝတ္ထုပစ္စည်းများဖြင့် ဖန်တီးထား၍၊ အလ္လာဟ်အရှင်မြတ်သည် ဤရုပ်လောက၏ပြင်ပ ဝေးကွာသောအရပ်၌ရှိနေသည်ဟူသော အချက်ပင်ဖြစ်ပေသည်။ အချို့ဘာသာအယူဝါဒများတွင်၊ အလ္လာဟ်အရှင်မြတ်ကို ဤအတိုင်းအတာဖြင့်သာ သဘောပေါက်ကြပေသည်။

သို့သော်လည်း၊ ကျွန်ုပ်တို့ဆွေးနွေးခဲ့ကြသည့်အတိုင်း၊ ဒြပ်ဝတ္ထုဟူသည် အာရုံတွင်ခံစားရခြင်းသာဖြစ်သောကြောင့်၊ အသက်ရှင်နေသူအစစ်အမှန်သည် အလ္လာဟ်အရှင်မြတ်သာလျှင်ဖြစ်ပေသည်။ ဆိုလိုရင်းမှာ၊ အလ္လာဟ်အရှင်မြတ်သာလျှင် အသက်ရှင်နေခြင်းဖြစ်၍ ကျန်အရာခပ်သိမ်းသည် အရိပ်အယောင်များသာလျှင်ဖြစ်ကြကုန်၏။ သို့ဖြစ်၍ အလ္လာဟ်အရှင်မြတ်ကို ဒြပ်ပစ္စည်းအစုကြီး၏ပြင်ပ၌ သီးခြားတည်ရှိနေသည်ဟု ကောက်ချက်ချ ယုံကြည်ရန်မဖြစ်နိုင်တော့ချေ။ **အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် နေရာတကာတိုင်းတွင်ရှိနေ၍ ရှိရှိသမျှအရာခပ်သိမ်းကိုလည်း လွှမ်းခြုံထားလျက်ရှိပေသည်။ ဤအမှန်တရားကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်း ဖော်ပြထား၏။**

> **အလ္လာဟ်အရှင်မြတ်သည်သာလျှင် ခဝပ်ကိုးကွယ်ရာအရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတပါး ကိုးကွယ်ခြင်းခံထိုက်သူဟူ၍ အလျှင်းမရှိပြီ။ ထိုအရှင်မြတ်သည် အမြဲရှင်နေတော်မူသောအရှင်၊ မိမိကိုယ်တိုင် ထာဝရတည်နေတော်မူ၍ သတ္တဝါအပေါင်းတို့ကိုလည်း ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်အား ငိုက်မျဉ်းခြင်းသည်လည်းကောင်း၊ အိပ်စက်ခြင်းသည်လည်းကောင်း၊ မဖိစီးနိုင်ပေ။ ထိုအရှင်မြတ်သည်သာလျှင် အာကာသကောင်းကင်များနှင့် မြေ၌ရှိရှိသမျှသော သက်ရှိသက်မဲ့အရာဝတ္ထုဟူသမျှတို့ကို ပိုင်ဆိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၏ အထံတော်၌ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ သူတစ်ပါးအတွက် အသနားခံတောင်းပန်ပေးနိုင်သူကား အဘယ်သူနည်း။ ထိုအရှင်မြတ်သည် ထိုသူတို့၏ ရှေ့နောက်အဖြစ်အပျက်အကြောင်းကိစ္စအလုံးစုံတို့ကို အကြွင်းမဲ့သိရှိတော်မူလေသည်။ သို့ရာတွင် ယင်းသူတို့သည် ထိုအရှင်မြတ်သိရှိတော်မူသောအကြောင်းကိစ္စအဖြစ်အပျက်တို့အနက်မှ ထိုအရှင်မြတ် အလိုရှိတော်မူသောအကြောင်းကိစ္စမှအပ တစုံတရာကိုမျှ ဝန်းခြုံ၍ မသိနိုင်ကြပေ။ ထိုအရှင်မြတ်၏ ဉာဏ်တော်သည် အာကာသကောင်းကင်များနှင့်တကွ ကမ္ဘာမြေပြင်တခွင်လုံးကို ဝန်းခြုံလျက်ရှိချေ၏။ သို့ရာတွင် ယင်းမိုးကောင်းကင်နှင့်တကွ ကမ္ဘာမြေပြင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ထိုအရှင်မြတ်အား ပင်ပန်းနွမ်းရိစေသည်မဟုတ်ပေ။ စင်စစ်တမူကား ထိုအရှင်မြတ်သည် မကြံစည်နိုင်အောင် မြင့်မြတ်တော်မူသောအရှင်၊ ကြီးကဲထွတ်မြတ်တော်မူသောအရှင်တည်း။** (စူရာ အလ်ဘက္ကရာဟ် ၂း၂၅၅)

အလ္လာဟ်အရှင်မြတ်အတွက် အာကာသဒေသ (space) အတွင်း ကန့်ထား ပိုင်းခြားထားခြင်းလည်းမရှိချေ။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကို လွှမ်းခြုံထားတော်မူကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူ၏။

> **စင်စစ်ဆိုသော် အရှေ့နှင့်အနောက်မှအစ ရှိရှိသမျှသောစကြာဝဠာများကို အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းတော်မူလေရာ၊ ထိုအရှင်သည်သာလျှင် စိုးပိုင်တော်မူ၏။ အသင်တို့သည် မည်သည့်ဘက်သို့မဆို မျက်နှာပြုကြပါမူ ထိုမျက်နှာပြုရာဘက်၌ပင် အလ္လာဟ်အရှင်မြတ်၏မျက်နှာတော်သည် အသင်တို့ရှေ့တွင်ရှိတော်မူသည်ဟု မှတ်ပါလေ။ စေကန်မုချ အလ္လာဟ်အရှင်မြတ်သည် ခပ်သိမ်းသောအရပ်ဒိသာတို့ကို လွှမ်းခြုံတော်မူသောအရှင်၊ အလုံးစုံကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူ၏။** (စူရာ အလ်ဘက္ကရာဟ် ၂း၁၁၅)။



ဦးနှောက်သည် ပရိုတင်းနှင့်အဆီမော်လီကျူးများဖြင့် တည်ဆောက်ထားသောအရာဖြစ်၏။ နျူရွန်ခေါ်အာရုံကြောဆဲလ်များပါဝင်သည်။ ဤအသားတုံးတွင် ပုံရိပ်ကိုကြည့်နိုင်သောစွမ်းအား မရှိချေ။ အသိတရားရှိခြင်း၊ သို့မဟုတ် "ငါ"ဟူသောပုဂ္ဂိုလ်ဝေနေယျကို ဖန်တီးနိုင်ခြင်းလည်း မရှိချေ။

ရုပ်လောက သတ္တဝါတို့သည် အာရုံတွင်ခံစားရခြင်းသာဖြစ်သောကြောင့်၊ အလ္လာဟ်အရှင်မြတ်ကို မတွေ့မြင်နိုင်ကြချေ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည်၊ ပုံစံအမျိုးမျိုးဖြစ်သော မိမိဖန်ဆင်းထားသည့် ထိုဒြပ်ပစ္စည်းတို့ကို တွေ့မြင်နိုင်၏။ ယင်းကိစ္စနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤသို့ဖေါ်ပြထားပေသည်။

**မံသစက္ခုများသည် ထိုအရှင်မြတ်အား စိတ်ငုံမိနိုင်သည်မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်မှာကား မံသစက္ခုများကို (စိတ်ငုံ)ငုံမိလျက်ရှိတော်မူချေသည်။**
(စူရာ အလ်အန်အာမ် ၆း၁၀၃)

ဆိုလိုရင်းမှာ၊ ကျွန်ုပ်တို့က အလ္လာဟ်အရှင်မြတ်ကို မျက်စိဖြင့် မတွေ့မြင်နိုင်သော်လည်း၊ အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့၏အတွင်းအပြင် အာရုံငါးပါးခံစားမှုနှင့် စိတ်ကူးစိတ်သန်းအားလုံးကို သိရှိလွှမ်းခြုံထားတော်မူသည်။ ထိုအရှင်မြတ် မသိရှိဘဲ မည်သည့်စကားလုံးတစ်လုံးကိုမျှ ပြောထုတ်နိုင်ခြင်းမရှိပေ။ ထိုအရှင်မြတ်မသိရှိဘဲ အသက်ရှူခြင်းပင်မပြုနိုင်ချေ။

ကျွန်ုပ်တို့က တစ်သက်တာလုံးတွင် အာရုံငါးပါးဖြင့် ခံစားတွေ့မြင်ကြားနာကြစဉ် ကျွန်ုပ်တို့နှင့် အနီးဆုံးအရာသည် ထိုအာရုံခံစားမှုများမဟုတ်ဘဲ၊ အလ္လာဟ်အရှင်မြတ်သည်သာလျှင် အစစ်အမှန် အနီးဆုံးဖြစ်တော်မူ၏။ ဤမှန်ကန်ချက်နှင့်ပတ်သက်၍ အောက်ပါအာယသ်တော်၌ လျှို့ဝှက်ထားပေသည်။ **စင်စစ်သော်ကား ငါအရှင်မြတ်သည် ၎င်း(လူသား)၏ လည်ချောင်းသွေးကြောထက်ပင် ၎င်းနှင့်ပိုမိုနီးကပ်စွာရှိနေတော်မူ၏။** (စူရာ ကား်ဖ ၅၀း၁၆)။ လူသားသည် မိမိ၏ကိုယ်ခန္ဓာကိုရုပ်ဝတ္ထု "ဒြပ်ပစ္စည်း"အဖြစ်သာရှိနေသည်ဟုယုံကြည်ထင်မှတ်နေသောကြောင့်၊ အရေးကြီးသည့် ဤအချက်ကိုသဘောမပေါက်နိုင်ခြင်းဖြစ်ပေသည်။ အကယ်၍ ဦးနှောက်ကို "မိမိကိုယ်"ဟု ယူဆပါက၊ ပြင်ပဟူသည်လည်း စင်တီမီတာ ၂၀–၃၀ လောက်သာ ဝေးကွာမည်ဖြစ်ပေသည်။ သို့သော်လည်း ဒြပ်ဟူသည့်အရာမရှိဟု စဉ်းစားသောအခါ၊ အတွင်းအပြင် အဝေးအနီးစသည်တို့သည် အဓိပ္ပါယ်

> သို့ဖြစ်လျှင် အသက်ဇီဝိန်သည် လည်မျိုသို့ရောက်ရှိလာသောအခါ အသင်တို့သည် မည်သည့်အတွက်ကြောင့် (မဟုတ်မမှန်ဟု ငြင်းပယ်ခြင်း) မပြုကြသနည်း။ စင်စစ် အသင်တို့သည် ထိုရောအခါဝယ် (စိုက်)ကြည့်၍နေကြကုန်၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် အသင်တို့ထက် ပိုမို၍ပင် နီးကပ်လျက် ရှိနေတော်မူ၏။ သို့ရာတွင် အသင်တို့သည် မြင်ကြသည် မဟုတ်ပေ။
> (စူရာ အလ်ဝါကီအဟ် ၅၆း၈၃–၈၅)

ကင်းမဲ့သွားလေတော့၏။ အလ္လာဟ်အရှင်မြတ်သည် မိမိအားလွှမ်းခြုံနေ၍ ထိုအရှင်မြတ်သည် မိမိနှင့် အစဉ်အမြဲနီးကပ်လျက်ရှိနေကြောင်းကို သဘောပေါက်ပေမည်။ အလ္လာဟ်အရှင်မြတ်သည်လည်း၊ လူသားတို့အား အရှင်မြတ်သည် "ထာဝရအနီးကပ်လျက်"ရှိနေခဲ့ကြောင်းကို၊ ကုရ်အာန်ကျမ်းတော်မြတ်၌ ဤကဲသို့မိန့်ဆိုထားပေသည်။ **"ငါအရှင်မြတ်၏ကျွန်များသည် ငါအရှင်မြတ်နှင့်ပတ်သက်၍ အသင့်ထံမေးမြန်းကြသောအခါဝယ်၊ မုချဧကန် ငါအရှင်မြတ်သည်** (ယင်းသူတို့)**နှင့်နီးကပ်စွာပင် ရှိတော်မူ၏**(ဟုဖြေပါလေ)။ (စူရာအလ်ဘကရာဟ် ၂း၁၈၆)။ နောက်ထပ်အာယသ်တော်တစ်ခုတွင်လည်း ယင်းအကြောင်းနှင့်ပတ်သက်၍ မိန့်ဆိုထားတော်မူ၏။ **"စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဝန်းခြုံလျက်ရှိတော်မူသောအရှင် ဖြစ်တော်မူသည်။"**(စူရာအန်နီဆာ ၄း၁၂၆)။ **"ဧကန်မလွဲ အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် လူခပ်သိမ်းတို့ကို ဝန်းဝိုင်း၍ ထားတော်မူလေပြီ။"** (စူရာဗနီအစ္စရာအီလ်/အလ်အစ္စရာအ် ၁၇း၆၀)။
လူသားသည် မိမိနှင့်အနီးကပ်ဆုံးမှာ မိမိကိုယ်တိုင်ဖြစ်သည်ဟုသာ မှားယွင်းစွာထင်မှတ်နေကြပေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ကိုယ်ထက်ပို၍နီးကပ်စွာရှိနေပေသည်။ ဤအချက်ကိုသတိမူရန်အတွက် ကျွန်ုပ်တို့အား သတိပေးတော်မူ၏။ **"သို့ဖြစ်လျှင် အသက်ဇီဝိန်သည် လည်မျိုသို့ရောက်လာသောအခါ အသင်တို့သည် မည်သည့်အတွက်ကြောင့် ငြင်းပယ်ခြင်းမပြုကြသနည်း။ စင်စစ်အသင်တို့သည် ထိုရောအခါဝယ် စိုက်ကြည့်၍နေကြကုန်၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် အသင်တို့နှင့် အသင်တို့ထက်ပို၍ပင်နီးကပ်လျက် ရှိနေတော်မူ၏။ သို့ရာတွင် အသင်တို့သည် မြင်ကြသည်မဟုတ်ပေ။** (စူရာ အလ်ဝါကီအဟ် ၅၆း၈၃–၈၅)။"
ကျွန်ုပ်တို့အသက်ရှင်နေစဉ်အတွင်း ဤအချက်ကိုမသိရှိကြခြင်းမှာ မိမိတို့၏မျက်စိဖြင့်မတွေ့မြင်ကြရခြင်းကြောင့်ပင်ဖြစ်ပေသည်။

ထို့အပြင်၊ အရိပ်အယောင်မျှသာဖြစ်ကြသော လူသားတို့သည် အလ္လာဟ်အရှင်မြတ်ထံမှ လွတ်လပ်စွာသီးသန့်ရပ်တည်နေနိုင်သည့် အင်အားမရှိကြချေ။ **"စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသင်တို့အားလည်းကောင်း၊ အသင်တို့ပြုလုပ်ကျင့်မူကြသော အရာဝတ္ထုများကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့၏။** (စူရာ အလ်ဆွဖ်ဖာတ် ၃၇း၉၆)"ဟုမိန့်ဆိုထားလေရာ၊ ကျွန်ုပ်တို့၏တွေ့ကြုံထိတွေ့ရာအဖြစ်အပျက်အားလုံးတို့သည်၊ အလ္လာဟ်အရှင်မြတ်၏ထိန်းချုပ်မှုအတွင်း၌သာ ရှိနေကြပေသည်။ **"အသင်သည်** (သဲများဖြင့်)**ပက်ခဲ့စဉ်ကလည်း အသင်ပက်ခဲ့သည်မဟုတ်ပြီ။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်ပင် ပက်တော်မူခဲ့လေသည်။** (စူရာ အလ်အန်ဖါလ် ၈း၁၇)"ဟု ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားတော်မူ၏။ ဤအာယသ်တော်အရ ကျွန်ုပ်တို့၏ လုပ်ဆောင်မှုအားလုံးသည် အလ္လာဟ်အရှင်မြတ်၏အစွမ်းထိန်းချုပ်မှုမပါဘဲမဖြစ်နိုင်ကြောင်း သိရှိရပေသည်။ မနုဿလူသားကိုယ်တိုင်က၊ အရိပ်အယောင်သာဖြစ်သောကြောင့် ပက်ခြင်းပစ်ခြင်းလုပ်ဆောင်မှုကို မဆောင်ရွက်နိုင်ချေ။ အလ္လာဟ်အရှင်မြတ်က ထိုအရိပ်အယောင်ဝေနေယျကို "ငါ"တည်းဟူသော ကိုယ်ခန္ဓာရှိသည်ဟု ထင်စေလေသည်။ အမှန်မှာ ထိုလုပ်ဆောင်ချက်များအားလုံးကို အလ္လာဟ်မြတ်ကပင် ပြီးမြောက်စေခြင်းဖြစ်ပေသည်။ လူတစ်ယောက်သည် မိမိပြုမူလိုက်သောလုပ်ဆောင်ချက်သည် မိမိ၏အစွမ်းဖြင့် ပြီးမြောက်စေသည်ဟု ယူဆပါက ထိုယူဆချက်သည် မိမိကိုယ်ကိုလှည့်စားခြင်းသာ ဖြစ်ပေသည်။

ဤသည်ကား အမှန်တရားပင် ဖြစ်ပေသည်။ လူတစ်ယောက်သည် ဤအချက်ကို လက်မခံဘဲလည်းရှိပေလိမ့်မည်။ သူသည် အလ္လာဟ်အရှင်မြတ်ထံမှ သီးခြားလွတ်လပ်စွာပြုမူလုပ်ဆောင်တည်ရှိနိုင်သည်ဟု ယုံကြည်နေပေလိမ့်မည်။ သို့သော်လည်း ထိုယူဆယုံကြည်ချက်က အမှန်တရားကို ပြောင်းလဲခြင်းမပြုချေ။ ထိုသူ၏ မိုက်ကမ်းသောငြင်းပယ်မှုသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်အလိုတော်ရှိခြင်းအတွင်း၌သာ ဖြစ်နိုင်ပေသည်။

## အသင်ပိုင်ဆိုင်ထားသည့်အရာခပ်သိမ်းတို့သည် ပင်ကိုအားဖြင့် တံလှပ်သာလျှင်ဖြစ်၏

## Everything That You Possess is Intrinsically Illusory

သိပ္ပံပညာအချက်အလက်များအရ တွေးခေါ်ဆက်စပ်ယူခြင်းဖြင့် "ပြင်ပလောက"ဟူသည် ရုပ်ဝတ္ထုအဖြစ်အမှန်တကယ်မရှိဘဲ ကျွန်ုပ်တို့၏ခံစားချက်ရှိအရိပ်အယောင်များသာလျှင်ဖြစ်၍၊ အလ္လာဟ်အရှင်မြတ်က အဆက်မပြတ် ဖြစ်ပေါ်စေနေခြင်းသာဖြစ်ကြောင်း ထင်ရှားနေပေသည်။ သို့သော်လည်း အများအားဖြင့် အရာခပ်သိမ်းကို ထိုစိတ်ကူးယဉ်"ပြင်ပလောက"တွင် ပါဝင်နေကြောင်း ဝန်ခံခြင်း မပြုလို လက်မခံလိုကြချေ။

ဤကိစ္စကို ဟန်ဆောင်မှုမပါဘဲ ရိုးသားစွာ သတ္တိရှိရှိတွေးကြည့်ပါ။ သင်မကြာသေးမီကဝယ်သည့် အိမ်၊ မော်တော်ကား၊ အိမ်ထောင်ပရိဘောဂ၊ သင်၏ရုံး၊ အဝတ်အစား၊ လက်ဝတ်လက်စား၊ ဘဏ်စာရင်း၊ ဇနီးသားသမီး၊ သင်၏မိတ်ဆွေသင်္ဂဟ၊ စသဖြင့် အသင့်တွင်ရှိရှိသမျှအရာခပ်သိမ်းတို့သည်၊ သင့်ထံသို့ပို့ဆောင်လာသည့် ပြင်ပလောက၏အရိပ်အယောင်များသာ ဖြစ်ချေသည်။ အသင်၏ပတ်ဝန်းကျင်ရှိ အသင်ရရှိသောအနံ့အသက်၊ ကြားနေရသောအသံ၊ မြင်နေသောအရာ၊ အသင်၏ အာရုံငါးပါးဖြင့် လက်ခံရရှိနေသောအရာများသည် ထိုအတုအယောင်ပြင်ပလောက၏ တစ်စိတ်တစ်ဒေသဖြစ်ပေသည်။ သင်အလွန်နှစ်သက်သောအဆိုတော်၏အသံ၊ အသင်ထိုင်နေသော ထိုင်ခုံ၏မာကျောမှု၊ အသင်နှစ်သက်သောရေမွှေးအနံ့၊ အသင့်ကိုနွေးထွေးစေသောနေ၊ လှပတင့်တယ်လှသော ရောင်စုံပန်းမာလ်၊ သင့်ရှေ့တွင်ပျံသန်းဖြတ်သွားသောငှက်၊ ရေပြင်ပေါ်တွင် လျင်မြန်စွာမောင်းနှင်သွားသော စက်လှေ၊ စိမ်းလန်းစိုပြေသည့်ဥယျာဉ်၊ သင့်လုပ်ငန်းတွင်အသုံးပြုနေသော ကွန်ပြူတာ၊ သို့မဟုတ် အသင်ပိုင်ဆိုင်သော ကမ္ဘာတွင်ခေတ်အမီဆုံးတက်နိုလိုဂျီဖြင့်ဆောက်လုပ်ထားသော ဟိုင်ဖိုင်စတီရီအိုစက် စသဖြင့် အရာခပ်သိမ်းတို့သည်လည်း ထိုအာရုံငါးပါးအသိတရားဖြင့်ခံစားရခြင်းတွင် ပါဝင်ပေသည်။

ယင်းသည်ကား အမှန်တရားဖြစ်ပေသည်။ ကမ္ဘာလောကကြီးသည် လူသားကို စမ်းသပ်ရန်ဖန်တီးထားသော အရိပ်အယောင်များသာလျှင်ဖြစ်၏။ အမှန်တကယ်အကောင်အထည်မရှိသော ထိုအရိပ်အယောင်များဖြင့် လူသားများ၏ သတ်မှတ်ထားသည့်အချိန်သက်တန်းတသက်တာ ဘဝအတွင်း ခံစားချက် အရိပ်အယောင်များပင်ဖြစ်ပေသည်။ ထိုခံစားချက်အတွင်း ပေးဆောင်ပြသထားသည့် အရိပ်အယောင်များသည်လည်း နှစ်သက်ဖွယ်ရာ ဆွဲဆောင်မှုအပြည့်ရှိပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤအကြောင်းနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်က အောက်ပါအတိုင်းမိန့်တော်မူ၏။

> **လူခပင်းတို့အဘို့ရာ၊ မိန်းမများကိုလည်းကောင်း၊ သားရတနာများကိုလည်းကောင်း၊ စုဆောင်းသိုမှီးထားသောရွှေငွေရတနာများကိုလည်းကောင်း၊ သင်ကြားလေ့ကျင့်ရွေးချယ်သတ်မှတ်ထားသော မျိုးမှန်မျိုးကောင်းမြင်းများကိုလည်းကောင်း၊** (နွား၊ သိုး၊ ဆိတ်) **စသည့်တိရိစ္ဆာန်များကိုလည်းကောင်း၊ လယ်ယာဥယျာဉ်များကိုလည်းကောင်း၊ ချစ်ခင်စုံမက်နှစ်သက်မြတ်နိုး လှပတင့်တယ်ရှုချင်စဖွယ်ရှိအောင် ပြုလုပ်ထားတော်မူသည်။**
>
> **ဤသည်တို့ကား လောကီဘဝ၏အသုံးအဆောင်များသာတည်း။ အမှန်စင်စစ်အားဖြင့် အမြင့်မြတ်ဆုံးသော ပြန်လည်ရာဌာနသည်ကား အလ္လာဟ်အရှင်မြတ်၏ အထံတော်၌သာလျှင်ရှိပေသတည်း။** (စူရာ အာလေ့အိမ်ရာန် ၃း၁၄)

လူအများအားဖြင့် လယ်ယာမြေပိုင်ဆိုင်မှု၊ ပစ္စည်း၊ ဥစ္စာခနေ၊ ရွှေငွေရတနာစုဆောင်းမှု၊ ဒေါ်လာ၊ လက်ဝတ်လက်စား၊ ဘဏ်စရင်း၊ ခရဲဒစ်ကာဒ်၊ အဖိုးတန်အဝတ်အထည်နှင့်ပြည့်နက်နေသော ဘီဒို၊ နောက်ဆုံးပေါ်မော်တော်ကား၊ အတိုချုပ်အားဖြင့် မိမိပိုင်ဆိုင်ထားသောအရာများ၊ သို့မဟုတ်ပိုင်ဆိုင်နိုင်ရန်ကြိုးပမ်းလျက်ရှိသောအရာများ၊ စသည်တို့၏ သွေးဆောင်မှုကြောင့် မိမိတို့၏ သာသနာယုံကြည်မှုကို ပစ်ပယ်လိုက်ကြပေသည်။ သူတို့သည် ဤကမ္ဘာလောကကိုသာလျှင် အာရုံစိုက်ကြ၍ တမလွန်ဘဝကို မေ့လျော့ထားကြလေသည်။ ထိုကမ္ဘာလောက၏ "လှပတင့်တယ်ခြင်းနှင့်မြူဆွယ်မှု" က ကျွန်ုပ်တို့အား လှည့်ဖြားသွေးဆောင်လျက်ရှိနေသဖြင့်၊ ဆွလာတ်ဝတ်ပြုခြင်းကို မေ့လျော့ပစ်

ပယ်ထားကြ၏။ ဆင်းရဲနွမ်းပါးသူတွေကို အလှူဒါနပေးကမ်းစွန့်ကြဲရန် တွန့်တိုနေကြပေသည်။ နောင်တမလွန်ဘဝတွင် ချမ်းသာယာမှုရရှိရန် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ဆည်းကပ်ရန် မေ့လျော့ထားကြ၏။ "ကျနော်အလုပ်ရှိသေးတယ်"၊ "ကျနော်အလုပ်မပြီးသေးဘူး"၊ "ကျနော်တခြားတာဝန်တွေရှိနေတယ်"၊ "နောက်မှလုပ်မယ်"၊ စသည့် ဆင်ခြေပေးလေ့ရှိကြ၏။ ကုရ်အာန်ကျမ်းတော်မြတ်အာယသ်တစ်ခု (စူရာ အလ်ရူးမ် ၃၀း၇)တွင်၊ **"၎င်းတို့သည် လောကီဘဝ၏ အပေါ်ယံပုံပန်းကိုသာ သိရှိကြကုန်၏။ သို့ရာတွင် တမလွန်ဘဝ**(အရာခပ်သိမ်း၏ ဆုံးခန်းတိုင်ခြင်း) **ကိုမူကား ၎င်းတို့သည် မသိကြသူများသာလျှင် ဖြစ်ကြကုန်သတည်း။"**ဟူ၍ ဖော်ပြထားပေသည်။



ဆိုခဲ့ပြီးသောအရာများအားလုံးကို နက်နက်နဲနဲတွေးကာ ရှေ့မျှော်၍ ဖြန့်ချ၍ကြည့်ပါက၊ ကမ္ဘာလောကတွင် ဖြစ်ပျက်သမျှအားလုံးသည် အရိပ်အယောင် စိတ်ကူးသာလျှင်ဖြစ်နေကြောင်း တွေ့ရှိရင်း အံ့သြခြင်းများစွာ ဖြစ်နေပါလိမ့်မည်။

ဤအခန်းတွင် ဖော်ပြထားသည့်၊ အရာခပ်သိမ်းသည် စိတ်ကူးယဉ်အရိပ်အယောင်များသာ ဖြစ်သည် ဟူသောအချက်သည် မိမိတို့၏ တဏှာရာဂအာသာရမက်အစရှိသော အဓိပ္ပါယ်ကင်းမဲ့သည့်အရာများကို ဘောင်ခပ်ကန့်သတ်ထားရာတွင် အလွန်အရေးကြီးသောအချက်အဖြစ် ပါဝင်ပတ်သက်နေပေသည်။ ဤအချက်ကို ဆန်းစစ်ကြည့်ပါက လူခပင်းတို့ ပိုင်ဆိုင်ထားသည့်အရာများ သို့မဟုတ် ပိုင်ဆိုင်နိုင်ရန်ကြိုးပမ်းနေသည့်အရာများ – လောဘတကြီးရယူသည့်ဥစ္စာဓနေ၊ မိမိကကြွားဝါနေသောသားသမီးများ၊ မိမိနှင့်အနီးကပ်ဆုံးဟုထင်နေသော ဇနီးခင်ပွန်းသည် မိတ်ဆွေသင်္ဂဟမှအစ မိမိ၏ကိုယ်ခန္ဓာ၊ မိမိ၏အဆင့်ကို မြင့်မားစေသည်ဟုထင်နေသောရာထူးဌာနန္တရနှင့်တက္ကသိုလ်ကျောင်းများ၊ မိမိပျော်ရွှင်ခဲ့သောအပန်းဖြေမှု – စသည်တို့သည် တံလှပ်သာလျှင်ဖြစ်ကြောင်း ထင်ရှားနေပေသည်။ ထို့ကြောင့် ယင်းတို့အတွက် ကုန်ခန်းခဲ့သောအချိန်သည် အလဟဿ အချည်းနှီးသာလျှင်ဖြစ်ချေ၏။

ထို့ကြောင့်၊ လူအတော်များများက၊ မိမိတွင်ရှိသောဥစ္စာဓနေ၊ အဖိုးတန်ရွက်လှေများ၊ ဟယ်လီကော့ပ်တာရဟတ်ယာဉ်များ၊ စက်ရုံအလုပ်ရုံများ၊ လယ်ယာမြေများနှင့် မြေစားများကို အမှန်တကယ်ရှိ

သောအရာများအဖြစ် ကြွားဝါခြင်းဖြင့် အမှတ်တမဲ့မိမိကိုယ်ကိုလှည့်စားအရှုံးလုပ်နေကြပေသည်။ မိမိတို့၏လုပခန်းနားသည့်ရွှက်လေ့များ၊ နောက်ဆုံးပေါ်ကားများ၊ ဥစ္စာခေ၊ အခြားသူများထက်အဆင့်မြင့်သည်ဟုထင်နေသောရာထူးဌာနန္တရမြင့်မားမှုများဖြင့် ဝင့်ကြွားနေသူ ချမ်းသာကြွယ်ဝသူတို့သည်၊ ထိုအောင်မြင်မှုများသည် ဘာမှမဟုတ်သော တံလှပ်သာလျှင်ဖြစ်သည်ကို သိသောအခါ၊ မည်ကဲ့သို့သောအခြေအနေ ရောက်ကြမည်နည်း။

ဤကဲ့သို့သောမြင်ကွင်းများကို ကျွန်ုပ်တို့၏ အိပ်မက်တွင်လည်း မကြာခဏတွေ့ကြုံကြရပေသည်။ အိပ်မက်ထဲတွင်၊ အိမ်များ၊ လှပလျှင်မြန်သည့်ကားများ၊ အင်မတန်တန်ဖိုးကြီးသောလက်ဝတ်လက်စားကျောက်မျက်ရတနာ ရွှေငွေများ ရှိသည်ကို တွေ့မြင်ကြလိမ့်မည်။ အိပ်မက်ထဲတွင် ကြီးမြင့်သောရာထူးဌါနန္တရတွင်ရောက်ရှိနေပြီး လူများအပေါ်တွင် အာဏာရှိနေသည်လည်းဖြစ်ပေလိမ့်မည်။ အလုပ်သမားပေါင်းထောင်နှင့်ချီသော စက်ရုံအလုပ်ရုံကိုလည်းပိုင်ဆိုင်ပေလိမ့်မည်။ လှပတင့်တယ်သော အဝတ်များဝတ်ဆင်နေရသဖြင့် လူအများ၏ချီးကျူးသြဘာပေးခြင်းကိုလည်းခံရပေလိမ့်မည်။ အိပ်ပျော်နေရာမှ နိုးလာသောအခါ ထိုအိပ်မက်ထဲမှအရာများသည် ရယ်စရာဖြစ်သွားပေလိမ့်မည်။ ထိုနည်းတူ ဤကမ္ဘာလောကတွင် ကြွားဝါခဲ့သောဥစ္စာပစ္စည်းရာထူးဌါနန္တရအာဏာများသည်လည်း ရယ်စရာသာလျှင်ဖြစ်ခဲ့သည်ကို အမှန်ပင်တွေ့ရှိပါလိမ့်မည်။ အိပ်မက်ထဲတွင်တွေ့ရှိသည့်အရာများနှင့် ဤကမ္ဘာလောကတွင်တွေ့ရှိနေရသောအရာများအားလုံးသည်လည်း ကျွန်ုပ်တို့၏ စိတ်ထဲတွင် ခံစားရသော အရိပ်အယောင်များသာလျှင် ဖြစ်ကြပေသည်။

ထိုနည်းတူစွာ၊ ဤကမ္ဘာလောကတွင် မိမိတို့ထင်မှတ်ပြုမူခဲ့သည့်အချင်းအရာများ၏ အမှန်တရားကို တွေ့ရှိရသောအခါတွင်၊ အိပ်မက်ထဲတွင်တွေ့ရှိခဲ့ရသောအဖြစ်အပျက်များအတွက် ရှက်မိကြသကဲ့သို့ပင် ရှက်ကြပေလိမ့်မည်။ အချင်းချင်း အတိုက်အခံပြုခဲ့ကြသူများ၊ အပြင်းအထန်ရမ်းကားခဲ့သူများ၊ ကလိမ်ကျခဲ့သူများ၊ လာဘ်စားခြစားခဲ့သူများ၊ လိမ်လည်အတုပြုလုပ်ခဲ့သူများ၊ ကပ်စေးနဲသူများ၊ သူတပါးအပေါ်အမှားကျူးလွန်ခဲ့သူများ၊ သူတပါးကိုနှိပ်စက်ကလူပြုကျင့်ခဲ့သူများ၊ သူတစ်ဦးကို ကျူးကျော်စော်ကားသူများ၊ မိမိ၏ရာထူးဌါနန္တရကို အထူးမက်မောတွယ်တာခဲ့သူများ၊ ကြွားဝါသူ မနာလိုဝန်တိုခဲ့ကြသူများသည်၊ အိပ်မက်ထဲတွင် ထိုအပြုအမူများကို ပြုကျင့်ခဲ့ကြကြောင်းအမှန်တရားကိုသိရှိသောအခါတွင်၊ အရှက်တကွဲအကျိုးနည်းကြလိမ့်မည်သာ ဖြစ်၏။

အလ္လာဟ်အရှင်မြတ်သည်သာလျှင် ထိုအရိပ်အယောင်များကို ဖန်တီးသူဖြစ်တော်မူသဖြင့် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် အရာခပ်သိမ်းကို ပိုင်စိုးတော်မူ၏။ ဤအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားပေသည်။

> **ထို့ပြင်တဝ အာကာသကောင်းကင်များ၌ ရှိရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေကြီး၌ ရှိရှိသမျှတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်ပိုင်ဆိုင်သော ပစ္စည်းများသာဖြစ်သည်။ စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဝန်းခြုံလျက် ရှိတော်မူသောအရှင်ဖြစ်တော်မူသည်။** (စူရာအန်နီဆာ ၄း၁၂၆)

အရိပ်အယောင်စိတ်ကူးယဉ်ဖြစ်သော စုံမက်တွယ်တာမှုများအတွက်သာလျှင်၊ ဘာသာအယူဝါဒကို ပစ်ပယ်တိမ်းရှောင်၍ ထာဝရဖြစ်သောတမလွန်ဘဝတွင် ဒုက္ခဆင်းရဲခံရန် အနစ်နာခံခြင်းသည်ကား ကြီးကျယ်သောမိုက်မဲခြင်းပင်ဖြစ်ပေတော့သည်။

ဤအဆင့်တွင်၊ အချက်တစ်ချက်ကို သဘောပေါက်ရန်လိုအပ်ပေသည်။ "အသင်ပိုင်ဆိုင်ထား၍ နှမျောတသလျက်ရှိသော ဥစ္စာခေများ၊ သားသမီးဇနီးခင်ပွန်းသည်များ၊ မိတ်ဆွေသင်္ဂဟများ၊ ရာထူးဌာနန္တရများသည် အဓိပ္ပါယ်ကင်းမဲ့သဖြင့် မကြာမီအတွင်းပျောက်ကွယ်သွားလိမ့်မည်"ဟုဆိုလိုခြင်း မဟုတ်ပါ။ "အသင်ပိုင်ဆိုင်ထားသောအရာများသည် အမှန်တကယ်အကောင်အထည်အဖြစ် မရှိဘဲ အလ္လာဟ်အရှင်မြတ်က အသင့်အားစမ်းသပ်ရန် ပြသထားသောအရိပ်အယောင်တံလှပ်မျှသာလျှင် ဖြစ်သည်"ဟုဆိုကြောင်းကို ရှင်းလင်းစွာသဘောပေါက်ရန်လိုအပ်ပါသည်။ ယင်းအဆိုနှစ်မျိုးသည် အလွန်ခြားနားပါသည်။

လက်ငင်းအချိန်တွင် ယင်းအချက်ကိုအသိအမှတ်ပြုခြင်း၊ လက်ခံခြင်းမပြုလိုကြ၍၊ အစစအရာရာကို အမှန်တကယ်ရှိသည်ဟု မိမိကိုယ်ကိုလှည့်စားထားကြသော်လည်း၊ အသက်သေဆုံးပြီး၍ တဖန်ပြန်လည်ရှင်ထလာသောအခါတွင် အမှန်တရားကို တွေ့မြင်ကြပါလိမ့်မည်။ ထိုနေ့တွင် ကျွန်ုပ်တို့သည် ပိုမို "ရှင်းလင်းပြတ်သားစွာ ထိုးဖေါက်၍မြင်နိုင်စွမ်းရှိကြမည်"(စူရာ ကာဖ် ၅၀း၂၂)။ သို့သော်လည်း၊ အကယ်၍ကျွန်ုပ်တို့သည် စိတ်ကူးယဉ်အရိပ်အယောင်များသာဖြစ်သော ရည်မှန်းချက်များ၏နောက်ကိုသာ လိုက်နေကြပါက၊ ဤသို့အသက်ရှင်နေခဲ့ခြင်းမရှိလျှင်ပင် ကောင်းလေစွဟု တောင့်တကြမည်သာဖြစ်ပေသည်။ **"မရဏာသေခြင်းတရားသည် လုံးဝအပြီးအပြတ်စီရင်ခဲ့လျှင် ကောင်းလေစွ။ ငါ၏ပစ္စည်းဥစ္စာသည် ငါ၏အဖို့ အသုံးဝင်ခဲ့သည်မဟုတ်ပြီ။ ငါ၏အစွမ်းသတ္တိဂုဏ်ကျက်သရေသည်လည်း ငါ့ထံမှပျောက်ကွယ်၍သွားချေပြီ။"**(စူရာ အလ်ဟက် ၆၉း၂၇–၂၉) ဟူ၍ညီးညူ တမ်းတကြမည်။

လိမ်မာရေးခြားရှိ၍ စဉ်းစားဥာဏ်အမြော်အမြင်ရှိသူတို့သည်ကား၊ ဤစကြာဝဠာကမ္ဘာလောကကြီး၏အမှန်တရားကို အချိန်ရှိတုန်း နားလည်သဘောပေါက်ကြရန်လိုအပ်ပေသည်။ သို့မဟုတ်ပါက အိပ်မက်၏နောက်ကိုသာ လိုက်နေခြင်းဖြင့် မိမိ၏ဘဝတစ်ခုလုံးအချိန်ဖြုန်းလိုက်သဖြင့်၊ နောက်ဆုံးတွင် ကြီးလေးသောပြစ်ဒဏ်ကိုခံရလိမ့်မည်။ ဤကမ္ဘာလောကတွင် ထိုကဲ့သို့ အရိပ်အယောင်တံလှပ်၏နောက်ကိုသာ အာသာငန်းငန်း လိုက်နေကြသဖြင့်၊ မိမိတို့၏ ဖန်ဆင်းရှင်ကိုမေ့လျော့ကြသူတို့၏နောက်ဆုံးအခြေအနေကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။

> **သို့ရာတွင် 'ကာဖိရ်'မယုံမကြည်သွေဖည်ငြင်းပယ်သောသူတို့သည် ၎င်းတို့၏ပြုကျင့်မှုတို့မှာမူကား လွင်တီးသဲသောင်ပြင်၌ရှိနေသော လင်းလျှပ်ပမာဖြစ်ပေရာ ရေမွတ်သိပ်သောသူတို့သည် ထိုလင်းလျှပ်ကိုပင် ရေဟူ၍ထင်မှတ်လေသည်။ နောက်ဆုံးတွင်၎င်းသည် ထိုလင်းလျှပ်အနီးသို့ရောက်လတ်သော် ထိုလင်းလျှပ်ကို တစ်စုံတစ်ရာမျှမတွေ့ခဲ့ရသည့်အပြင် ယင်း၏အနီးတွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုသာ တွေ့ရှိခဲ့လေသည်။ သို့ဖြစ်ပေရာ ထိုအလ္လာဟ်အရှင်မြတ်သည် ၎င်း၏စာရင်းအင်းကို အပြည့်အဝ ရှင်းလင်းတော်မူ၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် လျင်မြန်စွာစစ်ဆေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။** (စူရာ အန်နူးရ် ၂၄း၃၉)

## ရုပ်ဝါဒီတို့၏ ကျိုးကြောင်းဆင်ခြင်ခြင်း၌ ချို့ယွင်းချက်
## Logical Defects of The Materialists

ဤအခန်း၏အစပိုင်းမှစ၍ ဒြပ်ဝတ္ထုပစ္စည်းသည် ရုပ်ဝါဒီတို့ယုံကြည်ကြွေးကျော်သကဲ့သို့သော ပင်ကိုအကောင်အထည်ဟူ၍ အမှန်တကယ်မရှိဘဲ အလ္လာဟ်အရှင်မြတ်က ရှိသည်ဟုထင်မှတ်အောင် ဖန်တီးထားသော အာရုံငါးပါး၏ခံစားချက်များသာလျှင်ဖြစ်ကြောင်း အကြိမ်ကြိမ်ဖေါ်ပြလာခဲ့ပေပြီ။ ရုပ်ဝါဒီတို့သည် သိပ္ပံပညာအရ ကျိုးကြောင်းဆင်ခြင်သုံးသပ်ထားသော သက်သေသက်ကာရများဖြင့်ထင်ရှားလျက်ရှိသော အမှန်တရားကိုငြင်းပယ်ကြသည့်အပြင်၊ အခြေအမြစ်မရှိ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သည့် တစ်ယူသန်အတွေးအခေါ်များကိုသာ တင်ပြကြသောကြောင့် သူတို့၏အတွေးအခေါ်များကို အလိုလိုဖျက်ဆီးပစ်လေသည်။

ဥပမာ၊ ၂၀ ရာစုနှစ်တွင် ရုပ်ဝါဒကိုထောက်ခံခဲ့ရာ၌ အကြီးကျယ်ဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်၍ အလွန်ပြင်းထန်သည့်မားက့်စ်ဝါဒီတစ်ဦးဖြစ်သူ **ဂျော့ပိုလစ်ဇာက ဘတ်စ်ကားဥပမာ**ကို ဒြပ်ဝတ္ထုပစ္စည်း အမှန်တကယ်ရှိကြောင်းပြဆိုသည့် "အကြီးကျယ်ဆုံးသာဓက"အဖြစ် တင်ပြခဲ့လေသည်။ ပိုလစ်ဇာ၏အဆိုအရ၊ ဒြပ်ဝတ္ထုပစ္စည်းသည် အာရုံတွင်ခံစားရခြင်းသာဖြစ်သည်ဟု တွေးတောကြသော အတွေးအခေါ်ရှင်တို့သည် ဘတ်စကားတစ်စီးက သူတို့ကို ဝင်တိုက်တော့မည်ကို တွေ့သောအခါ ထွက်ပြေးကြသည်။ ဤသည်ကပင် ဒြပ်ပစ္စည်းအမှန်တကယ်ရှိကြောင်းပြဆိုသော သက်သေဖြစ်သည်။[၃၄]

ကျော်ကြားသည့်ရုပ်ဝါဒီတစ်ဦးဖြစ်သော ဂျွန်ဆန်ကို ဒြပ်ဝတ္ထုပစ္စည်းသည် လူတို့၏အာရုံငါးပါးဖြင့် ခံစားရခြင်းသာဖြစ်သည်ဟု ပြောပြသောအခါ ဒြပ်ဝတ္ထုပစ္စည်းသည် ရုပ်ဝတ္ထုအဖြစ်အမှန်တကယ်ရှိကြောင်းကို ကျောက်တုံးကို ခြေထောက်ဖြင့်ကန်ကြည့်ခြင်းဖြင့် ကြိုးစား၍ "သက်သေထူ" ပြန်လေသည်။[၃၇]

ပိုလစ်ဇာ၏ဆရာသမား ကာလ်မားက့်စ်နှင့်အတူ ရုပ်ဝါဒကိုအခိုင်အမာတည်ထောင်ခဲ့သူ **ဖရက်ဒရစ်အင်ဂျဲလ် (Fredrich Angel)** ကလည်း **"အကယ်၍ ကျွန်ုပ်တို့စားသောကိတ်မုန့်သည် အာရုံတွင်ခံစားမှုသာဖြစ်ပါက၊ ကျွန်ုပ်တို့၏ ဆာလောင်မှုကို ရပ်တန့်နိုင်မည်မဟုတ်ချေ။"** ဟုရေးသားခဲ့လေသည်။[၃၈]

ထိုကဲ့သို့သောဥပမာများအပြင်၊ **မားက့်စ်၊ အင်ဂျဲလ်၊ လီနင် အစရှိသည့်** ကျော်ကြားသော ရုပ်ဝါဒီတို့နှင့်အတူ အခြားသောရုပ်ဝါဒီများက **အကယ်၍ သင့်ကိုပါးရိုက်လိုက်ပါက ရုပ်ဝတ္ထုဒြပ်ပစ္စည်းအမှန်တကယ်ရှိကြောင်းကိုသိလိမ့်မည်**ဟု ခပ်ရိုင်းရိုင်းစော်ကားမော်ကားအသုံးအနှုန်းများဖြင့်လည်း ဥပမာပေးသူရှိပေသည်။

ထိုကဲ့သို့သော ဥပမာတွေပေးကြသည့် ရုပ်ဝါဒီတို့၏နားလည်သဘောပေါက်မှု ကမောက်ကမ ဖြစ်နေခြင်းမှာ "ဒြပ်ပစ္စည်းသည် ခံစားမှုသာဖြစ်သည်"ဟူသောအချက်ကို "ဒြပ်ပစ္စည်းသည် အလင်းရောင်၏လှည့်ကွက်သာဖြစ်သည်"ဟုအဓိပ္ပါယ်ဖေါ်ခြင်းကြောင့်ဖြစ်ပေသည်။ သူတို့အနေဖြင့် ခံစားမှုသည် တွေ့မြင်ခြင်းနှင့်ထိတွေ့မှုစသည်တို့သာလျှင် ခန္ဓာကိုယ်ရုပ်ပိုင်းနှင့် အညမညအားဖြင့် ဆက်နွယ်နေသည်ဟု ထင်နေကြပေသည်။ လူတစ်ယောက်ကို ကားတိုက်လိုက်သဖြင့် လဲကျသွားသည်ကို တွေ့မြင်သောအခါ "ကြည့်ပါ အဲဒါခံစားမှုသာမဟုတ်ဘူး"ဟုဆိုကြ၏။ ထိုကဲ့သို့ ကားတိုက်ခံရသည့်အချိန်တွင် ဖြစ်ပျက်သောကိစ္စအားလုံး – မာကျောမှု၊ ဆောင့်အား၊ နာကျင်ခြင်း၊ စသည်တို့အားလုံးသည် ဦးနှောက်၌ဖြစ်ပေါ်သော ခံစားမှုဖြစ်ကြောင်းကို သူတို့က သဘောမပေါက်ကြချေ။

### အိပ်မက်ဥပမာ
### The Example of Dreams

ဤအဖြစ်မှန်ကို ရှင်းပြရန် အိပ်မက်မက်ခြင်းက အကောင်းဆုံးဥပမာတစ်ခုဖြစ်ပေသည်။ လူတစ်ယောက်သည် အိပ်မက်ထဲတွင် အမှန်တကယ်အဖြစ်အပျက်များကို တွေ့ကြုံနိုင်ပေသည်။ လှေကားပေါ်မှလိမ့်ကျသွားပြီး ခြေထောက်ကျိုးသွားသည်လည်းဖြစ်နိုင်ပေသည်။ ပြင်းထန်သောကားတိုက်ခံရခြင်းမျိုးတွင် ကားအောက်၌ညှပ်မိနေသည့်အဖြစ်လည်းကောင်း၊ ကိတ်မုန့်စားရ၍ ဝအီသွားသည့်အဖြစ်လည်းကောင်း၊ အိပ်မက်ထဲတွင်တွေ့ရပေမည်။ ကျွန်ုပ်တို့နေ့စဉ်တွေ့ကြုံရသည့်အဖြစ်အပျက်များအားလုံးကို အိပ်မက်ထဲတွင် တွေ့ကြုံရသည်ဟုခံစားရအောင် သွေးဆောင်ခြင်း စိတ်ဆွပေးခြင်းခံရခြင်းဖြစ်ပေသည်။

ကားတိုက်ခံရသည်ဟုအိပ်မက်မက်သူသည်၊ ဆေးရုံရောက်သောအခါ မျက်စိဖွင့်ကြည့်၍ မိမိမှာ ဒုက္ခိတဖြစ်သွားသည်ကိုလည်းတွေ့ရပေမည်။ သို့သော်လည်း ထိုအဖြစ်အားလုံးမှာ အိပ်မက်မျှသာဖြစ်ပေသည်။ ကားတိုက်ခံရသဖြင့် အသက်သေဆုံးသွား၍ မိမိ၏ဝိညာဉ်ကို ကောင်းကင်တမန် မလာဧကာက ခေါ်ဆောင်သွားကာ၊ တမလွန်ဘဝတွင် စတင်နေထိုင်နေရသည်ဟုလည်း မြင်ရပေလိမ့်မည်။ (ဤအဖြစ်အပျက်မှာ လက်ရှိဘဝတွင်လည်း အိပ်မက်ထဲမှာတွေ့ကြုံရသကဲ့သို့ ခံစားမှုအဖြစ်သာလျှင် တွေ့ကြုံနေရခြင်းဖြစ်ပေသည်။)

ထိုအိပ်မက်ကိုမက်နေသူသည်၊ ပုံပန်းသဏ္ဍာန်များ၊ အသံများ၊ မာကျောခြင်း၊ အလင်းရောင်၊ အရောင်အဆင်း စသည်တို့အားလုံးကို ထင်ရှားပြတ်သားစွာ တွေ့ကြုံခံစားရပေသည်။ ထိုခံစားရသည့်အတွေ့အကြုံများအားလုံးသည်၊ အစစ်အမှန် "ဘဝ" မှာကဲ့သို့ သဘာဝကျကျခံစားတွေ့ကြုံနိုင်ပေသည်။ သူ စားသုံးသောကိတ်မုန့်သည်လည်း အိပ်မက်ထဲမှာခံစားရခြင်းသာဖြစ်သော်လည်း ဝလင်သည်ဟုခံစားရပေမည်။ အမှန်စင်စစ်မှာ ထိုသူသည် ကုတင်အိပ်ယာပေါ်တွင် လဲလျောင်းလျက်သာရှိနေပေသည်။ သူတက်လှမ်းနေသောလှေကား၊ လမ်းပေါ်တွင် မောင်းနှင်နေသည့်မော်တော်ကားများလည်းမရှိပေ။ အိပ်မက်မက်နေသူသည်၊ ပြင်ပလောကတွင်မရှိသောအရာများကို တွေ့မြင် ကြုံတွေ့


နေရပေသည်။ ကျွန်ုပ်တို့ အိပ်မက်ထဲတွင် တွေ့ကြုံခြင်း၊ မြင်ခြင်း၊ ထိတွေ့ရခြင်း စသည်တို့သည် ရုပ်ဝတ္ထုအားဖြင့် "ပြင်ပလောက"နှင့် ဆက်စပ်မှုမရှိခြင်းသည်၊ ကျွန်ုပ်တို့နိုးနေသည့်အခါတွေ့ကြုံနေရသည့် "ပြင်ပလောက"ထဲမှဘဝအတွေ့အကြုံများအားလုံးသည်လည်း၊ အာရုံခံစားချက်များ (perception)များသာလျှင်ဖြစ်ကြောင်းကို ထင်ရှားစွာညွှန်ပြလျက်ရှိနေပေသည်။

ရုပ်ဝါဒကိုသဲသဲမဲမဲယုံကြည်လက်ခံထားသူများ၊ အထူးသဖြင့် **မားက့်စ်ဝါဒီ**တို့ကို၊ ဒြပ်ဝတ္ထုပစ္စည်းနှင့် ပတ်သက်၍ ဤအမှန်တရားကို ပြောပြသောအခါ အပြင်းအထန်ဒေါသထွက်ကြလေသည်။ **မားက့်စ်၊ အင်ဂျဲလ်၊ လီနင်**တို့၏ သာမန်ကာလျံကာလေးနက်မှုကင်းမဲ့သောအပေါ်ယံကျိုးကြောင်းပြချက်များကို ကိုးကား၍ စိတ်လိုက်မာန်ပါကျေငြာတုံ့ပြန်ကြလေသည်။

## အိပ်မက်ထဲမှကမ္ဘာ

သင့်အတွက်၊ အသင့်လက်ဖြင့်ထိတွေ့နိုင်သည့်အရာ၊ မျက်စိဖြင့်တွေ့မြင်နိုင်သည့်အရာတို့သည် အမှန်တရားဖြစ်ပေသည်၊ အသင့်အိပ်မက်ထဲမှာလည်း "အသင့်လက်ဖြင့်ထိတွေ့နိုင်ပေသည်၊ အသင့်မျက်စိဖြင့်လည်း မြင်နိုင်ပေသည်၊" သို့သော်လည်း အမှန်စင်စစ် အသင့်လက်ဖြင့်လည်းမထိတွေ့ခဲ့ချေ၊ အသင့်မျက်စိဖြင့်လည်း မတွေ့မြင်ခဲ့ချေ၊ အသင် ထိတွေ့ခဲ့သောအရာများ၊ အသင်တွေ့မြင်ခဲ့သောအရာများသည်လည်း လုံးဝ မရှိခဲ့ချေ၊ အသင်၏ဦးနှောက်တွင်း၌ တွေ့မြင်ခံစားခဲ့ရခြင်းမှလွဲ၍ ရုပ်ဝတ္ထုပစ္စည်းဟူ၍အမှန်စင်စစ် မရှိခဲ့ချေ၊ အသင်သည် လှည့်စားခြင်းခံရသည်သာ ဖြစ်ပေသည်၊

အိပ်မက်ကမ္ဘာနှင့် အသင်၏ဘဝအစစ်တို့သည် မည်သည့်အရာ၌ ခြားနားနေပါသနည်း၊ ထိုအဖြစ်အပျက်နှစ်မျိုးစလုံးသည် အသင်၏ဦးနှောက်ထဲ၌သာ ဖြစ်ပျက်ခံစားခြင်းသာဖြစ်ပေသည်၊ အကယ်၍ အသင်သည် အိပ်မက်ကမ္ဘာတွင်း၌ သက်တောင့်သက်သာနေနိုင်ပါက အသင်နိုးနေသောကမ္ဘာတွင်လည်း ထိုကဲ့သို့ပင် သက်တောင့်သက်သာ နေနိုင်မည်သာ ဖြစ်၏၊ ကျွန်ုပ်တို့အိပ်မက်မှနိုးလာသောအခါ၊ ကျွန်ုပ်တို့သည် "ဘဝအစစ်အမှန်"ဟုခေါ်သော အလွန်ရှည်လျားသောအိပ်မက်ကမ္ဘာထဲသို့ ရောက်နေကြသည်ဟု တွေးတောရခြင်းသည်လည်း ကျိုးကြောင်းဆီလျော်ယုတ္တိရှိပေသည်၊ အိပ်မက်ကို စိတ်ကူးယဉ်အဖြစ်သာထား၍ ကမ္ဘာလောကကိုမူ "အစစ်အမှန်"အဖြစ်ယူဆခြင်းမှာ ကျွန်ုပ်တို့၏ အမူအကျင့်နှင့် တစ်ယူသန်မှုတို့ကြောင့်သာလျှင်ဖြစ်ပေသည်၊ ထို့ကြောင့် ကျွန်ုပ်တို့နေထိုင်နေကြသည်ဟု ယူဆနေကြသော ကမ္ဘာမြေကြီးပေါ်ရှိဘဝမှ၊ အိပ်မက်မှနိုးလာသကဲ့သို့ပင် နိုးလာကြလိမ့်ဦးမည်ဟု အကြံပြုလျက်ရှိနေပေသည်၊



ထိုသူတို့သည် ယင်းချေပချက်များကို သူတို့၏ အိပ်မက်ထဲမှာလည်း ထုတ်ဖေါ်နိုင်ကြကြောင်း သတိရသင့်ပေသည်။ သူတို့၏ အိပ်မက်ထဲတွင် *"Das Kapital"* ကိုလည်းဖတ်နိုင်ကြပေသည်။ အစည်းအဝေးများတွင်လည်း ပါဝင်ဆွေးနွေးနိုင်ကြပေသည်။ ပုလိပ်ရဲများနှင့်လည်း တိုက်ခိုက်ရင်းဦးခေါင်းတွင်အရိုက်ခံရသဖြင့် နာကျင်ခြင်းကိုလည်း ခံစားနိုင်ကြပေသည်။ သူတို့၏ အိပ်မက်အတွင်း၌ ထို "ရုပ်ဝတ္ထုပစ္စည်း" များသည်လည်း၊ သူတို့နိုးနေသောအခါ၌ တွေ့မြင်ထိတွေ့နေသည့် "ရုပ်ဝတ္ထုပစ္စည်း" အရာခပ်သိမ်းကို အစစ်အမှန်ဖြစ်သည်ဟုထင်သကဲ့သို့ပင် ထင်ကြမည်သာ ဖြစ်၏။

### အာရုံကြောများကို လျှပ်စစ်အပြိုင်တန်းဆက်သွယ်သကဲ့သို့ ဆက်သွယ်ပေးခြင်းဥပမာ
### The Example of Connecting the Nerves in Parallel

ပိုလစ်ဇာပေးသော ဘတ်စ်ကားတိုက်ခံရသည့်ဥပမာကို တစ်ကြော့ပြန်ကောက်ကြပါစို့။ ပိုလစ်ဇာက ထိုဥပမာတွင် လူတစ်ယောက်က ဘတ်စ်ကားတိုက်ခံရသည့်အကြောင်းကိုဖေါ်ပြထားပေသည်။ အကယ်၍ ထိုကားတိုက်ခံရသူ၏ ဦးနှောက်သို့ဆက်သွယ်လျက်ရှိသောအာရုံငါးပါးရှိ အာရုံကြောများကို ကားတိုက်ခံရသည့်အချိန်သမယတွင် အခြားသူတစ်ဦးတစ်ယောက် –ဥပမာ ပိုလစ်ဇာကိုယ်တိုင်–၏ဦးနှောက်နှင့် ဆက်သွယ်ပေးလိုက်ခဲ့မည်ဆိုပါက၊ ထိုအချိန်တွင် ပိုလစ်ဇာက အိမ်တွင် ထိုင်နေခဲ့သည်ပင်ဖြစ်စေကာမူ၊ ကားတိုက်သည်ကို ခံစားရမည်သာဖြစ်ပေသည်။ ထိုကားတိုက်ခံရသူခံစားရသော နာကျင်မှုအားလုံးကို ပိုလစ်ဇာကိုယ်တိုင်ကလည်း ခံစားရလိမ့်မည်။ တိပ်ရီကော်ဒါစက်တစ်ခုတည်းမှနေ၍ သီချင်းသံတစ်ခုတည်းကို အသံချဲ့စက်နှစ်ခုမှ နားဆင်ရသကဲ့သို့ ဖြစ်ပေလိမ့်မည်။ ပိုလစ်ဇာအနေဖြင့်၊ ဘတ်စ်ကား ဘရိတ်နင်းသံ၊ သူ၏ကိုယ်ခန္ဓာကို ဝင်ဆောင့်သည့်အား၊ သူ၏လက်မောင်း ခြေထောက်များ ကျိုးသွားခြင်း၊ သွေးများယိုစီးထွက်လာခြင်း၊ အရိုးများကွဲအက်ကျေမွသွားခြင်း၊ ခွဲစိပ်ကုသခန်းသို့သယ်ဆောင်သွားခံရခြင်း၊ ပလပ်စတာစည်းပေးခြင်းခံရခြင်း၊ လက်မောင်းများ ကျင်နေခြင်း၊ စသည်တို့အားလုံးကို ခံစားတွေ့မြင်ရမည်သာဖြစ်၏။

အခြားမည်သည့်ပုဂ္ဂိုလ်တစ်ဦးဦး၏အာရုံကြောများကိုလည်း ထိုကဲ့သို့အပြိုင်တန်းဆက်သွယ်ပေးပါက ထိုသူသည်လည်း ပိုလစ်ဇာခံစားရသကဲ့သို့ ကားတိုက်သည့်ခံစားချက်များကို ထပ်တူထပ်မျှ ခံစားရမည်သာဖြစ်ပေသည်။ ကားတိုက်ခံရသူ မေ့မြောသွားပါက သူတို့အားလုံးသည်လည်း မေ့မြောသွားကြလိမ့်မည်။ ထိုကားတိုက်ခြင်းအဖြစ်အပျက်မှ လျှပ်စစ်အချက်ပြလှိုင်းများကို တစ်နည်းနည်းဖြင့် (ဥပမာ တိပ်ခွေ၊ စီဒီစသည်ဖြင့်)ကူးယူထားနိုင်ပါက ထိုကူးယူထားသောအချက်ပြလှိုင်းများကို ၎င်းတို့၏အာရုံကြောတို့နှင့် အကြိမ်ကြိမ်ဆက်သွယ်ပေးပါက ထိုသူတို့သည် ကားတိုက်ခြင်းကို အကြိမ်ကြိမ်ခံစားကြရလိမ့်မည်။

ထို့ကြောင့် မည်သည့်ဘတ်စကားက ထိုသူတို့ကို အမှန်တကယ်ဝင်တိုက်ပါသနည်း။ ဤမေးခွန်းကို ရုပ်ဝါဒီတို့က လုံလောက်သည့်အဖြေမပေးနိုင်ကြချေ။ အဖြေမှန်မှာ သူတို့အားလုံးသည် ကားတိုက်ခြင်းကို တစ်ဦးချင်းအသေးစိပ်ထပ်တူထပ်မျှခံစားကြရပေသည်။

ကိတ်မုန့်စားခြင်းနှင့်၊ ကျောက်တုံးကိုပိတ်ကန်ခြင်းဥပမာများတွင်လည်း ဤနည်းအတိုင်းပင်ဖြစ်နိုင်ပေသည်။ အင်ဂျဲလ်က ကိတ်မုန့်စားနေစဉ် သူ၏အာရုံကြောများကို အခြားသူတစ်ဦး၏ဦးနှောက်နှင့် ဆက်သွယ်ပေးလိုက်ပါက အင်ဂျဲလ် ဗိုက်ဝသွားသကဲ့သို့ ထိုပုဂ္ဂိုလ်သည်လည်း ဗိုက်ဝသွားမည်သာဖြစ်ပေသည်။ ဂျွန်ဆန်၏အာရုံကြောများကို အခြားသူတစ်ဦး၏ ဦးနှောက်နှင့် ဆက်သွယ်ပေးလိုက်ပါက ထိုသူသည်လည်း ဂျွန်ဆန် ကျောက်တုံးကိုပိတ်ကန်စဉ်က နာကျင်သည့်ခံစားချက်အတိုင်း ခံစားမည်သာဖြစ်ပေသည်။ ရုပ်ဝါဒီတို့ ပါးရိုက်ခံရစဉ်က ၎င်းတို့၏ အာရုံကြောများကို အခြားသူတစ်ဦးဦး၏ ဦးနှောက်နှင့် ဆက်သွယ်ပေးပါက ထိုသူသည်လည်း ပါးရိုက်ခံရသည်ကို ခံစားရမည်သာဖြစ်ပေသည်။

ထို့ကြောင့် မည်သည့်ကိတ်မုန့်နှင့် မည်သည့်ကျောက်တုံးက အစစ်အမှန်ဖြစ်ပါသနည်း။ ရုပ်ဝါဒီတို့က ဤမေးခွန်းကိုလည်း ကျိုးကြောင်းဆီလျော်သည့် အဖြေမပေးနိုင်ကြချေ။ အဖြေမှန်မှာ ဤသို့ဖြစ်ပါသည် – အင်ဂျဲလ်နှင့် ဒုတိယလူနှစ်ဦးစလုံးသည် ကိတ်မုန့်ကို မိမိတို့၏ စိတ်တွင်း၌စားနေခဲ့ကြ

၍ ဝလင်ခဲ့ကြ၏။ ဂျွန်ဆန်နှင့်ဒုတိယလူသည်လည်း ကျောက်တုံးကိုကန်သည့်နာကျင်မှုကို စိတ်တွင်း၌ ပြိုင်တူခံစားခဲ့ကြ၏။

ပိုလစ်ဇာပေးသောဥပမာကို တဖန်ပြောင်းပြန်လှန်ကြည့်ကြပါစို့။ အကယ်၍ ပိုလစ်ဇာ၏အာရုံကြောများကို ကားတိုက်ခံရသူ၏ဦးနှောက်နှင့် အပြိုင်တန်းဆက်သွယ်ပေးလိုက်ပါက၊ ထိုသူသည် ကားတိုက်ခံရသော်လည်း ပိုလစ်ဇာကဲ့သို့ပင် အိမ်တွင်ထိုင်နေသည်ဟု ခံစားထင်မှတ်နေပေလိမ့်မည်။ ကိတ်မုန့်နှင့် ကျောက်တုံးဥပမာတွင်လည်း ထိုနည်းအတိုင်းသာလျှင်ဖြစ်ပေသည်။ အကယ်၍ ပိုလစ်ဇာ၏ အာရုံကြောကို ကားတိုက်ခံရသူ၏ဦးနှောက်နှင့်ဆက်သွယ်ပေးထားစဉ်၊ တစ်ချိန်တည်းတွင် ကားတိုက်ခံရသူ၏ အာရုံကြောကို ပိုလစ်ဇာ၏ဦးနှောက်နှင့် ဆက်သွယ်ထားပါက၊ ပိုလစ်ဇာသည် အိမ်ပေါ်တွင်ထိုင်နေလင့်ကစား ကားတိုက်ခံရသည်ဟုခံစားရပြီး၊ ဒုတိယလူမှာမူ ကားတိုက်ခံရသော်လည်း အိမ်ပေါ်တွင် ထိုင်နေသည်ဟု ခံစားရလိမ့်မည်။

ဤဥပမာများအရ၊ လူသားတို့၏ ကိုယ်ခန္ဓာသည် အာရုံငါးပါးတို့မှ ကျော်လွန်နိုင်ခြင်း ဖြတ်တောက်ကင်းကွာနိုင်ခြင်း မရကြောင်းကို ပြဆိုလျက်ရှိပေသည်။ သို့သော်လည်း လူတို့၏ ဝိညာဉ်မှာမူကား ခန္ဓာကိုယ်ရုပ်ပိုင်းမရှိလင့်ကစား၊ အမှန်တကယ်ရုပ်ဝတ္ထုအဖြစ်တည်ရှိခြင်း၊ ရုပ်ဝတ္ထုအလေးချိန် စသည်တို့မရှိသော်လည်း သိမြင်မှုအမျိုးမျိုး ရှိနိုင်ပေသည်။ လူတစ်ဦးအနေဖြင့် ယင်းအဖြစ်အပျက်အမှန်တရားကို ကွင်းကွင်းကွက်ကွက်သိနိုင်ရန်ခက်ခဲပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် လူတိုင်းသည် အာရုံကြောများမှတဆင့် ဦးနှောက်သို့သယ်ယူပို့ဆောင်ပေးသော သုံးဘက်တန်ပုံရိပ်များအပေါ်တွင်သာ မှုတည်နေကြရသောကြောင့်ဖြစ်ပေသည်။

အလွန်ကျော်ကြားသော ဗြိတိသျှအတွေးအခေါ်ရှင် ဒေးဗစ်ဟူးမ်က ဤကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ထုတ်ဖော်ခဲ့ပေသည်။

> ပွင့်ပွင့်လင်းလင်းပြောမည်ဆိုလျှင်၊ ကျွန်ုပ်၏ကိုယ်ကို "ကျွန်ုပ်"ဟု ခေါ်သောအပိုင်းတွင်ထား၍ကြည့်ရာ၊ ပူခြင်းနှင့်ဧမြခြင်း၊ အလင်းနှင့်အမှောင်၊ ချစ်ခြင်းနှင့်မုန်းတီးခြင်း၊ ချဉ်ခြင်းနှင့်ချိုခြင်း၊ စသည့်အာရုံများကို သိမြင်ခံစားရပေသည်။ သို့သော်လည်း ထိုသိမြင်မှုများမရှိပါက၊ ကျွန်ုပ်ကိုယ်တိုင်က မည်သည့်အချိန်ဟူ၍တိကျစွာမသိနိုင်ဘဲ၊ အသိကလွဲ၍ အခြားမည်သည့်အရာကိုမျှမှတ်သားနိုင်ခြင်းမရှိချေ။[၃၇]

## ဦးနှောက်တွင်း၌ ဖြစ်ပေါ်သောသိမြင်ခံစားခြင်းသည် အတွေးအခေါ်တစ်ခုမဟုတ်၊ သိပ္ပံနည်းကျဖြစ်သောအချက်ဖြစ်၏

## The Formation of Perceptions in the Brain is not Philosophy but Scientific Fact

ကျွန်ုပ်တို့ဆိုခဲ့သည့် "ပြင်ပလောက"ဟူသည် ကျွန်ုပ်တို့ထင်မြင်သိမြင်ခြင်းတို့၏အစုအဝေးများသာလျှင် ဖြစ်သည်ဟူသောအချက်သည်၊ အတွေးအခေါ်တစ်ခုသာဖြစ်သည်ဟု ရုပ်ဝါဒီတို့က ဆိုကြပေသည်။ အမှန်စင်စစ်အတွေးအခေါ်တစ်ခုမဟုတ်ပါ။ ထင်ရှားသောသိပ္ပံပညာရပ်အရဖြစ်သည်။ ဦးနှောက်တွင်း၌ ပုံရိပ်မည်သို့ဖြစ်ပေါ်သည်၊ ခံစားသိမြင်မှုမည်သို့ဖြစ်ပေါ်သည် စသည်တို့ကို နေ့စဉ်နှင့်အမျှ ဆေးသိပ္ပံတွင် အသေးစိတ်သင်ကြားပို့ချလျက်ရှိသောအချက်များဖြစ်ပေသည်။ နှစ်ဆယ်ရာစုသိပ္ပံပညာ၊ အထူးသဖြင့် ရူပဗေဒဘာသာရပ်မှ သက်သေထူထားသောအချက်များအရ၊ ဒြပ်ဝတ္ထုပစ္စည်းဟူသည် အမှန်တကယ်မရှိပေ။ ဆိုလိုရင်းမှာ လူတိုင်းသည် "ဦးနှောက်တွင်းမှ ထိန်းကျောင်းမှု"ကိုသာလျှင် ကြည့်ရှုနေကြပေသည်။

မိစ္ဆာဒိဋ္ဌိဖြစ်စေ၊ ခရစ်ယာန်ဘာသာဝင်ဖြစ်စေ၊ အစ္စလာမ်ဘာသာဝင်ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်ဖြစ်စေ၊ အခြားမည်သည့်အယူဝါဒကိုလက်ခံယုံကြည်သူဘဲဖြစ်စေ၊ သိပ္ပံပညာကို ယုံကြည်လက်ခံသူဖြစ်ပါက၊ ဤအချက်ကို လက်ခံရမည်သာဖြစ်ပေသည်။ ရုပ်ဝါဒီတစ်ဦးသည်၊ ဖန်ဆင်းခြင်းကို ငြင်းပယ်သော်လည်း၊ ဤသိပ္ပံနည်းကျသောအချက် အမှန်တရားကိုမူ ငြင်းပယ်နိုင်မည်မဟုတ်ပေ။

ကားလ်မားက္စ်၊ ဖရက်ဒရစ်အင်ဂျဲလ်၊ ဂျော့ပိုလစ်ဇာတို့နှင့်အတူ၊ အခြားသောရုပ်ဝါဒီတို့က ဤအချက်ကို သတိမရ မသိရှိခဲ့ကြခြင်းမှာ အံ့သြဖွယ်ကောင်းသောအချက်တစ်ချက်ဖြစ်ပေသည်။ သူ

တို့၏ခေတ်သိပ္ပံပညာအတိုင်းအတာ အဆင့်မမှီမလုံလောက်ခဲ့သောကြောင့်လည်းဖြစ်နိုင်ပေသည်။ ကျွန်ုပ်တို့၏ခေတ်တွင်မူ၊ သိပ္ပံပညာလေ့လာတွေ့ရှိချက်များနှင့် တက်နိုလိုဂျီနည်းပညာများသည် အလွန်ပင်အဆင့်မြင့်နေပြီဖြစ်သောကြောင့်၊ ဤအချက်ကို အလွယ်တကူပင်သဘောပေါက်နိုင်ကြပေပြီ။ ရုပ်ဝါဒီများကမူ ဤအချက်ကို တစ်ပိုင်းတစ်စမျှလောက်ပင် လက်ခံသဘောပေါက်ရန် ကြောက်ရွံ့နေကြသည့်အပြင်၊ ဤအချက်က သူတို့၏အတွေးအခေါ်ကို အဆုံးစီရင်သုတ်သင်ရှင်းလင်းဖျောက်ဖျက်ပစ်လိုက်တော့မည့်အရေးကို တွေးတောသတိရကြ၍ ကြောက်လန့်တုန်လှုပ်နေကြပေသည်။

## ရုပ်ဝါဒီတို့၏ တုန်လှုပ်ခြောက်ခြားမှု
## The Great Fear of the Materialists

ဒြပ်ဝတ္ထုပစ္စည်းဟူသည် သိမြင်ခြင်းသို့မဟုတ်အသိတရား၌သာရှိသည်ဟု ဤစာအုပ်တွင် တင်ပြထားသောအချက်နှင့်ပတ်သက်၍ တူရကီနိုင်ငံရှိ ရုပ်ဝါဒီများထံမှ အခိုက်အတန့်အားဖြင့် မည်သို့မျှ တန်ပြန်ခြင်းမပြုခဲ့ကြချေ။ ထို့ကြောင့် ကျွန်ုပ်တို့၏တင်ပြချက်ကောင်းစွာမရှင်းလင်းသောကြောင့် ဖြစ်ပေလိမ့်မည်ဟု ထင်မှတ်ခဲ့ပေသည်။ သို့သော်လည်း မကြာမီအတွင်း ရုပ်ဝါဒီတို့သည် ဤအချက်အလက်များကို လူသိများလာပြီး ရေပန်းစားလာကြသည်ကို အတော်အတန်မအီမသာဖြစ်နေကြပြီး ထိတ်လန့်ခြောက်ခြားနေကြပြီဖြစ်ကြောင်း ပေါ်လွင်လာတော့သည်။

အချိန်အတန်ကြာအထိ ရုပ်ဝါဒီတို့က သူတို့၏ထိတ်လန့်မှုများကို စာစောင်များ၊ ကွန်ဖရင့်အစည်းအဝေးနှင့် ဆွေးနွေးပွဲများတွင် ကျယ်လောင်စွာဟစ်အော်ဖေါ်ထုတ်ကြလေသည်။ သူတို့၏ မျှော်လင့်ချက်ကင်းသည့် လှုံ့ဆော်ဟောပြောချက်များသည်၊ အတွေးအခေါ်အရ အကြီးအကျယ်ထိခိုက်နေကြကြောင်းကို ဖေါ်ပြလျက်ရှိပေသည်။ သူတို့၏ အတွေးအခေါ်အခြေခံအုတ်မြစ်ဖြစ်သော အီဗိုလူးရှင်းသီအိုရီသည် သိပ္ပံပညာလောကမှ ပျက်သုဉ်းသွားသဖြင့် အလွန်အမင်းစိတ်ဓါတ်ခြောက်ခြားနေကြလေပြီ။ ယခုတဖန် ဒါဝင်၏သီအိုရီထက် ပို၍အရေးကြီးသည့်ဒြပ်ဝတ္ထုပစ္စည်းကိုပင် လက်လွှတ်ကြရတော့မည့်အရေးကြောင့် ပို၍ပင်တုန်လှုပ်ခြောက်ခြားကြလေသည်။ ဤကိစ္စသည် သူတို့အတွက် "အကြီးကျယ်ဆုံးသောခြိမ်းခြောက်မှု"ဖြစ်၍၊ သူတို့၏"ယဉ်ကျေးမှုဆက်နွယ်မှု"(cultural fabric) တစ်ခုလုံးကို ဖျက်ဆီးပစ်သည်ဟု ခံစားနေကြပေသည်။

ရုပ်ဝါဒကို အကာအကွယ်ပေးရန် ထုတ်ဝေသည့်"သိပ္ပံနှင့်လောကနိဗ္ဗာန်"(*Bilim ve Utopia* - Science and Utopia)အမည်ရှိစာစောင်တွင် အမြဲတစေဆောင်းပါးများရေးသားလေ့ရှိသည့်၊ ပညာရှင်တစ်ဦးဖြစ်သူ ပါမောက္ခရီနန်ပီကွန်လူ(Renan Pekunlu)က ဤကိစ္စနှင့်ပတ်သက်၍ ဗြောင်ကျကျပင် တိုက်ခိုက်ပြောဆိုခဲ့လေသည်။ *Bilim ve Utopia* ၌လည်းကောင်း၊ သူတက်ရောက်သောနှီးနှောဖလှယ်ပွဲဆွေးနွေးပွဲများ၌လည်းကောင်း၊ ဟာရွန်ယဟ်ယာ၏ "အီဗိုလူးရှင်း၏လိမ်လည်မှုများ" *(Evolution Deceit)* ခေါ်စာအုပ်သည် ရုပ်ဝါဒအတွက် နံပါတ်တစ် အန္တရာယ်အများဆုံးပေးနိုင်သောစာအုပ်ဖြစ်သည်ဟု တင်ပြလေ့ရှိပေသည်။ ပီကွန်လူက "စိတ်ကူးယဉ်အတွေးအမြင်တို့က နားသွင်းတာတွေကို နားယောင်သွားတာမျိုးမဖြစ်စေနဲ့။ ရုပ်ဝါဒမှာ စွဲစွဲမြဲမြဲယုံကြည်မှုရှိကြပါ။"ဟု သူ၏စာဖတ်သူပရိသတ်နှင့် ဆွေးနွေးပွဲတက်ရောက်သူအနည်းငယ်တို့ကို နားချလေ့ရှိလေသည်။ ရုရှားနိုင်ငံတွင် လူ့အသက်အမြောက်အများဆုံးရှုံးစေသည့် ကွန်မြူနစ်တော်လှန်ရေးကို ဦးဆောင်ခဲ့သူ *Materialism and Empirio-Criticism* မည်သောစာအုပ်တွင် ရေးသားခဲ့သည့် ဗလာဒီ မီရ် အိုင်လီနင် ၏ဩဝါဒကိုလည်း သူကအကြိမ်ကြိမ်အဖန်ဖန်ကိုးကားလေ့ရှိ၏။ "ဒီအကြောင်းနဲ့ပတ်သက်ပြီး တွေးမနေကြပါနဲ့။ ဘာသာအယူဝါဒများက ရုပ်ဝါဒလမ်းစဉ်ကနေ လမ်းလွဲသွားစေလိမ့်မယ်။" ဟု ဩဝါဒပေးလေ့ရှိသည်။ သူရေးသားသောဆောင်းပါးတွင်၊ လီနင်၏စာအုပ်မှ အောက်ပါအပိုဒ်ကို ကိုးကားထားသည်ကိုတွေ့ရှိရပေသည်။

> ကျွန်ုပ်တို့၏ အတွေ့အထိအာရုံ၌ဖြစ်ပေါ်သော ဓမ္မဒိဋ္ဌာန်ကျသည့်အမှန်တရားကိုငြင်းပယ်လိုက်သည်နှင့် တပြိုင်တည်း၊ အသင်သည် ပုဂ္ဂလိကဒိဋ္ဌာန်ကျသည့် ခံစားမှုအပေါ်သာလျှင်အခြေခံသည့် သံသယရှိခြင်းတွင် မျောပါသွားသဖြင့်၊ ဉာဏ်ပညာအမြော်အမြင်သည် ဘာသာတရားတွင်ယုံကြည်မှုအပေါ် မူတည်သည်ဟူသောအယူအဆကိုဆန့်ကျင်မည့်လက်နက်မှန်သမျှကို လက်လွှတ်လိုက်လေပြီ။ **လက်သည်းတစ်ခုတည်းမှာ မိသွားသည်နှင့်တပြိုင်တည်း၊ ငှက်ကလေးကသေသွားတော့သည်။** အတွေ့အထိအာရုံကို ပြင်

ပလောက၏ထင်ဟပ်မှုအဖြစ်မယူဆတော့ဘဲ၊ သီးသန့်ဖြစ်သောအချင်းအရာအဖြစ် ယူဆလိုက်သည်နှင့် တပြိုင်တည်း၊ ကျွန်ုပ်တို့၏ဆရာသမား အာန်းမာက်၏နောက်လိုက်သားများကို ထောင်ချောက်တစ်ခု တည်းတွင် အမိဖမ်းလိုက်သဖြင့်၊ ဘာသာအယူဝါဒများတွင် စိမ့်ဝင်သွားပေလိမ့်မည်။[၃၈]

ဤစကားလုံးများကပင်၊ လီနင်ကိုယ်တိုင်ကလည်း ယန္တရားဇာတ်ရုပ်ဝါဒီများစိုးရိမ်မကင်းဖြစ်ကြသကဲ့သို့ ပင် သူ၏ရဲဘော်များ၏စိတ်နှလုံးသားအတွင်းရှိ သံသယများကို ဖယ်ရှားလိုခဲ့ကြောင်း ဖော်ပြလျက် ရှိနေပေသည်။ သို့သော်လည်း ပီကွန်လူနှင့် သူ၏ယောင်းရင်းရဲဘော်တို့က ပို၍စိတ်ဒုက္ခရောက်ကြ ပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ဤအချက်နှင့်ပတ်သက်၍ ယနေ့အချိန်တွင် လွန်ခဲ့သည့်နှစ်၁၀၀ လောက်တုန်းကထက် ပိုမိုရှင်းလင်းပြတ်သားခိုင်လုံစွာ တင်ပြနိုင်ခြင်းကြောင့်ဖြစ်ပေသည်။ လူ့သ မိုင်းတွင် ဤအကြိမ်သည် ပထမဆုံးအကြိမ်အဖြစ် မည်သူကမျှငြင်းဆန်နိုင်ခြင်းမရှိသောနည်းဖြင့် ရှင်းပြနိုင်ခြင်းဖြစ်ပေသည်။


တူရကီအမျိုးသား ရုပ်ဝါဒစာရေးဆရာ ရီနန်ပီကွန်လူက "ဒါဝင်ဝါဒ ရှင်းသွား ဒါဝင်ဝါဒက သိပ်အရေးမကြီးဘူး၊ ဒီကိစ္စကအန္တရာယ်အပေးနိုင်ဆုံးဖြစ်တယ်" ဟုပြော၏။ သူယုံကြည်သည့် ဒြပ်ပစ္စည်းအယူအဆကို ပယ်ဖျက်ပစ်ပြီး ဖြစ်ကြောင်း ၎င်းကကောင်းကောင်း သဘောပေါက်ပေသည်။

သို့သော်လည်း၊ ရုပ်ဝါဒီအမြောက်အများတို့သည် “ဒြပ်ပစ္စည်းသည်တံလှပ်သာလျှင်ဖြစ်သည်”ဟူသောအဆိုကို ပေါ့ပေါ့တန်တန်အပေါ်ယံဘန်းသာ ယူဆကြပေသည်။ **အမှန်စင်စစ် ဤအခန်း၌ ဖော်ပြထားသောအချက်တို့သည်၊ လူ့တသက်တာလုံးတွင် မကြားဘူး မကြုံဘူးသောသောအချက်များဖြစ်ပေသည်။** သူတို့အတွက်လည်း ဤမျှအရေးကြီးသောအချက်များနှင့် ကြုံတွေ့ရမည့်အခွင့်အရေးလည်း မရှိခဲ့ကြပေ။ သို့သော်လည်း သူတို့၏ဆောင်းပါးများနှင့် မိန့်ခွန်းများအရ ဤအကြောင်းရပ်ကို သဘောပေါက်ခြင်း တိမ်နေသေးကြောင်း ထင်ရှားနေပေသည်။

ဤအကြောင်းရပ်နှင့်ပတ်သက်၍ ရုပ်ဝါဒီအချို့၏တန်ပြန်ပြောဆိုဆွေးနွေးချက်များကို လေ့လာကြည့်ခြင်းဖြင့်၊ ရုပ်ဝါဒကို မျက်စိမှိတ်တွယ်ကပ်ယုံကြည်နေကြခြင်းက သူတို့၏ ကျိုးကြောင်းဆင်ခြင်ခြင်းကို အန္တရာယ်ပေးနေကြောင်း တွေ့ရှိရပေသည်။ ထို့ကြောင့် ဤအကြောင်းရပ်ကို ရှင်းလင်းစွာသဘောပေါက်နိုင်ရန် သူတို့အတွက် ခက်ခဲနေပေသည်။ ရီနန်ပီကွန်လူကဲ့သို့ ဘီလင်မ်ဇေ ယူတိုပီယာစာစောင်တွင် အမြဲတစေဆောင်းပါးများ ရေးသားလျက်ရှိပြီး အသိပညာရှင်တစ်ဦးလည်းဖြစ်သူ အလာတင် ဆီနဲလ်ကလည်း၊ **“ဒါဝင်ဝါဒ ပျက်သွားတာကိုတော့ မေ့ထားလိုက်ပါ။ ဒီအကြောင်းက တကယ်တန်း အန္တရာယ်အကြီးဆုံးဖြစ်နေတယ်”**ဟု ပြောလေသည်။ သူပြောလေ့ရှိသော “သင်ပြောသမျှကို သက်သေထူနိုင်ရမယ်”ဟူသော စကားအရ၊ သူ၏အတွေးအခေါ်သည် အခြေအမြစ်မရှိကြောင်းကို သတိရပြီဖြစ်ကြောင်း ဖော်ပြလျက်ရှိပေသည်။ ထို့ထက်ပိုသည့်အချက်တစ်ခုမှာ၊ ထိုစာရေးဆရာသည် ဤအကြောင်းရပ်ကို သူ့အနေဖြင့် မည်သို့မျှ သဘောမပေါက်နိုင်ကြောင်း၊ သက်သက်အနှောက်အယှက်ပေးခြိမ်းခြောက်မှုသာလျှင်ဖြစ်ကြောင်း ရေးသားထားသည်ကို တွေ့ရှိရပေသည်။

ဥပမာ ဆီနဲလ်က ဆောင်းပါးတစ်ပုဒ်တွင် ဤကိစ္စနှင့်သက်ဆိုင်၍သက်သက်ဆွေးထားသည်ကိုတွေ့ ရှိရပေသည်။ ထိုဆောင်းပါးတွင်၊ ပြင်ပလောကကို သူ၏ဦးနှောက်ထဲတွင် သိမြင်ခံစားရခြင်းဖြစ်ကြောင်းဝန်ခံထား၏။ သို့သော်လည်း ထိုသိမြင်ခံစားရသောပုံရိပ်များကို နှစ်မျိုးနှစ်စားခွဲခြားနိုင်သည်ဟုဆိုပြန်သည်။ တစ်ခုမှာ ရုပ်ပိုင်းဆိုင်ရာနှင့်တိုက်ရိုက်သက်ဆိုင်သောပုံရိပ်များနှင့် ရုပ်ပိုင်းနှင့်မသက်ဆိုင်သောပုံရိပ်များဟူ၍ခွဲခြားနိုင်သည်ဟုဆိုသည်။ ဤအဆိုအတွက် အထောက်အကူအဖြစ် “တယ်လီဖုန်းစကားပြောခြင်း”ဥပမာပေးလေသည်။ အတိုချုံး၍ပြောပါက “ကျွန်ုပ်၏ဦးနှောက်တွင် ဖြစ်ပေါ်ခံစားရသောပုံရိပ်များသည်၊ ပြင်ပလောကနှင့်တိုက်ရိုက်သက်ဆိုင်ခြင်းရှိမရှိကို ကျွန်ုပ်မသိနိုင်ပါ။ သို့သော်လည်း ယင်းကိစ္စကိုတယ်လီဖုန်းပြောသောဥပမာဖြင့်ပြနိုင်ပါသည်။ ကျွန်ုပ်တယ်လီဖုန်းပြောစဉ်က ကျွန်ုပ်နှင့်စကားပြောနေသောပုဂ္ဂိုလ်ကို ကျွန်ုပ်မတွေ့ရပါ။ သို့သော်လည်း ထိုပြောဆိုချက်များကို ထိုသူနှင့် မျက်နှာချင်းဆိုင်တွေ့သောအခါ အတည်ပြုနိုင်ပါသည်။”[၃၉] ဟု ဆို၏။

ဤသို့ဆိုခြင်းမှာ၊ ထိုစာရေးသူအနေဖြင့် "အကယ်၍ ကျွန်ုပ်တို့က သံသယရှိလျှင် အမှန်တရားကို လက်တွေ့ကိုယ်တွေ့စစ်ဆေးခြင်းဖြင့် အတည်ပြုနိုင်သည်" ဟု ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အသိသည် ပြင်ပရှိဒြပ်ဝတ္ထုပစ္စည်းသို့ မရောက်နိုင်သောကြောင့် ဤယူဆချက်မှာမှားယွင်းသော ယူဆချက်သာလျှင်ဖြစ်ပေသည်။ **ထိုအသိကိုလက်ခံရရှိသော "ငါ" ဟူသည့် စိတ်တွင်းမှ "ပြင်ပ" သို့ ထွက်လာနိုင်ခြင်းမရှိချေ။** တယ်လီဖုန်းတွင်စကားပြောသံနှင့် ထိုသူဖြစ်ကြောင်းတိုက်ရိုက်တွေ့ဆုံအတည်ပြုခြင်းမပြုနိုင်ချေ။ ထိုတွေ့ဆုံခြင်းကလည်း စိတ်တွင်း၌ခံစားရသော အသိသာလျှင်ဖြစ်ပေသည်။

ထိုပုဂ္ဂိုလ်တို့သည် ယင်းအဖြစ်အပျက်များကို အိပ်မက်တွင်း၌လည်း တွေ့ကြုံနိုင်ကြပေသည်။ ဥပမာ အိပ်မက်ထဲတွင် ဆင်နဲလ်က တစ်ဦးတစ်ယောက်နှင့် တယ်လီဖုန်းစကားပြောခဲ့ပြီးနောက် ထိုပြောဆိုချက်များကို လူကိုယ်တိုင်တွေ့ဆုံ၍ အတည်ပြုပါလိမ့်မည်။ ပီကွန်လူကလည်း အိပ်မက်ထဲတွင် "အကြီးအကျယ်ခြိမ်းခြောက်ခြင်း" ခံရသည်ကိုခံစားရသဖြင့်၊ လူတွေအား သက်တန်းအားဖြင့် နှစ်တစ်ရာခန့်ရှိပြီဖြစ်သော လီနင်၏စာအုပ်ကို ဖတ်ရှုကြရန် အကြံပြုပါလိမ့်မည်။ သို့သော်လည်း ထိုရုပ်ဝါဒီတို့က သူတို့၏အိပ်မက်ထဲတွင် မည်သူတို့နှင့်စကားပြောခဲ့၍ မည်သည့်အရာကိုပြုလုပ်ဆောင်ရွက်ခဲ့ကြသည်ဖြစ်စေ ယင်းလုပ်ဆောင်ချက်များသည် စိတ်တွင်ဖြစ်ပေါ်ခဲ့သော အသိခံစားမှုသာလျှင်ဖြစ်ကြောင်းကိုကား ငြင်းဆိုနိုင်ကြမည်မဟုတ်ပေ။

**ထို့ကြောင့်၊ ဦးနှောက်ထဲတွင်ဖြစ်ပေါ်သော ပုံရိပ်များခံစားချက်များကို အဖြစ်မှန်ဒြပ်ဝတ္ထုပစ္စည်းများနှင့်အပြန်အလှန်အားဖြင့်ဆက်နွယ်မှုရှိသည်ကို မည်သူကအတည်ပြုပါသနည်း။** ဦးနှောက်တွင်းရှိသော အရိပ်အယောင်ကဲ့သို့သောဝေနေယျသက်ရှိအရာပင်လော။ ရုပ်ဝါဒီတို့သည် ဦးနှောက်၏ပြင်ပရှိအကြောင်းရပ်ကိစ္စတို့နှင့်သက်ဆိုင်သည့်အချက်အလက်များကိုဖြစ်ထွန်းစေသောပင်ရင်းဇစ်မြစ်ကို ရှာဖွေတွေ့ရှိနိုင်ကြမည်မဟုတ်ကြောင်း ထင်ရှားနေပေသည်။ မည်သို့မျှသံသယမရှိသင့်တော့ပါ။

သိရှိခြင်းခံစားမှုမှန်သမျှသည် ဦးနှောက်တွင်း၌ဖြစ်ပေါ်ခြင်းသာဖြစ်သည်ကို လက်ခံဝန်ခံပြီးသည့်နောက်၊ ထိုအသိမှ ပြင်ပလောကအစစ်အမှန်သို့ထွက်လာပြီး အတည်ပြုနိုင်သည်ဆိုပါက၊ ထိုသူ၏ဉာဏ်ပညာအစွမ်းသည် အကန့်အသတ်အတွင်း၌သာရှိ၍ မမှန်ကန်ပုံပျက်ပန်းပျက်ဖြစ်နေကြောင်း သာလျှင်အထင်းသား ပေါ်လွင်နေလိမ့်မည်ဖြစ်၏။

ဘက်မလိုက်သူ သာမန်အသိဉာဏ်ရှိသူ မည်သူမဆို ကျွန်ုပ်တို့ပြောဆိုခဲ့သည့် ပြင်ပလောကအမှန်တကယ်ရှိမရှိကို မိမိ၏အာရုံငါးပါးဖြင့် မည်သို့မျှအတည်ပြုစမ်းသပ်နိုင်ခြင်းမရှိကြောင်း၊ နားလည်သဘောပေါက်နိုင်ပေသည်။ သို့သော်လည်း၊ ရုပ်ဝါဒကို မျက်စိမှိတ် စွဲလမ်းနေခြင်းက လူတို့၏ကျိုးကြောင်းဆင်ခြင်ခြင်းအစွမ်းကို ပုံပျက်ပန်းပျက် ဖြစ်စေနေပေသည်။ ထို့ကြောင့်လည်း ယနေ့ပစ္စုပ္ပန်ခေတ်ရှိရုပ်ဝါဒီတို့၏ အမှန်တရားကို ကျိုးကြောင်းဆင်ခြင်ခြင်းအစွမ်းသည် ဖရိုဖရဲပုံပျက်လျက်ရှိကာ သူတို့၏ဆရာသမားများကဲ့သို့ပင် ကျောက်တုံးကို ခြေထောက်ဖြင့်ပိတ်ကန်ခြင်း၊ ကိတ်မုန့်စားပြခြင်း စသည့်ဥပမာမျိုးဖြင့် ဒြပ်ပစ္စည်းအမှန်တကယ်ရှိကြောင်းကို "သက်သေပြ" ရန် ကြိုးစားနေကြဆဲဖြစ်ပေသည်။

ဤအဖြစ် ဤအခြေအနေသည်လည်း၊ ဆန်းပြားသည့်အခြေအနေတော့မဟုတ်ချေ။ နားလည်သဘောပေါက်နိုင်စွမ်းမရှိခြင်းသည်ကပင် မယုံကြည်သူတို့အတွက်ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ **"ထိုသူတို့သည် လုံးဝအသိဉာဏ်ကင်းမဲ့သော လူတစ်စုပင်ဖြစ်သောကြောင့်သာတည်း၊"** (စူရာ အလ်မာအီဒဟ် ၅း၅၈) ဟုမိန့်တော်မူထား၏။

## ရုပ်ဝါဒီတို့သည် သမိုင်း၏ထောင်ချောက်တွင်း၌ မိနေကြလေပြီ
## Materialists Have Fallen into The Trap in History

အထက်တွင်အနည်းငယ်ဖေါ်ပြခဲ့သော တူရကီနိုင်ငံမှ ရုပ်ဝါဒီအသိုင်းအဝိုင်းအတွင်း၌ ပြန့်နှံ့လျက်ရှိသည့်ခြောက်ခြားမှုသွင်ပြင်အခြေအနေသည် ၎င်းတို့မကြုံခဲ့ဘူးသော အပြီးအပိုင်ရှုံးနိမ့်မှုနှင့်ကြုံတွေ့နေကြသည့်အခြေအနေကို ဖေါ်ပြလျက်ရှိပေသည်။ ဒြပ်ဝတ္ထုပစ္စည်းသည် တံလှပ်ကဲ့သို့အာရုံတွင်ခံစားရသောအသိသာလျှင်ဖြစ်ကြောင်းကို ခေတ်သစ်သိပ္ပံပညာက ဇွေ့လည်ခြောင်ပတ် လှည့်ပတ်နေခြင်းမရှိဘဲ ကွင်းကွင်းကွက်ကွက် သက်သေထူလိုက်လေပြီ။ ၎င်းတို့မျက်စိမှိတ်၍တွယ်တာယုံကြည်

ကိုးစားလျက်ရှိသည့် ရုပ်လောကတစ်ခုလုံး ပျိုကွဲပျက်စီးသွားသည့်အဖြစ်ကို လက်ခံအသိအမှတ်ပြုကြရန်သာလျှင် ကျန်ရှိနေတော့သည်။

ရုပ်ဝါဒသည် လူ့သမိုင်းတစ်လျှောက်လုံးတွင် ရှိခဲ့လေသည်။ မိမိကိုယ်နှင့် မိမိတို့၏အတွေးအခေါ်တွင်ယုံကြည်စိတ်ချလျက်ရှိခဲ့ကြရင်း၊ ၎င်းတို့၏ ဖန်ဆင်းရှင်ကို ငြင်းပယ်ပုန်ကန်ခဲ့ကြလေသည်။ ဒြပ်ပစ္စည်းသည် အစမရှိအဆုံးလည်းမရှိသဖြင့် ယင်းကိုဖန်ဆင်းသူလည်းမရှိနိုင် ဟူသည့်အခြေအနေနှင့် အနာဂတ်ပုံစံအဖြစ်မျိုးကို သူတို့ကဖန်တီးထားခဲ့ကြ၏။ သူတို့၏အသိဉာဏ်ကင်းမဲ့မှုကပင် သူတို့ကိုဖန်ဆင်းပျိုးထောင်တော်မူသောအလ္လာဟ်အရှင်မြတ်ကိုငြင်းပယ်၍ ဒြပ်ပစ္စည်းအမှန်တကယ်ရှိသည်ဟု ဒြပ်ဝတ္ထုပစ္စည်းတွင်သာလျှင်သက်ဝင်ယုံကြည်ကိုးစားကြ၏။ သူတို့၏ယုံကြည်ချက်ကိုပယ်ဖျက်နိုင်လောက်သည့် ရှင်းလင်းတင်ပြချက်များ မည်သည့်အခါမျှ ပေါ်လာနိုင်မည်မဟုတ်ဟု အခိုင်အမာယုံကြည်ခဲ့ကြလေသည်။

ထို့ကြောင့် ဤစာအုပ်တွင်ဖော်ပြထားသော ဒြပ်ဝတ္ထုပစ္စည်း၏သဘာဝအစစ်အမှန်နှင့်ပတ်သက်သည့်အချက်များက သူတို့ကို အံ့အားသင့်စေခြင်းဖြစ်ပေသည်။ ထိုအချက်များက သူတို့၏အတွေးအခေါ်အခြေခံထားသောအချက်ကို ဖျက်ဆီးပစ်လိုက်သဖြင့် နောက်ထပ်ဆွေးနွေးတင်ပြနေရန်အကြောင်း မရှိတော့ချေ။ သူတို့၏အတွေးအခေါ်၊ အသက်ရှင်ခြင်း၊ သူတို့၏မောက်မာမှု၊ သူတို့၏ဖန်ဆင်းရှင်ကိုငြင်းပယ်မှု၊ စသည်တို့အားလုံးသည် ရုတ်တရက်ချက်ချင်း ပျောက်ကွယ်သွားလေတော့သည်။ **ရုပ်ဝတ္ထုပစ္စည်းမရှိသည့်နောက် ရုပ်ဝါဒသည် မည်သို့ဆက်လက်တည်ရှိနေနိုင်တော့မည်နည်း။**

အလ္လာဟ်အရှင်မြတ်၏ဂုဏ်တော် ပင်ကိုအရည်အချင်းများအနက်၊ အရှင်မြတ်အားမယုံကြည်သူတို့ကို လျှို့ဝှက်ကြံစည်ခြင်းဖြစ်ပေသည်။ **"၎င်းတို့သည် လျှို့ဝှက်ကြံစည်လျက်ရှိကြ၏။ အလ္လာဟ်အရှင်မြတ်သည်လည်း လျှို့ဝှက်ကြံစည်၏။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံးကြံစည်နိုင်တော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူသတည်း။"** ဟူ၍ ကုရ်အာန်ကျမ်းတော်မြတ် စူရာ အလ်အန်ဖါလ် ၈း၃၀ တွင်ဖော်ပြထားပေသည်။

ဒြပ်ဝတ္ထုပစ္စည်းအမှန်တကယ်တည်ရှိသည်ဟု ရုပ်ဝါဒီတို့ယုံကြည်အောင် အလ္လာဟ်အရှင်မြတ်က ဖန်တီးထားကာ၊ သွယ်ဝိုက်၍မတွေ့မမြင်ရသောဘက်မှနေ၍ ၎င်းတို့အားအရှက်ကွဲစေလေသည်။ ရုပ်ဝါဒီတို့သည် သူတို့ပိုင်ဆိုင်သောဥစ္စာဓနများ၊ ရာထူးရာခံများ၊ အသင်းအပင်းအသိုင်းအဝိုင်းများ၊ တကမ္ဘာလုံးနှင့်အတူ အရာခပ်သိမ်းသည် အမှန်တကယ်ရှိသောအရာများအဖြစ် ယုံကြည်ကြသဖြင့်၊ သူတို့၏မောက်မာကြွားဝါမှုများဖြင့် အလ္လာဟ်အရှင်မြတ်ကိုပုန်ကန်ခြင်း၌ ထပ်၍ဖြည့်တင်းလိုက်ကြလေသည်။ ထိုသို့ပြုကျင့်ရာတွင် သူတို့သည် ဒြပ်ဝတ္ထုပစ္စည်းကိုသာလျှင် တင်းပြည့်ကျပ်ပြည့် အားကိုးအားထားပြုပေသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည်၊ ၎င်းတို့အား ဝိုင်းဝန်းလျက်ရှိနေခြင်းကို နားလည်သဘောပေါက်ခြင်းမရှိကြချေ။ ၎င်းတို့၏ခေါင်းမာမှုကပင် မယုံကြည်သူတို့၏ဘဝကို ဦးဆောင်လျက်ရှိကြောင်း မိန့်ဆိုထားပေသည်။

> **သို့တည်းမဟုတ် ၎င်းတို့သည် တစ်စုံတစ်ရာမကောင်းကြံစည်ရန် ရည်ရွယ်ကြလေသလော။ သို့ဖြစ်လျှင် 'ကာဖိရ်'သွေဖည်ငြင်းပယ်ကြကုန်သောသူတို့သည်ပင်လျှင် မကောင်းသော အကြံအစည်၌ မိနေကြကုန်၏။** (စူရာ အလ်တူရ် ၅၂း၄၂)

သမိုင်းတွင် ဤတစ်ကြိမ်သည် သူတို့အတွက်အကြီးကျယ်ဆုံးသော ကျဆုံးမှုပင်ဖြစ်ပေလိမ့်မည်။ သူတို့၏မောက်မာမှုကြီးမားလာသည်နှင့်အမျှ အလ္လာဟ်အရှင်မြတ်ကိုဆန့်ကျင်တိုက်ခိုက်ရာတွင် ကြီးကျယ်ဆိုးရွားမှုများတီထွင်ဆောင်ကျင်းလာကြလေအောင် လှည့်ဖြားခံရရင်းပြင်းထန်သောရှုံးနိမ့်ခြင်းနှင့်ကြုံတွေ့ကြရပေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် **"၎င်းပြင် ထိုနည်းနှင်နှင် ငါအရှင်မြတ်သည် မြို့ရွာတိုင်းတွင် ထိုမြို့ရွာများ၏ အကြီးအကဲများကို မကောင်းကြံစည်ကြရန် ပြစ်မှုကျူးလွန်သူများဖြစ်စေတော်မူခဲ့၏။ အမှန်သော်ကား ယင်းသူတို့သည် မိမိတို့ကိုယ်ကို ဆန့်ကျင်၍သာ မကောင်းကြံစည်ကြလေသည်။ သို့ရာတွင် ယင်းသူတို့သည် ဤသည်ကိုပင် မသိနားမလည်ကြချေ။"** (စူရာ အလ်အန်အားမ် ၆း၁၂၃)။ နောက်ထပ်အာယသ်တော်တစ်ခုတွင်လည်း ဤသို့မိန့်တော်မူ၏။

> **ထိုသူများသည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ ယုံကြည်ခြင်းသဒ္ဓါတရားရှိသော 'မုအ်မင်'များကိုလည်းကောင်း၊ လိမ်လည်လှည့်ဖြားရန်ကြိုးစားအားထုတ်ကြ၏။ အမှန်သော်ကား ထိုသူများသည် မည်သူ့ကိုမျှလိမ်လည်လှည့်ဖြားကြသည်မဟုတ်။ မိမိတို့ကိုယ်ကိုသာလျှင်မိမိတို့ လိမ်လည်လှည့်ဖြားကြ၏။ သို့သော် ထိုသူများသည် ဤအကြောင်းကို သိမြင်နားလည်ကြသည်မဟုတ်ချေ။"** (စူရာ အလ်ဘကရာ ၂း၉)

အလ္လာဟ်အရှင်မြတ်ကို မယုံကြည်သူတို့သည် လိမ်လည်လှည့်ဖြားကြံစည်ကြရာတွင် "မိမိတို့ကိုယ်ကိုသာလျှင် မိမိတို့လိမ်လည်လှည့်ဖြားကြ၏။ သို့သော်လည်းထိုသူများသည် ဤအကြောင်းကို သိမြင်နားလည်ကြသည်မဟုတ်ချေ။"ဟူသောအပိုင်းသည် အလွန်အရေးကြီးသောစကားဖြစ်သည်ကို သတိမမူကြပေ။ သူတို့၏အတွေ့အကြုံများအားလုံးသည် သူတို့၏စိတ်ကူးအသိတွင် ခံစားရခြင်းသာလျှင်ဖြစ်အောင် ဖန်တီးထားခြင်းဖြစ်သည့်ပြင်၊ သူတို့၏ကြံစည်လှည့်ဖြားမှုများသည်လည်း အခြားလုပ်ဆောင်မှုများကဲ့သို့ပင် သူတို့၏ဦးနှောက်တွင်း၌ဖြစ်ပေါ်သောအရိပ်အယောင်များသာဖြစ်ပေသည်။ သူတို့၏မိုက်မဲမှုကပင်လျှင် သူတို့ကိုယ်တိုင်က အလ္လာဟ်အရှင်မြတ်နှင့်အစဉ်သဖြင့်အတူတကွရှိနေကြသည်ကို မေ့လျော့စေခြင်းဖြစ်၏။ ထို့ကြောင့် သူတို့၏အကြံဆိုးများတွင် သူတို့ကိုယ်တိုင် ချောင်ပိတ်မိနေကြခြင်းဖြစ်ပေသည်။

ယနေ့ရှိနေကြသော မယုံကြည်သူတို့လည်း သူတို့ကဲ့သို့ပင် လွန်လေခဲ့ပြီးသောခေတ်အဆက်ဆက်မှ မယုံကြည်သူတို့နှင့်အတူ သူတို့၏အကြံဆိုးများသည် အခြေအမြစ်မှနေလှန်၍ ဖျက်ဆီးပစ်ခြင်း ခံရပြီဖြစ်သောအမှန်တရားကို ကြုံတွေ့နေကြလေပြီ။ မယုံကြည်သူတို့၏အကြံဆိုးများသည်၊ ထုတ်ဖော်လိုက်သည့်နေ့တွင်ပင် ဆုံးရှုံးမှုဖြင့်သာလျှင် ကြုံတွေ့ကြလိမ့်မည်။ အလ္လာဟ်အရှင်မြတ်ကိုယုံကြည်သူတို့အားမူကား **"---ထိုသူတို့၏ လျှို့ဝှက်ကြံစည်မှုသည် အသင်တို့အား လုံးဝနစ်နာစေနိုင်မည်မဟုတ်ပေ။"**ဟု စူရာ အာလေ့အိမ်ရာန် ၃း၁၂၀ တွင် သတင်းကောင်းပါးတော်မူပေသည်။

အခြားအာယသ်တော်တစ်ပိုဒ်တွင်၊ အလ္လာဟ်အရှင်မြတ်က ဤသို့ဆိုထား၏။ **"သို့ရာတွင် ကာဖိရ် မယုံမကြည်သွေဖည်ငြင်းပယ်သောသူတို့သည် ၎င်းတို့၏ပြုကျင့်မှုတို့မှာမူကား လွင်တီးပြင်၌ရှိသော တံလျှပ်ပမာဖြစ်ပေရာ ရေမွတ်သိပ်သောသူတို့သည် ထိုလင်းလျှပ်ကိုပင် ရေဟူ၍ ထင်မှတ်လေသည်။ နောက်ဆုံးတွင်၎င်းသည် ထိုတံလျှပ်အနီးသို့ရောက်လတ်သော် တစ်စုံတစ်ရာမျှမတွေ့ရချေ။"** (စူရာအန်နူးရ် ၂၄း၃၉)။ ရုပ်ဝါဒသည်လည်း ဤအာယသ်တော်တွင်ပြဆိုထားသကဲ့သို့ ထိုပုန်ကန်သူများအတွက် တံလှပ်(တံလျှပ်)သာလျှင်ဖြစ်ချေတော့သည်။ သူတို့အားကိုးအားထားပြုသောရုပ်ဝါဒသည်လည်း တံလှပ်ကဲ့သို့ စိတ်ကူးယဉ်ထဲ၌သာ ကျန်ရစ်နေတော့သည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ကို တံလှပ်ကဲ့သို့သော အရိပ်အယောင်များဖြင့်လှည့်စားခဲ့ပေပြီ။ ပါမောက္ခများ၊ နက္ခတ္တဗေဒပညာရှင်များ၊ ဇီဝဗေဒပညာရှင်များ၊ ရူပဗေဒပညာရှင်များသည် ရာထူးရာခံကြီးမြင့်၍ အကျော်အမော်ပုဂ္ဂိုလ်များဖြစ်ကြသော်လည်း၊ ရုပ်ဝါဒဒြပ်ဝတ္ထုပစ္စည်းကိုသာလျှင် ဘုရားကဲ့သို့ကိုးကွယ်ဆည်းကပ်ကြသဖြင့်၊ ခလေးသူငယ်လောက်သာအသိဉာဏ်ရှိကြသူများအဖြစ် အရှက်ကွဲကြလေပြီ။ အရိပ်အယောင်မျှသာဖြစ်သော ဒြပ်ဝတ္ထုပစ္စည်းကို လုံးဝအမှန်တကယ်အကောင်အထည်ရှိသောအရာအဖြစ် အခြေခံထား၍အတွေးအခေါ်များဖော်ထုတ်ကာ ဆွေးနွေးပွဲကြီးများ ကျင်းပခဲ့ကြပေသည်။ သူတို့၏အကန့်အသတ်အတွင်းမှာသာရှိသော ဉာဏ်ပညာဖြင့်၊ အလ္လာဟ်အရှင်မြတ်ကို ဝေဖန်ခဲ့ကြပေသည်။ စကြာဝဠာအကြောင်းကိုလည်း ဆွေးနွေးငြင်းခုံခဲ့ကြပေသည်။ ၎င်းတို့၏အခြေအနေကို အလ္လာဟ်အရှင်မြတ်က ဤသို့မိန့်ဆိုထားပေသည်။

> **ယင်းသူတို့သည်လည်း လိမ္မာပါးနပ်စွာကြံစည်ခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ်သည်လည်းကြံစည်တော်မူ၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် ပရိယာယ်ဝေဝုစ်ဖြင့် ကြံစည်သူများထက် အကောင်းဆုံးကြံဆောင်နိုင်တော်မူသော အရှင်မြတ်ဖြစ်တော်မူသတည်း။**
> (စူရာ အာလေ့အိမ်ရာန် ၃း၅၄)

အချို့သော ကြံစည်မှုများမှလွတ်မြောက်နိုင်ခြင်းရှိသော်လည်း၊ အလ္လာဟ်အရှင်မြတ်၏ ယင်းကြံစည်မှုမှလွတ်ကင်းနိုင်ခြင်းကား မရှိကြတော့ချေ။ သူတို့အတွက် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အားကိုးတကြီးတောင်းခံရန် အခြားမည်သူမျှ မရှိတော့ပေ။ အလ္လာဟ်အရှင်မြတ်က **"၎င်းပြင် ထိုသူတို့သည်**

**မိမိတို့အဘို့ အလ္လာဟ်အရှင်မြတ်မှတပါး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ အဆွေခင်ပွန်းအဖြစ်လည်းကောင်း၊ ကူညီစောင်မမည့်သူအဖြစ်လည်းကောင်း၊ တွေ့ရှိကြရမည်မဟုတ်ချေ။**" ဟု ကုရ်အာန် ကျမ်းတော်မြတ် စူရာအန်နီဆာ ၄း၁၇၃ တွင် မိန့်ဆိုထားတော်မူပေသည်။

ရုပ်ဝါဒီတို့သည် ၂၀ ရာစုအတွင်း အရာခပ်သိမ်းသည် သူတို့၏လက်တွင်း၌ရှိနေခဲ့ရာ၊ ဤကဲ့သို့ သောရှုံးနိမ့်မှုနှင့် ကြုံတွေ့ရလိမ့်မည်ဟု ဘယ်သောအခါမှမမျှော်လင့်ခဲ့ကြပေ။ ၎င်းတို့၏ခေါင်းမာစွာ ပြောဆိုသင်ကြားမှုတို့သည်လည်း လူအများကို အလ္လာဟ်အရှင်မြတ်အား မယုံမကြည်ကြအောင် အစဉ်တစိုက်ဆွဲဆောင်နိုင်ကြလိမ့်မည်ဟု ထင်မှတ်ခဲ့ကြလေသည်။ မယုံမကြည်သွေဖည်သောထိုသူတို့၏တွေးတောမှုနှင့် စိတ်ဓါတ်အကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်၌ ဤသို့မိန့်ဆိုထားပေသည်။

> **၎င်းတို့ အကြံအစည်တစ်ခုကို လျှို့ဝှက်ကြံစည်ခဲ့ကြကုန်၏။ ထိုနည်းတူစွာ ငါအရှင်မြတ်သည်လည်း အကြံအစည်တစ်ခုကို ကြံစည်တော်မူ၏။ ၎င်းတို့သည် မသိကြပေ။ သို့ပေရာ ၎င်းတို့၏အကြံအစည်၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံဖြစ်သည်ကို ရှုပါလေ။ ငါအရှင်မြတ်သည် ထိုသူတို့အားလည်းကောင်း၊ ထိုသူတို့၏အမျိုးသားတို့အားလည်းကောင်း၊ အားလုံးကိုပင် ဖျက်ဆီးတော်မူပေသည်။** (စူရာအန်နမလ် ၂၇း၅၀–၅၁)

ဤအာယသ်တော်အရ ထိုရုပ်ဝါဒီတို့ ပိုင်ဆိုင်သောအရာခပ်သိမ်းတို့သည်၊ စိတ်ကူးယဉ်မျှသာဖြစ်ကြောင်းကို ၎င်းတို့အား သိရှိစေသည်ဟု ဆိုလိုပေသည်။ ထို့ကြောင့် **ပိုင်ဆိုင်မှုမှန်သမျှ အားလုံးမှာလည်း ပျက်စီးခြင်းသို့ရောက်သွားကုန်လေပြီ။** အမှန်တကယ်ရှိသည်ဟုထင်ခဲ့ကြသည့် သူတို့ပိုင်ဆိုင်သော စက်ရုံများ၊ ရွှေငွေရတနာများ၊ ဒေါ်လာငွေများ၊ သားသမီးဇနီးခင်ပွန်းသည်များ၊ မိတ်ဆွေသင်္ဂဟများ၊ ရာထူးဌာနန္တရနှင့်အဆင့်အတန်းများ၊ နောက်ဆုံးသူတို့ကိုယ်တိုင်၏ခန္ဓာကိုယ်များသည်လည်း၊ သူတို့၏လက်ထဲမှလွတ်ထွက်သွားကာ စူရာအန်နမလ် ၂၇း၅၁ တွင်မိန့်ဆိုထားသည့်အတိုင်း "**ပျက်သုဉ်း**"ကုန်လေပြီ။ ရုပ်ဝတ္ထုဒြပ်ပစ္စည်းဟူသည် လုံးဝမရှိတော့ဘဲ ဝိညာဉ်သာလျှင် အမှန်အဖြစ်ကျန်ရစ်လေတော့၏။

ဤအခြေအနေကို သတိရသည့်အချိန်သည်၊ ရုပ်ဝါဒီတို့အတွက် အဆိုးဝါးဆုံးသောအချိန်ပင် ဖြစ်မည်မှာ ယုံမှားသံသယဖြစ်စရာအကြောင်းမရှိတော့ချေ။ ရှိရှိသမျှအရာခပ်သိမ်းတို့သည် အရိပ်အယောင်စိတ်ကူးယဉ်သာဖြစ်သည်ဟု ဆိုခြင်းမှာ၊ ဤကမ္ဘာတွင် "အသက်ရှင်နေရင်း သေသွားပြီ" ဟူသော ၎င်းတို့ပြောလေ့ရှိသောစကားနှင့် တူနေပေသည်။

ဤအချက်ဖြင့် သူတို့အတွက် အလ္လာဟ်အရှင်မြတ်သာလျှင် ကျန်ရှိတော့၏။ "**အကြင်သူတို့အား ငါအရှင်မြတ်(လက်ထဲ၌)လွှတ်ထားပါလေ။ ၎င်းတို့အား ငါအရှင်မြတ်တစ်ဦးတည်းဖန်ဆင်းတော်မူခဲ့၏။**" ဟု အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ် စူရာ အလ်မွဒ္ဒဆ်ဆိရ် ၇၄း၁၁ တွင် အလ္လာဟ်အရှင်မြတ်သာလျှင် အစဉ်အမြဲတည်ရှိခြင်းအမှန်တရားကို သတိမူကြရန် သတိပေးနှိုးဆော်ထားတော်မူ၏။ ထိုအချက်ကို အခြားအာယသ်တော်များတွင်လည်း ထပ်တလဲလဲ သတိပေးတော်မူ၏။

> **၎င်းပြင်အသင်တို့သည် ငါအရှင်မြတ်အထံတော်သို့ ပထမမူလက ငါအရှင်မြတ်အသင်တို့အား ဖန်ဆင်းတော်မူသည့်အတိုင်းပင် တစ်ယောက်စီတစ်ယောက်စီ လာကြလေပြီ။ ၎င်းပြင်အသင်တို့သည် ငါအရှင်မြတ်က အသင်တို့အားချီးမြှင့်ပေးသနားတော်မူခဲ့သည့် ဥစ္စာပစ္စည်းများကိုလည်း မိမိတို့နောက်တွင် စွန့်ထားခဲ့ကြလေပြီ။** (စူရာ အလ်အန်အာမ် ၆း၉၄)

> **စင်စစ် ၎င်းတို့အနက် အသီးသီးတို့သည် ထိုအရှင်မြတ်အထံတော်သို့ ကိယာမတ်ရှင်ပြန်ထမည့်နေ့တွင် တစ်ဦးချင်း လာရောက်ရမည့်သူများသာလျှင် ဖြစ်ကြကုန်သတည်း။**
> (စူရာ မရ်ယာမ် ၁၉း၉၅)

ဤအာယသ်တော်များက ဒြပ်ဝတ္ထုပစ္စည်းကို ဘုရားအဖြစ်ကိုးကွယ်ဆည်းကပ်သူများသည် အလ္လာဟ်အရှင်မြတ်ထံတော်ပါးမှလာသူများသာဖြစ်၍၊ ထိုအရှင်မြတ်အထံတော်ပါးသို့ပင် ပြန်သွားကြမည့်သူများဖြစ်ကြောင်း ထပ်ဆင့်၍သတိပေးခြင်းဖြစ်ပေသည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်သို့

သူတို့၏စိတ်ဆန္ဒများကို သူတို့အလိုရှိသည်ဖြစ်စေ မရှိသည်ဘဲဖြစ်စေ အပ်နှင်းကြရမည်ဖြစ်၏။ သူတို့သည် မည်မျှပင်သဘောမပေါက်လိုကြသော်လည်း သူတို့တစ်ဦးချင်းကို တရားစီရင်ရန်အတွက် ဆင့်ခေါ်စစ်ဆေးမည့်အချိန်သမယကိုသာ စောင့်ဆိုင်းနေကြရပေတော့၏။

## အခန်းနိဂုံး – Conclusion

ဤအခန်းတွင် ရှင်းလင်းခဲ့သောအချက်များသည်၊ အသင့်ဘဝတစ်ခုလုံးတွင် မကြားမသိခဲ့ဘူးသေးသည့် အကြီးကျယ်ဆုံးသောအမှန်တရားများမှ အချို့သောအချက်များ ဖြစ်ပါသည်။ ရုပ်လောက တခုလုံးသည် **"အရိပ်အယောင်"**များသာဖြစ်ကြောင်းကို သက်သေပြခြင်းသည်၊ အလ္လာဟ်အရှင်မြတ်တည်ရှိခြင်းနှင့် ထိုအရှင်မြတ်သည်သာလျှင် အစစ်အမှန်အသက်ရှင်တည်ရှိနေခြင်းဖြစ်ကြောင်းကို သဘောပေါက်ရန် အဓိကသော့ချက်ဖြစ်၏။

ဤအရေးကို နားလည်သဘောပေါက်သူသည်၊ ဤကမ္ဘာတွင် အများတကာတွေးထင်နေသကဲ့သို့ နေထိုင်ရန်မဟုတ်ကြောင်းကို သိရှိနားလည်လိမ့်မည်။ ဤကမ္ဘာမြေကြီးသည် လမ်းမပေါ်တွင် ရည်ရွယ်ချက်ကင်းမဲ့စွာရောက်သွားနေသူများ၊ အရက်ဆိုင်ဘားများတွင် ရန်ဖြစ်ထိုးကြိတ်နေကြသူများ၊ ဇိမ်ခံဈေးကြီးသောစားသောက်ဆိုင်များတွင် ကြွားဝါနေကြသူများ၊ ရည်ရွယ်ချက်ကင်းမဲ့သောဘဝတွင် သာလျှင်နစ်မြုပ်နေကြသူများ တွေးထင်နေကြသည့် အစဉ်တည်မြဲနေသည့် ကမ္ဘာမဟုတ်ချေ။ ကမ္ဘာလောကသည် အာရုံခံစားမှုတို့၏ စုဝေးရာ၊ စိတ်ကူးယဉ်တံလှပ်သာလျှင်ဖြစ်ပေသည်။ အထက်တွင်ကျွန်ုပ်တို့ဖေါ်ပြခဲ့သောလူတို့သည်လည်း အရိပ်အယောင်များသာလျှင်ဖြစ်ကြ၍ စိတ်တွင်း၌လက်ခံရရှိရှုမြင်နေကြသည့်အရိပ်အယောင်များသာလျှင်ဖြစ်ကြပေသည်။ သို့သော်လည်း ၎င်းတို့က ယင်းအချက်ကို မသိရှိကြပေ။

ဤခံယူချက်သည်၊ အလ္လာဟ်အရှင်မြတ်တည်ရှိခြင်းကိုငြင်းပယ်သော ရုပ်ဝါဒအတွေးအခေါ်ကို ရှုတ်ချလျော့ပါးသွားစေရင်း နောက်ဆုံးတွင် အပြီးအပိုင်သုတ်သင်ရှင်းလင်းပစ်နိုင်သည့် ခံယူချက်ဖြစ်သောကြောင့် အလွန်အရေးကြီးပေသည်။ ထို့ကြောင့် မားက့်စ်၊ အင်ဂျဲလ်နှင့် လီနင်အစရှိသည့် ရုပ်ဝါဒီတို့က ထိတ်ထိတ်ပျာပျာဂယောင်ချောက်ချားဖြစ်ကုန်ကြခြင်းဖြစ်ပေသည်။ ဤပုဂ္ဂိုလ်တို့သည် အာရုံငါးပါးမှ ခံစားချက်မှန်သမျှသည် ဦးနှောက်၌သာဖြစ်ပေါ်ကြောင်းကိုပင် သဘောမပေါက်နိုင်လောက်အောင် စဉ်းစားဆင်ခြင်တုံတရားအလွန်သိမ်ဖြင်းကြပေသည်။ သူတို့၏ဦးနှောက်တွင်း၌တွေ့မြင်ထိတွေ့ခံစားနေသည့်ကမ္ဘာသည် ပြင်ပကမ္ဘာဖြစ်သည်ဟုပင် ယုံကြည်နေကြသေးသည်။ အမှန်တရားမှာ သူတို့၏ယုံကြည်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ကို သဘောမပေါက်နိုင်ကြချေ။

ဤကဲ့သို့ သဘောမပေါက်နိုင်သောစဉ်းစားဉာဏ်သည်၊ အလ္လာဟ်အရှင်မြတ်က ကာဖိရ်များအားပေးထားသောဉာဏ်အမြော်အမြင်နည်းပါးမှုကြောင့်ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ **"ထိုသူတို့၌ စိတ်နှလုံးများကားရှိ၏။ သို့သော်လည်း ယင်းစိတ်နှလုံးများဖြင့် ထိုသူတို့သည် စဉ်းစားဆင်ခြင်နားလည်ခြင်းမရှိကြချေ။ ထိုသူတို့၌ စက္ခုအာရုံများကားရှိ၏။ သို့သော် ထိုသူတို့သည် ယင်းစက္ခုအာရုံဖြင့်မမြင်ကြချေ။ ထိုသူတို့၌ သောတာရုံများရှိ၏။ သို့သော် ထိုသူတို့သည် ယင်းသောတာရုံများဖြင့် မကြားကြချေ။"**ဟု စူရာအလ်အအ်ရာဖ် ၇း၁၇၉ တွင် အလ္လာဟ်အရှင်မြတ်က မိန့်ဆိုထားတော်မူ၏။

အသင်၏ကိုယ်ပိုင်ဉာဏ်အမြော်အမြင်ဖြင့် ဤအဆင့်ကို ကျော်လွန်၍လည်း တွေးတောရှာဖွေနိုင်ပါသည်။ ဤသို့ပြုရာတွင် အသင့်ပတ်ဝန်းကျင်ရှိဝတ္ထုပစ္စည်းများကို အသင်မြင်တွေ့ရသည့်အတိုင်းနှင့် အသင်ထိတွေ့ရသည့်အတိုင်း လေးလေးနက်နက် အာရုံစူးစိုက်၍ဆင်ခြင်ကြည့်ရမည်။ အကယ်၍ ဂရုတစိုက်စဉ်းစားတွေးတောပါက ယခုလောလောဆယ်အချိန်တွင် ဤစာအုပ်ကိုကြည့်နေသူ၊ ဖတ်နေသူ၊ ကြားနေသူ၊ ထိတွေ့နေသူသည် "ဒြပ်"ဝတ္ထုပစ္စည်းတို့၏ အာရုံခံစားမှုကိုစောင့်ကြည့်နေသည့် ဝိညာဉ်သာလျှင်ဖြစ်ကြောင်းကို သိသည့်ခံစားချက်ဖြစ်ပေါ်လာပါလိမ့်မည်။ ဤအချက်ကို သဘောပေါက်သူသည်၊ လူသားလောကကို လှည့်စားလျက်ရှိသော ရုပ်လောကမှထွက်ခွာလာပြီး အမှန်တကယ်တည်ရှိသည့်နယ်ပယ် (the domain of true existence)သို့ ရောက်ရှိလာလိမ့်မည်။

ဖန်ဆင်းရှင်ကိုယုံကြည်သော ဤအမှန်တရားကို အတွေးအခေါ်ရှင် အမြောက်အမြားကလည်း သဘောပေါက်ခဲ့ကြလေပြီ။ အီမာမ်ရဗ်ဘာနီ၊ မိုဟီယွဒ္ဒင်း အလ်အရာဗီ၊ မော်လာနာ ဂျမီ စသည့်မွတ်စလင်မ်အာလင်မ်ပညာရှင်တို့သည်လည်း၊ ကုရ်အာန်ကျမ်းတော်မြတ်ရှိ လက္ခဏာများမှတဆင့် သဘောပေါက်ခဲ့ကြပေသည်။ ဂျော့ ဘာကလေ ကဲ့သို့သော အနောက်နိုင်ငံ အတွေးအခေါ်ရှင်တို့သည်လည်း၊ ၎င်းတွေးတောဆင်ခြင်ခြင်းနည်းကို အသုံးပြု၍ ယင်းအမှန်တရားကို သဘောပေါက်ခဲ့ကြလေသည်။ အီမာမ်ရဗ်ဘာနီက သူ၏ မက်တူဘာတ်(ပေးစာများ)တွင် စကြာဝဠာတစ်ခုလုံးသည် "အရိပ်အယောင်မျှသာဖြစ်၍ အာရုံတွင်သိရှိခံစားခြင်း"သာလျှင်ဖြစ်၍၊ အလ္လာဟ်အရှင်မြတ်သည်သာလျှင် အမှန်တကယ်တည်ရှိခြင်းဖြစ်သည်ဟု ရေးသားထားလေသည်။

> အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားသောအရာဝတ္ထုတို့သည် အမှန်စင်စစ်တွင် ဗလာနတ္ထိသာဖြစ်ချေသည်။ ထိုအရှင်မြတ်သည် **အာရုံငါးပါးနှင့်အရိပ်အယောင်တံလှပ်လောက**ကိုသာလျှင် ဖန်ဆင်းထားပေသည်။ စကြာဝဠာသည် ကျွန်ုပ်တို့၏အာရုံငါးပါးနယ်ပယ်အတွင်း၌သာရှိသော အရိပ်အယောင်တံလှပ်များဖြစ်၍၊ အမှန်တကယ်ရုပ်ဝတ္ထုပစ္စည်းအဖြစ်မရှိချေ။ အမှန်စင်စစ် ထိုမြင့်မြတ်သောအရှင်(အလ္လာဟ်အရှင်မြတ်)အပြင် အခြားမည်သည့်အရာမျှပင် မရှိချေ။[၄၀]

အီမာမ်ရဗ်ဘာနီက ကျွန်ုပ်တို့လူသားများအား ပြသထားသောပုံရိပ်များသည် စိတ်ကူးတွင်သာရှိသော တံလှပ်များသာဖြစ်သည်၊ "ပြင်ပကမ္ဘာ"တွင် အမှန်တကယ်ပင်ကိုပင်ရင်းဟူ၍မရှိချေဟု ဆိုထားပေသည်။

> စိတ်ကူးယဉ်စက်ဝန်းသည် စိတ်ကူးထဲ၌သရုပ်ဆောင်ပြသလျက်ရှိပေသည်။ **စိတ်တွင်းရှိမျက်စိ**က တွေ့မြင်ရသည်ဟု ထင်မြင်အောင် သရုပ်ဆောင်ပြသထား၏။ ပြင်ပတွင် ဦးခေါင်းရှိမျက်စိဖြင့် တွေ့ရသယောင်ဖြစ်နေသည်။ သို့သော်လည်း ထိုကဲ့သို့မဟုတ်ချေ။ ပြင်ပတွင် သတ်မှတ်ထားသောအရာ သို့မဟုတ် သဲလွန်စဟူ၍ တစ်ခုမျှမရှိချေ။ တွေ့မြင်နိုင်သည့်အခြေအနေဟူ၍မရှိချေ။ လူတစ်ယောက်၏မျက်နှာကို ကြေးမုံ(မှန်)အတွင်း၌ အလင်းပြန်သဖြင့်တွေ့ရခြင်းသည်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်ပေသည်။ ပြင်ပတွင် တသမတ်တည်းတည်ရှိနေခြင်းဟူ၍မရှိချေ။ ကျွန်ုပ်တို့တွေ့မြင်နေရသော တသမတ်တည်းရှိနေခြင်းနှင့် ပုံရိပ်များသည်လည်း **စိတ်ကူးယဉ်**သာလျှင်ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သာလျှင် အသိဆုံးဖြစ်၏။[၄၁]

မော်လာနာဂျမီလည်း ကုရ်အာန်ကျမ်းတော်မြတ်တွင်ပါရှိသည့် လက္ခဏာများအပေါ်မူတည်၍ သူ၏ကိုယ်ပိုင်ဉာဏ်စွမ်းဉာဏ်စကို အသုံးပြုရင်း ယင်းအချက်နှင့်ပတ်သက်၍ အထက်ဖေါ်ပြပါသည့်အတိုင်း ပင်ဖေါ်ထုတ်ခဲ့ပေသည်။ "**စကြာဝဠာတွင် ရှိရှိသမျှအရာအားလုံးတို့သည် အာရုံမှတဆင့်လက်ခံသိရှိခြင်းနှင့် အရိပ်အယောင်များသာလျှင်ဖြစ်၏**။ ၎င်းတို့သည် ကြေးမုံအတွင်းအလင်းပြန်ခြင်း သို့မဟုတ် အရိပ်များကဲ့သို့ဖြစ်သည်။"ဟု ဖေါ်ပြခဲ့ပေသည်။

သို့သော်လည်း သမိုင်းတလျှောက်လုံးတွင် ဤအချက်ကိုသဘောပေါက်ခဲ့ကြသူများမှာ အကန့်အသတ်သာလျှင်ရှိခဲ့ကြပေသည်။ အီမာမ်ရဗ်ဘာနီက လူအများက ဤအချက်ကိုနားလည်သဘောပေါက်ရန် ခက်ခဲသောကြောင့် လူအများကိုမပြောပြသင့်ဟု ဆိုခဲ့ပေသည်။

ကျွန်ုပ်တို့၏ခေတ်တွင်မူကား လက်တွေ့မျက်မြင်အခြေခံကျကျ သိပ္ပံနည်းတို့ဖြင့် သက်သေပြနိုင်လေပြီ။ စကြာဝဠာသည် အရိပ်အယောင်မျှသာဖြစ်ကြောင်းကို သမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် ခိုင်မာရှင်းလင်းပြတ်သားသောသက်သေများဖြင့် ရှင်းပြနိုင်လေပြီ။

ထို့ကြောင့် ၂၁ ရာစုနှစ်သည် လူအများက အသက်ရှင်ခြင်းအစစ်အမှန်ဖြစ်သည့် တစ်ပါးတည်းသော အလ္လာဟ်အရှင်မြတ်အထံတော်ပါးသို့ သမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် အုပ်စုလိုက် မျက်နှာလှည့်လာကြမည့်ကာလဖြစ်ပေသည်။ ၁၉ ရာစုနှစ်ပိုင်းက အားသန်ခဲ့သော ရုပ်ဝါဒအယူဝါဒသည်လည်း သမိုင်း၏အမှိုက်ပုံးထဲသို့ ပစ်ချလိုက်ရမည့်အဆင့်သို့ပင် နိမ့်ကျသွားချေပြီ။ အလ္လာဟ်အရှင်မြတ်တည်ရှိနေခြင်းနှင့် အလ္လာဟ်အရှင်မြတ်က အရာရာကို ဖန်ဆင်းတော်မူသည့် အချက်ကို အချိန်နှင့်အာကာသဒေသနေရာအတိုင်းအတာမရွေးဘဲ လူတိုင်းနားလည်သဘောပေါက် လက်ခံကြတော့မည်ဖြစ်ပေသည်။ ထိုရောအခါဝယ် လူသားများသည်လည်း ရာစုပေါင်းအမြောက်အမြားအတွင်း

မျက်စိရှေ့တွင် ကာဆီးခဲ့သောကာလကာ၊ လိမ်လည်လှည့်ဖြားမှု၊ အယူသီးမှု စသည်တို့ကြောင့် ဦးနှောက်ရှုပ်ထွေးဇဝေဇဝါဖြစ်နေခဲ့သည့်အခြေအနေမှ လွတ်မြောက်သွားကြတော့မည်ဖြစ်၏။

ဤမရှောင်မလွှဲသာသောဦးတည်ရာလမ်းကြောင်းကို မည်သည့်အရိပ်အယောင်မျှသာဖြစ်သော ဝေနေယျကမှ နောက်ထပ် ဟန့်တားထားနိုင်လိမ့်မည်မဟုတ်။

# နှိုင်းယှဉ်ခြင်းအရဖြစ်သောအချိန်နှင့် ကံကြမ္မာ၏အမှန်တရား

# Relativity of Time and the Reality of Fate

ယခုအထိရှင်းပြခဲ့သည့်အကြောင်းအချက်များအားလုံးသည်၊ "သုံးဘက်တန်အာကာသဒေသ" (three -dimensional space) အမှန်တကယ်မရှိကြောင်း၊ ကျွန်ုပ်တို့၏ အာရုံငါးပါး၏လက်ခံ ခံစားမှုတွင် အခြေခံထားသော ထင်မြင်သိရှိချက်သာလျှင်ဖြစ်ကြောင်း၊ လူတိုင်း၏ဘဝတစ်သက်တာလုံးသည် "အာကာသဒေသကင်းမဲ့သော"ကမ္ဘာလောက (spacelessness)တွင်အသက်ရှင်နေကြကြောင်းကို ပြဆိုခဲ့ပေသည်။ ဤအမှန်တရားကို ညင်းပယ်ခြင်းသည် သိပ္ပံနည်းကျကျ ဆင်ခြင်သုံးသပ်ထားသော အမှန်တရားကို ညင်းပယ်ခြင်းဖြစ်၍ တစ်ယူသန်အယူသီးခြင်းသာလျှင် ဖြစ်ချေတော့သည်။ အဘယ့်ကြောင့်ဆိုသော်၊ သုံးဘက်တန်ရုပ်လောကအမှန်တကယ်ရှိကြောင်း တရားဝင်သည့်သက်သေသာဓက မရှိသောကြောင့်ဖြစ်၏။

ဤအချက်ကပင် ရုပ်ဝတ္ထုသည် အရာခပ်သိမ်း၏လုံးဝအခြေအမြစ်ဖြစ်၍ အစဉ်အမြဲတည်ရှိနေသည် ဟူသောအီဗိုလူးရှင်းသီအိုရီ ထွက်ပေါ်လာသော ရုပ်ဝါဒအတွေးအခေါ်၏ အခြေခံသဘောတရားကို ချေဖျက်ပစ်လိုက်ခြင်းဖြစ်ပေသည်။ ရုပ်ဝါဒအတွေးအခေါ်အခြေခံသော ဒုတိယအချက်မှာ၊ အချိန်သည် လုံးဝဧကန် အမှန်တကယ်တည်ရှိ၍ အစဉ်အမြဲတည်ရှိသည် ဟူသောအချက်ဖြစ်ပေသည်။ ဤအချက်သည်လည်း ပထမအချက်ကဲ့သို့ပင် အယူသီးခြင်းသာလျှင်ဖြစ်ပေသည်။

## အချိန်ကိုသိရှိခြင်း

## The Perception of Time

ကျွန်ုပ်တို့သိရှိခံစားနေသော အချိန်ဟူသည်၊ အမှန်အားဖြင့် အခါသမယတစ်ခုကို အခြားအခါသမယတစ်ခုနှင့် နှိုင်းယှဉ်သောနည်းဖြစ်ပေသည်။ ဤအချက်ကို ဥပမာတစ်ခုဖြင့် ရှင်းပြနိုင်ပါသည်။ ဥပမာ၊ လူတစ်ယောက်သည် အရာဝတ္ထုတစ်ခုခုကို ရိုက်ပုတ်လိုက်သည်ဆိုပါစို့။ ထိုသူသည် အသံတစ်သံကို ကြားရလိမ့်မည်။ နောက်ထပ် ၅ မိနစ်လောက်အကြာတွင် ထိုအရာကို နောက်တစ်ခါထပ် မံရိုက်ပုတ်လိုက်လျှင် နောက်ထပ်အသံတစ်သံကို ကြားရလိမ့်မည်။ ထိုသူသည် ပထမအသံကိုကြားရသောအခါသမယနှင့် ဒုတိယအသံကိုကြားရသောအခါသမယအကြားတွင်ကြားကာလ"အချိန်"တစ်ခုရှိနေသည်ကို သိရှိမှတ်သားမိလေသည်။ သို့သော်လည်း ထိုသူသည် ဒုတိယအသံကိုကြားရသည့်အချိန်တွင် ပထမအသံသည် သူ၏စိတ်တွင်း၌သိရှိမှတ်သားထားသော စိတ်ကူးယဉ်အချက်အလက်သာလျှင်ဖြစ်ပေသည်။ သူ၏မှတ်ဉာဏ်ထဲတွင်သိုမှီးထားသော အချက်အလက်သာလျှင် ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်သည် "အချိန်"ကို **သူအသက်ရှင်နေစဉ်အခါသမယအတွင်း သူ၏မှတ်ဉာဏ်ဖြင့် မှတ်သားထားသည့်အခါသမယများကို နှိုင်းယှဉ်ယူခြင်းဖြင့် သတ်မှတ်ယူခြင်းဖြစ်ပေသည်။ ထိုကဲ့သို့သောနှိုင်းယှဉ်ခြင်းမပြုပါက၊ အချိန်ဟူသောယူဆချက်သည်လည်း ရှိမည်မဟုတ်ချေ။**

ထိုနည်းတူ၊ လူတစ်ယောက်သည် အခြားလူတစ်ယောက် တံခါးမှအခန်းထဲသို့ဝင်လာ၍ အခန်း၏အလယ်တွင်ရှိသော ဆိုဖါထိုင်ခုံတစ်ခုတွင်ဝင်ထိုင်သည်ကို မြင်သည်ဆိုပါစို့။ ဒုတိယလူ ထိုကဲ့သို့အခန်းထဲသို့ဝင်လာ၍ ဆိုဖါတွင်ထိုင်လိုက်သည်အထိ ဖြစ်ပေါ်လုပ်ဆောင်သောပုံရိပ်များအဆင့်ဆင့်ကို သူ၏ဦးနှောက်တွင်း၌အချက်အလက်များအဖြစ်သိုလှောင်မှတ်သားထားပေသည်။ ထိုပုဂ္ဂိုလ် ဆိုဖါတွင် ဝင်ရောက်ထိုင်လိုက်သည်အထိ ဖြစ်ပေါ်သောပုံရိပ်အချက်အလက်များကို အဆင့်ဆင့်နှိုင်းယှဉ်ခြင်းဖြင့် ထိုသူ၏လုပ်ဆောင်ချက်များ၏အချိန်ကို သိရှိလာလေသည်။

အတိုချုံး၍ပြောရသော်၊ **အချိန်ဟူသည် ဦးနှောက်တွင်း၌ မှတ်သား သိုလှောင်ထားသော အရိပ်အယောင်တို့၏ အချက်အလက်များကို နှိုင်းယှဉ်ခြင်းသာလျှင် ဖြစ်ပေသည်။** အကယ်၍ လူသားသည် မှတ်ဉာဏ်ဟုခေါ်သော မှတ်သားထားနိုင်သည့် အစွမ်းမရှိပါက ထိုကဲ့သို့အဓိပ္ပါယ်ဖေါ်ခြင်းမပြုနိုင်သဖြင့်၊ အချိန်ဟူသည်ကိုလည်းသိရှိမည်မဟုတ်ပေ။ လူတစ်ဦးတစ်ယောက်သည် အသက် ၃၀ ရှိပြီဟုဆိုခြင်းမှာ ထိုသူ၏ဦးနှောက်တွင်း၌ မှတ်သားသိုလှောင်လာခဲ့သောအချက်အလက်များကြောင့် ဖြစ်ပေသည်။ အကယ်၍ ထိုသူသည် မှတ်သားနိုင်စွမ်းမရှိပါက (မှတ်ဉာဏ်ကင်းမဲ့ပါက) ထိုကဲ့သို့ အချိန်ကြာညောင်းခြင်းကို သိရှိမည်မဟုတ်ဘဲ သူအသက်ရှင်နေသည့် "ပစ္စုပ္ပန်အခါသမယ" ကိုသာ သိရှိခံစားမည်ဖြစ်၏။

## အချိန်ကင်းမဲ့ခြင်းကို သိပ္ပံနည်းကျကျ ရှင်းပြခြင်း
## The Scientific Explanation of Timelessness

ဤအကြောင်းနှင့်ပတ်သက်၍ ပိုမိုရှင်းလင်းစေရန်အတွက် သိပ္ပံပညာရှင်များအပါအဝင် ပညာရှင်များ၏အဆိုများကို လေ့လာကြည့်ကြပါစို့။ နိုဘယ်ဆုရှင် ပါမောက္ခဖရန်ကွက်စ် ဂျက်ကော့ဘ်၏ အချိန်နောက်ပြန်ခြင်းနှင့်ပတ်သက်၍ ရှင်းပြချက်ကို သူရေးသားသော (ဖြစ်နိုင်ခြင်းနှင့် အဖြစ်မှန်) ဟု အဓိပ္ပါယ်ရသော *Le Jeu des Possibles* (The Possible and the Actual) ဟူသောစာအုပ်မှ ကောက်နှုတ်ချက်ကို တင်ပြအပ်ပါသည်။

> ရုပ်ရှင်ဖလင်ကို နောက်ပြန်ဆွဲပြသခြင်းသည် **အချိန်နောက်ပြန်ဆုတ်သောကမ္ဘာ**ကို တွေးကြည့်စေနိုင်ပါသည်။ နွားနို့သည် ကော်ဖီမှခွဲထွက်၍ ကော်ဖီခွက်မှခုန်ထွက်ကာ နွားနို့ခပ်သည့်ဖလားထဲသို့ ခုန်ဝင်သွားသောအဖြစ်ကိုမြင်နိုင်ပါသည်။ အလင်းရောင်ခြည်များသည် အလင်းထွက်ရာမှမလာဘဲ နံရံမှဆုတ်သွားပြီး အလင်းထွက်သောအမှတ်သို့ပြန်လည်စုဝေးသွားသည့်အဖြစ်ကိုလည်း တွေးကြည့်နိုင်ပါသည်။ ကျောက်ခဲတုံးသည် ရေမျက်နှာပြင်ရှိ ရေစက်များပြန့်ကျဲနေရာမှ ခုန်ထွက်၍ လူတစ်ယောက်၏လက်ဝါးပြင်ထဲသို့ ပြန်လည်ရောက်ရှိလာသည်ကိုလည်း တွေ့နိုင်ပါသည်။ ထိုကဲ့သို့သောကမ္ဘာတွင် အချိန်သည် နောက်ပြန်ဆွဲသွားသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့၏ဦးနှောက်ထဲတွင် အချက်အလက်များစုဆောင်းမှတ်သားခြင်းသည်လည်း ထိုနည်းအတိုင်း နောက်ပြန်သွားနိုင်ပေသည်။ အနာဂတ်နှင့်အတိတ်အချိန်တို့သည်လည်း လက်ရှိပစ္စုပ္ပန်တွင် ဖြစ်ပေါ်နေသကဲ့သို့ ပေါ်လွင်လာနိုင်ပေသည်။ [၄၂]

ကျွန်ုပ်တို့၏ဦးနှောက်သည် အစဉ်အဆက်ဖြစ်သော ဖြစ်စဉ်ပုံစံတစ်ခုကိုသာ ကျင့်သားရနေသဖြင့်၊ ကမ္ဘာကြီးတွင်အထက်က ဖေါ်ပြခဲ့သကဲ့သို့မဖြစ်ဘဲ အချိန်သည်အစဉ်အမြဲရှေ့သို့သာလျှင် ရွေ့လျားစီးသွားနေသည်ဟု ထင်နေကြပေသည်။ သို့သော်လည်း ထိုသို့သောအသိ သို့မဟုတ် ဆုံးဖြတ်ချက်သည် ဦးနှောက်တွင်း၌ ဖြစ်ပေါ်နေခြင်းဖြစ်၍ နှိုင်းယှဉ်ချက်အပေါ်တွင် မူတည်နေပေသည်။ အမှန်စင်စစ်တွင် အချိန်သည် မည်ကဲ့သို့စီးနေသည်ကို ကျွနိုပ်တို့အတိအကျမသိနိုင်ချေ။ အကယ်စင်စစ် အချိန်ဟူသည် ရှိမရှိကိုပင် ကျွန်ုပ်တို့က တတ်အပ်မပြောနိုင်ကြပေ။ ထို့ကြောင့် **အချိန်ဟူသည် အမှန်စင်စစ်ရှိနေခြင်းမဟုတ်ဘဲ စိတ်တွင်း၌သိရှိခံစားခြင်းတစ်မျိုး**သာလျှင်ဖြစ်ခြင်းကို ပြဆိုလျက်ရှိပေသည်။

အလ်ဘတ် အိုင်စတိုင်း၏ နှိုင်းယှဉ်ချက်အရဖြစ်သော အချိန်နှင့်ပတ်သက်၍ မှန်ကန်မှုရှိမရှိကို စီစစ်ခြင်းသည် ၂၀ ရာစုနှစ်အတွင်းမှ ရူပဗေဒဘာသာရပ်တွင် အရေးကြီးဆုံးဖြစ်သော စီစစ်မှုဖြစ်ပေသည်။ ရူပဗေဒပညာရှင် လင်းကွန်းဘားနက်က သူ၏ *The Universe and Dr. Enstein* (စကြာဝဠာနှင့် ဒေါက်တာအိုင်စတိုင်း)စာအုပ်တွင် အောက်ပါအတိုင်းရေးသားထားပေသည်။

> အာကာသဒေသလုံးဝတည်ရှိမှုကို ပစ်ပယ်ခဲ့သည့်အတိုင်း၊ အိုင်စတိုင်းက အချိန်လုံးဝတည်ရှိခြင်း၊ အချိန်မှန်မှန် ရှေ့သို့ရွေ့လျားနေခြင်း၊ အချိန်သည်ပြောင်းလဲမှုမရှိဘဲ မရေမတွက်နိုင်သော အတိတ်ကာလမှစ၍ အဆုံးမရှိသော အနာဂတ်ကာလအထိ မနားမနေရွေ့လျားနေသည်ဟူသောယူဆချက်ကိုလည်း ပစ်ပယ်ခဲ့လေသည်။ နှိုင်းယှဉ်ခြင်းအရဖြစ်သောသီအိုရီ (The Theory of Relativity) မေးမှိန်နေရခြင်းအကြောင်းရင်းများတွင်၊ **အချိန်သည်လည်း အရောင်အဆင်းကဲ့သို့ပင် ကျွန်ုပ်တို့၏ခံစားမှုအသိ**တစ်မျိုးသာလျှင်ဖြစ်ကြောင်းကို လက်မခံလိုသောအချက်မှ စတင်ခဲ့လေသည်။ အာကာသဒေသဟူသည် ရုပ်ဝတ္ထုတည်ရှိခြင်းကိုဖြစ်စေနိုင်သော အစီအစဉ်တစ်ခုဖြစ်သကဲ့သို့၊ **အချိန်သည်လည်း အဖြစ်အပျက်ဖြစ်စဉ်တို့ရှိသည်ဟုထင်ရသောအစီအစဉ်**တစ်မျိုးသာလျှင်ဖြစ်ပေသည်။ ဤအကြောင်းနှင့်ပတ်သက်၍ အိုင်စတိုင်း၏

> စကားလုံးများက အကောင်းဆုံးအရှင်းဆုံးဖြင့် ရှင်းပြထားပေသည်။ “လူတစ်ဦး၏ အတွေ့အကြုံများသည် အစီအစဉ်တစ်ခုဖြစ်အောင် တသီတတန်းစီစဉ်ထားပေသည်။ **တစ်ချိန်စီတွင်ဖြစ်သော အဖြစ်အပျက်များက ကျွန်ုပ်တို့၏ စိတ်ထဲတွင် “လွန်ခဲ့ပြီးသော“နှင့်”နောက်တစ်ခါ” ဖြစ်ပျက်ခြင်း အသွင်ဖြစ်အောင် စီစဉ်ထားပေသည်။** ထို့ကြောင့် တစ်ဦးချင်းအတွက် “ကျွန်ုပ်၏အချိန်” သို့မဟုတ် **ပုဂ္ဂလဓိဋ္ဌာန်အချိန်** ရှိနေပေသည်။ ၎င်းကို တိုင်းတာ၍မရနိုင်ချေ။ ကျွန်ုပ်က ၎င်းအဖြစ်အပျက်များကို ကိန်းဂဏန်းများနှင့် ဆက်စပ်နိုင်ပါသည်။ နောက်မှဖြစ်သောအဖြစ်အပျက်ကို အလျင်ဖြစ်သောအဖြစ်အပျက်များထက် ပိုမိုကြီးသောကိန်းဂဏန်းများဖြင့် ကိုယ်စားပြုပေးပါသည်။[၄၃]

ဘားနက်၏စာအုပ်အရ၊ အိုင်စတိုင်းက အချိန်နှင့်အာကာသဒေသဟူသည် “စိတ်တွင်းဇီဝစိတ်ဖြင့် အလိုလိုသိခြင်း(intuition)တစ်မျိုးဖြစ်ပြီး၊ အရောင်အဆင်း၊ ပုံပန်းသဏ္ဍာန်၊ အရွယ်အစားစသည့်ယူဆချက်များကဲ့သို့ ကျွန်ုပ်တို့၏သိရှိခြင်းအသိဉာဏ်မှ ကင်းကွာ၍မရနိုင်ချေ။”ဟု ဖေါ်ပြခဲ့ပေသည်။ နှိုင်းယှဉ်ခြင်းအရဖြစ်သောအထွေထွေသီအိုရီ (General Theory of Relativity)အရ၊ **“အချိန်ဟူသည်မှာ ကျွန်ုပ်တို့ အဖြစ်အပျက်များအား အစီအစဉ်ချ၍ ၎င်းကိုတိုင်းတာခြင်းမှလွဲ၍ သီးခြား လွတ်လပ်စွာတည်ရှိနေခြင်းမရှိချေ။”**[၄၄]

အချိန်သည် လက်ခံသိရှိခြင်းသာဖြစ်သောကြောင့် လက်ခံသိရှိသူနှင့်သာ သက်ဆိုင်နေပေသည်။ ထို့ကြောင့် အချိန်ဟူသည်နှိုင်းယှဉ်ချက် (relative)နှင့်သက်ဆိုင်ပေသည်။

လူသား၏ကိုယ်ခန္ဓာအတွင်း အချိန်မည်မျှကုန်လွန်သွားသည်ကို တိုင်းတာနိုင်သည့် သဘာဝနာရီမရှိသောကြောင့်အချိန်၏ရွေ့လျားနှုန်းသည် ကျွန်ုပ်တို့၎င်းကိုတိုင်းတာသည့်မှီငြမ်းမှုပေါ်တွင် မူတည်လျက်ရှိ၏။ လင်းကွန်းဘာနက်က “အရောင်အဆင်းကို မျက်စိမရှိဘဲ သတ်မှတ်နိုင်ခြင်းမရှိသကဲ့သို့ ဖြစ်ပျက်မှု(ဖြစ်ရပ်)များမရှိဘဲ အချိန်သမယတစ်ခု၊ အချိန်တစ်နာရီကြာမြင့်ခြင်း၊ တစ်ရက်ကြာမြင့်ခြင်း စသည့်တိုင်းတာမှု မရှိနိုင်ချေဟု ဆို၏။[၄၅]

နှိုင်းယှဉ်ချက်အရဖြစ်သောအချိန်ကို ကျွန်ုပ်တို့အိပ်မက်မက်သည့်အခါတွင် တွေ့ကြုံနိုင်ပေသည်။ အိပ်မက်ထဲတွင် ရံဖန်ရန်ခါ အချိန်အလွန်ကြာညောင်းခဲ့သော်လည်း အမှန်စင်စစ်မှာ မိနစ်အနည်းငယ် သို့မဟုတ် စက္ကန့်အနည်းငယ်မျှသာကြာခဲ့ပေသည်။

ဤအကြောင်းနှင့်ပတ်သက်၍ ပိုမိုရှင်းလင်းအောင် စဉ်းစားကြည့်ကြပါစို့။ ကျွန်ုပ်တို့ကို အလုံပိတ်ထား၍ ပြတင်းပေါက်ငယ်ငယ်တစ်ခုသာဖွင့်ပေးထားသော အခန်းတစ်ခန်းတွင် လှောင်ထားသည်ဆိုပါစို့။ အချိန်မည်မျှကြာညောင်းသည်ကို သိရန်အတွက် နာရီတစ်လုံးကိုလည်းထားပေးမည်။ ပြတင်းပေါက်မှတစ်ဆင့် အချိန်အတိုင်းအတာတစ်ခုခုအတွင်း နေထွက်လာသည်ကိုလည်းကောင်း၊ ညနေစောင်းနေဝင်သွားသည်ကိုလည်းကောင်း၊ မြင်ရပေမည်။ ရက်အနည်းငယ်ကြာမြင့်သောအခါ ကျွန်ုပ်တို့သည် ထိုနာရီနှင့် ပြတင်းပေါက်မှတဆင့်တွေ့မြင်ရသောနေဝင်နေထွက်အကြိမ်ပေါင်းဖြင့် ထိုအခန်းတွင်နေခဲ့ရသောအချိန်ရက်ပေါင်းကို ရေတွက်မည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့်လည်း နေဝင် နေထွက်သောအချိန်ပေါင်း ၄–၅ ခါတွေ့ခဲ့ရပါလိမ့်မည်။ ထိုအခန်းမှထွက်လာသောအခါ ပြင်ပတွင်ရှိသောပုဂ္ဂိုလ်က ကျွန်ုပ်တွေ့ရသောနေဝင်နေထွက်သည် တနည်းတဖုံဖန်တီးထား၍ နာရီကိုလည်း ထိုပြတင်းပေါက်မှတဆင့်တွေ့မြင်ရသောနေဝင်နေထွက်နှင့်ကိုက်ညီအောင် သီးခြားမြန်အောင်ချိန်ကိုက်ထားကြောင်း၊ အမှန်စင်စစ် နှစ်ရက်သာကြာသည်ဟုပြောပြပေလိမ့်မည်။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့အခန်းတွင်း၌နေခဲ့စဉ်က ရေတွက်မှတ်သားခဲ့သောအချိန်သည် အဓိပ္ပါယ်ကင်းမဲ့နေတော့သည်။

ဤဥပမာက အချိန်၏ရွေ့လျားနှုန်းသည် ကျွန်ုပ်တို့မှီငြမ်းသောနှိုင်းယှဉ်ချက်ပေါ်တွင် မူတည်အခြေခံနေကြောင်း အတည်ပြုပေသည်။ နှိုင်းယှဉ်ခြင်းအရဖြစ်သောအချိန်သည် သိပ္ပံနည်းကျကျ သက်သေပြအတည်ပြုထားပြီးသော သိပ္ပံပညာအချက်အလက်ဖြစ်၏။ **အိုင်စတိုင်း၏ Theory of General Relativity** တွင် အချိန်၏ရွေ့လျားနှုန်းသည် အရာဝတ္ထု၏ရွေ့လျားနှုန်းနှင့် ဆွဲငင်အားလွင်ပြင်(gravitational field)အတွင်းတည်ရှိသော နေရာအမှတ်ပေါ်မူတည်၍ ပြောင်းလဲလျက်ရှိ၏၊ ဟု ဆိုထားပေသည်။ အမြန်နှုန်းမြင့်တက်တိုင်း အချိန်သည်လည်းတိုတောင်းလာပေသည်။ အဆုံးတွင် အချိန်သည် “ရပ်တန့်”သွားသကဲ့သို့ပင်ဖြစ်လိမ့်မည်။

ဤအကြောင်းနှင့်ပတ်သက်၍ အိုင်စတိုင်းကိုယ်တိုင်ပေးခဲ့သောဥဒါဟရုဏ်ဖြင့် ရှင်းပြပါရစေ။ အမွှာပူးညီနောင်နှစ်ဦးအနက် တစ်ဦးက ကမ္ဘာမြေကြီးပေါ်တွင်နေထိုင်ပြီး၊ အခြားတစ်ဦးက အလင်း၏အလျင်နှုန်းနီးပါးဖြင့် အာကာသတွင်ခရီးထွက်နေသည့်အဖြစ်ကို စဉ်းစားကြည့်ကြပါစို့။ ထိုသူ ကမ္ဘာမြေကြီးပေါ်သို့ပြန်ရောက်လာသောအခါ သူ၏ညီအစ်ကိုအမွှာပူးမှာ သူ့ထက်အသက်ပို၍အိုမင်းနေသည်ကို တွေ့ရပေလိမ့်မည်။ အကြောင်းမှာ အလင်း၏အလျင်နှုန်းနီးပါးဖြင့် ခရီးသွားပျံသန်းနေသူအတွက် အချိန်သည်အလွန်နှေးကွေးသွားသောကြောင့်ဖြစ်ပေသည်။ အသက် ၂၇နှစ်ရှိသောဖခင်တစ်ဦးသည် အာကာသယာဉ်ဖြင့် အာကာသသို့အလင်း၏အလျင်နှုန်းနီးပါးဖြင့်ခရီးထွက်ခဲ့ရာ ကမ္ဘာပေါ်တွင် ၃ နှစ်အရွယ်သားငယ်တစ်ယောက်ကျန်ခဲ့သည်ဆိုပါစို့။ ကမ္ဘာမြေကြီးအချိန်အရ ၂၇ နှစ်ကြာသည်တိုင်အောင် အာကာသတွင်ပျံသန်းပြီးနောက် ကမ္ဘာပေါ်သို့ပြန်လာသောအခါ သူ၏သားသည် အသက် ၃၀ နှစ်ရှိနေပြီး၊ ဖခင်ကလည်း အသက်၃၀နှစ်သာရှိနေသေးသည်ကို တွေ့ရမည်ဖြစ်သည်။ ဖခင်အတွက် အာကာသအချိန်အရ ၃ နှစ်သာကြာခဲ့မည်ဖြစ်၏။[၄၆] ဤနှိုင်းယှဉ်ခြင်းကြောင့်ဖြစ်သောအချိန်သည်၊ နာရီ၏စပရင်သံပတ်ပိုမြန်၍သော်လည်းကောင်း၊ နှေးကွေးသွား၍သော်လည်းကောင်း မဟုတ်ချေ။ ရုပ်ဝတ္ထုပစ္စည်းများ၏ အဏုစိတ်ဖြစ်ပေါ်တည်ရှိခြင်းနှင့်သက်ဆိုင်သောကာလနှင့်အတူ အဏုမြူအမှုန်များအထိဆိုင်ရာ စနစ်တစ်ခုလုံးနှင့်သက်ဆိုင်နေပေသည်။ အမှန်မှာ လူသားအနေဖြင့် ထိုကဲ့သို့အချိန် နှေးကွေးသွားခြင်းကို ထိတွေ့ခံစားခြင်းမရှိချေ။ အနှေးပြရုပ်ရှင်(slow motion pictures) ကဲ့သို့ဖြစ်နေသော်လည်း သိရှိခံစားရခြင်းမရှိချေ။ ထိုကဲ့သို့ အချိန်တိုတောင်းသွားရာတွင် ထိုလူ၏နှလုံးခုန်ခြင်း၊ ဆဲလ်များပုံတူကူးခြင်း၊ ဆဲလ်များပျက်စီးသွားခြင်း၊ ဦးနှောက်အလုပ်လုပ်ခြင်း စသည်တို့အားလုံးသည်လည်း၊ ကမ္ဘာမြေကြီးတွင်ရှိသော နှေးကွေးစွာလှုပ်ရှားနေသောလူ၏ခန္ဓာကိုယ်အတွင်းဖြစ်ပျက်မှုထက် နှေးကွေးသွားမည်ဖြစ်ပေသည်။ သို့သော်လည်း ထိုသူသည် မိမိ၏နေ့စဉ်လုပ်ရိုးလုပ်စဉ်အတိုင်း အချိန်တိုတောင်းသွားခြင်းကို မသိဘဲဖြစ်နေလိမ့်မည်။ ထိုကဲ့သို့ အချိန်တိုတောင်ခြင်းသည်ပင် နှိုင်းယှဉ်ခြင်းမရှိပါက ထင်ရှားပေါ်လွင်ခြင်းပင် ရှိမည်မဟုတ်ပေ။

## ကုရ်အာန်ကျမ်းတော်မြတ်ရှိ နှိုင်းယှဉ်ချက်
## Relativity in the Quran

ခေတ်သစ်သိပ္ပံပညာတွေ့ရှိချက်များက ကျွန်ုပ်တို့အား **အချိန်သည် ရုပ်ဝါဒီတို့ယုံကြည်ကြသကဲ့သို့ ပကတိအကြွင်းမဲ့ဖြစ်သောအရာမဟုတ်ဘဲ သိရှိခံစားရသောနှိုင်းယှဉ်ချက်သာလျှင်ဖြစ်သည်**ဟု နောက်ဆုံးကောက်ချက်ချစေသည်။ ဤအချက်ကို ၂၀ ရာစုနှစ်ကျရောက်မှသာလျှင် သိပ္ပံပညာက တွေ့ရှိရသော်လည်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၀၀ ကျော်ကတည်းက ကုရ်အာန်ကျမ်းတော်မြတ်တွင် လူသားတို့အား ထုတ်ဖော်ပြသခဲ့ခြင်းသည် အထူးစိတ်ဝင်စားဖွယ်ပင်ဖြစ်၏။ နှိုင်းယှဉ်ခြင်းဖြင့်ဖြစ်သောအချိန်(relativity of time) နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် အမြောက်အမြားဖော်ပြထားပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖွင့်ဟဖော်ထုတ်ထားသော နှိုင်းယှဉ်ချက်ဖြင့်ဖြစ်သောအချိန်ဟူသည် အဖြစ်အပျက်များ၊ အစီအစဉ်များနှင့် အခြေအနေများကို မှတ်သားထားသောအသိစိတ်မှတဆင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု သိပ္ပံပညာကပင် သက်သေပြထားလေပြီ။ ဥပမာ၊ လူသားတစ်ယောက်၏သက်တန်းသည် အလွန်တိုတောင်းသောအချိန်ဖြစ်သည်ဟု ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ဆိုထားပေသည်။

> အကြင်နေ့တွင် ထိုအရှင်မြတ်သည် အသင်တို့အား ခေါ်တော်မူမည်။ ထိုအခါ အသင်တို့သည် ထိုအရှင်မြတ်အား ချီးမွမ်းကာထူးကြပေမည်။ ထို့ပြင် အသင်တို့သည် မိမိတို့မှာ (လူ့လောကတွင်)အနည်းငယ်မျှသာ နေခဲ့ကြသည်ဟု ထင်မြင်ယူဆကြပေမည်။
> (စူရာဘနီအီစ်ရာအီလ် ၁၇း၅၂)

> ထို့ပြင် အကြင်နေ့တွင် ၎င်းတို့အား စုရုံးတော်မူပေမည်။ ထိုအခါ ၎င်းတို့သည် (မိမိတို့မှာလောကတွင်) နေ့၏တစ်နာရီခန့်မျှသာ နေခဲ့ကြရသည်(ဟုထင်မှတ်ကြပေမည်)။
> (စူရာယူနွတ်စ် ၁၀း၄၅)

အချို့အာယသ်တော်များတွင် လူတို့သည် အချိန်ကိုတစ်မျိုးစီ တူညီမှုမရှိဘဲလက်ခံသိရှိကြကြောင်း ဖော်ပြထားပေသည်။ အချို့သောသူတို့သည် အလွန်တိုတောင်းသောအချိန်ကို ကြာမြင့်သောအချိန်အဖြစ်ခံစားသိကြ၏။ နောင်တမလွန်ဘဝတွင် လူတွေအချင်းချင်း အတင်အကျပြောဆိုကြမည့် စကားကို စိတ်ဝင်စားဖွယ် ဖော်ပြထားပေသည်။

> ထိုအရှင်မြတ်သည် အသင်တို့သည် ကမ္ဘာမြေဝယ် နှစ်ပရိစ္ဆေဒ အရေအတွက်အားဖြင့် မည်မျှကြာအောင် နေခဲ့ကြသနည်းဟု မိန့်ကြားတော်မူမည်။ ၎င်းတို့က ကျွန်တော်မျိုးတို့သည် တစ်နေ့တိတိသော်လည်းကောင်း၊ တစ်နေ့လျော့လျော့သော်လည်းကောင်း နေခဲ့ကြပါသည် (ဟုဖြေကြလိမ့်မည်)။ ရေတွက်သူများဖြစ်သောမလာအိကာကောင်းကင်တမန်များအား မေးမြန်းသောအခါ အသင်တို့သည် (ကမ္ဘာမြေဝယ်) အနည်းငယ်မျှသာ ကြာမြင့်ခဲ့ကြပေသည် (ဟုပြန်ဖြေလိမ့်မည်)။ (စူရာ အလ်မုအ်မိနူန် ၂၃း၁၁၂–၁၁၄)

အချို့အာယသ်တော်များတွင် သီးခြားဝန်းကျင်တွင် အချိန်သည်မတူညီသောအဟုန်ဖြင့် စီးတွေသည်ဟု ပြဆိုထားပေသည်။

> ၎င်းပြင်ထိုသူတို့သည် အသင့်ထံ(လာရောက်ကြ၍) ပြစ်ဒဏ်ကို အဆောတလျင် တောင်းဆိုကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မိမိကတိကို အလျင်းပျက်ကွက်တော်မူမည် မဟုတ်ပေ။ ၎င်းပြင် ဧကန်စင်စစ် အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ နေ့တနေ့သည် အသင်တို့ရေတွက်ကြသော အနှစ်တစ်ထောင်ကဲ့သို့ပင်ဖြစ်ပေသည်။ (စူရာအလ်ဟဂ်ျ ၂၂း၄၇)
>
> မလာအိကဟ်ကောင်းကင်တမန်များသည်လည်းကောင်း၊ (ရုဟ်)အသက်ဇီဝိန်ဝိညာဉ်များသည်လည်းကောင်း၊ ထိုအရှင်မြတ်ထံတော်သို့ တက်ရောက်သွားကြပေသည်။ အကြင်နေ့တွင် ယင်းနေ့၏အတိုင်းအတာသည် ဤပစ္စက္ခ၏နှစ်ပေါင်းငါးသောင်းနှင့် ညီမျှသည်။ (စူရာ အလ်မအ်ရိဂ်ျ ၇၀း၄)
>
> ထိုအရှင်မြတ်သည် မိုးကောင်းကင်မှ ပထဝီမြေအထိ အမှုကိစ္စအရပ်ရပ်တို့ကို စီမံခန့်ခွဲတော်မူ၏။ ထို့နောက် ယင်းအမှုကိစ္စတို့မှာ အသင်တို့ရေတွက်ကြကုန်သော အရေအတွက်ဖြင့် အနှစ်တစ်ထောင်အတိုင်းအတာရှိသောနေ့တစ်နေ့တွင် ထိုအရှင်မြတ်အထံတော်သို့ တက်သွားပေမည်။ (စူရာအလ်ဆဂ်ျဒါ ၃၂း၅)

ဤအာယသ်တော်များသည် နှိုင်းယှဉ်ခြင်းဖြင့်ဖြစ်သောအချိန်ကို အရှင်းလင်းဆုံးဖော်ပြထားပေသည်။ ၂၀ ရာစုနှစ်ရောက်မှ သိပ္ပံပညာရှင်တို့က သိရှိရသည့်အချက်ကို လွန်ခဲ့သည့်နှစ်ပေါင်း ၁၄၀၀ ကျော်တွင် လူသားတို့အား ဖော်ပြထားသောကုရ်အာန်ကျမ်းတော်မြတ်သည်၊ အချိန်နှင့်အာကာသအရာခပ်သိမ်းကို လွှမ်းခြုံထားတော်မူသော အလ္လာဟ်အရှင်မြတ်ထံမှလာသော အမိန့်တော်များဖြစ်ကြောင်း အလိုလိုသက်သေထူလျက်ရှိပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်ပါ အခြားအာယသ်တော်အမြောက်အမြားသည်လည်း၊ အချိန်သည် သိရှိခံစားရခြင်းသာဖြစ်ကြောင်း ဖော်ပြထားပေသည်။ အထူးသဖြင့် ဇာတ်ကြောင်းဖြစ်စဉ်များတွင် ပိုမိုထင်ရှားစွာ တွေ့ရပေသည်။ ဥပမာ၊ အလ္လာဟ်အရှင်မြတ်သည် အလ္လာဟ်အရှင်မြတ်၌ သက်ဝင်ယုံကြည်သူတစ်စုကို ဥမင်လိုဏ်ခေါင်းတွင် ခိုအောင်းစေခြင်းအကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၌ ဖော်ပြတော်မူ၏။ ထိုသူတို့သည် နှစ်ပေါင်း ၃၀၀ ခန့်ဥမင်လိုဏ်ခေါင်းတွင်း၌ အိပ်ပျော်နေခဲ့ကြလေသည်။ ထိုသူတို့နိုးလာသောအခါ ခေတ္တမျှ အိပ်ပျော်သွားကြသည်ဟု ထင်ခဲ့ကြ၍ သူတို့သည် မည်မျှကြာရှည်အောင် အိပ်ပျော်နေခဲ့ကြသည်ကို မသိကြချေ။

> သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့၏နားပေါ်၌ ဥမင်လိုဏ်ခေါင်းတွင် ရေတွက်ထားသောနှစ်ပေါင်းများစွာအထိ (တံဆိပ်)ရိုက်နှိပ်အဖုံးအကာကို ချထားတော်မူခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့အား ထိုအုပ်စုနှစ်စုအနက် မည်သည့်အုပ်စုသည် ၎င်းတို့နေထိုင်ခဲ့ကြသော(အချိန်ကာလ၏) အဆုံးအစွန်ကို ရေတွက်မှတ်သားခဲ့သည်ကို သိအံ့သောငှာ ပြန်နိုးစေတော်မူခဲ့ပေသည်။ (စူရာ အလ်ကာဖ် ၁၈း၁၁–၁၂)

ၵင်းပြင် ဤနည်းနှင်နှင် ငါအရှင်မြတ်သည် ထိုသူတို့အား ၎င်းတို့အချင်းချင်း တစ်ဦးကို တစ်ဦး မေးမြန်းကြအံ့သောငှာ(ပြန်လည်၍) နိုးထစေတော်မူခဲ့၏။ (ထိုအခါ) ၎င်းတို့အနက် ပြောဆိုသူတစ်ဦးက အသင်တို့သည် အဘယ်မျှလောက်(အချိန်ကာလတိုင်အောင် အိပ်ပျော်) နေခဲ့ကြသနည်းဟု ပြောဆိုမေးမြန်းခဲ့ရာ ထိုသူတို့(အနက်အချို့)က ကျွန်ုပ်တို့သည် တစ်နေ့ သို့မဟုတ် နေ့၏တစ်စိတ်တစ်ဒေသမျှပင် အိပ်ခဲ့ကြပါသည်ဟု ဖြေကြားခဲ့လေသည်။ (ထို အခါ) ၎င်း(တို့အနက် အချို့သူ)တို့ကမူ (ဤသို့)ပြောဆိုခဲ့ကြလေသည်။ (စင်စစ်)အသင်တို့ အိပ်ပျော်နေခဲ့ကြသောအချိန်ကာလကို အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် မြတ်သည်သာလျှင် အသိဆုံးပင် ဖြစ်တော်မူ၏။ ---။ (စူရာ အလ်ကာဖ် ၁၈း၁၉)

အချိန်ဟူသည်၊ လူတို့၏ အသိခံစားမှုသာလျှင်ဖြစ်ကြောင်းကို အောက်ပါအာယသ်တော်တွင် လည်း ပြဆိုထားပေသည်။

၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် အကြင်သူ၏ အဖြစ်အပျက်ကို လေ့လာဆင်ခြင် သုံးသပ်ပြီး ဖြစ်သည်မဟုတ်လော။ ထိုသူသည် (အိမ်ခေါင်မိုးများပြိုကျကာ နံရံများသည် လည်း)ခေါင်မိုးများပေါ် သို့ပြိုကျ၍ ပျက်စီးလျက်ရှိသော မြို့ရွာတစ်ရွာကို ဖြတ်သန်းသွား လေရာ "အလ္လာဟ်အရှိမြတ်သည် ဤမြို့ရွာကို ပျက်စီးပြီးနောက် အဘယ်နည်းဖြင့် ပြန် လည်(ရှင်စေ)ထူထောင်တော်မူအံ့နည်း" ဟု (မိမိစိတ်တွင်းဝယ် အံ့သြကြီးစွာဖြင့်တွေးဆ) ပြောဆိုလေသည်။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် ထိုသူအား နှစ်ပေါင်းတစ်ရာ တိတိသေစေတော်မူခဲ့လေ၏။ ထို့နောက်တဖန် ထိုအရှင်မြတ်သည် ထိုသူအား ရှင်တော်မူ၍ "အသင်သည်(ဤနေရာ၌)မည်မျှတိုင်အောင်ကြာမြင့်စွာနေခဲ့ပါသနည်း"ဟု မေးမြန်းတော် မူလေရာ ထိုသူက ကျွန်တော်မျိုးသည် တစ်နေ့တိတိ သို့တည်းမဟုတ် တစ်နေ့လျော့ လျော့နေခဲ့ပါသည်"ဟု လျှောက်ထားလေသည်။ (ထိုအခါအလ္လာဟ်အရှင်မြတ်က) "စင်စစ်မှာကား အသင်သည် နှစ်ပေါင်းတစ်ရာမျှတိုင်အောင် နေခဲ့လေပြီ။ အသင်သည် မိမိ၏စားဘွယ်သောက်ဘွယ်ရာများကို ရှုပါလေ၊ ထိုစားဘွယ်များသည် (ဤမျှနှစ်ကာလ ပရိစ္ဆေဒကြာမြင့်သော်လည်း စိုးစည်းမျှ) ပုပ်သိုးနံစော်ခြင်းမရှိပြီ။ တဖန် (မိမိစီးနင်း၍လာ သော)မြည်းတိရိစ္ဆာန်ကို(လည်း)ကြည့်ပါလေ၊ စင်စစ်တမူကား ငါအရှင်မြတ်သည် အသင့် ကို(ယင်းကဲ့သို့သေစေတော်မူပြီး) တဖန်ရှင်စေတော်မူခြင်းမှာ လူခပင်းတိုအဘို့ သက်သေခံ လက္ခဏာတစ်ရပ်ပြုလုပ်တော်မူရန်ပင်တည်း။ ထိုနည်းတူစွာ ငါအရှင်မြတ်သည် (အသင်စီး နင်း၍လာသော မြည်းတိရိစ္ဆာန်၏)အရိုးများကို မည်သည့်နည်းမျိုးဖြင့် ဆက်စပ်တော်မူ၍ အသားဖြင့် ဖုံးအုပ်ပေးတော်မူသည်ကိုလည်း ရှုပါလေဟု မိန့်ကြားတော်မူလေသည်။ ထို့နောက် (အလ္လာဟ်အရှင်မြတ်မိန့်ကြားတော်မူသည့်အတိုင်း အဖြစ်အပျက်အလုံးစုံတို့ သည်) ထိုသူ့အဘို့ရာ ထင်ရှားလာသောအခါ ထိုသူက "မုချဧကန် အလ္လာဟ်အရှင်မြတ် သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသောအရှင်မြတ်ဖြစ်တော်မူသည်ကို ကျွန် တော်မျိုး (မျက်မြင်ဒိဋ္ဌသိမြင်)ယုံကြည်ပါပြီ"ဟု လျှောက်ထားလေသတည်း။
(စူရာ အလ်ဘက္ကရာ ၂း၂၅၉)

အထက်ပါအာယသ်တော်သည် အချိန်ကိုဖန်ဆင်းသူ အလ္လာဟ်အရှင်မြတ်သည် ယင်းအချိန်၏ အ ကန့်အသတ်အတွင်း၌ မရှိကြောင်းကို ပြဆိုထားပေသည်။ တစ်ဘက်တွင် လူသားတို့သည်ကား အလ္လာဟ်အရှင်မြတ်က ဥပဓ္ဓျာယ်ပြု အပ်နှင်းပေးတော်မူသော အချိန်၏အကန့်အသတ်အတွင်း၌သာ လျှင် အသက်ရှင်နေကြရပေသည်။ အထက်ပါအာယာသ်၌ ဖေါ်ပြထားသောလူသည်၊ သူကိုယ်တိုင် မည်မျှကြာမြင့်စွာ အိပ်ပျော်သွားခဲ့သည်ကိုပင် မသိနိုင်ခဲ့ချေ။ ထိုသို့သောအခြေအနေတွင် ရုပ်ဝါဒီ တို့၏ လိုရာဆွဲ၍ မမှန်မကန်လုပ်ကြံတွေးထင်သကဲ့သို့ ဖြစ်နိုင်ရန်မှာ ကျိုးကြောင်းဆီလျော်ခြင်း မရှိပေ။

## ဘဝကံကြမ္မာ **Destiny**

နှိုင်းယှဉ်ချက်အရဖြစ်သောအချိန်သည် အလွန်အရေးကြီးသောကိစ္စတစ်ခုကို ရှင်းလင်းပေးလေသည်။ ကျွန်ုပ်တို့၏အမြင်တွင် နှစ်ပေါင်းသန်းပေါင်းများစွာသောကာလပရိစ္ဆေဒကြာမြင့်ခြင်းသည် အမှန်စင်စစ်အခြားအမြင်အနေဖြင့် တစ်စက္ကန့်မျှလောက်သာ ကြာမြင့်ခြင်းဖြစ်နိုင်ကြောင်းကို ရှင်းလင်းစွာ သဘောပေါက်စေပေသည်။ နှစ်ပေါင်းသန်းပေါင်းများစွာကြာမြင့်ခဲ့သည်ဟုထင်ရသောကမ္ဘာ့သက်တန်းသည်လည်း အခြားသောအမြင်ဘက်မှကြည့်သည်ရှိသော် တစ်စက္ကန့်မျှသောအချိန်မျှပင်မရှိဘဲ ခဏတဖြုတ်မျှသောအချိန်သမယပင်ဖြစ်ပေလိမ့်မည်။

ဤသည်ပင်လျှင် လူအများက သဘောပေါက်နိုင်ရန် ခက်ခဲနေသည့် ဘဝကံကြမ္မာနှင့်ပတ်သက်သည့် ခံယူချက်၏အနှစ်သာရဖြစ်ပေသည်။ ရုပ်ဝါဒီတို့မူကား ဘဝကံကြမ္မာကို လုံးလုံးလျားလျားငြင်းပယ်ထားကြလေသည်။

ဘဝကံကြမ္မာဟူသည်မှာ အလ္လာဟ်အရှင်မြတ်က အတိတ်နှင့်အနာဂါတ်အလုံးစုံကို သိရှိတော်မူခြင်းပင်ဖြစ်၏။ လူအများအားဖြင့် အလ္လာဟ်အရှင်မြတ်သည် ဖြစ်ပေါ်ခြင်းမရှိသေးသည့် အဖြစ်အပျက်တစ်ခုခုကို မည်သို့ကြိုတင်သိရှိပါသနည်း ဟူသောအတွေးအခေါ်ကပင် ၎င်းတို့အား ကံကြမ္မာ၏မှန်ကန်မှုကို နားလည်သဘောပေါက်ခြင်းမှ ကင်းဝေးစေနေပေသည်။ သို့သော်လည်း မပေါ်ပေါက်သေးသောအဖြစ်အပျက်သည် **ကျွန်ုပ်တို့အတွက်**သာလျှင်ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် အချိန်ကို ဖန်ဆင်းသူဖြစ်တော်မူသောကြောင့် အချိန်၏အကန့်အသတ်ဘောင်အတွင်း၌မရှိချေ။ ထို့ကြောင့် **အတိတ်၊ အနာဂတ်နှင့် ပစ္စုပ္ပန်အားလုံးတို့သည် အလ္လာဟ်အရှင်မြတ်အတွက် အတူတူဖြစ်နေပေသည်။ အရာခပ်သိမ်းတို့သည် တချိန်တည်းတွင်ဖြစ်ပျက်ပြီးဆုံးခဲ့ပြီးဖြစ်ပေသည်။**

စကြာဝဠာနှင့် အိုင်စတိုင်း*(The Universe and Dr. Enstein)* ဟူသောစာအုပ်တွင် လင်းကွန်းဘားနက်က စကြာဝဠာနှင့်ပတ်သက်၍ အထွေထွေနှိုင်းယှဉ်ခြင်းအရဖြစ်သောသီအိုရီTheory of General Relativityက ဤအချက်နှင့်ပတ်သက်၍မည်ကဲ့သို့ကောက်ချက်ချ နိဂုံးချုပ်ထားသည်ကို အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။ **"စကြာဝဠာ၏ ကြီးကျယ်ခန်းနားမှုတစ်ခုလုံးကို မိုးကောင်းကင်ရှိ ဉာဏ်ပညာပြည့်စုံမှုအသိတရား(cosmic itellect)ကလွှမ်းခြုံထားပေသည်။"**[၆၇]ဟု ဆိုထားပေသည်။ ဘားနက်ပြောသော "မိုးကောင်းကင်ရှိ ဉာဏ်ပညာပြည့်စုံမှုအသိတရား"သည် **စကြာဝဠာတစ်ခုလုံးကို လွှမ်းခြုံထားတော်မူသော အလ္လာဟ်အရှင်မြတ်၏ ဉာဏ်ပညာအမြော်အမြင်အပေါင်းကို** ဆိုလိုခြင်းဖြစ်၏။ ကျွန်ုပ်တို့ ပေတံတစ်ချောင်းကို ကြည့်လိုက်သောအခါ အစ၊ အလယ်၊ အဆုံးတို့တွင်ရှိသော အမှတ်အသားများအားလုံးကို မြင်ရသကဲ့သို့၊ အလ္လာဟ်အရှင်မြတ်သည် အချိန်တည်းဟူသောအကန့်အသတ်ဘောင်အတွင်း၌မရှိသောကြောင့် အတိတ် ပစ္စုပ္ပန် အနာဂတ်အားလုံးကို တပြိုင်တည်း တွေ့မြင်နိုင်ခြင်းဖြစ်ပေသည်။ လူသားတို့မူကား အလ္လာဟ်အရှင်မြတ်က ဖန်တီးပေးထားသော မိမိတို့ကြုံတွေ့ရသည့် ကံကြမ္မာအချိန်သမယကိုသာလျှင် သိရှိကြပေသည်။

ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းတွင် မမှန်မကန်ပုံပျက်ပန်းပျက် နားလည်သဘောပေါက်နေကြသည့် ကံကြမ္မာသဘောတရားကိုလည်း သတိမူရန် အရေးကြီးပေသည်။ ယင်းမမှန်ကန်သောကံကြမ္မာ သဘောတရားသည်၊ အလ္လာဟ်အရှင်မြတ်က လူတိုင်းအတွက်သတ်မှတ်ထားပြီးဖြစ်သော မိမိ၏ "ကံကြမ္မာ"ကို ပြောင်းလဲပစ်နိုင်သည် ဟူသောအယူသီးမှုပင်ဖြစ်ပေသည်။ ဥပမာ လူနာတစ်ယောက်သည် သေလုနီးပါး သေမင်းတံခါးဝမှ လွတ်မြောက်လာပြီး ပြန်လည်ကျန်းမာလာသောအခါ "သူ၏ကံကြမ္မာကို အောင်နိုင်ခဲ့ပြီ"(he defeated his destiny)ဟု ပြောလေ့ရှိကြ၏။ အမှန်မှာ မိမိ၏ကံကြမ္မာကို မည်သူကမျှ ပြောင်းလဲပစ်နိုင်ကြသည်မဟုတ်။ သေမင်းတံခါးဝမှ ပြန်လည်လှည့်လာနိုင်ခဲ့သူ၏ကံကြမ္မာအတိအကျမှာ ထိုအချိန်သမယတွင် သေရမည့်အချိန်မရောက်သေးသော ကံကြမ္မာသာလျှင် ဖြစ်ပေသည်။ အသက်မသေဘဲ လွတ်မြောက်လာခြင်းမျိုးကို "ကျုပ်ကံကြမ္မာကို အောင်နိုင်ခဲ့တယ်"ဟု ပြောဆိုခြင်း ယုံကြည်နေကြခြင်းသည်လည်း ရယ်စရာသာလျှင်ဖြစ်နေပေသည်။

ကံကြမ္မာဟူသည်၊ အရာခပ်သိမ်းနှင့် ရှိလေသမျှအချိန်နှင့် အာကာသဒေသကို တစ်ခုတည်းသောအချိန်သမယနေရာဒေသအဖြစ် သိမြင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ အဆုံးမရှိသောဉာဏ်တော်

ပင်ဖြစ်ပေသည်။ အရာခပ်သိမ်းသည် ကံကြမ္မာတွင် သတ်မှတ်ထားပြီးဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်အရလည်း အလ္လာဟ်အရှင်မြတ်အတွက် အချိန်သည်တစ်ခုတည်းသောသမယဖြစ်ကြောင်း သိရှိရပေသည်။ ဉပမာ၊ ကျွန်ုပ်တို့လူသားများ၏ပြုလုပ်ဆောင်ရွက်ချက်များကို နောင်တမလွန်ဘဝတွင် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌ စာရင်းရှင်းအစီရင်ခံကြခြင်းကို လွန်ခဲ့ပြီးသောအဖြစ်အပျက်ကဲ့သို့ ဖော်ပြထားသည်ကို တွေ့ရပေသည်။

> ထိုမှတစ်ပါး တံပိုးခရာမှုတ်သောအခါ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူသောသူမှတစ်ပါး မိုးကောင်းကင်များ၌ ရှိကြကုန်သောသူတို့သည်လည်းကောင်း၊ သတိမေ့၍သွားကြ၏။ ထိုနောက်တဖန် ယင်းတံပိုးကို မှုတ်ခဲ့ပြန်သော် ၎င်းတို့မှာ ရုတ်တရက်မတ်တတ်ရပ်လျက်ကြည့်နေကြ၏။ ၎င်းပြင် ပထဝီမြေမှာ ၎င်းကို ဖန်ဆင်းတော်မူသောအရှင်မြတ်၏ ရောင်ခြည်တော်ကြောင့် လင်းထိန်၍သွား၏။ ထို့ပြင် မှတ်တမ်းစာအုပ်များသည်လည်း (အဆင်သင့်)ထားရှိပြီးဖြစ်သည်။ ထိုမှတစ်ပါး နဗီတမန်တော်တို့သည်လည်းကောင်း၊ "ရှဟီးဒ်" (အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ကျဆုံးခဲ့ကြရသောသူ)တို့သည်လည်းကောင်း၊ (ရှေ့တော်မှောက်သို့)ရောက်လာကြရပေသည်။ ထို့ပြင်၎င်းတို့၏အကြားဝယ် တိကျမှန်ကန်စွာစီရင်ဆုံးဖြတ်ပြီးဖြစ်၏။ သို့ရာတွင် ၎င်းတို့မှာ (အနည်းငယ်စိုးစည်းမျှပင်) မတရားပြုလုပ်ခြင်းကို ခံကြရသည်မဟုတ်ပေ။---။ စင်စစ်သော်ကား "ကာဖိရ်"သွေဖည် ငြင်းပယ်ခဲ့ကြကုန်သောသူတို့သည် "ဂျဟန္နမ်" ငရဲဘုံသို့ အုပ်စုလိုက် မောင်းနှင်ခြင်းကို ခံကြရပေသည်။---။ ထိုမှတစ်ပါး မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကြောက်ရွံ့ကြကုန်သူတို့မှာ "ဂျန္နတ်"သုခဘုံသို့ အုပ်စုလိုက် အုပ်စုလိုက် ပို့ပေးခြင်းကို ခံကြရပေသည်။ (စူရာ အလ်ဇုမရ် ၃၉း၆၈-၇၃)

ဤကိစ္စနှင့်ပတ်သက်၍ အခြားအာယသ်တော်များတွင်လည်း အောက်ပါအတိုင်း မိန့်တော်မူထားပေသည်။

> ထိုမှတပါး လူတိုင်းသည် 'မဟ်ရှရ်'(စုရုံးရာဌာန)သို့လာရပေမည်။ ၎င်းနှင့်အတူ မောင်းနှင်သူတစ်ဦးနှင့် သက်သေတစ်ဦးရှိကြပေသည်။ (စူရာအလ်ကားဖ် ၅၀း၂၁)

> ၎င်းပြင် မိုးကောင်းကင်သည် အက်ကွဲသွားမည်ဖြစ်ရာ ယင်းမိုးကောင်းကင်မှာ ထိုနေ့တွင် နုံနဲ့ ချူချာ ပျက်ယွင်းလျက် ရှိချိမ့်၏။ (စူရာ အလ်ဟားက္ကဟ် ၆၉း၁၆)

> ထိုမှတစ်ပါး ၎င်းတို့အား ထိုအရှင်မြတ်သည် သည်းခံခြင်းတရားထားရှိခဲ့ကြခြင်းကြောင့် "ဂျန္နတ်"သုခဘုံကိုလည်းကောင်း၊ ပိုး(အဝတ်များ)ကိုလည်းကောင်း၊ အစားပေးတော မူအံ့သတည်း။ ယင်း "ဂျန္နတ်" သုခဘုံ၌ နေ၏အပူရှိကိုလည်းကောင်း၊ ခံရခက်သောအအေးကိုလည်းကောင်း၊ တွေ့ရှိကြသည်မဟုတ်ပေ။ (စူရာအလ်ဒဟ်ဟရ် ၇၆း၁၂-၁၃)

> ၎င်းပြင် "ဂျဟန္နမ်"ငရဲဘုံသည် ကြည့်ရှုသောသူတို့၏ရှေ့ဝယ် ထင်ရှားစွာ ပေါ်လာစေခြင်းကို ခံရပေသည်။ (စူရာအလ်နာဇိအာတ် ၇၉း၃၆)

> သို့ဖြစ်ပေရာ ယနေ့သော်ကား "မုအ်မင်န်"သက်ဝင်ယုံကြည်သူတို့သည် "ကာဖိရ်"သွေဖည်ငြင်းပယ်သောသူတို့အပေါ်ဝယ် ရယ်ကြပေသည်။ (စူရာအလ်မုတဖ်ဖီးန် ၈၃း၃၄)

> ထိုမှတစ်ပါး အပြစ်ရှိသူတို့သည် (ဂျဟန္နမ်ငရဲ)မီးကို တွေ့မြင်ကြသောအခါ ၎င်းတို့သည် ဧကန်မလွဲ မိမိတို့မှာ ယင်းမီးထဲသို့ ကျဆင်းအံ့သောသူများပင်ဖြစ်ကြသည်ဟု ယုံကြည်ကြပေသည်။ သို့ရာတွင် ၎င်းတို့သည် ယင်းမီး(ဘေး)မှ လွဲရှောင်နိုင်ရန် နေရာတစ်စုံတစ်ခုကိုမျှ တွေ့ရှိခဲ့ကြသည် မဟုတ်ပေ။ (စူရာအလ်ကဟ်ဖ် ၁၈း၅၃)

အထက်ပါအာယသ်တော်များတွင် (ကျွန်ုပ်တို့၏အမြင်အရ) အနာဂတ်တွင်ဖြစ်မည့် အဖြစ်အပျက်များကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အတိတ်ကာလတွင်ဖြစ်ပျက်ခဲ့ပြီးသော အဖြစ်အပျက်ကဲ့သို့ ဖော်ပြထားပေသည်။ အလ္လာဟ်အရှင်မြတ်သည်၊ ကျွန်ုပ်တို့၏ဘောင်ခတ်ခြင်းခံရသည့် နှိုင်းယှဉ်ချက်အရဖြစ်သော အချိန်တည်းဟူသောဘောင်အတွင်း၌ မရှိချေ။ အလ္လာဟ်အရှင်မြတ်သည် အချိန်ကင်း

မဲ့ခြင်းအတွင်း၌ ထိုအရှင်မြတ်၏အလိုတော်အတိုင်းစီမံဖန်တီးခဲ့ပေသည်။ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင်မူကား လူတို့သည် နေထိုင်ပေါက်ဖွား ကျင့်ကြံဆောင်ရွက်ခဲ့ကြပြီးဖြစ်ပေသည်။ အောက်ပါကုရ်အာန်အာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် သေးနုတ်သောကိစ္စရပ်ဖြစ်ပင်စေ၊ ကြီးမားသောကိစ္စရပ်ဘဲဖြစ်စေ၊ အရာခပ်သိမ်းတို့သည် အလ္လာဟ်အရှင်မြတ်သိရှိတော်မူသည့်အပြင်၊ စာအုပ်တွင် မှတ်တမ်းတင်ထားခြင်းသည်လည်းရှိကြောင်း ပို့ချထားပေသည်။

> **အသင်တို့သည် မည်သည့်အခြေအနေ၌မဆို ရှိနေသည်ကိုလည်းကောင်း၊ ထိုအခြေအနေတွင် အသင်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့်အပိုင်းကို ရွတ်ဖတ် သရဇ္ဈယ်လျက် ရှိနေသည်ကိုလည်းကောင်း၊ အသင်တို့သည် မည်သည့်အလုပ်မျိုးကိုမဆို ပြုလုပ်နေကြသည်ကိုလည်းကောင်း၊ အသင်တို့ ထိုကိစ္စကို အာရုံစိုက်၍ စတင်ဆောင်ရွက်ကြသော အချိန်အခါတွင် ငါအရှင်မြတ်သည် အသင်တို့အပေါ်ဝယ် အသိသက်သေဖြစ်တော်မူသည်သာတည်း။** (ဟူရာယူနွတ်စ် ၁၀း၆၁)

## ရုပ်ဝါဒီတို့၏ စိုးရိမ်ကြောင့်ကျမှု
## The Worry of The Materialists

ဤအခန်း၌ ဒြပ်ဝတ္ထုပစ္စည်းနှင့် အာကာသဒေသကင်းမဲ့ခြင်း စသည်တို့၏အခြေခံအမှန်တရားများကို အရှင်းလင်းဆုံး အထင်ရှားဆုံးဖြစ်အောင် တင်ပြဆွေးနွေးခဲ့ပေပြီ။ အထက်တွင်ဆိုခဲ့သည့်အတိုင်း ဤအချက်များသည် မည်သည့်အတွေးအခေါ် တွေးထင်ချက်များမှမဟုတ်ဘဲ၊ **ငြင်းဆန်၍မရနိုင်သော သိပ္ပံပညာရလာဒ်ပင် ဖြစ်ပေသည်။** ဤအချက်များသည်၊ လက်တွေ့စည်းစနစ်ကျသည့် အမှန်တရားများဖြစ်သည့်အပြင်၊ ယင်း၏သာဓကများသည် **စကြာဝဠာသည်၊** ၎င်းအတွင်းရှိသည့် သက်ရှိသက်မဲ့တို့နှင့်အတူ အရာခပ်သိမ်းတို့သည်၊ **အရိပ်အယောင်ခံစားချက်များ**သာလျှင်ဖြစ်သည် ဟူသောအချက်နှင့်ပတ်သက်၍ နောက်ထပ်အခြားကျိုးကြောင်းဆီလျော်သော အတွေးအခေါ်မရှိနိုင်တော့ကြောင်း ဝန်ခံပြဆိုလျက် ရှိနေသည်။

ရုပ်ဝါဒီတို့အတွက်ကား လက်ခံရန် အလွန်ခက်ခဲလျက်ရှိ၏။ ဥပမာ ပိုလစ်ဇာ၏ ဘတ်စကားဥဓါဟရဏ်ကို တစ်ဖန်ပြန်ကောက်ကြည့်ကြပါစို့။ ပိုလစ်ဇာသည် နည်းပညာအရ သူကိုယ်တိုင်က မိမိ၏ ခံစားမှုအသိမှခွဲခွာထွက်လာ၍မရကြောင်းသိနေသော်လည်း၊ အချို့အပိုင်းကိုမူ လက်ခံနိုင်ခြင်းမရှိချေ။ ပိုလစ်ဇာအတွက်၊ ကိုယ်ခန္ဓာပိုင်းကို မော်တော်ကားက ဝင်ရောက်တိုက်လိုက်သည့် ထိတွေ့မှုမဖြစ်ပေါ်မချင်း အဖြစ်အပျက်အားလုံးသည် သူ၏ဦးနှောက်အတွင်း၌ ဖြစ်ပေါ်ခဲ့လေသည်။ သို့သော်လည်း၊ ကိုယ်ခန္ဓာပိုင်းကို လာရောက်ထိခိုက်သည့်အချိန်မှစ၍ ရုပ်ပိုင်းဆိုင်ရာအမှန်တရားအဖြစ်သို့ ပြောင်းလဲသွားတော့သည်။ ကျိုးကြောင်းဆင်ခြင်ခြင်းအပိုင်းတွင် ချို့ယွင်းနေသည်ကား ထင်ရှားလျက်ရှိ၏။ ပိုလစ်ဇာသည် "ကျွန်ုပ်က ကျောက်တုံးကိုပိတ်ကန်လိုက်သည်၊ ကျွန်ုပ်၏ ခြေထောက်နာကျင်သည်၊ ထို့ကြောင့် ကျောက်တုံးအမှန်တကယ်ရှိသည်။" ဟုပြောသော ရုပ်ဝါဒီ ဂျွန်ဆန်ကဲ့သို့ပင် မှားယွင်းလျက်ရှိပေသည်။ မော်တော်ကားဝင်ဆောင့်သောဒဏ်သည်လည်း ဦးနှောက်၌ခံစားရသော အသိသာလျှင်ဖြစ်ကြောင်းကို ပိုလစ်ဇာအနေဖြင့် သဘောမပေါက်နိုင်ချေ။

ထိုသို့သော ရုပ်ဝါဒီတို့က နားလည်သဘောမပေါက်နိုင်သော အသိတရားကင်းမဲ့သည့်ကျိုးကြောင်းဆင်ခြင်ခြင်းသည်၊ နားလည်သဘောပေါက်ပါက နောက်ထပ်ရင်ဆိုင်ရမည့်အရေးကို ကြောက်လန့်နေကြခြင်းကြောင့်ဖြစ်ပေသည်။ အချို့သိပ္ပံပညာရှင်တို့က ဤအကြောင်းရပ်ကို "သတိမူသိမြင်" ကြကြောင်း ပြောပြထားပေသည်။

> အတွေးအခေါ်ရှင်တို့က ဇေကန်အမှန်ရှိခြင်းသဘောတရားမှ အသိခံစားမှုအရိပ်အယောင်လောကအဖြစ်သို့ လျှော့ချလိုက်သည့် အတွေးအခေါ်နှင့်အတူ၊ သိပ္ပံပညာရှင်တို့သည်လည်း လူသားတို့၏အာရုံငါးပါးတို့သည် စိုးရိမ်ဖွယ်ကောင်းလောက်အောင် အကန့်အသတ်အတွင်းမှာသာလျှင် ရှိနေသည်ကို သတိမူလာကြပေသည်။[၄၈]

ဒြပ်ဝတ္ထုပစ္စည်းနှင့် အချိန်တို့သည် အသိခံစားမှုမှာသာရှိသည် ဟူသောအကြောင်းသည် ရုပ်ဝါဒီတို့ကို ထိတ်လန့်တကြားဖြစ်စေလေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရာများသည်သာလျှင် သူတို့

အတွက် တွယ်တာစရာများဖြစ်နေသောကြောင့်တည်း။ တစ်နည်းအားဖြင့်၊ ရုပ်ဝါဒီတစ်ဦးသည် ထို အရာများကို ကိုးကွယ်ဆည်းကပ်ရာအရှင်သခင်အဖြစ် လက်ခံထားပေသည်။ သူ့အနေဖြင့် တစ်စ တစ်စပြောင်းလဲလာခြင်း(အီဗိုလူးရှင်း)အရ ဒြပ်ဝတ္ထုပစ္စည်းနှင့်အချိန်က သူ့ကို လူသားအဖြစ်သို့ ဖန် ဆင်းလာခဲ့သည်ဟု ယုံကြည်ထားခြင်းကြောင့်ဖြစ်သည်။

သူကိုယ်တိုင် နေထိုင်အသက်ရှင်လျက်ရှိနေသည်ဟု ထင်နေသောကမ္ဘာလောက၊ သူ၏ကိုယ်ခန္ဓာ၊ အခြားပုဂ္ဂိုလ်များ၊ သူ၏အတွေးအခေါ်ကို ဩဇာလွှမ်းမိုးလျက်ရှိသောရုပ်ဝါဒီအတွေးအခေါ်ရှင်များ၊ အချုပ်အားဖြင့် အရာခပ်သိမ်းတို့သည် အသိခံစားမှုသာလျှင်ဖြစ်သည်ဟု သိရှိလာသောအခါတွင်မူ၊ ကြောက်ရွံ့ခြောက်ခြားလာလေတော့သည်။ သူမှီတင်းနေသောအရာအားလုံး၊ သူယုံကြည်နေသည့်အ ရာအားလုံး၊ သူအားကိုးအားထားပြုနေသည့်အရာမှန်သမျှ ချက်ချင်းလက်ငင်း ရုတ်တရက်ပျောက် ကွယ်သွားလေတော့သဖြင့် အားကိုးရာမဲ့ ထိတ်ထိတ်ပြာပြာဖြစ်နေတော့သည်။ ကုရ်အာန်ကျမ်းတော် မြတ် စူရာအလ်နဒ်လ် ၁၆း၈၇ တွင် **"၎င်းပြင် ထိုသူတို့သည် ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်အထံ တော်သို့ အမိန့်တော်ကိုလိုက်နာရန်ကမ်းလှမ်းကြပေမည်။ ထို့မှတပါး ၎င်းတို့ကြံဖန်လည်ဆယ်လေ့ ရှိခဲ့ကြသည်များသည်လည်း ပျောက်ပျက်၍သွားအံ့သတည်း။"** ဟု မိန့်ဆိုထားတော်မူသကဲ့သို့ နောင် တမလွန်ဘဝ တရားစီရင်မည့်နေ့တွင် သူတွေ့ကြုံရမည့် ဝမ်းနည်းပက်လက် စိတ်အားငယ်ခြင်း ကို ယှဉ်ပြင်ခံစားနေရချေပြီ။

ရုပ်ဝါဒီတို့သည် အုတ်နံရံကိုမိမိ၏ လက်သီးဖြင့်ထုထောင်း၍လည်းကောင်း၊ ကျောက်တုံးကျောက်ခဲ များကိုကန်ကျောက်၍လည်းကောင်း၊ ဟစ်ကြွေးအော်ဟစ်၍လည်းကောင်း မိမိကိုယ်ကို ၎င်းတို့ကိုယ် တိုင်လည်ဆယ်တီထွင်ထားသောအရာများနှင့်အတူ ဒြပ်ဝတ္ထုပစ္စည်းဇကန်အမှန်ရှိသည်ဟူသော အတွေးအခေါ်ကို အတင်းဖြားယောင်းယုံကြည်စေရန် ကြိုးပမ်းနေကြပေသည်။ သို့သော်လည်း အချည်းနှီးသာလျှင်ဖြစ်ချေပြီ။ အမှန်တရားမှ လွတ်ထွက်ခြင်းမဖြစ်နိုင်ကြပေ။

ဤအမှန်တရားကို သူတို့၏စိတ်နှလုံးမှအပြီးအပိုင်ပယ်ချလိုကြသည့်နည်းတူ၊ အခြားသူတို့ကိုလည်း သူတို့ကဲ့သို့ပစ်ပယ်စေလိုကြပေသည်။ အကယ်၍လူအများက ဒြပ်ဝတ္ထုပစ္စည်း၏သဘာဝအစစ်အ မှန်ကိုသိသွားကြပါက၊ သူတို့၏ခေတ်မမီ ရှေးကျဟောင်းနွမ်းနေပြီဖြစ်သောအတွေးအခေါ်နှင့် သူ တို့၏ကမ္ဘာ့အမြင်တွင် သိမ်ဖြင်းနေခြင်းသည် ဘွားဘွားပေါ်သွားတော့မည်ကို သူတို့က ကောင်းစွာ သတိမူကြပေသည်။ သူတို့၏အတွေးအခေါ်ကို အခြေပြုတည်ဆောက်နိုင်မည့် အခြေအမြစ်ပျောက် ကွယ်သွားမည်ကိုလည်း မြင်နေကြ၏။ ဤသို့သောစိုးရိမ်ကြောင့်ကျမှုများကပင် ဖော်ပြခဲ့ပြီးသော ဒြပ်ဝတ္ထုပစ္စည်း၊ အချိန်နှင့်အာကာသဒေသတို့၏အမှန်တရားများအပေါ် မနေနိုင်မထိုင်နိုင် ဖြစ်နေ ကြသည်။

မယုံကြည်သူတို့၏ စိုးရိမ်ကြောင့်ကျကြောက်ရွံ့ခြင်းသည် နောင်တမလွန်ဘဝတွင် ပိုမို၍ပြင်းထန် လာလိမ့်မည်ဖြစ်ကြောင်းကို၊ မိန့်တော်မူထားပေသည်။ ကမ္ဘာ့တရားစီရင်မည့်နောက်ဆုံးနေ့တွင် ထို သူတို့အား အလ္လာဟ်အရှင်မြတ်က ဤသို့မိန့်ကြားတော်မူလိမ့်မည်။

> **၎င်းပြင် အကြင်နေ့ကိုလည်း သတိရသင့်၏။ ထိုနေ့တွင် ငါအရှင်မြတ်သည် ယင်းသူတို့ကို စုရုံးစေတော်မူပြီးနောက် (တစုံတရာကို ငါအရှင်မြတ်နှင့်) တွဲဘက်ကိုးကွယ်ခဲ့ကြသော သူ တို့အား အသင်တို့သည် (ငါအရှင်မြတ်၏တွဲဘက်များဖြစ်ကြသည်ဟူ၍)ထင်မြင်ယူဆ(ကိုး ကွယ်)ခဲ့ကြသော အသင်တို့၏အပေါင်းအဖေါ် (တွဲဘက်ကိုးကွယ်ရာ)များသည် အဘယ် နည်းဟု မေးမြန်းတော်မူအံ့။** (စူရာ အလ်အန်အာမ် ၆း၂၂)

ထိုယောအခါဝယ်၊ မယုံကြည်သူတို့သည်၊ မိမိတို့က ဇကန်အမှန်ရှိသည်ဟုထင်မှတ်၍၊ အလ္လာဟ် အရှင်မြတ်၏အဆင့်တွင် တန်းတူရည်တူတွဲဘက်သတ်မှတ်မြတ်နိုးခဲ့ကြသော ဥစ္စာခနများ၊ သား သမီးဇနီးခင်ပွန်းများ၊ သူတို့ထံပါးမှ ရှောင်ခွါပျောက်ကွယ်သွားသည်ကို မျက်မြင်သက်သေအဖြစ် တွေ့မြင်ကြပေလိမ့်မည်။

ထိုသူတို့သည် မိမိတို့နှင့်ဆန့်ကျင်၍ပင် မည်ကဲ့သို့မုသားပြောဆိုကြသည်ကိုလည်းကောင်း၊ ယင်းသူတို့ထံမှ ယင်းသူတို့၏အကြံအစည်များသည် မဟုတ်မလျားစွပ်စွဲပြစ်မှားလေ့ရှိခဲ့ကြသောအရာများသည် (မည်ကဲ့သို့)ပျက်ပြားဆုံးပါး၍သွားသည်ကိုလည်းကောင်း၊ အသင်သည် (စဉ်းစားဆင်ခြင်၍)ကြည့်ပါလေ။ (စူရာ အလ်အန်အာမ် ၆း၂၄)

## ယုံကြည်သူတို့အတွက် အကျိုးအမြတ်
## The Gain of Believers

ဒြပ်ဝတ္ထုပစ္စည်းနှင့် အချိန်တို့သည် ခံစားမှုအသိသာလျှင်ဖြစ်သည်ဟူသောအချက်သည်၊ ရုပ်ဝါဒီတို့ကို ထိတ်လန့်တကြားဖြစ်စေနေစဉ်၊ ယုံကြည်သူတို့အတွက်မူကား ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်သူတို့သည် ဒြပ်ပစ္စည်း၏နောက်ကွယ်မှ လျှို့ဝှက်ချက်များကို သိရှိရခြင်းဖြင့် ဝမ်းသာအားရကြပေသည်။ အဘယ့်ကြောင့်ဆိုသော် ဤအမှန်တရားသည်ပင် အရာခပ်သိမ်းသောပြဿနာမေးခွန်းတို့၏ အဖြေဖြစ်နေသောကြောင့်တည်း။ “အလ္လာဟ်အရှင်မြတ်ဘယ်မှာရှိသနည်း။” “အလ္လာဟ်အရှင်မြတ်၏အလျင် ဘာရှိခဲ့သနည်း။” “အလ္လာဟ်အရှင်မြတ်ကို မည်သူဖန်ဆင်းသနည်း။” “သင်္ချိုင်းမြေအတွင်း၌ မည်မျှကြာရှည်အောင် နေရမည်နည်း။” “ဂျန္နတ်သုခဘုံနှင့် ငရဲဘုံဘယ်မှာရှိသနည်း။” “လက်ရှိအချိန်တွင် ဂျန္နတ်သုခဘုံနှင့်ငရဲဘုံသည် ဘယ်မှာရှိနေသနည်း။” စသည့်မေးခွန်းများကို အလွယ်တကူဖြေနိုင်လေတော့သည်။ အလ္လာဟ်အရှင်မြတ်သည် စကြာဝဠာကြီးကို ဗလာနတ္ထိ မရှိခြင်းမှ မည်သည့်ကဲ့သို့သောအမိန့်ဖြင့် ဖန်ဆင်းခဲ့သည် စသည်တို့ကို သဘောပေါက်ရန်လည်းလွယ်ကူသွားလေသည်။ ထိုလျှို့ဝှက်ချက်များကို သိရှိခြင်းဖြင့် **“ဘယ်အချိန်” “ဘယ်မှာ” ဟူသောစကားလုံးများသည်လည်း၊ အဓိပ္ပါယ်ကင်းမဲ့သွားလေတော့သည်။** အဘယ့်ကြောင့်ဆိုသော် အချိန်နှင့်အာကာသဒေသ မရှိတော့သောကြောင့်ဖြစ်ပေသည်။ အာကာသဒေသကင်းမဲ့ခြင်းကို နားလည်သဘောပေါက်သည်နှင့်တပြိုင်တည်း၊ ငရဲဘုံ ဂျန္နတ်သုခဘုံ ကမ္ဘာလောက စသည်တို့အားလုံးတို့သည် အမှန်စင်စစ်အားဖြင့် **တစ်နေရာတည်း**ဖြစ်ကြောင်းကို သိရှိသဘောပေါက်လိမ့်မည်။ မည်သည့်အရာကိုမျှ စောင့်ဆိုင်းနေရခြင်းမရှိတော့သည့်အပြင် အချိန်သည်လည်း ရွေ့လျားစီးတွေနေခြင်းမရှိဘဲ အရာခပ်သိမ်းသည် ဖြစ်ပျက်ပြီးလေပြီ။

ဤလျှို့ဝှက်ချက်ကို နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေဖေါ်ထုတ်ပြီးသည်နှင့်အမျှ၊ အလ္လာဟ်အရှင်မြတ်တွင် သက်ဝင်ယုံကြည်သူတို့အတွက် ကမ္ဘာလောကကြီးသည် ဂျန္နတ်သုခဘုံကဲ့သို့ ဖြစ်သွားလေတော့သည်။ ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာပူပင်သောကများ၊ စိုးရိမ်ကြောင့်ကျမှုများ၊ ကြောက်ရွံ့မှုများအားလုံးတို့သည်လည်း ပျောက်ကွယ်သွားကုန်လေသည်။ ထိုသူ့အနေဖြင့် ရုပ်လောက စကြာဝဠာနှင့် ကမ္ဘာလောကကြီးတစ်ခုလုံးသည် အလ္လာဟ်အရှင်မြတ်၏ အာဏာစက်တစ်ခုတည်းအတွင်းရှိနေ၍ ထိုအရှင်မြတ်က ဆန္ဒရှိသလိုပြောင်းလဲနိုင်ကြောင်း၊ သက်ရှိသက်မဲ့အားလုံးသည်လည်း အလ္လာဟ်အရှင်မြတ်ဘက်တော်သို့သာလျှင် ဦးတည်မျက်နှာလှည့်ကြရမည်ကို သဘောပေါက်တော့မည်ဖြစ်၏။ ထိုအချိန်အခါသမယတွင်ကား ထိုသူသည် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် မိမိကိုယ်ကို အပ်နှင်းအည့်ခံရင်း **“အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်၌သာလျှင် သစ္စာတော်ခံ ဝတ်ပြုနေပေတော့မည်။”** (စူရာအာလေ့ အီမ်ရာန် ၃း၃၅)။

ဤလျှို့ဝှက်ချက်ကို သိရှိခြင်းသည် ကမ္ဘာလောကတွင် အကြီးကျယ်ဆုံးဖြစ်ပေသည်။

ဤလျှို့ဝှက်ချက်နှင့်အတူတကွ၊ နောက်ထပ်အခြားအကျိုးအမြတ်နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤသို့ထုတ်ဖေါ်မိန့်ဆိုထားပေသည်။ **“စင်စစ်သော်ကား ငါအရှင်မြတ်သည် ၎င်း၏လည်ချောင်းသွေးကြောထက်ပင် ၎င်းနှင့်ပိုမိုနီးကပ်စွာရှိနေတော်မူ၏။”** (စူရာကားဖ် ၅၀း၁၆)။ လူတိုင်းသိကြသည့်အတိုင်း ကျွန်ုပ်တို့၏ လည်ချောင်းသွေးကြောသည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာအတွင်း၌ရှိနေပေသည်။ ဤကိုယ်ခန္ဓာအတွင်း၌ရှိနေသောအရာထက် မည်သည့်အရာက ပို၍နီးကပ်စွာ ရှိနေနိုင်မည်နည်း။ ထိုအခြေအနေကို အာကာသဒေသကင်းမဲ့ခြင်းအမှန်တရားကသာလျှင် ရှင်းလင်းနိုင်ပေသည်။ ဤလျှို့ဝှက်ချက်ကို သိရှိသဘောပေါက်ခြင်းဖြင့် ၎င်းအာယသ်တော်ကို ပိုမို၍ သဘောပေါက်နိုင်ပေသည်။

ဤသည်ကား အလွန်ရှင်းလင်းသောအမှန်တရားပင်ဖြစ်၏။ လူသားအတွက် အလ္လာဟ်အရှင်မြတ်မှ လွဲ၍ မည်သူကမျှ ကြည့်ရှုမွေးမြူ ကူညီစောင်မနိုင်မည်မဟုတ်ကြောင်းကို ခိုင်မာစွာလက်ခံယုံကြည် ကြရန်လိုအပ်ပေသည်။ **အလ္လာဟ်အရှင်မြတ်မှတပါး အခြားမရှိချေ။** ထိုအရှင်မြတ်သာလျှင် အစစ်အမှန်တည်ရှိနေခြင်းဖြစ်၍ ထိုအရှင်မြတ်သာလျှင် ခိုအောင်းမှီခိုအားထားရာဖြစ်ပေသည်။ ကျွန်ုပ်တို့ကို အရာရာချီးမြှင့်ပေးကမ်းအကူအညီပေးသနားရန်အတွက်လည်း ထိုအရှင်မြတ်အထံတော်သို့သာလျှင် တောင်းခံရပေမည်။

မည်သည့်အရပ်ဘက်သို့ ကျွန်ုပ်တို့၏မျက်နှာကိုလှည့်လိုက်လှည့်လိုက် အလ္လာဟ်အရှင်မြတ်ရှိနေတော်မူ၏။

# နိဂုံးချုပ်
# Conclusion

လူသားကို အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းခြင်းနှင့် ထိုအရှင်မြတ်ကိုသိရှိခြင်းထက် မည်သည့်အရာကမျှ ပိုမို၍အရေးကြီးခြင်းမရှိကြောင်းကို ငြင်းခုံနေရန် မလိုအပ်တော့ပေ။ ကျွန်ုပ်တို့ ဤစာအုပ်တစ်ခုလုံးတွင်လည်း လူတိုင်းအတွက် ယင်းအရေးကြီးဆုံးအချက်ကို နားလည်သဘောပေါက်ရန်ကိုသာ ဆွေးနွေးတင်ပြခဲ့ပါသည်။

ဤနေရာတွင် စာဖတ်သူအား၊ မိမိနှင့်အတူတကွ စကြာဝဠာနှင့် ၎င်းအတွင်းရှိရှိသမျှအရာခပ်သိမ်းတို့ကို အလ္လာဟ်အရှင်မြတ်ဖန်ဆင်းထားခြင်းဖြစ်ကြောင်းကို သဘောပေါက်ရန်အတွက် စာအုပ်ပေါင်းများစွာအတွင်းလုန်လျော၍ ရှာဖွေနေရန် မလိုအပ်ကြောင်း၊ ထပ်မံသတိပေးသင့်သည်ဟု ထင်ပါသည်။ လူကြီးတစ်ယောက်၏အသိတရားအတိုင်းအတာအတွင်း၌ ကျိုးကြောင်းဆင်ခြင်ခြင်းဖြင့် သိရှိနိုင်သလို ခလေးသူငယ်တို့၏ အသိတရားအတိုင်းအတာအတွင်း၌ပင်လျှင် မိမိကိုဖန်ဆင်းထားခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်နိုင်ပေသည်။ တမန်တော်အီဘရာဟင်မ်၏ စကားများကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ပြထားသည့်အာယသ်တော်က ကျွန်ုပ်၏ဆိုလိုရင်းကို ပိုမိုရှင်းလင်းစေနိုင်မည့် အကောင်းဆုံးဥပမာဖြစ်ပါသည်။

တမန်တော်အီဗရာဟီမ်သည် အလ္လာဟ်အရှင်မြတ်ကိုယုံကြည်ဆည်းကပ်မည့်အစား အရုပ်အမျိုးမျိုးကို ထုလုပ်ခြယ်လှယ်ထားသောတိုင်ကို ကိုးကွယ်သည့်အသိုင်းအဝိုင်းတွင် ပေါက်ဖွား ကြီးပြင်းလာခဲ့၏။ မွေးဖွားကြီးပြင်းလာသည့်အချိန်ကာလတလျှောက်လုံး မည်သူကမျှ အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်း သင်ကြားပို့ချခဲ့ခြင်းမရှိခဲ့သော်လည်း၊ မိမိ၏ကျိုးကြောင်းဆင်ခြင်ခြင်း အသိတရားကို အသုံးပြုခြင်းဖြင့် မိမိသည် ဖန်ဆင်းထားခြင်းခံရသူဖြစ်ကြောင်းကို သဘောပေါက်ခဲ့ပေသည်။ ထို့ထက်မက ထိုဖန်ဆင်းရှင်သည် အလ္လာဟ်အရှင်မြတ်ဖြစ်သည်ကို သိရှိသဘောပေါက်လာခဲ့၏။ ကမ္ဘာမြေကြီးနှင့်မိုးကောင်းကင်ကိုလည်း အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းထားတော်မူကြောင်းကို သိရှိသဘောပေါက်ခဲ့လေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။

> သို့ဖြစ်ပေရာ ညဥ့်(၏အမှောင်)သည် ထို(အီဗ်ရာဟီမ်)အား ဖုံးလွှမ်းသောအခါ ထို(တမန်တော် အီဗ်ရာဟီမ်)သည် ကြယ်တစ်လုံးကို တွေ့မြင်လေ၏။ ထိုအခါ တမန်တော် အီဗ်ရာဟီမ်က "ဤသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူသည်"ဟု ဆိုခဲ့၏။ တဖန် ထိုကြယ်ပျောက်ကွယ်သွားသောအခါ(တမန်တော် အီဗ်ရာဟီမ်)က ငါသည် ကွယ်ပျောက်သွားသောအရာများကို မနှစ်သက်ပေ"ဟု ပြော ကြားခဲ့၏။
>
> တဖန်(တမန်တော် အီဗ်ရာဟီမ်သည်) လကိုလင်းဝင်းတောက်ပစွာ တွေ့မြင်သောအခါ "ဤသည်ငါ့အား ဖန်ဆင်းမွေးမြူသောအရှင်ဖြစ်သည်"ဟု ပြောဆိုပြန်၏။ သို့ရာတွင်ထိုလသည် ကွယ်ပျောက်သွားခဲ့လေသောအခါ (တမန်တော် အီဗ်ရာဟီမ်က) "အကယ်၍သာ ငါ့အားမွေးမြူတော်မူသောအရှင်မြတ်သည် ငါ့ကိုတရားလမ်းမှန်သို့ ပို့ဆောင်တော်မူခြင်း မရှိခဲ့ပါမူ၊ ကျွန်ုပ်သည် လမ်းမှားသောသူတို့တွင် မုချအပါအဝင်ဖြစ်သွားမည်"ဟု ပြောကြားခဲ့လေသည်။
>
> တဖန်(တမန်တော် အီဗ်ရာဟီမ်သည်) သူရိယနေကို ထွန်းလင်းတောက်ပစွာ မြင်လေပြန်သောအခါ "ဤသည်သာလျှင် ငါ့အားဖန်ဆင်းတော်မူသောအရှင် ဤသည်သာလျှင်အကြီးကျယ်ဆုံးဖြစ်သည်"ဟု ပြောဆိုခဲ့ပြန်၏။ သို့ရာတွင် ထိုသူရိယနေသည်လည်း ကွယ်ပျောက်သွားသောအခါ (တမန်တော် အီဗ်ရာဟီမ်က) အို- ငါ၏အမျိုးသားအပေါင်းတို့၊ ငါသည်အသင်တို့တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်လျက်ရှိကြသောအရာများမှ လုံးဝလွတ်ကင်းသည်"ဟု ပြောကြားခဲ့လေသည်။

ဧကန်စင်စစ်ငါသည် မိမိမျက်နှာကို မိုးများနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူသော အရှင်မြတ်ဖက်သို့သာလျှင် အာရုံစူးစိုက်လျက် လှည့်ခဲ့လေပြီ။ စင်စစ်သော်ကား ငါသည်(တစုံတရာကို အလ္လာဟ်အရှင်မြတ်နှင့်) တွဲဖက်ယှဉ်ပြိုင် ကိုးကွယ်သောသူ မုရှရစ်က်များတွင် အပါအဝင်မဟုတ်ပါ။ (စူရာအလ်အန်အားမ် ၆း၇၆-၇၉)

တမန်တော်အီဗရာဟီမ်၏ပုံစံကိုကြည့်ခြင်းအားဖြင့်၊ ကျိုးကြောင်းဆင်ခြင်နိုင်သည့် အသိတရားရှိသူတိုင်း၊ အထူးသဖြင့် "မောက်မာဆိုးယုတ်စိတ်မရှိသည့်" ပုဂ္ဂိုလ်တိုင်းသည်၊ စကြာဝဠာကို အလွန်စည်းစနစ်ကျသောစီမံကိန်းချ၍ ဖန်ဆင်းထားခြင်းဖြစ်ကြောင်းကို သဘောပေါက်နိုင်ပေသည်။

အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်းကို သက်သေထူနေသည့်လက္ခဏာများပြည့်နှက်နေလင့်ကစား ထိုအရှင်မြတ်ကို မယုံကြည် ငြင်းပယ်နေကြခြင်းကိုမူကား ကျိုးကြောင်းဆင်ခြင်နိုင်သည့်အသိတရားရှိသူတို့အနေဖြင့်၊ မအံ့သြဘဲမနေနိုင်ကြသည်မှာ အထူးအဆန်းမဟုတ်တော့ချေ။ အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်းစွမ်းပကားကို မယုံကြည်သူတို့နှင့်ပတ်သက်၍၊ ကုရ်အာန်ကျမ်းတော်မြတ်ပါ အောက်ပါအာယသ်တော်တွင် မိန့်ဆိုထားပေသည်။

ထိုမှတပါး အကယ်၍ အသင်သည် အံ့သြသည်ရှိသော် ကျွန်ုပ်တို့သည် (သေပြီးနောက်) ပကတိမြေကြီး ဖြစ်သွားခဲ့ကြသောအခါ ကျွန်ုပ်တို့သည် အသစ်ပြန်၍ဖန်ဆင်းခြင်းကို ခံကြရမည်လောဟူသော ၎င်းတို့၏ ပြောဆိုချက်သည်ကား(သာ၍)ပင် အံ့သြဖွယ်ဖြစ်ပေသည်။ ဤသူများပင် မိမိတို့ကို ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်အား မယုံမကြည် သွေဖည်ငြင်းပယ်ကုန်သောသူများတည်း။ ၎င်းပြင် ဤသူများပင်၊ ၎င်းတို့၏လည်ပင်းများ၌ လည်ကွင်းများရှိအံ့၊ ထိုမှတပါး ဤသူတို့ပင်လျှင် ငရဲသားများဖြစ်ကြကုန်၏။ ၎င်းတို့သည် ထိုငရဲမီး၌ ထာဝစဉ်နေထိုင်ကြမည့်သူများ ဖြစ်ကြပေသတည်း။
(စူရာ အလ်ရအ်ဒ် ၁၃း၅)

ဤစာအုပ်တွင် ဖော်ပြခဲ့သောအကြောင်းအချက်အလက်များသည်၊ အသင်၏ဘဝတစ်ခုလုံးတွင် အရေးကြီးဆုံးသောအချက်များဖြစ်ပေသည်။ ဤအကြောင်းအရာများကို အရေးကြီးသည်ဟူ၍ အသင့်အနေဖြင့်မထင်မြင် မဆင်ခြင်ခဲ့ပေလိမ့်မည်။ သို့မဟုတ် လွန်ခဲ့သည်အချိန်တွင် မစဉ်းစားခဲ့ဘူးသည်လည်းဖြစ်ပေမည်။ သို့သော်လည်း အသင့်အားမွေးမြူဖန်ဆင်းတော်မူခဲ့သော အလ္လာဟ်အရှင်မြတ်ကို အသိအမှတ်ပြုသက်ဝင်ယုံကြည်ခြင်းသည် အသင်လုပ်ဆောင်နေသည့်အရာများအားလုံးထက် ပိုမို၍ အဆောတလျင်အရေးကြီးဆုံးအချက်ဖြစ်သည်ကို စိတ်ချလက်ချ လက်ခံပါလေ။

အလ္လာဟ်အရှင်မြတ်က အသင့်ကို မည်သည့်အရာများပေးအပ်ထားတော်မူသည်ကို စဉ်းစားကြည့်ပါ။ ထိုအရှင်မြတ်သည် အသင့်အား အသင်နေထိုင်ကြီးပြင်းရန် အလွန်သင့်လျော်လျောက်ပတ်သော ကမ္ဘာမြေကြီးကို အလွန်သိမ်မွေ့နက်နဲစွာ အသေးစိတ်စီမံ၍ ဖန်ဆင်းပေးထားတော်မူ၏။ ကမ္ဘာမြေကြီးကိုဖန်ဆင်းရာ၌ အသင်သည် မည်ကဲ့သို့မျှ ပါဝင်ဆောင်ရွက်ခြင်းမရှိခဲ့ချေ။ အသင်မျက်စိဖွင့်လိုက်သည့်နေ့မှစ၍ ဤကမ္ဘာမြေကြီးပေါ်တွင် မရေမတွက်နိုင်လောက်အောင်များပြားသော ကောင်းချီးမင်္ဂလာများကို တွေ့မြင်ရသည်။ အသင်မြင်နိုင်စွမ်းရှိ၏။ အသင်ကြားနိုင်၏။ အသင်ထိတွေ့ခံစားနိုင်၏။---

ဖန်ဆင်းခြင်းစတင်ကတည်းက အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့ပင် ရည်ရွယ်ဆန္ဒပြုခဲ့တော်မူ၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအခ်ပ္ပါယ်အတိုင်း ဖော်ပြထားသည်။

ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်ပင် အသင်တို့အား အသင်တို့၏ မိခင်များ၏ဝမ်းတွင်းမှ ထွက်စေတော် မူခဲ့လေသည်။ ထိုအချိန်တွင် အသင်တို့တစ်စုံတစ်ရာကိုမျှမသိကြသေး။ ထိုမှတပါး ထိုအရှင်မြတ်သည် အသင်တို့ ကျေးဇူးတော်ကို သိတတ်ကြအံ့သောငှါ အသင်တို့အဖို့ ကြားနိုင်စွမ်းကိုလည်းကောင်း၊ မြင်နိုင်စွမ်းကိုလည်းကောင်း၊ စိတ်နှလုံးကိုလည်းကောင်း၊ ထည့်သွင်းပေးတော်မူခဲ့လေသည်။ (စူရာ အန်နဟ်လ် ၁၆း၇၈)

အထက်ပါအာယသ်တော်တွင် မိန့်ဆိုထားသည့်အတိုင်း၊ အသင်ပိုင်ဆိုင်ထားသောအရာအားလုံးကို အလ္လာဟ်အရှင်မြတ်က ပေးအပ်ထားခြင်းဖြစ်ပေသည်။ အသင်နေထိုင်စားသောက် ကြီးပြင်းသည့် ကမ္ဘာမြေကြီးကိုလည်း ထိုအရှင်မြတ်ကပင် ဖန်ဆင်းပေးအပ်ထားခြင်းဖြစ်ပေသည်။ ထို့ကြောင့် ထိုမျှကြီးကျယ်သော ဆုလဒ်ကိုချီးမြှင့်ပေးသနားတော်မူသောအလ္လာဟ်အရှင်မြတ်ထံတော်ပါးသို့ မျက်နှာလှည့်၍ အဆုံးမရှိထာဝရဖြစ်သောဆုလဒ်ကို ထပ်မံရရှိရန်အတွက် မိမိကိုယ်ကိုအပ်နှင်း ဝပ်တွားဆည်းကပ်ကြပါကုန်။ ထိုသို့မဟုတ်မူဘဲ အသင်သည်ဆန့်ကျင်ဖက်သို့လှည့်သွားပါက ထိုအရှင်မြတ်၏ ကျေးဇူးတော်ကို မသိတတ်ငြင်းပယ်သောအပြစ်ကြောင့် ထာဝရသောအပြစ်ဒဏ်ခတ်ခြင်းခံရပေလိမ့်မည်။

အလ္လာဟ်အရှင်မြတ်ဧကန်အမှန်ရှိနေသည်၊ အသင်နှင့်လည်းအနီးကပ်ဆုံးတွင်ရှိနေတော်မူသည်ကို စိတ်ချလက်ချယုံကြည်ပါလေ။

အသင်လုပ်ဆောင်နေသမျှအားလုံးကို ထိုအရှင်မြတ်က တွေ့မြင်သိရှိနေပါသည်။ အသင်ပြောထုတ်လိုက်သော စကားလုံးတိုင်းကိုလည်း ထိုအရှင်မြတ်က ကြားပါသည်။

အသင် တွေးတောနေသည့်အကြံအစည်အားလုံးကိုလည်း ထိုအရှင်မြတ်က ကြိုတင်သိရှိလျက် ရှိနေပါသည်။

အသင်အပါအဝင် ရှိသမျှလူအပေါင်းတို့သည်၊ မကြာမီအချိန်အတွင်း ထိုအရှင်မြတ်ရှေ့တော်မှောက်၌ စာရင်းရှင်း အဖြေပေးကြရလိမ့်မည်ကိုလည်း စိတ်ချလက်ချ ယုံကြည်ပါလေ။

အို–အရှင်၊ ကိုယ်တော်အရှင်မြတ်သည်ချို့တဲ့ခြင်းအပေါင်းတို့မှ
သန့်ရှင်းစင်ကြယ်တော်မူသောအရှင် ဖြစ်တော်မူပါသည်။
ကိုယ်တော်အရှင် သင်ကြားပေးသနားတော်မူသော ပညာရပ်များမှအပ
ကျွန်တော်မျိုးတို့အဘို့မှာ အခြားအသိတရားဟူ၍ အလျင်းမရှိပါ။
ဧကန်မုချ ကိုယ်တော်အရှင်သည်သာလျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့
သိရှိတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့်
ပြည့်စုံတော်မူသော အရှင်မြတ် ဖြစ်တော်မူပါသတည်း။
(စူရာ အလ်ဘက္ကရာ ၂း၃၂)

# FOOTNOTES

## PART I: THE FACT OF CREATION IN THE LIGHT OF SCIENTIFIC EVIDENCE

1. George Politzer, Principes Fondamentaux de Philosophie, Editions Sociales, Paris, 1954, p. 84
2. Recounted in Jaki, S. (1980) Cosmos and Creator Regnery Gateway, Chicago
3. Stephen Hawking's A Brief History of Time A Reader's Companion (Edited by Stephen Hawking; prepared by Gene Stone), New York, Bantam Books, 1982, p. 62-63
4. Henry Margenau and Roy Abraham Varghese, eds., Cosmos, Bios, Theos, La Salle, IL: Open Court Publishing, 1992, p. 241
5. Hugh Ross, Ph.D., The Creator and the Cosmos, Navpress, 1995, p. 76
6. W.R. Bird, The Origin of Species Revisited, Nashville: Thomas Nelson, 1991; originally published by Philosophical Library in 1987, p. 462
7. W.R. Bird, The Origin of Species Revisited, Nashville: Thomas Nelson, 1991; originally published by Philosophical Library in 1987, pp. 405-406
8. Stephen W. Hawking, A Brief History of Time, Bantam Books, April, 1988, p. 121
9. Paul Davies, God and the New Physics, New York: Simon & Schuster, 1983, p. 189
10. Hugh Ross, The Fingerpring of God, 2nd. Ed., Orange, CA: Promise Publishing Co., 1991, pp. 114-115
11. A Dorling Kindersley Book – The Science, published in the United States by Dorling Kindersley Inc., p. 24
12. Stephen Hawking's A Brief History of Time A Reader's Companion (Edited by Stephen Hawking; prepared by Gene Stone), New York, Bantam Books, 1982, p. 143
13. Bilim ve Teknik magazine, vol. 203, p. 25
14. Larousse Dictionary and Encyclopaedia, Vol. II, p. 5734
15. Maurice Burton, C.B.P.C. Publishing Limited, Encyclopaedia of Animals, Reptiles, p. 120
16. Ibid, p. 120
17. Michael J. Behe, Darwin's Black Box, New York: Free Press, 1996, p. 232-233
18. Grzimeks Tierleben Vögel 3, Deutscher Taschen Buch Verlag, Oktober 1993, p. 92
19. Ibid, p. 89
20. Ibid, p. 87-88
21. David Attenborough, The Private Life of Plants, Princeton University Press, 1995, p. 291
22. Nature, 12 November, 1981
23. Michael Baigent, Richard Leigh, Henry Lincoln, The Messianic Legacy, Gorgi Books, London: 1991, p. 177-178.
24. D.M.S. Watson, "Adaptation", Nature, no. 124, p. 233
25. Richard Levontin, The Demon-Haunted World, The New York Review of Books, January, 9, 1997, p. 28
26. J. De Vries, Essential of Physical Science, Wm.B.Eerdmans Pub.Co., Grand Rapids, SD 1958, p. 15.
27. David Darling, Deep Time, Delacorte Press, 1989, New York.
28.Timothy R. Stout, Tim Stout's Creation-Science Page..
29.Timothy R. Stout, Tim Stout's Creation-Science Page.
30.Timothy R. Stout, Tim Stout's Creation-Science Page.
31. Robert Matthews, Unravelling the Minde of God, London Bridege, July, 1995, p.8
32. Bilim ve Teknik, June 1997, p. 60

## PART II: THOSE WHO ARE UNABLE TO SEE THE ERROR OF DENYING THE FACT OF CREATION

1. Charles Darwin, The Origin of Species: By Means of Natural Selection or the Preservation of Favoured Races in the Struggle for Life, London: Senate Press, 1995, p. 134.
2. Derek A. Ager. "The Nature of the Fossil Record." Proceedings of the British Geological Association, vol. 87, no. 2, (1976), p. 133.
3. T.N. George, "Fossils in Evolutionary Perspective", Science Progress, vol.48, (January 1960), p.1-3
4. Richard Monestarsky, Mysteries of the Orient, Discover, April 1993, p.40.
5. Stefan Bengston, Nature 345:765 (1990).
6. Earnest A. Hooton, Up From The Ape, New York: McMillan, 1931, p.332.
7. Stephen Jay Gould, Smith Woodward's Folly, New Scientist, 5 April, 1979, p. 44.
8. Charles E. Oxnard, The Place of Australopithecines in Human Evolution: Grounds for Doubt, Nature, No. 258, p. 389.
9. Richard Leakey, The Making of Mankind, London: Sphere Books, 1981, p. 116

10. Eric Trinkaus, Hard Times Among the Neanderthals, Natural History, No. 87, December 1978, p. 10, R.L. Holoway, "The Neanderthal Brain: What was Primitive?", American Journal of Physical Anthrophology Supplement, No. 12, 1991, p. 94
11. Ali Demirsoy, Kalitim ve Evrim (Inheritance and Evolution), Ankara: Meteksan Yayinlari 1984, p. 61
12. Ali Demirsoy, Kalitim ve Evrim (Inheritance and Evolution), Ankara: Meteksan Yayinlari 1984, p. 61
13. Fabbri Britannica Science Encyclopaedia, Vol. 2, No. 22, p. 519
14. Kevin McKean, Bilim ve Teknik, No. 189, p. 7
15. Frank B. Salisbury, "Doubts about the Modern Synthetic Theory of Evolution", American Biology Teacher, September 1971, p. 336.
16. Ali Demirsoy, Kalitim ve Evrim (Inheritance and Evolution), Ankara: Meteksan Publishing Co., 1984, p. 39.
17. Homer Jacobson, "Information, Reproduction and the Origin of Life", American Scientist, January, 1955, p.121.
18. Reinhard Junker & Siegfried Scherer, "Entstehung Gesiche Der Lebewesen", Weyel, 1986, p. 89.
19. Michael J. Behe, Darwin's Black Box, New York: Free Press, 1996, pp. 232-233.
20. Pope Leo XIII, Humanum Genus, Encyclical on Freemasonry, promulgated on April 20, 1884.
21. Dr. Selami Isindag, "Obstacles to the Flourishing of Wisdom and Freemasonry", Mason Dergisi (Mason Magazine), Year: 24, Volume:25-26 (December, 76-March, 77).
22. Mimar Sinan magazine, volume 6, p. 66.
23. Mason Dergisi (Mason Magazine), volume 23-24, p. 41, 1976.
24. Michael Howard, The Occult Conspiracy: The Secret History of Mystics, Templars, Masons and Occult Societies, 1.b., London: Rider, 1989, p.63
25 Frederick Vester, Denken, Lernen, Vergessen, vga, 1978, p.6
26 George Politzer, Principes Fondamentaux de Philosophie, Editions Sociales, Paris, 1954, pp.38-39-44
27 R.L.Gregory, Eye and Brain: The Psychology of Seeing, Oxford University Press Inc., New York, 1990, p.9
28 Lincoln Barnett, The Universe and Dr.Einstein, William Sloane Associate, New York, 1948, p.20
29 Orhan Hançerlioglu, Düsünce Tarihi (The History of Thought), Istanbul: Remzi Bookstore, 6.ed., September, 1995, p.447
30 George Berkeley, A Treatise Concerning the Principles of Human Knowledge", 1710, Works of George Berkeley, vol. I, ed. A. Fraser, Oxford, 1871
31 Bertrand Russell, ABC of Relativity, George Allen and Unwin, London, 1964, pp.161-162
32 R.L.Gregory, Eye and Brain: The Psychology of Seeing, Oxford University Press Inc. New York, 1990, p.9
33 Ken Wilber, The Holographic Paradigm and Other Paradoxes, p.20
34 George Politzer, Principes Fondamentaux de Philosophie, Editions Sociales, Paris 1954, p.53
35 Orhan Hançerlioglu, Düsünce Tarihi (The History of Thought), Istanbul: Remzi Bookstore, 6.ed., September, 1995, p.261
36 George Politzer, Principes Fondamentaux de Philosophie, Editions Sociales, Paris 1954, p.65
37 David Hume, A Treatise of Human Nature, Book I, Section IV: Of Personal Identity
38 Rennan Pekünlü, "Aldatmacanin Evrimsizligi", (Non-Evolution of Deceit) Bilim ve Ütopya, December, 1998, (V.I.Lenin, Materialism and Empirio-criticism, Progress Publishers, Moscow, 1970, pp.334-335)
39 Alaettin Senel, "Evrim Aldatmacasi mi?, Devrin Aldatmacasi mi?", (Evolution Deceit or Deceit of the Epoch?) Bilim ve Ütopya, December 1998
40 Imam Rabbani Hz. Mektuplari (Letters of Rabbani), Vol.II, 357. Letter, p.163
41 Imam Rabbani Hz. Mektuplari (Letters of Rabbani), Vol.II, 470. Letter, p.1432
42 François Jacob, Le Jeu des Possibles, University of Washington Press, 1982, p.111
43 Lincoln Barnett, The Universe and Dr.Einstein, William Sloane Associate, New York, 1948, pp. 52-53
44 Lincoln Barnett, The Universe and Dr.Einstein, William Sloane Associate, New York, 1948, p.17
45 Lincoln Barnett, The Universe and Dr.Einstein, William Sloane Associate, New York, 1948, p.58.
46 Paul Strathern, The Big Idea: Einstein and Relativity, Arrow Books, 1997, p. 57
47 Lincoln Barnett, The Universe and Dr.Einstein, William Sloane Associate, New York, 1948, p.84
48 Lincoln Barnett, The Universe and Dr.Einstein, William Sloane Associate, New York, 1948, pp.17-18